မုံရွာမြို့နယ်အတွင်းက

ဗိုးညှင်းကောရ-ကိုယ်တော်ကြီးသည်

ရတနာရှင်တို့ မိမိလွယ်အိတ်မှ ပါလာသောရတနာတို့ကို အလိုရှိရာ
အခါတိုင်းတို့မှာ အသုံးပြုနိုင်ကြတာလို သတ္တဝါတိုင်းတို့၏ အတွင်းမှာ
အချင်းခပ်သိမ်းရှိနေကြသော ပဋ္ဌာန်းတရားအနှစ်
နိဗ္ဗာန်ပေါက် ရတနာများအစစ်တို့ကို အလိုရှိရာ အခါတိုင်းတို့မှာ
အထူးလွယ်ကူစွာ နားလည်သိရှိကြပါ၍ ဝိပဿနာတရားအစစ်များကို
အားသစ်ကြကာ နိဗ္ဗူတာသို့ လျင်မြန်စွာပေါက်ရောက်ကြစေခြင်းအကျိုးငှါ
ဂုဏ်ထူးရှိကြပါသော ပုဂ္ဂလဝိသေသတို့က တောင်းပန်ချက်အရ
စီရင်ရေးပြလိုက်သော

# ပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီး

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၂

၈၁၅

၁၉၆၄

## မုံရွာမြို့နယ်အတွင်းက
## မိုးညှင်းတောရ-ကိုယ်တော်ကြီးသည်

ရတနာရှင်တို့ မိမိလွယ်အိတ်မှ ပါလာသောရတနာတို့ကို အလိုရှိရာ
အခါတိုင်းတို့မှာ အသုံးပြုနိုင်ကြတာလို သတ္တဝါတိုင်းတို့၏ အတွင်းမှာ
အခြင်းခပ်သိမ်းရှိနေကြသော ပဋ္ဌာန်းတရားအနှစ်
နိဗ္ဗာန်ပေါက် ရတနာများအစစ်တို့ကို အလိုရှိရာ အခါတိုင်းတို့မှာ
အထူးလွယ်ကူစွာ နားလည်သိရှိကြပါ၍ ဝိပဿနာတရားအစစ်များကို
အားသစ်ကြကာ နိဗ္ဗူတာသို့ လျင်မြန်စွာပေါက်ရောက်ကြစေခြင်းအကျိုးငှါ
ဂုဏ်ထူးရှိကြပါသော ပုဂ္ဂလဝိသေသတို့က တောင်းပန်ချက်အရ
စီရင်ရေးပြလိုက်သော

# ပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီး

သာသနာ့ဆောင်တွင်းကားဖြင့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၂ ကောဇာ ၁၃၄၃

၉၁၅
စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

စာကြည့်ခန်း
၉၁၅

ပထမအကြိမ် — အုပ်ရေ (၂၀၀၀၀)
၁၂၉၉-ခုနှစ်၊ ရန်ကုန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

၁၉၉၄ ဖြ

ဒုတိယအကြိမ် — အုပ်ရေ (၃၀၀၀)
၁၃၄၃-ခုနှစ်၊ (၁၉၈၂-ခုနှစ်၊)
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။



အဂ္ဂမ**ဟာ**ပဏ္ဍိတ **ကျေးဇူး**တော်ရှင် မိုးညှင်းဆရာတော်ဘုရားကြီးသည်
ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ **ဝိပဿ**နာ အားထုတ်နည်း ကျင့်စဉ်
တရားတော်ကြီးကို စ၍ဟောစဉ်က ရုပ်ပုံတော်။

ပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီး

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဒါန်း .... .... .... .... .... | င |
| ပဏ္ဏာမနှင့် ပဋိညာဉ် .... .... .... | ၁ |
| ပဋ္ဌာန်းကျမ်းကို လေ့လာသူတို့အား တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားလာပုံကို ပြခြင်း .... .... .... | ၁ |
| ပဋ္ဌာန်းတရားတော်များ၏ ကျယ်ဝန်းပုံကို ဖော်ပြချက် .... | ၄ |
| ပဋ္ဌာန်းတရားတော်ကြီး၏ နက်နဲခက်ခဲပုံကို အကျဉ်းမျှ ဖော်ပြချက် .... | ၁၄ |
| ပဋိစ္စဝါရ-ကုသလပဒါဝသာနဋ္ဌ်နက်နဲခက်ခဲပုံကို အကျဉ်းမျှဖော်ပြချက်.... | ၁၇ |
| ပဋ္ဌာဝါရ ကုသလပဒါဝသာနဋ္ဌ် နက်နဲခက်ခဲပုံကို အကျဉ်းမျှ ဖော်ပြချက် .... .... .... | ၂၀ |
| အနတ္တတရား ပဋ္ဌာန်းတရား သာမာန်လူစားတို့ပါ လွယ်ကူရာဖို့ ဖော်ပြချက် .... .... .... | ၂၄ |
| နှစ်ဆယ့်လေးပစ္စည်း ပဏ္ဏာမကြီးနှင့် ၎င်းတို့အဓိပ္ပာယ် အကျဉ်းနည်းကို ဖော်ပြချက် .... .... .... | ၃၀ |
| ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ဟေတုအကုသလကို စာပဋ္ဌာန်း ရွာပဋ္ဌာန်း ငါပဋ္ဌာန်းတရားတို့နှင့် ထင်ရှားအောင်ဖော်ပြချက် .... | ၃၆ |
| ဟေတုကုသလာဗျာကတတို့ကိုလည်း စာပဋ္ဌာန်း ရွာပဋ္ဌာန်း ငါပဋ္ဌာန်း တရားနှင့် ထင်ရှားအောင် ဖော်ပြချက် .... .... | ၄၀ |
| ဉဏ္ဏသမ္ပယုတ်ဖြစ်ပွားရန်နှင့် တိဟိတ်ဥက္ကဋ္ဌဖြစ်ရန်ကို ဖော်ပြချက် .... | ၄၂ |
| ဟေတုပစ္စည်းအတိုချုပ် ဝိပဿနာ အလုပ်ပေးရန် .... .... | ၄၆ |
| အာရမ္မဏပစ္စည်းအရ အကျဉ်းမျှဖော်ပြချက် .... .... | ၄၇ |
| အာရမ္မဏပစ္စည်း တရားအစစ် သတ္တဝါတိုင်းမှာ ဖြစ်နေကြတာကို စာမတတ်သူပါသိသာအောင် ဖော်ပြချက် .... .... | ၅၀ |
| အာရမ္မဏပစ္စည်း ပဋ္ဌာန်းနည်းမက ဝိပဿနာလည်း ရှုရပုံကို ဖော်ပြချက် .... .... .... | ၅၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဓိပတိ ပစ္စည်းများ သူငါအစားစားတို့မှာ ဖြစ်နေကြပုံနှင့် ဝိပဿနာရှုရပုံကို ဖော်ပြချက် .... .... .... | ၅၅ |
| အာရမ္မဏာဓိပတိတရား လောကဂုဏ်နှင့် ဆယ်သွယ်ပုံ ဝိပဿနာပွားပုံတို့ကိုပြချက် .... .... .... | ၆၁ |
| သူထက်ငါ မသာသာအောင် လျှဒါန်းခြင်းစသည်၌ အဓိပတိပစ္စည်းဖြစ်ပုံကို ဖော်ပြချက် .... .... .... | ၆၃ |
| အနန္တရပစ္စည်းအရ အကျဉ်းမျှပြချက် .... .... .... | ၆၉ |
| သဟဇာတ- အညမညပစ္စည်းအရကို အကျဉ်းမျှပြချက် .... | ၇၃ |
| နိဿယပစ္စည်းအရကို အကျဉ်းမျှပြဆိုချက် .... .... | ၇၈ |
| ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းအရကို ဝါဒအမျိုးမျိုးတို့နှင့် ထင်ရှားအောင်ပြချက် .... .... .... | ၈၂ |
| ဥပနိဿယပစ္စည်းအရကို အကျဉ်းမျှပြချက် .... .... | ၈၈ |
| ငါပဋ္ဌာန်း(၉)စားတို့ ကောက်ချက်ချ၍ သိကြရန် ဝတ္ထုကိုပြဆိုချက် .... | ၁၀၁ |
| ပုရေဇာတပစ္စည်းကို အကျဉ်းမျှပြချက် .... .... | ၁၀၇ |
| ပစ္ဆာဇာတပစ္စည်းကို အကျဉ်းမျှပြချက် .... .... | ၁၁၂ |
| အာသေဝနပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၁၅ |
| ကမ္မပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၁၉ |
| ဇနကကံစသည်လေးပါးနှင့် ဂရုကံ အာသန္နကံတို့ကို ပြချက် .... | ၁၂၃ |
| အာစိဏ္ဏကံ-ကဋတ္တာကံတို့နှင့် အကျိုးပေးရာ ကာလ လေးစားဖြစ်ပုံကို ဖော်ပြချက်- .... .... .... | ၁၂၇ |
| အတိတ်ကံ, ပစ္စုပ္ပန်ကံတို့နှင့် စပ်၍ အကျိုးပေးပုံ ဝိပဿနာရှုပုံတို့ကို ဖော်ပြချက် .... .... .... | ၁၃၀ |
| ဝိပါကပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၃၄ |
| အာဟာရပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၃၆ |
| ဣန္ဒြိယပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၄၁ |
| ဈာနပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၄၅ |
| မဂ္ဂပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၅၀ |
| သမ္ပယုတ္တပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... | ၁၅၆ |

အကြောင်းအရာ — စာမျက်နှာ

ဝိပ္ပယုတ္တပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... ၁၅၈

အတ္ထိပစ္စည်းကို အကျဉ်းမျှဖော်ပြချက် .... .... ၁၆၁

နတ္ထိပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက် .... .... ၁၆၂

ပဋ္ဌာန်းပဥ္စာဝါရက ကုသလ အကုသလ အရတို့ကို ဘာသာခြား
တို့ပင် မငြင်းနိုင်အောင် ကျင့်စဉ်ဖော်ပြချက် .... .... ၁၆၄

အာရမ္မဏပစ္စည်း ပဋ္ဌာန်းနည်းနှင့် ဒါနအရကို ဘာသာခြားတို့ပါ
ထင်ရှားအောင် ဖော်ပြချက် .... .... .... ၁၇၁

သီလအရ ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါး နှင့်
ကာယသုစရိုက်သုံးပါး, ဝစီသုစရိုက် လေးပါးတို့ကို ဘာသာ
အစားစားတို့ သိသာထင်ရှားအောင် ဖော်ပြချက်.... .... ၁၇၅

ဝစီဒုစရိုက် လေးပါးနှင့် သုစရိုက် လေးပါးသီလ, အာဇီဝဋ္ဌမက
သီလ တို့ကို ဘာသာခြား အစားစားတို့ပါ သိသာ
ထင်ရှားအောင် ဖော်ပြချက် .... .... .... ၁၇၆

မနောဒုစရိုက် သုံးပါးနှင့် သုစရိုက် သုံးပါး ဒိဋ္ဌိကြီးများကို
ဘာသာအစားစားတို့ သိသာထင်ရှားအောင် ဖော်ပြချက် .... ၁၈၀

ဒုစရိုက်နှင့် သုစရိုက်တို့ အာရမ္မဏပစ္စည်းအစစ် ဖြစ်ကြပုံကို
ဖော်ပြချက် .... .... .... ၁၈၅

ပုဗ္ဗေ သုစိဏ္ဏာနိ စသည်အရ ကမ္ဘာတိုင်း သတ္တဝါတိုင်း တို့မှာ
ဖြပ်ဟ္မစိုရ်တရား စသည် ဖြစ်ပွားနေတတ်ကြပုံကို ဖော်ပြချက် .... ၁၉၀

ကုသိုလ် အကြောင်းခံ၍ အကုသိုလ်များ ဆန်းကြယ်စွာ ဖြစ်ပွား
ကြပုံကို ဖော်ပြချက် .... .... .... ၁၉၈

ရှေး အကုသလ အကြောင်းရ၍ နောက်ထပ်တဖန် အကုသိုလ်
ဖြစ်ကြပြန်ပုံကို ဖော်ပြချက် .... .... .... ၂၀၅

အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ အကုသိုလ် ပယ်ဖျောက်ပုံကို
ဖော်ပြချက် .... .... .... .... ၂၁၀

အဗျာကတာ ဓမ္မာအရ ပုဂ္ဂလာခိဋ္ဌာန် သမုတိသစ္စာ ပညတ်
နယ်ကြီးနှင့် ဆားမြည်းရုံ ဖော်ပြချက် .... .... ၂၁၈

ဝိပါက်ကြိယာ ရုပ် အဗျာကတတို့ကြောင့် ကုသိုလ်ဖြစ်ကြပုံကို
ဖော်ပြချက် .... .... .... .... ၂၂၄

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရုပ်နာမ် အဗျာကတတို့ကြောင့် အကုသိုလ် အစားစား ဖြစ်ပွားကြပုံကို ဖော်ပြချက် .... .... .... | ၂၂၉ |
| ဤအာရမ္မဏ ပါဠိတော်အရနှင့် လောကကြီး အားလုံးတို့ကို စပ်ဟပ်၍ ဖော်ပြချက် .... .... .... | ၂၃၃ |
| ဥပနိဿယပစ္စည်း ဤလောကကြီးမှာ ကုသိုလ်ကြောင့် ကုသိုလ်တို့ ဖြစ်ပွားနေကြပုံကို ဖော်ပြချက်.... .... .... | ၂၃၇ |
| ကုသိုလ်ကြောင့် အကုသိုလ် ဖြစ်ပွားပုံများ ငါးပဋ္ဌာန်းတရားကြီးများ အစစ်ကို ဖော်ပြချက် .... .... .... | ၂၄၈ |
| ကုသိုလ်ကြောင့် သုခ ဒုက္ခ စသော အဗျာကတတို့ ဖြစ်ကြပုံကို ဖော်ပြချက် .... .... .... .... | ၂၅၁ |
| အကုသိုလ် တခုကို အမှီပြု၍ အကုသိုလ် အစားစား ပဋ္ဌာန်းတရားကြီးများ ဖြစ်ပွားပုံကို ဖော်ပြချက် .... .... | ၂၅၅ |
| အကုသိုလ်များ အကြောင်းထား၍ ကုသိုလ်အစားစား ပဋ္ဌာန်းတရားကြီးတို့ ဖြစ်ပွားနေကြပုံကို ဖော်ပြချက် .... | ၂၆၃ |
| အကုသိုလ်ကြောင့် ချမ်းသာဆင်းရဲ အနှံနှံတို့ အမြဲပဋ္ဌာန်းတရား ဖြစ်ပွားပုံကို ဖော်ပြချက် .... .... .... | ၂၆၈ |
| ရှေ့ ရုပ်နာမ် အဗျာကတကြောင့် နောက် ချမ်းသာ ဆင်းရဲ စသည်များ ပဋ္ဌာန်းတရား အစားစားတို့ ဖြစ်ပွားနေကြပုံကို ဖော်ပြချက် .... .... .... .... | ၂၇၁ |
| ချမ်းသာဆင်းရဲ ရုပ်နာမ်တို့နှင့် တွဲ၍ ကုသိုလ်အစားစား ပဋ္ဌာန်းတရားကြီးများ ဖြစ်ပွားနေကြပုံကို ဖော်ပြချက် .... | ၂၇၆ |
| ချမ်းသာ ဆင်းရဲ ရုပ်နာမ်တို့နှင့် တွဲ၍ အကုသိုလ် အစားစား ပဋ္ဌာန်းတရားကြီးများ ဖြစ်ပွားနေကြပုံကို ဖော်ပြချက် .... | ၂၇၉ |
| ကျမ်းပြီးနိဂုံးနှင့် ဆုတောင်း .... .... .... | ၂၈၄ |

### စာအုပ် ရိုက်နှိပ်လှူဒါန်းခြင်း၏

### ဒုတိယ အကြိမ်

## ဝမ်းမြောက်ရွှင်လန်း မှတ်တမ်းတင်ခြင်း

---

မိုးညှင်းဝိပဿနာတိုက်သစ် ဆရာတော်ဘုရားသည် ၁၃၁၅-ခုနှစ် တန်ခူးလ သင်္ကြန် ကျသည့်နေ့ကစ၍ ရန်ကုန်မြို့ ဘောင်ဒရီလမ်း မိုးညှင်းဝိပဿနာ တိုက်ကြီး၌ ကျေးဇူးရှင် ပဌမ မိုးညှင်းဆရာတော်ဘုရားကြီးနှင့် တိုက်အုပ် ဆရာတော်ကြီး နှစ်ပါးတို့၏ ချီးမြှောက်ထောက်ပံ့မှုရရှိ၍ ထိုဆရာတော်ကြီး များ၏ သဘောတူ ခွင့်ပြုချက်အရ မိုးညှင်းဝိပဿနာ တိုက်သစ်ကြီးကိုစ၍ နေထိုင်အုပ်ချုပ် တရားအလုပ် ဟောကြားပြသလာခဲ့ရာ ၁၃၄၃-ခု သင်္ကြန် ကျသော နေ့အထိဆိုလျှင် ၂၉-နှစ်သို့ပင် ရောက်ရှိခဲ့ပေပြီ။

ရှေး မုံရွာ မိုးညှင်းတောရတိုက်ကြီးတွင် ဆရာတော်ဘုရားကြီးများနှင့် အတူ သီတင်းသုံးနေစဉ်ကစ၍ သင်္ကြန်တွင်းအခါတိုင်း ပဋ္ဌာန်း ဝိပဿနာ တရား ဟောပြောသော အစဉ်အလာရှိခဲ့သည်အရ ရန်ကုန်မြို့ သင်္ကြန်တွင်း၌ လဲ အထူးတရားအနေနှင့် ပဋ္ဌာန်း ဝိပဿနာပါရားတော်ကြီးကို နှစ်-ပစ္စည်း သုံး-ပစ္စည်း စသည်ပိုင်းခြား၍ ဆရာတော်ဘုရားကြီးများ ဟောကြား ရေး သားရိုက်နှိပ်ထားသော စာအုပ်ကို ကြည့်ရှုနည်းယူပြီး ဟောရိုးအစဉ်အလာ မပျက် ဆက်လက်ဟောပြောပြသခဲ့ပါသည်—

နောက်အကြောင်းကို နောက်နှောင်း လူရှင်တို့ အကျဉ်းသိရန် ပြန်ပြ ရသော် လွန်ခဲ့သော နှစ်ပေါင်း ၅၀-နီးနီးက ကျေးဇူးရှင် ပဌမ မိုးညှင်း ဆရာတော်ဘုရားကြီးသည် ဝိပဿနာ အလုပ်ပေးတရားကြီးကို ဟောကြား ပြသနေစဉ် အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပဋ္ဌာန်းတရားတော်မြတ်ကြီးသည်ကား အလွန်တရာမှ ကြီးကျယ် မြင့်မြတ်လှသောကြောင့် ပါဠိဘာသာ စာရှိသည့် ဇာတိုင်းသား သင်ကြားမှ သိရပါမူကား သူငါကစသည်တို့သည် မဖြစ်နိုင်ကြ မသိနိုင်ကြ ငါတို့နှင့် မထိုက်မတန်ကြဟု လက်လျှော့ကာ အမြို့မြို့ အရွာရွာ အရပ်ရပ်မှာ များသောအားဖြင့် ရှိနေကြရာ စာတတ်သူ မတတ်သူ အစားစား သူငါများတို့ အကျဉ်းနည်း အမြွက်မျှ သိကြားနားလည်ကြစေရန် ရည်သန်၍ ပဋ္ဌာန်း ဝိပဿနာ ကျင့်စဉ်နည်းကို ရေးသားစီရင်ပြီး ဓမ္မဒါန ပြုခဲ့ရာ ထို

အခါက ထိုစာအုပ်မှာ နှစ်ကာလကြာသဖြင့် မရှိသလောက် ဖြစ်နေသည့်ပြင် ယိုကာလက ရိုက်သောစာရွက်စာသား ပုဒ်၊ ပါဠိ အက္ခရာ အထားအသိုများ ယခု သန့်ရှင်းကောင်းမွန်ရန်နှင့် ဆရာတော်ဘုရားကြီး ရေးသော အသုံးအနှုန်း ရှေးစကားလုံးတို့ကို မူရင်း အရှိအတိုင်း ဖြစ်စေရန် နိုင်ငံတော် သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက်မှ တာဝန်ယူ၍ ရိုက်နှိပ်ရာ ပြီးစီးပါပြီ။

ဆရာတော်ဘုရား၏ အလိုဆန္ဒ ပေါ်ပြူရလျှင် ကျေးဇူးရှင် ပဌမ မိုးညှင်း ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ် အနန္တကို ဆပ်လိုလှ၍ရင်း၊ မိမိကိုယ် တိုင်လဲ နှစ်ခြိုက်မြဲဖြစ်သော၍ ဓမ္မဒါနပြုခဲ့ရုံမက ဆင့်ပွား ဓမ္မဒါနကုသိုလ်ကြီး ကို ရယူလို၍ရင်း၊ ဤအဓိကအကြောင်း နှစ်မျိုးကြောင့် စာအုပ်ဖြစ်မြောက် ရန် ကြိုးစားအားထုတ်ရာ ၁၃၄၃-ခုနှစ် နယုန်လပြည့်ကျော် ၂-ရက် စနေနေ့တွင် စာအုပ်ရေ (၁၀၀၀) ပုံနှိပ်မှု ကုသိုလ်ကြီး ပြီးစီးအောင်မြင် ပါသည်။

နိဗ္ဗာန် ဘုရား၊ ကြိုးကြိုးစားစား၊ ရှာဖွေကြွားက၊ မည်သူ့အားမျှ၊ မရ မရှိ၊
ကောင်းဘူးတည်း-ဟူသော ရှေးဟောင်းသည့်ရှိကြီးတို့ လမ်းညွှန်ချက်အရ
အခါကောင်း ကြုံတိုက်ကြုံခန်းမှာ ရအောင်ရှာကြပါကုန်-

ဤကောင်းမှု အဘိုကို အနန္တသတ္တဝါ ဝေနေယျတို့အား အမျှပေးဝေ ပါ၏၊ အမျှ ကြား၍ သာဓုအနုမောဒနာ ချမ်းသာကြပါစေ။

**အဂ္ဂမဟာပဏ္ဍိတ**
နိုင်ငံတော်ဩဝါဒါစရိယ
မိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော်
မိုးညှင်းဝိပဿနာတိုက်သစ်
အမှတ်-၁၈၅၊ ဘောင်ဒရီလမ်း၊
ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

## ပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီး

# နိဒါန်း

ဧဝံမေယျာတုံ။ ။ဆအသာသာဓာရဏ ဂုဏ်ပေါင်းသည့် သမ္မာသမ္ဗုဒ္ဓဘုရား တပည့်သား ဖြစ်တော်မူသော နေ့ာင်ကြီးအိုင် ဆရာတော် အရှင်နန္ဒိယ၊ ၎င်းတပည့် မြို့ပြင်ကြီး ဂိုဏ်းအုပ်ဆရာတော် အရှင်နေ္တမာလာ၊ ၎င်းတပည့် စကု ဆရာတော် အရှင်ပဒုမ၊ ၎င်းတပည့် ဟံသာဝတီဒိစတြိတ် သန်လျင်မြို့အပိုင် အေးရွာ ဆရာတော်၊ ၎င်းအေးရွာဆရာတော်ထံမှာ ဟံသာဝတီနယ်အဝင် သန်လျင်မြို့အပိုင် ဘားကူးရွာကြီးအနီး ဝင်းခနီးရွာ ဖွားရာဇာတိရှိသော မိုးညှင်းကိုယ်တော်ကြီး သည် ရှင်သာမဏေအဖြစ်ကပင် ညဝါများကိုပေါက်ရောက်အောင် သင်ယူပြီးလျှင် မန်းနဂရသို့ ဆန်တက်ကာ ဘုရားကြီးတိုက် ဆရာတော်၊ စံကျောင်းဆရာတော်၊ ရွှေကျင် စသော ဆရာတော်ကြီးများ၏ တပည့် စဉ်လာဖြစ်တော်မူကြသည့် ဆရာ့ ဆရာ သာထက် သာကြီးများထံ နည်းခံသင်ယူပြီးနောက် ၁၂၇၃-ခုနှစ် ကစ၍ အထက်အညာဒေသ မိုးညှင်းတောရ တိုက်ဌာနတို့မှာပင် ဝသိ်မလေ့ တရားမှုကာ နေထိုင်လေ့ ရှိပါသောကြောင့် မိုးညှင်းတောရကိုယ်တော်ကြီးဟူ၍ ထင်ရှား ကျော်စောတော်မူသော ထေရ်အရှင်မြတ်ကြီးသည် ၁၂၉၃-ခုနှစ်က အနည်းငယ်သာ မကျန်းမာ၍ ဆေးများကုသရန်နှင့် စစ်ကိုင်းမြို့, မေမြို့တို့ကပင် ပင့်လျှောက်ကြသဖြင့် ကြွမြန်းတော်မူသောအခါတို့မှာလည်း တရားဓမ္မ အစား စားတို့ကို ထိုက်တန်သလောက် ချီးမြှောက်ဟောကြားတော်မူပြီးနောက် ၁၂၉၄-ခုနှစ် ဇေဋ္ဌမာသ နယုန်လအခါ မန်းနဂရာမှ ပင့်လျှောက်ကြသဖြင့် ကြွမြန်းကာ တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးတောမူပြီးလျှင် ၁၂၉၅-ခုနှစ် နွှောင်းတန်ခူးလဆန်းပက္ခ ဒိဝသငါးရက်ကျအခါ မော်လမြိုင်မြို့က ပင့်လျှောက် ချက်အရ ကြွမြန်းတော်မူပြီးလျှင် မကြိုံစဖူး ထူးဆန်းလှစွာ ရေဒီယို အသံလွှင့် စက်ကြီးဖြင့် ပရိသတ်သုံးသောင်းကျော်တို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသဖြင့် ထင်ရှားကျော်စောသည်ထက် ထင်ရှားလာခြင်း ကြောင့် မော်လမြိုင်ကျွန်း၊ သရက်တော၊ ဝါးခယ်မ၊ ဘိုကလေး၊ ရန်ကုန်မြို့ စသည်တို့မှာ တရားရေးအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။

၎င်းနောက် ၁၂၉၆-ခုနှစ်၊ ပြာသိုလအခါ ရန်ကုန်မြို့မှ တဖန် ပင့်လျှောက် ကြပြန်သဖြင့် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြီးနောက် ဒေးဒရဲမြို့၊ မအူပင်မြို့၊ ဓနုဖြူမြို့၊ ညောင်တုန်းမြို့၊ ဇလွန်မြို့၊ ဟင်္သာတမြို့ အစရှိ

သော မြို့ပေါင်းသုံးဆယ်ကျော်တို့သို့ လှည့်လည်တော်မူပြီးလျှင် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပြန်၏၊ ၎င်းနောက် ၁၂၉၈-ခုနှစ် တပို့တွဲလ အခါ ရန်ကုန် မြို့သူ မြို့သားများနှင့်တကွ မြို့ပေါင်းသုံးဆယ်ကျော်တို့က ပင့်လျှောက်ချက်အရ ရန်ကုန်မြို့သို့ရွှေးဦးစွာကြွမြန်းတော်မူပြီးလျှင် ဝိပဿနာအစား စား ပဋ္ဌာန်းတရားတော်ကြီးများကို ဟောကြားတော်မူပြီး၍ ကျေးဇူးတော်ရှင် အေးရွာ ဆရာတော်ဘုရားကြီးအား ကန်တော့ရန်လည်းတဝ၊ အေးရွာသူ့ အေးရွာ သားတို့က ပင့်လျှောက်ကြပြန်သည်လည်း တဌာန၊ ထိုသို့သော အကြောင်းအဝဝ တို့ကြောင့် အေးရွာဆရာတော်ဘုရားကြီးထံသို့ ကြွသွားဟောပြောရာတွင် အေး ရွာဆရာတော်ကြီးက "မောင်မင်း ဟောကြားသော ပဋ္ဌာန်းတရားကြီးသည် စာ မတတ်သူတို့ပင် သိမြင်လွယ်ကူလှလေသောကြောင့် ဤ ပဋ္ဌာန်း ဝိပဿနာ ကျင့်စဉ် တရားတော်ကြီးကို နောင်လာနောက်သား ရဟန်း ရှင် လူအများတို့ သိမှတ်ကြသော တို့မြန်မာစကားလုံး ပီသသော အသုံးအနှုန်းတို့ဖြင့် ရေးသား ရမည်"ဟု တိုက်တွန်းတော်မူသည်က တဌာန၊ အောက်စာရင်းပါ ဥပါသကာတို့က ရေးသားရန် လျှောက်ထားတောင်းပန်သည်လည်းတဝ၊ ဤသို့သော အကြောင်း တို့ကြောင့် ဤပဋ္ဌာန်းဝိပဿနာကျင့်စဉ်တရားတော်ကြီးကို ရေးသားတော် မူပေသတည်း။

### အဘိယာစက ပုဂ္ဂိုလ်တို့၏ အမည်များ

၁။ ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီး ဦးမြဘူး၊

၂။ ရွှေတိဂုံဘုရား ဘဏ္ဍာတော်ထိန်းလူကြီးမင်း စက်သဌေး ဦးသွင်၊

၃။ သမဝါယမမင်းကြီး ဦးတင်ကြီး၊

၄။ မီးရထားဝန်မင်း ဦးဘစိန်၊

၅။ ဗုဒ္ဓဘာသာ အငြိမ်းစားအသင်းကြီး၊

၆။ မိုးညှင်း ဩဝါဒခံ အရိယာဝံသ ဂတိဝိသုဒ္ဓိဂရုဓမ္မဘာဝနာအဖွဲ့၊

၇။ ရန်ကုန်မြို့ အရှေ့ပိုင်း ဂတိဝိသုဒ္ဓိအသင်းကြီး၊

၈။ မကွေးမြို့ စာတိုက်ဝန်မင်း ဦးအရိန်၊

၉။ ၎င်းမြို့ အငြိမ်းစား ဝန်ထောက်မင်း ဦးဟုတ်ကြင်၏ သမီး-ခင်မကြီး၊

၁၀။ ဟင်္သာတမြို့ ဆန်စက်, ဆီစက်ပိုင် မင်းတိုင်ပင်အမတ် ဦးမြ၊

၁၁။ ချပ်သင်း သဌေး မင်းတိုင်ပင်အမတ် ဦးဘတင်။

# ပဋ္ဌာန်းဝိပဿနာကျင့်စဉ်

## တရားတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁-ပဏာမနှင့် ပဋိညာဉ်

ပဋ္ဌာနံ သမ္မသန္တဿ၊ ဆဗ္ဗဏ္ဏရံသိဇာလေန္တံ။
တဒ္ဒေသိတံ နမဿိတွာ၊ လိက္ခိဿာမိ ဣမံ ဂန္ထံ။

ပဋ္ဌာနံ၊ အနန္တနယ သမန္တမည်မှန်း ပဋ္ဌာန်းကျမ်းကြီးကို။ သမ္မ-သန္တဿ၊ သုံးသပ် ဆင်ခြင်တော်မူသော မြတ်စွာဘုရားအား။ ဆဗ္ဗဏ္ဏရံသိ-ဇာလေန္တံ၊ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရဟု ဆိုအပ်သော ခြောက်ပါးသော ရောင်ခြည်တော်တို့ကို ဖြစ်စေတော်မူတတ်သော။ တဒ္ဒေသိတံ၊ ထိုအနန္တနယ သမန္တ ပဋ္ဌာန်းကျမ်း ဒေသနာတော် အခန်းခန်းတို့ကို ဟော ကြားတော်မူတတ်သော။ ဗုဒ္ဓံ၊ ပရမတ်, ပညတ် အရပ်ရပ်အလုံးစုံကို အကုန် အစင် သိမြင်တော်မူတတ်သော ဘုရားမြတ်ကို။ နမဿိတွာ နမာမိ၊ ခြေ,လက်, နဖူး,တတောင်,ဒူးဟု ဆိုအပ်သော ငါးဦးသော ထိခြင်းဖြင့် ဦးချဝန္ဒနာ ရှိခိုး ပါ၏။ နမဿိတွာ၊ ရှိခိုးပြီး၍။ ဣမံဂန္ထံ၊ ဤပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်ကျမ်းကို။ လိက္ခိဿာမိ၊ ရေးသားပေအံ့။

### ၂—ပဋ္ဌာန်းကျမ်းကို လေ့လာသူတို့အား တန်ခိုးရှိန်စော် အာနုဘော် ကြီးထွားလာပုံကို ပြခြင်း

ယခု ရေးပြမည့် ပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်ကျမ်း၌ ပဋ္ဌာန်းဟူသည့် စာ စကားတည်း။ ဤစာစကားအရကို ရွာစကားနှင့် ပြောဆိုရမူ "အထူးထူး အပြားပြားသော အကြောင်းပစ္စည်း တရားတွေ"ဟု ဆိုအပ်၏။ ထိုကြောင့်—

ကေနဋ္ဌေန ပဋ္ဌာနန္တိ နာနပ္ပကာရပစ္စယဋ္ဌေန ပကာရေတိ။ နာနာ-ပ္ပကာရတ္ထံ ဒီပေတိ။ ဌာနသဒ္ဒေါ ပစ္စယတ္ထံ။

“ကေနဋ္ဌေန၊ အဘယ်အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်သနည်း။ ဣတိစေ၊ ဤသို့ မေးငြားအံ့။ နာနပ္ပကာရပစ္စယဋ္ဌေန၊ အထူးထူး အပြားပြားသော အကြောင်းပစ္စည်း တည်းဟူသော အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်း မည်၏။ ဟိ၊ ထိုစကားအရကို အကျယ်ပြဆိုဦးအံ့။ ပကာရော၊ ပဋ္ဌာန ဟူသော ပုဒ်မှာ ပ-အက္ခရာသည်။ နာနပ္ပကာရတ္ထံ၊ အထူးထူး အပြားပြားဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ ဌာနသဒ္ဒေါ၊ ဌာနသဒ္ဒါသည်။ ပစ္စယတ္ထံ၊ အကြောင်းပစ္စည်းဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏”ဟု ပဋ္ဌာန်းအဋ္ဌကထာ၌ ပြတော်မူအပ်ပေသည့်အတိုင်း စကားအတိုသုံးနှင့် ပြောဆိုရမူ “အကျိုးတရားတို့၏ တည်ရာဖြစ်သော (၂၄) ပါးသော အကြောင်းတရားတို့ကို ပဋ္ဌာန်းဟု ဆိုအပ်၏”ဟု သိကြပါလေ။

ဤ ပဋ္ဌာန်းတရားကြီးများသည် သာမန်တရား မဟုတ်၊ အလွန့်အလွန် တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားစေသော တရားကြီးများလည်းဖြစ်၊ အလွန့်အလွန် ကျယ်ဝန်းလှသော တရားကြီးများလည်းဖြစ်၊ အလွန့်အလွန် နက်နဲခက်ခဲ သိမ်မွေ့နူးညံ့သော တရားကြီးများလည်း ဖြစ်ကြရုံမက ဤသာသနာတော်ကြီး ကွယ်ပသော အခါ၌လည်း အလွန့်အလွန် နက်နဲလှ ခက်ခဲလှသော ဤပဋ္ဌာန်းကျမ်းကြီးကစ၍ ကွယ်ပပျောက်ဆုံးကြမှာလည်း ဖြစ်သောကြောင့် ငါတို့ကဲ့သို့သော ဘုရားသားတော်, သမီးတော်အစစ် ဖြစ်ကြသူတို့ ထင်ရှားရှိဆဲ အခါထဲတို့မှာ ဤ ပဋ္ဌာန်းသာသနာတော်ကြီး မဆုတ်ယုတ်ကြစေပဲ တနေ့တခြား လဆန်းပက္ခလတို့ ကြီးပွားထွန်းကားဘိသကဲ့သို့ ဤပဋ္ဌာန်းတရားကြီး အလွယ်ဆုံးနည်းနှင့် ပြထားပြီးဖြစ်သော ဤစာပဋ္ဌာန်း ရွာပဋ္ဌာန်း ငါပဋ္ဌာန်းအရများ ဝိပဿနာတရား အစားစားတို့ကို ရဟန်း ရှင် လူ ဘယ်သူမဆို မိမိ မိမိတို့လည်း လေ့လာပွားများ အားသစ်ကြ၊ သူတပါးတို့ကိုလည်း အားပေးကူညီ သဘောမိအောင် ဟောပြောတိုက်တွန်း နှိုးဆော်ကြပါမူ အလွန့်အလွန် တန်ခိုးရှိန်စော် အာနုဘော်ကြီးထွားကြကုန်ရာ၏။

ကြီးထွားပုံ သက်သေကား—သူတပါးမဟုတ်၊ သုံးလူ့ထွတ်ထား တို့ဘုရားကိုယ်တော်မြတ် ဖြစ်လတ်သောအခါ တန်ခိုးတေဇာ ရောင်ခြည်တော် အဖြာဖြာတို့သည် လေးနုမြောက် ရတနာဃရ သတ္တာဟ၌ စံနေတော်မူသောအခါ အဘိဓမ္မာ ခုနစ်ကျမ်း တရားအစားစားတို့ကို ဆင်ခြင်ပွားများ နှလုံးထားသောအခါ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက် ဤခြောက်ကျမ်းလာ ပရမတ္ထတရား အဖြာဖြာတို့ကို အားထုတ်ပါလျက် တန်ခိုး ရှိန်စော် အာနုဘော် ရောင်ခြည်တော်များ မထွက်ကြချေ။ ယခု ဟောပြမည့် ပဋ္ဌာန်းတရားတော်ကြီးများကို စတင်ပွားများ နှလုံးထားသောအခါ ကျမှ အရွှေ, အနောက်, တောင်, မြောက်, အထက်, အောက် အရပ်လေးမျက်

နှာ၊ အရပ် ခြောက်မျက်နှာ တို့၌ အဆုံး အပိုင်းအခြား မရှိသော စကြဝဠာ ဖိလာထုတ်ချင်းနှင့် အထက်အောက်တို့မှာ အဆုံး အပိုင်းအခြားမရှိပါသော ကောင်းကင်ဟင်းလင်း အနန္တအာကာသဖာတွင်းတို့သို့ နီလ, ပီတ, လောဟိတ, ဩဒါတ,မဉ္ဇိဋ္ဌ, ပဘဿရတည်းဟူသော ခြောက်ဝသော ဘုရားရောင်ခြည်တော် တို့သည် ထွက်ပေါ်ထွန်းလင်းကြကာ တောက်ပပြေးသွားအောင် တန်ခိုးရှိန် စော် အာနုဘော်ကို ဆောင်နိုင်သော ပဋ္ဌာန်းတရားကြီးများအစစ် ဖြစ်ကြလေ သောကြောင့် ယခုအခါ ပွားများအားသစ်သော ရဟန်း ရှင် လူ မည်သူမဆို ထိုထိုပုဂ္ဂိုလ်တို့မှာလည်း ယခုဘဝက နိဗ္ဗာန်ကျအောင် ကောင်းမြတ်သော တန်ခိုးရှိန်စော် အာနုဘော်အကျိုး အမျိုးမျိုးတို့ ကေန်ရကြမည် မလွဲတည်း ဟု နှလုံးထား၍ ခွဲခွဲ မဲမဲ သဲသဲ ကျိတ်ကျိတ် အယုတ်ဆုံး ဟေတုပစ္စယော, အာရမ္မဏပစ္စယော အစရှိသော ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း ပစ္စယုဒ္ဒေသပါဠိ အနက်တို့ကို နှုတ်တက်ရမိ သိရှိနားလည်အောင် အားသစ်နိုင်ကြပါစေ သတည်း။

ဤရှေးက ပြခဲ့ပြီးသော စကားရပ်၌ ရှေးအဘိဓမ္မာ ခြောက်ကျမ်းမှာ အနန္တရောင်ခြည်တော် မထွက်ပါပဲ ကျယ်ဝန်းနက်နဲ ခက်ခဲသိမ်မွေ့သော ပဋ္ဌာန်းတရားကြီးများကို ဆင်ခြင်သောအခါကျမှ ရောင်ခြည်တော် ထွက်ရပုံကို ဥပမာဆိုသော် ယူဇနာ ငါးရာရှိသော တိမိရ, တိမိင်္ဂလမည်သော ငါးကြီး၊ ယူဇနာတထောင်ရှည်သော အာနန္ဒာငါးကြီးတို့သည် ချောင်းငယ် မြောင်းငယ် များတွင် မက ယူဇနာသုံးရာနက်သော သမုဒ္ဒရာ ပင်လယ်မှာပင် ကျော ဆူးတောင်ရိုးမြုပ်အောင် ရေကိုမရ၍ အလွန်ပင် ကျဉ်းမြောင်းကျပ်တည်းကာ စိတ်မရွှင်မြူးသာသလို ရှေးအဘိဓမ္မာခြောက်ကျမ်း အခန်းခန်းတို့မှာလည်း ကြီးကျယ် ပြန့်ပြောလှသော သဗ္ဗညုတရွှေဉာဏ်တော်ကြီးမှာ မရွှင်ပျော် မမြူးထူးသာပဲ ကျပ်တည်း ကျဉ်းမြောင်းလှသောကြောင့် ရွှေဉာဏ်တော်မှ ဆက်သွယ်ကာ ရောင်ခြည်တော်များ မထွက်ပေါ်လာပဲ ရှိနေရလေသတည်း။ ယူဇနာ ရှစ်သောင်းလေးထောင် နက်ဆောင်ကျယ်ဝန်းလှစွာသော မဟာ သမုဒ္ဒရာကြီး အလယ်သို့ကျတော့မှ ၎င်းတိမိရ, တိမိင်္ဂလ, အာနန္ဒာစသော ငါးကြီးတို့သည် ရွှင်မြူးနှစ်ခြိုက် ပျော်ပိုက်ကြကာ သွားလာကျက်စားခြင်း များကို ပြုကြသကဲ့သို့ အလွန်ပင် ခက်ခဲနက်နဲ ကျယ်ဝန်းလှသော အနန္တနယ သမန္တပဋ္ဌာန်းတရားကြီးများကို ဆင်ခြင်သုံးသပ် ပွားများအားထုတ်လတ် သော အခါသို့ကျမှ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး လောက်လောက်လားလား လေ့လာကျက်စား ပျော်ပါးရွှင်မြူးနိုင်လေသောကြောင့် ၎င်းဉာဏ်တော်မှ ဆက်သွယ်ကြကာ ခြောက်ဖြာသော အနန္တရောင်ခြည်တော်တို့သည် အဆုံး အပိုင်းအခြားမရှိသော ခြောက်ရပ်သော အရပ်မျက်နှာတို့သို့ အဆုံးအပိုင်း

အခြား မရှိအောင် တောက်ပြောင်ထွန်းပ၍ ယခုထက်တိုင် ကြွချီကွန့်မြူးတော် မူကြောင်းကို မဇ္ဈိမနိကာယ် မူလပဏ္ဏာသ၊ ရာသိသုတ်၌—

တံ ဒိဝသံ စ ပန ဘဂဝတော သရီရာ နိက္ခန္တာ၊ ယာဝဇ္ဇဒိဝသာပိ၊ တာ ရသ္မိယော အနန္တလောကဓာတုယော ဂစ္ဆန္တိယေဝ။

**အနက်မြန်မာကား—**

ပန၊ ဆက်၍ဆိုဦးအံ့။ တံဒိဝသံစ၊ ရတနာဃရ ဘုံမည်ရသော စတုတ္ထ သတ္တာဟဝယ် အနန္တနယ သမန္တပဋ္ဌာန်းဒေသနာတော်ကို အနန္တသဗ္ဗညုတ ရွှေဉာဏ်ဖြင့် ဝေဖန် ဆုံးဖြတ်တော်မူရာ ထိုနေ့အခါ၌ကား။ ဘဂဝတော၊ ဘုန်းတော်ရော ကြီးမားစွာသော မြတ်စွာဘုရား၏၊ သရီရာ၊ ခြောက်ဖြာ သော ကိုယ်တော်အစိတ်အစိတ်မှ။ နိက္ခန္တာ၊ တဖိတ်ဖိတ် တလက်လက် ထွက်ကြွ ကွန့်မြူး အဖူးခံတော်မူကုန်သော။ တာရသ္မိယော၊ ထိုရောင်ခြည်တော် ခြောက် သွယ်တို့သည်။ အနန္တလောကဓာတုယော၊ အဆုံးအပိုင်းအခြား မရှိသော လောကဓာတ်တို့သို့။ ယာဝဇ္ဇဒိဝသာပိ၊ ယနေ့ထက်တိုင်အောင်လည်း။ ဂစ္ဆန္တိ-ယေဝ၊ အရောင်မစဲ ကြွတော်မူကြဆဲသာလျှင်တည်း။

---

## ၃—ပဋ္ဌာန်းတရားတော်များ၏ ကျယ်ဝန်းပုံကို ဖော်ပြချက်

ဤတန်ခိုးရှိန်စော် အာနုဘော်ကြီးသော ဤပဋ္ဌာန်းတရားတော်ကြီးသည် ပေါင်းစု၍ ပြအပ်သော သာမညအားဖြင့် ပဋ္ဌာန်းကျမ်းကြီး တခုတည်း ဟူ၍ပင် ဆိုရပြားသော်လည်း ဝိသေသအားဖြင့် ခွဲစိတ်၍ ပြရပါမူ ဤပဋ္ဌာန်း ကျမ်းကြီး၌ ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသများကို ဟောကြားတော်မူပြီးနောက် ပုစ္ဆာဝါရကို ဟောတော်မူ၏၊ ထိုပုစ္ဆာဝါရ၌—

၁။ ဓမ္မာနုလုံ၊
၂။ ဓမ္မပစ္စနိက်၊
၃။ ဓမ္မအနုလောမပစ္စနိက်၊
၄။ ဓမ္မပစ္စနိယာနုလောမ—

အားဖြင့် ဓမ္မနယလေးပါး အပြားရှိ၏၊ ထိုလေးပါးတို့တွင် ဓမ္မာနုလုံ၌—

၁။ တိကပဋ္ဌာန်း၊
၂။ ဒုကပဋ္ဌာန်း၊
၃။ ဒုကတိကပဋ္ဌာန်း၊
၄။ တိကဒုကပဋ္ဌာန်း၊

၅။ တိကတိကပဋ္ဌာန်း၊

၆။ ဒုကဒုကပဋ္ဌာန်း—

ဟူ၍ အကျဉ်းအားဖြင့် ခြောက်ကျမ်းအပြားရှိ၏။ ဤအတူ ဓမ္မပစ္စနိက်၌လည်း ခြောက်ကျမ်း၊ ဓမ္မအနုလောမပစ္စနိက်၌လည်း ခြောက်ကျမ်း၊ ဓမ္မပစ္စနီယာနုလောမ၌လည်း ခြောက်ကျမ်းအားဖြင့် အားလုံးပေါင်း ပဋ္ဌာန်းအကျဉ်း (၂၄)ကျမ်း ဖြစ်သတည်း။

ထိုနှစ်ဆယ့်လေးကျမ်းတို့တွင် ဓမ္မအနုလုံ တိကပဋ္ဌာန်းအကျဉ်းကျမ်း၌လည်း ကုသလတိကပဋ္ဌာန်း၊ ဝေဒနာတိကပဋ္ဌာန်း။ပ။ သနိဒဿနပဋိဃတိကပဋ္ဌာန်း ကျမ်းအားဖြင့် တိကပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၂၂)ပါး ရှိသည်တွင် ရှေးနောက် ပဒတို့၌ န မဖြစ်ပဲ "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" စသည်ဖြင့် တိကပဋ္ဌာန်းကျမ်းပေါင်း (၂၂)ကျမ်းကို ဘုရားဟောတော်မူ၏၊ ထိုမှတပါး ဓမ္မအနုလုံ ဒုကပဋ္ဌာန်းကျမ်း၌လည်း ဟေတုဒုကပဋ္ဌာန်းကျမ်း၊ သဟေတုဒုကပဋ္ဌာန်းကျမ်း၊ပ။သရဏဒုကပဋ္ဌာန်းကျမ်းအားဖြင့် ဒုကပဋ္ဌာန်းအကျယ်ကျမ်းပေါင်း (၁၀၀)ရှိရာတွင် ရှေးနောက်ပဒတို့၌ န မဖြစ်ပဲ "သိယာ ဟေတုံ ဓမ္မံ ပဋိစ္စ ဟေတု ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" စသည်ဖြင့် ဒုကပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၁၀၀)တို့ကို ဘုရားဟောတော်မူ၏။

ထိုမှတပါး ဓမ္မအနုလုံ ဒုက တိကပဋ္ဌာန်းကျမ်း၌လည်း ဟေတုဒုက်စသော ဒုက်ပေါင်း (၁၀၀) တို့ကို မူတည်၍ "ကုသလာဓမ္မာ" အစ "အနိဒဿန အပ္ပဋိဃဓမ္မ" အဆုံးရှိသော (၆၆)ပါးသော တိက်ပုဒ်တို့ကို မူလိသွတ်သောကြောင့် ၎င်း ဒုက် (၁၀၀)တို့ကို (၆၆)နှင့် မြှောက်၍ ဒုကတိကပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၆၆၀၀)ရှိရာတွင် ရှေးနောက် ပဒတို့၌ န မဖြစ်ပဲ "သိယာ ဟေတုံ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ" စသည်ဖြင့် ဒုကတိက ပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၆၆၀၀)တို့ကို ဘုရားဟောတော်မူ၏။

ထိုမှတပါး ဓမ္မအနုလုံ တိကဒုကပဋ္ဌာန်းကျမ်း၌လည်း ကုသလတိက်စသော (၂၂) တိက်တို့ကို မူတည်၍ "ဟေတုဓမ္မာ နဟေတုဓမ္မာ ။ပ။ သရဏာ ဓမ္မာ အရဏာဓမ္မာ" အဆုံးရှိသော ဒုက်ပေါင်း (၂၀၀) တို့ကို မူလိသွတ်သောကြောင့် ၎င်းတိက် (၂၂) ကို (၂၀၀)နှင့် မြှောက်၍ တိကဒုက ပဋ္ဌာန်းကျမ်းပေါင်း လေးထောင့်လေးရာရှိရာတွင် ရှေးနောက်ပဒတို့၌ န မဖြစ်ပဲ "သိယာ ကုသလံ ဟေတုံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတု-

ပစ္စယာ” စသည်တို့ဖြင့် တိကဒုကပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၄၄၀၀)တို့ကို ဘုရားဟောတော်မူ၏။ ထိုမှတပါး ဓမ္မအနုလုံ တိကပဋ္ဌာန်း၌လည်း ကုသလ တိက်စသော (၂၂) တို့ကို မူတည်ပြီး “ဝေဒနာ သမ္ပယုတ္တာ ဓမ္မာ, အနိဒဿန-အပ္ပဋိဃာ ဓမ္မာ” အဆုံးရှိသော (၆၃) ပါးသော တိက်ပုဒ်တို့ကို မူလိသွတ် သောကြောင့် ၎င်း (၂၂) ကို (၆၃) နှင့်မြှောက်၍ တိကတိကပဋ္ဌာန်းအကျယ် ကျမ်းပေါင်း (၁၃၈၆) ကျမ်းရှိရာတွင် ရှေ့နောက် ပဒတို့၌ န မမြစ်ပဲ “သိယာ ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋိစ္စ ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ” စသည်တို့ဖြင့် တိကတိက ပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၁၃၈၆) တို့ကို ဟောတော်မူ၏။ ထိုမှတပါး ဓမ္မအနုလုံ ဒုကဒုကပဋ္ဌာန်း၌လည်း ဟေတုဒုက်စသော ဒုက်ပေါင်း (၁၀၀) တို့ကို မူတည်ပြီးလျှင် “သဟေတုကာ ဓမ္မာ”အစ “အရဏာ ဓမ္မာ”အဆုံးရှိသော(၁၉၈) ပါးသော ဒုက်ပုဒ်တို့ကို မူလိသွတ်သောကြောင့် ၎င်းဒုက် (၁၀၀) တို့ကို (၁၉၈)နှင့်မြှောက်၍ ဒုကဒုကပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၁၉၈၀၀) တို့ရှိ ရာတွင် ရှေ့နောက်ပဒတို့၌ န မမြစ်ပဲ “သိယာ ဟေတုံ သဟေတုကံ ဓမ္မံ ပဋိစ္စ ဟေတုသဟေတုကော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ” စသည်တို့ဖြင့် ဒုကဒုကပဋ္ဌာန်း အကျယ်ကျမ်းပေါင်း (၁၉၈၀၀) တို့ကို ဘုရားဟောတော်မူ၏။

ဤဓမ္မအနုလုံ၌ ပဋ္ဌာန်းအကျဉ်းခြောက်ကျမ်းတို့၏ အကျယ်ကို ပေါင်း သော် (၃၂၃၀၀) ကျမ်းဖြစ်၏။ ဤအတူ ဓမ္မပစ္စနိက်၌လည်း ရှေ့နောက် ပဒတို့၌ န မြစ်၍ “သိယာ ကုသလံ ဓမ္မံ ပဋိစ္စ န ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ” စသည်တို့ဖြင့် ဓမ္မပစ္စနိက်၌ ပဋ္ဌာန်းအကျယ် ကျမ်းပေါင်း (၃၂၃၀၀) တို့ကို ဘုရားဟောတော်မူ၏။ ဤအတူ ဓမ္မအနု-လောမပစ္စနိက်၌ ရှေ့ပဒကို န မမြစ်၊ နောက်ပဒကိုသာ န မြစ်၍“သိယာ ကုသလံ ဓမ္မံ ပဋိစ္စ န ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ”စသည် တို့ဖြင့် ဓမ္မအနုလောမပစ္စနိက် အကျယ်ကျမ်းပေါင်း (၃၂၃၀၀) ကျမ်းတို့ကို ဘုရားဟောတော်မူ၏။ ဤအတူ ဓမ္မပစ္စနိယာနုလောမ၌ ရှေ့ပဒကို န မြစ်၊ နောက်ပဒကို န မမြစ်ပဲ “သိယာ နကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မောဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ” စသည်တို့ဖြင့် ဓမ္မပစ္စနိယာနုလောမ၌ အကျယ်ကျမ်းပေါင်း (၃၂၃၀၀) ကျမ်းတို့ကို ဘုရားဟောတော်မူ၏။ ဤသို့လျှင် ရေးကပြခဲ့ပြီးသော ဓမ္မနယလေးပါးတို့၌ ရထိုက်သော ကျမ်းတို့ကို ပေါင်းသည်ရှိသော် ပဋ္ဌာန်း အကျယ် ကျမ်းပေါင်း တသိန်းနှစ်သောင်း ကိုးထောင် နှစ်ရာ့သုံးဆယ့်နှစ် (၁၂၉၂၃၂) ဖြစ်လေ၏။

## ပဋ္ဌာန်းနှစ်ဆယ့်လေးကျမ်းတို့၏ အကျယ်အရကို လက်ဘဇယားနှင့် ပြရမူ အောက်ပါအတိုင်းသိကြပါလေ

ဓမ္မာနုလုံ၌ ခြောက်ကျမ်းကား အောက်အမည်တို့ပါတည်း။

| မာတိကာ | သင်္ချာ |
|---|---|
| တိကပဋ္ဌာန်း .... .... .... | ၂၂ |
| ဒုကပဋ္ဌာန်း .... .... .... | ၁၀၀ |
| ဒုကတိကပဋ္ဌာန်း .... .... .... | ၆၆၀၀ |
| တိကဒုကပဋ္ဌာန်း .... .... .... | ၄၄၀၀ |
| တိကတိကပဋ္ဌာန်း .... .... .... | ၁၃၈၆ |
| ဒုကဒုကပဋ္ဌာန်း .... .... .... | ၁၉၈၀၀ |
| ဤ၌အနုလုံကျမ်းပေါင်း .... .... | ၃၂၃၀၈ |
| ဤအတူ ဓမ္မပစ္စနီက်၌(၆)ကျမ်းပေါင်း .... | ၃၂၃၀၈ |
| ဓမ္မာနုလောမပစ္စနီက်၌ (၆) ကျမ်းပေါင်း .... | ၃၂၃၀၈ |
| ဓမ္မပစ္စနီယာနုလောမ၌ (၆) ကျမ်းပေါင်း .... | ၃၂၃၀၈ |
| ဤ ၂၄-ကျမ်းအကုန်ပေါင်း .... .... | ၁၂၉၂၃၂ |

### ဆောင်ပုဒ်

(၁) ပဋ္ဌာန်းတစ်မှာ၊အကျဉ်းဖြာ၊လေးဖြာနှစ်ဆယ်ရ။
(၂) တိပဋ္ဌာန်းမှာ၊အကျယ်ရှာ၊နှစ်ဖြာနှစ်ဆယ်ရ။
(၃) ဒုပဋ္ဌာန်းမှာ၊အကျယ်ဖြာ၊တရာကျမ်းပေါင်းရ။
(၄) ဒုကတိမှာ၊အကျယ်ဖြာ၊ခြောက်ရာခြောက်ထောင်ရ။
(၅) တိကဒုမှာ၊အကျယ်ဖြာ၊လေးရာလေးထောင်ရ။
(၆) တိကတိကျူး၊အကျယ်ဆုံး၊တစ်သုံးရှစ်ခြောက်ရ။
(၇) ဒုကဒုပေါင်း၊ တသောင်းကိုးထောင်၊ ရှစ်ရာဆောင်၊ မြားမြောင် ကျမ်းပေါင်းရ။
(၈) ခြောက်စားကိုပေါင်း၊ သုံးသောင်းနှစ်ထောင်၊ သုံးရာဆောင်၊ မြား မြောင်ရှစ်ကျမ်းရ။
(၉) တစ်နှစ်ကိုးနှစ်၊ သုံးနှင့်နှစ်၊ ပေါင်းလစ်ကျမ်းကုန်ရ။

[ဤတွင် အထက်ဖော်ပြခဲ့ပြီးသော သင်္ချာအရေအတွက်တို့၏ ဆောင်ပုဒ်များကို မှတ်သားလွယ်ကူစေခြင်းအကျိုးငှာ ပြဆိုချက်ပေတည်း။]

ဤအထက်က ဖော်ပြခဲ့သော ပဋ္ဌာန်းကျမ်းတို့အရသည် အလွန်ပင်များလှချေ၏တကား။ သို့အတွက် အကိုးအကား မရှိဘြားပဲ ထင်မြင်ရာ ရေးထားတာလားဟု လျှောက်ထားဖွယ်ရှိသောကြောင့် ပဋ္ဌာန်းအဋ္ဌကထာကြီးအရနှင့် ရေးပြတာဟု သိစေခြင်းအကျိုးငှာ—

သမ္မာသမ္ဗုဒ္ဓေန ဟိ အနုလောမပဋ္ဌာနေ ဒွါဝီသတိ တိကေ နိဿာယ တိကပဋ္ဌာနံ နာမ နိဒ္ဒိဋ္ဌံ။ သတံဒုကေ နိဿာယ ဒုကပဋ္ဌာနံ နာမ နိဒ္ဒိဋ္ဌံ။ တတော ပရံ ဒွါဝီသတိ တိကေ ဂဟေတွာ ဒုကသတေ ပက္ခိပိတွာ ဒုကတိကပဋ္ဌာနံ နာမ ဒဿိတံ။ တတော ပရံ ဒုကသတံ ဂဟေတွာ ဒွါဝီသတိယာ တိကေသု ပက္ခိပိတွာ တိကဒုကပဋ္ဌာနံ နာမ ဒဿိတံ။ တိကေ ပန တိကေသုယေဝ ပက္ခိပိတွာ တိကတိကပဋ္ဌာနံ နာမ ဒဿိတံ။ ဒုကေ စ ဒုကေသုယေဝ ပက္ခိပိတွာ ဒုကဒုကပဋ္ဌာနံ နာမ ဒဿိတံ။

ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ သမ္မာသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ အနုလောမပဋ္ဌာနေ၊ အနုလောမပဋ္ဌာန်း၌။ ဒွါဝီသတိတိကေ၊ နှစ်ဆယ့်နှစ်ပါးသော တိက်တို့ကို။ နိဿာယ၊ မှီ၍။ တိကပဋ္ဌာနံနာမ၊ တိကပဋ္ဌာန်း နှစ်ဆယ့်နှစ်ကျမ်း မည်သည်ကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြတော်မူအပ်၏။ သတံဒုကေ၊ တရာသောဒုက်တို့ကို။ နိဿာယ၊ မှီ၍။ ဒုကပဋ္ဌာနံနာမ၊ ဒုကပဋ္ဌာန်း ကျမ်းပေါင်း တရာမည်သည်ကို။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြတော်မူအပ်၏။ တတောပရံ၊ ထိုမှနောက်၌။ ဒွါဝီသတိတိကေ၊ နှစ်ဆယ့်နှစ်တိက်က ခြောက်ဆယ်ခြောက်ပုဒ်တို့ကို။ ဂဟေတွာ၊ ယူ၍။ ဒုကသတေ၊ ဒုက်တရာ၌။ ပက္ခိပိတွာ၊ ထည့်၍။ ဝါ၊ မြှောက်၍။ ဒုကတိကပဋ္ဌာနံနာမ၊ ဒုကတိက ပဋ္ဌာန်းကျမ်းပေါင်း ခြောက်ထောင်ခြောက်ရာ ရှိတာမည်သည်ကို။ ဒဿိတံ၊ ပြတော်မူအပ်၏။ တတောပရံ၊ ထိုမှနောက်၌။ ဒုကသတံ၊ ဒုက်တရာက ပုဒ်ပေါင်းနှစ်ရာကို။ ဂဟေတွာ၊ ယူ၍။ ဒွါဝီသတိယာတိကေသု၊ နှစ်ဆယ့်နှစ်တိက်တို့၌။ ပက္ခိပိတွာ၊ ထည့်၍။ ဝါ၊ မြှောက်၍။ တိကဒုကပဋ္ဌာနံနာမ၊ တိကဒုကပဋ္ဌာန်းကျမ်းပေါင်း လေးထောင်လေးရာ ရှိတာမည်သည်ကို။ ဒဿိတံ၊ ပြတော်မူအပ်၏။ ပန၊ အထူးကိုဆိုဦးအံ့။ တိကေ၊ မူအတွက် တတိက်ကိုချန်၍ နှစ်ဆယ့်တတိက်က ပုဒ်ပေါင်း ခြောက်ဆယ်သုံးပုဒ်တို့ကို။ တိကေသုယေဝ၊ တိက်ပေါင်းနှစ်ဆယ့်နှစ်တိက်တို့၌သာလျှင်။ ပက္ခိပိတွာ၊ ထည့်၍။ ဝါ၊ မြှောက်၍။ တိကတိကပဋ္ဌာနံနာမ၊ တိကတိကပဋ္ဌာန်းကျမ်းပေါင်း တထောင်သုံးရာ ရှစ်ဆယ်ခြောက်ကျမ်းရှိတာမည်သည်ကို။ ဒဿိတံ၊ ပြတော်မူအပ်၏။ ဒုကေ၊ မူအတွက်

တဒုက်ကိုချန်၍ ကိုးဆယ်ကိုးဒုက်က ပုဒ်ပေါင်း တရာကိုးဆယ်ရှစ်ပုဒ်တို့ကို။ဒုကေ-သုယေဝ၊ ဒုက်ပေါင်း တရာတို့၌သာလျှင်။ ပက္ခိပိတွာ၊ ထည့်၍။ ဝါ၊ မြှောက်၍ ဒုကဒုကပဋ္ဌာန်နာမ၊ ဒုကဒုကပဋ္ဌာန်းကျမ်းပေါင်း တသောင်းကိုးထောင် ရှစ်ရာ ရှိတာမည်သည်ကို။ ဒဿိတံ၊ ပြတော်မူအပ်၏—ဟု ပဋ္ဌာန်းအဋ္ဌကထာ၌ မိန့်မှာတော်မူသည့်အတိုင်း ပဋ္ဌာန်းကျမ်းတို့၏ အရေအတွက်သချာကို ပြအပ်ပါသတည်း။

အနည်းငယ်စောဒနာဖွယ်ရှိသည်ကား—ဤအထက်က အဋ္ဌကထာ သာမည ရှိပါလျက် ဘယ်အတွက်ကြောင့် ဒုကတိကပဋ္ဌာန်းစသည်တို့မှာ ဂဏနာ သေသေချာချာ ကျမ်းအရေအတွက်တို့ကို ပုဒ်အရနှင့် မြှောက်ပွား၍ အနက်ပေးသနည်းဟူမူ၊ မူလဋီကာ၌—

တတ္ထ ဆသဋ္ဌိယာ တိကပဒေသု၊ ဧကေကေန သံသန္ဒိတွာ ဆသဋ္ဌိ ဟောတုဒုကာ၊ တထာ သဟေတုကဒုကာဒယော စာတိ ဒုကာနံ ဆသတာဓိကာနိ ဆသဟဿာနိ ဟောန္တိ–ဟု မိန့်တော်မူ၏။

တတ္ထ၊ ထိုစကားရပ်၌။ ဆသဋ္ဌိယာ တိကပဒေသု၊ နှစ်ဆယ့်နှစ်တိက်က ခြောက်ဆယ့်ခြောက်ပါးသော တိက်ပုဒ်တို့တွင်။ ဧကေကေန၊ တပုဒ်တပုဒ်စီနှင့်။ သံသန္ဒိတွာ၊ စပ်၍။ ဆသဋ္ဌိဟေတုဒုကာ၊ ခြောက်ဆယ်ခြောက်ပါးသော ဟေတုဒုက်ကျမ်းပေါင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဟေတုကဒုကာဒယော စ၊ သဟေတုကဒုက်အစရှိသည်တို့သည်လည်း။ တထာ၊ ထိုအတူ ခြောက်ဆယ်ခြောက်ကျမ်းစီတို့တည်း။ ဣတိတသ္မာ၊ ထိုသို့ ခြောက်ဆယ့်ခြောက် အလီတရာရှိသောကြောင့်။ ဒုကာနံ၊ ဒုကတိကပဋ္ဌာန်းကျမ်းတို့၏။ ဆသတာဓိကာနိ၊ ခြောက်ရာအလွန်ရှိကုန်သော။ ဆသဟဿာနိ၊ ခြောက်ထောင်တို့သည်။ ဝါ၊ ခြောက်ထောင်ခြောက်ရာသော ဒုကတိကပဋ္ဌာန်းကျမ်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တိကဒုက ပဋ္ဌာန်း၌လည်း ဒုက်ပုဒ်နှစ်ရာနှစ်ဆယ်နှင့် နှစ်ဆယ့်နှစ်တိက်တို့ကို ယှဉ်စပ်၍(ဝါ)မြှောက်ပွား၍ လေးထောင်လေးရာ ရသည်အဖြစ်ကို မူလဋီကာ၌ "သဗ္ဗေသံ စတုသတာဓိကာနိ စတ္တာရိ သဟဿာနိ ဟောန္တိ"ဟု မိန့်တော်မူ၏။

သဗ္ဗေသံ၊ အလုံးစုံသော တိကဒုကပဋ္ဌာန်းကျမ်းတို့၏။ စတုသတာဓိကာနိ၊ လေးရာအလွန်ရှိကုန်သော။ စတ္တာရိသဟဿာနိ၊လေးထောင်တို့သည်။ ဝါ၊ လေးထောင်လေးရာသော တိကဒုကပဋ္ဌာန်းကျမ်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[ဤမူလဋီကာအဖွင့်နှင့် ဇမ္ဗူ့မိတ်ဆွေရိုက် ပဋ္ဌာန်း အဋ္ဌကထာ နံပါတ် (၃၄၇)မှာ ဖွင့်ပြသောကျမ်းပေါင်း သချာအရတို့နှင့် နှိုးနှော၍

အထက်က အဋ္ဌကထာအရကို ဂဃနဏသေသေချာချာ လိုရင်းအချုပ်ကို ရေးထုတ်လိုက်ပါသတည်း။ အကျယ်ကိုသိလိုမူ ၎င်းနံပါတ်က အဋ္ဌကထာနှင့် မူလဋီကာတို့အဖွင့်ကို ကြည့်ရှုကြပါလေ၊ သေသေချာချာသိလိုသူ အပေါင်း သူတော်ကောင်းတွေတို့။]

ဤပဋ္ဌာန်းကျမ်းတို့တွင်လည်း တကျမ်းတကျမ်း၌ ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ပဉှာဝါရ အားဖြင့် ခုနစ်ဝါရစီ ရှိပြန်၏။ ခုနစ်ဝါရတို့တွင် ပဋိစ္စဝါရ၌ ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်း အနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာနုလောမအားဖြင့် လေးပါးစီ ပြားပြန်၏။ထိုလေးပါးတို့တွင် ပစ္စည်းအနုလုံ၌ သုဒ္ဓ, ဒုကာဒိအားဖြင့် နှစ်ပါးစီ အပြားရှိပြန်၏။ ထိုနှစ်ပါးတို့တွင် သုဒ္ဓ၌ ဟေတုပစ္စည်း၏ သုဒ္ဓ၊ အာရမ္မဏပစ္စည်း၏ သုဒ္ဓ အစရှိသောအားဖြင့် (၂၄)ပါး အပြားရှိ၏။ ထိုတွင် ဟေတုပစ္စည်း၏ သုဒ္ဓ စသည်ကို ဟောတော်မူပုံကား– "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ အာရမ္မဏပစ္စယာ" စသည်ဖြင့် ဟောတော်မူ၏။ ဤသို့ ဟောတော်မူအပ်သော သုဒ္ဓဝါရ၌ ပဒါဝသာနပေါင်း (၁၁၇၆)နည်းဖြင့် ဟောတော်မူ၏။ သုဒ္ဓကို ဟောတော်မူသည်၏ အခြားမဲ့၌ ဒုကာဒိကို ဟောတော်မူ၏။ ထိုဒုကာဒိ၌လည်း ဟေတုဒုကာဒိ၊ အာရမ္မဏဒုကာဒိ အစရှိသောအားဖြင့် (၂၄)ပါး အပြားရှိ၏။ ထို (၂၄)ပါးတို့တွင် ဟေတုဒုကာဒိ၌လည်း ဒုက၊ တိက။ လ။ စတုဝီသတိက အားဖြင့် (၂၄)ပါး အပြားရှိ၏။

[ဤ၌ မူလ်နှင့်တကွ ဒုကယူရသောကြောင့် အဝိဂတမူလ်နှင့် တကွ စတုဝီသတိကဟု ပြလိုက်ပါသတည်း။ ဤကားအမှာ]

ထို (၂၄)ပါးတို့တွင် "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ၊ အာရမ္မဏပစ္စယာ" စသည်ဖြင့် ဒုက၌ (၁၁၂၇)ချက် ဟောတော်မူ၏။ ဤအတူ တိက၌ (၁၀၇၈)၊ စတုက၌ (၁၀၂၉)၊ ပဉ္စက၌ (၉၈၀)၊ ဆက္က၌ (၉၃၁)၊ သတ္တက၌(၈၁၂) စသည်ဖြင့် စတုဝီသတိက ကျအောင် ဟေတုပစ္စည်း၏ ဒုကာဒိ၌ ပဒါဝသာနပေါင်း (၁၃၅၂၄)တို့ကို ဘုရားဟောတော်မူ၏။ ဤဟေတုအတူ အာရမ္မဏဒုကာဒိ, အဓိပတိဒုကာဒိ အစရှိသော (၂၄) ဒုကာဒိမှာလည်း (၁၃၅၂၄)စီ ရသောကြောင့် ၎င်းအရကို (၂၄) ပစ္စည်းနှင့် မြှောက်သော် (၃၂၄၅၇၆)သော ပဒါဝသာနတို့ဖြင့် ပဋိစ္စဝါရ ပစ္စည်းအနုလုံ၌ ဘုရားဟောတော်မူ၏။ ဤပဋိစ္စဝါရ ပစ္စည်းအနုလုံအတူ ပစ္စည်းပစ္စနိက်၌လည်း "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ နဟေတုပစ္စယာ" စသည်ဖြင့် သုဒ္ဓဝါရပေါင်း (၁၁၇၆)၊ ဒုကာဒိပေါင်း (၃၂၄၅၇၆) စသော ပဒါဝသာနတို့ဖြင့် ပဋိစ္စဝါရ ပစ္စည်းပစ္စနိက်၌ ဘုရားဟောတော်မူ၏။

ပစ္စည်းအနုလောမပစ္စနိက်၌မူကား သုဒ္ဓဝါရ မဖြစ်နိုင်ပဲ "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ၊ နအာရမ္မဏပစ္စယာ" အစဖြာသော ဒုကာဒိပေါင်း (၃၂၄၅၇၆)သော ပဒါဝသာနတို့ကို ပဋိစ္စဝါရ ပစ္စည်းအနုလောမပစ္စနိက်၌ ဘုရားဟောတော်မူ၏။ ဤအတူ ပစ္စည်းပစ္စနီယာ-နုလောမ၌လည်း "သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ နဟေတုပစ္စယာ၊ အာရမ္မဏပစ္စယာ" စသည်ဖြင့် အစဖြာသော ဒုကာဒိပေါင်း (၃၂၄၅၇၆)သော ပဒါဝသာနတို့ကို ပဋိစ္စဝါရ ပစ္စည်းပစ္စနီယာနုလောမ၌ ဘုရားဟောတော်မူ၏။ ဤပဒါဝသာနအားလုံးတို့ကို ပေါင်းသည်ရှိသော် သုဒ္ဓပေါင်း (၂၃၅၂)၊ ဒုကာဒိလေးမျိုးပေါင်း (၁၂၉၈၃၀၄)၊ သုဒ္ဓ,ဒုကာဒိ နှစ်ရပ်ပေါင်း (၁၃၀၀၆၅၆)ခုသော ပဒါဝသာနတို့ဖြင့် ပဋိစ္စဝါရကြီးတခုမှာ ဘုရားဟောတော်မူ၏

ဤပဋိစ္စဝါရအတူ ရှေးကပြခဲ့သော သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရတို့မှာလည်း ပဒါဝသာနပေါင်း (၁၃၀၀၆၅၆)စီ ရသောကြောင့် ၎င်းကို (၇)ဝါရနှင့် မြှောက်သော် ပဒါဝသာနပေါင်း (၉၁၀၄၅၉၂) တို့ဖြင့် အကျယ်ကျမ်းဝယ် တိကပဋ္ဌာန်း ကုသလတိက် ပဋ္ဌာန်းကျမ်းမှာ ဘုရားဟောတော်မူ၏။ ဤကုသလတိက် ပဋ္ဌာန်းကျမ်းအတူ ဝေဒနာတိက်ပဋ္ဌာန်းကျမ်း စသော (၂၁)ကျမ်းတို့မှာလည်း (၉၁၀၄၅၉၂)စီ ရသောကြောင့် ၎င်းကို (၂၂)ကျမ်းနှင့် မြှောက်သော် ပဒါဝသာနပေါင်း (၂၀၀၃၀၁၀၂၄) တို့ဖြင့် ဓမ္မအနုလုံ အကျယ်တိကပဋ္ဌာန်း (၂၂)ကျမ်းတို့မှာ ဘုရားဟောတော်မူ၏။

[ဤရှေ့ဂဏန်းသင်္ချာတို့ဖြင့် ပေါင်း၍ မြှောက်၍ ပြခဲ့ရခြင်းကား— ဂဏန်းသင်္ချာကျမ်းတို့မှာ ပေါင်းခြင်း, မြှောက်ခြင်း, စားခြင်းတို့သည် ဂဏန်းအရေအတွက်မျှဖြင့်သာ အဆုံးသတ်၍ ပြီးလတ်တာမျိုး မဟုတ်။ သဋ္ဌေး, သူကြွယ်, ကုန်သည်အမျိုးမျိုး မင်းစိုးရာဇာတို့ အသုံးပြုကြသည့် စာရင်းစာအုပ်တို့မှာ ပါသော ပေါင်း, မြှောက်, နုတ်, စားကြသည့် သင်္ချာဂဏန်းများကား မုတ်သားအပ် ရေတွက်အပ်သော ရွှေငွေ စသော အထည်ဝတ္ထု အနက်သဘော တခုခုရှိတာလို ရှေးပဋ္ဌာန်းကျမ်းပေါင်း(၁၂၉၂၃၂)ကျမ်းဟု သိရအောင် ပေါင်းရ မြှောက်ရသော ပဒါဝသာနပေါင်း (၂၀၀၃၀၁၀၂၄)ပါးဟု သိရအောင် ပေါင်းရ မြှောက်ရသော ဂဏန်းသင်္ချာများလည်း ဤလောကကြီးအတွင်းမှာ ဘုရားဉာဏ်တော်၌ သွင်း၍ ထင်အလင်း ကြည့်တော်မူအပ်၊ သိတော်မူအပ်၊ ပွားများတော်မူအပ်၊ ဟောကြားတော်မူအပ်၊ ရေတွက်တော်မူအပ်သော အဘိဓမ္မာဓာတ် ပရမတ်သင်္ချေ ပဋ္ဌာန်းတရားတော်မြတ်

၅၂၀၄

ကြီးတွေ တည်းဟူသော အနက်သဘောတရားတို့ ထင်ရှားစွာ ရှိနေကြပါကုန်၏ဟု သိကြပါလေ။ ဤသို့ ပြအပ်သော အရေအတွက် ဂဏန်းသင်္ချာနှင့် ရေတွက်အပ်သော အနက်သဘောသင်္ချေ အဘိဓမ္မာတရားတို့ ထင်ရှားရှိကြတာကို ယုံကြည်စွာ သိရှိကြတာလို မီးရထားဝန်မင်းဦးဘစိန် ရေးသားစီရင်အပ်သော အဘိဓမ္မာသင်္ချာကျမ်းမှာလည်း သင်္ချာဂဏန်းတို့ဖြင့် တွက်ချက်၍ အဘိဓမ္မာ အနက်သဘောတို့ကို ပြအပ်တာတို့ချည်း ဖြစ်ကုန်၏။

ထိုသို့ဖြစ်ကြရာဝယ် အနောက်နိုင်ငံသားများ လေ့လာနေကြသည့် ဂဏန်းသင်္ချာကျမ်းတွေ၊ ရူပဗေဒကျမ်းတွေ၊ ဓာတုဗေဒကျမ်းတွေနှင့်လည်း သက်ဆိုင်နေကြသည့် အဖြစ်ကိုလည်း ပြကာ ၎င်းနိုင်ငံသားများလည်း သက်ဝင်ယုံကြည်လာအောင် ရေးပြရတာဖြစ်လေသောကြောင့် ဤအကြောင်းကိုမကြည့်မသိပဲအမှတ်တမဲ့ ၎င်းအဘိဓမ္မာသင်္ချာကျမ်းကို ဖတ်ကြည့်သူများတို့စိတ်မှာ ဤကျမ်းရေးဆရာသည် စာရင်းအင်း အရေအတွက် ဇယားများကို မီးရထားအလုပ်မှာ နိုင်နင်းတာနှင့် ဤ အဘိဓမ္မာကျမ်းစာအလုပ်မှာလည်း စာရင်းအင်း ဂဏန်းသင်္ချာအရတွေနှင့် ထိုထို အဘိဓမ္မာအနက်မှာ မရှိကြပဲ ထင်သလို ကြံနေတော့တာပဲ ဟု အလွဲကိုသာ တွေးတောစရာ ရှိနေကြပေလိမ့်မည် ဖြစ်ကြောင်း။ ဤကဲ့သို့ တွေးတောထင်မြင်ဖွယ် မရှိရန်များ ကျမ်းရေးဆရာ၏နှလုံးထားနှင့် ထိုထို ရေတွက်၍ ပြအပ်သော ပရမတ်တရားအစစ်တို့လည်း ဤ လောကကြီးမှာ ထင်ရှားရှိတာကို ဆန်းကြယ်စွာ တွက်ချက်၍ ဘာသာခြား အနောက်နိုင်ငံသား ပညာရှိများတို့ပါ နှစ်သက်လာအောင် ကြံဆောင်ရေးသားရသည်များကို သိရှိတော်မူကြကာ နှစ်သက် ဝမ်းမြောက်တော်မူနိုင်ကြပါစေသတည်း။]

ဤ ပြအပ်ပြီးသော ပဒါဝသာန တို့ကား ပဋ္ဌာန်းအကျယ် ကျမ်းပေါင်း (၁၂၉၂၃၂)ကျမ်းတို့တွင် ဓမ္မအနုလုံ တိကပဋ္ဌာန်း (၂၂)ကျမ်း၌ ရအပ်သော ပုစ္ဆာဝါရမျှသာ ဖြစ်၍ ကြွင်းကျန်သော ပဋ္ဌာန်းကျမ်းပေါင်း (၁၂၉၂၁၀)တို့မှာ ဤသို့ ရသင့်တိုင်း ပဒါဝသာနတို့သည်ကား အလွန်အလွန်ကြီး များလိမ့်မည်ကို သိရန်တချက်၊ မြတ်စွာဘုရားသခင်သည် ရတနာဃရဗွေအိမ်၌ စိတ်တော်သက်သက်နှင့် ဆင်ခြင်တော်မူအပ်သော ပဋ္ဌာန်းတရားတော်မြတ်တို့ကား မည်ရွေ့ မည်မျှ ဂဏန်းချ၍ ပြောပြခြင်းငှာလည်း မတတ်ကောင်း၊ သာမန် ရက်, လ, နှစ်တို့ဖြင့် ဟောကြားခြင်းငှာလည်း မတတ်ကောင်းအောင် အရပ် ထက်ဝန်းကျင်တို့မှာ အဘိဓမ္မာခေတ်

ပရမတ်အစစ် ဖြစ်ကြသည့် ပဋ္ဌာန်းတရားတော်ကြီးများ နည်းအစားစားတို့ အဆုံးအပိုင်းအခြား မရှိသည်ကို သိနိုင်ကြရန် တချက်၊ ၎င်းအချက်ချက်တို့နှင့် ပြည့်စုံသော ပဋ္ဌာန်းတရားကြီးများကို ဆင်ခြင် စဉ်းစား နှလုံးထား၍ ဟောကြားအပ်သော ပဋ္ဌာန်းကျမ်းကြီးကိုလည်း အလွန် အလွန်ကြီး ပိဋကတ်သုံးပုံတို့တွင် တုဘက်မမြင်အောင် ကြီးကျယ်လှပါသောကြောင့် မဟာပကရဏလည်း မည်ထိုက်လှ၊ ထက်ဝန်းကျင်မှာ အဆုံးအပိုင်းအခြားမရှိသော နည်းနယတို့နှင့်လည်း ပြည့်စုံလှသောကြောင့် အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီးဟူ၍ ဤသာသနာတော်ကြီးတွင် ခေါ်တွင်ဆုံးဖြတ် သမုတ်အပ်ကြပေသတည်း။

ယခုကာလ ပေအင်္ဂါ ခြောက်ဆယ်ကျော်လောက်၌ပြီး သင်ရိုးသင်စဉ် ပြုလုပ်၍နေကြသည်ကား တိကပဋ္ဌာန်းအများတွင် ကုသလတိက်က အတူတွေကို ပေယျာလထားပြီး အကျဉ်းမျှ ရေးအပ်သော ပါဠိတော်များဖြစ်သည်။ ဤ ကုသလတိက်က ပဋ္ဌာန်းကိုပင် ရသင့်သလောက် ဖော်ထုတ်ရေးသားရမူ စာအင်္ဂါ(၂၀၀)ကျော် (၃၀၀)ခန့်လောက် ရှိလိမ့်မည်ထင်ရကြောင်း။ဤရှေးက စီစစ်၍ ပြခဲ့သည်ကား မဟာပကရဏ အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီးဟု ဆိုသည့်အတိုင်း ကျယ်ဝန်းသည့်အဖြစ်ကို သိစေလို၍ အင်္ဂုသာလိမီ နိဒါန်းလာ သီဟိုဠ်ကျွန်းက ဂမိယ တိဿမထေရ်သည် မဟာဗောဓိကို ဖူးမြော်ရန် မဟာသမုဒ္ဒရာကို ကူးသည်ရှိသော် ရှေ့နောက် ကမ်းနှစ်ဘက်ကို မမြင်ပဲ ရေပြင်ကြီး အတိသာ ထင်မြင်သောအခါ ဤမဟာသမုဒ္ဒရာနှင့် ပဋ္ဌာန်းကျမ်း ဒေသနာတော်တို့ အဘယ်က နက်နဲကျယ်ဝန်းပါသနည်းဟု ဆင်ခြင်သည်ရှိသော် ဤမဟာသမုဒ္ဒရာ၌ အောက်အဆုံးမြေ၊ အထက်အဆုံး ကောင်းကင်၊ ဤမှာဘက်က ကမ်းအဆုံး၊ ထိုမှာဘက်က စကြဝဠာတောင်အဆုံး ဟူ၍ မဟာသမုဒ္ဒရာ၏ အပိုင်းအခြားကို ထင်မြင်ပြီးနောက် ပဋ္ဌာန်းတရားတော်ကြီး၏ အပိုင်းအခြားကို ဆင်ခြင်သောအခါ အဆုံးကို မထင်မြင်နိုင်ပါပဲ နှစ်သက်ခြင်း ပီတိသောမနဿကြီးများ ဖြစ်ပွားလာသည်ကို ပယ်ရှား၍ ထိုအဘိဓမ္မာ ပဋ္ဌာန်းတရား အစားစားတို့ကို ဝိပဿနာပွားများရာ ထိုတဆိုင်တည်းတွင်ပင် ထိုပင်လယ်ပြင်မှာ အရဟတ္တဖိုလ်သို့ ရောက်သော ဂမိယတိဿမထေရ်ဝတ္ထုကို ထောက်၍ ဤပဋ္ဌာန်းကျမ်းကြီး ကျယ်ဝန်းသည့်အဖြစ်ကို သိအပ်ကြလှပေသတည်း။

[ ဤရှေးကပြအပ်သည်ကား အနည်းငယ်မျှသိကြအောင် အကျဉ်းမျှ ပြအပ်ပါသတည်း။ ပဋ္ဌာန်းဟောစဉ်နှင့်တကွ အကျယ်ကို သိလိုပါမူ ယခုသာသနာ ခေတ်အခါတွင် အဘိဓမ္မာညဝါ အားထုတ်လိုကြသော ပုဟန်းရှင်လူဟူသမျှတို့ အားထားမှီခိုရာကြီးသဖွယ် ကြီးကျယ်ထွန်းကား

တော်မူကြသော အမရပူရမြို့တွင် ဆရာကြီး ဦးအုန်းက ဆက်လက်ကြ၍ ယခုထက်တိုင် အမြန်ဆုံးနည်းနှင့် အပြီးတိုင် တတ်မြောက်လွယ်အောင် ချပို့နေကြသော တပည့်ဆရာတော် အများတို့တွင် ဆရာကြီးဦးအုန်း၏ တူအရင်း မင်္ဂလာရာမတိုက်သစ် နာယကဆရာတော် အရှင်ဓမ္မသာမိ မထေရ် ရေးသားတော်မူအပ်သော ညဝါတံခွန်ကျမ်းနှင့် ဆရာကြီး ဦးအုန်းရေးသားသော အဘိဓမ္မာတံခွန် ကျမ်းတို့မှာလည်း ကြည့်ရှုကြပါလေ အကျယ်ကိုသိလိုသူအပေါင်း သူတော်ကောင်း တွေ့တို့။ မကျဉ်းမကျယ်နှင့် ပဋ္ဌာန်းအနက်အဓိပ္ပါယ်ကို အလွယ်နှင့် သိလိုကြသူ တို့ကား ရန်ကုန်မြို့ အဘိဓမ္မာဆရာကြီး ဦးဖိုးလှိုင် ရေးသားသော ပဋ္ဌာန်းသင်နည်း နိသျည်းကျမ်းမှာ ကြည့်ရှုမှတ်သား ကြပါလေ။]

ဤကားပဋ္ဌာန်းကျမ်းကြီး ကျယ်ဝန်းပုံကိုပြချက်တည်း။

## ၄။ ပဋ္ဌာန်းတရားတော်ကြီး၏ နက်နဲခက်ခဲပုံကို အကျဉ်းမျှဖော်ပြချက်

ဤပဋ္ဌာန်းတရားတော်ကြီး၏ နက်နဲခက်ခဲပုံများကို အကျဉ်းမျှ ပြဆိုရာ၌ နားမလည် တာတွေ ဖတ်ကြည့်နေရ၍ စိတ်မပျက်ကြပဲ ဤသို့ နားမလည်နိုင် ကြတာသည်ပင်လျှင် နက်နဲနေတာတွေ ခက်ခဲနေတာတွေပဲဟု စိတ်ကိုတင်းကာ ဤနက်နဲခက်ခဲသော အချက်တို့ကို ဆုံးအောင်ကြည့်ရှုစဉ်းစား၍ ဖတ်သွားနိုင်ကြ ပါစေသတည်း။ ဤနက်နဲ ခက်ခဲသော အဖြစ်ကို သိကြပြီးမှ စာမတတ်သူတို့ ပင်လျှင် နားလည်လွယ်လောက်အောင် နောက်၌ ရေးသား ဖော်ပြလတ္တံ့ ပါ သတည်း။ သို့အတွက် ဤခက်ခဲသောနေရာတို့က စိတ်ပျက်ကြပြီးနောက် နောင်ကိုလည်း ဆက်လက်ကြပြီး မကြည့်ပဲ မရှိကြပါစေသတည်း။

ဤပဋ္ဌာန်း တရားကြီးများကို ဟောကြားတော်မူသော အစ၌ "ဟေတု-ပစ္စယော"ဟူသော ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စယ နိဒ္ဒေသကို ဟောတော်မူ၏၊ ထိုပစ္စယနိဒ္ဒေသ၌လည်း ဟေတုပစ္စည်း၏ ပစ္စယ နိဒ္ဒေသ၊ အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသ အစရှိသောအားဖြင့် နှစ်ဆယ့်လေး ပါး အပြားရှိ၏။ ထိုနှစ်ဆယ့်လေးပါးတို့တွင် ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌ နိဒ္ဒိသိတဗ္ဗ, နိဒ-သနာကာရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နိဒ္ဒိသိတဗ္ဗကို ရှေးဦး စွာဟောတော်မူ၏။ ဟောဟန်ကား—"ဟေတုပစ္စယောတိ" ဟူသည်တည်း။ ထို နောင် နိဒသနာကာရကို ဟောတော်မူ၏။ ဟောဟန်ကား–"ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စ-ယော"ဟူသည်တည်း။

**ပစ္စယုဒ္ဒေသဝယ် ပစ္စည်းတို့ကို အကျဉ်းပြရာ၌—**

ယောယာဒိသော၊ အကြြင်သို့သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဥဒ္ဒိဋ္ဌော၊ အကျဉ်းပြတော်မူအပ်ပြီ။ သောတာဒိသော၊ ထိုသို့သဘောရှိသော။ ပစ္စယော၊ ပစ္စည်းကို။ ပစ္စယနိဒ္ဒေသေ၊ ပစ္စည်းတို့ကို မကျဉ်းမကျယ်ပြရာ၌။ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ ဟေတု ပစ္စယေန ပစ္စယောတိ၊ ဟေတူ။ လ ။ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နိဒ္ဒိဋ္ဌော၊ ပြအပ်ပြီ။

ဟေတူ၊ ဟိတ်ခြောက်ပါးတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ သဟိတ်စိတ် စေတသိက်၊ မောဟမူဒွေး၌ မောဟကြဉ်သောစေတသိက် ဒွေပညာသ တို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်နှင့်ယှဉ်ကုန်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ထိုပါဠိတို့တွင် ဟေတုပစ္စယော–ဟူသောပါဠိဖြင့် နိဒ္ဒိသိတဗ္ဗကို ပြတော်မူ၏။ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ။လ။ ယော-ဟူသောပါဠိဖြင့် နိဒ္ဒေသနကာရကို ပြတော်မူ၏။ ထိုနိဒ္ဒေသနာကာရပါဠိတို့တွင် ဟေတူ-ဟူသော ကတ္တားပါဠိဖြင့် ဟိတ်ခြောက်ပါး ပစ္စည်းတရားကို ပြတော်မူ၏။ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ-ဟူသော သမ္ပဒါန်ပါဠိဖြင့် သဟိတ်စိတ် စေတသိက်၊မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။ ဟေတုပစ္စယေန-ဟူသော ကရိုဏ်းပါဠိဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤတဆယ့်နှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသအားဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

ဟေတုပစ္စယေန-ဟူသော ကရိုဏ်းပါဠိဖြင့် သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့— ဟေတု သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ဤငါးပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ၊ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့— ဟေတု, သဟဇာတ, အညမည,နိဿယ, အတ္ထိ, အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ။ သမ္ပယုတ္တခန္ဓာအားသာ တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့၊ဟေတု, သဟဇာတ

အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤခုနစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်ခြောက်ပါးဖြစ်အံ့။ ဟေတု, သဟဇာတ, နိဿယ,ဝိပ္ပယုတ္တ, အတ္ထိ,အဝိဂတ ဤခြောက်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ်သုံးပါး ဖြစ်အံ့— ဟေတု, သဟဇာတ, နိဿယ, ဝိပါက, အတ္ထိ အဝိဂတ ဤခြောက်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ၊ သမ္ပယုတ္တခန္ဓာအားတပ်သော ဝိပါက်ဟိတ် သုံးပါးဖြစ်အံ့၊ အညမည, သမ္ပယုတ္တထည့်၍ ရှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဝိပါက်ဟိတ်သုံးပါး ဖြစ်အံ့၊ ဝိပ္ပယုတ္တထည့်၍ ခုနစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ။ ဟဒယဝတ္ထုအားတပ်သော ပဋိသန္ဓေဟိတ်သုံးပါး ဖြစ်အံ့၊ အညမည, ဝိပ္ပယုတ္တထည့်၍ ရှစ်ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆို အပ်သော သတ္တိဝိသေသဖြင့် ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

[သဝိပါက ငါးချက်၊ပေါင်း သာမညဃဋနာ ကိုးချက်၊ဤနည်းအတူ သဗ္ဗိန္ဒြိယမဂ္ဂ၌ ကိုးချက်၊ သာဓိပတိဣန္ဒြိယမဂ္ဂ၌ ခြောက်ချက်၊ ပစ္စည်း ပြိုင် ရာသီစက အတိုင်း လေ့လာပြု၍ဆိုလေ။ သို့မှ ဃဋနာလွယ်မည်။]

ဤကား ဟေတုပစ္စည်းတခုမျှ ပရမတ်အစစ် ပဋ္ဌာန်းအနှစ်များအရကို ပဋ္ဌာန်း အရကောက်၌ ပြဆိုချက်ပေဘည်း။ ဤပြချက်၌ပင် သာမန်လူစားတို့ ပဋ္ဌာန်း အစစ်တရားကို ဤပြသည့်အတိုင်း ညာဏ်မြင်ထားဖို့ နက်နဲလှ၏။ ခက်ခဲလှ၏။ အကယ်၍ ငါပဋ္ဌာန်းတရားအစစ် သူငါစသည်တို့မှာ ဖြစ်နေတာကို ဤ စာ ပဋ္ဌာန်း အရမှာ ပြတိုင်း ထင်မြင်ကြပါမူ ငါကား သာမန်လူစားမဟုတ်၊ ဤ သာသနာတွင် ညာဏ်ကြီးရှင်တဦးဟု အထူးဝမ်းမြောက်ထိုက်ကြသည့် အတိုင်း စာပဋ္ဌာန်း အရတွင်သာ တင်းတိမ်ရောင့်ရဲတော်မမူကြပဲ ဤစာပဋ္ဌာန်းတွေဟာ သူငါတို့အတွင်းမှာ ဘယ်အခါ ဘယ်လိုဖြစ်နေတာပဲဟု ငါပဋ္ဌာန်းတရားအစစ်နှင့် တွဲကာ တွဲကာ ဆင်ခြင်ကြည့်ရှုတော် မူနိုင်ကြပါစေသတည်း။ ဤဟေတုပစ္စည်း နက်နဲ ခက်ခဲတာလို ကြွင်း(၂၃) ပစ္စည်း,ပစ္စယနိဒ္ဒေသတို့မှာလည်း အကုန်လုံး ချည်း မိမိတို့သဘောအလျောက် နက်နဲကြ ခက်ခဲကြကုန်၏။

ဤကားပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ နက်နဲခက်ခဲပုံကို အကျဉ်းမျှပြဆိုချက် ပေတည်း။ အကျယ်ကိုသိလိုမူ ထိုပဋ္ဌာန်း အရကောက်ထဲမှာ ကြည့်ရှု ကြပါလေ။

## ၅ — ပဋိစ္စဝါရ ကုသလပဒါဝသာန၌ နက်နဲခက်ခဲပုံကို အကျဉ်းမျှဖော်ပြချက်

ဤပဋ္ဌာန်းကျမ်းကြီး၌ ရေးကပြခဲ့ပြီးသော ပစ္စယုဒ္ဒေသ ပစ္စယနိဒ္ဒေသ ဟုဆိုအပ်သော ပုစ္ဆာဝါရ၌တင်ပင် အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး အမည်နာမနှင့်အညီ ကျယ်ဝန်းသည်ကို ပြပြီး၍ ဤ ဝိသဇ္ဇနာဝါရ ပဋိစ္စ၌ နက်နဲခက်ခဲပုံများကို အနည်းငယ်ချပြရမူ—ပုစ္ဆာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာဝါရကို ဟောတော်မူ၏။ ထိုဝိသဇ္ဇနာ ဝါရ၌လည်း ဓမ္မအနုလုံ၊ ဓမ္မပစ္စနိက်၊ ဓမ္မအနုလောမပစ္စနိက်၊ ဓမ္မပစ္စနိယာနု-လောမအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဓမ္မအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဓမ္မအနုလုံ၌လည်း တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိက ပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုက ပဋ္ဌာန်းအားဖြင့် ခြောက်ပါးအပြားရှိ၏၊ ထိုခြောက်ပါးတို့တွင် တိကပဋ္ဌာန်းကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုတိကပဋ္ဌာန်း၌လည်း ကုသလတိက်၊ ဝေဒနာတိက် အစရှိသော အားဖြင့် (၂၂)ပါးအပြားရှိ၏။ ထို(၂၂)ပါးတို့တွင် ကုသလတိက်ကို ရှေးဦးစွာ ဟောတော်မူ၏။

ထိုကုသလတိက်၌လည်း ပဋိစ္စဝါရ၊ သဟဇာတဝါရ၊ ပစ္စယဝါရ၊ နိဿယဝါရ၊ သံသဋ္ဌဝါရ၊ သမ္ပယုတ္တဝါရ၊ ပဉှာဝါရအားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုခုနစ်ဝါရ တို့တွင် ပဋိစ္စဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပဋိစ္စဝါရ၌လည်းပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာနုလောမ အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုပစ္စည်းအနုလုံ၌သည်း ဝိဘင်္ဂဝါရ၊ သင်္ချာဝါရအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို ဝိဘင်္ဂဝါရ၌လည်း ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၊ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂဝါရ၊ အစရှိသောအားဖြင့် (၂၄)ပါးအပြားရှိ၏။ ထို(၂၄) ပါးတို့တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၌လည်း ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ၊ ကုသလာဗျာကတပဒ၊ အကုသလာ-ဗျာကတပဒအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒ၌လည်း ကုသလပဒါဝသာန၊ အဗျာ-ကတပဒါဝသာန၊ ကုသလာဗျာကတပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလ-ပဒါဝသာန၌လည်း ဝီထိ၊ အနုဝါဒအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တို့တွင် ဝီထိကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား—

ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ—

ဟူသည်တည်း။

ဝီထိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏။ ဟောဟန်ကား—

> ကုသလံ ဈာနံ ခန္ဓံ ပဋိစ္စ တယော ခန္ဓာ၊ တယော ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ-ဟူသည်တည်း။

ကုသလံ၊ ကုသိုလ်ဖြစ်စေသော။ ဓမ္မံ၊ တရားကို။ ပဋိစ္စ၊ စွဲ၍။ တနည်း။ ပဋိစ္စ—ပဋိဂန္တွာ၊ တကွ ဖြစ်ခြင်းဟု ဆိုအပ်သော တူသော အဖြစ်ဖြင့်ရောက်၍။ ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ဧကံ၊ တပါးသော။ ခန္ဓံ၊ ဝေဒနာအစရှိသော ခန္ဓာကို။ ပဋိစ္စ၊ စွဲ၍။ တနည်း။ ပဋိစ္စ-ပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသောအဖြစ်ဖြင့် ရောက်၍။ တယော၊ သုံးပါးကုန်သော။ ခန္ဓာ၊ သညာအစရှိကုန်သော ခန္ဓာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။တယော၊ သုံးပါးကုန်သော။ ခန္ဓေ၊ ဝေဒနာအစရှိကုန်သော ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ တနည်း။ ပဋိစ္စ-ပဋိဂန္တွာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသော အဖြစ်ဖြင့် ရောက်၍။ ဧကော၊ တပါးသော။ ခန္ဓော၊ ဝိညာဏ်အစရှိသော ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒွေ၊ နှစ်ပါးကုန်သော။ ခန္ဓေ၊ ဝေဒနာအစရှိကုန်သော ခန္ဓာတို့ကို။ ပဋိစ္စ၊ စွဲ၍။ တနည်း။ ပဋိစ္စ-ပဋိဂန္တွာ၊ ၍။ ဒွေ၊ ကုန်သော။ ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

"ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ"ဟူ၍ ဟောတော်မူအပ်သော ဝီထိပါဠိတော်ပါဌ်၌ "ကုသလော ဓမ္မော"–ဟူသော ကတ္တားပုဒ်၏အရကား—ကုသိုလ် စိတ်ကေဝီသ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်စိတ် နာမက္ခန္ဓာ ကိုစွဲ၍ဖြစ်သော ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ၊ အစိတ်စိတ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ဟေတုပစ္စယော- ဟူသော ဟိတ်ပါဌ်အရကား-သမ္ပယုတ္တခန္ဓာအား တပ်သောကုသိုလ်ကေဝီသ၊ စေတသိက်အဋ္ဌတိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသောဒွိဟိတ်ဖြစ်အံ့—အလောဘ, အဒေါသ၊တိဟိတ်ဖြစ်အံ့—အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

ခန္ဓာဝါရကား—တဆယ့်လေးဝါရ ဖြစ်သတည်း။ တဆယ့်လေးဝါရ ဟူသော်ကား—ဧကက လေးဝါရ၊ တိက လေးဝါရ၊ ဒုက ခြောက်ဝါရ၊ ဤသို့အားဖြင့် တဆယ့်လေးဝါရဖြစ်သတည်း။

ကေက လေ.ဝါရ ဟူသော်ကား—

"ကော် ခန္ဓံ ပဋိစ္စ တယော ခန္ဓာ"ဟူ၍ ဟောတော်မူအပ်သော အနုဝါဒပါဠိ တော် ပါ၌—

၁။ ကော်ခန္ဓ၏ အရကို ဝေဒနာယူ၍ တယောခန္ဓာ၏အရကို သညာ, သင်္ခါရ, ဝိညာဏ်ယူ၍ တဝါရ၊

၂။ ကော်ခန္ဓ၏ အရကို သညာယူ၍ တယောခန္ဓာ၏ အရကို သင်္ခါရ,ဝိညာဏ်, ဝေဒနာယူ၍ တဝါရ၊

၃။ ကော်ခန္ဓ၏ အရကို သင်္ခါရယူ၍ တယောခန္ဓာ၏ အရကို ဝိညာဏ်, ဝေဒနာ, သညာယူ၍ တဝါရ၊

၄။ ကော်ခန္ဓ၏အရကို ဝိညာဏ်ယူ၍ တယောခန္ဓာ၏အရကို ဝေဒနာ,သညာ, သင်္ခါရယူ၍ တဝါရ၊ ဤသို့အားဖြင့် ကေက လေးဝါရ ဖြစ်သတည်း။

တိက လေးဝါရ ဟူသော်ကား—

"တယော ခန္ဓေ ပဋိစ္စ ကော ခန္ဓော"ဟူ၍။ လ ။ ပါဠိ၌—

၁။ တယော ခန္ဓေ၏အရကို ဝေဒနာ,သညာ,သင်္ခါရယူ၍ ကောခန္ဓော အရကို ဝိညာဏ်ယူ၍ တဝါရ၊

၂။ တယော ခန္ဓေအရကို သညာ,သင်္ခါရ,ဝိညာဏ်ယူ၍ ကော ခန္ဓောအရကို ဝေဒနာယူ၍ တဝါရ၊

၃။ တယော ခန္ဓေ၏အရကို သင်္ခါရ,ဝိညာဏ်,ဝေဒနာယူ၍ ကော ခန္ဓော အရကို သညာယူ၍ တဝါရ၊

၄။ တယော ခန္ဓေ၏အရကို ဝိညာဏ်,ဝေဒနာ,သညာယူ၍ ကော ခန္ဓော၏ အရကို သင်္ခါရယူ၍ တဝါရ၊ ဤသို့ တိက လေးဝါရ ဖြစ်သတည်း။

ဒုက ခြောက်ဝါရ ဟူသော်ကား—

"ဒွေ ခန္ဓေ ပဋိစ္စ ဒွေ ခန္ဓာ" ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ ပါဠိ တော်၌—

၁။ ဒွေ ခန္ဓေ၏အရကို ဝေဒနာ,သညာယူ၍ ဒွေ ခန္ဓာ၏အရကို သင်္ခါရ, ဝိညာဏ်ယူ၍ တဝါရ၊

၂။ ဒွေ ခန္ဓေ၏အရကို ဝေဒနာ, သင်္ခါရယူ၍ ဒွေ ခန္ဓာ၏အရကို သညာ, ဝိညာဏ်ယူ၍ တဝါရ၊

၃။ ဒွေ့ ခန္ဓေ၏အရကို ဝေဒနာ, ဝိညာဏ်ယူ၍ ဒွေ့ ခန္ဓာ၏အရကို သညာ, သင်္ခါရယူ၍ တဝါရ၊

၄။ ဒွေ့ ခန္ဓေ၏အရကို သညာ, သင်္ခါရယူ၍ ဒွေ့ ခန္ဓာ၏အရကို ဝိညာဏ်, ဝေဒနာယူ၍ တဝါရ၊

၅။ ဒွေ့ ခန္ဓေ၏အရကို သညာ, ဝိညာဏ်ယူ၍ ဒွေ့ ခန္ဓာ၏အရကို ဝေဒနာ, သင်္ခါရယူ၍ တဝါရ၊

၆။ ဒွေ့ ခန္ဓေ၏အရကို သင်္ခါရ, ဝိညာဏ်ယူ၍ ဒွေ့ ခန္ဓာ၏အရကို ဝေဒနာ, သညာယူ၍ တဝါရ၊ ဤသို့ ဒုကခြောက်ဝါရ ဖြစ်သတည်း။ ။ဤသို့လျှင် ဧကက လေးဝါရ၊ တိကလေးဝါရ၊ ဒုကခြောက်ဝါရအားဖြင့် ခန္ဓာဝါရကား တဆယ့် လေးဝါရ ဖြစ်သတည်း။

ဤကား ကုသလပဒါဝသာနတခုမျှ၏ ပရမတ်အစစ် ပဋ္ဌာန်းအနှစ်များတို့ ခန္ဓာအချင်းချင်း အကြောင်းအကျိုးဖြစ်အောင် ကျေးဇူးဆောင်ကြပုံအရကို ပြချက်ပေတည်း။ ဤပြချက်၌ပင် သာမန်လူစားတို့ ဝိသဇ္ဇနာဝါရ ပဋိစ္စကုသလ ပဒါဝသာန ပဋ္ဌာန်းအစစ်တရားတို့ကို ဉာဏ်မြင်ထွားဖို့ နက်နဲလှ၏၊ ခက်ခဲလှ၏။ အကယ်၍ ငါ ပဋ္ဌာန်းအစစ် သူငါ စသည်တို့မှာ ဖြစ်နေတာကို ဤစာပဋ္ဌာန်း အရမှာ ပြတိုင်း ထင်မြင်ကြပါမူ ငါကား သာမန်လူစားမဟုတ်၊ ဤသာသနာ တွင် ဉာဏ်ကြီးရှင်တဦးဟု အထူးဝမ်းမြောက်ထိုက်ကြသည့်အတိုင်း စာပဋ္ဌာန်း အရတွင်သာ တင်းတိမ်ရောင့်ရဲတော်မမူကြပဲ ဤ စာပဋ္ဌာန်းတွေဟာ သူငါတို့ အတွင်းမှာ ဘယ်လိုအခါ ဘယ်လိုဖြစ်နေတာပဲဟု ငါ ပဋ္ဌာန်းတရားအစစ်နှင့် တွဲကာ တွဲကာ ဆင်ခြင်ကြည့်ရှုတော်မူနိုင်ကြပါစေသတည်း။

---

### ၆။ ပဋ္ဌာဝါရ ကုသလ ပဒါဝသာန၌ နက်နဲခက်ခဲပုံကို အကျဉ်းမျှ ဖော်ပြချက်

ဤ ရှေးက ပဋိစ္စဝါရကြီး ကုသလပဒါဝသာနတခုမှာ နက်နဲကြ ခက်ခဲကြ တာလို ကြွင်းပဋိစ္စဝါရကြီး တခုလုံးတို့မှာလည်း အကုန်လုံးပင် နက်နဲခက်ခဲကြ ကုန်၏။ ဤပဋိစ္စဝါရကြီးမှာ နက်နဲခက်ခဲတာလို ကြွင်းသဟဇာတဝါရ, ပစ္စယ ဝါရ,နိဿယဝါရ, သံသဋ္ဌဝါရ, သမ္ပယုတ္တဝါရတို့မှာလည်း အသီးအသီးပင် နက်နဲ ကြ ခက်ခဲလှကုန်၏။ ပဋ္ဌာဝါရ၌မူကား ဤလောကတွင် ပြုလုပ်နေကြသော ဒါန, သီလ, ဥပေါသထ စသည်များတို့ ဤပဋ္ဌာန်းတရားကြီးတို့မှာ ပါဝင်လျက် ရှိနေတာများကို ဟောပြတော်မူလေသောကြောင့် အလွန်ပင် မှတ်သားဖွယ် ကောင်းပေသတည်း။ နောင် ဟောစဉ်ကိုပြသောအခါ၌လည်း ထင်ရှားအောင် ရေးပြပါအံ့သတည်း။

ယခု နက်နဲ ခက်ခဲသည့် အရာနှင့် သိကြရဖို့ကား—သမ္ဗယုတ္တဝါရကို ဟော တော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာဝါရကို ဟောတော်မူ၏။ ထို ပဋ္ဌာဝါရ၌လည်း ပစ္စည်းအနုလုံ၊ ပစ္စည်းပစ္စနိက်၊ ပစ္စည်းအနုလောမပစ္စနိက်၊ ပစ္စည်းပစ္စနိယာ-နုလောမအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ပစ္စည်းအနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပစ္စည်းအနုလုံ၌လည်း ဝိဘင်္ဂဝါရ၊ သင်္ချာဝါရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုဝိဘင်္ဂဝါရ၌လည်း ဟေတုပစ္စည်း၏ဝိဘင်္ဂဝါရ အစရှိသောအားဖြင့် (၂၄) ပါး အပြားရှိ၏။ ထို နှစ်ဆယ့်လေးပါးတို့တွင် ဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဟေတုပစ္စည်း၏ ဝိဘင်္ဂဝါရ၌လည်း ကုသလ ပဒ၊ အကုသလပဒ၊ အဗျာကတပဒအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါး တို့တွင် ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏။ထိုကုသလပဒ၌လည်း ကုသလ ပဒါဝသာန၊ အဗျာကတပဒါဝသာန၊ ကုသလာဗျာကတပဒါဝသာနအားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုကုသလပဒါဝသာန၌လည်း ဝီထိ၊ အနုဝါဒအားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် ဝီထိကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား—

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော— ဟူသည်တည်း။

ဝီထိကို ဟောတော်မူသည်၏ အခြားမဲ့၌ အနုဝါဒကို ဟောတော်မူ၏၊ ဟောဟန်ကား—

ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံဟေတုပစ္စယေန ပစ္စယော— ဟူသည်တည်း။

ကုသလော၊ အပြစ်မရှိ ကောင်းကျိုးကို ပေးခြင်းလက္ခဏာရှိသော။ ဓမ္မော-နိဿတ္တနိဇ္ဇီဝသဘာဝေါ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်သော သဘော တရားသည်။ ကုသလဿ၊ အပြစ်မရှိကောင်းကျိုးကို ပေးခြင်းလက္ခဏာ ရှိသော။ ဓမ္မဿ-နိဿတ္တနိဇ္ဇီဝသဘာဝဿ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်သော သဘောတရားအား။ ဟေတုပစ္စယေန၊ ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပ-ကာရကော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်ကား။ ။ကုသိုလ်ဓမ္မသည် ကုသိုလ်ဓမ္မအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အဘယ်သို့ ကျေးဇူးပြုသနည်း ဟူမူကား-ကုသိုလ်စိတ် စေတသိက် အဌတိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော အလောဘသည်၊ အဒေါသသည်၊ အမောဟသည်၊ အလောဘ အဒေါသသည်၊ အလောဘ

အမောဟသည်၊ အဒေါသ အမောဟသည်၊ အလောဘ အဒေါသ အမောဟ သည် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူအပ်သော ဝိထိပါဠိတော်၌ ကုသလော ဓမ္မော-ဟူသော ကတ္တား ပုဒ်၏အရကား—သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် စေတသိက် အဋ္ဌဝီသ၊ စိတ္တက္ခဏတခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့၊ အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ်နှစ်ပါး သုံးပါး ပစ္စည်းတရား ရ၏။ကုသလဿဓမ္မဿ-ဟူသော သမ္ပဒါန်ပုဒ်၏ အရကား— ကုသိုလ်စိတ် စေတသိက် အဋ္ဌဝီသ၊ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ဟေတုပစ္စယေန-ဟူသော ကရိုဏ်းပါဠိ၏ အရကား—သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်ဟိတ် သုံးပါးဖြစ်အံ့- တပြိုင်နက် ယထာရဟတပ်ကောင်း သော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤဆယ်ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ် သော သတ္တိဝိသေသရ၏။ ထိုသုံးပါးတို့တွင် အရကား-ပဌာနအားဖြင့် ကတ္တား သာတည်း။

ခန္ဓာဝါရကား-"ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ"ဟူ၍ ဟောတော် မူအပ်သော အနုဝါဒပါဠိတော်ပါဌ်၌ ဒွိဟိတ်ဖြစ်အံ့၊ ကုသလာ ဟေတူ ၏ အရကို အလောဘယူ၍ သမ္ပယုတ္တကာနံ ခန္ဓာနံအရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ ထို အတူ အဒေါသသမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ အလောဘ အဒေါသသမ္ပယုတ္တ- ခန္ဓာယူ၍ တဝါရ။ တိဟိတ်ဖြစ်အံ့၊ ကုသလာဟေတူအရကို အလောဘယူ၍ သမ္ပယုတ္တကာနံ ခန္ဓာနံအရကို သမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ ထိုအတူ အဒေါသ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ အမောဟသမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ အလောဘ အဒေါသသမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ အလောဘ အမောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ အဒေါသ အမောဟ သမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ အလောဘ အဒေါသ အမောဟသမ္ပယုတ္တခန္ဓာယူ၍ တဝါရ၊ ဤသို့ ဒွိဟိတ်ဖြစ်အံ့ သုံးဝါရ၊ တိဟိတ် ဖြစ်အံ့ ခုနစ်ဝါရလျှင် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို ဟေတုပစ္စယေန ပစ္စယော-ဟူ၍ ဟောတော်မူ၏။

ပစ္စည်းတပ်ဟန်ကား – လောကီစိတ်ကောသီတိ၊ စေတသိက်ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံ ပြု၍ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇော ပီတိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ ပဋိသန္ဓေစိတ်နှင့် ဘုမ္မိဇာတိ သမ္ပယုတ္တဓမ္မသင်္ခါရ အာရုံအားဖြင့်တူသော ဘဝင် ကျေနဒီသတို့တွင် တခုခုသည် မိမိပဋိသန္ဓေစိတ်နှင့် အာရုံတူသော ကံ, ကမ္မ-

နိမိတ်, ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ထိုနောင် လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် လေးခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဝိဘူတာရုံဝီထိဖြစ်အံ့၊ တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ကာမဘဝင် (၁၀)တို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။ အဝိဘူတာရုံ ဝီထိဖြစ်အံ့၊ ဘဝင် ကေူနဝီသတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ ကုသလာဟေတူ၏ အရဖြစ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ပဥ္စမဇော အစရှိသော စိတ္တက္ခဏ တခုခု၌ ရှိသော အလောဘကို၊ အဒေါသကို၊ အမောဟကို ပစ္စည်း၏ အဖြစ်ဖြင့် ယူတော်မူ၍ ဝီထိ၌ "ကုသလော ဓမ္မော"ဟု ဟောတော်မူ၏။ အနုဝါဒပါဠိတော် ပါဠ်၌ သမ္ပယုတ္တကာန် ခန္ဓာနံ၏ အရဖြစ်သော သမ္ပယုတ္တခန္ဓာကို ပစ္စယုပ္ပန် အဖြစ်ဖြင့် ယူတော်မူ၍ ဝီထိ၌လည်း "ကုသလဿ ဓမ္မဿ"ဟု ဟောတော်မူ၏။ ဤဟိတ်တပါး နှစ်ပါးသည် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသော အဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော"ဟု ဟောတော်မူ၏။

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဖြစ်အံ့၊ အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ် ရှစ်ဆယ့်ခုနစ်ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ဝီထိစိတ္တုပ္ပါဒ် ဖြစ်လိုလတ်သော် မိမိ ။လ။ ပဋိသန္ဓေစိတ်နှင့် ။လ။ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထိုနောင် အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော စိတ်(၈၇)ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ပညတ်ဟု ဆိုအပ်သော အာရုံခြောက်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်၊ ထိုနောင် ဝိဘူတာရုံ ဝီထိဖြစ်အံ့၊ တဒါရုံ ကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်၊ ထိုနောင် ကာမဘဝင်၊ အဝိဘူတာရုံ ဝီထိဖြစ်အံ့၊ ဘဝင် ကေူနဝီသတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ ဖြစ်သောအခါ အနုဝါဒပါဠိတော်ပါဠ်၌ ကုသလာ ဟေတူ၏ အရ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပဥ္စမဇော အစရှိသော စိတ္တက္ခဏ

တခုခု၌ရှိသော အလောဘကို၊ အဒေါသကို၊ အမောဟကို၊ အလောဘ အဒေါသကို၊ အလောဘ အမောဟကို၊ အဒေါသ အမောဟကို၊ အလောဘ အဒေါသ အမောဟကို ပစ္စည်းအဖြစ်ဖြင့် ယူတော်မူ၍ ဝိထိ၌ "ကုသလော ဓမ္မော" ဟု ဟောတော်မူ၏။ အနုဝါဒပါဠိတော်ပါဌ်၌ သမ္ပယုတ္တကာနံ ခန္ဓာနံ၏ အရ ဖြစ်သော သမ္ပယုတ္တခန္ဓာကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ယူတော်မူ၍ ဝိထိ၌လည်း "ကုသလဿ ဓမ္မဿ" ဟု ဟောတော်မူ၏။ ဤဟိတ် တပါး နှစ်ပါး သုံးပါးသည် သမ္ပယုတ္တခန္ဓာအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသောအဖြစ်ကို "ဟေတုပစ္စယေန ပစ္စယော" ဟု ဟောတော်မူ၏၊ ဤနည်းကို မှီ၍ မဟာဂုတ် ကုသိုလ်, လောကုတ္တရာကုသိုလ်တို့ကို ရာသီစုကအတိုင်း ချလေ။

ဤကား ကုသလပဒါဝသာနတခုမျှ၏ ပရမတ်အစစ် ပဋ္ဌာန်းအနှစ်များကို အချင်းချင်း အကြောင်းအကျိုးဖြစ်အောင် ကျေးဇူးဆောင်ပုံအရကို ပြချက် ပေတည်း၊ ဤပြချက်၌ပင် သာမန်လူစားတို့ ဝိသဇ္ဇနာ, ပုစ္ဆာဝါရ ပဋ္ဌာန်းအစစ် တရားတို့ကို ဉာဏ်မြင်ထွားဖို့ နက်နဲလှ၏၊ ခက်ခဲလှ၏။ အကယ်၍ ငါပဋ္ဌာန်း အစစ် သူငါစသည်တို့မှာ ဖြစ်နေတာကို ဤစာပဋ္ဌာန်းအရမှာ ပြတိုင်း ထင်မြင် ကြပါမူ ငါကား သာမန်လူစားမဟုတ်၊ ဤသာသနာတွင် ဉာဏ်ကြီးရှင်တဦးဟု အထူး ဝမ်းမြောက်ထိုက်ကြသည်အတိုင်း စာပဋ္ဌာန်းအရတွင်သာ တင်းတိမ် ရောင့်ရဲတော်မမူကြပဲ ဤစာပဋ္ဌာန်းတွေဟာ သူငါတို့အတွင်းမှာ ဘယ်လိုအခါ ဘယ်လိုဖြစ်နေတာပဲဟု ငါပဋ္ဌာန်းတရားအစစ်နှင့် တွဲကာတွဲကာ ဆင်ခြင်ကြည့်ရှု တော်မူနိုင်ကြပါစေသတည်း။

ဤရှေးက ပြအပ်ခဲ့ပြီးသည်တို့ကား ပဋ္ဌာန်းတရားတော်မြတ်ကြီး၏ တန်ခိုး ရှိန်စော် အာနုဘော်ကြီးထွား မြင့်မြတ်သွားစေပုံ၊ ၎င်းတရားကြီး၏ အဆုံး အပိုင်း အခြားမရှိသော နည်းအသီးသီးတို့ဖြင့် ပြည့်စုံလှသောကြောင့် မဟာ ပကရဏ အမည်ရအောင် ကြီးကျယ်များပြားလှသော ဂုဏ်ထူးကို ဆောင် တော်မူပုံနှင့် ဆရာများထံက နည်းမရကြမူ သာမန်လူစားတို့ မသိမမြင် မဆင် ခြင်နိုင်ကြအောင် အလွန့်အလွန်ပင် နက်နဲ ခက်ခဲလှပုံ နည်းအမြွက်မျှကို ပြချက် တို့ပေတည်း။ ၎င်းနက်နဲပုံ အဓိပ္ပာယ်နှင့် အကျယ်ကို သိလိုကြပါမူ ၎င်းအဋ္ဌ- ကထာနှင့် ဋီကာအရကောက်တို့မှာ ကြည့်ရှုကြပါလေ။

---

## ၇။ အနတ္တတရား ပဋ္ဌာန်းတရား သာမန်လူစားတို့ပါ လွယ်ကူရာဖို့ ဖော်ပြချက်

ဤပြလတ္တံ့သော ပဋ္ဌာန်းတရားကြီးများ နက်နဲ ခက်ခဲပုံနှင့် လွယ်နိုင်ပုံကို ဥပမာဆိုသော် အနောတတ္တရေအိုင်ကြီးမှာ ယူဇနာ (၅၀)စီ နက်လှ ကျယ်လှ သောကြောင့် သာမန်လူစားတို့ မှီအောင် ထောက်ကြဖို့ နက်လှကြ၊ လက်ပစ်

ကူးဖို့ ခက်လှကြတာလို ဘုရားမှတပါးသော သာဝက အစားစားတို့ ဤပဋ္ဌာန်းတရားကြီး၏ သဘောရှိသမျှ ကုန်စင်အောင် ထောက်နိုင်ကြဖို့ ကူးခတ်နိုင်ကြဖို့ အလွန့်အလွန်ကြီး နက်နဲလှ၏၊ ခက်ခဲလှ၏ဟု နက်နဲ ခက်ခဲပုံကို သိထိုက်လှ၏။

လွယ်ကူပုံဥပမာကား–ရင်းအနောတတ္တရေအိုင်ကြီးသည် မှီအောင်ထောက်ဖို့သာ နက်သည်၊ တဘက်သို့ ကူးခတ်ဖို့သာ ခက်သည်၊ အလွန်ထူးမြတ်လှသော အနောတတ္တအိုင်ရေကို မိမိတို့မှီရာအရပ်တွင်က ဆင်း၍ ချိုးကြ သောက်ကြ သုံးကြရဖို့ကား ပုရွက်ဆိတ်, ကမျဉ်းနီသတ္တဝါကလေးများပင် မနက်လှ မခက်လှတာလို ဤပရမတ်အစစ်ဖြစ်သည့် ပဋ္ဌာန်းတရားတော်များကိုလည်း သိရှိဖွယ် သဘောရှိသမျှ ဉာဏ်မမှီသူတို့ မလိုက်ကြပဲ မိမိတို့ ဉာဏ်မှီနိုင်သလောက် စာပဋ္ဌာန်း၌ စကားတို့ကို လူမျိုးအစားစားတို့ သိလွယ်ကြသော မိမိဘာသာစကားနှင့် ပြောကြားနေကြသော ရွာပဋ္ဌာန်းစကားနှင့် သိ ကြား နားလည်အောင် ပြောကြားကြပြီးလျှင် သတ္တဝါတိုင်းတို့မှာ နေ့စဉ်ထာဝရ အသုံးပြုနေကြသော ငါပဋ္ဌာန်းတရားကြီးကို ဉာဏ်လက်ညှိုးနှင့် ထိုးကာ ထိုးကာ "ဟောတာ ဘာပဋ္ဌာန်းကွဲ၊ ဟောတာ ညာပဋ္ဌာန်းကွဲ" ဟု တွဲတွဲကြီး ပြကြက မိမိ မိမိတို့ ဉာဏ်မှီသမျှ အားလုံးကုန်၌ သိရှိသုံးဆောင်ကြကုန်ရာ၏။ ဝါ၊ သိလိုသူအစားစားတို့ ကျမ်းဂန်အရ လမ်းမှန်ပြသော ဤစာကို အခါခါ အထပ်ထပ် ကြည့်ရှုစဉ်းစားကာ ပွားများအားထုတ်ကြပါမူ ပဋ္ဌာန်းတရား အစားစားနှင့် တကွ ဝိပဿနာ အလုပ်များကို ကေန္တ ရတော့မှာပဲဟု အားခဲကာ ဤကျမ်းစာကို လေ့လာ ပွားများ အားသစ်သွားနိုင်ကြပါစေသတည်း။

ဤ အနတ္တတရား ပရမတ္ထတရား ပဋ္ဌာန်းတရားကို သာမန်လူစားတို့ပါ နားလည်အောင် ပြကြရဖို့ကား မလွယ်ကူလှချေ၊ အလွန့်အလွန်ပင် နက်နဲခက်ခဲလှချေ၏။ ထိုသို့ပင် နက်နဲခက်ခဲလှသော်လည်း ရင်းအနတ္တတရား ပရမတ္ထတရား ပဋ္ဌာန်းတရားကြီးတွေဆိုတာ သူ ါ စသော သတ္တဝါများတို့ မရောက် မပေါက်နိုင်သော ဟိမဝန္တာတောတောင် မြင့်ခေါင်ကြီးမား မြင်းမိုရ်တောင်ကြီးများ၏ ဖိထား သိုဝှက်ထားသော အောက်နရက်တို့မှာ ရှာကြံသိရှိရတာများ မဟုတ်ကြကုန်။ စင်စစ်မူကား သတ္တဝါအများ အစားစားတို့ တကိုယ်လုံးတကောင်လုံးကြီးတို့နှင့် တကွ ထိုထိုစကြဝဠာ ကမ္ဘာလောကကြီး အားလုံးတို့မှာပင် အနတ္တတရားတွေ ပရမတ္ထတရားတွေ အဘိဓမ္မာခုနစ်ကျမ်း ယမိုက်ပဋ္ဌာန်းတရားတွေ ရှိနေကြ ဖြစ်နေကြကုန်၏။ ထိုသို့ ရှိနေကြသည်၌ သတ္တဝါအများ အစားစားတို့ မထင်မမြင်နိုင်သည်ကား တခြားမဟုတ်၊ ခုတ်ပရမတ်တရားတို့ကို ထိုးထွင်း၍ မသိခြင်း၊ မဆင်ခြင်ခြင်းကြောင့်လည်းကောင်း၊ အပေါင်းဃန တရားတို့က ဖုံးလွှမ်းနေကြသောကြောင့်လည်းကောင်း မသိမမြင် မထင်မြင် နိုင်ကြကြောင်းကို—

အနတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ အပၸဋိဝေဓာ ဃနေန ပဋိစ္ဆန္နတ္တာ နုပဋ္ဌာတိ။

အနတ္တလက္ခဏံ၊ ပရမတ်တရားအစစ်တွေဟာ အနှစ်သာရ ဘာမျှမရှိသည့် အနတ္တလက္ခဏာသည်။ နာနာဓာတုဝိနိဗ္ဘောဂဿ၊ ဓာတ်ပရမတ်တရားတို့ကို အသီးအသီးရှိကြပြားသည်ကို။ အမနသိကာရာ၊ နှလုံးမသွင်း မဆင်ခြင်ခြင်း ကြောင့်လည်းကောင်း။ အပ္ပဋိဝေဓာ၊ ဉာဏ်မှာလင်းလင်း ထိုးထွင်း၍ မသိ ခြင်းကြောင့် လည်းကောင်း။ ဃနေန၊အကောင်အထည် အတုံးအခဲ အတွဲ အပြား စသော အပေါင်းဃနဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဓာတ်ပရမတ်တွေ အမြင် တုံးအောင် ဖုံးကွယ်အပ်လေသောကြောင့် လည်းကောင်း။ နုပဋ္ဌာတိ၊ သတ္တဝါများ အမြင်ထွားအောင် မထင်ရှားနိုင်လေသတည်း—

ဟု ဝိသုဒ္ဓိမဂ်နှင့် သမ္မောအဋ္ဌကထာတို့မှာ မိန့်မှာတော်မူချက်အရ မထင်မြင် နိုင်ကြကြောင်းကို သိရ၏။ ဤသို့ဖြစ်လျှင် ထင်မြင်နိုင်အောင် အဘယ်သို့ ရှုက်ဆောင်ရမည်နည်းဟု မေးဖွယ်ရှိသောကြောင့်—

နာနာဓါတုယော ဝိနိဗ္ဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တ-လက္ခဏံ ယထာဝ သရသတော ဥပဋ္ဌာတိ။

နာနာဓာတုယော၊ အမျိုးမျိုးသော ဓာတ်သဘော ပရမတ်သဘော အဘိ-ဓမ္မာခုနစ်ကျမ်း ပဋ္ဌာန်းသဘောတို့ကို။ ဝိနိဗ္ဘုဇ္ဇိတွာ၊ တမျိုးတမျိုးစီ ထင်မြင် လာအောင် ခွဲခြမ်းစိတ်ဖြာခြင်းကို ပြု၍။ ဃနဝိနိဗ္ဘောဂေ၊ အကောင်အထည် အတုံးအခဲ အတွဲအပြားစသော အပေါင်းဃနကို ခွဲခြား ကြိတ်ခြေ ဉာဏ်နှင့် မွေခြင်းကို ။ဝါ။ ပရမတ်တရား ပညတ်တရားကို တခြားစီရှိသည်ဟု သိကြရန် အာကာသဓာတ်တရား ထင်မြင်သွားအောင် အားထုတ်ခြင်းကို။ ကတေ၊ ပြုအပ် သည်ရှိသော်။ အနတ္တလက္ခဏံ၊ ပရမတ်တရား အစစ်တွေဟာ အနှစ်သာရ ဘာမျှမရှိကြသည့် အနတ္တလက္ခဏာသည်။ ယထာဝသရသတော၊ ဟုတ်မှန် တိုင်းသော မိမိသဘောလက္ခဏာအားဖြင့်။ ဥပဋ္ဌာတိ၊ ယောဂီဉာဏ်အတွင်း မှာ ထင်လင်းစွာသိမြင်လာ၏— ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သမ္မော အဋ္ဌကထာတို့၌ မိန့်မှာကြသည်နှင့်အညီ အနတ္တတရား ပရမတ္ထတရား အဘိဓမ္မာ ခုနစ်ကျမ်း ယမိုက် ပဋ္ဌာန်းတရားတို့သည် အပေါင်းသမူဟဃန၊ ထိုထိုပုံသဏ္ဌာန် အကောင်အထည်ဒြပ် ပညတ်ကြီးတွေ ဖုံးလွှမ်း၍ မနေကြရန် ပရမတ်တရား ပညတ်တရားတို့ ခြားနားကြအောင် အစိတ်အစိတ် ။ဝါ။ အကြားအကြား အခြားအခြား အာကာသတရားတို့ကို သိရှိကြအောင် ပွားများ အားထုတ်ကြ ကုန်ရာသည်။

အဘယ်ကြောင့်ဆိုသော် ဤစကြဝဠာ ကမ္ဘာလောကကြီးတို့မှာ ပညတ်တရားတွေကလည်း သူတို့ပညတ်နယ်မှာ တကယ်မှန်တာ တမျိုးဖြစ်ကြပြီး၊ ဤသံသရာ နယ်ကြီးထဲ၌ ကောင်းတာ ဆိုးတာ အဖြာဖြာ ဖြစ်နိုင်ကြကုန်၏။ ထိုမှတပါး ပရမတ်တရားတွေကလည်း သူတို့ ပရမတ်နယ်မှာ တကယ်မှန်တာ တမျိုးဖြစ်ကြပြီး ဤသံသရာနယ်ကြီးနှင့်တကွ နိဗ္ဗာန်ကျအောင် ကောင်းတာ ဆိုးတာ အဖြာဖြာ ဖြစ်နိုင်ကြကုန်၏။ ထိုမှတပါး ပရမတ်တရားတွေကလည်း သူတို့ပရမတ်နယ်မှာ တကယ်မှန်တာ တမျိုးဖြစ်ကြပြီး ဤသံသရာနယ်ကြီးနှင့်တကွ နိဗ္ဗာန်ကျအောင် ကောင်းတာ ဆိုးတာ အဖြာဖြာ ဖြစ်နိုင်ကြကုန်၏။ ဤသို့ဖြစ်နိုင်ကြသော အမှန်တရား နှစ်ပါးအစစ်တို့သာ ဤလောကကြီးအတွင်းမှာ ရှိနေကြတာကို—

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။
(အင်္ဂုတ္တိုရ်ဧကကနိပါတ်အဋ္ဌကထာ)

ဝဒတံ၊ သေချာပိုင်းဖြတ် အဓိပ္ပါယ်ရပ်တို့ဖြင့် ဟောကြားကုန်လတ် သူတော်မြတ်တို့ထက်။ ဝရော၊ ပြိုင်ဘက်ကင်းလတ် အလွန်မြတ်ထသော။ သမ္ဗုဒ္ဓေါ၊ သစ္စာနှစ်တန် တရားမှန်ကို ကေန်တိတိ သိရှိတော်မူသော မြတ်စွာဘုရားသည်။ သမ္မုတိံ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ထိုထိုအကောင်အထည်ဖြင့် ပညတ်အစားစား သမ္မုတိသစ္စာ အမှန်တရားကိုလည်းကောင်း။ ပရမတ္ထဉ္စ၊ ရုပ်နာမ်အစားစား ပရမတ္ထသစ္စာ အမှန်တရားကိုလည်းကောင်း။ ဒုဝေ၊ သချာပိုင်းခြား နှစ်ပါးကုန်သော။ သစ္စာနိ၊ မယွင်းမမှား အမှန်တရားတို့ကို။ အက္ခာသိ၊ ဒေသနာအစဉ် စကားဖြင့် ဟောကြားမြွက်ဖော် မိန့်ဟတော်မူ၏။ တတိယံ၊ ထိုသစ္စာနှစ်ပါးမှဆင့်ထောက် သုံးခုမြောက်သော သစ္စာစကား အမှန်တရားကို။ နုပလဗ္ဘတိ၊ အတ္တအရပ်ရပ် လောကဓာတ်၌ မရအပ် မရထိုက်ချေ—ဟူ၍ အဋ္ဌကထာလာတိုင်း ပရမတ္ထသစ္စာနယ်က အမှန်တရားတပါး၊ ပညတ်သမ္မုတိသစ္စာနယ်က အမှန်တရားတပါး ဤနှစ်ပါးတို့သည် တပါးနှင့်တပါး တူလည်းမတူကြကုန်၊ ကင်းလည်းမကင်းကြကုန်ပဲ ပူးတွဲ၍သာလျှင် ပရမတ္ထလောကနယ်ကြီးထဲမှာ ဖြင်ပေါ်ကာ ရှိနေကြပါသည်ကား ရုပ်နာမ်နှစ်ပါးတို့တည်း။

ဤ၌ နာမ်တရားကလည်း စိတ်, စေတသိက်, နိဗ္ဗာန်တရားတို့တည်း။ ရုပ်ကလည်း(၂၈)ပါး ရှိကြသည်တွင် ရုပ်ကလာပ် အနည်းဆုံး ရှစ်ပါးစီ ပေါင်းစပ်သော သုဒ္ဓဋ္ဌကလာပ်တို့သည် နိဗ္ဗာန်မှတပါး မရှိရာအရပ်ဒေသ ကာလ ဝတ္ထုတို့ဟူ၍ကား မရှိကြကုန်ပဲ အမြဲအခါခပ်သိမ်း ဖြစ်ပျက်၍ တည်ရှိကြကုန်ရာတွင် ပရမတ်တွေ ပေါင်းစုမိကြသည်ရှိသော် ထိုပရမတ်တို့ အပေါ်ရုံ အပြင်စပ်က

၉၁၅

ကလာပ်ချင်း စပ်ဟပ်ကြကာ ထိုထိုပုံသဏ္ဌာန် အကောင်အထည်ဖြစ် ပညတ်ကြီး ငယ်တို့ သမုတိသစ္စာနယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်လာကြကုန်၏။ ထိုထို အကောင်အထည်ဖြစ် ပညတ်ကြီးငယ်တို့ကို တွေ့ရှိပြန်ကလည်း ထိုပညတ်တို့ အတွင်းမှာ ပရမတ်အစစ် ဓာတ်အနှစ်တို့ ထင်ရှားစွာ ရှိနေကြပါသည်ကို သိစေလို၍—

> ဝဏ္ဏော ဂန္ဓော ရသော ဩဇာ၊ စတဿောစာပိ ဓာတုယော-
> အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာဒိသမ္မုတိ။
> တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာဒိသမ္မုတိ။

ဝဏ္ဏောစ၊ အဆင်းဟု ဆိုအပ်သော ရူပါရုံလည်းကောင်း။ ဂန္ဓောစ၊ အနံ့ဟု ဆိုအပ်သော ဂန္ဓာရုံလည်းကောင်း။ ရသောစ၊ အရသာဟု ဆိုအပ်သော ရသာရုံလည်းကောင်း။ ဩဇာစ၊ အာဟာရဓာတ်ဆီဟု ဆိုအပ်သော ဩဇာ လည်းကောင်း။ စတဿောပိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဓာတုယောစ၊ ပထဝီဓာတ်, အာပေါဓါတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးရှစ်ပါးသော ဓာတ်ပရမတ်အမျှားတို့ ပေါင်းစပ်ကြခြင်းသောကြောင့်။ ကေသာဒိသမ္မုတိ၊ ဆံပင် အစရှိသော သမုတိ ပညတ်သည်။ ဟောတိ၊ သမုတိသစ္စာနယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ (ဤကား ပရမတ္ထ တရားတွေ ပေါင်းစပ်မိကြပေက ပညတ်အကောင်အထည် ဖြစ်တွေ ပေါ်လာကြပုံ ပါဠိအထောက်ပေတည်း)။ ။တေသံယေဝ၊ ထိုဓာတ် ရှစ်ပါး ကလာပ်အမျှားတို့ကိုသာလျှင်။ ဝိနိဗ္ဘောဂါ၊ ဓာတ်ပရမတ်ဆိုက်အောင် ခွဲခြမ်းလိုက်သည်ရှိသော်။ ဝါ၊ အရည်အဖတ် ကလာပ်မှုန့်ဆိုက်အောင် ခွဲခြမ်း လိုက်သည်ရှိသော်။ ကေသာဒိသမ္မုတိ၊ ဆံ အစရှိသော သမုတိပညတ် သည်။ နတ္ထိ၊ ဓာတ်အစု၌ တခုမျှမရှိ။ ဝါ၊ အရည်အဖတ် ကလာပ်ထဲမှာ နံနံမျှ မရှိ။ (ဤကား ထိုထို ပညတ်အကောင်အထည် ဖြစ်တို့အတွင်းမှာ ပရမတ္ထ တို့သာ ရှိနေပါ၍ ထိုပရမတ္ထနယ်ထဲမှာ ပညတ်တို့ နံနံမျှမပါကြပုံ ပါဠိ အထောက်ပေတည်း။)

ဤသို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာတော်မူသော စကား၏ လိုရင်း အချုပ် ကား—ပရမတ္ထသစ္စာတွေ ပေါင်းစုမိကြလျှင် သမုတိသစ္စာပညတ်တွေ ပေါ်လာ ကြကုန်၏။ ထိုထို အကောင်အထည်ဖြစ် ပညတ်တို့၏ အတွင်းမှာလည်း တင်း ကျမ်းပြည့် ပရမတ်တွေသာ ရှိပါသည်ဟု သိရှိကြသည့်အတိုင်း ပရမတ္ထသစ္စာ တရားအစစ်မျှားကို ကြည့်ရှုလိုပါမူ ထိုထို အကောင်အထည်ဖြစ် အရပ်ရပ်သော ပညတ်တို့၏ အတွင်းအပြင်တို့မှာ နာမ်ရုပ်အစစ်တည်းဟူသော ပရမတ္ထသစ္စာ တွေသာ ဖြစ်ပျက်၍ အမြဲရှိနေပါသည်ဟု ကေန္ဒမုချ သိရှိကြပြီးမှ ၎င်းပရမတ္ထ

သစ္စာတို့ကို ဉာဏ်နှင့်မိအောင် ပညတ်တို့အတွင်းကို အာကာသ ဓာတ်အလင်းနှင့် ဖောက်ထွင်း၍ ကြည့်ရှုကြပြီးလျှင် ဝိပဿနာဉာဏ် အတန်တန်တို့ ပေါက်ရောက်အောင် အားထုတ်သွားကြပါမူ လူနတ်ဗြဟ္မာတွင်မက နိဗ္ဗာန်ကျအောင် ကောင်းကျိုးချမ်းသာ မင်္ဂလာအစားစားတို့ မဖောက်မပြား မှန်ကန်စွာ ဖြစ်ထွန်းသွားနိုင်ကြသည့်အတွက်ကြောင့်လည်းကောင်း၊ ထိုပရမတ္ထသစ္စာတို့ကို ဉာဏ်နှင့်မိအောင် မကြည့်နိုင်ပဲ ငါ, သူ,ငါး, ယောကျ်ား, မိန်းမစသည် အထင်လွဲ၍ သက္ကာယဒိဋ္ဌိ နယ်ထဲတွင်သာ ချွတ်လွဲလျက်ရှိနေကြပါမူ သံသရာထောင်အတွင်းက မည်သည့်အခါမျှ မလွတ်ကင်းနိုင်ကြပဲ ဆင်းရဲအစားစားတို့ မဖောက်မပြား မှန်ကန်စွာဖြစ်၍ သွားနိုင်ကြသည့်အတွက်ကြောင့် လည်းကောင်း၊ ပရမတ္ထနယ်မှာ တကယ်မှန်သော တရားကြီးများဖြစ်သောကြောင့် ပရမတ္ထသစ္စာတရားကြီးတပါးတည်းဟု အဋ္ဌကထာတို့မှာ ဟောထားတော်မူအပ်ပါသတည်း။

[ဤကား ပရမတ္ထသစ္စာတရားတို့ကို အကျဉ်းချုပ်အားဖြင့် ဟောကြားချက်ပေတည်း။ အကျယ်ကိုသိလိုမူ ငါတို့ရေးသားသော ဝိသုဒ္ဓိကျင့်စဉ်၊ ပဋိစ္စသမုပ္ပါဒ်ကျင့်စဉ်၊ ဝိပဿနာ အလုပ်ပေးကျင့်စဉ် စသည်တို့မှာ ကြည့်ရှုကြပါလေ။]

သမုတိသစ္စာ တရားအစစ်များကို ကြည့်ရှုလိုပါမူ ထိုပရမတ်အစစ် ဓာတ်အနှစ်တို့၏ အပေါ်ရံ အပြင်စပ်က အကောင်အထည်ဒြပ် ပုံသဏ္ဌာန် ပညတ်အမျိုးမျိုးတို့တွင် လူ, နတ်, ကျွဲ, နွားမှ စ၍ သဝိညာဏက ပုံသဏ္ဌာန် အမျိုးမျိုး၊ တော,တောင်, ရေ,မြေ စသော အဝိညာဏက ပုံသဏ္ဌာန် အမျိုးမျိုးတို့နှင့်တကွ ခေါ်ဝေါ်ပညတ် သမုတ်အပ်တာရှိသမျှတို့သည် သမုတိသစ္စာနယ်မှာ မိန်းမ, ယောကျ်ား ပုဂ္ဂိုလ်အစားစား ဘုရား သံဃာ ဆရာမိဘ စသည်တို့ တကယ်ဖြောင့်မှန်စွာ ဖြစ်ပေါ်လျက် ရှိနေကြသည့်အတိုင်း ၎င်းနယ်ကပင် မေတ္တာပွါးခြင်း၊ ကိုးကွယ်ဆည်းကပ် အရိုအသေပြုတတ်ခြင်း၊ဒါန, သီလ,သမထစသော တရားများကို ကျင့်ကြံကြခြင်းတို့ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်ကြပါမူ လူနတ် ဗြဟ္မာက နိဗ္ဗာန်ကျအောင် ကောင်းကျိုးချမ်းသာ မင်္ဂလာအစားစား ပါရမီ အစားစားတို့ မဖောက်မပြား မှန်ကန်သော တရားတို့ကို သမုတိသစ္စာနယ်က ဖြစ်ထွန်းသွားနိုင်ကြသည့်အတွက်ကြောင့် လည်းကောင်း၊ ထိုသို့ ဖြောင့်မှန်စွာ မကျင့်ကြပဲ ထိုသမုတိသစ္စာနယ်မှာ ဒုစရိုက်ဆယ်ပါး စသော ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးတို့ဖြင့် မိုက်မှားကျူးလွန်သမျှ အဝဝတို့ ဖြစ်ကြပါမူ အပါယ်လေးဘုံတို့နှင့်တကွ သုဂတိဘုံဌာနတို့မှာလည်း သမုတိသစ္စာနယ်ထဲက ထိုထို ဆင်းရဲအစားစား မဖောက်မပြန် မှန်ကန်စွာ ဖြစ်ထွန်း၍ သွားနိုင်သည့်အတွက်ကြောင့် လည်းကောင်း၊ သမုတိသစ္စာနယ်က တကယ်မှန်သော တရားကြီးတပါးတည်းဟု အဋ္ဌကထာတို့မှာ ဟော

ကြားတော်မူအပ်ပါသတည်း။ ဤကား သမုတိသစ္စာတရားကို အကျဉ်းချုပ် အားဖြင့် ဟောကြားချက်ပေတည်း။

---

## ဂ—နှစ်ဆယ့်လေးပစ္စည်း ပဏ္ဏာမကြီးနှင့် ၎င်းတို့အဓိပ္ပာယ် အကျဉ်းနည်းကို ဖော်ပြချက်

ထိုပရမတ္ထသစ္စာ, သမုတိသစ္စာ နှစ်ပါးတို့တွင် ပရမတ္ထသစ္စာနယ်က အကျယ် ဝေဖန်၍ ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော် ခုနစ်ကျမ်း အပြားရှိရာတွင် ရှေ့ရှေ့ခြောက်ကျမ်းတို့ကို ဆင်ခြင်သော်လည်း အနန္တ ရောင်ခြည်တော် မထွက်ပေါ်လေ။ အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောအခါမှ ရောင်ခြည်တော်အနန္တ ထွက်ပေါ်လာကြလေသ တည်း။ဤသို့ဆင်ခြင်တော်မူအပ်, ဟောကြားတော်မူအပ်သော ပဋ္ဌာန်းဒေသနာ တော်မြတ်သည်ကား–ဝိဘင်္ဂဝါရ, မဟာဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို နှစ်ပါးတို့တွင် ဝိဘင်္ဂဝါရ၌ ပစ္စယုဒ္ဒေသကိုလည်းသိကြရ, ဘုရားရှိခိုးပဏ္ဏာမလည်း ဖြစ်ကြရဖို့ကား—

> ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမည- ပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာန- ပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိ- ပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ ဣမံ ပဋ္ဌာနတ္ထံ ဒေသိတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ။

ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။ အာရမ္မဏပစ္စယော၊ အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ် သောတရားလည်းကောင်း။ အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြု တတ်သော တရားလည်းကောင်း။ အနန္တရပစ္စယော၊ နာမ်တရားတို့ကိုသာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သမနန္တရပစ္စ- ယော၊ နာမ်တရားတို့ကိုသာ ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သဟဇာတပစ္စယော၊ ရုပ် နာမ်တရားတို့က တကွဖြစ်ကြ၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။အညမညပစ္စယော၊ရုပ်နာမ်အချင်း ချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား လည်းကောင်း။ နိဿယပစ္စယော၊ မှီရာ ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဥပနိဿယပစ္စယော၊အား

ကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ပုရေဇာတပစ္စယော၊ ရှေ့ဦးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ (ဝါ) မှီဝဲထုံတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ကမ္မ-ပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝိပါက-ပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အာဟာရ-ပစ္စယော၊ ထောက်ပံ့ခိုင်မာစေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဈာနပစ္စယော၊ ကပ်၍ရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။(ဝါ) ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဣတိ၊ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပစ္စည်းတို့သည်။ (ဝါ) နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏေ၊အနန္တနယဖြစ်သော သမန္တပဋ္ဌာန်းကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣမံပဋ္ဌာနတ္ထံ၊ သတ္တဝါတွေနှင့်တကွ အနန္တလောကကြီးအတွင်းမှာ တင်းကျမ်းပြည့် တည်ရှိ၍နေကြပါသော ပဋ္ဌာန်းအနက်ပစ္စည်းတွေ အဆက်ဆက်ကို။ ဒေသိတံ၊ ဝေနေယျများနားလည်သွားအောင် ဟောကြားတော်မူတတ်လှပါပေသော။ ဗုဒ္ဓံ၊ ကိုယ်တော်မြတ်အစား ရုပ်ပွားစေတီတော်မြတ်နှင့်တကွ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို။အဟံ၊ သံသရာဝဋ်ဆိုး ပဋ္ဌာန်းအကြောင်းအကျိုးအမျိုးမျိုးတို့က နှိပ်စက်သမျှ ခံနေရသော အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ပဋ္ဌာန်းပစ္စည်းဆင်းရဲကြောင်း အနည်းနည်းတို့အထဲမှ အပြီးလွတ်ကင်းလိုငြား ရှိညွတ်တွားကာ ရှိခိုးပါ၏ အရှင်ဘုရား။

ဤပဋ္ဌာန်းပါဠိတော်မြတ် ပါဠိအနက်တို့၏ ကျေးဇူးပြုပုံ သဘောအဓိပ္ပါယ်တို့ကို ၎င်းပဋ္ဌာန်းအဋ္ဌကထာ ဋီကာတို့က ဥပမာစသည်တို့ဖြင့် ဖွင့်ပြသည့်အရကိုတို့မြန်မာနှင့်ပြရမူ ဟေတုပစ္စည်းက ကျေးဇူးပြုပုံကား ညောင်ပင်ကြီး အစရှိ

သည်တို့၏ ရေသောက်မြစ်သည် ထိုသစ်ပင်တို့အား မြဲမြံစွာ တည်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တရားတို့က အမြစ်၏ အဖြစ်ဖြင့် စိတ် စေတသိက် ရုပ်တို့အား ဟိတ်အကြောင်း တရားဖြစ်၍ ကျေးဇူးပြုကြကုန်၏။

အာရမ္မဏပစ္စည်းက ကျေးဇူးပြုပုံကား—ကြိုးဆွဲတောင်ဝှေး အစရှိသည်တို့ သည် မစွမ်းနိုင်သောသူတို့အား ထခြင်း, ရပ်ခြင်း, အစရှိသော ကိစ္စတို့ကို ပြီးစီး နိုင်အောင် ကျေးဇူးဆောင်သကဲ့သို့ အဆင်း ရူပါရုံ, အသံ သဒ္ဒါရုံ, အနံ့ ဂန္ဓာရုံ, အရသာ ရသာရုံ, အတွေ့ ဖောဋ္ဌဗ္ဗာရုံ, ပရမတ် ပညတ် ဓမ္မာရုံ ဤအာရုံ ခြောက်ပါး ပစ္စည်းတရားတို့ကလည်း အာရုံပြုငြား မစွမ်းသန်သည့် ဝိညာဏ ခတ်(၇)ပါး စိတ်စေတသိက်တရားတို့အား အာရုံခြောက်ပါး အကြောင်း တရားဖြစ်၍ ကျေးဇူးပြုကြကုန်၏။

အဓိပတိပစ္စည်းက ကျေးဇူးပြုကြပုံကား—စကြဝတေးမင်းသည် တပါး သော သူတို့၏ ပိုင်နင်းစိုးရ ကြီးမှူးကြသော သတ္တကို ပယ်ပစ်၍ တိုင်း နိုင်ငံသားတို့ကို မိမိတဦးတည်းအဖြစ်ဖြင့် အစိုးတရ ကျေးဇူးပြုသကဲ့သို့ အားကြီး သောဆန္ဒ, ဝီရိယ, စိတ္တ, ပညာ ဝီမံသလေးပါး အဓိပတိတရားတို့က မိမိနှင့် တကွဖြစ်ငြား စိတ်, စေတသိက်, စိတ္တဇရုပ် ပစ္စယုပ္ပန်တရားတို့အား လည်း ကောင်း၊(တနည်း)အလေးပြုအပ်သော အာရုံခြောက်ပါး အဓိပတိတရားတို့က မိမိကို အလေးပြုငြား စိတ်, စေတသိက်, ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း မိမိကသာ အကြီးအမှူး အဓိပတိဖြစ်ပါ၍ ကျေးဇူးပြုကြကုန်၏။

အနန္တရပစ္စည်းက ကျေးဇူး ပြုကြပုံကား—စကြဝတေးမင်း၏ နတ်ရွာ လားခြင်းသည် သားကြီးရတနာအား ဘိသိက်ခံခြင်းငှာ ကျေးဇူးပြုပါသကဲ့ သို့ ရှေးရှေးစိတ်, စေတသိက်တို့ကလည်း အခြားမဲ့ဖြစ်သော နောက်နောက် စိတ်, စေတသိက်တို့အား ဖြစ်ခွင့်ကို ပေးသောအားဖြင့် ချုပ်ပျောက်ကြကာ အခြားမဲ့ဖြစ်သည့် အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

သမနန္တရပစ္စည်းက ကျေးဇူးပြုကြပုံကား— စကြဝတေးမင်းသည် တိုင်း ပြည်ကိုလွှတ်၍ ရဟန်းပြုခြင်းသည်ပင်လျှင် သားကြီးရတနာအား မင်းအဖြစ် ကို ရခြင်းငှာ ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးစိတ်, စေတသိက်တို့ကလည်း အခြားမဲ့ဖြစ်သော စိတ်, စေတသိက်တို့အား ဖြစ်ခွင့်ကို ပေးသော အားဖြင့် ချုပ်ပျောက်ပယ်ရှားကြကာ ကောင်းစွာ အခြားမဲ့ဖြစ် သည့် သမနန္တရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

သဟဇာတပစ္စည်းက ကျေးဇူးပြုကြပုံကား—ဆီမီးသည် ဝါကွဲအလင်းကို ဖြစ်ကြအောင် ကျေးဇူးဆောင်သကဲ့သို့ တကွဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား အတူတကွဖြစ်၍ ကျေးဇူးပြုခြင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

အညမညပစ္စည်းက ကျေးဇူးပြုကြပုံကား—သစ်သားသုံးခွ တိဒဏ္ဍတို့သည် အချင်းချင်း တချောင်းသည် တချောင်းအား ထောက်ပံ့ ခိုင်စေသော အားဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်, စေတသိက် အချင်းချင်း၊ မဟာဘုတ် အချင်းချင်း၊ ပဋိသန္ဓေနာမ်, ရုပ် အချင်းချင်းတို့သည် တခုသည် တခုအား အချင်းချင်း အညမညသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

နိဿယပစ္စည်းက ကျေးဇူးပြုကြပုံကား—မြေကြီးသည် သစ်ပင်အစရှိသည် တို့အား တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ လည်းကောင်း၊ ပန်းချီရေးရန် ပုဆိုးအစရှိသည်တို့သည် ပန်းချီဆေးအစရှိသည်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူး ပြုသကဲ့သို့လည်းကောင်း အကျိုးပစ္စယုပ္ပန်ဖြစ်သော နာမ်ရုပ်တို့အား တည်ရာ မှီရာဖြစ်သော နိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ဥပနိဿယပစ္စည်းက ကျေးဇူးပြုကြပုံကား—မိုး လေးလပတ်လုံး ရွာသော မိုးကြီးသည် ရေကိုအမှီပြုသော သစ်ပင်, သတ္တဝါ အစရှိသည်တို့အား အား ရှိသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အကျိုး ပစ္စယုပ္ပန်ဖြစ် သော စိတ်, စေတသိက်တရားတို့အား အားကြီးသော အကြောင်း၏ အဖြစ် ဖြင့် ကျေးဇူးပြုတတ်သော ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ပုရေဇာတပစ္စည်းက ကျေးဇူးပြုကြပုံကား—ကမ္ဘာဦး၌ဖြစ်သော နေလတို့ သည် မိမိတို့၏ ထင်ရှားရှိသော အခိုက်၌ အလင်းကို မှီသော သတ္တဝါတို့အား ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နောက်မှ ဖြစ်ကြကုန်သော စိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့အား ပစ္စယုပ္ပန်အာရုံအဖြစ် တည်ရာမှီရာအဖြစ်ဖြင့် ရှေးဖြစ်၍ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ပစ္ဆာဇာတပစ္စည်းက ကျေးဇူးပြုကြပုံကား—အစာ မစားရသေးသော လင်းတယ်တို့၏ ကိုယ်ကာယအား အမိတို့လာသော် အစာ စားရလိမ့်မည် ဟူသော အာဟာရ၌ ချင်ခြင်းစေတနာက နောက်မှဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နောက်နောက်ဖြစ်သော စိတ်, စေတသိက်တို့က ရှေးရှေးဖြစ်သော ရုပ်တို့အား နောက်ဖြစ်၍ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

အာသေဝနပစ္စည်းက ကျေးဇူးပြုကြပုံကား—ရှေးရှေးထုံအပ်သော နံ့သာ သည် နောက်နောက်ထုံအပ်သော နံ့သာအား အဆင်းအနံ့တို့ဖြင့် လွန်စွာ ကောင်းမြတ်အောင် ကျေးဇူးဆောင်သကဲ့သို့ လည်းကောင်း၊ ရှေးရှေးသင်

အပ်သော ကျမ်းဂန်တို့သည် နောက်နောက် ကျမ်းဂန်တို့အား လေ့ကျက်ခြင်းငှာ အားရှိပါအောင် ကျေးဇူးဆောင်သကဲ့သို့လည်းကောင်း ဇောတ်တူ နောက်နောက် ဖြစ်သော ဇောစိတ္တုပ္ပါဒ်တို့အား ရှေးရှေးသောဇာတ်တူ ဇောစိတ္တုပ္ပါဒ်တို့က အဖန်တလဲလဲ မှီဝဲထုံအပ်သော သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ကမ္မပစ္စည်းက ကျေးဇူးပြုကြပုံကား—နေလှန်း၍ စိရင်အပ်သော မျိုးစေ့တို့သည် အခင်, အညွန့်တို့ဖြစ်ခြင်းငှာ မျိုးအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်တို့မှာ ယှဉ်လျက်ပါသော စေတနာ စေတသိက်တရားတို့က စိတ်, စေတသိက် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ဖြစ်ထွန်းပေါ်ပေါက်စေအောင် မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးဆောင်သော ကမ္မသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ဝိပါကပစ္စည်းက ကျေးဇူးပြုကြပုံကား—ချမ်းအေးသောလေသည် ချမ်းအေးသော အရိပ်၌ နေသောသူတို့အား ချမ်းအေးစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ အချင်းချင်းမှ ထောက်အပ်သော ဝိပါက်နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ဝိပါက်နာမက္ခန္ဓာတရားတို့က ကံ၏အကျိုးအဖြစ် တည်းဟူသော ဝိပါက သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

အာဟာရပစ္စည်းက ကျေးဇူးပြုကြပုံကား — နောက်မှ ကျားကန်သော တိုင်သစ်သည် ပျက်စီးလုနီး အိမ်ဟောင်းကြီးတို့အား မြဲမြံခိုင်ခံ့အောင် ကျေးဇူး ပြုဆောင်သကဲ့သို့ စိတ်စေတသိတ်နှင့်တကွ ကလာပ်ဘု, ကလာပ်ပြားဖြစ်သော စတုဇရုပ်တို့အား ဖဿ, စေတနာ, ဝိညာဏ်နှင့်တကွ သြဇာရုပ်တို့က ခိုင်မြဲတည်တံ့ ကြအောင် ထောက်ပံ့ကြသော အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ဣန္ဒြိယပစ္စည်းက ကျေးဇူးပြုကြပုံကား—တိုင်းပြည်၌ အသီးအသီး အုပ်ချုပ် ကြသော မှူးကြီးမတ်ရာ သေနာပတိစသော အရာရှိတို့သည် အချင်းချင်း အစိုးရသော သတ္တိတို့ကို မတားမြစ်ကြပဲ မိမိတို့၏ ရာထူးဌာနန္တရဖြင့်သာ စိုးမိုး အုပ်ချုပ်သော အဖြစ်ဖြင့် တိုင်းသားပြည်သူတို့အား ကျေးဇူးပြုသကဲ့သို့ စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား မိမိ မိမိတို့နယ်နှင့် အသီးအသီး အစိုးရသော ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ တည်းဟူသော နာမ်ဣန္ဒြိယသတ္တိ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဇီဝိတ တည်းဟူသော ရုပ်ဣန္ဒြိယသတ္တိတို့ဖြင့် ကျေးဇူးပြုကြကုန်၏။

ဈာနပစ္စည်းက ကျေးဇူးပြုကြပုံကား—တောင်ထွတ်ဖျား သစ်ပင်ဖျားတို့သို့ တက်၍ ကြည့်ကြခြင်းက အဝေးအနီးအရပ်တို့ကို အလွန်ထင်ရှားသိမြင်အောင် ကျေးဇူးဆောင်သကဲ့သို့ ဒွေးပဥ္စဝိညာဏ် တဆယ်ကြဉ်သော တကွဖြစ်သည့် စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါးတို့က ကပ်၍ရှုကြ

မှု၌ ထိုထိုအာရုံထင်ရှားအောင် ကျေးဇူးဆောင်ခြင်းတည်းဟူသော ဈာနသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ပဂ္ဂပစ္စည်းက ကျေးဇူးပြုကြပုံကား–မြစ်၌ လကျာ်ဘက်ကမ်းမှ လက်ဝဲဘက်ကမ်းသို့ ကူးသန်းသောအခါ ဤကူးထွက်ရာ လကျာ်ဘက်ကမ်းသည် ၎င်းလှေ၏ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ (တနည်း)လက်ဝဲဘက်ကမ်းမှ လကျာ်ဘက်ကမ်းသို့ ကူးသန်းသောအခါ၌လည်း ဤကူးထွက်ရာ လက်ဝဲဘက်ကမ်းသည် ၎င်းလှေ၏ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့လည်းကောင်း၊ သဟိတ်စိတ်, စေတသိက်တို့အားလည်းကောင်း၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ၎င်းသဟိတ်စိတ်, စေတသိက်တို့ အထဲမှာပါသည့် ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ကိုးပါးတို့က မိမိတို့ဆိုင်ရာ ဘုံဘဝတို့သို့ မဂ္ဂအကြောင်းသတ္တိတို့ဖြင့် (ဝါ) ထွက်မြောက်ကြောင်း မဂ္ဂသတ္တိတို့ဖြင့် ကျေးဇူးပြုကြကုန်၏။

သမ္ပယုတ္တပစ္စည်းက ကျေးဇူးပြုကြပုံကား–ထောပတ်, ဆီ, ပျား, သကာ ဟူသော စတုမဓုအရသာသည် အချင်းချင်း နှီးနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်, စေတသိက် နာမက္ခန္ဓာလေးပါး တရားတို့သည် အချင်းချင်းအား ယှဉ်စပ်ကြသော သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ဝိပ္ပယုတ္တပစ္စည်းက ကျေးဇူးပြုကြပုံကား–အချို,အချဉ်,အစပ်,အငန်,အဖန်, အခါး ရသာခြောက်ပါးပါသည့် အစာအာဟာရတို့သည် အရသာချင်းပင် မစပ်ယှဉ်ကြပဲ အနံ့နံ့ ကျေးဇူးပြုကြသကဲ့သို့ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့အား ထို ခန္ဓာနှင့်တကွဖြစ်သည့် ဟဒယဝတ္ထုရုပ်က လည်းကောင်း၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ပဉ္စဝေါကာရဘုံ၌ ဖြစ်ကြသော ရုပ်ကိုဖြစ်စေနိုင်သည့် စိတ်စေတသိက်နှင့် ပဋိသန္ဓေနာမက္ခန္ဓာတို့ကလည်းကောင်း အချင်းချင်း မယှဉ်ကြသည့် ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

အတ္ထိပစ္စည်းက ကျေးဇူးပြုကြပုံကား–ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီသောအားဖြင့် မြက်သစ်ပင်အစရှိသည်တို့အား ပွားစီးစေခြင်းငှာ မိမိထင်ရှားရှိသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်, စေတသိက်, ရုပ်တို့အား မိမိတို့က ထင်ရှားရှိကြသဖြင့် ကျေးဇူးပြုကြကုန်၏။

နတ္ထိပစ္စည်းက ကျေးဇူးပြုကြပုံကား–ညဥ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ ငြိမ်းခြင်း, မရှိခြင်းသည် အမိုက်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း နောက်နောက်သော စိတ်, စေတသိက်တို့အား ရှေးရှေးသော စိတ်, စေတသိက်တို့က ချုပ်ပျောက်ကြပြီး မရှိခြင်း-နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။

ဝိဂတပစ္စည်းက ကျေးဇူးပြုကြပုံကား–နေဝင်သောအခါ အရောင်အဝါတို့ ကင်းခြင်းသည် လရောင်ဖြစ်ပေါ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ နောက်နောက်သော စိတ်, စေတသိက်တို့အား ရှေးရှေးသော စိတ်, စေတသိက်တို့က ချုပ်ပျောက်ကြပြီး ကင်းရှင်းခြင်း ဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။

အဝိဂတပစ္စည်းက ကျေးဇူးပြုကြပုံကား—မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ငါး, လိပ်, မကန်းအစရှိသည်တို့၏ ပီတိသောမနဿပွားခြင်းငှာ မိမိနှင့် မကင်းသော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်, စေတသိက်, ရုပ်တို့အား မိမိတို့က ထင်ရှားရှိကြပြီး မကင်းသော အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။

[ဤသည်တို့ကား ပဋ္ဌာန်းအဋ္ဌကထာ,ဋီကာတို့က ဥပမာ စသည်တို့ဖြင့် ဖွင့်ပြသည့် အရကို မြန်မာနှင့် အကျဉ်းချုပ် ပြဆိုချက်ပေတည်း။]

---

## ၆။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ဟောတုအကုသလကို စာပဋ္ဌာန်း, ရွာပဋ္ဌာန်း, ငါးပဋ္ဌာန်းဘရားနှင့် ထင်ရှားအောင် ဖော်ပြချက်

ဤသို့ ဟောတော်မူအပ်သော ပဋ္ဌာန်းတရားတော်တို့သည် အလွန်တရာမှ ကြီးကျယ် မြင့်မြတ်လှသောကြောင့် စာအတိုင်းသာ သင်ကြား၍ သိရှိကြရပါမူ သူ့,ငါ စသည်တို့သည် မဖြစ်နိုင်ကြ၊ မသိနိုင်ကြ၊ မအပ်ကြ၊ မရာကြဟူ၍ လက်လျော့ကြကာ အမြို့မြို့ အရွာရွာတို့မှာ ရှိနေကြရာ ၁၂၉၇-ခုနှစ်မှာ ငါတို့ အောက်မြို့သို့ ကြွလာ၍ သူငါတို့ အတွင်းထဲမှာ အမြဲထာဝရ ရင်းပဋ္ဌာန်းပစ္စည်းတို့ ဖြစ်ပေါ်နေကြသည်ကို စာပဋ္ဌာန်း,ရွာပဋ္ဌာန်း,ငါးပဋ္ဌာန်းတို့နှင့် စာတတ်သူ, မတတ်သူ အစားစား သူ ငါ များတို့ သိကြားနားလည်ကြရန် ရည်သန်ဟောပြတော်မူအပ်သော အကျဉ်း အကျယ် အသွယ်သွယ်သော ဟောကြားစဉ် စကားရပ်တို့တွင် အကျဉ်းနည်း အမြွက်မျှဖြင့် သိကြားနားလည်ကြဖို့ ဤဝိပဿနာကျင့်စဉ်မှာ ရေးသားစီရင်အပ်ပါသတည်း။

ဤဟောပြလတ္တံ့သော အဘိဓမ္မာပရမတ် ပဋ္ဌာန်းတရားတော်မြတ် အစစ်တို့ကား ထိုထိုစာပဋ္ဌာန်းစကား, ရွာပဋ္ဌာန်းစကားတို့အထဲမှာမရှိ၊ စင်စစ်မူကား ထိုထို သဝိညာဏကနယ်ကြီး, အဝိညာဏကနယ်ကြီးတို့အထဲမှာ အမြဲထာဝရ အကြောင်း, အကျိုးဖြစ်လျက် ရှိနေကြရာတွင် သဝိညာဏကနယ်မှာလည်း ပဋ္ဌာန်းတရားအစစ်ကြီးတို့ ဖြစ်ပွားနေကြရာ၌ သတ္တဝါတကောင်လုံးတို့ကိုဝေဖန်လိုက်က ဟဒယဝတ္ထုနှင့် ခြောက်ဌာန(ဝါ)ခြောက်ဒွါရ(ဝါ) ခြောက်ပေါက်စီမျှသာ ရှိကြရာသည်ကား—မျက်စိပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်ဟူ၍ ပဋ္ဌာန်းတရားအစစ် ဖြစ်ရာဌာန ခြောက်ဌာန, ခြောက်ဒွါရ, ခြောက်ပေါက်မျှတို့သာ ရှိကုန်ရာသည်ဟု သိကြ

ရာ၏။ ဤခြောက်ဌာနနှင့် ဟဒယဝတ္ထု စိတ်စေတသိက် ပဋ္ဌာန်းစုတို့ကို ပရမတ်နယ်က တခုစီနုတ်ယူလိုက်က သတ္တဝါရယ်လို့ မရှိကြတော့ပါ။အကုန်လုံး ကွယ်ပသွားကြကုန်ရာ၏။ တဖန် ၎င်းခြောက်ဌာနနှင့် ပရမတ္ထများ ပဋ္ဌာန်း တရားတို့ကို ပေါင်းစုလိုက်ပြန်က ထိုထို သတ္တဝါ သူငါ အစားစားတို့ ဤကမ္ဘာ လောကကြီး ပညတ်နယ်မှာ ထင်ရှားစွာ ဖြစ်ပေါ်နေကြပါကုန်၏။

အဝိညာဏကနယ်မှာမူကား အာရုံခြောက်ပါး ရုပ်အဗျာကတပဋ္ဌာန်းတရား တို့သာ ရှိကြကုန်၏။ ဤသဝိညာဏက, အဝိညာဏက ကမ္ဘာလောက အနန္တ စကြဝဠာကြီးတို့မှာ ပဋ္ဌာန်းနည်းရှိသမျှတို့ကို အကျဉ်းချုံး၍ ထိုရွေကပြခဲ့သော ပစ္စယုဒ္ဒေသ (၂၄) ပစ္စည်းအရကို အနည်းငယ်မျှ ပေါင်းစု၍ လွယ်ကြအောင် ရှေးဆရာတော်ကြီးများ ကြံဆောင်ပြတော်မူကြသည်ကား–

> အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ
> သမောဓာနံ ဂစ္ဆန္တိ။

(အနက်ကား) အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ၊ အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ကမ္မပစ္စည်း၊ အတ္ထိပစ္စည်းတို့၌လည်း။ သဗ္ဗေပိပစ္စယာ၊ အလုံးစုံသော ပစ္စည်းတို့သည်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆန္တိ၊ ရောက် ကုန်၏။

ဟူသော လက်သန်းအဋ္ဌကထာ သဂြိုဟ်၌ မိန့်မှာသည်နှင့်အညီ ခပ်သိမ်းသော (၂၄) ပစ္စည်းတရားတို့သည် အာရမ္မဏပစ္စည်းတပါး၊ ဥပနိဿယပစ္စည်းတပါး၊ ကမ္မပစ္စည်းတပါး၊ အတ္ထိပစ္စည်းတပါး ဤပစ္စည်းလေးပါးတို့၌ ချုံးချဉ်း၍ သွင်း လိုက်က အကုန်လုံး ဝင်ကြကုန်၏ဟု သိအပ်ကုန်၏။

ဤပစ္စည်းလေးပါးတို့ကို ကျေးဇူးပြုပုံ အမျိုးအစားတို့ကို ခြားနားလိုက် သည်ရှိသော် ပဌမ အာရမ္မဏပစ္စည်းက ၎င်းတမျိုးသာရှိ၏။ ဒုတိယ ဥပနိဿယ ပစ္စည်းက အနန္တရူပနိဿယတမျိုး၊ ပကတူပနိဿယ တမျိုးအားဖြင့် နှစ်မျိုး ပြား၏။ တတိယ ကမ္မပစ္စည်းက ၎င်းတမျိုးသာ ရှိ၏။ စတုတ္ထ အတ္ထိပစ္စည်းက သဟဇာတတ္ထိတမျိုး၊ ပုရေဇာတတ္ထိတမျိုး၊ ပစ္ဆာဇာတတ္ထိတမျိုး၊ အာဟာရတ္ထိ တမျိုး၊ ဣန္ဒြိယတ္ထိတမျိုးအားဖြင့် ငါးမျိုးပြား၏၊ ဤသို့လျှင် ရှေးကပြခဲ့သော ပစ္စည်းလေးမျိုးတို့၌ အမျိုးအစားအားဖြင့် ရေတွက်ပိုင်းခြားလိုက်သည်ရှိသော် (၉)မျိုး (၉)စား ရှိ၏ဟု သိထိုက်လှ၏။ အချို့ဆရာကြီးတို့ကား အနန္တရူပနှင့် ပကတူပနိဿယတမျိုးတည်းထား၍ ပစ္စည်းရှစ်မျိုးဟု ဆိုကြ၏။ ၎င်း (၂)မျိုး တို့သည် မတူနိုင်။ အဘယ်ကြောင့်ဆိုသော် အနန္တရူပနိဿယက အခြားမဲ့ခန္ဓာ ကိုသာ ကျေးဇူးပြုသည်။ ပကတူပနိဿယက အခြားမဲ့ခန္ဓာပုတပါး နောက် နောက်၌ဖြစ်သော ခန္ဓာများကိုသာ ကျေးဇူးပြုလေသောကြောင့် အခြားမဲ့

ပစ္စည်း ပစ္စယုပ္ပန်တို့ချင်း မတူကြသည့်အတွက် ပစ္စည်း (၉) မျိုး ထားလိုက်ပါသတည်း။ ဤပစ္စည်း (၉) မျိုးတို့တွင် ဘုရားရှင် စဦး ဟောတော်မူအပ်သော ပစ္စည်းစသည်ကား - သဟေတုတတ္ထိမျိုးထဲမှာပါသည့် ဟေတုပစ္စည်းကစ၍ ဟောတော်မူအပ်ပါသတည်း။ ထိုသို့ဟောတော်မူအပ်သော ပစ္စယနိဒ္ဒေသ စာပဋ္ဌာန်းအရကား—

ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ
တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဤကား စာပဋ္ဌာန်းအရတည်း။ ရွာပဋ္ဌာန်းအရတို့ကို မြန်မာနှင့် ပြန်ဆို၍ ပြရန်ကား—

ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်း ဟူသည်ကား။ ဟေတူ၊ ဟိတ်ခြောက်ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတုသတ္တိဖြင့်။ ပစ္စယော၊ ဥပကာရကော၊ ခပ်သိမ်းကိစ္စ ခိုင်မြဲကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) လော-ဒေါ-မောဟော၊ မိုက်မှားနေ၊ မှတ်လေဟေတု ကြောင်းရင်းစု။

(၂) အလော-အဒေါ၊ အမောသုံးထွေ၊ ကောင်းမြတ်နေ၊ မှတ်လေဟေတု ကြောင်းရင်းစု။

(၃) ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စစု မြင်အောင်ရှု။

ဟူသော ဤမြန်မာစကားကို အကျဉ်းချုပ် ပြဆိုသော် ထိုဟိတ်ခြောက်ပါးတို့ အရကား—လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်အားဖြင့် ခြောက်ပါးတို့တည်း။ (ဝါ) လိုချင်သည့် အကြောင်း၊ ပြစ်မှားသည့်အကြောင်း၊ တွေဝေသည့်အကြောင်း၊ မလိုချင်သည့် အကြောင်း၊ မပြစ်မှားသည့်အကြောင်း၊ မတွေဝေသည့်အကြောင်းအားဖြင့် ခြောက်ပါးတို့တည်း။ ဤခြောက်ပါးတို့ကား ရွာပဋ္ဌာန်းစကားတို့တည်း။

ဤစာပဋ္ဌာန်း၊ ရွာပဋ္ဌာန်းအရတို့ကို သူငါတို့အတွင်းမှာ အချင်းခပ်သိမ်း များသောအားဖြင့် ဖြစ်ပျက်လျက် ရှိနေကြပါသော ငါပဋ္ဌာန်းအရတို့ကို သိရှိလိုကြပါမူ ခြောက်ဒွါရတို့ဖြင့် (ဝါ) မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်တို့ဖြင့် အာရုံခြောက်ပါးတို့ကို

(ဝါ) အဆင်းဟူသမျှ, အသံဟူသမျှ, အနံ့ဟူသမျှ, အရသာဟူသမျှ, အတွေ့ဟူသမျှ, သဘောဟူသမျှတို့ကို သတ္တဝါသိ၊ ပုဂ္ဂိုလ်သိ၊ သူသိ၊ ငါသိတို့ ဖြစ်ပေါ်သမျှ သိလုံးတို့ကား ဇောစိတ်နှင့် သိလုံးတို့ချည်းပဲ ဟူ၍ သိရှိကြကုန်ရာ၏။

ဤဇောကလည်း ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာဇောဟူ၍ သုံးပါးရှိကြရာတွင် ကြိယာဇောကား–ဘုရားရဟန္တာတို့မှာသာ ဖြစ်ကြ၏။ကြွင်းနှစ်ပါးတို့ကား–ပုထုဇဉ်,သေက္ခတို့မှာ ဖြစ်ကြရာဝယ် အထက်သို့ အတက်သဘော, အဆန်သဘော, အလင်းသဘောသို့ ရောက်အောင်ကား ကြံဆောင်အားထုတ်ယူကြရတာလို ကုသလာဓမ္မာဆိုတဲ့ ကောင်းတဲ့သဘော ဖြစ်ကြအောင် ယောနိသောမနသိကာရ, သံဝရ, ကလျာဏမိတ္တစသည် အကြောင်းတရားများနှင့် ညီညွတ်အောင် ပြုပြင်အားပေးမှ ဖြစ်နိုင်ကြ၏။ ၎င်းတို့နှင့် ပြုပြင်မပေးကြက အလိုလိုအနိမ့်သို့ ကျခြင်း, အောက်သို့စုံခြင်း, အမိုက်မှောင်ဖြစ်ခြင်းတို့ တွေ့ကြုံကြရတာလို သတ္တဝါ အစားအစားတို့မှာ ဓမ္မတာတရား များသောအားဖြင့် ကောင်းတာတို့ကို တွေ့ကြုံလျှင် လောဘဟိတ်, မောဟဟိတ်၊ မကောင်းတာကို တွေ့ကြလျှင် ဒေါသဟိတ်, မောဟဟိတ်၊ သာမညတို့ကိုတွေ့ကြလျှင် မောဟဟိတ်တို့ အသီးအသီး ဖြစ်ဘတ်ကြသည်ဟု သိရှိကြပြီးမှ အကုသိုလ်ဖြစ်ရန် မသင့်မတင့် နှလုံးသွင်းခြင်း–အယောနိသော မနသိကာရနှင့် မစောင့်စည်းခြင်း အသံဝရစသည် ဖြစ်ကြသူတို့သည် အလိုရှိအပ် နှစ်သက်အပ်သော အာရုံခြောက်ဝ, ဣဋ္ဌာရုံဟူသမျှတို့ကို (၆)ဒွါရတို့မှာ ဇောဝီထိတို့နှင့် သိရှိကြသော အခါ များသောအားဖြင့် နှစ်သက်တွယ်တာခြင်းလောဘ ဖြစ်တတ်သမျှ အလုံးစုံတို့သည် လောဘဟိတ်နှင့် ၎င်းအပြစ်ကို မမြင်သည့် မောဟဟိတ်နှစ်ပါး ရေသောက်မြစ်ကြီးများကြောင့်သာ (ဝါ) လိုချင်သည့်အကြောင်း, တွေဝေသည့်အကြောင်း နှစ်ပါးတို့ကြောင့်သာ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ အမျိုးမျိုး ဟေတုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်တရားတို့ (ဝါ) ဒုစ္စရိတ, ဒုရာဇီဝ အကုသလအစားစား ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြရာန်၏ဟု အကုသိုလ်ဘက်က ငါပဋ္ဌာန်းတရားအရကို သိရှိကြပါလေ။

(တနည်း) ထိုထိုအာရုံတို့ကို တွေ့ထိကြရာ အကုသိုလ်ဖြစ်ရန် မသင့်မတင့် နှလုံးသွင်းခြင်း အယောနိသော မနသိကာရနှင့် မစောင့်စည်းခြင်း အသံဝရစသည် ဖြစ်ကြသူတို့သည် အလိုမရှိအပ်, မနှစ်သက်အပ်သော အာရုံခြောက်ဝ အနိဋ္ဌ ဟူသမျှတို့ကို (၆)ဒွါရ (ဝါ) အပေါက် ခြောက်ပေါက်တို့က ဇောဝီထိတို့ဖြင့် သိရှိကြသောအခါ များသောအားဖြင့် မနှစ်သက်ငြား ကြမ်းကြုတ်ပြစ်မှားခြင်းဒေါသ ဖြစ်တတ်ကြသမျှ အားလုံးတို့သည် ဒေါသဟိတ်နှင့် ၎င်းအပြစ်ကို မမြင်သည့် မောဟဟိတ်နှစ်ပါး (ဝါ) မနှစ်သက်ငြား ပြစ်မှားသော

အကြောင်း၊ တွေ့ဝေသော အကြောင်းနှစ်ပါး ရေသောက်မြစ်ကြီးများကြောင့်သာ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာ အမျိုးမျိုး ဟေတုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်တရားတို့ (ဝါ) ဒုစ္စရိတ, ဒုရာစာ၀ အကုသလအစားစား ငါ ပဋ္ဌာန်းတရားအရတို့ ဖြစ်ပွားကြကုန်၏ဟု အကုသိုလ်ဘက်က ငါပဋ္ဌာန်းတရားအရကို သိရှိကြပါလေ။

(တနည်း) ထိုထိုအာရုံတို့ကို တွေ့ရှိကြရာ အကုသိုလ်ဖြစ်ရန် မသင့်မတင့် နှလုံးသွင်းခြင်း၊ အယောနိသော မနသိကာရနှင့် မစောင့်စည်းခြင်း အသံ၀ရစသည် ဖြစ်ကြသူတို့သည် ကောင်းလွန်းသည်၊ ဆိုးလွန်းသည်ဟူ၍ မဆိုလောက်ပဲ အလယ်အလတ်မျှဖြစ်ကြသော အာရုံခြောက်ဝ ဣဋ္ဌမဇ္ဈတ္တာရုံ ဟူသမျှတို့ကို (၆)ဒွါရ (ဝါ) အပေါက်ခြောက်ပေါက်တို့က ဇောဝီထိတို့ဖြင့် သိရှိကြသောအခါ များသောအားဖြင့် သိရှိကာမတ္တ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ, သို့လော သို့လောတွေးတောခြင်း ဝိစိကိစ္ဆာ အစားစားတို့ ဖြစ်ပွားတတ်သမျှ အားလုံးတို့သည် မောဟဟိတ်တပါးတည်း (ဝါ)တွေ့ဝေခြင်းအကြောင်းရင်း တပါးတည်း ရေသောက်မြစ်ကြီးကြောင့်သာ ကိုယ်အမူအရာ, နှုတ်အမူအရာ စိတ်အမူအရာအမျိုးမျိုး ဟေတုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်တရားတို့(ဝါ)ဒုစ္စရိတ ဒုရာစာ၀ အကုသလအစားစား ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွါးကြကုန်၏ဟု အကုသိုလ်ဘက်က ငါပဋ္ဌာန်းတရားအရကို သိရှိကြပါလေ။

---

## ၁၀။ ဟေတုကုသလာဗျာကတတို့ကိုလည်း စာပဋ္ဌာန်း ရွှာပဋ္ဌာန်း ငါပဋ္ဌာန်း တရားနှင့် ထင်ရှားအောင် ဖော်ပြချက်

(တနည်း) ပုထုဇဉ်, သေက္ခ ရှိသမျှတို့ (၆) ဒွါရတို့မှာ (ဝါ) အပေါက်ခြောက်ပေါက်တို့မှာ အာရုံခြောက်ပါးတို့ ထင်ရှားတွေ့ထိကြသောအခါ ကုသိုလ်ဖြစ်လောက်အောင် (ဝါ) ကောင်းတဲ့သဘော ဖြစ်လောက်အောင် အသင့်အတင့် နှစ်လုံးသွင်းခြင်း ယောနိသောမနသိကာရနှင့် စောင့်စည်းခြင်း သံ၀ရတရားစသည်များတို့ ထင်ရှားရှိသူတို့မှာ အာရုံခြောက်ပါး ဣဋ္ဌာရုံစသည် အစားစားတို့နှင့် တွေ့ကြုံကြငြားသော်လည်း ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာသော ကုသလာဓမ္မာဘက် (ဝါ) ကောင်းတဲ့သဘောဘက်သို့သာ စိတ်သွားနှစ်လုံးထား ကူးသွားတတ်ကြရာတွင် အယုတ်ဆုံး ကံ, ကံ၏အကျိုးကို ယုံကြည်၍ ပြုကြပါမူ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်သုံးပါး (ဝါ) မလိုချင်သည့်အကြောင်း, မပြစ်မှားသည့်အကြောင်း, မတွေ့ဝေသည့် အကြောင်းသုံးပါး၊ ဉာဏ်မယှဉ်ပါမူ အလောဘဟိတ်, အဒေါသဟိတ် (၂) ပါး (ဝါ) မလိုချင်သည့် အကြောင်း, မပြစ်မှားသည့်အကြောင်း (၂) ပါး ရေသောက်မြစ်ကြီးများကြောင့်သာ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူ

အရာအမျိုးမျိုး ဟေတုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်တရားတို့ (ဝါ) သုစရိတ၊ သုရာဇိဝ ကုသလအစားစား တိဟိတ် ငါပဌာန်းတရား, ဒွိဟိတ်ငါပဌာန်းတရားတို့ ဖြစ်ပွားကြကုန်၏ဟု ကုသိုလ်ဘက်က ငါပဌာန်းတရားအရကို သိရှိကြပါလေ။

ထိုမှတပါး ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများတို့မှာမူကား ထိုထိုအာရုံတို့ကို (၆) ဒွါရတို့နှင့် တွေ့ရှိကြတိုင်းသော အခါတို့မှာ ယောနိသောမနသိကာရနှင့် စောင့်စည်းခြင်း သံဝရတရား စသည်များတို့နှင့်သာ ကြိယာဇောတို့ချည်း ဖြစ်ကြရာ၌ ကုသိုလ် အကုသိုလ်များတို့ကဲ့သို့ ကောင်း မကောင်းသော အကျိုးကိုလည်း မပေးတတ်ပဲ ပုပ္ဖကာမတ္တ အမှုအရာ ဗျာပါရမျှတို့ချည်းပဲ ဖြစ်ကြသည့်အထဲမှာ ဉာဏ်မယှဉ်ပါမူ အလောဘဟိတ်, အဒေါသဟိတ် (၂) ပါး၊ ဉာဏ်ယှဉ်ပါမူ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်(၃)ပါး ရေသောက်မြစ်ကြီးများကြောင့်သာ ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာအမျိုးမျိုး, အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ပွားကြကုန်၏ဟု အဗျာကတဘက်က ငါပဌာန်းတရားအရကို သိရှိကြပါလေ။ ဤသည်ကား ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ သိရှိသမျှ ဆောင်ရွက်သမျှအားလုံးတို့မှာ ကြိယာအဗျာကတဇော အစားစားတို့နှင့်သာ ငါပဌာန်းတရားအရကို ပြချက်ပေတည်း။

(တနည်း) သဟိတ်ကြိယာ အဗျာကတဇောတို့သာ ဟေတုပစ္စည်းများ ငါပဌာန်းတရားတို့ ဖြစ်နေကြတာ မဟုတ်သေး။ သဟိတ်ပဋိသန္ဓေ, ဘဝင်, စုတိတို့မှာ ပါသည့်ဟိတ် (၂) ပါး, (၃)ပါးတို့ကလည်း ဟေတုပစ္စည်းများ ငါပဌာန်းတရားတို့ ဖြစ်ကြကုန်၏။ ဤပဋိသန္ဓေ, ဘဝင်, စုတိတို့ကား (၆) ဒွါရတို့၌ ဖြစ်ကြသော စိတ်တို့မဟုတ်ကြကုန်။ ထို (၆) ဒွါရတို့မှ လွတ်ကြသော ဒွါရဝိမုတ်စိတ်တို့ ဖြစ်ကြကုန်၏။ ဤသို့ ကုသိုလ်, အကုသိုလ်, အဗျာကတဟိတ်တို့က သတ္တဝါတိုင်းတို့မှာ ငါပဌာန်းတရားအစစ် ဖြစ်နေကြသည်ကို သိစေလို၍ "ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော"ဟု ပဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်သည်ကို အလွယ်နည်းနှင့် သိစေလို၍—

လော-ဒေါ-မောဟော၊ မိုက်မှားနေ၊ မှတ်လေဟေတု ကြောင်းရင်းစု။
အလော-အဒေါ၊ အမော သုံးထွေ၊ ကောင်းမြတ်နေ၊ မှတ်လေဟေတု
ကြောင်းရင်းစု။ ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

## ၁၁။ ဉာဏသမ္ပယုတ်ဖြစ်ပွားရန်နှင့် တိဟိတ်ဥက္ကဋ္ဌဖြစ်ရန်ကို ဖော်ပြချက်

ရှေးက ပြခဲ့ပြီးသောကုသိုလ်အဗျာကတဟိတ်သုံးပါး ပစ္စည်းတရားဖြစ်ကြရာ၌ အယုတ်ဆုံး ကံ, ကံ၏အကျိုးကို ယုံကြည်သိရှိ၍ ပြုလုပ်ပြောဆိုကြံစည်ကြပါမူ ဉာဏသမ္ပယုတ်ဖြစ်ကြောင်း၊ ဤသို့မျှမသိပါမူ ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်းများကို ထင်ရှားသိစေလို၍—

> ကမ္မဉ္စ ဖလဉ္စ သဒ္ဒဟိတွာ ကတံ သမ္ပဇာနကတံနာမ။ ကမ္မံပိ ဖလံပိအဇာနိတွာ ကတံ အသမ္ပဇာနကတံနာမ။ သမ္ပဇာနကရဏံ ပန စတူဟိဉာဏသမ္ပယုတ္တေဟိ။ အသမ္ပဇာနကရဏံ စတူဟိ ဉာဏဝိပ္ပယုတ္တေဟိ။ (အဋ္ဌသာလိနီ။)

ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ကတံ၊ ပြုခြင်းသည်။ သမ္ပဇာနကတံနာမ၊ ပညာဖြင့် ဆင်ခြင်၍ ပြုခြင်းမည်၏။ ကမ္မံပိ၊ ကံကိုလည်းကောင်း။ ဖလံပိ၊ အကျိုးကိုလည်းကောင်း။ အဇာနိတွာ၊ မသိမူ၍။ ကတံ၊ ပြုခြင်းသည်။ အသမ္ပဇာနကတံနာမ၊ ပညာဖြင့် မဆင်ခြင်မူ၍ ပြုခြင်းမည်၏။ သမ္ပဇာနကရဏံပန၊ ပညာဖြင့် ဆင်ခြင်၍ ပြုခြင်းမည်သည်ကား။ စတူဟိ ဉာဏသမ္ပယုတ္တေဟိ၊ ဉာဏသမ္ပယုတ် လေးပါးတို့ကြောင့်။ ဟောတိ၊ ဖြစ်၏။ အသမ္ပဇာနကရဏံ၊ ပညာဖြင့် မဆင်ခြင်ပဲပြုခြင်းသည်။ စတူဟိ ဉာဏဝိပ္ပယုတ္တေဟိ၊ ဉာဏဝိပ္ပယုတ် လေးပါးတို့ကြောင့်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) အကျိုးနှင့်ကံ၊ သိသူမှန်၊ ဖြစ်ရန်ဉာဏ သမ္ပယုတ္တာ။

(၂) အကျိုးနှင့်ကံ၊ မသိမှန်၊ ဖြစ်ရန်ဉာဏ ဝိပ္ပယုတ္တာ။

ဟု အဋ္ဌသာလိနီအဋ္ဌကထာ မိန့်မှာတော်မူတိုင်း ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်, တိဟိတ်အဗျာကတတို့ လက်ငင်းဖြစ်ကြခြင်းကို အသေအချာသိကြပါလေ။

ထိုမှတပါး ဉာဏ်ဖြစ်ပွားရန် အကြောင်းကံကို ပြုလိုကြပြန်မူ မိမိတို့ကိုယ်တိုင် သူတပါးတို့အား တရားသဖြင့် ဟောပြောပြသ ဆုံးမပဲ့ပြင် သွန်သင်ပို့ချခြင်း၊ အပြစ်မရှိသော အသက်မွေးကြောင်းဖြစ်သော အတတ်များ အမှုများ, ပညာများကို သင်စေခြင်း၊ ထိုထို ဓမ္မကထိကတို့အား ပူဇော်သက္ကာရကိုပြု၍ တရားဓမ္မကို ဟောပြောပို့ချ ဆုံးမပဲ့ပြင် သွန်သင်စေခြင်း၊ ကုသိုလ်ပြုတိုင်းတို့မှာ ပညာကြီးရပါလို၏ဟု ဆုတောင်းခြင်း စသည်တို့ကို ပြုလုပ်ကြက

ပညာကြီးခြင်း၏အကြောင်း ကောင်းမြတ်သော ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်ကြောင်းကို—

ယော ဟိ ပရေသံ ဓမ္မံ ဒေသေတိ၊ အနဝဇ္ဇာနိ သိပ္ပာယတနကမ္မာယတနဝိဇ္ဇာဋ္ဌာနာနိ သိက္ခာပေတိ၊ ဓမ္မကထိကံ သက္ကာရံ ကတွာ ဓမ္မံ ကထာပေတိ၊ အာယတိံ ပညာဝါ ဘဝိဿာမီတိ ပတ္ထနံ ပဌပေတွာ နာနပ္ပကာရံ ဒါနံ ဒေတိ၊ တဿ ဧဝရူပံ ကမ္မံ ဥပနိဿာယ ကုသလံ ဥပ္ပဇ္ဇမာနံ ဉာဏသမ္ပယုတ္တံ ဥပ္ပဇ္ဇတိ။

ဟိ၊ မှန်၏။ ယော၊ အကြင်ဓမ္မကထိက စာချ စာသင် စသောပုဂ္ဂိုလ်သည်။ ပရေသံ၊ သူတပါးတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောဇပြောပြသ ဆုံးမပဲ့ပြင် သွန်သင် ပို့ချ၏။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ သိပ္ပာယာတနကမ္မာယတနဝိဇ္ဇာဋ္ဌာနာနိ။ အသက်မွေးကြောင်း ဖြစ်ကုန်သော အတတ်အမှုပညာတို့ကို။ သိက္ခာပေတိ၊ သင်စေတတ်၏။ ဓမ္မကထိကံ၊ တရားဟောပုဂ္ဂိုလ်စသည်ကို။ သက္ကာရံ၊ ကောင်စွာပြုအပ် ပူဇော်သက္ကာရ အရပ်ရပ်ကို။ ကတွာ၊ ပြု၍။ ဓမ္မံ၊ တရားကို။ ကထာပေတိ၊ ပြောဟောပို့ချ ဆုံးမပဲ့ပြင် သွန်သင်စေ၏။ အာယတိံ၊ နောင်အခါ၌။ ပညာဝါ၊ ပညာရှိသောသူသည်။ ဘဝိဿာမိ၊ ဖြစ်ရလို၏။ ဖြစ်ရပါလတ္တံ့။" ဣတိ၊ ဤသို့။ ပတ္ထနံ၊ တောင့်တခြင်းကို။ ပဌပေတွာ၊ ဖြစ်စေ၍။ နာနပ္ပကာရံ၊ အထူးထူးအပြားပြား များစွာသော။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏၊ တဿ၊ ထိုသူ၏။ (ဝါ) ထိုသူအား။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ကမ္မံ၊ အမှုကို။ ဥပနိဿာယ၊ မှီ၍။ ကုသလံ၊ ကုသိုလ်သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သည်ရှိသော်။ ဉာဏသမ္ပယုတ္တံ၊ ဉာဏ်နှင့် ယှဉ်သော ကုသိုလ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဆောင်ပုဒ်

ပြောဟောသင်စေ၊ ဟောကြားစေနှင့်၊ တထွေဆုတောင်း၊

လေးပါးပေါင်း၊ကြီးကြောင်းဉာဏ မှတ်ကုန်ကြ။

ဟု အဋ္ဌသာလိနီ အဋ္ဌကထာ မိန့်မှာတော်မူတိုင်း ဉာဏသမ္ပယုတ်ဖြစ်ကြောင်း နည်းကောင်း နည်းမြတ်တို့ကို ရရှိမှတ်မိကြ၍ အရာရာတိုင်းတို့မှာ ဉာဏ်ကြီးကြောင်း အလုပ်ကို အားထုတ် ပြုလုပ်နိုင်ကြပါစေသတည်း။ ဤကား တိဟိတ်ကုသိုလ်အလုပ်ကို အားထုတ်ရန် အကျဉ်းချုပ်တည်း။

ဤဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်တို့က တိဟိတ်ပဋိသန္ဓေ အကျိုးကို ရအောင်ကား ကုသိုလ်ပြုဆဲအခါ ရှေ့နောက်အဖို့တို့မှာ အကုသိုလ် မခြံရံပါပဲ ကုသိုလ်တွေသာ ဝမ်းမြောက် ဝမ်းသာ ခြံရံ၍ ပြုခြင်း၊ ကုသိုလ် ပြုပြီးသော

အခါတို့မှာလည်း ၎င်းပြုပြီး ကုသိုလ်တို့ကို အဖန်ဖန် လေ့လာပွားများ နှလုံးထားခြင်း အမှုတို့ကိုပြုက ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌဖြစ်၏။ ထို့မှတပါး ကုသိုလ်ပြုဆဲအခါ ရှေ့နောက်အဖို့တို့မှာ အကုသိုလ်ခြံရံ၍ပြုခြင်း၊ ကုသိုလ်ပြုပြီး အခါတို့မှာလည်း ၎င်းကုသိုလ်တို့ကို နှလုံးမသာခြား ဒေါမနဿပွားခြင်း စသည်တို့ကိုပြုပါက ဉာဏသမ္ပယုတ် တိဟိတ် ဩမကသာ ဖြစ်ကြောင်းကို—

> ဥက္ကဋ္ဌန္တိ ကုသလပရိဝါရလာဘတော ပစ္ဆာ အာသေဝနပ္ပဝတ္တိယာ ဝါ ဝိသိဋ္ဌံ။ ယံ ဟိ ကမ္မံ အတ္တနော ပဝတ္တိကာလေ ပုရိမပစ္ဆာ-ဘာဂပဝတ္တေဟိ ကုသလကမ္မေဟိ ပရိဝါရိတံ ပစ္ဆာ ဝါ အာသေဝန-လာဘေန သမုဒါစိဏ္ဏံ ဥက္ကဋ္ဌံ။

ဥက္ကဋ္ဌန္တိ၊ ဥက္ကဋ္ဌဟူသည်ကား။ ကုသလပရိဝါရလာဘတော၊ ကုသိုလ်ခြံရံခြင်းကို ရသောကြောင့်။ ဝိသိဋ္ဌံဝါ၊ ထူးမြတ်သော ကုသိုလ်သည် လည်းကောင်း။ ပစ္ဆာ၊ နောက်မှ။ အာသေဝနပဝတ္တိယာ၊ အဖန်ဖန်လွန်စွာ မှီဝဲထုံခြင်း၏ ဖြစ်ခြင်းကြောင့်။ ဝိသိဋ္ဌံဝါ၊ ထူးမြတ်သောကုသိုလ်သည်လည်းကောင်း။ ဥက္ကဋ္ဌံ၊ ဥက္ကဋ္ဌကုသိုလ်မည်၏။ ဟိ၊ မှန်၏။ ယံကမ္မံ၊ အကြင်ကုသိုလ်ကံကို။ အတ္တနော၊ မိမိ၏။ ပဝတ္တိကာလေ၊ ဖြစ်ဆဲအခါ၌။ ပုရိမပစ္ဆာဘာဂပဝတ္တေဟိ၊ ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ကုန်သော။ ကုသလကမ္မေဟိ၊ ကုသိုလ်ကံတို့ဖြင့်။ (ဝါ) ကုသိုလ်ကံတို့သည်။ ပရိဝါရိတံ၊ ထက်ဝန်းကျင် ခြံရံအပ်၏။ ဝါ၊ တနည်းကား။ ပစ္ဆာ၊ နောက်မှ။ (ဝါ) နောက်၌။ အာသေဝနလာဘေန၊ အာသေဝနပစ္စည်း ပဋ္ဌာန်းနည်းကို ရသဖြင့်။ (ဝါ) အဖန်ဖန် လွန်စွာမှီဝဲ ထုံခြင်းကို ရသဖြင့်။ သမုဒါစိဏ္ဏံ၊ ပြုအပ် ကျင့်အပ် လေ့လာ ဆည်းပူး အပ်၏။ တံ၊ ထိုကုသိုလ် နှစ်ပါးသည်။ ဥက္ကဋ္ဌံ၊ မြတ်သော ဥက္ကဋ္ဌ ကုသိုလ်မည်၏။

> ယံပန ကရဏကာလေ အကုသလကမ္မေဟိ ပရိဝါရိတံ ပစ္ဆာ ဝါ ဒုက္ကဋကမ္မေတံ မယာတိ ဝိပ္ပဋိသာရုပ္ပါဒနေန ပရိဘာဝိတံ။ တံဩမကန္တိ ဒဋ္ဌဗ္ဗံ။

ယံပန၊ အကြင်ကုသိုလ်ကိုကား။ ကရဏကာလေ၊ ပြုဆဲအခါ၌။ အကုသလကမ္မေဟိ၊ အကုသိုလ်ကံတို့ဖြင့်။ (ဝါ) အကုသိုလ်ကံတို့သည်။ ပရိဝါရိတံ၊ ရှေ့နောက် ခြံရံဝိုင်းဝန်းအပ်၏။ (ဝါ) တနည်းတဖုံ တပါးတုံ။ ပစ္ဆာ၊ ပြုပြီးသည် နောက်မှ။ (ဝါ) နောက်၌။ မယာ၊ ငါသည်။ ဧတံ၊ ထိုကုသိုလ်ကို။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုအပ်၏။ ဣတိ၊ ဤသို့။ ဝိပ္ပဋိသာရုပ္ပါဒနေန၊ သဒ္ဓါကင်းပျက် မနှစ်သက်ခြင်းဖြစ်သော ဒေါမနဿစိတ်သည်။ ပရိဘာဝိတံ၊ ထုံအပ်၏။ တံ၊ ထိုကုသိုလ်နှစ်ပါးကို။ ဩမကန္တိ၊ ယုတ်ညံ့သောကြောင့် ဩမကကုသိုလ်မည်၏ ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## ဆောင်ပုဒ်

(၁) ကုသိုလ်ခြံရံ၊ အဖန်ဖန်ပွား၊ ဤနှစ်ပါး၊ မှတ်သားဥက္ကဋ္ဌ။

(၂) အကုခြံရံ၊ ဒေါသမာန်ပွား၊ ဤနှစ်ပါး၊ မှတ်သားဩမက။

ဟု ဝိဘာဝနီ ဋီကာ မိန့်မှာတော်မူသည်အရ တိဟိတ်ဥက္ကဋ္ဌကုသိုလ်, တိဟိတ်ဩမကကုသိုလ်များ ဖြစ်ပွားကြောင်းကို သိရှိကြရသည့်အတိုင်း ဤတိဟိတ်ကုသိုလ် အရာတိုင်းဘို့၌ ရှေ့နောက် အဖို့တို့မှာ လောဘ, ဒေါသ, မောဟတို့ မခြံရံပါမူ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တို့ချည်း ဖြစ်ကြပါ၍ ဝိပါက်အကျိုးတို့မှာ ဖြစ်ပွားကြသောအခါ တိဟိတ်ပဋိသန္ဓေ,တိဟိတ်ဘဝင်,တိဟိတ်စုတိတို့ချည်းသာ ဖြစ်ကြရာ၏။ အကယ်၍ ၎င်းတိဟိတ်ဇောတို့၏ ရှေ့နောက်အဖို့တို့မှာ လောဘ, ဒေါသ, မောဟတို့ ခြံရံပါမူ တိဟိတ်ဩမက ကုသိုလ်တို့ချည်းသာ ဖြစ်ကြပါ၍ ဝိပါက်အကျိုးများ ဖြစ်ပွားကြသောအခါ ဒွိဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ဘဝင်, ဒွိဟိတ်စုတိတို့ချည်းသာ ဖြစ်ကြကုန်ရာ၏။ အကယ်၍ ဉာဏ်မယှဉ်ပဲ ဒွိဟိတ်ဇောကုသိုလ်တို့၏ ရှေ့နောက်အဖို့တို့၌ လောဘ,ဒေါသ,မောဟတို့ မခြံရံပါမူ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်တို့ချည်းသာ ဖြစ်ကြပါ၍ ဝိပါက်အကျိုးများ ဖြစ်ပွားကြသောအခါ ဒွိဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ဘဝင်, ဒွိဟိတ်စုတိတို့ချည်းသာ ဖြစ်ကြကုန်ရာ၏။

ဤပဋိသန္ဓေ, ဘဝင်, စုတိတို့မှာလည်း တိဟိတ်ဖြစ်မူ အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါး၊ ဒွိဟိတ်ဖြစ်မူ အလောဘ, အဒေါသ ဟိတ်နှစ်ပါး ငါ ပဋ္ဌာန်းမဟာပစ္စည်းတရားတို့နှင့် ပဋိသန္ဓေနေကြ၊ ဘဝင်စိတ်နှင့် အိပ်ပျော်ခြင်း စသည်ဖြစ်ကြ၊ သေခြင်းစုတိစိတ် ဖြစ်ကြသည်။ စိတ်, စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့က ဟေတုပစ္စည်း၏ အကျိုး ပစ္စယုပ္ပန်တရားတို့ ဖြစ်ပွားကြသည်များကို အကျယ်တဝင့် ဖွင့်ကာရှုကြည့် သိရှိနိုင်ကြ၊ ပြောဟောနိုင်ကြ၊ ပေါက်ရောက်နိုင်ကြအောင် မကြာမကြာ အခါခါ ရှုကြည့်ကြပါလေ သူတော်ကောင်းတွေတို့။

အကယ်၍ ၎င်းဒွိဟိတ်ဇောတို့၏ ရှေ့နောက် အဖို့တို့မှာ လောဘ, ဒေါသ, မောဟတို့ ခြံရံပါမူ ဒွိဟိတ်ဩမက ကုသိုလ်တို့ချည်း ဖြစ်ကြပါ၍ ဝိပါက်အကျိုးများ ဖြစ်ပွားကြသောအခါ လူဖြစ်ပါလျက် စက္ခုသောတ စသည် ချို့တဲ့သော သုဂတိအဟိတ် ပဋိသန္ဓေ,ဘဝင်, စုတိတို့ချည်းသာ ဖြစ်ကြကုန်ရာ၏ဟု ပဋိသန္ဓေ, ဘဝင်, စုတိတို့ အကျိုးဖြစ်ပုံများကိုလည်း သိကြားနားလည်ကြပါလေ။

ဤသို့ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်အကြောင်းပြုမှ တိဟိတ်ပဋိသန္ဓေ အကျိုးရမည်ကို မသိရှိသူတို့က ဆုတောင်းမှ ရသည်ဟု ထင်မြင်ကြ၍ ဤကုသိုလ်ကြောင့် တိဟိတ်ပဋိသန္ဓေ ဆက်တိုင်း နေကြရပါလို၏ဟု ဆုတောင်းခြင်းကိုပြုသော ငါတို့ မိုးညှင်းတောရအနီး ကူတောဘုန်းကြီး

တပည့်တို့က ဆုတောင်းကြသည့်၌ ဇင်းကူတောဘုန်းကြီးက "ဟဲ့ အမိုက်မသားတို့ တိဟိတ်ဆိုတာ ဆုတောင်း၍ ရတာမျိုးမဟုတ် ရှေ့က ပြခဲ့တိုင်း တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တို့ကိုပြုမှ တိဟိတ်ပဋိသန္ဓေအကျိုးကို ပေးနိုင်ကြသောကြောင့် ယခုကာလ ခေတ်ကောင်းတုန်းအခါမှာ မဆိုထားနှင့်ဦး၊ ခေတ်ဆိုးခေတ်ဝါး ကမ္ဘာပျက်သော အခါကြီးများမှာတောင် ဖြစ်ပျက်သမျှသတ္တဝါ အစားစားတို့ တိဟိတ်ချည်း ဖြစ်ပွားကြ၍ ဗြဟ္မာ့ပြည်သို့ချည်း လားရသည်ကို ထောက်ထား၍ တိဟိတ်ဆိုတာ ခွေးပေါဝက်ပေါ ပေါသည်" ဟု ကူဘောဘုန်းကြီးက ဟောပြလေသတည်း။

ဤသည်တို့ကား ကုသိုလ်အဗျာကတတို့မှာ ဟိတ်သုံးပါး၊ နှစ်ပါးတို့က တကွဖြစ်သော စိတ်၊ စေတသိက်နှင့် ကိုယ်အမူအရာ စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံ အကျဉ်းချုပ်မျှ ပြအပ်ပါသတည်း။ နောက်မှ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့ ဤလောကကြီးတို့မှာ သူငါအစားစားတို့ ဖြစ်ပွားနေကြပုံနှင့် ပဋ္ဌာန်းပစ္စည်း အနည်းနည်းတို့ ကျေးဇူးပြုနေကြပုံများကို အကျယ်တဝင့် ဖွင့်၍ ပြလတ္တံ့ ပါသတည်း။

ဟေတုပစ္စည်းအတိုချုပ်၍ ဝိပဿနာအလုပ်ပေးရန်—

ဤဟေတုပစ္စည်းကို ရှေးက ကုသိုလ်၊ အကုသိုလ်၊ အဗျာတက သုံးစားတို့နှင့် ပြခဲ့သည်များကို အကျဉ်းချုပ်ပြဆိုရပါမူ–(၆) ဒွါရတို့ဖြင့် (၆)အာရုံတို့ကို သိရှိသမျှသော ဇောစိတ်တို့ကား ကုသိုလ်ဖြစ်လောက်အောင် အသင့်အတင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရနှင့် စောင့်စည်းခြင်းသံဝရ စသော သူတော်ကောင်း အလေ့မရှိသူတို့ ကောင်းတာတွေကိုမြင်လျှင် ဘာဟိတ်ဖြစ်မလဲ၊ လောဘဟိတ်၊ မောဟဟိတ်ဖြစ်ပါသည်။ ( တနည်း ) အလှကောင်မကို အလှကောင်ထီးကို အလှပစ္စည်းကို အလှကာမဂုဏ်တွေကိုမြင်လျှင် ဘာဟိတ်ဖြစ်မလဲဟု ဤလောကမှာရှိသည့် အကောင်းတွေကို ခွဲစိတ်၍ မေးသမျှတို့ကို လောဘဟိတ်၊ မောဟဟိတ်တို့ ဖြစ်ပါသည်ဟု ဖြေလေ။ တဖန် မကောင်းတာတွေကို မြင်လျှင် ဘာဟိတ်ဖြစ်မလဲ၊ ဒေါသဟိတ်၊ မောဟဟိတ်ဖြစ်ပါမည်။ (တနည်း) ရန်သူမကို ရန်သူထီးကို မစင်ကို ခွေးကောင်ပုပ် စသည်တို့ကို မြင်လျှင် ဘာဟိတ်ဖြစ်မလဲဟု မကောင်းတဲ့အာရုံတွေကို ခွဲစိတ်၍ မေးသမျှတို့ကို ဒေါသဟိတ်၊ မောဟဟိတ်တို့ ဖြစ်ပါမည်ဟု ဖြေလေ။ တဖန် သမညဝတ္ထုတွေကို မြင်လျှင် ဘာဟိတ်ဖြစ်မလဲ၊ မောဟဟိတ် ဖြစ်ပါမည်။ (တနည်း) သာမညဖြစ်ကြသည့် မြေကို မြက်ကို တောကို တောင် စသည်တို့ကို မြင်လျှင် ဘာဟိတ်ဖြစ်မလဲဟု ခွဲစိတ်၍ မေးသမျှတို့ကို မောဟဟိတ်တို့ ဖြစ်ပါမည်ဟု ဖြေလေ။ ဤကား အကုသိုလ်ဇော ဖြစ်ပုံ အမေး အဖြေတည်း။

ထိုမှတဖန် ဆရာသမားတို့ အထံက ဝိပဿနာရှုရန်ကို ရ၍ တွေ့မြင်သမျှ တိုင်းတို့မှာ ဝိပဿနာရှုလိုပါမူ ကောင်းတာတွေ မြင်သိသမျှတို့လည်းပျက်၊ ဆိုးတာတွေ မြင်သိသမျှတို့လည်းပျက်၊ သာမညတွေကို မြင်သိသမျှတို့လည်း ပျက်၊ ၎င်းအပျက်ကို ပါဠိလို အနိစ္စ ဆို၏။ ၎င်းအပျက် အနိစ္စကို အပန်ဖန် ရှုမှုကို ဝိပဿနာ ဆို၏။ ဤမြင့်သိ့ပျက် အနိစ္စဝိပဿနာကို ထိုဟို ဇောဝိထိ ဖြစ်သမျှတို့မှာ ဟေတုပစ္စည်းတို့နှင့်ချည်း ဖြစ်ကြပါသော မြင့်သိ ဇောတို့ အသစ်အသစ် ပြောင်းသမျှ အဟောင်းအဟောင်းတို့ အမြဲ ပျက်ပျက်လိုက်နေ သည်တို့ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ"ဟု အခါခါရှုကြစေရန် စိတ်ရည်သန်၍ (ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စဟု ထင်အောင်ရှု)ဟု ရေးပြ အပ်ပါသတည်း။

ဤမျက်စိပေါက်အတူ နားပေါက် စသည်တို့မှာလည်း ကောင်းတာတွေကို ကြားကြ နမ်းကြ စားကြ တွေ့ကြ ကြံကြသည်၌ လောဘဟိတ်, မောဟဟိတ်၊ ဆိုးတာတွေကိုတော့ဒေါသဟိတ်, မောဟဟိတ်၊ သာမညတွေကိုတော့ မောဟဟိတ် တို့ ဖြစ်နိုင်ကြောင်းကို မေးလေ ဖြေလေ။ ဝိပဿနာအရာမှာကား – ကောင်းတာ သိသမျှတို့လည်းပျက်၊ ဆိုးတာသိသမျှတို့လည်းပျက်၊ သာမညသိသမျှတို့လည်း ပျက်၊ ဤသို့ ပျက်ပျက်လိုက်သမျှတို့ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ, အနိစ္စ"ဟု အခါခါရှုကြပါလေ။ ဤကား လူမဆိုထားနှင့်ဦး တိရစ္ဆာန် အပါယ် သားတို့ပင် (၆) ဒွါရတို့မှာ လောဘ, ဒေါသ, မောဟ စသော ဟေတုပစ္စည်း ပဋ္ဌာန်းတရားကြီးတို့ အသီးသီးဖြစ်နိုင်ကြပုံများကို စာမတတ်သူတို့ပင် သိသာ ထင်မြင်ကြအောင် ကြံဆောင်ရေးပြချက်တို့ပေတည်း။ (ဩဘ)ဤသို့ သိလွယ် အောင် ရေးသားထားသည်ကို မသိ သိအောင် အထပ်ထပ် ကြည့်ခဲ့စွ၊ ကြံခဲ့စွ၊ မေးခဲ့စွ၊ နှလုံးသွင်းခဲ့စွ။ ဤကား သဟဇာတတ္တိမျိုးထဲမှာပါသည့် ဟေတုပစ္စည်း အရ အကျဉ်းမျှ ပြချက်ပါတည်း။

ဤသဟဇာတတ္တိမျိုး၌ ရထိုက်သော ပစ္စည်းတို့ကား—

(၁) ဟေတု (၂) သဟဇာတာဓိပတိ (၃) သဟဇာတ (၄) အညမည (၅) သဟဇာတ နိဿယ (၆) သဟဇာတ ကမ္မ (၇) ဝိပါက (၈) နာမ် အာဟာရ (၉) သဟဇာတိန္ဒြိယ (၁၀) ဈာန (၁၁) မဂ္ဂ (၁၂)သမ္ပယုတ္တ (၁၃) သဟဇာတဝိပ္ပယုတ္တ (၁၄) သဟဇာတတ္ထိ (၁၅) သဟဇာတအဝိဂတ ဤတဆယ့်ငါးပါး ပစ္စည်းတရားတို့သည် တကွဖြစ်ကြသော နာမက္ခန္ဓာနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ထိုက်သင့်သည် အားလျော်စွာ မိမိ မိမိ တို့၏ ဟေတုစသောသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ။

ဟေတုပစ္စည်းအကျဉ်း ပြီး၏။

## ၁၂-အာရမ္မဏပစ္စည်းအရ အကျဉ်းမျှ ပြချက်

ဟေတုပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အာ-ရမ္မဏပစ္စည်းများ ရှစ်စားတို့တွင် ပဌမ အာရမ္မဏမျိုးကို ဟောကြားတော်မူ၏။ ဤအာရမ္မဏပစ္စည်း၌လည်း စာပဋ္ဌာန်း, ရွာပဋ္ဌာန်း, ငါပဋ္ဌာန်းဟူ၍ သိကြား နားလည်လွယ်ကြရန် သုံးတန်သုံးပါး အပြားရှိရာတွင် စာပဋ္ဌာန်းအရကို ပြဆို ရပါမူ—

> အာရမ္မဏပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံ သမ္ပ-ယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စ-ယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ရသာယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော။ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာ-ယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံ သမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ သဗ္ဗေဓမ္မာ မနော-ဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ယံ ယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဤသည်တို့ကား စာပဋ္ဌာန်းအရတည်း။ ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်း အရနှင့် ပြဆိုရပါမူ—

အာရမ္မဏပစ္စယောတိ၊ အာရမ္မဏပစ္စည်း ဟူသည်ကား။ ရူပါယတနံ၊ အဆင်း ဝဏ္ဏ ရှိသမျှဥဿုံ ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိ သဘာဝ စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏ-ပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒါယတနံ၊ အသံသဒ္ဒ ရှိသမျှဥဿုံ သဒ္ဒါရုံသည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိသဘာဝ သောတဝိညာဏဓာတ်အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထိုသောတ-ဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော-

ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဂန္ဓာ-ယတနံ၊ အနံ့ဂန္ဓ ရှိသမျှသည်သို့ ဂန္ဓာရုံသည်၊ ဃာနဝိညာဏဓါတုယာစ၊ နံသိသဘာဝ ဃာနဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရသာယတနံ၊ ခြောက်ပါးရသ ရှိသမျှသည်သို့ ရသာရုံသည်။ ဇိဝှါဝိညာဏဓာတုယာစ၊ စားသိသဘာဝ ဇိဝှါဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ။ ထိုဇိဝှါဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖောဋ္ဌဗ္ဗာ-ယတနံ၊ တွေ့ထိအပ်လှ ရှိသမျှသည်သို့ ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏ ဓာတုယာစ၊ တွေ့သိသဘာဝ ကာယဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်လည်းကောင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်လည်းကောင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်လည်းကောင်း။ ရသာယတနံ၊ ရသာရုံသည်လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း။ မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ မနောဝိညာဏဓာတုယာစ၊ ကြံသိသဘာဝ မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယံယံဓမ္မံ၊ အကြင်အကြင်အာရုံခြောက်ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရား ဖြစ်ကုန်သော။ ယေယေဓမ္မာ။ အကြင်အကြင် အာရုံပြုငြား ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထိုအာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံတေသံဓမ္မာနံ၊ ထိုထိုအာရုံပြုငြား စိတ်စေတသိက်

ပစ္စယုပ္ပန်တရားတို့အား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြွမှု ကျေးဇူးပြုသည်။ ယောဇနာ ဖြစ်၏။

ဆောင်ပုဒ်

(၁) အာရုံငါးထွေ၊ ငါးဝိညေ၊ မှတ်လေအာရမ္မဏ၊ ကြောင်းကျိုးရ။

(၂) အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ်အာရမ္မဏ၊ ကြောင်းကျိုးရ။

(၃) အာရုံခြောက်ရပ်၊ ဝိညာဏဓာတ်၊ စွဲမှတ်အာရမ္မဏ၊ ကြောင်း ကျိုးရ။

(၄) အာရုံရှိသမျှ၊ ကျိုးဖလမှ၊ စိတ္တစေသာ၊ မှတ်ပါအာရမ္မဏ၊ အချုပ်ပြ။

(၅) အာရုံအာရမ္မဏ၊ ပြောင်းလေဘိ၊ မှတ်သိအနိစ္စ၊ ရှုပါကြ။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤပါဠိတော်လာ မြန်မာပြန်စကားကို အကျဉ်းချုပ်ပြဆိုရသော် အဆင်းကြောင့် မြင်သိဖြစ်၊ အသံကြောင့် ကြားသိဖြစ်၊ အနံ့ကြောင့် နံ့သိဖြစ်၊ အရသာကြောင့် စားသိဖြစ်၊ အတွေ့ကြောင့် တွေ့သိဖြစ်၊ အာရုံခြောက်ပါးကြောင့် ကြံသိဖြစ်၊ ပေါင်းအာရုံခြောက်ပါး အာရမ္မဏပစ္စည်းတရားတို့တည်းဟု ပြဆိုအပ်၏။ ဤမြန်မာပြန်စကားတို့သည်ကား ဒွာပဋ္ဌာန်း စကားတို့တည်း။

**အာရမ္မဏပစ္စည်းတရားအစစ် သတ္တဝါတိုင်းမှာဖြစ်နေကြတာကို စာမတတ်သူပါ သိသာအောင်ဖော်ပြချက်**

ဤစာပဋ္ဌာန်း၊ ရှာပဋ္ဌာန်းအရတို့ကို သူငါတို့အကွင်းမှာ အချင်းခပ်သိမ်း များသောအားဖြင့် ဖြစ်ပျက်ရှိနေကြသော ငါပဋ္ဌာန်းအရကို ဘယ်ဘာသာမဆို မဟုတ်ဘူး မမှန်ဘူးဟု မငြင်းဆန်နိုင်ကြအောင် ထင်ရှားရှိ ထင်ရှားသိနေကြသည်ကို ပြဆိုရပါမူ—

မျက်စိပေါက်က တသက်လုံး မြင်သိဖြစ်နေသမျှသော စိတ်စေတသိက် သဘောတရားတို့သည် မြင်စရာ အဆင်း အာရုံ အကြောင်းအာရမ္မဏပစ္စည်း ရှိမှသာလျှင် မြင်သိလုံးဖြစ်နိုင်ကြသည်ကို မည်သည့်ဘာသာကမျှ မငြင်းဆိုနိုင် ကြသည်လည်းတချက်၊

နားပေါက်က တသက်လုံး ကြားသိဖြစ်နေကြသမျှသော စိတ်စေတသိက် သဘောတရားတို့သည် ကြားရာ အသံ အာရုံ အကြောင်း အာရမ္မဏ ပစ္စည်းရှိမှသာလျှင် ကြားသိလုံး ဖြစ်နိုင်ကြသည်ကို မည်သည့်ဘာသာကမျှ မငြင်းဆိုနိုင်သည်လည်းတချက်၊

နှာခေါင်းပေါက်က တသက်လုံး နံသိဖြစ်နေသမျှသော စိတ်စေတသိက် သဘောတရားတို့သည် နံစရာ အနံ့ ဂန္ဓာရုံ, အကြောင်း အာရမ္မဏပစ္စည်းရှိမှသာလျှင် နံသိလုံး ဖြစ်နိုင်သည်ကို မည်သည့်ဘာသာကမျှ ငြင်းဆိုနိုင်ကြသည်လည်းတချက်၊

လျှာပေါက်က တသက်လုံး စားသိဖြစ်သမျှသော စိတ်စေတသိက် သဘောတရားတို့သည် စားစရာ အရသာဝတ္ထု, အာရုံအကြောင်း အာရမ္မဏပစ္စည်း ရှိမှသာလျှင် စားသိလုံး ဖြစ်နိုင်ကြသည်ကို မည်သည့်ဘာသာကမျှ မငြင်းဆန်နိုင်ကြသည်လည်းတချက်၊

ကိုယ်ပေါက်က တသက်လုံး တွေ့သိဖြစ်နေကြသမျှသော စိတ်စေတသိက် သဘောတရားတို့သည်တွေ့စရာအကြမ်းတွေ့အနူးတွေ့ အပူတွေ့ အအေးတွေ့အတိုးအဝှေ့တွေ့ ဖောဋ္ဌဗ္ဗာရုံ, အကြောင်း အာရမ္မဏပစ္စည်းရှိမှသာလျှင် တွေ့သိလုံး ဖြစ်နိုင်ကြသည်ကို မည်သည့်ဘာသာကမျှ မငြင်းဆန်နိုင်ကြသည်လည်းတချက်၊

မနောပေါက်က တသက်လုံး ကြံသိဖြစ်နေသမျှသော စိတ်စေတသိက် သဘောတရားတို့သည် ကြံစရာ ရူပါရုံကိုသော်လည်းကောင်း၊ သဒ္ဒါရုံကိုသော်လည်းကောင်း၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံကိုသော်လည်းကောင်း၊ ထိုအာရုံငါးပါးတည်းဟူသော ဂေါစရရုပ် ခုနစ်ပါးမှ ကြွင်းသော ရုပ်နှစ်ဆယ့်တပါး စေတသိက်မျ ားနှင့်တကွ ထိုထိုပညတ် အစားစားတည်းဟူသော ဓမ္မာရုံကိုသော်သည်းကောင်း အာရုံပြုစရာ အာရမ္မဏပစ္စည်း ရှိမှသာလျှင် ကြံသိလုံး ဖြစ်နိုင်ကြသည်များကို မည်သည့်ဘာသာကမျှ မငြင်းဆန်နိုင်ကြသည်လည်း တချက်၊

ဤအာရုံအကြောင်းနှင့် စိတ် စေတသိက် အကျိုးတရားပေါင်း ခြောက်စား (၀ါ) ခြောက်ပါး အာရမ္မဏပစ္စည်း, ပစ္စယုပ္ပန် ငါပဋ္ဌာန်းတရားတို့ လူ နတ် ကျွဲ နွား သတ္တဝါ အစားစားတို့မှာ ဖြစ်နေကြတာကို မည်သည့်ဘာသာကမျှ မဟုတ်ဘူး မဖြစ်ဘူးလို့ မငြင်းဆန်နိုင်ကြပဲ ထိုအာရုံ ခြောက်ပါးတို့အကြောင်းကြောင့် သိလုံးခြောက်စားတို့ သူငါတိုင်းတို့မှာ စိတ်သိညာဏ်မြင် အထင်အရှားဖြစ်ကြပြားသောကြောင့် ဓာတတ်သူ မတတ်သူအာလုံးတို့က ဟုတ်လှပါပေတယ် မှန်လှပါပေတယ်ဟူ၍သာ လွယ်လွယ်ကလေးနှင့်သာ ဝန်ခံနိုင်ကြကုန်ရာ၏၊ (၀ါ) ဝန်မခံပဲ မနေနိုင်ရာ။

ဤသည်တို့ကား သတ္တဝါတိုင်းတို့မှာ နေ့စဥ်ထာဝရ မဖြစ်ချင်ပေတဲ့ မနေရအောင် အတင်းအဓမ္မ အာရုံ,အာရမ္မဏိက ငါပဋ္ဌာန်းတရားတွေ ဖြစ်နေကြတာကို ဤပဋ္ဌာန်းတရားကြီးများက လွတ်အောင် ရှောင်ရှားနိုင်ကြပါမူ ဆုငွေ (၁၀၀၀ိ)မက ပေးကြမည်ဆိုတောင် လွတ်အောင် ပရှောင်ရှားနိုင်သေ

မြို့ပြပြည်ရွာ အိမ်တကာနှင့် ဤကမ္ဘာလောကကြီးများအတွင်း ဖြစ်ပျက်ခြင်း ရှိနေကြသော စာတတ်သူ စာမတတ်သူ သတ္တဝါတိုင်းတို့မှာ ငါပဋ္ဌာန်းတရား ကြီးများ ထင်ထင်ရှားရှား ပေါ်ပေါ်များများကြီး ဖြစ်နေကြချက် နည်းအမြွက် တို့ကို သိစေလို၍ "ရူပါရမ္မဏံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော" စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားဟောတော်မူအပ်သည်ကို အလွယ်နည်းနှင့် သိစေလိုပြန်၍ (အာရုံငါးထွေ၊ ငါးဝိညေ၊ မှတ်လေအာရမ္မဏ၊ ကြောင်းကျိုးရ) စသည်ဖြင့် ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

---

### ၁၅။ အာရမ္မဏပစ္စည်း ပဋ္ဌာန်းနည်းမက ဝိပဿနာလည်း ရှုရပုံကိုပြချက်

ဤအာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးအရနှင့် မျက်စိပေါက်က ဝိပဿနာအလုပ် များကို သွားဆဲအခါတို့မှာ အားထုတ်လိုကြသေးပါမူ အောက်အပြင်ရှိ အဆင်းများကို အထူးသတိထား၍ ကြည့်ရှုသွားကြသောအခါ ပဌမခြေလှမ်း အတွင်းမှာ အောက်အဆင်းကို မြင်သိလုံးရှိသမျှတို့ ပျက်ချက်အနိစ္စကို လည်းကောင်း၊ ဒုတိယခြေလှမ်း စသည်တို့မှာလည်း အောက်အဆင်းကို မြင်သိလုံးရှိသမျှတို့ ပျက်ပျက်လိုက်ချက် အနိစ္စတို့ကိုလည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ ထိုထိုအရပ်သို့ သွားလာတိုင်းတို့မှာ မျက်စိပေါက်က ဝိပဿနာ အလုပ်ရ၍ သွားနိုင်ကြကုန်ရာ၏။

ယခုကာလ ခြေလျင်အဖွဲ့အသင်းကြီးများ ဤပဋ္ဌာန်းတရား မြင်သိပျက် ဝိပဿနာ အစားစားနှင့် ခရီးသွားကြဖို့ အလွန့်အလွန်ကြီး သင့်လျော်လှသည့် အတွက် အသင်းခေါင်းဆောင်ကြီးများက အသင်းသူ အသင်းသားတို့အား အားလုံးကုန် သိ ကြား နားလည်ကြပြီး အသီးသီး ဝိပဿနာအလုပ်နှင့် အဟုတ် သွားလာနိုင်ကြရန် တိုက်တွန်း နှိုးဆော်နိုင်ကြပါစေသတည်း။ အကယ်၍ လှည်း, မီးရထား, ကား, လေယာဉ်ပျံ, လှေ,သမ္ဗန်,သင်္ဘောစသည် အစားစားနှင့် ခရီးသွားကြသောအခါ ဘေးဘက်က အောက်မြေ ရေအပြင်ကို ရှုကြည့်ကြသည် ရှိသော် ထိုထိုကွင်းပြင် သစ်ပင် တော တောင် မြေ ရေစသည်တို့၏ အဆင်းများ ကို မြင်သိလုံး အစားစားတို့ဖြင့် ရိတ်ရိတ် ရိတ်ရိတ် လျင်မြန်စွာ မြင်သိလုံး အသစ်တို့ ပြောင်းပြောင်းသွားသော အချက်ကို သိရှိရသဖြင့် မြင်သိဟောင်း အစားစားတို့ ကွယ်ကွယ်ပျောက်ပျောက် မရှိမရှိလိုက်ကြသည့် အနိစ္စအချက်ကြီး များကိုလည်း သတိပြု၍ ကြည့်ရှုလိုက်သူတိုင်းမှာ ထင်ရှားသိရှိနိုင်ကြသည့် အချက်များကို သတိထား၍ မြင်သိအသစ် ပြောင်းသမျှ အဟောင်းအဟောင်း

တို့ ပျက်ပျက်လိုက်ကြသည့် အနိစ္စအချက်ကို ဉာဏ်သက်ပြီး ဘေးဘက်အောက် အပြင်ကို ကြည့်ရှုသွားက ဘာသာအစားစား သူတော်ကောင်း အစားစားတို့ ပဋ္ဌာန်းအာရမ္မဏပစ္စည်း ဝိပဿနာအလုပ်ကြီးများနှင့် ခရီးသွားနိုင်ကြကုန်ရာ သတည်း။(ဝါ)ဤဝိပဿနာအလုပ်နှင့် ခရီးသွားနိုင်အောင် ခရီးသွားမည် ကြံစည် စက ဝိပဿနာအလုပ်နှင့်ချည်း မလွတ်ရအောင် သွားမည်ဟု အဓိဋ္ဌာန်ပြုကာ ဝိပဿနာအလုပ်နှင့် သွားနိုင်ကြပါစေကုန်သတည်း။ ဤကား သွားခြင်း ဣရိယာ ပုထ်နှင့် အားထုတ်ပုံတည်း။

ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ဣရိယာပုထ်တို့ အတွင်းမှာ မြင်သိတွေ့ အသစ် အသစ်ပြောင်းသမျှ အဟောင်းအဟောင်းတို့ ပျက်ကြမှု အနိစ္စစုကို ဝိပဿနာ ရှုကာရှုကာ အားထုတ်ကြစေလိုပါ၍ (အာရုံ အာရမ္မဏ၊ ပြောင်းလေဘိ၊ မှတ်သိ အနိစ္စ ရှုပါကြ)ဟု ဝိပဿနာရှုကြရန် လင်္ကာဆောင်ပုဒ်ကို ထုတ်ပြန်ရေးသား အပ်ပါသတည်း။ (တနည်း)အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးအရနှင့် နားပေါက်က ဝိပဿနာ အလုပ်ကို သွားဆဲအခါတို့မှာ အားထုတ် လိုကြသေးပါမူ အသက်တန်းစား လူငယ်များတို့ (ဂွိဂွိ)မည်သော ဖိနပ်စီးသူတို့ အလှမ်းတိုင်း တို့မှာ (ဂွိဂွိ)ဟူသော အသံများ ပျက်ပျက်လိုက်သည်ကို လည်းကောင်း၊ခုံဖိနပ် စီးသူတို့ (ဂေါက်ဂေါက်) ဟူသော အသံများ ပျက်ပျက် လိုက်သည်ကို လည်းကောင်း၊ ငင်းဖိနပ်မစီးပဲ သွားသူတို့ (ဖျပ်ဖျပ်)ဟူသော အသံများ ပျက်ပျက်လိုက်သည်ကို လည်းကောင်း ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်၍ 'အနိစ္စ အနိစ္စ'ဟု ပျက်ချက်တိုင်းကို ရှုကာရှုကာ သွားလာခြင်းကို ပြုကြပါမူ ဤ အာရမ္မဏပစ္စည်း ပဋ္ဌာန်းဝိပဿနာကြီးနှင့် ခရီးသွားလာသည့် ယောဂီများ အစားစား ဖြစ်ကြရလေ၏။

ထိုမှတပါး လှည်း, ရထား, ကား, လေယာဉ်ပျံ, လှေသမ္ဗန်, သင်္ဘော စသည် အစားစားနှင့် ခရီးသွားကြသောအခါ ထိုထိုဝတ္ထုတို့၏ လှည်းသံ, စက်သံ, ရွက်သံ စသည့် အသံအစားစားတို့ကို အသစ်အသစ် ကြားသိလိုး အစားစားတို့ ပြောင်းသမျှ အဟောင်းအဟောင်းတို့ ပျက်ပျက် လိုက်နေကြ သည်ကို ဉာဏ်သက်ပြီး အသံအစားစားတို့ကို နားဂိုက်သွားက ဘာသာ အစားစား သူတော်ကောင်းအများတို့ ဤအာရမ္မဏပစ္စည်း ပဋ္ဌာန်းဝိပဿနာ တရားကြီးနှင့် ခရီးသွားလာသည့် ယောဂီကြီးများ အစားစားတို့ ဖြစ်ကြ ရလေ၏။ ဤကား သွားခြင်းဣရိယာပုထ်နှင့် အားထုတ်ပုံတည်း။ ရပ်ခြင်း, ထိုင်ခြင်းဣရိယာပုထ်တို့အတွင်းမှာ ကြားသိလိုးတွေ့ အသစ်အသစ်ပြောင်းသမျှ အဟောင်းအဟောင်းတို့ ပျက်ပျက်လိုက်ကြမှု အနိစ္စစုကို ဝိပဿနာရှုကာရှုကာ အားထုတ်နိုင်ကြပါစေသတည်း။

(တနည်း) အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးအရနှင့် နှာခေါင်းပေါက် စသည်တို့က ဝိပဿနာအလုပ် အားထုတ်လိုကြသေးပါမူ နှာခေါင်းပေါက်က နံသိလုံး အာရမ္မဏပစ္စည်း, ပစ္စယုပ္ပန် ပဋ္ဌာန်းကြီး ဖြစ်သမျှတို့ အသစ်အသစ်ပြောင်းလျှင် အဟောင်းအဟောင်းတို့ ပျက်ပျက်လိုက်မှု အနိစ္စစုကို လည်းကောင်း၊ လျှာပေါက်က စားသိလုံး အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီး ဖြစ်သမျှတို့ အသစ်အသစ် ပြောင်းလျှင် အဟောင်းအဟောင်းတို့ ပျက်ပျက်လိုက်မှု အနိစ္စစုကို လည်းကောင်း၊ ကိုယ်ပေါက်က တွေ့သိလုံး အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီး ဖြစ်သမျှတို့ အသစ်အသစ်ပြောင်းလျှင် အဟောင်းအဟောင်းတို့ ပျက်ပျက်လိုက်မှု အနိစ္စစုကိုလည်းကောင်း၊ မနောပေါက်က ကြံသိလုံး အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးဖြစ်သမျှတို့ အသစ်အသစ်ပြောင်းလျှင် အဟောင်းအဟောင်းတို့ ပျက်ပျက်လိုက်မှု အနိစ္စစုကိုလည်းကောင်း ဝိပဿနာ ရှုကာရှုကာ အားထုတ်ကြပါလေ—ဝိပဿနာ အားထုတ်လိုသူအပေါင်း သူတော်ကောင်းတွေတို့။

ဩြော် ထိုထိုစကြဝဠာ ကမ္ဘာလောကကြီးအတွင်းမှာ ရှိရှိသမျှသော အာရုံခြောက်ပါး ပဋ္ဌာန်းအာရမ္မဏပစ္စည်းတရားတို့က ဒွါရခြောက်ပါးတို့နှင့် တိုက်ခိုက်ပေါင်းဆုံကြကာ သိလုံးခြောက်စား အာရမ္မဏပစ္စယုပ္ပန် ပဋ္ဌာန်းတရားကြီးတို့မှ ကင်းလွတ်ကြရန် မည်သူတဦးတယောက်မျှ မရှောင်နိုင် မကွင်းနိုင် မကင်းနိုင်ကြလောက်အောင် မြားမြောင်ကြီးကျယ်လှသော အာရမ္မဏပစ္စည်း ပဋ္ဌာန်းကြီးတို့ သတ္တဝါများ အစားစားတို့မှာ ဖြစ်နေကြတာကို လွယ်လွယ်ကလေးနှင့် သိနိုင်ကြ၊ ဝိပဿနာတရား အစားစားတို့ကိုလည်း လွယ်လွယ်ကလေးနှင့် အားထုတ်နိုင်ကြအောင် ကြံဆောင်ရေးသား ထားသည်များကို မသိသိအောင် အထပ်ထပ် ကြည့်ခဲ့စု၊ မေးခဲ့စု၊ နှလုံးသွင်းခဲ့စု။ ဤသည်တို့ကား အာရုံခြောက်ပါးတို့က မိမိတို့ကို အာရုံပြုကြသော စိတ်စေတသိက်တရားတို့အား အာရမ္မဏပစ္စည်းအရနှင့် အကျဉ်းချုပ် ပြချက်ပေတည်း။ နောက်မှ ပဋ္ဌာဝါရ ပါဠိတော်ကြီးများကို ပြ၍ အကျယ်ချဲ့သင့်သလောက် ဒါန, သီလ, ဥပေါသထ စသည်တို့နှင့် အာရုံ,အာရမ္မဏိကတရား ဖြစ်ပွားကြသည်များကို ထင်ရှားအောင် ပြလတ္တံ့ပါသတည်း။ ဤကား အာရမ္မဏမျိုးကြီးပေတည်း။

ဤ **အာရမ္မဏပစ္စည်းမျိုး၌ ရထိုက်သောပစ္စည်းတို့ကား—**

(၁) အာရမ္မဏ။ (၂) အာရမ္မဏာဓိပတိ။ (၃) အာရမ္မဏူပနိဿယ။ (၄) ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ။ (၅) အာရမ္မဏ ပုရေဇာတ။ (၆) ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်။ (၇) ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ။ (၈) ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ။ ဤရှစ်ပါးသော ပစ္စည်းတရားတို့သည်

မိမိတို့အာရုံပြုခြား စိတ်စေတသိက်တရားတို့အား ထိုက်သည်အားလျော်စွာ မိမိ မိမိတို့၏ အာရမ္မဏစသည် သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ— ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

အာရမ္မဏပစ္စည်းအကျဉ်းမျှ ပြချက်ပြီး၏။

---

## ၁၆။ အဓိပတိပစ္စည်းများ သူငါအစားစားတို့မှာ ဖြစ်နေကြပုံနှင့် ဝိပဿနာရှုရပုံကို ပြချက်

အာရမ္မဏပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ သဟဇာတမျိုး အာရမ္မဏမျိုးတို့တွင် ပါဝင်သော အဓိပတိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောကြားတော်မူ၏။ ဤ အဓိပတိပစ္စည်း၌လည်း စာပဌာန်း၊ ရှာပဌာန်း ငါပဌာန်းဟု သိကြားနားလည်လွယ်ကြရန် သုံးတန် သုံးပါး အပြားရှိရာတွင် စာပဌာန်းအရကို ပြဆိုရမူ—

အဓိပတိပစ္စယောတိ ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံအဓိပတိပစ္စယေန ပစ္စယော။ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။ ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတ· သိကာ ဓမ္မာ။ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိ ပစ္စယေန ပစ္စယော။

ဤသည်တို့ကား စာပဌာန်းစကားအရတည်း။ ဤစာပဌာန်းအရကို ရှာပဌာန်း အရနှင့် ပြဆိုပါမူ—

အဓိပတိပစ္စယောတိ၊ အဓိပတိပစ္စည်းဟူသည်ကား။ ဆန္ဒာဓိပတိ၊ အကြီး အမှူးဖြစ်သော ဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ဆန္ဒကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိ ပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယော·ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြိမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝီရိယာဓိပတိ၊ အကြီး အမှူးဖြစ်သော ဝီရိယသည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထို အကြီးအမှူး ဝီရိယကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။

ပစ္စယော-ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တာဓိပတိ၊ အကြီးအမှူးဖြစ်သော စိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူးစိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝိမံသာဓိပတိ၊ အကြီးအမှူးဖြစ်သော ပညာသည်။ ဝိမံသသမ္ပ-ယုတ္တကာနံ၊ ပညာနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားကိုအားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူးပညာကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူး ဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယံ ယံ ဓမ္မံ၊ အကြင်အကြင်သို့ အလေးပြုအပ်မြတ်သောအာရုံခြောက်ပါး ပစ္စည်းတရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရား ဖြစ်ကုန်သော။ ယေယေဓမ္မာ၊ အကြင်အကြင် အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထို အာရုံခြောက်ပါး အလေးအမြတ်ပြုအပ်သော ပစ္စည်းတရားတို့သည်။ တေသံတေသံဓမ္မာနံ၊ ထိုထို အလေးအမြတ် ပြုတတ်သော စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အဓိပတိပစ္စယေန၊ အလေးအမြတ်ပြုအပ်သော အာရုံသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ အလေးပြုအောင် ကျေးဇူးဆောင်မှုသည်။ ဟောတိ၊ ဖြစ်၏။

### သဟဇာတာဓိပတိဆောင်ပုဒ်

(၁) ဆန္ဒကြီးကာ၊ အားထုတ်ရာ၊ ဆန္ဒာဓိပတိ၊ ကြောင်းကျိုးသိ။
(၂) ဝီရိယကြီးကာ၊ အားထုတ်ရာ၊ ဝီရိယာဓိပတိ၊ ကြောင်းကျိုးသိ။
(၃) စိတ်စွဲကြီးကာ၊ အားထုတ်ရာ၊ စိတ္တာဓိပတိ၊ ကြောင်းကျိုးသိ။
(၄) ပညာကြီးကာ၊ အားထုတ်ရာ၊ မံသာဓိပတိ၊ ကြောင်းကျိုးသိ။

### အာရမ္မဏာဓိပတိဆောင်ပုဒ်

(၅) အလေးပြုအပ်၊ အာရုံဓာတ်၊ မှတ်လေဓိပတိ၊ အကြောင်းသိ။
(၆) အလေးပြုတတ်၊ စိတ် စေဓာတ်၊ မှတ်လေဓိပတိ၊ အကျိုးသိ။

### ဝိပဿနာရှုနည်း

(၇) အားထုတ်တိုင်းမှာ၊ ပျက်လိုက်တာ၊ ရူပါအနိစ္စ၊ ပွားများကြ။
(၈) အလေးပြုပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ။

ဟူသော ပါဠိတော်လာ မြန်မာစကားကို အကျဉ်းချုပ်ပြဆိုရသော် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဟူ၍လည်းကောင်း၊ ဆန္ဒကို အကြီးအမှူးပြု၍ အားထုတ်ခြင်း၊ ဝီရိယကို အကြီးအမှူးပြု၍ အားထုတ်ခြင်း၊ စိတ်ကို အကြီးအမှူးပြု၍ အားထုတ်ခြင်း၊ ပညာကို အကြီးအမှူးပြု၍ အားထုတ်ပြုလုပ်ခြင်းဟူ၍လည်းကောင်း၊ ရူပါရုံကောင်းကောင်း၊ သဒ္ဒါရုံကောင်းကောင်း၊ ဂန္ဓာရုံကောင်းကောင်း၊ ရသာရုံကောင်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံကောင်းကောင်း၊ ဓမ္မာရုံကောင်းကောင်း ဟူ၍လည်းကောင်း သဟဇာတာဓိပတိ၊ အာရမ္မဏာဓိပတိ ပစ္စည်းတို့အရမှာ အကျဉ်းပြဆိုရာ၏။ ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရ တည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် သိလွယ်ကြအောင် ပြဆိုရမူ လောကီအကျိုးစီးပွား လောကုတ္တရာအကျိုးစီးပွား အစားစားတို့ကို ကြီးပွားသည်ထက် ကြီးပွားအောင် ကြံဆောင်အားထုတ်သူတိုင်းတို့မှာ ဤအဓိပတိပစ္စည်းအသီးသီးတို့ ပါရှိမှသာလျှင် ကြီးကျယ်မြင့်မြတ် အရပ်ရပ် ဖြစ်ပွားနိုင်ကြကုန်ရာ၏။ ဤဖြစ်ပွားနိုင်ကြပုံကို လောကီ၊ လောကုတ္တရာနှင့် ပြဆိုရမူ မည်သူမဆို မိမိတို့ ရသင့်ရထိုက် ဖြစ်သင့်ဖြစ်ထိုက်ကြသည့် အကြီးအကျယ်ဆုံး ဟူသမျှတို့ကို ရလိုကြက အားထုတ်ကြသောအခါ—

ဆန္ဒဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ။ ။ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ။ ။ဆန္ဒဝတော၊ ဆန္ဒအားကြီးစွာသော ပုဂ္ဂိုလ်အား။ ကိံ နာမကမ္မံ၊ အဘယ်မည်သော အမှုမျိုးသည်။ နသိဇ္ဈတိ၊ မပြည့်စုံပဲ ရှိအံ့နည်း။ ။ဝီရိယဝတော၊ ဝီရိယအားကြီးစွာရှိသော ပုဂ္ဂိုလ်အား။ ကိံ နာမကမ္မံ၊ အဘယ်မည်သော အမှုမျိုးသည်။ နသိဇ္ဈတိ၊ မပြည့်စုံပဲ ရှိပါအံ့နည်း။

အစရှိသော အဋ္ဌကထာပါဌ် မိန့်အပ်သည်နှင့်အညီ ငါကဲ့သို့ အလိုဆန္ဒရှိသူ အားထုတ်က မပြီးစီးပဲ ရှိနိုင်ကြအံ့နည်း။ ငါကဲ့သို့ ဝီရိယရှိသူ စိတ်စွဲကြီးသူ ပညာကြီးသူ အားထုတ်က မပြီးစီးပဲ ရှိနိုင်ကြအံ့နည်းဟု တခုခုကို အစွဲအမြဲ ထား၍ လောကီအလုပ် လောကုတ္တရာအလုပ်များကို အားထုတ်သမျှသော စိတ်စေတသိက် ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာ စိတ္တဇရုပ်တို့ ဖြစ်ကြရာတွင် မိမိတို့ အကြီးအမှူးထားသော ဆန္ဒက ပဋ္ဌာန်းသဟဇာတာဓိပတိ အကြောင်းပစ္စည်း၊ မိမိနှင့်တကွဖြစ်သော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့က သဟဇာတာဓိပတိ အကျိုးပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ပါးကြလေ၏။ ထို့မှတပါး မိမိတို့ အကြီးအမှူးထားသော ဝီရိယက၊ စိတ်က၊ ပညာက ပဋ္ဌာန်း သဟဇာတာဓိပတိ အကြောင်းပစ္စည်း ဖြစ်ကြမူ မိမိတို့နှင့် တကွဖြစ်ကြသော

စိတ်, စေတသိက်, စိတ္တဇရုပ်တို့က သဟဇာတာဓိပတိ အကျိုးပစ္စယုပ္ပန်များ ငါ ပဋ္ဌာန်းတရားအစစ် ဖြစ်ပွားကြလေ၏။ မိမိတို့ရည်ရွယ်၍ ဆောင်ရွက်သမျှသော အမှုကိစ္စတို့လည်း များသောအားဖြင့် ပြီးစီးအောင်မြင်ကြ ကြီးပွားတိုးတက်ကြ ကုန်ရာ၏။

ဤသဟဇာတာဓိပတိ တရားကြီးက ပဋ္ဌာန်းပစ္စည်းတို့ကား သာမန်လူစား အနုံစားတို့ မဖြစ်ပွားနိုင်ကြကုန်။ သံသရာခေါင်းဆောင်ကြီးများဖြစ်သော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကအလောင်းလျာကြီးများနှင့် ကမ္ဘာ့လောကကြီး များ ကြီးပွားအောင် ဆောင်ရွက်ကြသည့် ကမ္ဘာ့ခေါင်းဆောင်ကြီးများတို့မှာ များသောအားဖြင့် ဤအဓိပတိပစ္စည်း ငါပဋ္ဌာန်းတရားကြီးများနှင့် မိမိတို့ အလုပ် အဟုတ်ပြီးစီးအောင် အထူးသဖြင့် ကြံဆောင်အားထုတ်၍ ထိုထို အမှု ကိစ္စ ပြီးစီးအောင်မြင်ကြသည်ကို သိစေလို၍ "ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေနပစ္စယော" စသည်ဖြင့် ဤ ပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားတော် မူအပ်သည်ကို အလွယ်ဆုံးနည်းနှင့် သိစေလိုပြန်၍ (ဆန္ဒကြီးကာ၊ အားထုတ်ရာ၊ ဆန္ဒာဓိပတိ၊ ကြောင်းကျိုးသိ) စသည်ဖြင့် ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

ဤကမ္ဘာ့ ခေါင်းဆောင်ကြီးများဆိုတာ ချိုပေါက်တာမျိုးမဟုတ်။ ငါကဲ့သို့ လူစားထဲကပင် အဓိပတိတွေဝင်၍ အားထုတ်ကြလို့သာ အဓိပတိခေါင်းဆောင် ကြီးတွေ ဖြစ်ကြဘာလို ငါတို့လဲပဲ ဘယ်အလုပ်မျိုးမဆို ဤအဓိပတိလေးပါး တရားတို့နှင့် တွဲကာတွဲကာ အားထုတ်ကြပါမူ ဤဘဝတွင်လည်း အဓိပတိလူ ကြီး လူကောင်းများ အစားစား ဖြစ်နိုင်၏။ နောက်နောက်သံသရာ ကမ္ဘာ လောကကြီးတို့မှာလည်း အဓိပတိအကျိုး အမျိုးမျိုးတို့ ခံစားကြပြီးလျှင် မိမိ မိမိတို့ အဓိပတိပါရမီ အားလျော်စွာ ဘုရားအဓိပတိ, ပစ္စေကဗုဒ္ဓါ အဓိပတိ, သာဝကကြီးတွေ အဓိပတိ, လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း နိဗ္ဗာန်ကျအောင် ရောက်ကြရ ခံစားကြရမည်ကား အဓိပတိကြီးတွေအဖြစ်က မလွဲတည်းဟု ယုံမှားမရှိ စိတ်ချကာ အားထုတ်ပြုလုပ်ကြသည့် အရာရာတို့မှာ အထူးသတိထားကြကာ အဓိပတိအလုပ်ကြီး ဖြစ်ပါအောင် အားထုတ်ပြုလုပ် ကြံစည်နိုင်ကြပါစေသတည်း။

ဤသို့မဟုတ်ပဲ ထိုထိုအမှုကို ပြုလုပ်သောအခါတို့မှာ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ တို့ နုံနုံပြုလုပ်ကြပါမူ—လူနုံစသည်တို့ ဖြစ်ကြရန် ၎င်းတရားလေးပါးတို့ အလတ် စားနှင့် ပြုကြပါမူ—လူစသည့် အလတ်စားမျှသာဖြစ်ကြရန်ကို သိစေလို၍—

ယဿ ဟိ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟိနော ဟောတိ။ ဝီရိယံဝါ စိတ္တံ ဝါ ဝီမံသံ ဝါ တံ ဟီနံနာမ။ ယဿ တေ ဓမ္မာ မဇ္ဈိမာ စေဝ ပဏီ-

တာဝ။ တံ မဇ္ဈိမဋ္ဌေဝ ပဏီတဋ္ဌ။ ယံ ပန ကတ္တုကာမတာ သင်္ခါတံ ဆန္ဒံ ဓုရံ ဆန္ဒံ ဇေဋ္ဌကံ ပုဗ္ဗင်္ဂမံ ကတွာ အာယူဟိတံ ဆန္ဒာဓိပတိတော အာဂတတ္တာ ဆန္ဒာဓိပတေယျံနာမ။ ဝီရိယာဓိပတေယျာဒီသု ပိ ဧသေဝ နယော။ (အဋ္ဌသာလိနီအဋ္ဌကထာ။)

ဟိ၊ မှန်၏။ယဿ၊ အကြင်သူအား။အာယူဟနက္ခဏေ၊ ကုသိုလ်ကို အားထုတ်ဆဲ ပြုဆဲခဏ၌။ ဆန္ဒော၀ါ၊ အလိုသည်မူလည်း။ ဟိနော၊ ယုတ်ညံ့သည်။ဟောတိ၊ ဖြစ်၏။ ဝီရိယံ၀ါ၊ အားထုတ်ခြင်းသည်လည်းကောင်း။ စိတ္တံ၀ါ၊ စိတ်သည်လည်းကောင်း၊ ဝီမံသံ၀ါ၊ ပညာသည်လည်းကောင်း။ ဟီနာ၊ ယုတ်ညံ့သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုကုသိုလ်သည်။ ဟီနံနာမ။ ယုတ်သော ကုသိုလ်မည်၏။ ယဿ၊ အကြင်သူ၏။အာယူဟနက္ခဏေ၊ ကုသိုလ်ကို အားထုတ်ဆဲ ပြုဆဲခဏ၌။ တေဓမ္မာ၊ ထိုတရားလေးပါးတို့သည်။ မဇ္ဈိမာဧဝ၊ အလတ်သော်လည်း ဖြစ်ကုန်ရာ၏။ ပဏီတာဝ၊ အမြတ်သော်လည်း ဖြစ်ကုန်ရာ၏။ တဿ၊ ထိုသူ၏။ တံ၊ထိုကုသိုလ်သည်။ မဇ္ဈိမဋ္ဌေဝ၊ အလတ်ကုသိုလ်သော်လည်း မည်၏။ ပဏီတဋ္ဌ၊ အမြတ်ကုသိုလ်သော်လည်း မည်၏။ ယံပန၊ အကြင်ကုသိုလ်ကိုကား။ ကတ္တုကာမတာ သင်္ခါတံ၊ ပြုခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော။ ဆန္ဒံ၊ ဆန္ဒကို။ ဓုရံ၊ အဦးကို။ ဆန္ဒံ၊ ဆန္ဒကို။ ဇေဋ္ဌကံ၊ အကြီးကို။ ပုဗ္ဗင်္ဂမံ၊ ရှေ့သွားကို။ ကတွာ၊ ပြု၍။ အာယူဟိတံ၊ အားထုတ်အပ်၏။ တံ၊ ထိုကုသိုလ်သည်။ ဆန္ဒာဓိပတိတော၊ ဆန္ဒာဓိပတိ၌။ အာဂတတ္တာ၊ လာသောကြောင့်။ ဆန္ဒာဓိပတေယျံနာမ၊ဆန္ဒာဓိပတေယျကုသိုလ်မည်၏။ ဝီရိယာဓိပတေယျာဒီသုပိ၊ ဝီရိယာဓိပတေယျ ကုသိုလ်စသည်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းကဲ့သို့သော နည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

## (ဆောင် ပုဒ်)

အဓိပတိဖြစ်အောင်၊ စိတ်ကိုဆောင်မူ၊ ဓိပတိယူ၊ ယုတ်မူ ဟီန မှတ်ကုန်ကြ။ ဟု အဋ္ဌသာလိနီ အဋ္ဌကထာ မိန့်မှာတော်မူတိုင်း အယုတ်အမြတ်နှစ်ပါး ခြားနားလျက် အယုတ်ကိုပယ်ရှား၍ အမြတ်ကိုသာ တိုးပွားရအောင် ကြံဆောင်အားထုတ် ပြုလုပ်ကြပါလေ။

## အားထုတ်ပုံနည်းအရကိုအမြွက်မျှပြဆိုချက်

အားထုတ်ပုံအရကို အမြွက်မျှပြဆိုရမူ ဆရာခင် သားများကုမ္ပဏီ မြန်မာကန်ထရိုက်တာ အသင်းမှာပါသောရန်ကုန်မြို့ ကန်ထရိုက်တာ ဆရာ မောင်သက်တင်က တို့ဟောကြားသည့် ပဋ္ဌာန်းပစ္စည်း အနည်းနည်းတို့ကို မိမိနှင့်ထိုက်တန်သလောက် သိကြားနားလည်လာ၍ ဤပဋ္ဌာန်းအဓိပတိပစ္စည်းတရား အသုံးချနေသည်များကို ငါတို့အထံ လျှောက်ထားလာသည်ကား—

တပည့်တော်တို့မှာ လောကီလောကုတ္တရာ အရာရာတို့တွင် တဦးနှင့်တဦး ဆက်ဆံပေါင်းသင်း နေကြရာ၌ရှေးအဖို့က စိတ်စေတနာပင် မပါလှသော်လည်း လောကဝတ္တရား မချွတ်ခြွင်းဖို့ ဝတ္ထုပစ္စည်း ပါဝင်ခြင်း၊ လူကိုယ်တိုင် ရှက်ဆောင်ခြင်း မကင်းတရားနှင့် ပြုလုပ်ကြရပါသည်။ယခု အဓိပတိပစ္စည်းများကို သိကြားနာလည် လာသောအခါကျမှ ငါကဲ့သို့ အလိမ္မာရှိပြီးသားသူဟာ ဤမကင်းတရားနှင့် မပြုချင်ပေတယ်လို့ မနေသာသော အရာရာတိုင်းတို့မှာ ရှေးကလို စိတ်နုံ့ကိုယ်နုံ့နှင့် မဖြစ်စေပဲ ယုတ်စွအဆုံး လောကဝတ္တရား သူငါများနှင့် ကျေပွန်အောင် ပြုလုပ်ကြသည့် နေရာများကို မဆိုထားနှင့်ဦး သူတောင်းစားများ ခွေးများကိုပင် ပေးကမ်းစွန့်ကြဲသော အရာတိုင်းတို့မှာ စိတ်ကြီးထွားသန်စွမ်း လာအောင် အဓိပတိ ပဋ္ဌာန်းတရားကြီးများကို နှလုံးသွင်းကာ ငါကဲ့သို့ အဓိပတိ တရားရှိသူဟာ စိတ်ကို ပြင်ကာ ပြင်ကာ ထက်သန်လာအောင်ပြုလုပ်၍ မပေးလှူနိုင်ပဲ၊ မကျွေးမွေးနိုင်ပဲ ရှိပါအံ့နည်းဟု ကြံဆောင် အားသစ်ကာ ပြုလုပ်လှူဒါန်းမိ ပါသည်ဘုရား။—

ဟု လျှောက်ထားသော စကားသည် ကြားသိသူအများ သူတော်ကောင်းအစားစား မှန်သမျှတို့ မပြုချင်တယ်လို့ မနေသာပဲ မကင်းတရားနှင့် ပြုလုပ်ကြရသမျှ အဝဝတို့မှာ စိတ်နုံ့ကိုယ်နုံ့နှင့် မဖြစ်ကြစေပဲ ထက်ထက်သန်သန်ကြီးပွား အကျိုးများကြစေရန် ကန်ထရိုက်တာဆရာကြီး ဘိုးသက်တင်သဘောထားမျိုး အစားစားတို့ ထားကြပြီးလျှင် စိတ်သန်ကိုယ်သန်နှင့် လျှင်လျှင်မြန်မြန် သန်သန် စွမ်းစွမ်းကြီး အဓိပတိ ပစ္စည်းဖြစ်အောင် အထူးသဖြင့် ရှက်ဆောင်အားသစ် နိုင်ကြပါစေသတည်း။

## အဓိပတိပစ္စည်းတရားနှင့် ဝိပဿနာရှုပုံကိုပြချက်

ဤအဓိပတိပစ္စည်းတရားနှင့် ဝိပဿနာ ရှုအားပုံကား—ဘုရားဖူးသွား, တရားနာသွား, တရားအားထုတ်သွားခြင်း စသော လောကီလောကုတ္တရာ အရာရာအမှုတို့ကို ပြုလုပ်ရာတို့မှာ အဓိပတိ ဝိပဿနာအလုပ်နှင့် သွားလာရန် စိတ်ကို သန်သန်ကြီး ထားကြပြီးလျှင် ငါကဲ့သို့ အလိုဆန္ဒနှင့် ဝီရိယကြီး, စိတ်စွဲကြီး, ပညာအသိ အလိမ္မာကြီးသူဟာ အဘယ်မှာ ဤဘုရားသွားခြင်း, တရားနာသွားခြင်း, တရားအားထုတ်ရန်သွားခြင်းစသော လောကီလောကုတ္တရာ အဖြာဖြာတို့ကို သွားလာ ပြုလုပ်ရာတိုင်းမှာ အဘယ့်ကြောင့် အဓိပတိ ဝိပဿနာအလုပ်ကို အားမထုတ်နိုင်ပဲ မပြုလုပ်နိုင်ပဲ ရှိပါအံ့နည်း၊ ကေန်မုချ အားထုတ်၍ သွားလာပြုလုပ်မဟဲ့ဟု အဓိဋ္ဌာန်ပြုကာ လှမ်းတိုင်းလှမ်းတိုင်း ပြုလုပ်တိုင်းပြုလုပ်

တိုင်းတို့မှာ သွားလိုပြုလိုသောစိတ်နှင့်သွားရုပ်- ကိုယ်အမူအရာ ပြုရုပ်- ကိုယ်အမူအရာအဖြာဖြာတို့မှာ သူ့ကိုယ်အမူအရာနှင့် သူ့စိတ်အမူအရာတို့ ပျက်ပျက်လိုက်နေသည်များကို ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်ကာ "ဒ နိစ္စအနိစ္စ" ဟု ဝိပဿနာရှု၍ သွားလာကြပါမူ ပြုလုပ်ကြပါမူ အဓိပတိ ဝိပဿနာအလုပ်နှင့် အားထုတ်ပြီး သွားလာနိုင်သည် မည်ကြောင်းကို သိစေလို၍-(အားထုတ်တိုင်းမှာ၊ ပျက်လိုက်တာ၊ ရုပ်နာမ်အနိစ္စ ပွာများကြ)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

လောကီအလုပ်အတွက်နှင့် သွားလာခြင်း ပြုလုပ်ခြင်းတို့မှာ ဤအဓိပတိ ဝိပဿနာနှင့် မသွားနိုင်ဘူး မပြုလုပ်နိုင်ပါဘူးဟုဆိုမူ ဆိုတန်ပါစေ။ ကုသိုလ်အလုပ်ကို အားထုတ်ရန် သွားလာသောအခါ ပြုလုပ်သောအခါတို့မှာ အယုတ်ဆုံး နံနက်စောစောထ၍ ဘုရားရှိခိုးကြရာ၊ ရေများ ဆီမီးများ ပူဇော်ကြရာ၊ သီလဆောက်တည်ကြရာ၊ မေတ္တာစသော သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ဝတ်ထားပြီး နေ့စဉ် အားထုတ် ပြုလုပ်ကြရာတိုင်းတို့မှာ တခါတရံ ထက်သန်၍ တခါတရံ နုံနုံ နဲ့နဲ့ ပျင်းပျင်းရိရိ ဖြစ်တတ်၏။ ဤကဲ့သို့ ပျင်းရိခြင်းများမရှိရန် နံနက်ည့ စသည် အားထုတ်သော အချိန်ကျက ကျခြင်း မဆုတ်မဆိုင်း မနှောင့်မနှေး စေပဲ အလျင်အမြန် ထမယ်ဟဲ့၊ သွားမယ်ဟဲ့ ပြုလုပ်မယ်ဟဲ့ဟု မိမိစိတ်ကို မိမိတို့ တနေ့တခြားကြီးပွား တိုးတက်လာအောင် နေ့စဉ်နေ့တိုင်း ဤအဓိပတိ စိတ်ထား စေတနာများနှင့် ပြုလုပ်အားထုတ်ပေးကြပါက ဤမျက်မှောက် ဘဝမှာလည်း ကုသိုလ်ပြုသောအရာတိုင်းတို့၌ ကောင်းစွာပြီးစီး အောင်မြင်နိုင်ကြရုံမက ယခုဘဝက နိဗ္ဗာန်ကျအောင် လောကီကောင်းကျိုးချမ်းသာ လောကုတ္တရာကောင်းကျိုးချမ်းသာ မင်္ဂလာသုခတို့ ထက်ထက်သန်သန် ကြီးကြီးမားမား ကြီးကြရ၊ ရောက်ကြရ၊ ဖြစ်ကြရမည်ကား လျင်လျင်မြန်မြန် မလွဲတည်းဟု အဓိပတိတရားများ နှလုံးသွင်းထားကာ ပွားများအားထုတ် နိုင်ကြပါစေသတည်း။ ဤကား သဟဇာတာဓိပတိ တရား၌ အမြွက်မျှ ပြဆိုအပ်သော စကားတည်း။

---

### ၁၇။ ။အာရမ္မဏာဓိပတိတရား လောကဂုဏ်နှင့် ဆက်သွယ်ပုံ ဝိပဿနာပွားပုံတို့ကို ပြချက်

အာရမ္မဏာဓိပတိများ ပဋ္ဌာန်းတရားကြီး ဆိုတာကလည်း ငါတို့မှာ မရှိ၊ ငါတို့ မသိနိုင်သော တရားမျိုးမဟုတ်ချေ။ ဤစကြဝဠာ ကမ္ဘာလောကနယ်ကြီး တလျှောက်လုံးတို့မှာ ဖြစ်ထိုက်ကြသလောက် သူငါ အစားစားတို့မှာ ဖြစ်ပွားနေကြသော တရားမျိုးတို့ချည်းဟု သိသင့်သိထိုက်လှ၏။သိရပုံအကြောင်းကား- အာရမ္မဏာဓိပတိများ ပဋ္ဌာန်းတရားကြီးတွေ ဆိုတာ အခြားကိုဆိုသည်မဟုတ်။

အလေးအမြတ်ပြုအပ်သော လှပသည့် အဆင်းရူပါရုံကောင်းကောင်း၊ အေးကြည်လှသည့် အသံသဒ္ဒါရုံ ကောင်းကောင်း၊ မွှေးကြိုင်လှသည့် အနံ့ဂန္ဓာရုံ ကောင်းကောင်း၊ ချိုဆိမ့်သည့် အရသာ ရသာရုံ ကောင်းကောင်း၊ သိမ်မွေ့နူးညံ့သည့် အတွေ့ဖောဋ္ဌဗ္ဗာရုံ ကောင်းကောင်း၊ လောကီ လောကုတ္တရာ အရာရာတို့မှာ ကြီးမားမြင့်မြတ် အထူးသဖြင့် အလေးပြုအပ်သော ရုပ်နာမ်နိဗ္ဗာန် ဓမ္မာရုံ ကောင်းကောင်းများတို့ကိုသာ အာရမ္မဏာဓိပတိပစ္စည်းဟု ဆိုအပ်ပါသတည်း။

ဤ ကောင်းမြတ်လှသော အာရုံခြောက်ပါး အာရမ္မဏာဓိပတိတရားတို့ကို အလေးပြုတတ်သော လောဘမူစိတ်ရှစ်ခု၊ မဟာ ကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုတို့က မိမိတို့နှင့် ထိုက်သင့်သည်အားလျော်စွာ အလေးအမြတ်ပြု၍ ဖြစ်ကြတိုင်းသော အခါတို့မှာ အလေးအမြတ်ပြုတတ်သည့် စိတ်စေတသိက် အာရမ္မဏပစ္စယုပ္ပန်တို့အား အလေးအမြတ်ပြုအပ်(ဝါ)အပြုခံရသည့် လှပသောအဆင်းရူပါရုံကောင်းကောင်း အစရှိသော အာရုံခြောက်ပါး ပစ္စည်းတရားတို့က အာရမ္မဏာ ဓိပတိသတ္တိဖြင့် (ဝါ) အလေးအမြတ် မပြုချင်တယ်လို့ မနေရ၊ အထူးသဖြင့် အလေးအမြတ်ပြုချင်ကြအောင် အကျိုးဆောင်နိုင်ကြခြင်း အစစ်ဖြစ်သည့် အကြီးအမှူးအာရုံဂုဏ်ထူးရှိသော အာရုံသတ္တိများ အာရမ္မဏာဓိပတိ ပစ္စည်းတရားတို့ ဖြစ်ကြကုန်၏ဟု မှတ်ကြပါလေ။

ဤစကားကို ထင်ရှားအောင် ဆိုဦးအံ့။ ဤလောကမှာ ရွှေရှိတဲ့ ဘုရားနှင့် ချိန့်နွယ်တွေ ဖုံးအုပ်နေသောဘုရား ဤနှစ်စားမှာ ဘယ်ဘုရားကို သတ္တဝါတို့ များသောအားဖြင့် အလေးအမြတ်ပြုတတ်ကြပါသနည်းဟု စဉ်းစားကြည့်သော အခါ ရွှေရှိသောဘုရားကိုသာ များသောအားဖြင့် အလေးအမြတ်ပြုကြ ရှိခိုးပူဇော် လှူဒါန်းကြကုန်ရာ၏။ အဘယ်ကြောင့်ဆိုသော် ထိုဘုရားကိုကပင် အလေးအမြတ်ပြုချင်အောင် မြင့်မြတ်သော စိန်ရွှေရတနာ အဖြာဖြာတို့နှင့် စပ်ကြပြီး ကောင်းမြတ်တင့်တယ်စွာ တည်ရှိသောကြောင့်တည်း။ ဤမှတပါး ကုသိုလ်ပြုလုပ်သည့် နေရာအစားစားတို့မှာလည်း အလေးအမြတ်မပြုချင်တယ်လို့ မနေသာအောင် အဓိပတိဂုဏ်ထူးကို ဆောင်နိုင်သော ပန်းအပြောက် အရုပ်ထုလုပ်ခြင်း ရေးသားခြင်းစသည်တို့ဖြင့် ဆန်းကြယ်တင့်တယ်လှပသော အဆင်းသဏ္ဌာန်ရှိသည့် ကျောင်းဇရပ် မဏ္ဍပ်စသည်တို့ကို ပြုလုပ်ကြရတာနှင့် ညံ့ဖျင်းစုတ်နုံ့လှသည့် ကျောင်း ဇရပ် စသည်တို့ကို ပြုလုပ်ကြရတာ ထိုနှစ်ဖြာတို့မှာ ဘယ်သင်းက သာလို့ ပဋ္ဌာန်းအာရမ္မဏာဓိပတိပစ္စည်း ငါ ပဋ္ဌာန်းတရားကြီးများ ဖြစ်ပွားမည့် ကုသိုလ်ကြီးများ ဖြစ်ပွားနိုင်ကြမည်များကို စဉ်းစား၍ကြည့်သူတိုင်းတို့မှာ ထင်ရှားစွာ သိနိုင်ကြကုန်ရာ၏။

ဤကျောင်းအတူ ဆွမ်းသင်္ကန်းစသော အလှူဝတ္ထု တခုခုတို့၌လည်း ကောင်းမြတ်သည့် အစား, ယုတ်ညံ့သည့်အစား ထိုနှစ်ပါးတို့မှာ များသောအားဖြင့် ကောင်းမြတ်သော အစားတို့က အလေးအမြတ် ပြုအပ်သော အာရမ္မဏာဓိပတိပစ္စည်း ငါပဋ္ဌာန်းတရားကြီးဖြစ်ကြပြီး ထိုကောင်းမြတ်သော အလှူဝတ္ထုအစုစုတို့ကို အလေးအမြတ်ပြု၍ လှူဒါန်းကြ ဝမ်းမြောက်ကြ ဆင်ခြင်နှလုံးသွင်းကြသော စိတ်စေတသိက်တရား အစားစားတို့ကလည်း ထိုအာရမ္မဏာဓိပတိပစ္စည်း ငါပဋ္ဌာန်းတရားကြီး၏ အကျိုးပစ္စယုပ္ပန်တရားဖြစ်ကြသည်ကိုသိစေလို၍– "ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော"။ဟူ၍ ဤ ပဋ္ဌာန်းပါဠိတော်ကြီးမှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော် မူအပ်သည်ကို လွယ်လွယ်နှင့် သိစေလိုပြန်၍ (အလေးပြုအပ်၊ အာရုံဝတ်၊ မှတ်လေဓိပတိ၊ အကြောင်းသိ။ အလေးပြုတတ်၊ စိတ်စေဝတ်၊ မှတ်လေဓိပတိ။ အကျိုးသိ။) ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

## သူ့ထက်ငါ မသာ သာအောင် လှူဒါန်းခြင်း စသည်၌ အဓိပတိပစ္စည်းဖြစ်ပုံကို ဖော်ပြချက်

တထွေတနည်း ဤလောကကြီးမှာ ဆွမ်းတော်ကြီးပွဲ ဘုရားပွဲ ကထိန်ပွဲ စသည့် ကုသိုလ်အလုပ်များကို အားထုတ်ကြသောအခါ ကောသလမင်းကြီးနှင့် သာဝတ္ထိပြည်သူ ပြည်သားတို့ တဦးနှင့်တဦး သူ့ထက်ငါ မသာ သာအောင် ကြံဆောင်လှူဒါန်းကြတာလို ယခု လူတို့မှာလည်း သူ့ထက်ငါ မသာ သာအောင် ဂုဏ်တုဂုဏ်ပြိုင် လှူဒါန်းကြ ပြုလုပ်အားထုတ်ကြသော အရာဌာနတို့၌ ကုသိုလ်နေရာမှာ ပြုလုပ်နေကြပါတကားဟု သတိမထား မစဉ်းစားမိသူတို့က သူတို့ ကုသိုလ်ပြုကြတာ တဦးနှင့်တဦး သာအောင်ဟူသော ဂုဏ်ကိုယူ၍ ပြုလုပ်နေကြတာ၊ ဘာကုသိုလ်ရမှာလဲ၊ လောကဂုဏ်ကိုသာ ရမှာပဲဟူ၍ အလွဲကိုသာ မှတ်ထင်တတ် ပြောဆိုတတ်သော သူတို့လည်း ရှိကြကုန်၏။

ထိုမှတပါး စိတ်ကောင်းထားသူတို့က ဩော်-သူတို့တထွေဟာ ပစ္စည်းအား, ကိုယ်အား, ဉာဏ်အားကြီးမားကြသဖြင့် တဦးထက်တဦး အထူးသာအောင် နိုင်အောင် ပြုလုပ်အားထုတ်နိုင်ကြပါပေသည်ဟု ဝမ်းမြောက်နှမော် သာဓုခေါ်သောအားဖြင့် ချီးမွမ်းစကား မြွက်ကြားပြောဆိုသူတို့လည်း ရှိတတ်ကြ၏။ ထိုသူနှစ်ရပ်တို့စကား၌ ဘယ်သင်းက အမှား, အမှန် သိကြရန် သက်သေကား-ထိုကောသလမင်းကြီးများ အပြိုင်အဆိုင်လှူဒါန်းကြသည့် ဤဘုရားသာသနာတွင် တုဘက်မမြင် မှတ်တမ်းတင်လောက်အောင် ဂုဏ်ထူးဆောင်နိုင်သော အသဒိသဒါနကြီးများ ဖြစ်ပွားအောင် အပြိုင်အဆိုင် လှူဒါန်းနေကြသည်၌ ထို

ကောသလမင်းကြီး၏ ကဏှာအမတ်ကြီးတယောက်က "သူတို့ အပြိုင်အဆိုင် အနိုင်ဂုဏ်ဘူးကို ရလို၍ လှူဒါန်းနေကြတာ ဘာကုသိုလ်ရမည်လဲ၊ ဝတ္ထုပစ္စည်းများ ကုန်ဆုံးရုံမျှသာ ဖြစ်ကြပြီး အကုန်လုံး အချည်းနှီးမျှ ဖြစ်ကြကုန်ရာ၏" ဟု စိတ်ပြစ်မှားလျက် ရှိနေ၏။ ထိုကောသလမင်းကြီး၏ပင် အမတ်ဖြစ်သည့် ဇုဏှအမတ်ကြီးကမူကား "သြော်–ဘုရားတဆူမှာ ကြီးမားမြင့်မြတ်သော ဒါနကြီးများ တသျှူသာ ဖြစ်ပွားနိုင်သည့် အသဒိသ ဒါနကြီးများ ကိုယ်အား, ဉာဏ်အား, ပစ္စည်းအားတို့ဖြင့်သာ မနိုင်နိုင်အောင် ကြံဆောင်ပြုလုပ် အားထုတ်လှူဒါန်းနိုင်ကြပါပေတကား" ဟု အထူးသတိပြုကာ ဝမ်းမြောက်ဝမ်းသာလျက် ရှိနေ၏။

ထို ကောသလမင်းကြီးက အနိုင်ရ၍ ၎င်းဒါနကြီးများ၏ အနုမောဒနာ တရားကို မြတ်စွာဘုရားသခင်က တဂါထာမျှသာ ဟောကြားသောအခါ ကောသလမင်းကြီးက မကျေနပ်လှ၍ နောက်တနေ့မှာ ဘုရားကို လျှောက်ထားသည်ကား-"ဤမျှလောက်ကြီးကျယ်သော ဒါနကြီးကိုပြုပါလျက် ဘယ်အတွက်ကြောင့် အနုမောဒနာတရား တဂါထာတည်းသာ ဟောကြားရပါသလဲဘုရား" ဟု လျှောက်ထားသောအခါ "အကယ်၍ ဤအသဒိသဒါန အကျိုးကြီးကြောင်းကို အကျယ်ပွား၍ ငါဘုရား ဟောကြားလိုက်သည်ရှိသော် ဤဒါနကြီးကို ချီးမွမ်းဝမ်းမြောက်သော ဇုဏှအမတ်မှုကား သောတာပန် ဖြစ်သော်လည်း ဤကဲ့သို့ ကြီးကျယ်မြင့်မြတ်သော အလှူကြီးများကို စိတ်ပြစ်မှား၍နေသော ကဏှာအမတ်ကြီးသည်ကား ဦးခေါင်းရှစ်စိတ်ကွဲ၍ တခါတည်း သေသွားမည် များကို ကရုဏာရှေ့ထား၍ တဂါထာတည်းသာ ငါဘုရားဟောကြားသည်" ဟု အမိန့်ရှိသောအခါ ဒါနပြစ်မှားသော ကဏှာအမတ်ကိုကား ရာထူးမှချပြီး တိုင်းပြည်မှအပ နှင်ထုတ်လိုက်၏။

ဒါနချီးမွမ်းသော ဇုဏှအမတ်ကိုမူကား ထိုဂါထာ၏အဆုံးမှာ သောတာပန် ဖြစ်လာရုံမက ဤအသဒိသ ဒါနကြီးနှင့်အတူ ခုနစ်ရက်လှူစေပြီး ရာထူးဌာနန္တရကြီးများကိုလည်း တိုးတက်ခံစံရသော ထိုကောသလမင်းကြီး၏ ဤအသဒိသဒါနဝတ္ထု သက်သေကြီးများကို နာကြားသိရှိရသူ ပညာရှိ သဘောဖြူ မှန်သမျှတို့ တဦးနှင့်တဦး အနိုင်ရအောင် ပြုလုပ်လှူဒါန်းကြသော သူတို့၏ စိတ်နေနှလုံးထားကို သေသေချာချာ ကြည့်ရှု စဉ်းစားကြသောအခါ သူတို့ တဦးနှင့်တဦး သာလို နိုင်လို ကြသည်ကား လောဘ, ဒေါသ, မောဟ အရာမျိုး မဟုတ်ကြပဲ ကုသိုလ်နယ်ထဲကသာ သာလိုကြတာ ဖြစ်ပါသောကြောင့် တဦးထက် တဦး သာအောင်ကား ပေးလှူအပ်သော အလှူဝတ္ထုတို့ ကောင်းမြတ်သည်ထက် ကောင်းမြတ်အောင် အထူးပြုပြင်ကြရ၊ ငွေကြေးစသည် အထူး အကုန်ခံကြရလေသောကြောင့် ရှေးကပြခဲ့ပြီးသော အာရမ္မဏာဓိပတိ ပစ္စည်း

များလည်း ဖြစ်ရုံမက ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, ဉာဏ်ပညာဝီမံသာဓိပတိ တရားကြီးများ ရှိကြပြီး အားထုတ်ပြုလုပ်နိုင်ကြမှ တဦးထက်တဦး သာနိုင်ကြ သည့် သာဝတ္ထိကောသလနှင့် မလ္လိကာတို့မှာ အသဒိသဒါန အစစ်ဖြစ်ကြတာလို ငါတို့ မန္တလေး, ရန်ကုန်, သထုံ, မော်လမြိုင်စသော မြို့ကြီး မြို့ငယ် ရွာကြီး ရွာငယ် အသွယ်သွယ်တို့က အလှူကောင်းမှု ပြိုင်ဆိုင်ကြသည်ကို ကောသလ တို့နှင့် မလ္လိကာ အဖြာဖြာတို့မှာလည်း အသဒိသဒါန အထူကြီးကျယ် မြင့်မြတ် သော အဓိပတိကုသိုလ်စု ကေန်ဖြစ်နိုင်ကြသည်ဟု ယုံကြည်စိတ်ချကာ တဦး ထက်တဦး သာအောင်လည်းကောင်း၊ ရှေးက ပြုပြီးကုသိုလ် ထက် နောက်မှပြု မည့် ကုသိုလ်က သာအောင်လည်းကောင်း ကြံဆောင်အားထုတ်နိုင်ကြ, လှူ ဒါန်းနိုင်ကြ, လှူပြီးသမျှကိုလည်း ဝမ်းမြောက်နိုင်ကြပါစေသတည်း။

ဤအရာဝယ် အနည်းငယ် ပြောဆိုဖွယ်ရှိသည်ကား "ဤသူများ တဦးထက် တဦးနိုင်အောင် အပြိုင်အဆိုင် ပြုလုပ်နေကြသည်ကား ကုသိုလ်ကို လိုလားလို့ မဟုတ်၊ လောကဂုဏ်ကိုသာ လိုလား၍ ပြုလုပ်နေကြပါသည်။ တပည့်တော် တို့က ဤလို လောကဂုဏ်ကို လိုလား၍ကား ဘယ်တော့မှ မပြုလုပ်ပါ"ဟု တပတ်ရိုက်စကားနှင့် လောကဂုဏ်ကိုယူမှန်း သူတပါးမသိအောင် ယူဆောင်ပြီး ပြောကြားနေသည်ဟု စဉ်းစား၍ ကြည့်သူတို့မှာ သိနိုင်ကြကုန်ရာ၏။အဘယ်သို့ သိနိုင်ကုန်ရာသနည်းဟူမူ ကုလားများအား "ဟဲ့ကုလား နင့်မှာပိုက်ဆံရှိရဲ့လား" ဟု မေးမြန်းသောအခါ "အစ်ကို ကျွန်တော့မှာ ပိုက်ဆံမရှိဘူး ရှိတယ်"ဟု လိမ် ဖယ်ဖယ် ပြောကြားတတ်ကြသည့် စကားကို အဓိပ္ပာယ်အပြောင့်ဆိုသော် (မရှိ ဘူးဆိုတဲ့ သဘောတရားသည်ပင်လျှင် ကျွန်တော့မှာ ရှိနေပါသည်)ဟု ပိုက်ဆံ မရှိတာကို ပြောကြားတာလို တပတ်ရိုက်စကား ပြောကြားသူတို့မှာလည်း "တပည့်တော်တို့ကား သူတို့လို လောကဂုဏ်ကို အလိုမရှိ"ဆိုသော စကားထဲ တွင် ထိုအလိုမရှိသော အပိစ္ဆတာဂုဏ်ကိုပင်ယူ၍ ပြောကြားသောစကား အစစ် ဖြစ်နေသည်များကို သူတပါးမသိအောင် လိမ်ဖယ်ဖယ်စကားနှင့်လောက ဂုဏ်ကို အလိုမရှိဘူးဟု ပြောကြားခြင်း အစစ်ဖြစ်နေတာကို သိရှိကြသူ ပညာရှိ သဘောဖြူတို့က ထိုသူတို့အား ဘယ်လိုမှ မပြောကြားပဲ ပြုံးစိစိ မျက် နှာထားနှင့် အိမ်းအိမ်းဟု ဦးခေါင်းကို ငြိမ့်၍ငြိမ့်၍သာ နေကြကုန်ရာသတည်း။

ဒါဖြင့် သူတို့က လောကဂုဏ်ကို အလိုရှိလို့ လုပ်နေကြတယ်ဟု ပြောကြား သော သူတို့ကို ဘယ်လိုဖြေရမည်နည်းဟူမူ "အိမ်း လောကဂုဏ်ကို အလိုရှိ၍ လုပ်သဟာ၊ လောကဂုဏ်ကို အလိုရှိသူတို့ကို ခင်ဗျား ဘယ်လိုဆိုချင်သလဲ၊ ဤ လောကကြီးမှာ မိမိတို့နှင့် ထိုက်တန်သော လောကဂုဏ်ကို မလိုချင်သူများကို လက်ညှိုးထိုး၍ ပြောစမ်းပါ"ဟု ပြန်၍မေးသောအခါ ထိုသူများက ဘုရားဟာ

ဆုံးမြတ်ဆုံးဖြစ်၍ လောကဂုဏ်ကို ဘယ်တော့မှ အလိုမရှိဘူးဟု အကယ်၍ပြော ကြားငြားအံ့၊အိမ်း သင်းတို့ပြောတဲ့ဘုရားဟာ လောကဂုဏ်ကို အခြားသူများ ထက် အလိုရှိဆုံး ပုဂ္ဂိုလ်ထူးကြီးဟူ၍ သိကြရမည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ လောကုတ္တရာဂုဏ် သက်သက်ကို အလိုရှိပါမူ သုမေဓာဘဝကပင် လောကုတ္တရာနိဗ္ဗာန်ခွင်သို့ ကောန်ဝင်မည် စင်စစ်တည်း။ ထိုသို့မဝင်မူ၍ "ငါသည် မထင်မရှားတယောက်တည်း နိဗ္ဗာန်ကိုသွားသဖြင့် အဘယ်အကျိုးရှိအံ့သနည်း၊ လောကသုံးပါးတွင် အထင်အရှား ကြီးမား မြင့်မြတ်သည့်ဘုရား၏ အနန္တဂုဏ် ထူးကိုရ၍ နိဗ္ဗာန်သို့ကူးမှသာလျှင် သာ၍ပင် ကောင်းမည်" ထင်၍ ဘုရားဆုကို ပန်ဆင်ပြီးလျှင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်းတို့မှာ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်ငြား အလွန့်အလွန်ကြီးထွားသော အဓိပတိစိတ် ကြီးများနှင့် အားထုတ်နိုင်မှ ထိုထိုဂုဏ်တို့နှင့် ပြည့်စုံသည့်ဘုရားအဖြစ်ကို ရသည့် ထုံးကိုလည်းကောင်း၊ ထိုမှတပါး အရှင်ပစ္စေကဗုဒ္ဓါနှင့် အရှင်သာရိပုတ္တရာ အရှင် မောဂ္ဂလ္လာန်စသော အရိယာသာဝကကြီးတို့သည်လည်း မိမိတို့နှင့် ထိုက်တန် သောဂုဏ်များ တေဒဂ်များကို လိုလားတောင့်တကြ၍ ထိုဂုဏ်ကိုရအောင် နှစ် သင်္ချေနှင့် ကမ္ဘာတသိန်း၊ တသင်္ချေနှင့် ကမ္ဘာတသိန်း၊ ကမ္ဘာတသိန်းသက်သက် တို့ အတွင်းမှာ ဆင်းရဲဒုက္ခအမျိုးမျိုးခံကြရ၊ ကိုယ်အသက်နှင့်တကွ ဝတ္ထုပစ္စည်း များကို စွန့်လွှတ်ကြကာ အားထုတ်ကြပါ၍ ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကကြီး အသီးသီးတို့ဖြစ်ကြသည့်ထုံးကိုလည်းကောင်း နှလုံးမသွင်းမိသူတို့ကသာ ဂုဏ်ကို လို၍ ပြုသူတို့ကို ယုတ်ညံ့သည်ဟူ၍ချည်း ထင်မှတ်ပြောဆိုတတ်ကြလေသတည်း။

ဤ၌ဘုရားပစ္စေကဗုဒ္ဓါ သာဝကတို့ဂုဏ်ကို လိုချင်ကြတယ် ဆိုတာကိုပင် ဉာဏ် မသက်ဝင်သူတို့က "ယခုကာလဂုဏ်ကို လိုချင်ကြတယ်ဆိုတာပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝကကြီးတို့လို လောကုတ္တရာဂုဏ်ကို အလိုရှိတာ မဟုတ်ဘူးဘုရား။ ဤလူစုက လောကီဂုဏ်ကို အလိုရှိ၍ ပြုလုပ်နေကြတာ" ဟု ထိုအရိယာတို့ အလို ရှိတဲ့ဂုဏ်ဟာ လောကီဂုဏ် ပါမပါကို မသိသူတို့က မေးမြန်းချင်ကြလေလိမ့်မည်။ စင်စစ်မူကား သူတပါးနှင့် မဆက်ဆံသော ဘုရားဂုဏ်ထူးတို့ကား –

၁။ သတ္တဝါတို့ ဣန္ဒြေရင့် မရင့်ကိုသိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊

၂။ သတ္တဝါတို့ အလိုဆန္ဒ အာသယနှင့် ထိုသတ္တဝါတို့ အတွင်းမှာရှိသော ကိလေသာနုသယတို့ကို တတ်တတ် ထင်ထင် သိမြင်နိုင်သော အာသယာနုသယဉာဏ်၊

၃။ ခပ်သိမ်းဉာဏ် အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်၊

၄။ အဆီးအတား အပိတ်အပင်မရှိပဲ အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်လုံးတို့မှာ ဖြစ်ထိုက်သမျှသော လောကီ,လောကုတ္တရာ အရာရာတို့ကို တတ်တတ်ထင်ထင် သိမြင်နိုင်သော အနာဝရဏဉာဏ်၊

၅။ ရေ, မီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို တပြိုင်နက်လိုပင် ထင်မြင်ရအောင် ပြသနိုင်သော ယမကပါဋိဟာရိယဉာဏ်၊

၆။ သတ္တဝါအများ အားစားတို့ကို ကြီးထွားမြင့်မြတ်သော သနားခြင်း မဟာကရုဏာသမာပတ္တိဉာဏ် --

ဤခြောက်တန်သော ဂုဏ်ထူးကိုပင် လောကီလား လောကုတ္တရာလား ဟု စဉ်းစားဆင်ခြင်၍ ကြည့်လိုက်ကြသည်ရှိသော် "ခြော်·လောကုတ္တရာအစစ်ဆိုတာ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ကိုသာ ဆိုပါတကား ၎င်းကိုးပါးမှ ကြွင်းသော ကာမ, ရူပ, အရူပစေတသိက်တို့ကား လောကီတရားတို့ ချည်းသာ ဖြစ်နေကြသည့် အထဲတွင် ပါဝင်နေသော ၎င်းဉာဏ်ခြောက်ပါးထဲက မဟာကြီးယာ ဉာဏသမ္ပယုတ်နှင့် ကြိယာဣဒ္ဓိဝိဓ အဘိညာဉ်တရားတို့သာ ဖြစ်နေကြပါတကား" ဟု စဉ်းစားကြည့်သူ စဉ်းစားမိသူ ပညာရှိသတော်ဖြူမှန်သမျှတို့ "ခြော်- ဘုရားဂုဏ်တွေ၊ ပစ္စေကဗုဒ္ဓါဂုဏ်တွေ၊ အဂ္ဂသာဝက မဟာသာဝက ဂုဏ်တွေဆိုတာ အကုန်လုံး လောကုတ္တရာချည်း မဟုတ်ပါပဲ၊ လောကီဂုဏ်နှင့် တွဲကာတွဲကာ ထိုထိုလောကုတ္တရာဂုဏ် အလုံးစုံတို့ကို ရအောင် ရောက်အောင် ယူနေကြယူအောင်လည်း ပြောဟောနေကြပါတကား"ဟု အမှန်ကိုသိရှိ စဉ်းစားမိကြပေလိမ့်မည်။

ထိုစကားကို ထင်ရှားအောင် ဆိုဦးအံ့။ ဤလောကမှာ လာဘ်ပေါများခြင်းသည် လောကီဂုဏ်နှင့် တွဲကာတွဲကာ မဂ်ဖိုလ်ကိုလည်း ယူကြရန် လာဘ်ပေါများသည့် ရှင်သီဝလိမထေရ်မြတ်ကို (၁) နံပါတ် ချန်ပီယံ တေဒဂ်တား၍ ဟောကြားလိုက်က ကြားသိသူအပေါင်း သူတော်ကောင်းတို့ကလည်း ၎င်းလာဘ်ပေါများချင်သည့် ဂုဏ်နှင့်ဆက်သွယ်ကာ ငါတို့လည်း ဤမထေရ်ကဲ့သို့ ဖြစ်ရပါလို၏ဟု ဆုတောင်း၍ ကုသိုလ်ပြုကြက ထိုလာဘ်ပေါများခြင်းနှင့်ငကွ အရိယာအဖြစ်သို့ ရောက်ကြကုန်၏။

ထိုမှတပါး တေဒဂ်အစားစား လောကီဂုဏ်ထူးများနှင့်လည်း တွဲကာတွဲကာ သတ္တဝါတို့ စိတ်ပါလာအောင် လောကီတေဒဂ်များ ဟောကြားချီးမြှောက်၍ လောကုတ္တရာဂုဏ်ထူးသို့ရောက်အောင် တင်ဆောင်သော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ နိဗ္ဗာန်လမ်းကို ဖြောင့်တန်းအောင် ညွှန်ကြားပြသဆုံးမသြဝါဒများကို စဉ်းစားကြည့်သူ စဉ်းစားမိသူ ပညာရှိသတော်ဖြူမှန်သမျှတို့ ခြော်- ဤလောကဂုဏ်ထဲတွင် ပျော်ရွှင်နေကြသော လောကီဘုံသူ ဘုံသား သတ္တဝါ

အစားစား သူငါများတို့ကို မိမိတို့၏ ကြိုက်နှစ်သက်ကြသည့် လောကီဂုဏ် အစားစားနှင့် ဖြားယောင်း သွေးဆောင်ပြီးလျှင် လောကုတ္တရာ နိဗ္ဗာန်ဌာနသို့ ဘုရားကိုယ်တော်မြတ်ကြီး ရွှေဉာဏ်တော် ဓသီးသီးနှင့် တင်ဆောင်တော်မူပါ တကားဟု သိရှိကြကုန်သဖြင့် အယုတ်ဆုံး တို့မိုးညှင်းအနီးအပါး ဘုရားပွဲ ပြု ကြသောအခါ တအိမ်တအိမ်မှာ ဆန်တတင်း နှစ်တင်းကုန်အောင် မုန့်များ ပြုလုပ် ကြော်လှော်၍ အရွာရွာက မိတ်ဆွေများကို ဝေငှပေးကမ်း ကြ၏။ အခြားသော ရွာတို့ကလည်း မိမိတို့ဘုရားပွဲမှာ ဤအတူကြော်လှော် ကြကာ ပြန်၍ ဝေငှရာ၌ အချို့က မုန့်အကြွေးပေးခြင်း မုန့်အချေးဆပ်ခြင်း တို့ဟာ ဘာကုသိုလ်ရမှာလဲဟူ၍ လည်းကောင်း၊ မသာအလှူတို့မှာ ငွေကူခံကြတာကို လည်း ထမင်းရောင်းသည် ငွေချေးသည် ဟူ၍ လည်းကောင်း သူ့အကျိုးမနပ် ငါ့အကျိုးမနပ် စိန်းဆတ်ဆတ်စကား ပြောကြားတတ်၏။

ဤကဲ့သို့ မပြောကြားပဲ၊ "မင်းတို့ မုန့်ဝေလှူဒါန်းတာ တတင်းမျှ ကုန်တာ နှင့် နှစ်တင်းကုန်လောက် အခြားမိတ်ဆွေများက ပြန်လှန်၍ ပေးကမ်းကြ သဖြင့် ယခုမျက်မှောက်တွင် ဒိဋ္ဌဓမ္မအကျိုးကို ခံစားနေရပြီကွ။ နောင်သံသရာ အကျိုးကိုကား ပြောစရာမရှိ" ဟု လည်းကောင်း ငုံးတိတိ မလိမ့်တပတ် ပြော ကြားကာ ထိုစကားကို မစဉ်းစားမိသူတို့လည်း ဝမ်းမြောက် သွားလိမ့်မည်။ စဉ်းစားမိသူတို့ကား ငါလောကီကိုသာ ငဲ့၍ ပေးကမ်းမိသောကြောင့် နောင် သံသရာအကျိုးကား ပြောစရာမရှိဟု စဉ်းစားမိအောင် ထိုသူက ကြံဆောင်၍ အလိမ္မာစကားနှင့် ဆုံးမသွားသည်ကို စဉ်းစားမိတိုင်း စဉ်းစားမိတိုင်း ပြုံးရယ် ကြကာ နောက်နောင်ကို လောကုတ္တရာ သံသရာ အကိုးအကား များကိုလည်း မျှော်ကိုး၍ ရှေးကဖြစ်သည့်အတိုင်း မကင်းတရားနှင့် ပြုကြရမည့် နေရာတိုင်း တို့တွင် ကန်ထရိုက် ဆရာကြီး မောင်သက်တင်ကဲ့သို့ အဓိပတိစိတ်ကောင်း ဝင်အောင် မိမိစိတ်ကို ပြုပြင်ကာ ပေးကမ်းပါ၍ အထူးအပေးခံသူများကလည်း လက်စားပြန်၍ လှူရန်ကိစ္စလည်း ပြီးစီးကြမည့် အချက်များကို စဉ်းစားမိကြကာ အဓိပတိလောကုတ္တရာဘက်သို့လည်း ပါအောင် မုန့်လက်စားပေးခြင်း၊ မသာ အလှူတို့မှာ ငွေစသည် ကူခြင်းများကို ပြုနိုင်ကြပါစေသတည်း။ ဤသည် တို့ကား ငါပဋ္ဌာန်းတရားအရတည်း။

ဤအာရမ္မဏာဓိပတိပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ် တို့သည် ဘုရားကို အထူးအလေးအမြတ်ပြုကာ ရှိခိုးခြင်း ဗုဒ္ဓါနုဿတိအလုပ်ကို အား ထုတ်ခြင်းတို့ကို ပြုလုပ်ပြီးတိုင်းသော အခါတို့မှာ ဩော် ငါယခု ဘုရားဂုဏ်ကို အလေးအမြတ် ပြုသမျှသော စိတ်, စေတသိက်တို့သည် အာရုံ အဆင့်ဆင့်တို့ကို အာရုံပြုကာ ပြုကာ ချုပ်ပျက်၍ လိုက်နေကြတာတို့ကို ဉာဏ်နှင့်မိမိ ပြုံးပြုံး ကြည့်ရှု၍ "အနိစ္စ အနိစ္စ၊ အနိစ္စ အနိစ္စ" ဟု အဖန်ဖန် ရှုကြစေလိုသောကြောင့်

(အလေးပြုပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ။)ဟု ရှေ့က ဆောင်ပုဒ်မှာ ရေးပြအပ်ပါသတည်း။

ဤဘုရား ရှိခိုးခြင်း ဗုဒ္ဓါနုဿတိ အလုပ်ကို အားထုတ်ခြင်း၌ ဝိပဿနာနည်းကို ပြအပ်သည့်အတူ ထိုထိုဒါန ပြုတိုင်းတို့မှာလည်း အဓိပတိစိတ်ထားနှင့် အထူးသတိထား၍ ပေးလှူကြ၊ သီလဆောက်တည်ကြတိုင်း တို့မှာလည်း အဓိပတိစိတ်ထားနှင့် အထူးသတိထား၍ ဆောက်တည်ကြ၊ သမထ ဝိပဿနာ ဘာဝနာပွားများတိုင်းတို့မှာလည်း အဓိပတိစိတ်ထားနှင့် အထူးသတိထား၍ ပွားများကြ၊ အယုတ်ဆုံး လောကီလောကုတ္တရာ အရေးနှင့် သွားလာပြုလုပ် ကြံစည်တိုင်းတို့မှာလည်း အဓိပတိစိတ်ထားနှင့် အထူးသတိထား၍ သွားသာကြံစည်ကြပြီးမှမိမိတို့ လှူခဲ့ပြီးသော အဓိပတိစိတ်တို့ ချုပ်ပျက်ချက်၊ ဆောက်တည်ခဲ့ပြီးသော သီလတို့ ချုပ်ပျက်ချက်၊ ပွားများခဲ့သော အဓိပတိ ဘာဝနာစိတ်တို့ ချုပ်ပျက်ချက်၊ သွားလာပြုလုပ် ကြံစည်ခဲ့သော အဓိပတိ စိတ်တို့ ချုပ်ပျက်ချက်ကိုလည်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ၊ "အနိစ္စ အနိစ္စ၊ အနိစ္စ အနိစ္စ"ဟု မကြာမကြာ အခါခါ အဓိပတိဝိပဿနာ အလုပ်ကို အားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

အဓိပတိပစ္စည်းအကျဉ်းပြီး၏။

---

## ၁၀—အနန္တရပစ္စည်းအရ အကျဉ်းမျပြချက်

အဓိပတိ ပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အနန္တရူပမျိုးတွင် ပါဝင်သော အနန္တရပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ဤအနန္တရပစ္စည်း၌ စာပဌာန်း, ရှာပဌာန်း, ငါပဌာန်းအားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် စာပဌာန်းအရကို အကျဉ်းဆုံးနည်းနှင့် ပြဆိုရမူ—

> ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော—

ဟူ၍ အကျဉ်းဆုံးနည်းနှင့် စာပဌာန်းအရကို ပြတော်မူ၏။ (စာများအံ့စိုး၍ အကျယ်ပါဠိတော် စကားကို အကုန်ထည့်သွင်း မရေးသားလိုက်ပေသတည်း)။ ဤစာပဌာန်းအရကို ရှာပဌာန်းအရနှင့် ပြဆိုရမူ—

ယေသံယေသံ၊ အကြင်အကြင် ရှေးရှေး၌ ဖြစ်ကုန်သော၊ ဓမ္မာနံ၊ စိတ်စေတသိက်တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ ဖြစ်ကုန်သော။ ယေယေ ဓမ္မာ၊ အကြင်အကြင် နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်

စေတသိက်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေခမ္မာ၊ ထိုထို ရှေးရှေး၌ ဖြစ်ကုန်သော တရားတို့သည်။ တေသံတေသံခမ္မာနံ၊ ထိုထို နောက်နောက်၌ ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့စု ကျေးဇူးပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ နောက် နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) နာမ်ခန္ဓာများ၊ ဖြစ်လေငြား၊ လေးပါးဆုံ၍သာ။
(၂) စိတ္တက္ခဏချင်း၊ ဖြစ်တုံလျင်း၊ ပူးခြင်းမရှိပါ။
(၃) ပုတီးကုံးသွင်၊ စီ၍ပင်၊ ဖြစ်အင်ဓမ္မတာ။
(၄) ရှေ့ခန္ဓာများ၊ ပစ္စည်းထား၊ နောက်ကား ပစ္စုပ်သာ၊
(၅) စကြာမင်းသေ၊ နန်းရစေ၊ အမွေ သားကြီးသာ။
(၆) ဤပမာရ၊ ချုပ်သမျှ၊ ပြုကြကျေးဇူးသာ။
(၇) ရှေးချုပ်သမျှ၊ အနိစ္စ၊ ရှုကြဝိပဿနာ။

ၡင်းအနန္တရပစ္စည်း၌ တိက်ပုဒ်အရနှင့် အကျဉ်းချုပ် မှတ်ရန်ကား—

၁။ ရှေးရှေးကုသိုလ်က နောက်နောက် အခြားမဲ့ ကုသိုလ်, အဗျာကတ တို့အား ကျေးဇူးပြု၏။

၂။ ရှေးရှေးအကုသိုလ်က နောက်နောက် အခြားမဲ့ အကုသိုလ်,အဗျာ- ကတ တို့အား ကျေးဇူးပြု၏။

၃။ ရှေးရှေးအဗျာကတက နောက်နောက် အခြားမဲ့ အဗျာကတ ကုသိုလ်, အကုသိုလ်တို့အား ကျေးဇူးပြု၏။ ဤသည်တို့ကား ရှာပဋ္ဌာန်းစကား အရတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် သိလွယ်ကြအောင် ပြဆိုရမူ ဤလောကကြီး အားလုံးကို ပရမတ်နယ်က အကျဉ်းချုံး၍ ပြရမူ ရုပ်နာမ်နှစ်ပါးသာ ရှိကုန်ရာ၏။ ဤနှစ်ပါးတို့တွင် ရုပ်တရားတို့၏ ဖြစ်ကြပုံမှာ မူကား တခုစီ တခုစီ မဖြစ်ကြပဲ အနည်းဆုံး ရှစ်ပါး ရှစ်ပါးစုမှ ကိုးပါးစု, ဆယ်ပါးစု, ဆယ့်တပါးစု, ဆယ့်နှစ်ပါးစု, ဆယ့်သုံးပါးစုအားဖြင့် ခြောက်မျိုး ခြောက်စားတို့ အစုလိုက် အနေလိုက် ဖြစ်ပျက်၍ နေကြရာတွင် ရုပ်ဝီထိဖြစ်စဉ် ကား ပဋိသန္ဓေစိတ်ဥပါဒ်က စုတိစိတ်ရှေ့ စိတ္တက္ခဏ တဆယ့်ခုနစ်ချက်ကျအောင် ကမ္မဇကလာပ်ကိုးစည်းတို့ ဏောယ်တိုင်းတို့မှာ ထိုက်သင့်သည့် အားလျော်စွာ ဖြစ်၍ ဖြစ်၍ ပျက်ကြကုန်၏။

ပဋိသန္ဓေနေခင် ပဌမဘဝင်စိတ်ကစ၍ စုတိကျအောင် ရုပ်ကို ဖြစ်စေတတ်သော စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်းတို့မှာ စိတ္တဇကလာပ် ခြောက်စည်းတို့ ထိုက်သင့်သည် အားလျော်စွာ ဖြစ်၍ ဖြစ်၍ ပျက်ကြကုန်၏။ ပဋိသန္ဓေစိတ်၏ ဌီကစ၍ သေသောမသာလောင်း ကုန်ဆုံးသည်တိုင်အောင် ခဏတိုင်း ခဏတိုင်း တို့မှာ ဥတုဇကလာပ် လေးစည်းတို့ ထိုက်သင့်သည် အားလျော်စွာ ဖြစ်၍ဖြစ်၍ ပျက်ကြကုန်၏။ ဗဟိဒ္ဓက အာဟာရအထောက်အပံ့ ရသည်ကစ၍ စုတိကျ အောင် ခဏတိုင်း ခဏတိုင်းတို့မှာ အာဟာရဇကလာပ် နှစ်စည်းတို့ ထိုက်သင့် သည် အားလျော်စွာ ဖြစ်၍ ဖြစ်၍ ပျက်ကြကုန်၏။

[ဤကား ရုပ်ခန္ဓာတို့ဖြစ်စဉ် (ဝါ) ရုပ်ဝီထိတို့ ဖြစ်စဉ် အကျဉ်းချုပ် တည်း။ အကျယ်ကိုလိုမူ မိုင်းခိုင်း ဆရာတော် ရေးသားသော ရုပ်ဝီထိ အစဉ်နှင့် ငါတို့ရေးပြအပ်သော (ဝိပဿနာဝီထိ အစားစား ကျင့်စဉ် တရားကြီး)၌ ရုပ်ဝီထိအစားစားတို့ကို သာမညလူစားတို့ပင် သိကြား နားလည်လောက်အောင် ထင်ထင်ရှားရှား ရေးသားထားသည်မှာ ကြည့်ရှုပါလေ။]

ထိုမှတပါး နာမ်တရားတို့၏ ဖြစ်စဉ်ကား ထိုနာမ်တရားတို့လည်း တပါးစီ တပါးစီ မဖြစ်ကြပဲ စိတ်စေတသိက်တို့နှင့် ယှဉ်တွဲကာ နာမ်ခန္ဓာလေးပါးစီ အတွဲလိုက်အတွဲလိုက် ဖြစ်ကြသည်ကို သိစေလို၍ (နာမ်ခန္ဓာများ၊ ဖြစ်လေငြား၊ လေးပါးဆုံ၍သာ။)ဟူ၍ ရှေ့ဆောင်ပုဒ်မှာ ရေးပြအပ်ပါသတည်း။ ထိုနာမ်ခန္ဓာ လေးပါးတို့ ဖြစ်စဉ်မှာလည်း ရုပ်များကဲ့သို့ ကလာပ်အစားစားတို့ တပူးတည်း တပေါင်းတည်း ဖြစ်ကြတာလို နာမ်ခန္ဓာ လေးပါးစီ လေးပါးစီတို့ချင်း တပူး တည်း တပေါင်းတည်း မဖြစ်ကြပဲ ရှေ့နောက်ခန္ဓာတို့ တတွဲစီ တတွဲစီ ချုပ်ပြီးမှ တခုစီ တခုစီ ပုတီးကုံးများ စီသကဲ့သို့ တတွဲစီ တတွဲစီ ဖြစ်ပေါ်နေကြသည်ကို ရည်၍ (စိတ္တက္ခဏာ ကျင်း၊ ဖြစ်တုံလျင်း၊ ပူးခြင်းမရှိပါ။ ပုတီးကုံးသွင်၊ စီ၍ပင်၊ ဖြစ်အင်ဓမ္မတာ။) ဟု ရှေ့ဆောင်ပုဒ်မှာ ရေးပြအပ်ပါသတည်း။

ဤ ရေးကပြခဲ့တိုင်း နာမ်ခန္ဓာ လေးပါးစီ လေးပါးစီ အစဉ်အတိုင်း တစုံစီ ချုပ်ပျက်ပြီးမှ တစုံစီ တစုံစီ ဖြစ်ပေါ်၍ နေကြရာတွင် ရှေးချုပ်ပြီးသော နာမ်ခန္ဓာက အကြောင်းပစ္စည်းတရား၊ နောက်နောက်မှ နာမ်ခန္ဓာလေးပါးစီ အသစ်အသစ် ဖြစ်ပေါ်လာကြတာက အနန္တရ အကျိုး ပစ္စယုပ္ပန်တရား ဖြစ်ပွား ကြလေ၏၊ ဤသို့ အကြောင်းအကျိုး ဖြစ်ကြသည်ကို ဥပမာဆိုသော် စကြာ မင်းကြီးများ နတ်ရွာလားခြင်းသည် အချည်းနှီး အလကား သေသွားသည် မဟုတ်ပဲ သားကြီးသြရသကို ထီးနန်းအမွေကိုရရန် ကောင်းကောင်းကြီး

ကျေးဇူးပြုသောအားဖြင့် နတ်ရွာလားရတာလို ရှေးရှေးနာမက္ခန္ဓာလေးပါး လေးပါးတို့ ချုပ်ပျက်သွားကြရတို့မှာလည်း အလကား အချည်းနှီး မချုပ်ကြပဲ နောက်နောက်က အခြားမဲ့ ဖြစ်ကြမည့် နာမက္ခန္ဓာ လေးပါးတို့အား ကောင်းကောင်းကြီး ဖြစ်ခွင့်ကို ပေးသောအားဖြင့် ကျေးဇူးပြုကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီး၌ "ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ။ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။" ဟု မြတ်စွာဘုရားသခင်သည် ဟောကြားတော် မူအပ်သည်ကို အကျဉ်းအားဖြင့် သိစေလိုပြန်၍ (ရှေးခန္ဓာများ၊ ပစ္စည်းထား၊ နောက်ကားပစ္စုပ်သာ။ စကြာပင်းသေ၊ နန်းရစေ၊ အမွေသားကြီးသာ။ ဤပမာရ၊ ချုပ်သမျှ၊ ပြုံကြကျေးဇူးသာ။) ဟု ဆောင်ပုဒ်၌ ရေးပြအပ်ပါသတည်း။

ဤသည်တို့ကား တိုက်နှင့်မပိုင်းခြားပဲ သာမညနာမ်ခန္ဓာတို့ အစဉ်ဖြစ်၍ ကျေးဇူးပြုပုံကို ပြချက်ပေတည်း။ တိုက်နှင့်ပိုင်းခြား၍ ပြရပါမူ ရှေးရှေးကုသိုလ် နာမ်ခန္ဓာတို့က နောက်နောက် အခြားမဲ့ နာမ်ခန္ဓာ ကုသိုလ်အားလည်းကောင်း၊ နောက်နောက် အခြားမဲ့ ဘဝင်, တဒါရုံ, စုတိ, ဖိုလ်အဗျာကတ နာမ်ခန္ဓာတို့အားလည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြ၏။ (တနည်း) ရှေးရှေး အကုသိုလ် နာမ်ခန္ဓာတို့က နောက်နောက် အခြားမဲ့ အကုသိုလ် နာမ်ခန္ဓာတို့အား လည်းကောင်း၊ နောက်နောက် အခြားမဲ့ ဘဝင်, တဒါရုံ, စုတိ, အဗျာကတ နာမ်ခန္ဓာတို့အား လည်းကောင်း၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ (တနည်း) ရှေးရှေးဝိပါက် ကြိယာ အဗျာကတ နာမက္ခန္ဓာလေးပါးတို့က နောက်နောက် အခြားမဲ့ ဝိပါက် ကြိယာ အဗျာကတ နာမ်ခန္ဓာလေးပါးတို့အားလည်းကောင်း၊ နောက်နောက် အခြားမဲ့ ကုသိုလ် နာမက္ခန္ဓာ လေးပါးတို့အားလည်းကောင်း၊ နောက်နောက် အခြားမဲ့ အကုသိုလ် နာမက္ခန္ဓာ လေးပါးတို့အားလည်းကောင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုကြသည်၏ အဖြစ်များကို ပါဠိတော်၌ ဟောပြသည့်အတိုင်း ဆောင်ရွက်လွယ်ကြစေခြင်း အကျိုးငှာ "ရှေးရှေးကုသိုလ်က နောက်နောက် အခြားမဲ့ ကုသိုလ် အဗျာကတအား ကျေးဇူးပြု၏၊" စသည်ဖြင့် ရွာပဋ္ဌာန်းစကားအရမှာ ပြခဲ့ပါသတည်း။ ဤကား နာမက္ခန္ဓာတို့ ဖြစ်စဉ် (ဝါ) နာမ်ဝီထိတို့ ဖြစ်စဉ်အကျဉ်းချုပ်တည်း။

[အကျယ်ကိုမူ ဝီထိလက်ချိုး ရာသီစုနှင့်တကွ ငါတို့ရေးပြအပ်သော ဝိပဿနာဝီထိ အစားစား ကျင့်စဉ်တရားကြီး၌ နာမ်ဝီထိတို့ အစားစားကို သာမညလူစားတို့ပင် သိကြား နားလည်လောက်အောင် ထင်ထင်ရှားရှား ရေးသားထားသည်မှာ ကြည့်ရှုကြပါလေ။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားအရတည်း။]

ဤ အနန္တရပစ္စည်း၌ ဝိပဿနာ ရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးက ပြခဲ့သည့် တခုတခုစီသော နာမ်ခန္ဓာတို့သည် အခြားမဲ့တရားကို ကျေးဇူးပြုသောအားဖြင့် ချုပ်ပျက်ကြသည့် ပစ္စုပ္ပန် ခဏပျက် အနိစ္စကိုမူကား ယခုအခါ သာမန်လူစားတို့ပင် မထင်မြင်နိုင်ကြကုန်ငြားသော်လည်း သိလုံး နာမ်ဝီထိတို့ ရှေ့နောက် သန္တတိအစဉ်အားဖြင့် ဖြစ်ပျက်သည်ကိုမူကား ဝိပဿနာ ဉာဏ်မျက်စိနှင့် မိအောင် ဖမ်းနိုင်ကြကုန်ရာ၏။ (ဝါ) ရှေးရှေးက အနိစ္စဝိပဿနာ ရှုလိုက်ပြီး ချုပ်သွားသော စိတ်ကို နောက်နောက် ဝိပဿနာစိတ်က အနိစ္စဟု ရှုပြန်ပြီး ပျက်စီးသည့် ရှေ့ဝိပဿနာစိတ် အဆက်ဆက်တို့ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ နောက်ဝိပဿနာစိတ် အဆက်ဆက်တို့နှင့် အနိစ္စ အနိစ္စ—ဟု ထင်မြင်အောင် ဝိပဿနာဇောချင်း ရှုကြရန်ကို ရည်၍ (ရှေးချုပ်သမျှ၊ အနိစ္စ၊ ရှုကြ ဝိပဿနာ)ဟု ရှေ့ဆောင်ပုဒ်မှာ ရေးပြအပ်ပါသတည်း။ ဤသည်တို့ကား ငါ ပဋ္ဌာန်းတရားအရ အကျဉ်းမျှ ပြချက်ပေတည်း။ ဤပစ္စည်းကား အနန္တရူပ-နိဿယ ပစ္စည်းမျိုးချည်းပေတည်း။

ဤအနန္တရူပနိဿယမျိုး၌ ရထိုက်သော ပစ္စည်းတို့ကား—

၁။ အနန္တရူပနိဿယ။ ၂။ အနန္တရ၊ ၃။ သမနန္တရ။ ၄။ အာသေဝန။ ၅။ နတ္ထိ။ ၆။ ဝိဂတ။ ။ဤခြောက်ပါးသော ပစ္စည်းတရားတို့သည် မိမိတို့၏ အခြားမဲ့ ဖြစ်ငြား နာမ်ခန္ဓာ လေးပါးတို့အား ထိုက်သည့် အားလျော်စွာ မိမိတို့၏ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။ အနန္တရပစ္စည်း အကျဉ်းမျှ ပြချက် ပြီးရုံမက သမနန္တရ ပစ္စည်းလည်း ဤအတိုင်း မထူးပြီ ဖြစ်သောကြောင့် ပါဝင်၍ ပြီးစီးလေ၏။

အနန္တရ, သမနန္တရပစ္စည်းကို အကျဉ်းမျှ ပြချက်ပြီး၏။

---

၁၉—သဟဇာတ, အညမညပစ္စည်းအရကို အကျဉ်းမျှပြချက်

သမနန္တရပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ သဟဇာတတ္တိမျိုးထဲမှာ ပါသည့် သဟဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ဤသဟဇာတပစ္စည်း၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်း ဟူ၍ သုံးမျိုးသုံးစား ရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

သဟဇာတပစ္စယောတိ စတ္တာရောခန္ဓာ အရူပိနော အညမညံ
သဟဇာတပစ္စယေန ပစ္စယော။ စတ္တာရော မဟာဘူတာ အညမညံ
သဟဇာတပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ
သဟဇာတပစ္စယေန ပစ္စယော။ စိတ္တစေတသိကာ ဓမ္မာ စိတ္တသမု-

ဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်း အရနှင့် ပြဆိုရမူ—

သဟဇာတပစ္စယောတိ၊ သဟဇာတပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တကွဖြစ်မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ ပထဝီ, အာပေါ, တေဇော, ဝါယောဟု ဆိုအပ်သော မဟာဘုတ်တို့သည်။ အညမညံ၊ အချင်းချင်း။သဟဇာတပစ္စယေန။ အတူတကွဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တကွဖြစ်မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေ ခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တကွဖြစ်မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တစေတသိကာ။ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာ တရားလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင်ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ သဟဇာတပစ္စယေန။ အတူတကွ ဖြစ်ကြသည့် သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယောဥပကာရကော။ တကွဖြစ်မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မဟာဘူတာ၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဟု ဆိုအပ်သော မဟာဘုတ်တို့သည်။ ဥပါဒါရူပါနံ၊ အတူတကွဖြစ်ကြသော ဥပါဒါရုပ်တို့အား။ သဟဇာတပစ္စယေန။အတူတကွဖြစ်ကြသည့် သဟဇာတပစ္စယသတ္တိဖြင့်၊ ပစ္စယောဥပကာရကော၊ တကွဖြစ်မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယ ဝတ္ထုရုပ်တို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ကိဉ္စိကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တကွဖြစ်မူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တကွဖြစ်မူ ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။

## ဆောင်ပုဒ်

(၁) နာမ်ခန္ဓာများ၊ ဘုတ်လေးပါး၊ ဖြစ်ငြားသဟ ပစ္စည်းရ။

(၂) ပဋိသန္ဓေ၊ ဟဒယေ၊ မှတ်လေသဟ ပစ္စည်းရ။

(၃) နာမ်ခန္ဓာကား၊ ရုပ်တရား၊ ဖြစ်ငြားသဟ ပစ္စည်းရ။

(၄) မဟာဘူတာ၊ ဥပါဒါ၊ မှတ်ပါသဟ ပစ္စည်းရ။

(၅) တကွဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ ပွားများကြ။

## တနည်းဆောင်ပုဒ်

(၁) တကွဖြစ်သည့် နာမ်ခန္ဓာအချင်းချင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်အား ကျေးဇူးပြု၏။

(၂) ရုပ်မဟာဘုတ် ချင်းချင်းနှင့် ဥပါဒါရုပ်အား ကျေးဇူးပြု၏။

(၃) ပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ်ချင်းချင်း ကျေးဇူးပြု၏။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကား အရတည်း။

ဤစာပဋ္ဌာန်း-ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် သိလွယ်အောင် ပြဆိုရပါမူ ရှေးအနန္တရပစ္စည်းက အကျဉ်းချုပ်နည်းနှင့် ရုပ်ဝီထိ, နာမ်ဝီထိတို့ အတွဲလိုက် အတွဲလိုက် ဖြစ်ကြသည့် အစဉ်ကို ပြခဲ့သည့်အတိုင်းတွင် တပြိုင်နက် ဖြစ်ကြသော နာမ်ခန္ဓာလေးပါးတို့ကလည်း အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။ တကွနက် ဖြစ်ကြသော ရုပ်မဟာဘုတ်လေးပါးတို့ကလည်း အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ပဋ္ဌဝေါကာရ ပဋိသန္ဓေ-နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့ကလည်း အချင်းချင်း သဟဇာတသတ္တိဖြင့် အချိုသော ပဋိသန္ဓေအခါမှာသာ ကျေးဇူးပြုကြကုန်၏။ ပဝတ္တိအခါတို့မှာ ကျေးဇူးမပြုကြကုန်။

ရုပ်ကိုဖြစ်စေတတ်သော နာမက္ခန္ဓာတို့က ၎င်းစိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့ကလည်း အတူတကွ ဖြစ်ကြသော ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ဤသို့ ကျေးဇူးပြုနေကြသော ငါပဋ္ဌာန်းအရတို့ကို သိစေလို၍ "သဟဇာတပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော" စသည်ဖြင့် ဘုရားဟော စာပဋ္ဌာန်းအရနှင့် ဟောပြတော်မူတိုင်း မှတ်လွယ် ဆောင်လွယ်ကြရန် စိတ်ရည်သန်၍ ဆောင်ပုဒ်၌

(နာမ်ခန္ဓာများ၊ ဘုဘ်လေးပါး၊ ဖြစ်ပြားသဟ၊ ပစ္စည်းရ။) စသည်ဖြင့် လက်ာ ဆောင်ပုဒ်ကို ရေးထုတ်အပ်ပါသတည်း။

ဤရှေးက ပြခဲ့ပြီးသော ပဋ္ဌာန်းသဟဇာတပစ္စည်းတို့ နာမ်ခန္ဓာ, ရုပ်ခန္ဓာ တိုင်းတို့မှာ ဖြစ်နေကြတာကို မသိသူတို့က ပဋ္ဌာန်းတရားကြီးများဆိုတာ တကယ့်အထက်တန်း တရားကြီးတွေဖြစ်၍ အလွန့်အလွန် မြင့်မြတ်သော တရား ကြီးများ ဖြစ်ပွားလေသောကြောင့် ငါတို့လူ့ပြည်မှာ မဟောကြားပဲ၊ တာဝတိံသာ နတ်ပြည်မှာသာ ဟောကြားလေသဖြင့်၊ ၎င်းပဋ္ဌာန်းတရားကြီး များဆိုတာ တို့လူ့ပြည်မှာမရှိပဲ၊ တို့မသိနိုင်သော တရားကြီးများအစစ် ဖြစ် သည်ဟု ထင်မှတ်နေသောသူများကို ရုပ်မှန်သမျှ ပဋ္ဌာန်းတရားအစစ် ဖြစ်နေ သည်ကို သိရှိသူတို့က၊ ၎င်းသူကို (ဟဲ့-ဟဲ့) မင်းတို့ ပဋ္ဌာန်းတရား အစစ်များကို နင်းထားမိနေသည်ဟု ပြောဆိုက ပေါက်ဆတ်ပေါက်ဆတ်နှင့် အဟုတ်များနင်း ထားသလားဟု ခြေကိုကြွ၍ ကြွ၍ ကြည့်ရှုကြပြီးလျှင် ဘယ်မှာ ငါပဋ္ဌာန်း တရားကို နင်းထားရမလဲဟု ပြန်လှန်၍ ပြောကြားသူတို့အား ယခု မင်းနင်း ထားတဲ့ အောက်ကြမ်း, မြေ, ဖျာသင်ဖြူး စသည်တို့ဟာ ရုပ်ပဋ္ဌာန်းကြီးတွေ အစစ်ဖြစ်တာကို ဘုရားက သိစေလို၍ "စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော" ဟု ဟောတော်မူသည်။

စာပဋ္ဌာန်းစကားအရ ပဋ္ဌာန်းအစစ် ဖြစ်ကြသော သင်တို့နင်းထားသည့် ကလာပ်တိုင်းတို့မှာပါသော ခက်မာ ပထဝီ, ဖွဲ့စည်း အာပေါ, အေးလျှင် သီတ တေဇော, ငြိမ်လျှင် ထောက်ကန်ဝါယောတို့ဟာ ပဋ္ဌာန်းတရား အစစ်များကို သင်နင်းထားတာပဲဟု သေချာစွာ ပြောဟောပြသမှ နှိမ့်ချသောစိတ်ဓာတ် အစစ်ရှိသူမှန်သမျှတို့မှာကား "ခြေဘ် ပရမတ်တရား ပဋ္ဌာန်းတရားကြီးတွေ ဆိုတာ အထက်နတ်ပြည်မှာ ဟောကြားတော်မူတာဖြစ်၍ ၎င်းတို့မှာသာ ရှိနေပါသည်ဟု ရှေးက ငါတို့ထင်မှတ်ထားတိုင်း မဖြစ်ကြပဲ၊ ခြောက်ဒွါရ စသည်တို့မှာ ဖြစ်နေကြသည့် နာမ်ခန္ဓာဟူသမျှ ထိုထိုအရပ်တိုင်းတို့မှာ အကောင် အထည်ဒြပ် ပညတ်တို့အတွင်း၌ တင်းကျမ်းပြည့် ရှိနေကြသော ရုပ်ဓာတ် ကလာပ်တိုင်းတို့ဟာ အဘိဓမ္မာပရမတ်တရား ပဋ္ဌာန်းတရားကြီးတွေအစစ် ဖြစ်နေကြပါတကား" ဟု များများကြီး ဝမ်းမြောက်ခြင်းကို ဖြစ်ကြပေလိမ့် သတည်း။ ဤကဲ့သို့နှိမ့်ချခြင်း မရှိသူတို့ကား ခု ကန့်လန့်စကား အစားစားနှင့် ပြောချင်တာများကို လွန်စွာငြင်းပြသော စကားနှင့် ပဋ္ဌာန်းတရားကြီးတွေကို နင်းသော ဘာသောဟု ပြောကြားရမလား စသည်ဖြင့် ပြောကြားကြ ပေလိမ့် သတည်း။ ထိုသို့ပြောကြားသည်များကို အမျက်ဒေါသမရှိကြပဲ မသိ၍သာ ဤကဲ့သို့ ပြောကြားပေသည်ဟု ဂရုဏာရှေ့ထားကာ ပြုံးစိစိသာ နေကြကုန်ရာ သတည်း။

ဤသဟဇာတပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ထိုထို စကြဝဠာ သဝိညာဏက, အဝိညာဏက ဖြစ်ပျက်၍ နေကြသည့် ကမ္ဘာ လောကကြီး အားလုံးဟို၌ ဘယ်ရုပ်ဘယ်နာမ်မဆို သဟဇာတပစ္စည်းမှကင်း၍ ဖြစ်ခြင်းမရှိကြကုန်၊ သဟဇာတပစ္စည်း အကြောင်းရမှသာလျှင် ဖြစ်ပေါ်ကြ ပြီးမှ အသီးသီး ခဏတိုင်းခဏတိုင်းတို့မှာ ချုပ်ပျက်နေကြပါသော်လည်း ယခုအခါ သာမန် လူစားတို့ ခဏပျက် အနိစ္စကို မရှုနိုင်ကြလေသောကြောင့် သန္တတိပျက် အနိစ္စနှင့်သာ ရှုကြကုန်ရာ၏။ ထိုသန္တတိပျက် အနိစ္စမှာလည်း မိမိတို့စိတ်တွင် ကြောင်ကြောင်ကြီး ထင်မြင်နိုင်သော ရှေးကပြခဲ့သည့် ညာလှမ်းလှမ်းလိုသော တကဲ့ဖြစ်သည့် စိတ်နှင့်ညာလှမ်း၊ ကိုယ်အမူအရာပျက်၊ ဘယ်လှမ်းလှမ်းလိုသော တကဲ့ဖြစ်သော စိတ်နှင့်ဘယ်လှမ်း၊ ကိုယ်အမူအရာ ပျက် စသော သွားတိုင်းသွားတိုင်းသော ကိုယ်စိတ်အမူအရာပျက်တို့ကို ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်၍ "အနိစ္စအနိစ္စ၊ အနိစ္စအနိစ္စ"ဟု ရှုကာ သွားကြကုန်ရာ၏။

ဤအတူ ရပ်လိုသော တကဲ့ဖြစ်သည့်စိတ်နှင့် ရပ်ရုပ်အမူအရာ, ထိုင်လိုသော တကဲ့ဖြစ်သည့်စိတ်နှင့် ထိုင်ရုပ်အမူအရာ, အိပ်လိုသော တကဲ့ဖြစ်သည့်စိတ်နှင့် အိပ်ရုပ်အမူအရာ, ထွက်သက်လေကို အပြင်ဘက်သို့ ရှုထုတ်လိုသော တကဲ့ဖြစ်သည့် စိတ်နှင့် တကိုယ်လုံးကြီး ရှုံ့သွားသည့် ကိုယ်အမူအရာ, ဝင်သက်လေကို အတွင်းသို့ ရှိုက်သွင်းလိုသော တကဲ့ဖြစ်သည့်စိတ်နှင့် တကိုယ်လုံးကြီး ပွလာသည့် ကိုယ်ရုပ် အမူအရာ စသော ကိုယ်အမူအရာအမျိုးမျိုး၊ ပြောဆိုလိုသည့် တကဲ့ဖြစ်သော စိတ်နှင့် ပြောရုပ်အမူအရာအမျိုးမျိုး စသော မိမိဉာဏ်မှာ ထင်ရှားသိသာသည့် ကိုယ်စိတ်အမူအရာ, နှုတ်စိတ်အမူအရာ အဖြာဖြာတို့ ဖြစ်ပေါ် ဖြစ်ပေါ်လာကြပြီး ပျောက်ပျောက်ပျက်ပျက် လိုက်နေကြသော အချက်ကြီးတို့ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာ "အနိစ္စ အနိစ္စ"ဟု ရှုကြပါမူ ထိုထိုနာမ် သန္တတိပျက်တို့ အတွင်းမှာ သဟဇာတပစ္စည်းပျက်တို့လည်း အကုန်လုံးပါပြီးသား ဖြစ်ကြ သည်ကို သိစေလို၍ (တကဲ့ဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ)ဟု ရှေ့ဆောင်ပုဒ်မှာ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းတရား အရကို ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှပြချက်ပါတည်း။ ဤပစ္စည်းကား သဟဇာတတ္ထိ ပစ္စည်းမျိုးချည်းပေတည်း။ ဤပစ္စည်းမျိုး၌ တဆယ့်ငါးပစ္စည်း သဘောတူရရှိသည့်အဖြစ်ကို ရှေ့ဟေတုပစ္စည်းက ပြခဲ့ပါသတည်း။ ဤတွင် သဟဇာတပစ္စည်းပြီးရုံမက အညမညပစ္စည်းတို့လည်း သဟဇာတမှာ နာမ်နာမ် ချင်း ကျေးဇူးပြု, မဟာဘုတ်ချင်းချင်း ကျေးဇူးပြု, ပဋိသန္ဓေခန္ဓာနှင့် ဟဒယဝတ္ထုချင်းချင်း ကျေးဇူးပြုသည့် သုံးချက်တွင် ပါဝင်၍ ပြီးလေ၏။

သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း ပြီး၏။

## ၂၀—နိဿယပစ္စည်းအရကို အကျဉ်းမျှပြဆိုချက်

အညမညပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ သဟဇာတတ္တိ, ပုရေဇာတတ္တိမျိုးထဲတွင် ပါဝင်သည့် နိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ဤနိဿယပစ္စည်းသည်လည်း သဟဇာတနိဿယ, ပုရေဇာတနိဿယ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သဟဇာတနိဿယပစ္စည်းသည် ရှေးကပြခဲ့ပြီးသော သဟဇာတပစ္စည်းနှင့် အလုံးစုံတူလေ၏။ ပုရေဇာတနိဿယပစ္စည်း၌လည်း ဝတ္ထုပုရေဇာတပစ္စည်း, ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းအားဖြင့် နှစ်ပါးရှိရာတွင် ဝတ္ထုပုရေဇာတပစ္စည်းကို ရှေးဦးစွာ ဟောတော်မူ၏။ ဝတ္ထုပုရေဇာတပစ္စည်း၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းဟူ၍ သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

> နိဿယပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ဇိဝှာယတနံ ဇိဝှာဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။ ယံ ရူပံ နိဿာယ မနောဓာတု စ မနော-ဝိညာဏဓာတု စ ဝတ္တန္တိ။ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော-

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရမူ—

နိဿယပစ္စယောတိ၊ နိဿယပစ္စည်းဟူသည်ကား။ စက္ခာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် စက္ခုပသာဒရုပ် အကြည်သည်။ စက္ခုဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာ မှီ၍ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ သောတာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် သောတပသာဒ ရုပ်အကြည်သည်။ သောတဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာ မှီ၍ ဖြစ်ပေါ်လာသည့် သောတဝိညာဏဓာတ်အား

လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ဃာနာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် ဃာနပသာဒရုပ်အကြည်သည်။ ဃာနဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ဃာနဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ဇိဝှါယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် ဇိဝှါပသာဒ ရုပ်အကြည်သည်။ ဇိဝှါဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် ဇိဝှါဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ကာယာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် ကာယပသာဒရုပ်အကြည်သည်။ ကာယဝိညာဏဓာတုယာ၊ မိမိအပေါ်မှာ မှီ၍ ဖြစ်ပေါ်လာသည့် ကာယဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ယံ၊ အကြင်ရှေးအဖို့က ဖြစ်နေကြသည့် ဟဒယဝတ္ထုရုပ်ကို။ နိဿယ၊ အမှီပြု၍။ မနောဓာတုစ၊ မနောဓာတ်သည်လည်းကောင်း။ မနောဝိညာဏဓာတုစ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊ ထိုရှေးအဖို့က ဖြစ်နေကြသည့် ဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း။ မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ် မနောဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) တကွဖြစ်ပြန်၊ ရုပ်နှင့်နာမ်၊ မှတ်ရန်သဟ နိဿယ။

(၂) မျက်စိ-နား-နှာ၊ လျှာ-ကိုယ်-ဟဒယံ၊ ဤခြောက်တန်၊ မှတ်ရန်သဟ နိဿယ။

(၃) မြင်-ကြား-နံ-လျက်၊ တွေ့သိချက်၊ ဆက္ကနိဿယ အကျိုးရ။
(၄) မှီအပ်မှီတတ်၊ ထိုနှစ်ရပ်၊ ပျက်လတ်အနိစ္စ ရှုပါကြ။

## တနည်းဆောင်ပုဒ်

၁။ မျက်စိအကြည်ကိုမှီ၍ မြင်သိဖြစ်။
၂။ နားအကြည်ကိုမှီ၍ ကြားသိဖြစ်။
၃။ နှာခေါင်းအကြည်ကိုမှီ၍ နံသိဖြစ်။
၄။ လျှာအကြည်ကိုမှီ၍ စားသိဖြစ်။
၅။ ကိုယ်အကြည်ကိုမှီ၍ တွေ့သိဖြစ်။
၆။ ဟဒယဝတ္ထုရုပ်ကို မှီ၍ ကြံသိဖြစ်။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် သိလွယ်အောင် ပြဆိုရပါမူ ထိုထိုစကြဝဠာ ကမ္ဘာလောကဓာတ်ကြီးအတွင်းမှာ ဖြစ်ပျက်ခြင်း ရှိနေကြသော ရုပ်နာမ်ခန္ဓာတို့သည် မှီရာတည်ရာ ဤနိဿယပစ္စည်း အကြောင်းအကျိုးကင်း၍ မည်သည့်တရားမျှ ဖြစ်နိုင်ကြခြင်းမရှိကုန်။ ဤမှီရာတည်ရာ နိဿယပစ္စည်း အကြောင်းရမှ ဖြစ်နိုင်ကြရာတွင် ၎င်းမှီရာပစ္စည်းက တက္ကဖြစ်တဲ့ မှီရာတည်ရာ၊ ရှေးကဖြစ်တဲ့ မှီရာတည်ရာ နှစ်မျိုးတို့တွင် တက္ကဖြစ်ပြီး အသီးသီး မှီရာ ဖြစ်ကြသည်ကား သဟဇာတပစ္စည်းမှာ ပြခဲ့သည့်အတိုင်း နာမက္ခန္ဓာ အချင်းချင်းနှင့်တကွ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား တက္ကဖြစ်ကြသည့် နာမက္ခန္ဓာလေးပါးက တည်ရာမှီရာ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ထိုထိုသဝိညာဏက, အဝိညာဏကအတွင်းတို့၌ ရှိရှိသမျှသော ကလာပ်စည်း အရနှင့် အတွဲလိုက် အတွဲလိုက် ဖြစ်နေကြသော ရုပ်အပေါင်းတို့တွင် မဟာဘုတ် အချင်းချင်းနှင့်တကွ ဥပါဒါရုပ်တို့အား တက္ကဖြစ်ကြသော မဟာဘုတ်လေးပါးတို့က မှီရာတည်ရာ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ပဉ္စဝေါကာရပဋိသန္ဓေ-နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း မှီရာတည်ရာ သဟဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ဤသို့ကျေးဇူးပြုသည်ကို ရည်၍ (တက္ကဖြစ်ပြန်၊ ရုပ်နှင့်နာမ်၊ မှတ်ရန်သဟ နိဿယ)ဟု ဆောင်ပုဒ်၌ ပြဆိုအပ်ပါသတည်း။ ဤကား တက္ကဖြစ်ပြီး ကျေးဇူးပြုသည့် သဟဇာတ နိဿယ ပစ္စည်း အရတည်း။

ရှေးကဖြစ်ပြီး ကျေးဇူးပြုတဲ့ ပုရေဇာတနိဿယပစ္စည်းကား မှီတတ်တဲ့ နာမ်ဝိညာဏ်တို့ မဖြစ်မီ ရှေ့အဖို့နားက ဖြစ်ပေါ်လာကြသည့် မြန်မာလို မျက်စိ ဟုဆိုအပ်တဲ့ စက္ခုအကြည်, နားဟုဆိုအပ်တဲ့ သောတအကြည်, နှာခေါင်းဟု

ဆိုအပ်တဲ့ ဃာနအကြည်, လျှာဟုဆိုအပ်တဲ့ ဇိဝှါအကြည်, ကိုယ်ဟုဆိုအပ်တဲ့ ကာယပသာဒအကြည်, နှလုံးအိမ်တွင်းမှာ ရှိနေပါသည့် ဟဒယဝတ္ထုရုပ်အကြည် ဤခြောက်လီတို့ကို အသီးသီးမှီကြ၍ မြန်မာလို မြင်သိဟုဆိုအပ်သော စက္ခုဝိညာဏ်နှင့် စေတသိက်ကလည်းအမှီရမှ၊ ကြားသိဟုဆိုအပ်သော သောတဝိညာဏ်နှင့် စေတသိက်ကလည်းအမှီရမှ၊ နံသိဟုဆိုအပ်သော ဃာနဝိညာဏ်နှင့် စေတသိက်ကလည်းအမှီရမှ၊ စားသိဟုဆိုအပ်သော ဇိဝှါဝိညာဏ်နှင့် စေတသိက်ကလည်းအမှီရမှ၊ တွေ့သိဟု ဆိုအပ်သော ကာယဝိညာဏ်နှင့် စေတသိက်ကလည်း အမှီရမှ၊ ကြံသိဟုဆိုအပ်သော မနောဝိညာဏ်တို့က (ဝါ) မနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့် စေတသိက်တို့ကလည်းအမှီရမှ ဖြစ်ပေါ်လာနိုင်ကြကုန်၏။

ဤသို့ ဖြစ်ပေါ်လာကြသည်တို့၌ အကြည်ရုပ်ခြောက်ခုတို့က ရှေ့အဖို့က ဖြစ်ကြပြီး မှီရာအကြောင်း ပစ္စည်းဖြစ်သောကြောင့် ပုရေဇာတနိဿယပစ္စည်းများ ငါးပဋ္ဌာန်းတရား ဖြစ်ကြကုန်၏။ ထိုခြောက်ဝတ္ထုရုပ် အကြည်တို့အပေါ်မှာ တည်မှီကာ ဖြစ်ပေါ်လာကြသော နာမ်ဝိညာဏ်ခြောက်ပါး စေတသိက်တရားတို့က ထိုမှီရာ နိဿယပစ္စည်းအကြောင်းရမှ ဖြစ်ပေါ်လာရသည့် နိဿယပစ္စည်း၏ အကျိုးပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရား ဖြစ်ပွားကြကုန်၏။ ဤသို့ အသီးသီးမှီရာ နိဿယပစ္စည်းခြောက်မျိုးနှင့် မှီ၍ဖြစ်သည့် အကျိုးခြောက်မျိုးတို့ကို သိစေလို၍ "နိဿယပစ္စယောတိ စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော" စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားဟောတော်မူအပ်သည်ကို အကျဉ်းချုပ်အားဖြင့် သိစေလိုပြန်၍ ရှေ့ဆောင်ပုဒ်၌ (မျက်စိ-နား-နှာ၊ လျှာ-ကိုယ်-ဟဒယ်၊ ဤခြောက်တန်၊ မှတ်ရန်နိဿယ ပစ္စည်းရ။ ။မြင်ကြားနံလျက်၊ တွေ့သိချက်၊ ဆက္ကနိဿယ အကျိုးရ) စသည်ဖြင့် ပါဠိတော်အသွားကို လွယ်ကူအောင် ရေးသားအပ်ပါသတည်း။

ဤနိဿယပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် သဟဇာတနိဿယပစ္စည်း၌ ဝိပဿနာရှုရန်ကို သဟဇာတပစ္စည်းအတိုင်းရှုပါ။ ပုရေဇာတနိဿယပစ္စည်း၌ကား ပဉ္စဝေါကာရဘုံ၌ဖြစ်သော နာမ်ခန္ဓာ ရှိသမျှတို့သည် တည်မှီရာ ပုရေဇာတ နိဿယပစ္စည်းအကြောင်းရမှ နာမ်ခန္ဓာတိုင်းတို့ အသီးသီးဖြစ်ပေါ်ကြပြီး အကုန်လုံးချုပ် ပျက်စီးနေကြသည့်၌လည်း ခဏငယ်ပျက် အနိစ္စကို မရှုနိုင်ကြရသောကြောင့် မြင်သိ ကြားသိစသော နာမ်ဝိညာဏ် ခြောက်ချီးတို့ အသီးသီး သိလုံး(ဝါ)တမျိုးစီတမျိုးစီ သိလုံးဝိထိအစဉ်သန္တတိတို့ အသစ်ပြောင်းတိုင်း ပြောင်းတိုင်းတို့မှာ မှီရာဝတ္ထုရုပ်နှင့်တကွ မှီ၍ဖြစ်သော နာမ်ခန္ဓာ အဟောင်းအဟောင်းတို့ ပျက်၍ပျက်၍ (ဝါ) အနိစ္စရောက်၍ ရောက်၍

လိုက်ကြကုန်သည့် သန္တတိပျက်အနိစ္စကို ရှုကာရှုကာ ဝိပဿနာ ပွားများကြကုန်ရာ၏။

ပွားများရပုံအချက်ကား—ရှေးက သွားလာရင်းစသည်တို့မှာ မြင့်၊ သိ ပျက်၊ ကြား သိ ပျက် စသည်တို့ ခြေ လှမ်းတိုင်း လှမ်းတိုင်းစသည်တို့မှာ မြင်သိ အသစ်ပြောင်းသမျှ အဟောင်းပျက်ကြသည့် အနိစ္စထဲမှာ မှီရာ ဧက္ခု ဝတ္ထုရုပ်လည်း တွဲ၍ပျက်သည်ကို ရှုရုံမျှ ထူးတော့၌။ နောက် သောတစသော ငါးဝိညာဏ်ပျက်တို့မှာလည်း ကြားသိပျက် အနိစ္စထဲမှာ မှီရာ သောတဝတ္ထုရုပ်လည်း တွဲ၍ပျက်၊ နံသိပျက် အနိစ္စထဲမှာ မှီရာ ဃာနဝတ္ထုရုပ်လည်း တွဲ၍ပျက်၊ စားသိပျက် အနိစ္စထဲမှာ မှီရာ ဇိဝှါဝတ္ထုရုပ်လည်း တွဲ၍ပျက်၊ တွေ့သိပျက် အနိစ္စထဲမှာ မှီရာ ကာယဝတ္ထုရုပ်လည်း တွဲ၍ပျက်၊ ကြံသိပျက် အနိစ္စထဲမှာ မှီရာ ဟဒယဝတ္ထုရုပ်လည်း တွဲ၍ပျက်ကြသည်ကို ရှုရုံမျှကို သိစေလို၍ (မှီတတ်မှီအပ်၊ ထိုနှစ်ရပ်၊ ပျက်လတ်အနိစ္စ ရှုပါကြ)ဟု ဆောင်ပုဒ်၌ ပြဆိုအပ်ပါသတည်း။ ဤမျှသာ ရှေးကပြခဲ့သည့် အာရမ္မဏပစ္စည်းက ဝိပဿနာရှုနည်းထက် ထူးတော့၏။ အကြင်းကို အာရမ္မဏပစ္စည်းခြောက်ပါး ဝိညာဏ်ကို ဝိပဿနာရှုနည်းအတိုင်း ရှုကြပါလေ။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားအရကို ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။ ဤပစ္စည်းကား ပုရေဇာတတ္တိပစ္စည်းမျိုးချည်းပေတည်း။

ဤပုရေဇာတတ္တိပစ္စည်းမျိုး၌—

(၁) ဝတ္ထုပုရေဇာတနိဿယ။ (၂) ဝတ္ထုပုရေဇာတ။ (၃) ပုရေဇာတိန္ဒြိယ။ (၄) ပုရေဇာတဝိပ္ပယုတ်။ (၅) ဝတ္ထုပုရေဇာတတ္တိ။ (၆) ဝတ္ထုပုရေဇာတအဝိဂတ။ ဤခြောက်ပါးသော ပစ္စည်းတို့သည် မိမိတို့၌ မှီ၍ ဖြစ်ကြသောနာမက္ခန္ဓာတို့အား ထိုက်သည့်အားလျော်စွာ မိမိတို့၏သတ္တိဖြင့် ကျေးဇူးပြုကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

## ၂၁·ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းအရကို ဝါဒအမျိုးမျိုးနှင့် ထင်ရှားအောင်ပြချက်

ရှေးကပြခဲ့ပြီးသော သဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယပစ္စည်းတို့ကား ပိဘင်္ဂပါဠိ၌ ပါဠိတော် တိုက်ရိုက်လာသော ပစ္စည်းတို့တည်း။ ဤယခုပြလတ္တံ့သော ဝတ္ထာရမ္မဏပုရေဇာတ, နိဿယပုရေဇာတပစ္စည်းတို့မူကား ထိုဝိဘင်္ဂပါဠိ၌မလာ၊ သင်္ချာဝါရ၌သာ "နိဿယပစ္စယာ အာရမ္မဏေ တိကံ"ဟု ဟောတော်မူ၏။ နိဿယပစ္စယာ၊ နိဿယပစ္စည်းကြောင့်။ အာရမ္မဏေ၊ အာရမ္မဏပစ္စည်း၌။ တိကံ၊ သုံးပါးကုန်သော။ ဝိသဇ္ဇနာနိ၊ အဖြေတို့ကို။ လဗ္ဘန္တိ၊ ရအပ်

ကုန်၏။ တိကဟူသော်ကား အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ တို့ပေတည်း။

ဤပစ္စည်းသည်ကား အလွန် အလွန် နက်နဲ ခက်ခဲစွာ သိရှိအပ်၏။ အဘယ်ကြောင့်ဆိုသော် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း ဟူသော ပါဠိစကားအရ ဝတ္ထုလည်းဖြစ်, အာရုံလည်းဖြစ်, ရှေးလည်းဖြစ်, မှီရာလည်း ဖြစ်ကြပြီး အကြောင်း ပစ္စည်းဖြစ်သော တခုတည်းသော တရားကို ကောက်ယူရာ၏။ ထိုသို့ ကောက်ယူရာဝယ် အကျိုး ပစ္စယုပ္ပန်မှုကား—အဗျာကတ ကုသိုလ်, အကုသိုလ် သုံးမျိုးသုံးစား ရနိုင်ကြသော အရာဌာနတို့ကို ရှာဖွေသောအခါ စုတိမရဏာသန္န အခါ၌သာ တကွနက် မှီရာလည်းဖြစ်, အာရုံလည်း ဖြစ်နိုင်သည့် အဖြစ်ကို မဏိသာရမဉ္ဇူ, မဏိဒီပ စသော ဆရာကြီးများ အကျယ်တဝင့် ဖွင့်ပြတော်မူသည့်အတိုင်း ဉာဏ်အရကောက် ဆရာတို့က ကောက်ကြသည်ကား—

"ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ၌ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတခုယုတ် (၃၀)၊ တဒါရုံ ကောဒသ၊ ဉာဿ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာကြဉ်သော စေတသိက် စတုစတ္တာလီသ၊ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းကို မရခိုက် မရနေ စိတ် တခုယုတ် (၉၀)၊ စေတသိက်ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားတို့မည်ကုန်၏" ဟု ပစ္စည်းအရကောက်ကို ချေးပြတော်မူသည်၌ မရဏာသန္နအခါ မတိုင်မီက မိမိတို့သေခါနီး ကရဇကာယတို့ကို အာရုံပြု၍ ဝိပဿနာရှုခြင်း, နှစ်သက်သာယာခြင်း, နှလုံးမသာယာခြင်း, တွေဝေမိန်းမောခြင်း တည်းဟူသော ကုသိုလ်, အကုသိုလ် တရားတို့ ဖြစ်ပွားကြပြီးနောက် သေပေါက်အနီးသို့ ရောက်၍ မရဏာသန္နဝီထိ ဖြစ်သောအခါတို့မှာ ထိုရှေ့က ကုသိုလ်, အကုသိုလ် အဖြစ်နှင့် အာရုံပြုခဲ့ကြသော သေခါနီးကရဇကာယတို့ အတွင်းထဲတွင် ပါဝင်သည့် စုတိစိတ်မှ ပြန်၍ရေသည် ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်သည် ထိုရှေ့က ပြုခဲ့သော ကုသိုလ်,

အကုသိုလ် ကမ္မနိမိတ်ဖြစ်၍ မနောဒွါရ မရဏာသန္န ဝီထိစိတ်တို့၏ အာရုံလည်းဖြစ်, မှီရာလည်းဖြစ်ကြ၍ သေနိုင်ကြကုန်၏။ ထိုသို့ သေနိုင်ကြသောအခါတို့မှာ ထိုမရဏာသန္န ဟဒယဝတ္ထုရုပ်ကို အာရုံလည်းပြု မှီလည်းမှီကြပြီး မနော ဒွါရ-ဝဇ္ဇန်း တဒါရုံတို့ဖြစ်ကြသော အခါတို့မှာ "အဗျာကတော အဗျာကတဿ" ဟူသော သချာတပါးကိုရ၏။

(တနည်း) ထိုမရဏာသန္န ဟဒယဝတ္ထုရုပ်ကို အာရုံလည်းပြု, မှီရာလည်းဖြစ်ကြပြီး၊ ကုသိုလ် မရဏာသန္နဇော ဖြစ်ကြသော အခါတို့မှာ "အဗျာကတော ကုသလဿ" ဟူသော သချာတပါးကိုရ၏။ (တနည်း) ထိုမရဏာသန္န ဟဒယဝတ္ထုရုပ်ကို အာရုံလည်းပြု,မှီရာလည်းဖြစ်ကြပြီး၊ အကုသိုလ် မရဏာသန္နဇော ဖြစ်ကြသော အခါတို့မှာ "အဗျာကတော အကုသလဿ" ဟူသော သချာတပါးကိုရ၏။ ဤသို့ရအပ်သည်ကို ရည်၍ ဘုရားဟောတော်မူသည်၏ အဖြစ်ကို ပဋ္ဌာန်းအရကောက်နှင့်တကွ သုံးချက်စု ဆရာတော်များ ရေးသားတော်မူကြ၏။ ဤကား ဘယ်ဝါဒကမှ မလှုပ်ချောက်ချားနိုင်သော မြဲမြံခိုင်ခံ့သော ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်း အရကြီးပေတည်း။

အချို့သုံးချက်စုတို့မှာကား အဘိညာဏ်ဒွေး ထည့်၍ ကောက်ကြ၏။ ၎င်းအတွက် ရွှေးရွှေကျောင်း သံဃရာဇာဆရာတော်များ, စတုရင်္ဗလ အမတ်ကြီးများနှင့်ပဋ္ဌာနသာရဒီပနီဆရာတော်များအမျိုးမျိုး အစားစား ယူဆကြပြီးလျှင် ဤပဋ္ဌာန်းပစ္စည်းကို ပဝတ္တိအခါ၌လည်း ယူကြကာ များစွာအဆုံးအဖြတ်များကို ရေးသားတော်မူကြ၏။ ထိုသို့ပင် ရေးသားသော်လည်း ၎င်းအဘိညာဏ်ဒွေးကို စုတိအခါတို့၌လည်း မရကုန်၊ ပဝတ္တိအခါတို့မှာလည်း မဖြစ်နိုင်ကြကုန်ဟု ဆရာ့ဆရာ သာထက်သာတို့ ဆုံးဖြတ်တော်မူကြကုန်၏။ ဤသို့ဆုံးဖြတ်သည်များကို အကျဉ်းချုပ်အားဖြင့်ပြရမူ မရဏာသန္နဝီထိ၌ ရဟန္တာတို့ အဘိညာဉ်ဇောနောင် စုတိကျ၍ သေနိုင်ကြသော်လည်း ပုထုဇဉ်, သေက္ခတို့ သေခါနီး မရဏာသန္နဣဒ္ဓိဝိဓ အဘိညာဉ်တို့သည် ၎င်းရှေးအဖို့က အာရုံပြုခဲ့ကြသော ကမ္မနိမိတ် ဖြစ်သည့် ဟဒယဝတ္ထုပ်ရုပ်ကို ဣဒ္ဓိဝိဓ အဘိညာဉ် စိတ်၏ အာရုံလည်းပြု, မှီရာလည်း ဖြစ်၍,သေပြီးနောက် ဗြဟ္မာ့ပြည်သို့လည်း မရောက်နိုင်။အဘယ့်ကြောင့် ဆိုသော် ဗြဟ္မာ့ဘုံက ပဋိသန္ဓေစိတ်၏အာရုံဖြစ်သည့် ပညတ်ကမ္မနိမိတ်, မဟဂ္ဂုတ်ကမ္မနိမိတ်တို့ မဖြစ်ကြပဲ၊ မရဏာသန္နဇောက အာရုံပြုကြသည့် အလွဲဟဒယဝတ္ထု ကမ္မနိမိတ် ဖြစ်နေသောကြောင့်တည်း။

အကယ်၍ ၎င်းအဘိညာဏ်ရသောပုဂ္ဂိုလ်သည် ဗြဟ္မာ့ပြည်သို့ မသွားလိုပဲ၊ ကာမသုဂတိ၌သာ ဖြစ်လိုသော နိကန္တိတဏှာဖြစ်၍ ထိုဟဒယဝတ္ထုကမ္မနိမိတ်ကို အာရုံပြုပြီး ကာမဘုံမှာ ပဋိသန္ဓေနေပါသည်ဟု ဆိုပါမူ ထိုပုဂ္ဂိုလ်သည်

ဈာန်တို့ကိုပင် သေခါနီးအခါတို့မှာ မလေ့လာပဲ လျောကျပြီးမှသာ ဖြစ်၍ သွားသောကြောင့် အဘိညာဉ်နှင့်လည်း မသေနိုင်ခဲ့ရာ။ သို့အတွက်ကြောင့် အဘိညာဏ်ဒွေးကို မရဏာသန္နအခါ မရနိုင်တာကို သိကြပါလေ။ အကယ်၍ ၎င်းအခါ မရသဖြင့် ပဝတ္တိအခါတို့မှာ ရနိုင်ကြဖို့ ဖြစ်စရာတို့ကို ကြံဆရေးသားကြသည်တို့ကား မိမိတို့ဖြစ်ဆဲ ဟဒယဝတ္ထုရုပ်ကို အာရုံလည်းပြု၍ ဝိပဿနာရှုခြင်း, သာယာခြင်းစသည် ဖြစ်ကြသောအခါ ၎င်းဝတ္ထုရုပ်ကို အာရုံလည်းပြု, မှီရာလည်းဖြစ်၍ ကုသိုလ်ဇော,အကုသိုလ်ဇော, ကြိယာဇောနှင့်တကွ အဘိညာဉ်ဇောတို့ပါ ဖြစ်နိုင်ကြကုန်၏ဟု ယူဆတော်မူကြကုန်၏။ ဤသို့ ယူဆသည်၌ ၎င်းဖြစ်ဆဲဖြစ်သော ဟဒယဝတ္ထုရုပ် တခုတည်းကို အာရုံကား ဖြစ်နိုင်ကြကုန်၏၊ မှီရာဝတ္ထုကား မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ပဥ္စဝေါကာရဘုံ၌ ဖြစ်ကြသော မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ရှေ့စိတ္တက္ခဏတချက်နှင့် ပြိုင်သော ဟဒယဝတ္ထုရုပ်ကိုသာ မှီနိုင်ကြပါသည်ကို သိစေလို၍ ၎င်းပဋ္ဌာန်းအနုဋီကာဆရာက—

"ပုရိမ ပုရိမ စိတ္တက္ခဏပ္ပဝတ္တေ ဟဒယဝတ္ထုသ္မိံ ဥတ္တရုတ္တရာနိ ပဝတ္တန္တိ"—အနက်မြန်မာကား—ပုရိမ ပုရိမ စိတ္တက္ခဏပ္ပဝတ္တေ၊ ရှေးရှေး အနန္တရစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော။ဟဒယဝတ္ထုသ္မိံ၊ ဟဒယဝတ္ထု၌။ ဥတ္တရုတ္တရာနိ၊ အထက် အထက်ဖြစ်သော နောက်စိတ်တို့သည်။ ပဝတ္တန္တိ၊ မှီ၍ဖြစ်ကုန်၏။

ဤသို့ အနုဋီကာ၌ ပြအပ်သောကြောင့် လည်းကောင်း၊ ထိုမှတပါး ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လည်း—

ပဋိသန္ဓိစိတ္တဿ ဥပ္ပါဒက္ခဏေ ဥပ္ပန္နံ ဌာနပတ္တံ ပုရေဇာတံ ဝတ္ထုံ-နိဿာယ ဒုတိယဘဝင်္ဂံ ဥပ္ပဇ္ဇတိ။ တေန သဒ္ဓိံ ဥပ္ပန္နံ ဌာနပတ္တံ ပုရေဇာတံ ဝတ္ထုံ နိဿာယ တတိယဘဝင်္ဂံ ဥပ္ပဇ္ဇတိ။ ဣမိနာ နယေန ယာဝတာယုကံ စိတ္တပဝတ္တိ ဝေဒိတဗ္ဗာ။

အနက်မြန်မာကား—ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဥပါဒက္ခဏေ၊ ဥပါဒက္ခဏ၌။ဥပ္ပန္နံ၊ ဖြစ်သော။ ဌာနပတ္တံ၊ ဌီသို့ရောက်ပြီးသော။ ပုရေဇာတံ-ပုရေဇာတဖြစ်သော။ ဝတ္ထုံ၊ ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ ဒုတိယဘဝင်္ဂံ၊ ဒုတိယဘဝင်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေန၊ ထိုဘဝင်စိတ်နှင့်။ သဒ္ဓိံ၊ တကွ။ ဥပ္ပန္နံ၊ ဖြစ်သော။ ဌာနပတ္တံ၊ ဌီသို့ရောက်ပြီးသော။ ပုရေဇာတံ၊ ပုရေဇာတဖြစ်သော။ ဝတ္ထုံ၊ ဟဒယဝတ္ထုကို။ နိဿာယ၊ မှီ၍။ တတိယဘဝင်္ဂံ၊ တတိယဘဝင်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣမိနာ-နယေန၊ ဤနည်းဖြင့်။ ယာဝတာယုကံ၊ အသက်ထက်ဆုံး။ စိတ္တပဝတ္တိ၊ စိတ်၏ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏—

ဟု မိန့်ဆိုသောကြောင့် လည်းကောင်း အကြောင်းထူးမရှိပဲ ပြကတေ့အခါ တို့မှာကား ဤအဋ္ဌကထာ, ဋီကာတို့လာတိုင်း ရှေးစိတ္တက္ခဏတချက်နှင့် ဥပါဒ် ပြိုင်၍ ဌီသို့ရောက်သဖြင့် အားရှိသောဟဒယဝတ္ထုရုပ်ကိုသာ မှီကြကုန်၏။

မရဏာသန္န အခါဘို့မှာကား ဤကဲ့သို့ ဟဒယဝတ္ထုရုပ် မရှိသည့်အတွက် စုတိ စိတ်မှ ပြန်၍ရေသော် (၁၇)ချက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ကို ချည်းသာ မှီကြသည်အဖြစ်ကို သိစေလို၍ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ၌—

ကေစိတ္တက္ခဏာတိက္ကမောတိ စ အနုတိတေကစိတ္တက္ခဏာ ဒုဗ္ဗ-
လတာယ ကေစိတ္တက္ခဏာတိက္ကမေန တဿ ဗလဝဘာဝဒဿနတ္ထံ ဝုတ္တံ။
န ပန ဒွိတိစတုစိတ္တက္ခဏာတီတာနံ နိဿယဘာဝါဘာဝတော။

စသည်ဖြင့် ပြဆိုအပ်၏။

အနက်မြန်မာကား—ကေစိတ္တက္ခဏာဝတိက္ကမောဟိစ၊ နောက်နောက်စိတ်၏ ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြောင်းကို ပြရာဝယ် ကေစိတ္တက္ခဏာတိက္ကမ ဟူသော စကားကိုလည်း။ အနုတိတေကစိတ္တက္ခဏာ၊ စိတ္တက္ခဏာတချက်ကိုမျှ မလွန်သေးသော ဟဒယဝတ္ထု၏။ဒုဗ္ဗလတာယ၊ အားနည်း သည်၏ အဖြစ်ကြောင့်။ ကေစိတ္တက္ခဏာတိက္ကမေန၊ စိတ္တက္ခဏာတချက်ကို လွန် သဖြင့်။ တဿ၊ ထိုဟဒယဝတ္ထု၏။ ဗလဝဘာဝဒဿနတ္ထံ၊ အားရှိသည်၏ ဒ. ဖြစ် ကို ပြခြင်းငှါ။ ဝုတ္တံ၊ ဆိုအပ်၏။ ဒွိတိစတုစိတ္တက္ခဏာတီတာနံ၊ စိတ္တက္ခဏာ နှစ်ချက် သုံးချက် လေးချက်ကို လွန်ခြင်းရှိကုန်သော ဟဒယဝတ္ထုတို့၏။ နိဿယဘာဝါ-ဘာဝတော၊ စိတ်၏မှီရာ မဖြစ်သည်၏ အဖြစ်ကြောင့်။ နပန ဝုတ္တံ၊ ဆိုအပ်သည် မဟုတ်။

ဤသို့ စသည်ဖြင့် မိန့်ဆိုအပ်ကြလေသောကြောင့် ပဋိဇဝါကာရပဋိသန္ဓေ အခါနှင့် ၎င်းစုတိအခါတို့မှတပါး အခြားသောအခါတို့မှာကား ရှေး စိတ္တက္ခဏ တချက်လွန်နှင့် ဥပါဒ်၍ ဌီသို့ရောက်ပြီး အားရှိသောဟဒယဝတ္ထုတို့ကိုသာ မှီကြ ရလေသောကြောင့် ရှေးကပြခဲ့သော ပဝတ္တိအခါ ဟဒယဝတ္ထုတခုတည်းကို အာရုံလည်းပြု, နောက်နောက် စိတ္တက္ခဏတိုင်းတို့က မှီရာလည်း ဖြစ်နိုင်သော ဝတ္ထာရမ္မဏပစ္စည်းအရ မဖြစ်နိုင်ကြသောကြောင့် အာရုံတပါး မှီရာတခြား ဖြစ်သဖြင့် ဝတ္ထာရမ္မဏပစ္စည်း စိတ္တက္ခဏတခုတည်းမှာ ပဝတ္တိအခါတို့၌ မရထိုက် သည် အဖြစ်ကို စင်စစ် သိရှိကြပါလေ။ ဤ ရှေးကပြခဲ့သည့်အတိုင်း မရဏာသန္န အခါမှတပါး ပဝတ္တိအခါတို့မှာ ရကောင်း၏ဟု ယူဆကြသော ဆရာ့ ဆရာတို့ အဆုံးအဖြတ်သည် သူတို့အတင်နှင့် ယူဆကာမျှသာ ဖြစ်ကြောင်းကို သိစေလို၍ မဏိမဉ္ဇူသာ ဆရာတော်က—

ကေစိ ပန ဣမမတ္ထမသလ္လက္ခေတွာ ကေက္ခဏေ နိဿယာရမ္မဏပစ္စယဘာဝဝိနိစ္ဆယေ အတိဝိယ ကိလမန္တိ။ ဝိနိစ္ဆိနန္တာစ အညထာ ဝိနိစ္ဆိနန္တိ။ တံ တေသံ မတိမတ္တံ။

အနက်မြန်မာကား—ကေစိပန၊ အချို့သော ဆရာတို့သည်ကား။ ဣမမတ္ထံ၊ ဤ ယခု ငါ ပြဆိုခဲ့ပြီးသော စုတိစိတ်မှ ပြန်၍ ရေသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုတခုတည်း၏ မရဏာသန္နဝီထိ၌ အကျုံးဝင်သော မနောဒွါရာဝဇ္ဇန်း, ဇောတဒါရုံတို့အား တခုတည်းသော ခဏ၌ အာရမ္မဏသတ္တိ,နိဿယသတ္တိနှစ်ပါးစုံအားဖြင့် ကျေးဇူးပြုသည်၏ အဖြစ်တည်းဟူသော အနက်သဘောကို။ အသလ္လက္ခေတွာ၊ မမှတ်နိုင်ကုန်သည် ဖြစ်၍။ ကေက္ခဏေ၊ တပြိုင်တည်းသော ခဏ၌။ နိဿယာရမ္မဏပစ္စယဘာဝဝိနိစ္ဆယေ၊ တခုတည်းသော ဟဒယဝတ္ထု၏ နိဿယသတ္တိ, အာရမ္မဏသတ္တိနှစ်ပါးစုံဖြင့် ကုသိုလ် အကုသိုလ်, အဗျာကတဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသည်၏ အဖြစ်ကိုဆုံးဖြတ်ခြင်း၌။ အတိဝိယကိလမန္တိ၊ အလွန်လျှင်ပင်ပန်းကြကုန်၏။ ဝိနိစ္ဆိနန္တာစ၊ ဆုံးဖြတ်ကြကုန်သော်လည်း။ အညထာ၊ ပဋ္ဌာန်းပါဠိတော်နှင့်အညီ ငါပြဆိုခဲ့ပြီသော် ဝိနိစ္ဆယမှ တပါးသော အခြင်းအရာအားဖြင့်။ ဝိနိစ္ဆိနန္တိ၊ ဆုံးဖြတ်ကြကုန်၏။ တံ၊ ထိုကေစိဆရာတို့၏ အဆုံးအဖြတ်သည်။ တေသံ၊ ထိုကေစိဆရာတို့၏။ မတိမတ္တံ၊ အလိုမျှသာတည်း—

ဟု မိန့်တော်မူသည့်အတိုင်း မရဏာသန္နကာလမှတပါး ပဝတ္တိကာလကိုယူမူ တပြိုင်နက် တချက်တည်း ဟဒယဝတ္ထုတခုကိုသာ အာရုံလည်းဖြစ် မှီရာလည်းဖြစ်သော အချက်မျိုး မရနိုင်သည်ကို ရှေးကရေးပြခဲ့ပြီးသည့်အတိုင်း အကျဉ်းချုပ်အားဖြင့် သိရှိကြပါလေ။

ဤကဲ့သို့ တပြိုင်နက်ပင် မရသော်လည်း မှီရာအသီးအသီး ယူကြပါမူ ပဋ္ဌာန်းပါဠိတော်မှာ တပြိုင်နက် တချက်တည်း ပစ္စည်းပြိုင်၍ ကျေးဇူးပြုကြသည်နှင့် များများကြီး ဆန့်ကျင်လေသောကြောင့် ပဝတ္တိအခါ ရနိုင်ပါသည်ဟု ယူဆသော ဆရာဘို့၏ ဝါဒကို လှလှကြီး ပယ်နိုင်ကြလေ၏ဟု မဏိမဉ္ဇူဆရာတော်, မဏိဒီပဆရာတော်များ ရေးသားဖော်ပြသည့်အတိုင်း မှတ်ကြပါလေ။ ဤကား လိုရင်းအကျဉ်းမျှ ပြအပ်သော အဆုံးအဖြတ်ပါတည်း။ အကျယ်ကိုလိုပူ မဏိမဉ္ဇူ, မဏိဒီပနှင့်တကွ မြို့ပြင်ကြီးဆရာတော် ရေးသားဆုံးဖြတ်အပ်သော ပုဏ္ဏာဗျာကရဏကျမ်းမှာ ကြည့်ရှုကြပါလေ။ ဤဝတ္ထာရမ္မဏပစ္စည်းကား အယူအဆ ဝါဒအမျိုးမျိုး ပြားကြသည့်အတွက် လိုရင်းအချက်မျှ သိသာလွယ်ကြရုံသာ ရေးပြအပ်သော ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်း အကျဉ်းမျှနှင့် အပြီးသတ်လိုက်ရသတည်း။ ခြောက်ဝိညာဏ်တို့ ဝိပဿနာရှုနည်းအတိုင်း ရှုကြပါ

လေ။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားအရကို ဝိပဿနာနည်းနှင့်တကွ အကျဉ်း မျှ ပြချက်ပါတည်း။ ဤပစ္စည်းကား ပုရေဇာတတ္တိပစ္စည်းမျိုးချည်းပေတည်း။

ဤပုရေဇာတတ္တိပစ္စည်းမျိုး၌

(၁) ဝတ္ထုပုရေဇာတနိဿယ။ (၂) ဝတ္ထုပုရေဇာတ။ (၃) ပုရေဇာ-တိန္ဒြိယ။ (၄) ပုရေဇာတဝိပ္ပယုတ်။ (၅) ဝတ္ထုပုရေဇာတတ္တိ။ (၆) ဝတ္ထု ပုရေဇာတအဝိဂတ၊ ဤခြောက်ပါးသော ပစ္စည်းတို့သည် မိမိတို့၌ မှီ၍ ဖြစ်ကြ သော နာမက္ခန္ဓာတို့အား ထိုက်သည်အားလျော်စွာ မိမိတို့၏သတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

နိဿယပစ္စည်း အကျဉ်းပြီး၏။

---

## ၂၂–ဥပနိဿယပစ္စည်းအရကို အကျဉ်းမျှပြချက်

နိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ-နိဿယပစ္စည်းကို ဟောတော်မူ၏။ ဤဥပနိဿယပစ္စည်း၌လည်း အာရမ္မဏူပ-နိဿယပစ္စည်း, အနန္တရူပနိဿယပစ္စည်း, ပကတူပနိဿယပစ္စည်းအားဖြင့် သုံးမျိုး သုံးစား အပြားရှိ၏။ ဤသုံးစားတို့တွင် အာရမ္မဏူပနိဿယ ပစ္စည်းအရသည် ရှေးကပြခဲ့ပြီးသော အာရမ္မဏာဓိပတိပစ္စည်းအရနှင့် အလုံးစုံတူ၏။ အနန္တရူပ-နိဿယ ပစ္စည်းအရသည်လည်း ရှေးကပြခဲ့ပြီးသော အနန္တရပစ္စည်းနှင့် အလုံးစုံ တူ၏။ ပကတူပနိဿယပစ္စည်း၌လည်း စာပဋ္ဌာန်း, ရွာပဋ္ဌာန်း, ငါပဋ္ဌာန်းဟူ၍ သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ–

ဥပနိဿယပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသ-လာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိဥပနိဿယ ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ-ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ ကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ

အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ဥတုဘောဇနမ္ပိ ဥပ-နိဿယပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။ သေ-နာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။ ၎င်းစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

ဥပနိဿယ ပစ္စယောတိ၊ ဥပနိဿယပစ္စည်းဟူသည်ကား။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောအကြောင်း, မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ-ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကေသဉ္စိ၊ အချို့ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုအကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထို အဗျာ-ကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထို အကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကေသဉ္စိ၊ အချို့ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို ကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာ-ကတာနံ ဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီး

သော မိစ္ဆာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော။ ထိုထို အဗျာကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာ-ကတာနံ ဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယပစ္စယေန။ အားကြီးသော မိစ္ဆာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုအဗျာကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မိစ္ဆာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပ-ကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ အဗျာကတတရားတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မိစ္ဆာ အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုအကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဥတုဘောဇနမ္ပိ၊ ဥတုနှင့် ဘောဇဉ်တို့ကလည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မိစ္ဆာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်ကလည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မိစ္ဆာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေနာသနမ္ပိ၊ အိပ်ရာ နေရာ ကျောင်းသည်လည်း။ ဥပနိဿယပစ္စယေန၊ အားကြီးသော မိစ္ဆာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) တွင်း, ပ ကု က၊ အကြောင်းပြု၊ ကု, အကုဗျာ အကျိုးသာ။
(၂) တွင်း, ပ အကု၊ အကြောင်းပြု၊ အကု, ကု, ဗျာ အကျိုးသာ။
(၃) တွင်း, ပ အဗျာ၊ အကြောင်းသာ၊ အဗျာ, ကု,ကု အကျိုးစု။
(၄) ဥတု, အစာ၊ ပုဂ္ဂလာ၊ သေနာ အကြောင်းစု။
(၅) ကု, ကု, အဗျာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါအကျိုးစု။
(၆) ဖြစ်သိပေါ်ပေါက်၊ ရှေ့ဖြစ်ပျောက်၊ မှတ်လောက်အစုစု၊ ဝိပဿ်ရှု။
(ကု,ကု ကို၊ ကု, အကု ဟု ပုဒ်ဖြတ်ပါလေ၊ ဤကား - အမှာ။)

ဤဥပနိဿယ ပစ္စည်း၌ တိက်ပုဒ်အရနှင့် အကျဉ်းချုပ် မှတ်ရန်ကား–

(၁) ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်။

(၂) ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်။

(၃) ကုသိုလ်ကြောင့် အဗျာကတဖြစ်။

(၄) အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်။

(၅) အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်။

(၆) အကုသိုလ်ကြောင့် အဗျာကတဖြစ်။

(၇) အဗျာကတကြောင့် အဗျာကတဖြစ်။

(၈) အဗျာကတကြောင့် ကုသိုလ်ဖြစ်။

(၉) အဗျာကတကြောင့် အကုသိုလ်ဖြစ်။

ဤကား ရွာပဋ္ဌာန်းစကားအရတည်း။

ဤဥပနိဿယပစ္စည်းက စာပဋ္ဌာန်း, ရွာပဋ္ဌာန်းတို့အရကို ငါပဋ္ဌာန်းအရ တရားအစစ်များနှင့် ပြရန်အချက်၌ ဤလောကကြီးအတွင်း သူငါ စသည်တို့ အထင်အမြင် လွဲမှားနေတတ်ကြသည်ကား တခြားမဟုတ်၊ ဤပဋ္ဌာန်းတရား အစစ်ကြီးတွေဆိုတာ တခြားမှာရှိနေတာမဟုတ်၊ ပဋ္ဌာန်းကျမ်းစာထဲမှာသာ ရှိ၍ ၎င်းကျမ်းစာများကို သင်ကြားပို့ချ ပြန်အံသရဇ္ဈာယ်ခြင်းကို ပြုနိုင်ကြမှ ၎င်းကျမ်းထဲမှာသာ ရှိသည့် ပဋ္ဌာန်းတရားအစစ်ကြီးများကို ရယူသိရှိနိုင်ကြကုန် ၏ဟု အထင်အမြင်မှားနေတတ်ကြကုန်၏။ စင်စစ်မူကား ထိုထိုပဋ္ဌာန်းကျမ်းစာတို့ အတွင်းမှာ ပဋ္ဌာန်းတရားအစစ်များကို သိကြောင်း စာပဋ္ဌာန်းစကား ဒေသနာ တော်အစဉ်များသာရှိကြ၏။ ငါပဋ္ဌာန်းတရားအစစ်တို့ မဖြစ်ကြကုန်။ ထိုတရား အစစ်တို့ ဖြစ်ရာဌာနတို့ကား ထိုထိုစကြဝဠာ ကမ္ဘာလောကကြီးတို့အတွင်း ထိုထိုမြို့ရွာ သူငါအတွင်းမှာ ပဋ္ဌာန်းအကြောင်းအကျိုးတရား မည်သည့်အခါမျှ မကင်းငြားကြသော ရုပ်နာမ် ငါပဋ္ဌာန်းတရား အစစ်များတို့ တိုးတက်ကြမည့် ဥပနိဿယပစ္စည်းဘက်ကထင်ရှားစွာ ဖြစ်ရှိနေပါကြမူ၊ လောက, ဓမ္မ နှစ်ဌာန တို့၌ တနေ့တခြား လူ့နတ်ပြဟ္မာတင်မက နိဗ္ဗာန်ကျအောင် ကြီးပွားတိုးတက် နိုင်ကြကုန်၏။ (ဝါ) တနေ့တခြား ကြီးပွားတိုးတက်သမျှ လောက, ဓမ္မ အားလုံးတို့သည် ဥပနိဿယစသော ငါပဋ္ဌာန်းအကြောင်းအကျိုး တရားတို့ ချည်းတည်းဟု သိကြပါလေ။

(တနည်း) ထိုထိုစကြဝဠာ ကမ္ဘာလောကကြီးအတွင်း ထိုထိုမြို့ရွာ သူငါ တို့ အတွင်းမှာ ပဋ္ဌာန်းအကြောင်းအကျိုးတရားတို့ မည်သည့်အခါမျှ မကင်း ငြားကြသော ရုပ်နာမ် ငါပဋ္ဌာန်းတရား အစစ်များတို့ ဆုတ်ယုတ်ကြမည့်

ဥပနိဿယ ပစ္စည်းဘက်က ထင်ရှားစွာ ဖြစ်ရှိနေကြပါမူ၊ လောက, ဓမ္မ နှစ်ဌာန တို့၌ တနေ့တခြား ဆုတ်ယုတ်သော ဖြဟ္မာကြီးစသည်တို့က ဖြဟ္မာကလေးတွေ ဖြစ်၊ နတ်ကလေးတွေ, လူကလေးတွေဖြစ်ကြရုံမက အသက်တန်းတွေပါ ဆုတ် ယုတ်ကြရ၊ ကပ်ဆေးကြရ၊ စကြဝဠာ ကမ္ဘာလောကကြီးပေါင်း ကုဋေ တသိန်းတို့ပါ အကုန်လုံးကြီးတို့ ပျက်ကြရသော လောကဓမ္မ အားလုံးတို့သည် ဤဥပနိဿယစသော ငါးပဋ္ဌာန်း အကြောင်းအကျိုး တရားတို့ချည်းတည်းဟု သိစေခြင်းအကျိုးငှာ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ကုသိုလ်ကြောင့် ရုပ်နာမ် အဗျာကတ ဤလောကကြီး ဖြစ်ပေါ်လာပုံတည်း။

ထို့ကြောင့် "ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ-ကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"ဟု အကုသိုလ်ကြောင့် ပျက်စီး ရသောရုပ်နာမ် အဗျာကတ ကမ္ဘာလောကကြီးဖြစ်ကြပုံတည်း။ ထို့ကြောင့်—

> "ကိံ ကာရဏာ ဧဝံ လောကော ဝိနဿတိ၊ အကုသလမူလ ကာရဏာ" ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပုဗ္ဗေနိဝါသ အဘိညာဉ်အဖွင့်မှာ မိန့်ဆို အပ်ပါသတည်း။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဧဝံ၊ ဤသို့။ လောကော၊ ထိုထိုစကြဝဠာ ကမ္ဘာလောကကြီးသည်။ ဝိနဿတိ၊ အကုန်လုံးပြုံးတီးအောင် ပျက်စီးရပါသနည်း။ ဣတိ၊ ဤကားအမေး တည်း။ အကုသလမူလကာရဏာ၊ အကုသိုလ်လျှင် အရင်းရှိသော အကြောင်းကြောင့်။ ဧဝံ၊ ဤသို့။ လောကော၊ ထိုထိုစကြဝဠာ ကမ္ဘာ လောကကြီးသည်။ ဝိနဿတိ၊ အကုန်လုံးပြုံးတီးအောင် ပျက်စီးရလေ၏။ ဤတိ၊ ဤကားအဖြေတည်း။

ဤသို့ မိန့်မှာတော်မူကြသည့်အတိုင်း ကမ္ဘာကြီးဖြစ်ပေါ်ရာမှာလည်း သတ္တဝါ များ၏ ကုသိုလ်အကြောင်းရင်း ကံမကင်းပဲ ဖြစ်ပေါ်လာကြရာ၏။ ကမ္ဘာကြီး ပျက်စီးရာ၌လည်း သတ္တဝါများ၏ အကုသိုလ်အကြောင်းရင်း ကံ မကင်းပဲ ပျက်စီးကြရကုန်၏။

ထို့မှတပါး ဤကမ္ဘာလောကကြီးအတွင်းမှာ ဖြစ်နေကြသော သတ္တဝါတို့၏ အသက်တိုခြင်း, ရောဂါများခြင်း စသော ဆုတ်ယုတ်ပျက်ပြားခြင်း အရာတို့၌ လည်းကောင်း၊ အသက်ရှည်ခြင်း, ရောဂါကင်းခြင်းစသော ကြီးပွားတိုးတက် ခြင်း အရာရာတို့၌လည်းကောင်း ပုဂ္ဂိုလ်ကိုအကြောင်းပြု၍လည်း ဖြစ်နိုင်ကြ၏၊ ဥတု အာဟာရ စသည်တို့ အကြောင်းကြောင့်လည်း ဖြစ်နိုင်ကြကြောင်းကို "ဥတုဘောဇနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပုဂ္ဂလောပိ ဥပနိဿယ ပစ္စ-ယေန ပစ္စယော။ သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော" ဟု မြတ်စွာ

ဘုရား ဟောကြားတော်မူ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော် စကားကို အကျဉ်းအားဖြင့် သိစေလို၍ (ဥတုအစာ၊ ဖြစ်ပေါ်လာ၊ သေနာ အကြောင်းစု။ ကုကုအဗျာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါအကျိုးစု)ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ရပါသတည်း။

ဤပဋ္ဌာန်းပါဠိတော်မှာ လာတိုင်း ဤလောကကြီး ပျက်စီးခြင်း, ကြီးပွား ခြင်း သုတ်မဟာဝါ အဋ္ဌကထာ၌ လာသော အကြောင်းရင်းတို့ကား မင်း စသော ရှေးသွားခေါင်းဆောင်များ အစားစားတို့ကြောင့် ဖြစ်ကြရကုန်၏။ ထိုစကားကို ထင်ရှားအောင် ပြဦးအံ့။ ဤလောကကြီးမှာ ပြည့်ရှင်မင်းကြီးက တရားမစောင့်ပါမူ အိမ်ရှေ့မင်းစသော မှူးကြီးမတ်ရာ သေနာပတီနှင့်တကွ တိုင်းသူပြည်သား လူအများတို့ပါ အကုန်လုံး ထိုထို ပုဂ္ဂိုလ်တို့ကို အတုလိုက်၍ မတရားကျင့်ကြကုန်၏။ ထိုလူတို့က တရားမကျင့်ကြမူ ထိုလူတို့ကို စောင့်သော နတ်, ရှင်းနတ်တို့နှင့်စပ်သော ဘုမ္မဋ္ဌနတ်, အာကာသဋ္ဌနတ်, တိမ်နတ်သား, မိုးနတ်သားစသော အထက်ပြဟ္မာ ဘဝဂ်တိုင်အောင် အရိယာနတ်, ပြဟ္မာ တွေကို ထား၍ ရှိရှိသမျှသော ပုထုဇဉ်နတ်တွေ ထိပ်ချွန်ကြီးနှင့် ပြဟ္မာကြီး တွေပါ မတရားကျင့်ကြတာကို—

> သဗ္ဗာ ဒေဝပြဟ္မပရိသာ ပိ အဓမ္မိကာဝ ဟောန္တိ။ ။သဗ္ဗာ၊ အလုံး စုံကုန်သော။ ဒေဝပြဟ္မပရိသာပိ၊ ပုထုဇဉ်နတ်ပြဟ္မာတို့၏ ပရိသတ် တို့သည်လည်း။ အဓမ္မိကာဝ၊ တရားမစောင့်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စသည်ဖြင့် သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ်အဖွင့်မှာ လာသည့် အတိုင်း ပုဂ္ဂိုလ်တွေက လောဘ, ဒေါသ, မာန်မာနစသော ကိလေသာဒုစရိုက် အမိုက်အမှားတို့ဖြင့် မတရားကျင့်ကြသောအခါ မိုးတွေ, လေတွေ, ဥတုတွေက လည်း မမှန်ကန်သောကြောင့် စပါး ဆန်စသော စားဖွယ်သောက်ဖွယ် ဘောဇဉ် အာဟာရတို့ကလည်း ဖောက်ပြန်ကြကုန်၏။ ဤသို့ဖောက်ပြန်သော အစာအာ- ဟာရများကို စားသုံးသော သတ္တဝါတို့မှာ ရောဂါအနာများခြင်း,အသက်တိုခြင်း စသော ဆုတ်ယုတ်လျော့ပါးခြင်းဖြစ်ကြ၍ အန္တရကပ် ဆေးသည့်တိုင်အောင် လည်းကောင်း၊ ကမ္ဘာကြီးအကုန်လုံး ပျက်စီးသည့်တိုင်အောင် လည်းကောင်း ဖြစ်ကြရကုန်၏။

ကြီးပွားခြင်းဖြစ်ရတို့၌လည်း မင်းစသော ရှေးသွားခေါင်းဆောင်တို့က တရားကျင့်ကြသဖြင့် ဥတု, အာဟာရစသည်တို့ကို သုံးဆောင်မှီဝဲကြရသဖြင့် ရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ လောဘ, ဒေါသ,မောဟ စသည်နည်းပါး၍ မေတ္တာ,ကရုဏာစသော ပြဟ္မစိုရ်တရား ကြီးပွားတိုးတက်လာကြသည့်အတိုင်း

အသက်တန်းနှင့်တကွ ဤကမ္ဘာလောကကြီး တနေ့တခြား ကြီးပွားတိုးတက်လာကြကုန်၏။ ထို့ကြောင့် သုတ်မဟာဝါအဌကထာမဟာပဒါနသုတ် အဖွင့်၌ "ယဒါ ပန ရာဇာနော ဓမ္မိကာ ဟောန္တိ၊ တဒါ ဥပရာဇာနောပိ ဓမ္မိကာဝ ဟောန္တီတိ။ ပုရိမနယေန ယာဝဗြဟ္မလောကာ သဗ္ဗေပိ ဓမ္မိကာ ဟောန္တိ။" စသည်ဖြင့် မိန့်မှာတော်မူတိုင်း၊ ဤလောကကြီး ပျက်စီးခြင်း, ကြီးပွားခြင်း အကြောင်းရင်းတို့ကို ပုဂ္ဂိုလ်တည်းဟူသော ဥပနိဿယပစ္စည်း၊ ဥတုဘောဇဉ် တည်းဟူသော ဥပနိဿယပစ္စည်း၊ ကျောင်း, အိမ်,အိပ်ရာ, နေရာတည်းဟူသော ဥပနိဿယပစ္စည်း၊ ကုသိုလ်, အကုသိုလ်, အဗျာကတတည်းဟူသော ဥပနိဿယ ပစ္စည်း ငါးပဋ္ဌာန်းတရားကြီးတို့ကြောင့်သာ ဖြစ်ကုန်ရာသတည်းဟု ဤပဋ္ဌာန်းပါဠိ တော် ဥပနိဿယပစ္စည်းမှာ ဟော ပြတော်မူအပ်ပါသတည်း။ ဤကား သာမည အားဖြင့် ဥပနိဿယပစ္စည်းကြောင့် လောကကြီး ကြီးပွားခြင်း, ပျက်စီးခြင်း နည်းအမြွက်ကို ပြဆိုချက်ပေတည်း။

ဝိသေသအားဖြင့် ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ကြကြောင်း, ကုသိုလ်ကြောင့် အချို့အကုသိုလ်ဖြစ်ကြကြောင်း ဥပနိဿယပစ္စည်းအရကို လောကတွင် ထင်ရှားအောင် ပြဆိုရမူ ဓမ္မပဒပါဠိတော်မှာ ဘုရား ဟောတော်မူသည်ကား "ဤလောကမှာကုသိုလ်ပြုမှု လေးစားနှင့် အကျိုးဖြစ်ပွားပုံ လေးစားတို့ရှိကြရာ တွင်—

၁။ အချို့သူတို့သည် မိမိသာကောင်းမှုဒါနကိုပြု၍ သူတပါးကိုမတိုက်တွန်း။ ထိုသူတို့သည်ပစ္စည်းဥစ္စာသာမျှား၍ သားသမီးစသောအခြံအရံမရှိကြ။

၂။ အချို့တို့သည် သူတပါးကိုသာ ဒါနပြုရန် တိုက်တွန်း နှိုးဆော် ဟောကြားဖော်ရပြီး မိမိမူကား ကောင်းမှုဒါနကိုမပြု။ ထိုသူတို့သည် သားသမီးစသော အခြံအရံသာများ၍ ပစ္စည်းဥစ္စာမရှိကြ။

၃။ အချို့သူတို့သည် မိမိလည်းကောင်းမှုဒါနကိုမပြု၊ သူတပါးကိုလည်း ပြုရန် မတိုက်တွန်း၊ ထိုသူတို့သည် သားသမီးစသော အခြံအရံနည်း ပါးရံမက ဥစ္စာပစ္စည်းများပါ မရှိကြပြီး သူတောင်းစားကြီးများဖြစ်၍ အတိဒုက္ခရောက်ကြရ၏။

၄။ အချို့သူတို့သည် မိမိလည်း ကောင်းမှုဒါနကိုပြု၍ သူတပါးကိုလည်း ပြုရန်တိုက်တွန်းကြကုန်၏။ ထိုသူတို့သည် သားသမီးစသော အခြံအရံ လည်းများ၍ ပစ္စည်းဥစ္စာ ပေါများစွာရှိကြကုန်၏"

ဟု လေးဖို့လေးပုံပြု၍ ဟောကြားတော်မူသည်၌—

ရှေးကုသိုလ်ကြောင့် နောက်ကုသိုလ်တို့ သဒ္ဓါန် တူ, သဒ္ဓါန်ပြား ပဋ္ဌာန်းပစ္စည်းများ ဖြစ်ကြပုံကား— ရှေးရှေးက ဘုရားပွဲ တရားပွဲ စာပြန်ပွဲကြီးများ ပြုလုပ်ကြသောအခါ ဆွမ်း သင်္ကန်းမှသော ဒါနကုသိုလ်ရှင်ကြီးများ ပြုခဲ့ဘူးသောကြောင့် နောက်နောက်နှစ်အခါ စသည်တို့မှာလည်း ရှေးရှေးက ပြုခဲ့ဘူးသည့်အကြောင်း ဥပနိဿယကုသိုလ်အတွက် နောက်အဆက်တို့မှာလည်း ထို့အတူလည်းကောင်း၊ ထို့ထက်သာ၍လည်းကောင်း မိမိလည်းကိုယ်တိုင်ပြုကြ၏။ သူတပါးကိုလည်း ၎င်းဥပနိဿယပစ္စည်းအဖြင့် အမျိုးမျိုးတိုက်တွန်းနှိုးဆော်ခြင်းကြောင့် သူတပါးတို့မှာလည်း ၎င်းဒါနကုသိုလ်အလုပ် အားထုတ်ကြသည်ကား ဤလောကကြီးမှာ အထင်အရှားရှိနေကြသည်၌ သဒ္ဓါန်တူမှာ ရှေးရှေးနှစ်အခါက မိမိကုသိုလ်ဒါန စသည်ကြောင့် နောက်နောက် နှစ်အခါတို့မှာလည်း မိမိပင်ဒါနကုသိုလ်စသည့် ငါးပဋ္ဌာန်းတရားအစစ်တို့ကိုပြုလုပ်ကြကုန်၏။ သဒ္ဓါန်ပြားတို့မှာလည်း သူတပါးတို့က တိုက်တွန်းကြသည့် ရှေးရှေးကုသိုလ်ကြောင့် မိမိတို့လိုက်နာဆောင်ရွက် ပြုလုပ်အားထုတ်ကြသည့် နောင်နောက်ကုသိုလ် ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ပွားကြကုန်၏ဟု သိစေရန် ရည်သန်၍ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေနပစ္စယော" ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောတော်မူအပ်ပါသတည်း။

(တနည်း) ရှေးကုသိုလ်ကြောင့် နောက်အကုသိုလ်တို့ သဒ္ဓါန်တူ, သဒ္ဓါန်ပြားဖြစ်ကြပုံကား – ရှေးရှေးနှစ်ကာလတို့က ဒါနစသည့်အလုပ်ကို အားထုတ်ကြရာ၌ စိတ်နှလုံး မသာယာဖွယ် အသွယ်သွယ်ဖြစ်နေကြသည့်အထဲမှာ သူတပါးကလည်း လာရောက်၍ ကုသိုလ်စိတ်သဘောထားနှင့် တိုက်တွန်းကြငြားသော်လည်း အချို့သူတို့မှာ ကုသိုလ်မဖြစ်ပါပဲ၊ နှလုံးမသာမယာမြဲ ဒေါမနဿစသည်တို့ဖြစ်တတ်ကြသည်တို့၌ သဒ္ဓါန်တူမှာ ရှေးရှေးကပြုကြသည့် မိမိကုသိုလ်ဥပနိဿယပစ္စည်းကြောင့် နောက်နောက် တရံတခါတို့မှာ နှလုံးမသာမယာခြင်းစသော အကုသိုလ် ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ သဒ္ဓါန်ပြားတို့မှာလည်း သူတပါးတို့က တိုက်တွန်းကြသည့် ကုသိုလ်ဥပနိဿယပစ္စည်းကြောင့် အချို့သူတို့မှာ နှလုံးမသာယာခြင်းစသော အကုသိုလ် ငါးပဋ္ဌာန်းတရားအစစ်တို့ဖြစ်ကြကုန်၏ဟု သိစေရန် ရည်သန်၍ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော" ဟု ဤပဋ္ဌာန်းကျမ်းကြီးမှာ ဟောတော်မူအပ်ပါသတည်း။

(တနည်း) ကုသိုလ်ကြောင့် အဗျာကတဖြစ်ကြပုံမှာ ဤဘဝ ရှေးဘဝတို့က ပြုကြသည့် ကုသိုလ်စေတနာတို့ကြောင့် ယခုဘဝ နောက်ဘဝတို့၌ ပဋိသန္ဓေ ပဝတ္တိတို့မှာ ကောင်းမြတ်သော ဝိပါက်,ရုပ်,နာမ်ခန္ဓာတို့ ဖြစ်ပေါ်လာကြရခြင်း

ယခုဘဝ ပစ္စက္ခ၌ ကုသိုလ်အတွက် လုံးပမ်းအားထုတ်ချက် အကြောင်းကြောင့် ကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခ၊ ကိုယ်၏ချမ်းသာခြင်း ကာယိကသုခ၊ အကျိုးဝိပါက် အဗျာကတ စသည်တို့ ဖြစ်ကြရတို့၌ ရှေးရှေးက မိမိတို့ ပြုခဲ့သမျှသော ကုသိုလ်ဉပနိဿယပစ္စည်းကြောင့် နောက်နောက်ဘဝ နောက် နောက် ကာလတို့မှာ ကောင်းကျိုးသုခ အဗျာကတတို့နှင့် ဤဘဝတွင် ဆင်းရဲဒုက္ခ ရောက်တန်သမျှ ရောက်ကြရသည့် ကာယိကဒုက္ခ, အဗျာကတ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏ဟု သိစေရန် ရည်သန်၍ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဉပနိဿယပစ္စယေန ပစ္စယော" ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောတော်မူအပ်ပါသတည်း။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်သုံးပုဒ်ကို အကျဉ်းချုပ်နှင့် သိစေလို၍ (တွင်းပကုက၊ အကြောင်းပြု၊ ကု အကုဗျာ၊ အကျိုးသာ။)ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။ ဤရှေးက ကုသိုလ်ကြောင့် အကျိုးသုံးစား ဖြစ်ပွားကြသည်၌ ငါပဋ္ဌာန်းတရားကို နည်းရကြရုံ အမြွက်မျှ ပြဆိုအပ်ပါ သတည်း။

ဤနည်းကိုမှီ၍ မိမိ, သူတပါး ကုသိုလ်များကို အကြောင်းခံ၍ သံဝေဂ တရား စသည်များရှိသော မိမိ, သူတပါးတို့မှာ ကုသိုလ်ဖြစ်ပွားနေကြသမျှ အားလုံးကြီးတို့အတွင်းသို့ ဉာဏ်သွင်းကာသွင်းကာ ကြည့်ရှုကြပါ၍ ကုသိုလ် ဖြစ်သမျှ ငါပဋ္ဌာန်းတရားအစစ်တို့ချည်း ဖြစ်ကြသည်ကိုလည်းကောင်း၊ မိမိ, သူတပါး ကုသိုလ်များကို အကြောင်းခံ၍ အကုသိုလ်ဖြစ်ပွားနေကြသမျှ အားလုံးကြီးတို့အတွင်းသို့ ဉာဏ်သွင်းကာသွင်းကာ ကြည့်ရှုကြပါ၍ အကုသိုလ် ဖြစ်သမျှ ငါပဋ္ဌာန်းတရားအစစ်တို့ချည်း ဖြစ်ကြသည်ကိုလည်းကောင်း၊ မိမိ, သူတပါး ကုသိုလ်များကို အကြောင်းခံ၍ မိမိ, သူတပါးတို့မှာ ကောင်းကျိုး, မကောင်းကျိုး ဝိပါက် ကြိယာ ရုပ် နာမ် အဗျာကတတရားတို့ အားလုံးကြီး ဖြစ်ပွားနေကြသည့် အတွင်းသို့ ဉာဏ်သွင်းကာသွင်းကာ ကြည့်ရှုကြပါ၍ အဗျာကတတရား ဖြစ်သမျှ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်နေကြသည်ကို လည်းကောင်း ဉာဏ်လက်ညှိုးနှင့် ထိုးကာထိုးကာ "ဟောဟဲ့-ဟောဟဲ့" ဟု ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၊ ကုသိုလ်ကြောင့် အဗျာကတဖြစ်ဟု အကျဉ်းချုပ် ပြဆိုခဲ့သော စကားအရနှင့် တသက်လုံး တကမ္ဘာလုံး သိ၍ မဆုံးနိုင်အောင် ပြောဟော၍ မဆုံးနိုင်အောင် ကြံဆောင် အားသစ်တော်မူနိုင်ကြပါစေသတည်း။ (အကုသိုလ်မူနှင့် အဗျာကတမူတို့ကို ဖော်ပြချက်။)

(တနည်း) ရှေးအကုသိုလ်ကြောင့် နောက်အကုသိုလ်တို့ သန္တာန်တူ သန္တာန် ပြား ငါပဋ္ဌာန်းပစ္စည်းများ ဖြစ်နေကြပုံကား–ရှေးရှေးက အလှအာရုံ ကာမဂုဏ်

တို့ကို မိမိခံစားဘူးသည်ကိုလည်းကောင်း၊ သူတပါးတို့ ခံစားကြသည်ကို လည်းကောင်း အကြောင်းပြု၍ နောက်နောက် အခါတို့မှာလည်း မကြာမကြာ ခံစားချင်လာသော လောဘအကုသိုလ်စု၊ ရှေးရှေးက မနှစ်သက်ဖွယ်သော မိမိ၏ အနိဋ္ဌရုပ် ဒုက္ခဝေဒနာ, သူတပါးတို့၏ အနိဋ္ဌရုပ် ဒုက္ခဝေဒနာတို့အတွက် စိတ်ပျက်ကြရမှု ဒေါမနဿစုကို အကြောင်းပြု၍ နောက်နောက်အခါတို့မှာလည်း မကြာမကြာ သတိရပြီး စိတ်ပျက်စရာ နှလုံးမသာယာဖွယ်သော ဒေါသ အကုသိုလ်စု၊ ရှေးရှေးက ပြုခဲ့သမျှသော လေးကမ္မ, ဒေါသမှုတို့အတွက် နောက်နောက်အခါတို့မှာ ရာဇဝတ်ရေး လောကဘေးကြီးများ ဖြစ်ပွားလိမ့်လား မလိမ့်လားဟု အမျိုးမျိုး တွေးတောခြင်းကို ပြုသည့် ဝိစိကိစ္ဆာ၊ စိတ်ပျံ့လွင့်ခြင်း ဖြစ်ပွားနေရသည့် ဥဒ္ဓစ္စ, မောဟ အကုသိုလ်စုတို့ ဖြစ်နေကြသည်တို့၌ ရှေးရှေးက မိမိတို့ ပြုခဲ့သမျှသော သန္တာန်တူ, သန္တာန်ပြား အကုသိုလ်တရားတို့ကြောင့် နောက်နောက်အခါတို့မှာ ထိုက်သင့်သည်အားလျော်စွာ ဖြစ်ပေါ်လာကြသော လောဘ, ဒေါသ, မောဟ စသည် ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏ဟု သိစေရန် ရည်သန်၍ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်းတရား ကြီးမှာ ဘုရားဟောတော်မူအပ်ပါသတည်း။

(တနည်း) ရှေးအကုသိုလ်ကြောင့် နောက်ကုသိုလ်တရားတို့ သန္တာန်တူ, သန္တာန်ပြား ဖြစ်ပွားကြပုံတို့ကား–ရှေးရှေးနှစ်ကာလ စသည်တို့က လောဘ, ဒေါသ, မောဟဖြစ်ခြင်း နှလုံးသွင်းခြင်းနှင့် မိမိ, သူတပါးတို့ ထိုထိုအမှုတို့ကို ပြုနေကြသည်တို့၌ နောက်နောက်အခါ အချို့သူတို့မှာ ၎င်းအကုသိုလ်တရားတို့ ဖြစ်ပွားနေကြခြင်းများ အပြစ်ဒေါသ အာဒီနဝတရားတို့ ကြုံမားစွာ ခံစံရမည် များကို သိကြားနားလည်လာကြ၍ ထိုထိုအကုသိုလ်တရားတို့ကို ရှောင်ကြဉ် ခြင်း သံဝရတရားနှင့် ထိုထိုအကုသိုလ်တို့ ကင်းငြားအောင် ဒါန, သီလ စသော ကုသိုလ်ဖြစ်ပွားရန် ကြံဆောင်ပြုလုပ်နေကြသည်၌ ရှေးရှေးက မိမိ, သူတပါးတို့ ပြုနေကြသည့် အကုသိုလ်တရား သတိထားဖွယ်တို့ကြောင့် နောက်နောက် အခါတို့မှာလည်း ထိုက်သင့်သည်အားလျော်စွာ ကုသိုလ်ဖြစ်အောင် ကြံဆောင် အားထုတ်မှု ကုသိုလ်စု ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကုန်၏ဟု သိစေရန် ရည်သန်၍ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်းတရားကြီးမှာ ဟောတော်မူအပ်ပါသတည်း။

(တနည်း) အကုသိုလ်ကြောင့် အဗျာကတ ဖြစ်ကြပုံမှာ ဤဘဝ, ရှေးဘဝ တို့က ပြုခဲ့ကြသည့် အကုသိုလ်စေတနာတို့ကြောင့် ယခုဘဝ, နောက်နောက် ဘဝတို့၌ ပဋိသန္ဓေ, ပဝတ္တိတို့မှာ မကောင်းသောဝိပါက် ရုပ် နာမ် ခန္ဓာတို့

ဖြစ်ပေါ်လာကြရခြင်း၊ ယခုဘဝ ပစ္စက္ခ၌ အကုသိုလ်အတွက် လုံးပမ်းအားထုတ်ချက် အကြောင်းကြောင့် ကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခ၊ အနည်းငယ်မျှ ခံစံကြရသည့် ကာယိကသုခ အကျိုးဝိပါက် အဗျာကတ စသည်တို့ ဖြစ်ကြရတို့၌ ရှေးရှေးက မိမိတို့ပြုခဲ့သမျှသော အကုသိုလ်ဥပနိဿယ ပစ္စည်းကြောင့် နောက်နောက်ဘဝ နောက်နောက်ကာလတို့မှာ မကောင်းကျိုးဆင်းရဲ အဗျာကတနှင့် ဤဘဝတွင် သုခရတန်သမျှ ရကြသည့် ကာယိကသုခ အဗျာကတ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏ဟု သိစေရန် ရည်သန်၍ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောတော်မူအပ်ပါသတည်း။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်သုံးပုဒ်ကို အကျဉ်းချုပ်နှင့် သိစေလို၍ (တွင်းပအကု၊ အကြောင်းပြု၊ အကုကုဗျာ အကျိုးသာ)ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

ဤရှေးက အကုသိုလ်ကြောင့် အကျိုးသုံးစား ဖြစ်ပွားကြသည်၌ ငါပဋ္ဌာန်းတရားအရကို နည်းရရုံ အမြွက်မျှ ပြဆိုအပ်ပါသတည်း။ ဤနည်းကိုမှီ၍ မိမိ, သူတပါး အကုသိုလ်များကို အကြောင်းခံ၍ မိမိ, သူတပါးတို့မှာ အကုသိုလ်တရား, ကုသိုလ်တရား ဖြစ်ပွားနေကြသမျှ အားလုံးကြီးတို့အတွင်းသို့ ဉာဏ်သွင်းကာသွင်းကာ ကြည့်ရှုကြပါ၍ အကုသိုလ်ဖြစ်သမျှ,ကုသိုလ်ဖြစ်သမျှ ငါပဋ္ဌာန်းတရား အစစ်တို့ချည်း ဖြစ်ကြသည်ကိုလည်းကောင်း၊ မိမိ, သူတပါး အကုသိုလ်များကို အကြောင်းခံ၍ မိမိ, သူတပါးတို့မှာ ကောင်းကျိုး, မကောင်းကျိုး ဝိပါက်ရုပ်,နာမ် အဗျာကတတရားတို့ အားလုံးကြီး ဖြစ်ပွားနေကြသည့်အတွင်းသို့ ဉာဏ်သွင်းကာသွင်းကာ ကြည့်ရှုကြပါ၍ အဗျာကတတရားဖြစ်သမျှ ငါပဋ္ဌာန်းတရားတို့ အစစ်ဖြစ်နေကြသည်ကိုလည်းကောင်း ဉာဏ်လက်ညှိုးနှင့် ထိုးကာ ထိုးကာ "ဟောဟဲ့ ဟောဟဲ့"ဟု အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၊ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊ အကုသိုလ်ကြောင့် အဗျာကတဖြစ်ဟု အကျဉ်းချုပ် ပြဆိုခဲ့သော စကားအရနှင့် တသက်လုံး,တကမ္ဘာလုံး ဟောပြော၍ မဆုံးနိုင်အောင် သိရှိ၍ မဆုံးနိုင်အောင် ကြံဆောင်အားသစ်တော် မူနိုင်ကြပါစေသတည်း။ (အဗျာကတမူကို ဖော်ပြချက်)။

ရှေးရှေး အဗျာကတကြောင့် နောက်နောက် အဗျာကတတို့ သန္တာန်တူ, သန္တာန်ပြား ငါပဋ္ဌာန်းတရားများ ဖြစ်နေကြပုံကား – ရှေးရှေးက မိမိ, သူတပါးတို့ တွေ့ကြုံခံစံခဲ့ရသော ကိုယ်၏ချမ်းသာခြင်းကို အရင်းပြု၍ နောက်နောက်အခါတို့မှာလည်း ဤအတူ ချမ်းသာအောင် ကြံဆောင်၍ နေကြသူတို့မှာလည်းကောင်း၊ သို့မဟုတ် ရှေးကခံစံဘူးသည်ထက် ခံစံရအောင် ကြံဆောင်အားထုတ်သောအခါ ကိုယ်၏ဆင်းရဲခြင်း တွေ့ကြုံရသောသူတို့မှာလည်းကောင်း၊

(တနည်း)မဂ်ဖိုလ်ရပြီး အရိယာကြီးတို့သည် ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသည့်အခါ ဖလသမာပတ်ကို များစွာဝင်စားသော သူတို့မှာလည်းကောင်း ရှေးရှေးမိမိ, သူတပါးတို့ ချမ်းသာက ဥပနိဿယပစ္စည်းကိုရ၍ နောက်နောက် မိမိချမ်းသာကို ခံစံခြင်း, ဆင်းရဲအောင်လုပ်ခြင်း, ဖလသမာပတ်ဝင်စားခြင်း သုခ, ဒုက္ခ, ဖလသမာပတ် အဇ္ဈာကတ အကျိုးတရားတို့ ဖြစ်ပွားကြကုန်၏။

(တနည်း) မိမိ, သူတပါးတို့ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရသောအခါတို့၌လည်းကောင်း၊ ကောင်း, မကောင်းသောဥတု၊ ကောင်း, မကောင်းသောဘောဇဉ်၊ ကောင်း, မကောင်းသော ကျောင်း အိမ် အိပ်ရာ နေရာစသည်တို့နှင့် တွေ့ကြုံရသောအခါတို့မှာ ကိုယ်၏ချမ်းသာခြင်း, ဆင်းရဲခြင်းတို့ ဖြစ်ကြရခြင်း၊ ဖလသမာပတ် ချမ်းသာကို ခံစံရခြင်း ဖြစ်နေကြသည်တို့၌ ရှေးရှေးဖြစ်သော မိမိ, သူတပါးဒုက္ခ၊ ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာစသော ချမ်းသာဖြစ်ကြောင်း, ဆင်းရဲဖြစ်ကြောင်း ရုပ်, နာမ်တို့က ဥပနိဿယပစ္စည်း၊ နောက်နောက် အခါတို့မှာ ချမ်းသာနှင့် တွေ့ကြုံရခြင်း၊ ဆင်းရဲနှင့် တွေ့ကြုံရခြင်း၊ ဖလသမာပတ် ဝိပါက်ကြိယာ အဇ္ဈာကတတို့ ဖြစ်ပွားရခြင်း အကျိုးဥပနိဿယပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ်တို့ ဖြစ်ပွားနေကြသည်ကို ရည်၍ "ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောတော်မူအပ်ပါသတည်း။

(တနည်း)ရှေးရှေး အဗျာကတကြောင့် နောက်နောက် ကုသိုလ်တို့ သန္တာန်တူ, သန္တာန်ပြား ငါးပဌာန်းတရားပစ္စည်းများ ဖြစ်နေကြပုံကား–ရှေးအခါတို့က မိမိ, သူတပါးတို့မှာ မကြာမကြာ တွေ့ကြုံနေကြရပါသော ချမ်းသာသောအခါ ဆင်းရဲသောအခါတို့မှာလည်းကောင်း၊ ကောင်းသော ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာနေရာ၊ မကောင်းသော ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာ စသည်တို့နှင့် တွေ့ကြုံကြရသော အခါတို့၌လည်းကောင်း၊ စောင့်စည်းခြင်း သံဝရတရား ကုသိုလ်ဖြစ်အောင် ကြံဆောင်နှလုံးသွင်းခြင်း ယောနိသောမနသိကာရတရား, သတိသမ္ပဇဉ်တရား လက်ကိုင်ထားသူတို့မှာ ဤချမ်းသာ ဆင်းရဲနှင့် ကောင်း, မကောင်း နှစ်တွဲတို့ကို တွေ့ကြုံရသောအခါတို့မှာ ကုသိုလ်ပုည များများကြီးဖြစ်ပွားကြရန် ဒါနပြုခြင်း၊ သီလသီတင်း ဆောက်တည်ကျင့်သုံးခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများခြင်းစသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြသောအခါတို့၌ မိမိ, သူတပါးတို့မှာ ရှေးရှေးအခါက တွေ့ကြုံကြရသော သုခ, ဒုက္ခနှင့် ကောင်း, မကောင်းသော ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာ စသည်တို့က အကြောင်းဥပနိဿယပစ္စည်းကိုရ၍ နောက်နောက် အခါတို့မှာ အားထုတ်ကြကာ ဖြစ်ပွားလျက် ရှိကြပါသော

ကုသိုလ်တရားတို့က ဥပနိဿယ အကျိုးပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားနေကြသည်ကိုရည်၍ "ပုရိမာ ပုရိမာ အဇ္ဈာကတ္တာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်း တရားကြီးမှာ ဟောတော်မူအပ်ပါသတည်း။

(တနည်း) ရှေးရှေး အဇ္ဈာကတကြောင့် နောက်နောက် အကုသိုလ်တို့ သန္တာန်တူ သန္တာန်ပြား ငါပဋ္ဌာန်းပစ္စည်းများ ဖြစ်နေကြပုံကား—ရှေးရှေး အခါတို့က မိမိသူတပါးတို့မှာ မကြာမကြာ တွေ့ကြုံနေကြရပါသော ချမ်းသာ သောအခါ၊ ဆင်းရဲသောအခါတို့မှာ လည်းကောင်း၊ ကောင်းသော ဥတု၊ ဘောဇဉ်၊ ကျောင်း အိမ် အိပ်ရာ နေရာ၊ မကောင်းသော ဥတု၊ ဘောဇဉ်၊ ကျောင်း အိမ် အိပ်ရာ နေရာ စသည်တို့နှင့် တွေ့ကြုံရသော အခါတို့၌ လည်းကောင်း၊ မစောင့်စည်းခြင်း အသံဝရတရား ကုသိုလ်ဖြစ်အောင် ကြံဆောင် နှလုံးသွင်းခြင်းမရှိသော အယောနိသောမနသိကာရတရား၊ သတိသမ္ပဇညတရား လက်ကိုင်မထားသူတို့မှာ ဤ ချမ်းသာဆင်းရဲနှင့် ကောင်း၊ မကောင်းနှစ်တွဲတို့ကို တွေ့ကြုံရသောအခါတို့မှာ များစွာ ခံ၊ စံလိုသော လောဘ၊ နှလုံးမသာမယာခြင်း ဒေါသ၊ တွေဝေမိုက်မှားခြင်း မောဟ၊ မာန်မာနစသော အကုသိုလ်တရားတို့ ဖြစ်ပွားသောအခါတို့၌ မိမိသူတပါးတို့မှာ ရှေးရှေးအခါက တွေ့ကြုံကြရသော သုခ၊ ဒုက္ခနှင့် ကောင်း၊ မကောင်းသော ဥတု၊ ဘောဇဉ်၊ ကျောင်း အိမ် အိပ်ရာ နေရာ စသည်တို့က ဥပနိဿယပစ္စည်းကိုရ၍ နောက်နောက်အခါတို့မှာ ဖြစ်ပွား လျက် ရှိကြပါသော လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန စသော အကုသိုလ် တရားတို့က ဥပနိဿယအကျိုးပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွား ကြသည်ကိုရည်၍ "ပုရိမာ ပုရိမာ အဇ္ဈာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကု- သလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော" ဟု ဤ ပဋ္ဌာန်းတရားကြီးမှာ ဟောတော်မူအပ်ပါသတည်း။ ဤသို့ ဟောတော်မူအပ်သော ပါဠိသုံးပုဒ်ကို အကျဉ်းချုပ်နှင့် သိစေလို၍ (**တွင်းပအဇ္ဈ၊ အကြောင်းသာ၊ အဇ္ဈာကုက္ အကျိုးစု**) ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

ဤရှေးက အဇ္ဈာကတကြောင့် အကျိုးသုံးစား ဖြစ်ပွားကြသည်၌ ငါပဋ္ဌာန်း တရားကို နည်းရကြရုံ အမြွက်မျှ ပြဆိုအပ်ပါသတည်း။ ဤနည်းကိုမှီ၍ မိမိ သူတပါးတို့ ချမ်းသာခြင်း၊ ဆင်းရဲခြင်းနှင့်တကွ ကောင်း၊ မကောင်းသော ဥတု၊ ဘောဇဉ်၊ ကျောင်း အိမ် အိပ်ရာ နေရာ စသည် အဇ္ဈာကတတရားတို့ကို အကြောင်းခံ၍ မိမိသူတပါးတို့မှာ ကောင်းကျိုး၊ မကောင်းကျိုး ဝိပါက်ကြီးယာ ရုပ်၊ နာမ် အဇ္ဈာကတတရားတို့ အားလုံးကြီးဖြစ်ပွားနေကြသည့် အတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ကြည့်ရှုကြပါ၍ အဇ္ဈာကတတရား ဖြစ်သမျှ ငါပဋ္ဌာန်း တရားအစစ်တို့ ဖြစ်နေကြသည်ကို လည်းကောင်း၊ မိမိ၊ သူတပါးတို့ ချမ်းသာ၊

ဆင်းရဲခြင်းနှင့်တကွ ကောင်း, မကောင်းသော ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာ စသည် အဇ္ဈာကတတရားတို့ကို အကြောင်းခံ၍ သံဝရတရား စသည်များရှိကြသော မိမိ, သူတပါးတို့မှာ ကုသိုလ်ဖြစ်ပွားနေကြသမျှ အားလုံးကြီးတို့ အတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ကြည့်ရှုကြပါ၍ ကုသိုလ်ဖြစ်သမျှ ငါပဋ္ဌာန်းတရားအစစ်တို့ချည်း ဖြစ်ကြသည်ကို လည်းကောင်း၊ မိမိ, သူတပါးတို့ ချမ်းသာခြင်း, ဆင်းရဲခြင်းနှင့်တကွ ကောင်း, မကောင်းသော ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာ စသည် အဇ္ဈာကတတရားတို့ကို အကြောင်းခံ၍ အသံဝရတရား စသည်များ ရှိကြသော မိမိ, သူတပါးတို့မှာ လောဘ, ဒေါသ, မောဟ, မာန်မာနစသော အကုသိုလ်တရား ဖြစ်ပွားနေကြသမျှ အားလုံးကြီးတို့ အတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ကြည့်ရှုကြပါ၍ အကုသိုလ်ဖြစ်သမျှ ငါပဋ္ဌာန်းတရားအစစ်တို့ချည်း ဖြစ်ကြသည်ကိုလည်းကောင်း၊ ဉာဏ်လက်ညှိုးနှင့် ထိုးကာ ထိုးကာ "ဟောဟဲ့ ဟောဟဲ့" ဟု အဇ္ဈာကတကြောင့် အဇ္ဈာကတဖြစ်၊ အဇ္ဈာကတကြောင့် ကုသိုလ်ဖြစ်၊ အဇ္ဈာကတကြောင့် အကုသိုလ်ဖြစ်-ဟု အကျဉ်းချုပ်အားဖြင့် ပြဆိုခဲ့သော စကားအရနှင့် တသက်လုံး တကမ္ဘာလုံး ပြောဟော၍ မဆုံးနိုင်အောင် ကြံဆောင်အားသစ်တော်မူနိုင်ကြပါစေသတည်း။ ဤသည်တို့ကား ပါဠိတော်၌ဟောကြားသည့် ဥပနိဿယ(၉) စား ဖြစ်ပုံများကို နည်းရရုံ အကျဉ်းမျှ ပြချက်ပါတည်း။

---

## ၂၃–ငါပဋ္ဌာန်း ၉-စားတို့ ကောက်ချက်ချ၍ သိကြရန် ဝတ္ထုကို ပြဆိုချက်

ဤ ငါပဋ္ဌာန်းကိုးစားတို့ကို ကောက်ချက်ချ၍ သိကြရန်ဝတ္ထုကို သိလိုကြပါမူ ရှေးကကုသိုလ်ပြုရာတို့မှာ ကိုယ်သာလျှ၍ သူ့ကိုမတိုက်တွန်း၊ သူသာတိုက်တွန်း၍ ကိုယ်မလှူ၊ သူတပါးကိုလဲ မတိုက်တွန်း ကိုယ်လဲမလှူ၊ သူ့ကိုလဲတိုက်တွန်း ကိုယ်သဲလှူဟု အကြောင်းလေးစားနှင့် အကျိုးပေးပုံ လေးစားတို့ကို မြတ်စွာဘုရားက ဟောကြားသောအခါ ယခုကာလ နိဗ္ဗာန်ဆော်ကြီး, ငယ်တို့ နည်းယူ လောက်သော ပညာရှိကြီးတယောက်က သားသမီး အခြွေအရံနှင့်တကွ ပစ္စည်း တွေပါ ပေါ်များကြသည့် အကျိုးနှစ်ပါးစုံရရန် ရည်သန်၍ ဘုရားနှင့်တကွ သံဃာတော်အကုန် ဆွမ်းစားပင့်ဖိတ်ပြီးလျှင် မြို့တွင်းသို့ ဝင်၍ "အမိတို့ အမောင်တို့ ဘုရားနှင့်တကွ သံဃာတော်အများအား နက်ဖြန်ခါ ဆွမ်းယာဂုတို့ ကို လှူဒါန်းရန်အတွက်နှင့် ဆန် ဆီစသော တတ်အားသမျှ ဝတ္ထုအစုစုံတို့ကို ပါဝင်လှူဒါန်းကြပါ" စသည်ပြောကြားပြီး အလှူခံ၍ ခံ၍ သွားသောအခါ များစွာသောလူတို့သည် နှစ်တောင်းအားရ ပေးလှူကြသော်လည်း သဌေးကြီး တဦးက စိတ်ကူးချက် လွဲမှားပြီး "သည်အကောင်တွေဟာ ကိုယ်တတ်နိုင်

သလောက် ပင့်ဖိတ်၍သာ မလှူကြပါပဲ အများကိုပင့်ပြီး သူတပါးကိုလဲ တိုက်တွန်းနှိုးဆော်ခြင်းဟာ သက်သက်မကောင်းတာပဲ” ဟု အမျက်ထွက်ပြီးလျှင် ထိုအလှူခံသူတို့အား လက်သုံးချောင်းနှင့် ဆန်ကိုယူ၍ ထည့်ရုံမက အနည်းငယ်မျှစီသော ပဲနောက်, ပဲကြီး, ထောပတ်, ဆီ, တင်လဲ စသည်တို့ကို သရော် လှောင်ပြောင်သော စိတ်ထားနှင့် ပေးလှူသောခါ ထိုနိဗ္ဗာန်ဆော် ပညာရှိကြီးက အလွန့်အလွန်ကြီး၊ စိတ်သဘောပြည့်ဝလှ၍ ပေးလှူသမျှ အလှူဝတ္ထု အစုစုတို့ကို အခြားဝတ္ထုတို့နှင့် မရောပဲ တသီးတခြားစီသာ ယူဆောင်ပါသောအခါ ထိုသဌေးကြီးက “ဤအကောင်တွေဟာ ငါ ပေးလှူတာ ပြ၍ ငါ့အရှက်ကို ခွဲကြလိမ့်မည်” ဟူသော မယုံသင်္ကာ စိတ်ထားနှင့် အစေခံယောက်တယောက်အား ငါ့ကို သူတို့ ဘယ်လိုပြောကြားမည်ကို သေချာစွာ စုံထောက်ခဲ့ဟု စေလွှတ်သော်လည်း ထိုပညာရှိကြီးတို့က ဘယ်လိုမှ မပြောကြားကြပဲ လက်သုံးချောင်းနှင့် အနည်းငယ်စီ ပေးလှူလိုက်သော ဆန်ကိုလည်း ဆွမ်းချက်သည့်အထဲ ယာဂုကျိုသည့်အထဲ မုန့်လုပ်သည့်အထဲ စသည်တို့၌ အနည်းမျှစီ အဖေ့အင ပါကြစေရန် အသီးအသီးထည့်၍ ချက်ပြုတ်လုပ်ကိုင်ကြကုန်၏။

ဤသို့ လုပ်ကိုင်ခြင်းစသော အကြောင်းတရားများကို အစေခံကပြန်၍ ထိုသဌေးကြီးအား ပြောကြားသော်လည်း “သည်အကောင်တွေဟာ ယခုပင် မပြောကြားသော်လည်း ပရိသတ်အလယ်မှာ ငါ၏ မတင့်မတယ် ဂုဏ်ယုတ်ဖွယ် စကား ပြောကြားလိမ့်မည်၊ ထိုအခါ ဤသန်လျက်ဓားနှင့် ထိုးသတ်ခုတ်ဖြတ်မည်”ဟု သန်လျက်ကိုယူ၍ ဆွမ်းကျွေးသော ပရိသတ်သို့ လာရောက်သောအခါ ထိုနိဗ္ဗာန်ဆော် ပညာရှိကြီး အသီးသီးများက ဘုရားနှင့်တကွ သံဃာတော်တို့အား လှူဒါန်းကြ၍ လျှောက်ထားကြသည်ကား “အရှင်ဘုရား.... ဤအလှူကြီးကို မြို့သူမြို့သား အစားစားတို့ နည်းများမဆို ပေါင်းစု၍ လှူဒါန်းခြင်းကိုပြုကြပါသည် ဘုရား၊ ထိုသို့ပင် အနည်းအများ ပါဝင်၍ ပြုကြငြားသော်လည်း ကုသိုလ်အဖို့ဘာဂတို့ကိုမူကား ရကြသောအခါ ထပ်တူထပ်မျှ ကြီးမားသောအကျိုးကို ရကြပါစေလို၏ အရှင်ဘုရား”ဟု လျှောက်ထားသော စကားကို ကြားရမှ များများကြီး ထိတ်လန့်ပြီးလျှင် ငါသည် ဤပညာရှိကြီးအား မကန်တော့ငြားအံ့၊ ငါ့ခေါင်းကို ကွဲအက် ကြေမွအောင် နတ်များလာ၍ ကေန္တ နှက်ကြလိမ့်မည်ဟု ထင်မှတ်ခြင်းကို ပြု၍ ထို ပညာရှိ၏ ခြေရင်းမှာ ဝပ်စင်းကာ “သည်းခံတော်မူပါ သည်းခံတော်မူပါ”ဟု တောင်းပန်သောအခါမှ အကြောင်းမျိုးစုံ မေးကြည့် သိရှိရလေ၏။

ထိုအခါ မြတ်စွာဘုရားက ထိုသဌေးအား ဟောကြားတော်မူအပ်သည်ကား–ဤသို့ အနည်းငယ်မျှ ပေးလှူကြသော သူတို့၏ ကုသိုလ်မည်သည်

နည်းသည်ဟူ၍ အမှတ်တမဲ့ မထီမဲ့မြင် မပြုရာ၊ ငါကဲ့သို့သော ဘုရားနှင့်တကွ သံဃာတော်တို့အား နည်းများမဆို ပေးလှူသော ကုသိုလ်ကို နုပ်ဖွဲ့သေးငယ်သည်ဟု မဆိုအပ်။ ဥပမာဆိုသော် အိုးစရည်းကြီးမှာ ရေတပေါက်တပေါက် ကျဖန်များသောအခါ ပြည့်လျှံလာသကဲ့သို့ အနည်းငယ်မျှသော ကုသိုလ်များကို ပေါင်းစု၍ ကုသိုလ်အစားစား ကြီးမားမြင့်မြတ်သည့် အဖြစ်သို့ ရောက်နိုင်ကြောင်းနှင့် စပ်ဟပ်၍—

မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကံပိ အာစိနံ။
(ဓမ္မပဒ ပါဠိတော်)

မန္တံ၊ အနည်းငယ်သော ကောင်းမှုအကျိုးသည်။ န အာဂမိဿတိ၊ မလာလတ္တံ့။ (ဝါ) အကျိုးမပေးလတ္တံ့ဟု။ ပုညဿ၊ ကောင်းမှုကို။ မာဝမညေထ၊ မထီမဲ့မြင် မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန၊ မိုးရေပေါက် ကျဖန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးစရည်းကြီးသည်လည်း။ ပူရတိယထာ၊ ပြည့်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ဓီရော၊ ပညာရှိသည်။ ထောကံထောကံပိ၊ အနည်းငယ် အနည်းငယ်လည်း။ အာစိနံ အာစိနန္တော၊ ဆည်းပူးဖန်များသည်ရှိသော်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။—ဟုဟောကြားသောအခါ ထိုဒေါသကြီးသော သဌေးကြီးမှာ သောတာပန်ဖြစ်လာ၍ ရှေးနာမည် ပျောက်ပြီးကြောင်ခြေရာမျှ လှူဒါန်းလှုသောကြောင့် ဗိဠာလပဒက သဌေးကြီးဟု အလှူရှင် နာမည်ပုပ်ကြီး အမည်တွင်လေ၏။

မှတ်ချက်။ ။ဤဝတ္ထုကို ကြားသိသူတို့ နည်းယူရန်ကား ယခုကာလနိဗ္ဗာန်ဆော်မှန်သမျှတို့မှာလည်း နည်းယူကြ၍ အများပေါင်းစုကအကောင်းဆုံးကြီး ဖြစ်သွားနိုင်ကြ၏ ဟု အသိဉာဏ်ကလည်း ခပ်နုံနုံ၊ သဒ္ဓါတရားတို့ကလည်း ခပ်မှိန်မှိန်၊ ရှေ့နှုတ်တော်ကလည်း ခပ်ရဲရဲတို့နှင့် ခွကန့်လန့် စကားပြောကြားတတ်ကြသည်များကို အထူး သည်းခံကြကာ ချိုသာသော စကားဖြင့် မိမိတို့လိုလားသော စခန်းသို့ ရောက်ကြအောင်သာ ပြောင့်မှန်စွာ အားထုတ်ကြရန် တချက်၊ ဤဝတ္ထုမှာ ဘုရားဟောပါသည့် ကုသိုလ်အနည်းငယ်တွေ ပေါင်းစုက အများကြီးဖြစ်ကြသည်ဟု ဟောတော်မူသော စကားဖြင့် သောတာပန် ဖြစ်သွားသော သဌေးကြီးကို နည်းမှီ၍ အိုးစသည် တခုခုထားပြီး နံနက်ညချမ်းအခါတို့၌ ထမင်းချက်တိုင်းတို့မှာ တအိမ်လုံး ကုသိုလ် အတူတကွ ဖြစ်ကြရအောင် တိုင်ပင်၍ ဆန်တဆုပ် တဆုပ်စီဖြစ်စေ၊ ပိုက်ဆံတပြားစီ တပြားစီ ဖြစ်စေ နေ့စဉ် နိစ္စဒါန ဖြစ်ကြရအောင်ဟု သတိပြု

ကာ ထည့်ထည့်သွားကြပါမူ ၎င်းတို့ကို နောင် မိမိတို့ အလိုရှိရာ အလှူခံ အစားစား ကျောင်းကန် ဘုရား စသည်များကို စိတ်အားထက်သန် စွာနှင့် ပေးလှူနိုင် ကြကုန်ရာသည်လည်း တချက်တို့ပေတည်း။

ဤဝတ္ထုမှာ ငါပဋ္ဌာန်းဖြစ်ကြရာသည်ကား နိဗ္ဗာန်ဆော် ပညာရှိကြီးမှာ ရှေ့ကပြုလုပ်မည့် အကြံရှိသည့် ကုသိုလ်ကြောင့် နောက်ပြုလုပ်မည့် ကုသိုလ် ငါပဋ္ဌာန်းတရားဖြစ်၊ ထိုတိုက်တွန်းသည့် ရှေးကုသိုလ်ကြောင့် မြို့သူပြည်သားတို့ ပါဝင်လှူဒါန်းသည့်ကုသိုလ် ငါပဋ္ဌာန်းဖြစ်၊ ဤကား ကုသိုလ်ကြောင့် ကုသိုလ် ဖြစ်ပုံတည်း။ ထိုတိုက်တွန်းသည့် ကုသိုလ်ကြောင့် ထိုသဌေးကြီး အချို့မှာ နှလုံးမသာယာသည့် ဒေါမနဿအကုသိုလ် ငါပဋ္ဌာန်းဖြစ်၊ ဤကား ကုသိုလ် ကြောင့် အကုသိုလ်ဖြစ်ပုံတည်း။ ထိုကုသိုလ် ပြုလုပ်ရသောကြောင့် ဆောင်ရွက် သူတို့မှာ ကိုယ်၏ဆင်းရဲလာခြင်း အဗျာကတ, စားသုံးရသူတို့မှာ ကိုယ်၏ ချမ်းသာလာကြခြင်း အဗျာကတ ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြကုန်၏။ ဤကား ကုသိုလ်ကြောင့် အဗျာကတဖြစ်ပုံတည်း။

(တနည်း) ။ထိုသဌေးကြီးက ထိုနိဗ္ဗာန်ဆော်တို့အား ပထမ ဒေါမနဿ အကုသလကြောင့် နောက်နောက်အခါတို့မှာ သတ်လိုသော စခန်းဆိုက်လာ အောင် အကုသိုလ် ငါပဋ္ဌာန်းတရားတွေဖြစ်။ ဤကား အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပုံတည်း။

(တနည်း) ။ထိုမိုက်မှားမိသော အကုသိုလ်များကို သတိထားရှုဝဉ်းစား မိရုံမက ကန်တော့ဝန်ချသော ကုသိုလ်က သောတာပန်အဖြစ်ရအောင် ကုသိုလ် ငါပဋ္ဌာန်းတရားတို့ ထိုသဌေးကြီးမှာဖြစ်။ ဤကား အကုသိုလ်ကြောင့် ကုသိုလ် ဖြစ်ပုံတည်း။

(တနည်း) ။ထိုပြစ်မှားမိတာ သိရှိလာသဖြင့် ကိုယ်စိတ်နှစ်ဖြာ ပြင်းစွာ ဆင်းရဲပူပန်လာခြင်း အဗျာကတစသည် ငါပဋ္ဌာန်းတရားတို့ဖြစ်ပွားကြကုန်၏။ ဤကား အကုသိုလ်ကြောင့် အဗျာကတဖြစ်ပုံတည်း။

(တနည်း) ။ထိုနိဗ္ဗာန်ဆော်များ လိုလားကြသော ကောင်းကျိုးဖလ အဗျာကတကြောင့် အားထုတ်ကြရသည့်ဆင်းရဲ ကာယိကဒုက္ခ နောက်နောင် ခံစံရသည့် ကာယိကသုခ အဗျာကတ ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြကုန်၏။ ဤကား အဗျာကတကြောင့် အဗျာကတဖြစ်ပုံတည်း။

(တနည်း) ။ထိုနိဗ္ဗာန်ဆော်ကြီးမှာ ဘုရားတရားတော်အရ အလိုရှိအပ် သော နှစ်ပါးစုံအကျိုးကြီးမားလှသည့် အကျိုးဝိပါက အဗျာကတကြောင့် တိုက်တွန်းသည့် ကုသိုလ်ပြုလုပ် အားထုတ်သည့် ငါပဋ္ဌာန်းတရားတွေဖြစ်။ ဤကား အဗျာကတကြောင့် ကုသိုလ်ဖြစ်ပုံတည်း။

(တနည်း) ။ထိုတိုက်တွန်းသော အသံများ အဗျာကတ တရားကြောင့် ထိုအသံကို မကြားလိုသော ဒေါမနဿ ငါးပဌာန်းတရားတို့ ထိုသဒ္ဒေးကြီးမှာ ဖြစ်။ ဤကား အဗျာကတကြောင့် အကုသိုလ်ဖြစ်ပုံတည်း။

[ဤသည်တို့ကား ငါးပဌာန်း(၉)စားတို့ကို ယခုကာလဖြစ်ပျက်နေကြသူတိုင်းတို့မှာ ကောက်ချက်ချ၍ ပြတ်ကြရန် ရည်သန်၍ ဤဗိဋ္ဌာ-လပဒက သဒ္ဒေးကြီးဝတ္ထု၌ ငါးပဌာန်း (၉)စား ကောက်ချက်ပြထားလိုက်ပါသတည်း။]

ဤဥပနိဿယပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးက ဤပဌာန်းနည်းအရနှင့်သန္တာန်တူ,သန္တာန်ပြားကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပွားနေကြသည်၌ ရှေးရှေးနှစ် ရှေးရှေးအခါတို့က မိမိကိုယ်တိုင်ပြုခဲ့သော ဒါန,သီလ, ဘာဝနာအစဖြာသော ကုသိုလ်အလေ့အလာ အထုံ့ါ၍လည်းကောင်း၊ သူတပါးက တိုက်တွန်း၍ လည်းကောင်း၊ နောက်နောင်နှစ် နောက်နောက်အခါတို့မှာ ၎င်းဒါန,သီလ,ဘာဝနာ အစဖြာသော ငါးပဌာန်းတရား ကုသိုလ်တွေ ဖြစ်ပွားကြသည့် ကိုယ်,နှုတ်,စိတ် အမှုအရာတို့ ယခုစီးဖြန်းမည့်အခါ ဘာတခုမျှမရှိကြပါပဲ ချုပ်ပျောက်သေစဲသည့် အနိစ္စအချက်တွေကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ “အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ”ဟု အခါခါကြည့်ရှု ပွားများကြပါလေ။

(တနည်း) ။ရှေးက မိမိသူတပါးတို့ ပြုလုပ်အားထုတ်ကြသည့် ဒါန သီလ ဘာဝနာ အစဖြာသော ကုသိုလ်များကို သာယာနှစ်သက်သည့်တဏှာ၊ နှလုံးမသာယာသည့် ဒေါမနဿ၊ သို့လော- သို့လော တွေးတောကြသည့် ဝိစိကိစ္ဆာ, မောဟစသော အကုသိုလ် ငါးပဌာန်းတရားတွေ ဖြစ်ပွားကြသည့် ကိုယ်, နှုတ်, စိတ်အမှုအရာတို့ ယခု စီးဖြန်းမည့်အခါ ဘာတခုမျှ မရှိကြပါပဲ ချုပ်ပျောက်သေစဲသည့် အနိစ္စအချက်တွေကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ “အနိစ္စ အနိစ္စ-အနိစ္စ အနိစ္စ”ဟု အခါခါကြည့်ရှု ပွားများကြပါလေ။

(တနည်း) ။ရှေးရှေးက မိမိ,သူတပါးတို့ ပြုလုပ်အားထုတ်ကြသည့် ဒါန, သီလ, ဘာဝနာ အစဖြာသော ကုသိုလ်များကို အကြောင်းထား၍ များစွာ ကိုယ်ပင်ပန်းခံခဲ့ရခြင်း ကာယိကဒုက္ခ ကိုယ်၏ချမ်းမြေ့စွာ ခံစံခဲ့ရသည့် ကာယိ-ကသုခ စသော ဝိပါက်ကြိယာ အဗျာကတ ငါးပဌာန်းတရားတွေ ဖြစ်ပွားနေကြသည့် ကိုယ်,နှုတ်,စိတ် အမှုအရာတို့ ယခုစီးဖြန်းမည့်အခါ ဘာတခုမျှမရှိကြပါပဲ ချုပ်ပျောက်သေစဲသည့် အနိစ္စအချက်တွေကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ “အနိစ္စ အနိစ္စ-အနိစ္စ အနိစ္စ”ဟု အခါခါကြည့်ရှု ပွားများကြပါလေ။

ဤကား ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၊ ကုသိုလ်ကြောင့် အဗျာကတဖြစ်ကြသည့် ဥပနိဿယပစ္စည်း၌ ဝိပဿနာ

အကျဉ်းချုပ် ရှုနည်းပါတည်း။ အကုသိုလ်ကြောင့် အကုသိုလ်, ကုသိုလ်, အဗျာကတ ဥပနိဿယပစ္စည်းဖြစ်ကြသည်၌လည်း မိမိ,သူတပါးတို့မှာ အကုသိုလ်တွေ ဖြစ်ပွားနေကြမှုကို အကြောင်းပြု၍ နောက်နောက်အခါတို့မှာ အတို့အပြန်အားဖြင့် အကုသိုလ်ဖြစ်ခြင်း ငါပဋ္ဌာန်းတရား၊ ၎င်းအကုသိုလ်ကိုပင် အကြောင်းခံ၍ သတိသမ္ပဇဉ နှလုံးသွင်းခြင်းအားဖြင့် သံဝေဂစသည် ကုသိုလ်ဖြစ်ခြင်း ငါပဋ္ဌာန်းတရား၊ ၎င်းအကုသိုလ်ကို အကြောင်းခံ၍ ကိုယ်ဆင်းရဲခြင်း ချမ်းသာခြင်းနှင့် တွေ့ကြုံရသော အဗျာကတငါပဋ္ဌာန်းတရား၊ ကိုယ်,နှုတ်,စိတ် အမူအရာများတို့ ယခု စီးဖြန်းမည့်အခါ ဘာတခုမျှမရှိကြသည့် အနိစ္စအချက်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ" ဟု အခါခါကြည့်ရှု ပွားများကြပါလေ။

(တနည်း) အဗျာကတကြောင့် အဗျာကတ, ကုသိုလ်, အကုသိုလ် ဥပနိဿယပစ္စည်း ဖြစ်ကြသည်၌လည်း မိမိသူတပါးတို့မှာ ကိုယ်ချမ်းသာသည့် ကာယိကသုခ, ကိုယ်ဆင်းရဲသည့် ကာယိကဒုက္ခစသော ဝိပါက်ကြိယာ အဗျာကတကို အကြောင်းပြု၍ နောက်နောက်အခါတို့မှာ ထိုသုခကို ခံ, စံရန် ဒုက္ခကို ပယ်ဖျောက်ရန် ပြုလုပ်အားထုတ်ကြသောအခါ တွေ့ကြုံဖြစ်ပေါ်လာကြသည့် သုခ,ဒုက္ခ ဝိပါက်ကြိယာ အဗျာကတ ငါပဋ္ဌာန်းတရား၊ ထိုသုခကို ခံစံရန် ထိုဒုက္ခကို ပယ်ဖျောက်ရန် ပြုလုပ်အားထုတ်ကြသောအခါတို့မှာ ဖြစ်ပေါ်လာကြသည့် ကုသိုလ် ငါပဋ္ဌာန်းတရား၊ အကုသိုလ် ငါပဋ္ဌာန်းတရား အစားစားတို့ ယခု ဝိပဿနာတရား စီးဖြန်းမည့်အခါ ဘာတခုမျှ မရှိကြသည့် အနိစ္စအချက်ကို ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ··အနိစ္စ အနိစ္စ" ဟု အခါခါ ကြည့်ရှု ပွားများကြပါလေ။ ဤကား ဥပနိဿယပစ္စည်းတို့၌ ဝိပဿနာရှုနည်း အချက်ကို အကျဉ်းမျှ ပြချက်တို့ပါတည်း။ ဤသို့ ရှုကြရမည့်အဖြစ်ကို သိစေလို၍ (ဖြစ်သိပေါ်ပေါက်၊ ရှေးဖြစ်ပျောက်၊ မှတ်လောက်အစုစု ဝိပဿ်ရှု) ဟု ရှေ့ဆောင်ပုဒ်မှာ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းတရား အရတို့ကို စာမတတ်သူတို့ပင် လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာ နည်းနှင့်တကွ အကျဉ်းမျှပြချက်ပါတည်း။ အကျယ်ကိုမူကား ပဋ္ဌာဝါဠိ ပါဠိတော်များအရနှင့် နောက်၌ ပြလတ္တံ့ ပါတည်း။ ဤပစ္စည်းကား ဥပနိဿယ ပစ္စည်းမျိုးချည်းပေတည်း။

ဤပစ္စည်းမျိုး၌-

နာနာက္ခဏိက ကမ္မပစ္စည်း တစိတ်သာ သဘောတူ ရအပ်ပါသတည်း။

ဥပနိဿယပစ္စည်း အကျဉ်းမျှပြီး၏။

## ၂၄—ပုရေဇာတပစ္စည်းကို အကျဉ်းမျှပြချက်

ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုရေဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ဤပုရေဇာတပစ္စည်း၌လည်း ဝတ္ထုပုရေဇာတပစ္စည်း, အာရမ္မဏပုရေဇာတပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဝတ္ထုပုရေဇာတပစ္စည်းအရသည် ရှေးကပြခဲ့ပြီးသော ပုရေဇာတနိဿယပစ္စည်းနှင့် အလုံးစုံတူ၏။ ဤအာရမ္မဏပုရေဇာတပစ္စည်း၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ—

ပုရေဇာတပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာဘပစ္စယေန ပစ္စယော။ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ။ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ နပုရေဇာတပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရမူ—

ပုရေဇာတပစ္စယောတိ၊ ပုရေဇာတပစ္စည်းဟူသည်ကား။ ရူပါယတနံ၊ အဆင်းဝဏ္ဏ ရှိသမျှဥဿုံ ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာစ၊ စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဒါယတနံ၊

အသံသဒ္ဒ ရှိသမျှဥဿုံ သဒ္ဒါရုံသည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိသဘာဝ သောတဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဂန္ဓာယတနံ၊ အနံ့ဂန္ဓ ရှိသမျှဥဿုံ ဂန္ဓာရုံသည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိသဘာဝ ဃာနဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်ဘရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရသာယတနံ၊ ခြောက်ပါးရသ ရှိသမျှဥဿုံ ရသာရုံသည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ စားသိသဘာဝ ဇိဝှါ-ဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတ-ပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိအပ်လှ ရှိသမျှဥဿုံ ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏ-ဓာတုယာ စ၊ တွေ့သိသဘာဝ ကာယဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပ-ယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်လည်းကောင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်လည်းကောင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်လည်းကောင်း။ ရသာယတနံ၊ ရသာရုံသည်လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည် လည်းကောင်း။ မနောဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေ-ဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယံရူပံ၊ အကြင်ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသကို။ နိဿာယ၊ အာရုံသဘာဝ အမှီရ၍။ မနောဓာတု စ၊ မနောဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည် လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊ ထိုပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည်။

မနောဓာတုစ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မနောဝိညာဏဓာတုစ၊ မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ကိဉ္စိကာလေ၊ အချို့သော ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် ပုရေဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ အချို့သော ပဋိသန္ဓေကာလ၌။ ပုရေဇာတပစ္စယေန၊ ဆွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။

## ဆောင်ပုဒ်

(၁) ပစ္စုပ္ပန်တွေ၊ နိပ္ဖန္နေ၊ ပုရေဇာတ ပစ္စည်းရ။

(၂) အာရုံငါးတွေ၊ ငါးဝိညာ၊ မှတ်လေအာရမ္မဏ ပုဇာတ။

(၃) အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ်အာရမ္မဏ ပုဇာတ။

(၄) အာရုံခြောက်ရပ်၊ ဝိညာဏ်ဓာတ်၊ စွဲမှတ်အာရမ္မဏ ပုဇာတ။

(၅) အာရုံအာရမ္မဏ၊ ပြောင်းလေဘိ၊ မှတ်သိအနိစ္စ ရှုပါကြ။

## တနည်းဆောင်ပုဒ်

(၁) ရှေးပစ္စုပ္ပန်အဆင်းကြောင့် မြင်သိဖြစ်။

(၂) ရှေးပစ္စုပ္ပန်အသံကြောင့် ကြားသိဖြစ်။

(၃) ရှေးပစ္စုပ္ပန်အနံ့ကြောင့် နံသိဖြစ်။

(၄) ရှေးပစ္စုပ္ပန်အရသာကြောင့် စားသိဖြစ်။

(၅) ရှေးပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကြောင့် တွေ့သိဖြစ်။

(၆) ရှေးပစ္စုပ္ပန်အာရုံငါးရပ်ကြောင့် မနောဓာတ်ကြံသိဖြစ်။

(၇) ရှေးပစ္စုပ္ပန်နိပ္ဖန္န အာရုံခြောက်ပါးကြောင့် မနောဝိညာဏဓာတ်ကြံသိဖြစ်။

ဤသည်တို့ကား ရှုပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် သိလွယ်အောင် ပြဆိုရပါမူ ဤပုရေဇာတပစ္စည်း၌ ပစ္စုပ္ပန်ဝတ္ထုရုပ် ခြောက်ပါးတို့က မိမိတို့ကို မှီ၍ဖြစ်ကြသော ဝိညာဏ်ခုနစ်ပါးတို့အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူး ပြုကြသည့် ငါပဋ္ဌာန်းအရကို ရှေးပုရေဇာတနိဿယ ပစ္စည်းက ပြအပ်ခဲ့လေပြီ၊ ဤပြလတ္တံ့သော အာရမ္မဏပုရေဇာတပစ္စည်း၌ ရှေးအာရမ္မဏပစ္စည်းထက် အသူးကား—ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် (၁၈)ခုတို့ကသာ မိမိတို့ကို အာရုံ ပြုကြပါသော ဝိညာဏ်ခြောက်စား (ဝါ) ဝိညာဏခာတ်ခြောက်ပါးတို့အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကြသည့် ငါပဋ္ဌာန်းအရကို သိစေလို၍ (ပစ္စုပ္ပန်တွေ၊ နိပ္ဖန္နေ၊ ပုရေဇာတ ပစ္စည်းရ)ဟု ဆောင်ပုဒ်၌ ရေးထုတ်အပ် ပါသတည်း။

(တနည်း) အာရမ္မဏပစ္စည်းက ဘာသာခြား တပါးအယူရှိသူတို့ပင် မငြင်းဆန်, မကန့်ကွက်နိုင်လောက်အောင် ရေးပြခဲ့သည့်အတူ ဤပုရေဇာတ ပစ္စည်းမှာလည်း ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော အဆင်းအာရုံ ပုရေဇာတ အကြောင်းရမှ ရှာစကားနှင့်မြင်သိ၊ စာစကားနှင့် စက္ခုဝိညာဏ် စိတ်, စေတသိက်ဟု ဆိုအပ်သော ပုရေဇာတအကျိုးများ ငါပဋ္ဌာန်းတရားတို့ ဖြစ်ကြကုန်၏။

(တနည်း) ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော အသံအာရုံ ပုရေဇာတ အကြောင်းရမှ ရှာစကားနှင့်ကြားသိ၊ စာစကားနှင့် သောတဝိညာဏ် စိတ်, စေတသိက်ဟု ဆိုအပ်သော ပုရေဇာတအကျိုးများ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

(တနည်း) ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော အနံ့အာရုံ ပုရေဇာတ အကြောင်းရမှ ရှာစကားနှင့်နံသိ၊ စာစကားနှင့် ဃာနဝိညာဏ် စိတ်, စေတသိက် ဟု ဆိုအပ်သော ပုရေဇာတအကျိုးများ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

(တနည်း) ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော အရသာ အာရုံ ပုရေဇာတ အကြောင်းရမှ ရှာစကားနှင့် စားသိ၊ စာစကားနှင့် ဇိဝှါဝိညာဏ် စိတ်, စေတသိက်ဟု ဆိုအပ်သော ပုရေဇာတ အကျိုးများ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

(တနည်း) ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော အတွေ့အာရုံ ပုရေဇာတ-အကြောင်းရမှ ရှာစကားနှင့် တွေ့သိ၊ စာစကားနှင့် ကာယဝိညာဏ် စိတ်, စေတသိက်ဟု ဆိုအပ်သော ပုရေဇာတအကျိုးများ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

ဤသို့ ပစ္စုပ္ပန်အာရုံငါးပါးက ဝိညာဏ်ငါးစားအား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို သိစေလို၍ ''ပုရေဇာတပစ္စယောတိ ရူပါယတနံ စက္ခု-ဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော'' စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားဟောတော်မူအပ်ပါသတည်း။ ဤသို့ ဟောတော်မူအပ်သည့် ဘုရားစကားတော်ကို အလွယ်နည်းနှင့် သိစေလိုပြန်၍ (**အာရုံငါးထွေ၊ ငါးဝိညေ၊ မှတ်လေအာရမ္မဏ ပုဇာတ**)ဟု ဆောင်ပုဒ်ဖွဲ့၍ ရေးထုတ်လိုက်ပါသတည်း။

(တနည်း) ဤထင်ရှားရှိဆဲဖြစ်သော အာရုံငါးပါး အကြောင်းတရားရမှ ထိုပဉ္စဝိညာဏ် ငါးဝီထိတို့မှာပါသည့် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်္ကား ဒွေး တည်းဟူသော မနောဓာတ်သုံးပါး စိတ်၊ စေတသိက်တရား ပုရေဇာတ အကျိုးများ ငါပဋ္ဌာန်းတရားတို့ ဖြစ်ကြသည်ကို သိစေလို၍ ''ရူပါ-ယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော''ဟု ဤပဋ္ဌာန်း ပါဠိတော်ကြီးမှာ ဘုရားဟောတော်မူအပ်ပါသတည်း။ ဤသို့ မြတ်စွာ ဘုရား ဟောကြားတော်မူအပ်သည်ကို အလွယ်နည်းနှင့် သိစေလိုပြန်၍ (**အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ်အာရမ္မဏ ပုဇာတ**)ဟု ဆောင်ပုဒ်ဖွဲ့၍ ပါဠိတော်အရကို ရေးထုတ်လိုက်ပါသတည်း။

(**တနည်း**) ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ်များ အာရုံခြောက်ပါး အစားစားတို့ အကြောင်းရမှ အဘိညာဏ်ဒွေးနှင့်တကွ ကာမ မနောဝိညာဏဓာတ် စိတ်၊ စေတသိက်တရား ပုရေဇာတအကျိုးများ ငါပဋ္ဌာန်း တရားတို့ ဖြစ်ကြသည်ကို သိစေလို၍ ''ယံရူပံ နိဿာယ မနောဓာတု စ မနော ဝိညာဏဓာတု စ ဝတ္တန္တိ။ တံ ရူပံ မနောဓာတုယာ''စသည်ဖြင့် ဘုရားဟော တော်မူအပ်ပါသတည်း။ ဤသို့ ဘုရားဟောတော်မူအပ်သည်ကို အလွယ်နည်း နှင့် သိစေလိုပြန်၍(**အာရုံခြောက်ရပ်၊ ဝိညာဏ်ဓာတ်၊ စွဲမှတ်အာရမ္မဏ ပုဇာတ**) ဟု ဆောင်ပုဒ်ဖွဲ့၍ ရေးထုတ်အပ်ပါသတည်း။

ဤပုရေဇာတပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဝတ္ထုပုရေ-ဇာတ ပစ္စည်းကို ရှေးကပြခဲ့သည့် ပုရေဇာတ နိဿယပစ္စည်းအတိုင်း ရှုကြပါလေ။ ဤအာရမ္မဏ ပုရေဇာတပစ္စည်း၌လည်း ရှေးအာရမ္မဏပစ္စည်းက ပြခဲ့သည့် အတိုင်း မြင်သိ, ကြားသိ, နံသိ, လျက်သိ, တွေ့သိ, ကြံသိတို့ အသစ်အသစ် ပြောင်းလျှင် ရှေးက အဟောင်း အဟောင်း ဖြစ်ကြသည့် ပစ္စုပ္ပန် အာရုံခြောက်စားနှင့် အာရမ္မဏိက အကျိုးခြောက်စားတို့ အနိစ္စဖြစ်ချက်များကို သိစေလို၍(**အာရုံအာရမ္မဏိ၊ ပြောင်းလေဘိ၊ မှတ်သိအနိစ္စ ရှုပါကြ**)—ဟု ဆောင်

ပုဒ်၌ အာရမ္မဏက အတိုင်းသာ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားအရကို စာမတတ်သူတို့ပင် လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။ ဤပစ္စည်း၌ဝတ္ထု ပုရေဇာတပစ္စည်းသည် ရှေးပုရေဇာတတ္ထိမျိုးအတွင်းမှာ ပါသောကြောင့် ၎င်းအတိုင်း ပစ္စည်းတရားခြောက်စားတို့ ထိုက်သင့်သည်အားလျော်စွာ ပြိုင်၍ဖြစ်ကြကုန်၏။ အာရမ္မဏ ပုရေဇာတ ပစ္စည်းသည်လည်း ရှေးအာရမ္မဏမျိုးထဲမှာ ပါသောကြောင့် ၎င်းအတိုင်း ပစ္စည်းတရားရှစ်စားတို့ ထိုက်သင့်သည်အားလျော်စွာ ပြိုင်၍ ဖြစ်ကြကုန်၏၊ (ဝါ) ပြိုင်၍ ကျေးဇူးပြုကြကုန်၏။

ပုရေဇာတပစ္စည်း အကျဉ်းမျှပြီး၏။

---

## ၂၆–ပစ္ဆာဇာတပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

ပုရေဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ဤပစ္ဆာဇာတပစ္စည်း၌လည်း စာပဋ္ဌာန်း, ရှုပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစား ရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ–

ပစ္ဆာဇာတပစ္စယောတိ ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ
ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတပစ္စည်း ဟူသည်ကား။ ပစ္ဆာဇာတာ၊ ပဋ္ဌဝေါကာရ ပဋိသန္ဓေ၏ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ ပုရေဇာတဿ၊ ရှေ့စိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ ရောက်သော။ ဣမဿ ကာယဿ၊ ဤကေဇကာယ, ဒိဇကာယ, တိဇကာယ, စတုဇကာယအား။ ပစ္ဆာဇာတ ပစ္စယေန၊ နောက်မှဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေးဖြစ်ပြီးသမျှ အကျိုးရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) ပဋ္ဌဝေါကာရ၊ ဘုံ၌သာ၊ ပစ္ဆာဇာတ ပစ္စည်းရ။

(၂) ကံ,စိတ်,ဥ,ဟာ၊ ဌီရောက်လာ၊ ပစ္ဆာဇာတ အကျိုးရ။

(၃) ပစ္ဆာဇာတ ပဋ္ဌာန် အကျဉ်း တတ္ထ ... 

(၄) နာမ်ခန္ဓာကား၊ အကြောင်းထား၊ ရုပ်ကားပစ္စ၊ အကျိုးရ။

(၅) ရုပ်နာမ်နှစ်ဖြာ၊ ဖြစ်လေရာ၊ ပဋ္ဌာဇာတ၊ ကြောင်းကျိုးရ။

(၆) ရုပ်နာမ်နှစ်ဖြာ၊ ပျက်တိုင်းမှာ၊ ပဋ္ဌာအနိစ္စ၊ ရှုပါကြ။

## တနည်းဆောင်ပုဒ်

တဘဝတွင်းမှာ ရှေးစိတ်နှင့် အတူဥပါဒ်သော ရုပ်တို့အား နောက်နောက်စိတ်တို့က ကျေးဇူးပြုကြကုန်၏။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤ စာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ပါဠိပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤပစ္ဆာဇာတ ပစ္စည်းသည် နာမ်ကအကြောင်း ရုပ်ကအကျိုးဖြစ်သည့် ပဉ္စဝေါကာရ ဘုံ၌သာ ဖြစ်နိုင်၏၊ အခြားဘုံ၌ မဖြစ်နိုင်။ ဤပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေကစ၍ ဖြစ်ကြသော ရုပ်တို့တွင် ရှေးပဋိသန္ဓေစိတ်နှင့် အတူဥပါဒ်၍ ဌီသို့ရောက်သော ကမ္မဇရုပ်များ ဧကဇကာယ တရားတို့အား ပဌမဘဝင် နာမက္ခန္ဓာတို့က နောက်ဖြစ်ကြပြီး ပါဠိပဋ္ဌာန်းပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။ ဤပဌမဘဝင် ဥပါဒ်သောအခါ အတူဖြစ်ပေါ်၍ ဌီသို့ရောက်သော ကမ္မဇ-စိတ္တဇရုပ်များ ဒွိဇကာယတရားတို့အား ဒုတိယဘဝင် နာမက္ခန္ဓာတို့က နောက်မှဖြစ်ကြပြီး ပါဠိပဋ္ဌာန်း ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။

တနည်း။ ။ဤ ပဌမဘဝင်စိတ်မှာ ဥတုဇရုပ် ဖြစ်ပေါ်လာမူ ၎င်းနှင့် တကွ ဌီသို့ရောက်ကြသော ကမ္မဇ, စိတ္တဇ, ဥတုဇများ တိဇကာယတရားတို့ အား ဒုတိယ ဘဝင် နာမက္ခန္ဓာတို့က နောက်ဖြစ်ကြပြီး ပါဠိပဋ္ဌာန်း ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။ ၎င်းနောက် အာဟာရဇရုပ် မဖြစ်ခင် အတွင်းမှာ ရှေးရှေးစိတ်နှင့် အတူဥပါဒ်၍ ဌီသို့ရောက်တိုင်း ရောက်တိုင်းသော ကံ,စိတ်, ဥတုတည်းဟူသော တိဇကာယတို့အား နောက်နောက် နာမက္ခန္ဓာတို့က နောက်မှ ဖြစ်ကြပြီး ပါဠိပဋ္ဌာန်း ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။

တနည်း။ ။အကြင်စိတ်၏ ဥပါဒ်အခါတို့မှာ အာဟာရဇရုပ်ဖြစ်ပေါ်လာမူ ၎င်းနှင့်တကွ ဌီသို့ရောက်ကြသော ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော စတုဇကာယတို့အား နောက်နောက်စိတ် နာမက္ခန္ဓာတို့က နောက်မှ ဖြစ်ကြပြီး ပါဠိပဋ္ဌာန်း ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။ အာဟာရဇရုပ် ဖြစ်သည်မှ စ၍ ရုပ်ကို မဖြစ်စေနိုင်သော ဒွေးပဉ္စဝိညာဏ်(၁၀) တို့ မဖြစ်ပေါ်ခင်

အတွင်း၌ ရှိရှိသမျှသော စိတ်တို့နှင့် အတူဥပါဒ်ကြပြီး ဌီသို့ရောက်ကြသော ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော စတုဇကာယတို့ကိုချည်းသာ နောက်နောက်စိတ်၌ နာမက္ခန္ဓာတို့က နောက်မှ ဖြစ်ကြပြီး ငါပဋ္ဌာန်း ပစ္ဆာဇာတ ပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။ အကြင်အခါ ဒွေးပဥ္စဝိညာဏ်စိတ်တို့ဖြစ်ပေါ်လာကြကုန်၏၊ ထိုစိတ်တို့က ရုပ်ကို မဖြစ်စေနိုင်ကြသောကြောင့် ထိုစိတ်ဥပါဒ်တို့မှာ အတူတကွ ဖြစ်ကြပြီး ဌီသို့ ရောက်သော ကံ, ဥတု, အာဟာရတည်းဟူသော တိဇကာယတို့အား သမ္ပဋိစ္ဆိုဏ်း နာမက္ခန္ဓာတို့က နောက်မှ ဖြစ်ကြပြီး ငါပဋ္ဌာန်း ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။ ။ဤ ပဥ္စဝိညာဏ်စိတ် ဖြစ်သည်မှနောက်၌ စုတိမှ ပြန်၍ ရေသည်ရှိသော် (၁၆)ချက် မြောက်သော စိတ်တိုင်အောင် ပဥ္စဝိညာဏ်စိတ်တို့ ဖြစ်သည့်နောက် ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်၍ ဌီသို့ရောက်သော စိတ္တဇဖြစ်မှု စတုဇကာယအား၊ မဖြစ်မှု တိဇကာယအား နောက်နောက်စိတ် နာမက္ခန္ဓာတို့က ငါပဋ္ဌာန်း ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ထို(၁၆) ချက်မြောက်သောစိတ်က စုတိကျအောင် စိတ်, ဥတု, အာဟာရတည်းဟူသော တိဇကာယတို့အား နောက်နောက်စိတ် နာမက္ခန္ဓာတို့က ငါပဋ္ဌာန်း ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ဤသို့ အကြောင်း အကျိုးများ ငါပဋ္ဌာန်း တရားတို့ကို သိစေလို၍ "ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော" ဟု စာပဋ္ဌာန်းစကားနှင့် ဘုရားဟောတော်မူအပ်သည်ကို အကျဉ်းချုပ် ရှာပဋ္ဌာန်း စကားနှင့် သိစေလို၍ "ပဉ္စဝေါကာရ၊ ဘုံ၌သာ၊ ပစ္ဆာဇာတ၊ ပစ္စည်းရ။ ။ ကံ, စိတ်, ဥ, ဟာ၊ ဌီရောက်လာ၊ ပစ္ဆာဇာတ၊ အကျိုးရ။ ။ပဉ္စဝေါကာ၊ တဘဝချင်းမှာ၊ ရှေးရုပ်သာ၊ နောက်လာနာမ်က၊ ပစ္စည်းရ"ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

တနည်း။ ။စာမတတ်သော သူတို့ပါ သိလွယ်ကြရာဖို့ကား ပဉ္စဝေါကာရ သတ္တဝါတိုင်းတို့ ပဋိသန္ဓေကစ၍ စုတိကျအောင် ရုပ်,နာမ်တရား နှစ်ပါးတို့ ရုပ်ဝီထိ, နာမ်ဝီထိ အစဉ်အားဖြင့် ဖြစ်ပွားတည်ရှိနေကြရာတွင် ခဏကာလချင်း ပြိုင်ဆိုင်၍ ဖြစ်ကြသည်၌ ရှေးရှေးစိတ္တက္ခဏနှင့် အတူဥပါဒ်ပြိုင်၍ ဌီသို့ရောက်ကြသော တကိုယ်လုံးရှိ တကောင်လုံးရှိ တဘဝလုံးရှိ ရုပ်တွေဟူဟူသမျှတို့အား နောက်နောက် နာမက္ခန္ဓာ ရှိရှိသမျှ အကုန်လုံးတို့က ပစ္ဆာ-ဇာတသတ္တိဖြင့် ကျေးဇူးပြု၍ ပြု၍ဖြစ်ကြကုန်၏ဟု အကျဉ်းချုပ်ငါပဋ္ဌာန်းတရားအရကို သိစေလို၍ "နာမ်ခန္ဓာကား၊ အကြောင်းထား၊ ရုပ်ကားပစ္ဆာ၊ အကျိုးရ။ ။ နာမ်ရုပ်နှစ်ဖြာ၊ဖြစ်လေရာ၊ ပစ္ဆာဇာတ၊ ကြောင်းကျိုးရ"ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤပစ္ဆာဇာတပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်ပွားနေကြသော သတ္တဝါတိုင်းတို့မှာ နာမ်တရားတွေက ပစ္ဆာဇာတ ပစ္စည်းအကြောင်းတရား၊ ရုပ်တရားတွေက ပစ္ဆာဇာတ ပစ္စယုပ္ပန် အကျိုးတရားတို့ မပျက်မကွက် ကာလတိုင်းတို့မှာ ဖြစ်ပေါ်တည်ရှိနေကြရာတွင် ခဏကာလနှင့် ရှုကြရမှိုက်း ယခုကာလ သူငါတို့လို လူစား မရှုနိုင်ကြသည့် အတွက် သန္တတိပျက်နှင့်သော ရှုကြကုန်ရာ၏။ ဤသန္တတိပျက်သည်လည်း ရှေးကပြခဲ့တိုင်း ဣရိယာပုထ် လေးပါးတို့ကို ပြုသော ကိုယ်အမူအရာနှင့် ပြုလိုသော စိတ်အမူအရာတို့ အတွဲလိုက် အတွဲလိုက် ပျက်ကြသည်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ “ အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ ”ဟု ရှုကြပါမှ ပစ္ဆာဇာတပစ္စည်းများကို ဝိပဿနာရှုပြီးသား ဖြစ်လေ၏။ ဤသို့ဖြစ်ချက်ကို သိစေလို၍ “ရုပ်နာမ်နှစ်ဖြာ၊ ပျက်တိုင်းမှာ၊ ပစ္ဆာအနိစ္စ၊ ရှုပါကြ”ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်း တရားအရကို လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့် တကွ အကျဉ်းမျှ ပြချက်ပါတည်း။ ဤပစ္စည်းကား ပစ္ဆာဇာတတ္ထိ ပစ္စည်းမျိုး ချည်းပေတည်း။

ဤပစ္ဆာဇာတတ္ထိမျိုး၌ –

(၁) ပစ္ဆာဇာတ(၂) ပစ္ဆာဇာတဝိပ္ပယုတ်(၃)ပစ္ဆာဇာတတ္ထိ (၄) ပစ္ဆာဇာတ အဝိဂတ ဟူ၍ ဤလေးပါးသော ပစ္စည်းတို့သည် ရှေးရှေးစိတ်နှင့် အတူဥပါဒ်၍ ဌီသို့ရောက်သော တကိုယ်လုံး တကောင်လုံးရှိ ရုပ်တို့အား ထိုက်သင့်သည့်အားလျော်စွာ မိမိတို့သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ပစ္ဆာဇာတပစ္စည်း အကျဉ်းမျှ ပြီး၏။

---

## ၂၇-အာသေဝနပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

ပစ္ဆာဇာတပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အာသေဝနပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏၊ ဤ အာသေဝနပစ္စည်းသည်လည်း စာပဋ္ဌာန်း၊ ရှာပဋ္ဌာန်း၊ ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ–

အာသေဝနပစ္စယောတိ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ

ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စ-
ယေန ပစ္စယော–

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်းအရနှင့်ပြဆိုရ
ပါမူ–

အာသေဝနပစ္စယောတိ၊ အာသေဝနပစ္စည်းဟူသည်ကား။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အထုံရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အထုံရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ ပုရိမာပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကိရိယာဗျာကတာ ဓမ္မာ၊ ကိရိယာအဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကိရိယာဗျာကတာနံ၊ ကိရိယာအဗျာကတ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ အာသေဝန-ပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပ-ကာရကော၊ အထုံရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

(၁) ကုအကုဗျာ၊ ဇောတို့သာ၊ မှတ်ပါသေဝန၊ ကြောင်းကျိုးရ။

(၂) ဇာတ်တူဇောသာ၊ ကြောင်းကျိုးဖြာ၊ မှတ်ပါသေဝန၊ ပစ္စည်းရ။

(၃) သိလိုးဇောတွေ၊ ချုပ်ပျက်ပေ၊ ရှုလေအနိစ္စ၊ ပွားများကြ။

## တနည်းဆောင်ပုဒ်

(၁) ရှေးရှေးကုသိုလ်ဇောက နောက်နောက် အခြားမဲ့ ကုသိုလ်ဇော
အား ကျေးဇူးပြု၏။

(၂) ရှေးရှေး အကုသိုလ်ဇောက နောက်နောက် အခြားမဲ့အကုသိုလ်
ဇောအား ကျေးဇူးပြု၏။

(၃) ရှေးရှေးကြိယာ အဗျာကတဇောက နောက်နောက် အခြားမဲ့ ကြိယာ အဗျာကတဇောအား ကျေးဇူးပြု၏။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း,ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် သိလွယ်အောင်ပြဆိုရမူ– သတ္တဝါတိုင်းတို့မှာ ထိုက်သင့်သည်အားလျော်စွာ ကုသိုလ်ဇောတွေ, အကုသိုလ်ဇောတွေ, ကြိယာအဗျာကတဇောတွေ ဖြစ်နေကြသည်တို့၌ ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာအဗျာကတဇောသာ ငါပဋ္ဌာန်းအာသေဝနသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကို သိစေလို၍ "ကုအကုဗျာ၊ ဇောတို့သာ၊ မှတ်ပါ သေဝန၊ ကြောင်းကျိုးရ"ဟု ဆောင်ပုဒ်၌ ပြဆိုအပ်ပါသတည်း။ ဤကုသိုလ်, အကုသိုလ်, အဗျာကတဇော သုံးစားတို့တွင်လည်း ဇောတ်တူကုသိုလ်ဇောတဝီထိစီ ဖြစ်နေကြသည်၌ ဝီထိတူ ရှေးရှေးကုသိုလ်ဇောက အာသေဝနအကြောင်းပစ္စည်း၊ နောက်နောက် ဝီထိတူ ကုသိုလ်ဇောက အကျိုးပစ္စယုပ္ပန်ဖြစ်နေပြန်သည်ကို သိစေလို၍ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"ဟု စာပဋ္ဌာန်းစကား ဘုရားဟောတော်မူသည်။

တနည်း။ ။ဇာတ်တူ အကုသိုလ်ဇောတဝီထိစီ ဖြစ်နေကြသည်၌ ဝီထိတူ ရှေးရှေး အကုသိုလ်ဇောက အာသေဝနအကြောင်းပစ္စည်း၊ နောက်နောက် ဝီထိတူ အကုသိုလ်ဇောက အကျိုးပစ္စယုပ္ပန်ဖြစ်နေပြန်သည်ကို သိစေလို၍ "ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန-ပစ္စယေန ပစ္စယော" ဟု စာပဋ္ဌာန်းစကား ဘုရားဟောကြားတော်မူ၏။

တနည်း။ ။ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့ ဇာတ်တူကြိယာ အဗျာကတ-ဇော တဝီထိစီ ဖြစ်နေကြသည်၌ ဝီထိတူ ရှေးရှေးကြိယာ အဗျာကတဇောက အာသေဝနအကြောင်းပစ္စည်း၊ နောက်နောက် ဝီထိတူ ကြိယာအဗျာကတဇောက အကျိုးပစ္စယုပ္ပန် ဖြစ်နေကြပြန်သည်ကို သိစေလို၍ "ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာက-တာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော"ဟု စာပဋ္ဌာန်းစကားအရကို ဘုရားဟောကြားတော်မူ၏။ ဤသို့ဟောကြားသည်ကို အကျဉ်းချုပ်ရှာပဋ္ဌာန်းစကားနှင့်သိစေလို၍ "ဇာတ်တူဇောသာ၊ ကြောင်းကျိုးဖြာ၊ မှတ်ပါသေဝန၊ ပစ္စည်းရ"ဟု ဆောင်ပုဒ်၌ ပြဆိုအပ်ပါသတည်း။

ဤအာသေဝနပစ္စည်း၌ ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဤ အာ-သေဝနပစ္စည်း ငါပဋ္ဌာန်းတရားကြီး အစစ်တို့သည်လည်း သူ့ ငါ စသည်တို့မှာ မရှိနိုင်ကြ မသိနိုင်ကြသော တရားမျိုးမဟုတ်ကုန်၊ သတ္တဝါအစားစား သူ့ ငါ

များတို့မှာ နေ့စဉ်နေ့တိုင်း ဘဝတိုင်း ကာလတိုင်းတို့မှာ အမြဲထာဝရ ဖြစ်ပေါ် နေကြ သိရှိနေကြ အသုံးပြုနေကြသော သိလုံးဇောတို့ချည်းသာ ဖြစ်နေကြ သည်ကို စာပဋ္ဌာန်းအရနှင့် မသိကြသူတို့အား မိမိတို့ဘာသာများ မြန်မာ, တရုတ်, ကုလား, ကရင်, ကချင် အစားစားတို့၏ စကားနှင့် ပါဠိတော် အသွားအတိုင်း ကျနစွာ ပြောကြားကြပါမူ အော်ပဋ္ဌာန်းတရားအစစ်ကြီးများ ဆိုတာ တို့မှာမရှိ တို့မှာမသိနိုင်ကြသော တရားမျိုး မဟုတ်ကြကုန်ပဲ နေ့စဉ် အများသိလုံး အစားစားတို့ဖြင့် သိရှိနေကြ, အသုံးပြုနေကြသော သဘော တရားတို့ပင် အာသေဝနပစ္စည်းတရားချည်းဟူ၍ သိရှိဝမ်းမြောက်ကြလေကုန်ရာ သတည်း။

ဘယ်သတ္တဝါမဆို နိုးကြားနေသော အခါတို့မှာ ပုဂ္ဂိုလ်သိ သတ္တဝါသိအနေ အားဖြင့် ဘာပဲညာပဲ စသည်တို့ဖြင့် သိရှိသမျှအကုန် အလုံးစုံတို့သည် ပုထုဇဉ် သေက္ခ မှန်သမျှတို့ ကုသိုလ်, အကုသိုလ်ဇောများ အာသေဝနပစ္စည်းတရား ငါ ပဋ္ဌာန်းများနှင့်သာ ဖြစ်နေကြကုန်၏၊ ရဟန္တာတို့မှာကား ကြိယာအဇောများကတ ဇောများ အာသေဝနပစ္စည်းတရားနှင့်သာ ဖြစ်ကြရကုန်၏၊ အယုတ်ဆုံး အိပ် ပျော်နေဆဲအခါတို့မှာပင် အိပ်မက်မက်ကြရာ ညဉ့်တို့၌လည်း ကုသိုလ်, အကု သိုလ်ဇောများ အာသေဝနပစ္စည်းတရားနှင့် ဖြစ်ကြရကုန်၏၊ ဤသို့ ဖြစ်နေကြ သည်တို့၌ စိတ္တက္ခဏ ဝါနှုတိုကို ပျက်နေကြသည့် အနိစ္စကို မရှုနိုင်ကြသည့် အတွက် နာမ်သန္တတိ ပျက်အစဉ်အားဖြင့် သိလုံးအသစ်တွေ တမျိုးတမျိုး ပြောင်းသမျှ သိလုံးအဟောင်းတွေ ပျက်ပျက်လိုက်နေကြသည်ကို ဉာဏ်နှင့် မိမိ မြူးမြူးကြည့်၍ "အနိစ္စ အနိစ္စ"ဟု ရှုကြပါမူ အာသေဝနပစ္စည်းများ ငါ ပဋ္ဌာန်း တရားကို ဝိပဿနာရှုပြီးသား ဖြစ်လေ၏၊ ဤသို့ ဖြစ်ချက်ကို သိစေလို၍ "သိလုံးဇောတွေ၊ ချုပ်ပျက်ပေ၊ ရှုလေအနိစ္စ၊ ပွားများကြ" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါ ပဋ္ဌာန်းတရားအရကို လွယ်လွယ် ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါ တည်း။ ဤပစ္စည်းကား အနန္တရူပနိဿယပစ္စည်းမျိုးတည်း။

ဤအနန္တရူပနိဿယမျိုး၌—

(၁) အနန္တရူပနိဿယ၊ (၂) အနန္တရ၊ (၃) သမနန္တရ၊ (၄)အာသေဝန၊ (၅)နတ္ထိ၊ (၆)ဝိဂတ၊ (၇)ပကတူပနိဿယ-ဟူ၍ ခုနစ်ပါးသော ပစ္စည်းတို့သည် နောက်နောက်သော ဇောတ်တူ နာမက္ခန္ဓာဇောတို့အား ထိုက်သင့်သည်အားလျော် စွာ ရှေးရှေးသော ဇောတို့က မိမိတို့သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါ လေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

အာသေဝနပစ္စည်း အကျဉ်းမျှ ပြီး၏။

## ၂၈-ကမ္မပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

အာသေဝနပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ ကမ္မပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏၊ထိုကမ္မပစ္စည်း၌လည်း နာနာက္ခဏိက ကမ္မ, သဟဇာတကမ္မဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားဟောကြားတော်မူ၏၊ ဤသို့ ဟောကြားတော်မူသည်၌လည်း စာပဌာန်း, ရှာပဌာန်း, ငါပဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတွင် စာပဌာန်းအရကို ပြဆိုရမူ—

> ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဤသည်တို့ကား စာပဌာန်းစကား အရတည်း။ ဤ စာပဌာန်း အရကို ရှာပဌာန်း အရနှင့် ပြဆိုရပါမူ—

ကမ္မပစ္စယောတိ၊ ကမ္မပစ္စည်းဟူသည်ကား။ ကုသလာ ကုသလံ၊ ကုသိုလ် အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနာက္ခဏိက စေတနာကံသည်။ ဝိပါကာနံ၊ အကျိုး ဝိပါက်ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာ-ရူပါနဉ္စ၊ ကမ္မဇရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ဖြစ်၏။ စေတနာ၊ စိတ်တခုယုတ် ကိုးဆယ်၌ဖြစ်သော စေတနာ တခုယုတ် ကိုးဆယ်သည်။ သမ္ပယုတ္တကာနံ၊ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ် စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ်ပေါ်လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) ကုသလာကုသလ၊ ကမ္မစေတနာ၊ ခြားမဲ့ခါ၊ ဖြစ်လာအကျိုးရ။

(၂) စေတနာကုန်မူ၊ ကံဟုယူ၊ ဖြစ်တူသဟ၊ အကျိုးရ။

(၃) မျက်စိသိနှစ်ခု၊ နားသိနှစ်ခု၊ နှာခေါင်းသိနှစ်ခု၊ လျှာသိနှစ်ခု၊ ကိုယ်သိနှစ်ခု၊ ပဋိသန္ဓေဘဝင်စုတိ အစုစု။

(၄) ပဋိသန္ဓိ၊ ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက်ကဋတ္တာ။

(၅) ဖြစ်ပွားစေမူ၊ ကျေးဇူးပြု၊ ကုကုဇနကာ။

(၆) ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။

(၇) နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု၊ ဥပပီဠကာ။

(၈) ပြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။

(၉) ကံတပါးကို၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။

(၁၀) သေဆုံးလုမှ၊ ပြုသော်လည်းကောင်း၊အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။

(၁၁) နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲအာစိဏ္ဏ။

(၁၂) သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာကဋတ္တ။

(၁၃) ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇ၊ ပရာပရိ၊ အဟောသိ၊ ရှိသည့်ကံလေးဖြာ။

(၁၄) မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဦးဇောသာ။

(၁၅) ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပဇောဆုံးသာ။

(၁၆) ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇေ ငါးသာ။

(၁၇) ကံအဟောသိ၊ ကျိုးမရှိ၊ တြိစေတနာ။

(၁၈) အကျိုးဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ။

### တံနည်းဆောင်ပုဒ်

(၁) ကုသိုလ်,အကုသိုလ် စေတနာကံကြောင့် မိမိအခြားမဲ့ကာလ၌ ဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေနိုင်သော နာနာက္ခဏိက ကမ္မပစ္စည်းလည်းဖြစ်၊ တကွဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်တို့အား ကျေးဇူးပြုသော သဟဇာတကမ္မပစ္စည်းလည်း ဖြစ်ကြကုန်၏။

(၂) ဝိပါက်ကြိယာ စေတနာကံကြောင့်ကား တကွဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ထိုက်သည်အားလျော်စွာ သဟဇာတကမ္မပစ္စည်းသာ ဖြစ်ကြကုန်၏။

ဤသည်တို့ကား ရှုပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း, ရှုပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရမူ စေတနာစေတသိက်ကို ကံဟု ဆို၏၊ ထိုကံတို့တွင်လည်း ကုသိုလ်ကံ, အကုသိုလ်ကံသည် မိမိတို့ဖြစ်ပြီးမှ အခြားမဲ့ကာလ၌ မိမိတို့၏ဖြစ်ရာဘဝတို့၌ ဝိပါက်ကဋတ္တာရုပ်

ငါးပဉ္စာန်းတရားအကျိုးများကို ဖြစ်ပွားစေနိုင်၏၊ ဤသို့ဖြစ်ခြင်းကို နာနာက္ခဏိက-ကကမ္မပစ္စည်းဟု ဆိုအပ်၏။

တနည်း။ ။တဘဝလုံးတို့မှာ ဖြစ်ပေါ်နေကြသည့် စိတ်တခုယုတ် ကိုးဆယ်၌ ပါသော စေတနာတို့က မိမိနှင့် အတူတကွဖြစ်ကြသော စိတ်၊ စေတသိက် နာမက္ခန္ဓာတို့အားလည်းကောင်း၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်း ကောင်း တကွဖြစ်သည့် သဟဇာတကမ္မသတ္တိများ ငါးပဉ္စာန်းတရား အကျိုး များကို ဖြစ်ပွားစေနိုင်၏၊ ဤသို့ဖြစ်ပွားစေနိုင်ခြင်းကို သဟဇာတကမ္မပစ္စည်းဟု ဆို၏၊ ဤသို့ နာနာက္ခဏိက ကမ္မသတ္တိ၊ သဟဇာတကမ္မသတ္တိ သတ္တဝါတိုင်းတို့မှာ အခါခပ်သိမ်း ဖြစ်ပေါ်နေသည်ကို သိစေလို၍ "ကမ္မပစ္စယောတိ ကုသလာ-ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ စ္စယေန ပစ္စယော" ဟု စာပဉ္စာန်းစကားနှင့် ဘုရားဟောတော်မူအပ်သည်ကို အကျဉ်းချုပ်ရွာပဉ္စာန်း စကားနှင့် သိစေလို၍ "ကုသလာကုသလ၊ ကမ္မစေတနာ၊ ခြားမဲ့ခါ၊ ဖြစ်လာ အကျိုးရ။ စေတနာကုန်မူ၊ ကံဟုယူ၊ ဖြစ်ဘူသဟ၊ အကျိုးရ" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

တနည်း။ ။ဤနာနာက္ခဏိက ကမ္မပစ္စည်းတရားကြောင့် သတ္တဝါအစားစား တို့မှာ အခါခပ်သိမ်း ထင်ရှားရှိ ထင်ရှားသိ ထင်ရှား အသုံးပြုနေကြရသော ငါးပဉ္စာန်းတရားအရကို ပြဆိုရမူ သတ္တဝါတိုင်းတို့မှာ အခါခပ်သိမ်း မျက်စိနှင့် မြင်ရသမျှ အဝဝတို့ကို ပိုင်းခြားလိုက်သည်ရှိသော် လှပ တင့်တယ်ဖွယ်ရာ လျောက်ပတ်မွန်မြတ်လှသော အဆင်းတည်းဟူသော ကောင်းသော ဣဋ္ဌာရုံကို မြင်ရသမျှတို့သည် ကုသိုလ်ကံ နာနာက္ခဏိက အစားစား ငါးပဉ္စာန်းတရားတို့ ကြောင့်ချည်း မြင်ကြရကုန်၏။

တနည်း။ ။ဆိုးဝါးယုတ်ညံ့လှ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ကြသော မစင်၊ ခွေးကောင်ပုပ် အယုတ်အညံ့ အစားစား အဆင်းတည်းဟူသော မကောင်း သော အနိဋ္ဌာရုံကို မြင်ရသမျှတို့သည် အကုသိုလ်ကံ နာနာက္ခဏိက အစားစား ငါးပဉ္စာန်းတရားတို့ကြောင့်ချည်း မြင်ကြရကုန်၏။

ကြားခြင်း စသည်တို့မှာလည်း တဘဝလုံး တကမ္ဘာလုံး တသံသရာလုံး ကြားကြားသမျှတို့ကို နှစ်ပုံနှစ်စားခွဲ၍ အလိုရှိအပ် ကောင်းမြတ်သောအသံကို ကြားကြားသမျှတို့ကား ကုသိုလ်နာနာက္ခဏိကအစားစား ငါးပဉ္စာန်းတရားတို့ ကြောင့်ချည်း ကြားကြရကုန်၏။ အလိုမရှိအပ်သည့် မကောင်းသော အသံကို ကြားကြားသမျှတို့ကား အကုသိုလ်နာနာက္ခဏိကအစားစား ငါးပဉ္စာန်းတရားတို့ ကြောင့်ချည်း ကြားကြရကုန်၏။ အနံ့တို့မှာလည်း အလိုရှိအပ် ကောင်းမြတ်

သော အနံ့ကို နံ့ရသမျှတို့၌လည်းကောင်း၊ အလိုမရှိအပ် မကောင်းမြတ်သော အနံ့ကို နံ့ရသမျှ တို့၌လည်းကောင်း ကုသိုလ်, အကုသိုလ် နာနာက္ခဏိက အစားစား ငါပဋ္ဌာန်းတရားတို့ကြောင့်ချည်း ဖြစ်ကြရကုန်၏။ အရသာတို့မှာလည်း အလိုရှိအပ်ကောင်းမြတ်သော အရသာကို စားရသမျှတို့၌လည်းကောင်း၊ အလိုမရှိအပ် မကောင်းမြတ်သော အရသာကို စားရသမျှတို့၌လည်းကောင်း ကုသိုလ်, အကုသိုလ် နာနာက္ခဏိကအစားစား ငါပဋ္ဌာန်းတရားတို့ကြောင့် ချည်း စားကြရကုန်၏။ အတွေ့ကို တွေ့ရာတို့မှာလည်း အလိုရှိအပ် ကောင်းမြတ်သော အတွေ့ကို တွေ့ထိသမျှတို့၌လည်းကောင်း၊ အလိုမရှိအပ် မကောင်းမြတ်သော အတွေ့ကို တွေ့ထိသမျှ တို့၌လည်းကောင်း ကုသိုလ်, အကုသိုလ် နာနာက္ခဏိကအစားစား ငါပဋ္ဌာန်းတရားတို့ကြောင့်ချည်း တွေ့ကြရကုန်၏။ လူနတ်ဗြဟ္မာနှင့် အပါယ်သတ္တဝါတို့၏ စစဦးဖြစ်ကြသည့် ပဋိသန္ဓေစုံ့နောက်ဆုံးပိတ် သေကြရသည့် စုတိစုတ်တို့သည်လည်းကောင်း၊ အိပ်ပျော်ကြသည့် ဘဝင်စုံ့ မေ့လျော့ မျောပါးသွားကြသည့် အခါတို့မှာ ဖြစ်ပေါ်နေကြသည့် ဘဝင်စုံ့ ထိုထိုဝီထိတို့အကြား၌ ဖြစ်ပွါးနေကြသော ဘဝင်စုတို့သည်လည်းကောင်း သတ္တဝါတိုလိုက်၍ ရွေးရွေးကုသိုလ်, အကုသိုလ်ကံအစားစား နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ကြောင့်ချည်း ပဋိသန္ဓေနေကြ,သေကြ,အိပ်ပျော်ခြင်းစသည် ဖြစ်ကြရကုန်၏။ဤသည်တို့ကား အကျဉ်းချုံး၍ နည်းရရုံပြောကြားချက်တို့ပေတည်း။

အကျယ်ကို ပွါးများ၍ ခပ်ကြွားကြွား ပြောဆိုကြပါမူ သတ္တဝါအစားစားတို့မှာ လက်ဖျစ်တတွက်အတွင်းတွင် နာနာက္ခဏိကကမ္မပစ္စည်း ကင်းစင်ကြအောင် ရှောင်ကွင်းနိုင်ကြပါမူ ရှောင်ကွင်းနိုင်သည့် အချက်ကို ပြသနိုင်ကြပါမူ ဆုငွေ(၁၀၀၀)မက ပေးကြမည်ကို ရဲရဲကြီး ပြောဆိုဝံ့နိုင်အောင် နာနာက္ခဏိက ကမ္မပစ္စည်း အသီးသီးတို့ကို ဉာဏ်အထင်အမြင် ပေါက်ရောက်နိုင်ကြကုန်ရာ၏။ အဘယ်ကြောင့်ဆိုသော် လက်ဖျစ်တတွက် အတွင်းမှာ နာမ်ခန္ဓာတို့ ကုဋေတသိန်းမက ဖြစ်နေကြသည်၌ မြင်သိစသော ဝီထိစိတ်များစွာတို့ အကြားအကြားမှာ အကျိုးဝိပါက်ဘဝင်တွေ ဖြစ်ပွါးနေသောကြောင့် လည်းကောင်း၊ အသညသတ် ဗြဟ္မာနှင့် နိရောဓသမာပတ်ဝင်စားသော အရိယာတို့မှာလည်း အကျိုးကမ္မဇရုပ်တရားတို့ ခဏတိုင်းတို့မှာ ဖြစ်ပွားနေကြသောကြောင့်လည်းကောင်း ထိုဆုငွေ(၁၀၀၀)ကို လိုချင်ကြငြားသော်လည်း နာနာက္ခဏိကကမ္မလွတ်အောင် မကွင်းရှောင်နိုင်သည့်အချက်များ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ကို ဘယ်သူမဆို အလွယ်ဆုံးကလေးနှင့် သိကြားနားလည်စေလို၍ "မျက်စိသိနှစ်ခု၊

နားသိနှစ်ခု၊ နှာခေါင်းသိနှစ်ခု၊ လျှာသိနှစ်ခု၊ ကိုယ်သိနှစ်ခု၊ ပဋိသန္ဓေဘဝင်စုတိ အစုစု"ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ။ဤဆောင်ပုဒ်များအရ အဓိပ္ပါယ်သွားကို ရှေးက ပြထားခဲ့သည့်အတိုင်း မြင်သာကြားသိ၊ သည်တို့မှာ ဉာဏ်လက်ညှိုးနှင့် ထိုးကာထိုးကာ "ဟောဟဲ့ ဟောဟဲ့"ဟု ပြသဟောပြောကြ၊ ကြံစည်နှလုံးသွင်းကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

---

## ၂၉-ဇနကကံစသည်လေးပါးနှင့် ဂရုကံ အာသန္နကံတို့ကိုဖော်ပြချက်

(တနည်း)နာနာက္ခဏိက ကံတို့သည် ပြုဆဲဘဝ၌လည်းကောင်း၊ ဒုတိယဘဝ၌လည်းကောင်း၊ တတိယဘဝ စသည်တို့၌လည်းကောင်း ဝိပါကကဋတ္တာရုပ်ကို ဇနက ဥပတ္ထမ္ဘကစသည်တို့ဖြင့် ဖြစ်စေနိုင်၏။ ထိုသို့ဖြစ်ရေး၌ ထိုနာနာက္ခဏိက ကံမှတပါး အကျိုးပေးခါနီး ကာလများပယ် တွေ့ကြုံဆုံစည်းသော သမ္ပတ္တိစက် အကြောင်း, ဝိပတ္တိစက်အကြောင်းတို့ ထောက်ပံ့ကူညီကြသဖြင့်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ ပြုလုပ်ကြသည့် ဝုဍ္ဎိဘာဂိယ ဌိတိဘာဂိယ ဟာနဘာဂိယ ကံ အကြောင်းတို့ ထောက်ပံ့ကူညီကြသဖြင့်လည်းကောင်း ဖြစ်စေနိုင်ကြကုန်၏။ ထိုသို့ဖြစ်စေနိုင်ကြောင်းကိုသိစေလို၍ ပဋ္ဌာန်းအဋ္ဌကထာ၌ ကမ္မပစ္စည်းအဖွင့်၌—

ယသ္မိံ ပန ခဏေ တံ ကတံ တတော အညသ္မိံ ခဏေ အဝိဇ္ဇ-
မာနမ္ပိ ကေဝလံ ကဋတ္တာ ယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ
ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ၊
နိရုဒ္ဓါပိ ပုရိမသိပ္ပါဒိကြိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကြိယာယ
တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ။

အနက်မြန်မာပြန်ကား—ပန၊ အဖို့တပါးကို ဆိုဦးအံ့။ ယသ္မိံခဏေ၊ အကြင်ခဏ၌။ တံ၊ ထိုကုသိုလ်, အကုသိုလ်ကံကို။ ကတံ၊ ပြုအပ်၏။ တတော၊ ထိုကံကိုပြုသည့်ခဏပစ္စုပ္ပန်မှ။ အညသ္မိံခဏေ၊ တပါးသော နောက်ခဏ၌။ အဝိဇ္ဇမာနမ္ပိ၊ ထိုပြုအပ်ပြီးသောကံ ထင်ရှားမရှိသော်လည်း။ ကေဝလံ၊ သက်သက်။ ကဋတ္တာယေဝ၊ ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင်။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌လည်းကောင်း။ ဥပပဇ္ဇေဝါ၊ အခြားမဲ့သော ဒုတိယဘဝ၌လည်းကောင်း။ အပရေဝါ၊ ထိုဒုတိယဘဝကိုထား၍ အဆက်ဆက်သော နောက်ဘဝများ၌လည်းကောင်း။ ပရိယာယေ၊ အကြောင်းပရိယာယ် ဆက်သွယ်၍ဖြစ်သော။ အဝသေသပစ္စယ သမာယောဂေ၊ ထိုအတိတ်ပြုရင်း ကံမှကြွင်းသော ကောင်းကျိုး မကောင်းကျိုးပေးသောအခါ ဆုံစည်းလာသည့် ကာလ သမ္ပတ္တိ, ကာလဝိပတ္တိအကြောင်း, မျက်မှောက်ဘဝပြုလုပ်ကြသည့် ဝုဍ္ဎိဘာဂိယ ကံ, ဌိတိဘာဂိယကံ, ဟာနဘာဂိယကံ အကြောင်းတို့ ကောင်းစွာညီညွတ်ခြင်း သည်။ သတိ၊ ရှိသော်။ ဖလံ၊ ဝိပါကကဋတ္တာ ရုပ်အကျိုးကို။ ဥပ္ပါဒေတိ၊

ဖြစ်စေ၏။ ကိံ ဝိယ၊ နှိုင်းခိုင်းစရာ ဥပမာအဘယ်လိုနည်း ဟူမူကား။ ပုရိမသိပ္ပါဒိကြိယာ၊ ရှေး၌ ပြုခဲ့ဘူးသော အတတ်ပညာ စသည် လေ့ကျင့်မှု ကြိယ တို့သည်။ နိရုဒ္ဓေသု၊ နောက်မရှိဘြွား ချုပ်ငြိမ်းသွားသော်လည်း။ ကာလန္တရေ၊ ကာလတပါး နောက်နောက်များ၌။ ပစ္ဆိမသိပ္ပါဒိကြိယာယ၊ နောက်၌ပြုသော အတတ်ပညာ စသည် လေ့ကျင့်မှုကြိယာအား။ ပစ္စယော၊ တိုးတက်လာအောင် ကျေးဇူးဆောင်ခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့ တည်း။ တသ္မာ၊ ထိုသို့ မိမိဖြစ်ဆဲ ခဏကလွန်သောအခါမှ အကျိုးကိုပေးတတ်လှ သောကြောင့်။ နာနာက္ခဏိကကမ္မပစ္စယောတိ၊ နာနာက္ခဏိကကမ္မပစ္စည်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုကံတို့၏ အကျိုးဖြစ်ပုံကို အနည်းငယ် အကျယ်ချဲ့၍ ပြဦးအံ့၊ ရှေးအတိတ် ဘဝက ကော ်င်းမှုကုသိုလ်, အကုသိုလ်တို့ကို ပြုခဲ့ကြသည့် စေတနာ နာနာက္ခဏိက ဇနကကံကြောင့် လူ, နတ်, ဗြဟ္မာ, ပါယ်လေးရွာတို့၌ ပဋိသန္ဓေ, ပဝတ္တိ အကျိုး ဝိပါက် နာမက္ခန္ဓာလေးပါး ရုပ်ဇီဝိတ တရားနှင့် မျက်စိ, နား, နှာ, လျှာ, ကိုယ်, ဟဒယ ဘ ဝအစားစား နာနာက္ခဏိက ငါပဋ္ဌာန်းအကျိုး တရားအစစ်တို့ ထိုက်သင့်သည်အား လျော်စွာ တဘဝလုံးတို့မှာ ဖြစ်ပေါ် ၍လာကြကုန်၏။ ဤသို့ ဝိပါက်ကဋတ္တာရုပ်တို့ကို ဖြစ်စေသော ကံကို ဇနကကံဟု ဆိုလို၏။

တနည်း - ထိုဇနကကံကိုလည်းကောင်း၊အကျိုးကိုလည်းကောင်း မယိမ်းမယိုင် မပျက်စီးနိုင်အောင်နှင့် မိမိတို့ ကုသိုလ်အချင်းချင်း, အကုသိုလ်အချင်းချင်းတို့ ထောက်ပံ့ကူညီသော အမျိုးအစားစား ကုသိုလ်ကံ, အကုသိုလ်ကံများ ငါ ပဋ္ဌာန်းတရားတို့ကို ဥပတ္ထမ္ဘကကံ ဟု ဆို၏။

တနည်း - ထိုဘဝမှာ ဖြစ်ပေါ်လာစေသော ဇနကကံကိုလည်းကောင်း၊ ထိုကံ၏ အကျိုးတို့ကိုလည်းကောင်း ချွတ်ချော်တိမ်းပါး ယိမ်းယိုင်သွားအောင် ကုသိုလ်ကံက အကုသိုလ်ကံကို၊ အကုသိုလ်ကံက ကုသိုလ်ကံကို ကပ်၍ နှိပ်စက် နှေး ငှေ့ယှက်သော ကံအမျိုးမျိုးအစားစား ငါပဋ္ဌာန်းတရားတို့ကို ဥပပီဠကကံ ဟု ဆို၏။

တနည်း— ထိုဇနကကံကို လည်းကောင်း၊ ထိုဇနကကံ၏ အကျိုးကို လည်းကောင်း ဖြစ်ခွင့်မရအောင် အပြီးအပြတ် ကပ်၍ ကုသိုလ်ကံက အကုသိုလ် ကံကို၊ အကုသိုလ်ကံက ကုသိုလ်ကံကို သတ်တတ်သော အမျိုးမျိုး အစားစား ငါပဋ္ဌာန်းတရားတို့ကို ဥပဃာတကကံ ဟု ဆို၏။ ဤသို့ ကံအကျိုးပေးသော ကိစ္စလေးပါး အပြားတို့ကို သိစေလို၍ —

(၁) ပဋိသန္ဓိ၊ ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက်ကဋတ္တာ။

(၂) ဖြစ်ပွားစေမှု၊ ကျေးဇူးပြု၊ ကုကုဇနက။

(၃) ထောက်ပံ့စေမှု၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘက။
(၄) နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု၊ ဥပပီဠက။
(၅) ပြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတက—

ဟု လက်ာဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသည်။

ဂရုကံဖြစ်ပုံ

တနည်း—ထို နာနာက္ခဏိက ကမ္မစေတနာတို့ အကျိုးပေးပုံ အစဉ်တို့ကား ဘယ်သတ္တဝါမဆို အတိတ်ကာလက ပြုခဲ့ကြသော ကုသိုလ်ကံ ကြီးငယ် အစားစား၊ အကုသိုလ်ကံကြီးငယ် အစားစားတို့ အများအပြား အသီးသီး ရှိကြကုန်၏။ ထိုသို့ ရှိကြကုန်သော ကံအများတို့တွင် အလွန်အားကြီးသော ကုသိုလ်, အကုသိုလ်ဂရုကံ၊ သေခြင်းအနီး၌ ပြုလုပ်ဖြစ်ပေါ်လာသော ကုသိုလ်, အကုသိုလ် အာသန္နကံ၊ ရှေးအဖို့က လေ့လာပွားများ နှလုံးမကြာမကြာထားခဲ့ သော အာစိဏ္ဏကံ၊ ရှေးရှေးက ပြုကာမျှဖြစ်ခဲ့သော ကဋတ္တာကံများ ဤ လေးစားတို့တွင် ထိုသတ္တဝါ တယောက်ယောက်တို့ သေခါနီးအခါတို့၌ ကုသိုလ်ဘက်က ချွန်တရားများ ရှိထားပါမူ ထိုကံကသာ ပြဟ္မာဘုံတို့မှာ ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်များ ငါးပဋိသန္ဓေတရားတို့ကို ဖြစ်ပွားစေကြကုန်၏။ သို့မဟုတ် အမိကို သတ်မိ, အဖကို သတ်မိ, ရဟန္တာကို သတ်မိ, ဘုရားကို သွေးစိမ်းတည် အောင် ပြုမိ, သံဃာကို သင်းခွဲမိ, နိယတမိစ္ဆာဒိဋ္ဌိ ကံသုံးပါးကို ယူမှားမိကြပါမူ ၎င်း အနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိ ဂရုကံကြီးများကြောင့်သာ အပါယ် ဘုံတို့မှာ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ ငါးပဋိသန္ဓေတရားတို့ကို ဖြစ်ပွားစေ ကုန်၏။

ဤစာစကားရပ်ဝယ် အမိကို သတ်မိ, အဖကို သတ်မိ ဆိုသောစကားရပ်၌ အထူးသတိထားဖွယ်ကား မိဘတို့ကို တုတ်, ဓား စသည် လက်နက်များနှင့် သတ်ဖြတ်ကြမှ သတ်သည်ဟု ထင်မြင်နေကြ၏။ ဤသို့ ထင်မြင်တိုင်းထက်မက မိဘသတ်မှု ဖြစ်နေတတ်ကြသည်ကား မိဘတို့ မကျန်းမာသော အခါတို့မှာ မတဲ့သော ဆေးဝါးဓာတ်စာတို့ကို စားလိုပါသည်ဟု ပူဆာတောင်းဆိုသောအခါ သားသမီးဖြစ်သူတို့က မနေသာကြပဲ သည်အဖိုးကြီး, အမယ်ကြီးတို့ သည် လောက်တောင် ပူဆာတောင်းဆိုလှတာ သေချင် သေဟဲ့ ဟူ၍ နှလုံးထားပြီး မသင့်တင့်သော ဓာတ်စာ ဆေးဝါးတို့ကို ပေးမှားမှုအတွက်ကြောင့် ထိုအသက် သေကြပါမူ မာတုဃာတက, ပိတုဃာတကကံကြီးများ ဖြစ်ပွားကြကုန်၏။

တနည်း—သေခါနီးဆဲဆဲ အခါထဲတို့မှာ လင်မယား သားသမီး စသည် အသီးသီးတို့ကို တွေ့ရှိပြောဆိုလိုသော စိတ်ကဆောင်နေသဖြင့် လည်းကောင်း၊ ကပါးသော အကြောင်းကြောင့်လည်းကောင်း အသက်မထွက်နိုင်အောင် ရှိနေ

ကြဆဲထဲမှာ ငါတို့မိဘ အသက်မထွက်နိုင်ကြပဲ ဆင်းရဲဒုက္ခ ခံနေရတကား၊ မည်သူမည်ဝါကို မတွေ့မြင်ခြင်း စသည်ကြောင့် ဤမျှလောက် ဆင်းရဲကို ခံနေရ၏၊ ထိုသူကို တွေ့ရမူကား မြန်မြန်ကြီး သေရ၍ ဤဆင်းရဲဒုက္ခမှ လွတ်ရလိမ့်မည်ဟု စိတ်ရည်သန်၍ ထိုတွေ့လိုသောသူကို မြန်မြန်တွေ့အောင် ခေါ်ဆောင်၍ ပေးခြင်း၊ အမြန်သေလွယ်အောင် အမိုးကို ဖောက်ခြင်း၊ နံရံကို ဖျက်ခြင်း၊ ရေခဲ အအေး အုပ်ပေးခြင်း စသော အမှုများကို ပြုမိတတ်ကြကုန်၏။ ဤသို့ ပြုမိတတ်ကြသည့် အကြောင်းမှ၍ အမြန်သေလွယ်သွားကြပါမူ ထိုသူတို့မှာလည်း မာတုဃာတက၊ ပိတုဃာတက ဂရုကံကြီးများ ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားတတ်ကြကုန်၏။ ဤသို့ ကံကြီးများ မဖြစ်ပွားကြရအောင် အထူးသတိ ဆောင်နိုင်ကြပါစေသတည်း။ ဤကား ဂရုကံများ ငါပဋ္ဌာန်းတရား ဖြစ်ပွားစေကြပုံတည်း။

အာသန္နကံ ဖြစ်ပုံ

တနည်း—သေခါနီးကာလတို့မှာ မိတ်ကောင်း၊ ဆရာကောင်း၊ ဆွေမျိုးဉာတိကောင်းတို့ကို ရ၍ ဂုဏ်ဝိသုဒ္ဓိကျင့်စဉ်ကျမ်းမှာ ပေါ်လွင် ထင်ရှားအောင် ရေးပြ ဆုံးမထားသည့်အတိုင်း ဒါနနှင့် ပြုပြင်ပေးခြင်း၊ သရဏဂုံသီလနှင့် ပြုပြင်ပေးခြင်း၊ သမထ၊ ဝိပဿနာနှင့် ပြုပြင်ပေးခြင်း၊ ပရိတ်တရား၊ ပဋ္ဌာန်းတရား စသည်များကို နာကြားမှု လေ့လာပွားများမှု စသည်တို့နှင့် ပြုပြင်ပေးခြင်း၊ ရှေးက ပြုခဲ့ပြီးသော ဒါန၊ သီလ၊ ဘာဝနာတို့၏ စာရင်းကို ဖတ်ကြားခြင်း၊ သတိဖြစ်ပွားအောင် ပြောကြား၍ ပြုပြင်ပေးခြင်းစသော ကုသိုလ်တရား အားသစ်ပွားလာအောင်လည်းကောင်း၊ ဖြစ်ပြီးတရားကုသိုလ်များကို သတိရနေအောင်လည်းကောင်း ပြုပြင်ပေးပါမူ ၎င်းကံတို့က အာသန္နကံဖြစ်ကြ၍ အကျိုးပေးခွင့်ရပြီး လူနတ်ရွာတို့မှာ ပဋိသန္ဓေစ၍ တဘဝလုံးတွင်၌ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခတို့ကို ခံ၊ စံရသည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြလေကုန်၏။

ဤကဲ့သို့ ပြုပြင်ပေးခြင်းမရှိက သေခါနီးကာလတို့မှာ ကျင်နာခံခက် ဒုက္ခအတွက်နှင့်လည်း ဒေါမနဿအသီးသီး ဖြစ်ပေါ်လာမူ အာသန္နကံစု၊ သားသမီးနှင့် ပစ္စည်းအ ရုံ ကာမဂုဏ်တို့ကို သေခါနီးအခါတို့မှာ မခွဲခွါ မစွန့်လွှတ်လိုပါပဲ အမြဲတွယ်တာလာမူ အာသန္နကံစု၊ ဤဒုက္ခဘေးနှင့် ချစ်ခင်သမျှသောသူတို့မှ ကင်းလွတ်ရသောဘေး အရေးရေး အရာရာတို့ကြောင့် ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ၊ သို့လောသို့လော တွေးတောကြံစည်ခြင်း ဝိစိကိစ္ဆာ အဖြာဖြာတို့ဖြင့် တွေဝေမိန်းမောခြင်းတို့ အတင်းဖြစ်ပေါ်လာမူ အာသန္နအကုသိုလ်ကံစုတို့ကား အလိုလိုဖြစ်ပွားကြရုံမက သားသမီးအလုပ်အကျွေးတို့က ပြုပြင်မပေးတတ်ကြပဲ လူမမာ ဒေါမနဿဖြစ်အောင် ပြု၍လည်းကောင်း၊ လူမမာက မခွဲချင်ပဲ တကူးတကခင်မင်အောင် ပြုလုပ်၍လည်းကောင်း၊ မတဲ့သောဓာတ်စာ ဆေးဝါးစသည်

များကြောင့် တွေဝေမိန်းမော နှစ်မြောနေအောင် ပြုလုပ်၍လည်းကောင်း၊ ထိုလူမမာမှာ မဖြစ်ချင်ပေမဲ့ မနေသာအောင် ထိုသေခြင်းအနီးတို့မှာ လောဘ, ဒေါသ, မောဟတို့ ဖြစ်ပေါ်လာကြပါမှုလည်းကောင်း ထို အာသန္နကံတို့က အပါယ်ဘုံ၌ အကျိုးပေးခွင့်ရရန် စီမံပြုလုပ်သဖြင့် ထိုထိုအပါယ်ဘုံတို့၌ ပဋိသန္ဓေကစ၍ ဇာတိဘဝလုံးတို့၌ ဆင်းရဲဒုက္ခ အဝဝတို့ကို ခံစားရသည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြလေကုန်၏။ ဤသည်တို့ကား ရှေးက ပြခဲ့သော ကုသိုလ်ဂရုကံ, အကုသိုလ်ဂရုကံတို့ မရှိကြသူတို့မှာ သေခြင်းအနီးတို့၌ ရုတ်တရက် အသစ်ဖြစ်ပေါ်လာသည့် ကုသိုလ်, အကုသိုလ် အာသန္နကံ၊ သို့မဟုတ် သေခါနီးအခါတို့မှာ သူတပါးက ပြောကြားလို့ဖြစ်စေ၊ မိမိတို့ အလိုလိုဖြစ်စေ၊ ရှေးကပြုခဲ့ဘူးသော ကုသိုလ်, အကုသိုလ်များကို ဘွားကနဲ သတိရလာသော အာသန္နကံတို့က သေသည့်အခြားမဲ့တို့မှာ အကျိုးပေးခွင့် ရလာချက် နည်းအမြွက်တို့ပေတည်း။

---

၃၀–အာစိဏ္ဏကံ, ကဋတ္တာကံတို့နှင့် အကျိုးပေးရာကာလ
လေးစားဖြစ်ပုံကို ဖော်ပြချက်

**တနည်း—**ဤ ရှေးက ပြခဲ့သည့်အတိုင်း ဂရုကံ, အာသန္နကံတို့ မရှိကြပါမူ ရှေးအဖို့က လေ့လာပွားများ ထာဝရအားထုတ်ထားသော ဒါန, သီလ, ဘာဝနာ အစဖြာသော ပုညကြိယာမှု အာစိဏ္ဏကံ ကုသိုလ်တို့ကြောင့် လူ့ဌာန်နတ်ရွာတို့မှာ ပဋိသန္ဓေကစ၍ တဘဝလုံးတို့၌ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခတို့ကို ခံစံရသည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြလေကုန်၏။

ဤကဲ့သို့ ကုသိုလ်တရား လေ့လာခြင်းဖြစ်ပွားအောင် ကြံဆောင်ပြုလုပ်ထားသူတို့ကား ရှားပါးလှတတ်၏။ အကုသိုလ်ဘက်ကမူကား မိမိတို့ အလေ့အလာ အထုံပါပြီး အသီးအသီး သားမယားခြွေရံ သင်းပင်းနှင့် အခါခပ်သိမ်း လေ့လာပျော်ပါးခြင်း အာစိဏ္ဏကံ၊ အစားအသောက် အမော်အကြွား စသည်များနှင့် လေ့လာပျော်ပါးခြင်း အာစိဏ္ဏကံ၊ အိမ်သူအိမ်သား သူတပါးနှင့် အားထုတ်သမျှ အဝဝတို့အပေါ်မှာ သည်းခံခြင်းနည်းပါး၍ မကြာမကြာ ဒေါမနဿတရား ဖြစ်ပွားလေ့ရှိသော အာစိဏ္ဏကံ၊ မကောင်းသော ဒုစရိုက် အမိုက်အမှားတို့နှင့် ရောင်းဝယ်ဖောက်ကား ကြီးပွားတိုးတက်အောင် ကြံဆောင်လေ့လာခြင်း အာစိဏ္ဏကံ အတန်တန်တို့ကြောင့် အပါယ်လေးရွာ ဘုံတကာတို့မှာ ပဋိသန္ဓေကစ၍ တဘဝလုံးတို့၌ အနိဋ္ဌရုပ် ဒုက္ခဝေဒနာ ဆင်းရဲ

မှု အပြာပြာတို့ကို ခံစံရသည့် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြလေကုန်၏။

တနည်း—ဤရှေးက ပြုခဲ့ပြီးသော ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ တရားသုံးပါးတို့ မရှိကြပါမူ အတိတ်သံသရာ ဘဝဘဝါ ကမ္မာ့ကမ္မာတို့က အမြဲ ထာဝရ ဖြစ်ပေါ် လိုက်နေကြသော ကုသိုလ်,အကုသိုလ် အလယ်စေ ငါးချက်များ ကဋတ္တာကံတရားတို့ကြောင့် သုဂတိ, ဒုဂ္ဂတိဘုံဌာနတို့မှာ ပဋိသန္ဓေကစ၍ တဘဝလုံးတို့၌ သုခ, ဒုက္ခ ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်များ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားကြလေကုန်၏။ ဤသို့ အားရှိ, မရှိသောကံ အစားစားတို့ အကျိုးပေးပုံ လေးပါးကို သိစေလို၍—

(၁) ကံတပါးကို၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။

(၂) သေဆုံးလုမှု၊ ပြုသော်လည်းကောင်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။

(၃) နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲအာစိဏ္ဏ။

(၄) သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာကဋတ္တ—

ဟု ဆောင်ပုဒ်၌ နာနာက္ခဏိကကံ အကျိုးပေးပုံများ သိကြားနားလည်လွယ် အောင် ရေးသွင်းလိုက်ပါသတည်း။

တနည်း—ထိုနာနာက္ခဏိက ကမ္မစေတနာတို့ အကျိုးပေးပုံကာလတို့ကား မိမိတို့ ဖြစ်ဆဲဘဝတို့မှာ ဘယ်သတ္တဝါမဆို ကာမကုသိုလ်, အကုသိုလ် ကြီးငယ်များကို ဖြစ်ပွားပြုလုပ်နေကြသည်တို့၌ များသောအားဖြင့် ဇောခုနစ်ကြိမ် ခုနစ်ကြိမ်စီတို့ ဖြစ်ပွားတတ်ကြကုန်၏။ ထိုသို့ ဖြစ်ပွားကြသော ဇောတို့တွင် ပဌမဇောတို့က ယခုဘဝတွင် ကောင်းကျိုး, မကောင်းကျိုးများ နာနာက္ခဏိက ငါပဋ္ဌာန်းတရားတို့ကိုဖြစ်ပွားစေကြကုန်၏။ဤစကားကို အနည်းငယ်ချဲ့၍ဆိုဦးအံ့၊ မျက်မြင်ဒိဋ္ဌ ဤလောက၌ ဒါနမှု အကြီးအကျယ် စသည်တို့ကို ပြု၍ ဤ ဘဝတွင် ပေါ်လွင်ထင်ရှားခြင်း၊ လူအများ ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးခြင်း၊ မိမိတို့ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ခြင်း စသော အကျိုးထူး အစားစား ပဌမဇော စေတနာ နာနာက္ခဏိက ငါပဋ္ဌာန်းအကျိုးတရားတို့ ဖြစ်ပွားရကုန်၏။ သီလကိုအထူးစောင့်ရှောက်သူ၊ ဘာဝနာကို အထူးပွားများသူတို့လည်း ပေါ် လွင်ထင်ရှားခြင်း ဂုဏ်သတင်းမှစ၍ လာဘ်သပ်ပကာ ပေါ်များခြင်း၊ အလေးတမူ အရေးယူရန် အကြည်အညို အရှိအသေခံရခြင်းစသော ကောင်း ကျိုးသုခတရား အစားစား ပဌမဇောစေတနာ နာနာက္ခဏိက ငါပဋ္ဌာန်းအကျိုး တရားတို့ ဖြစ်ပွားကြကုန်၏။

အကုသိုလ်ဘက်ကလည်း ဒုစရိုက် အမိုက်အမှားတို့ကို ပြုကြသောသူတို့မှာ ဤဘဝတွင်ပင် တပါးသူတို့က ယုံကြည်လေးစား ဂရုထားဖွယ်မဟုတ်၊ သေး နုပ်ပြိန်ဖျင်း ဂုဏ်သတင်း ဆုတ်ယုတ်ခြင်းနှင့် တပါးသူက ပြန်လှန်ချေပ နှိပ်စက်ခံရခြင်း၊ ဒုက္ခအမျိုးမျိုး မင်းမှုမင်းဒဏ် ရန်အမျိုးမျိုးတို့နှင့် တွေ့ကြုံ ရခြင်း၊ ကပ်ဥပဒ် အရပ်ရပ်တို့နှင့် တွေ့ကြုံကြရရုံမက မကောင်းမှုကံက ကြီးကျယ် လှပါမူ ၎င်းအကုသိုလ်ပဋ္ဌမဇောက မြေမျိုခြင်း, ကားစင်တင်ခြင်း, ကြိုးမိန့်ခံ ရခြင်း စသော အပြစ်တို့ကို ခံရအောင် ဘေးဒုက္ခအစားစား နာနာကဏ္ဍကြိက ငါပဋ္ဌာန်းအကျိုးတရားတို့ ဖြစ်ပွားကြကုန်၏။ ဤသို့ ယခုဘဝတွင် ကောင်း မြတ်သော အချက်ကြောင့် ကောင်းကျိုးချမ်းသာများ ခံစားရမှု, မိုက်မှား သော အချက်ကြောင့် မကောင်းကျိုး ဆင်းရဲများ အစားစားတို့ကို ခံစားကြ ရမှု သုခ ဒုက္ခစုသည် ဤဘဝတွင်မှ ပြုလုပ်ကြသော ပဋ္ဌမဇောစေတနာတို့က ချည်း နာနာကဏ္ဍကြိကကမ္မပစ္စည်း ဒိဋ္ဌဓမ္မဝေဒနီယကံတို့ချည်းတည်းဟု သိကြ ပါလေ။ အကယ်၍ ဖြစ်တိုင်းသော ပဋ္ဌမဇောတို့က ဤဘဝတွင် ကောင်းကျိုး မကောင်းကျိုးပေးခွင့် မရကြပါမူ အဟောသိကံ ဖြစ်ကုန်၏ဟု မှတ်ယူကြ ပါလေ။

တနည်း။ ။ထိုဇောခုနစ်ကြိမ်တို့တွင် နောက်ဆုံး သတ္တမဇောစေတနာသည် အခြားမဲ့ကာလ ဒုတိယဘဝတို့မှာ အကျိုးပေးခွင့် ကာလကို ရနိုင်ကြကုန်၍ ထိုထို သုဂတိ, ဒုဂ္ဂတိဘဝတို့မှာ ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ကဋတ္တာရုပ်များကို လည်းကောင်း၊ သတ္တမဇော စေတနာက ဥပပဇ္ဇဝေဒနီယ နာနာကဏ္ဍကြိက ငါပဋ္ဌာန်း တရားတို့ ဖြစ်ပွားနိုင်ကြကုန်၏။ မဟဂ္ဂုတ်ကံတို့မှာကား သတ္တမ ဇောမဟုတ်ပဲ အားရှိသောကံတခုခုကသာ ဒုတိယဘဝတို့မှာ ဥပပဇ္ဇဝေဒနီယ နာနာကဏ္ဍကြိက ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားနိုင်ကြကုန်၏။ အကယ်၍ သတ္တမဇော စေတနာ တခုခုကလည်းကောင်း၊ ထိုမဟဂ္ဂုတ်စေတနာ တခုခုကလည်း ကောင်း ဒုတိယဘဝတို့မှာ ဝိပါက် ပဋိသန္ဓေနာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဥပပဇ္ဇဝေဒနီယ အဖြစ်နှင့် အကျိုးပေးကြပါမူ ထိုမှ ကြွင်းသည့် တဘဝလုံးဖြစ် သမျှ ကုသိုလ်,အကုသိုလ် သတ္တမဇောနှင့် ယှဉ်လာပွားများ ဝင်စားသမျှသော မဟဂ္ဂုတ်ဈာန်ဇော စေတနာ အကုန်လုံးတို့သည် ပဋိသန္ဓေဝိပါက်အကျိုးကို မပေးနိုင်ပဲ အဟောသိကံချည်း ဖြစ်ကြကုန်၏ဟု သိကြပါလေ။

တနည်း။ ။ထိုထိုသတ္တဝါများ အစားစားတို့ တဘဝလုံး တကမ္ဘာလုံး တသံသရာလုံးတို့မှာ ဇောခုနစ်ကြိမ်စီနှင့် ဖြစ်ပွားလာကြသော ကုသိုလ်, အကုသိုလ်ဇောတို့တွင် အလယ်ဇောငါးချက်စေတနာ အပရာပရိယာယကံအဖြာဖြာ တို့က သေပြီးသည်နောက် တတိယဘဝရောက်သည်ကစ၍ နိဗ္ဗာန်စံဝင်သည် တိုင်အောင် ဘဝကိုင်း ကာလကိုင်းတို့မှာ ဇောတခုတခုက ပဋိသန္ဓေတကြိမ်ကျ

တကြိမ်ကျ၊ ပဝတ္တိအခါတို့မှာကား ဘဝများစွာ ကာလများစွာ ကောင်းကျိုး, မကောင်းကျိုးများ ဝိပါက်ပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ် အစားစား အပရာပရိယအကျိုးတရား နာနာက္ခဏိကအကျိုးများ ဖြစ်ပွားစေနိုင်ကြကုန်၏။ အကယ်၍ ထိုကုသိုလ်ကံရှင်တို့က နိဗ္ဗာန်စံဝင်ကြပါမူ အကြွင်းရှိသမျှသော အကျိုးကိုမပေး၊ အကြွင်းရှိသမျှသော ကုသိုလ်ကံ, အကုသိုလ်ကံ အတန်တန်တို့သည် အကုန်လုံး အဟောသိကံတို့ချည်း ဖြစ်ကြလေကုန်၏ဟု သိကြပါလေ။ နောက်အဟောသိကံအရကား ရှေးဖြစ်ပြီးသော ဒိဋ္ဌဓမ္မအကျိုး မပေးရသော ပဌမဇောစု၊ ဥပပဇ္ဇဝေဒနိယ အကျိုးမပေးရသော သတ္တမဇောစုနှင့် ဈာန်ဇောစု၊ အပရာပရိယ အကျိုးမပေးရသော အလယ်ဇောစုတို့သည် ကံဖြစ်ကာမျှသာ အကျိုးကို မပေးရပါသောကြောင့် အဟောသိကံတို့ချည်း ဖြစ်ကုန်၏ဟု သိကြပါလေ။ ဤသို့လျှင် ကံ အစားစား တို့၏ အကျိုးပေးရာကာလ မပေးကြသည်ကို သိစေလို၍—

(၁) ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇ၊ အပရာပရိ၊ အဟောသိ၊ ရှိသည့်ကံလေးဖြာ။

(၂) မျက်မှောက်ဘဝ၊ တကျိုးရ၊ ဒိဋ္ဌဦးဇောသာ။

(၃) ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပဇောဆုံးသာ။

(၄) ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇောငါးဖြာ။

(၅) ကံအဟောသိ၊ ကျိုးမရှိ၊ ကြိစေတနာ—

ဟု ဆောင်ပုဒ်၌ နာနာက္ခဏိကကံ အကျိုးပေးပုံများ သိကြားနားလည်အောင် ရေးသွင်းလိုက်ပါသတည်း။

---

## ၃၁—အတိတ်ကံ, ပစ္စုပ္ပန်ကံတို့နှင့်စပ်၍ အကျိုးပေးပုံ ဝိပဿနာရှုရပုံတို့ကို ဖော်ပြချက်

ထိုကံတို့၏ မျက်မှောက်ဘဝတို့မှာ အကျိုးပေးကြပုံကို အနည်းငယ်ခွဲ၍ ဆိုဦးအံ့။ ဤလောက၌ ဆင်းရဲ, ချမ်းသာနှစ်ပါး ထင်ရှားရှိကြသည်၌ ရှေးကံကောင်းလို့သာ ဤဘဝမှာချမ်းသာသည်၊ ရှေးကံညံ့လို့သာ ဤဘဝမှာဆင်းရဲသည်ဟု ရှေးကံတခုတည်းကိုသာ စွဲယူထင်မှတ်လျက် ရှိကြကုန်၏။ ထိုသို့ကား မဟုတ်၊ ရှေးအတိတ်ဘဝကံ အမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ ကိုယ်ဖြင့် စေ့ဆော်ကြောင့်ကြ ပြုလုပ်ကြမှု ကာယကံစု, နှုတ်ဖြင့် စေ့ဆော်ကြောင့်ကြ ပြောဆိုကြမှု ဝစီကံစု, စိတ်ဖြင့် စေ့ဆော်ကြောင့်ကြ ကြံဖန်ကြမှု မနောကံစု အမျိုးမျိုးတို့ကြောင့်လည်းကောင်း ကောင်းကျိုး

မကောင်းကျိုး အမျိုးမျိုးတို့ ဖြစ်ကြကုန်၏။ ဤအကျိုးပေးပုံကို ကျမ်းဂန်၌ လာသည်ကား ပဋိသန္ဓေကမ္မဇရုပ်ကိုဖြစ်စေတတ်သောဇနကကံတမျိုး၊ ၎င်းဇနကကံကို ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကကံတမျိုး၊ ၎င်းဇနကကံအကျိုးကိုကပ်၍ ဖျက်ဆီးနှိပ်စက်တတ်သော ဥပပီဠကကံတမျိုး၊ ၎င်းဇနကကံအကျိုးကို အဆုံးအပြတ် ကပ်၍သတ်တတ်သော ဥပဃာတကကံတမျိုးအားဖြင့် လေးမျိုးလေးစား အပြားရှိသည်တွင် အတိတ်ဇနကကံကလည်း အားကြီးသော မဟန္တဇနကကံကြောင့် မိမိတို့၏ မြို့ရွာ ဒေသတို့၌ ပဌမတန်းစားဖြစ်သော သဌေးသူကြွယ်, အစိုးရ, လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ ဖြစ်ကြကုန်၏။ တနည်း— အတိတ်ဖြစ်သော မဇ္ဈိမဇနကကံကြောင့် မိမိတို့၏ မြို့ရွာဒေသတို့၌ ဒုတိယတန်းစားဖြစ်သော လူ, နတ်, ဗြဟ္မာတို့ ဖြစ်ကြကုန်၏။ တနည်း—အတိတ်ဖြစ်သော အပ္ပကဇနကကံကြောင့် မိမိတို့ မြို့ရွာဒေသတို့၌ ယုတ်ညံ့သော တတိယတန်းစား လူ, နတ်, ဗြဟ္မာတို့ ဖြစ်ကြကုန်၏ဟု အယုတ်, အညံ့ ဇနကကံ သုံးစားတို့ အကျိုးပေးပုံကို ယုံကြည်သိရှိအပ်၏။

ထိုမှတပါး ပစ္စုပ္ပန်ဥပတ္ထမ္ဘကကံစု၏ ထောက်ပံ့သောအားဖြင့် အကျိုးပေးပုံကို အတိတ်ကံ သုံးစားတို့ကြောင့် ဤလူ့ဘုံမှာ ရှေးကပြခဲ့တိုင်း ပဌမတန်းစား, ဒုတိယတန်းစား, တတိယတန်းစား သုံးပါးတို့၌ ယခုဘဝတို့မှာ တနေ့တခြား ကြီးပွားသော အဖို့၌ တည်သော လောကီ, လောကုတ္တရာ ကြီးပွားရာ အမှုတို့ကို ကိုယ်ဖြင့် ပြုပြုသမျှသော ကာယကံစု, နှုတ်ဖြင့် ပြောပြောသမျှသော ဝစီကံစု, စိတ်ဖြင့် ကြံကြံသမျှသော မနောကံစု တည်းဟူသော ဝုဍ္ဍိ-ဘာဂိယကမ္မ ဥပတ္ထမ္ဘက ရှိသူတို့မှာ ရရှိရင်း စည်းစိမ်ချမ်းသာ အကြီးစား, အလတ်စား, အညံ့စားတို့သည် တနေ့တခြား အတိုင်းထက်အလွန် ကြီးပွားတိုးတက်၍ ဖြစ်ပေါ်လာခြင်းတို့ကား ထိုအတိတ်ဇနကကံတို့ကို ဤပစ္စုပ္ပန်အတိတ်ဥပတ္ထမ္ဘကကံတို့က ကူညီထောက်ပံ့ကြမှု ကျေးဇူးပြုချက်ကြောင့် ကြီးပွားကြကုန်၏ဟု အတိတ် ပစ္စုပ္ပန် ကံနှစ်ကံစပ်ဟပ်၍ အကျိုးပေးအပ်သည်ကို သိရှိအပ်၏။

တနည်း။ ။အတိတ်ကံ သုံးစားတို့ကြောင့် ဤလူ့ဘုံတို့မှာ ရှေးကပြခဲ့တိုင်း ပဌမတန်းစား, ဒုတိယတန်းစား, တတိယတန်းစား သုံးပါးတို့ ဖြစ်ပေါ်တည်ရှိကြသည်၌ ယခုဘဝမှာ မတိုးမပျက် အလယ်ချက်အဖို့၌တည်သော လောကီ, လောကုတ္တရာ အလတ်ဖြစ်ရာ အမှုတို့ကို ကိုယ်ဖြင့် ပြုပြုသမျှသော ကာယကံစု၊ နှုတ်ဖြင့် ပြောပြောသမျှသော ဝစီကံစု၊ စိတ်ဖြင့် ကြံကြံသမျှသော မနောကံစု တည်းဟူသော ဌိတိဘာဂိယကမ္မ ဥပတ္ထမ္ဘက ရရှိသူတို့၌ ရရှိရင်း စည်းစိမ်ချမ်းသာ အကြီးစား, အလတ်စား, အညံ့စားတို့သည် မတိုးမပျက် ရရှိရင်းသက်သက်၌သာ တည်တံ့စွာဖြစ်နေကြခြင်းတို့ကား ထိုအတိတ်ဇနကကံကို

ပစ္စုပ္ပန်, အတိတ်ဥပတ္ထမ္ဘကကံတို့က ကူညီထောက်ပံ့ကြမှု ကျေးဇူးပြုချက်ကြောင့် ရှေးအတိုင်းသာ တည်ရှိကြကုန်၏ဟု သိရှိအပ်၏။

တနည်း။ ။အတိတ်ကံသုံးစားတို့ကြောင့် ဤလူ့ဘုံတို့မှာ ရှေးကပြခဲ့တိုင်း ပဌမတန်းစား, ဒုတိယတန်းစား, တတိယတန်းစား သုံးပါးတို့ ဖြစ်ပေါ်တည်ရှိကြသည်၌ ယခုဘဝမှာ ဆုတ်ယုတ်လျော့ပါး ဖောက်ပြန်ချွတ်ယွင်းသော အဖို့၌ တည်ရှိသော လောကီ, လောကုတ္တရာ အရာရာတို့၌ ယုတ်ညံ့သော အမှုတို့ကို ကိုယ်ဖြင့် ပြုပြုသမျှသော ကာယကံစု၊ နှုတ်ဖြင့် ပြောပြောသမျှသော ဝစီကံစု၊ စိတ်ဖြင့် ကြံကြံသမျှသော မနောကံစုတည်း ဟူသော အားနည်းသော ဟာနဘာဂိယကမ္မ ဥပတ္ထမ္ဘက ရရှိသူတို့၌ ရရှိရင်းစည်းစိမ်ချမ်းသာ အကြီးစား, အလတ်စား, အညံ့စားတို့သည် တနေ့တခြား ဆုတ်ယုတ်လျော့ပါး ပျက်ပြားခြင်းသို့ ရောက်ကြရခြင်းတို့ကား ထိုအတိတ်ဇနကကံတို့ကို ဤယုတ်ညံ့သော ပစ္စုပ္ပန် အတိတ် ဥပတ္ထမ္ဘကကံတို့က ကူညီထောက်ပံ့ကြမှု ကျေးဇူးပြုချက်ကြောင့် ဆုတ်ယုတ်လျော့ပါး ပျက်ပြားရှိသာ ဖြစ်ကြကုန်၏ဟု သိအပ်၏။

ဤပဋ္ဌာန်းပစ္စည်းများကို ကြားသိရသဖြင့် အတိတ်က အကြောင်းမရှိပဲ ဤလောကကြီးမှာ လူသုံးမျိုးသုံးစား ခြားနားခြင်း မရှိရာ၊ အကယ်၍ တစုံတယောက်သောသူက မေတ္တာခဲ့ထား၍ ဖန်ဆင်းလို့ ဖြစ်ကြသည်ဟု ယူဆကြပါမူ ပဌမတန်းစားချည်း ဖြစ်ကြကုန်ရာ၏။ မုန်းလို့ဖန်ဆင်းပါမူလည်း အယုတ်အညံ့ချည်း ဖြစ်ကြကုန်ရာ၏။ ဤသို့ တစားတည်း မဖြစ်ပဲ အကြောင်းသုံးစားတို့ကြောင့်သာ အကျိုးသုံးစားတို့ ဖြစ်ကြကုန်ရာ၏ဟု အတိတ်ကံ အကြောင်းသုံးစားတို့ကြောင့် အနုမာနဉာဏ် တွေးဆ၍ပင် သိကြရသည့်အပြင် ရှေးကပြခဲ့တိုင်း ယခုပစ္စုပ္ပန် ကာယကံ, ဝစီကံ, မနောကံသုံးစားတို့ ကူညီချက်အရကြောင့်လည်း တိုးပွားချက်, တည်တံ့ချက်, ဆုတ်ယုတ်ချက် သုံးစားတို့မှာ ပစ္စုပ္ပန်ကံကြောင့်သာ ဖြစ်ကြကုန်ရာ၏ဟု သိစေခြင်းအကျိုးငှာ "သဗ္ဗေ သတ္တာ ကမ္မဿကာ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါရှိရှိသမျှတို့သည်။ ကမ္မဿကာ၊ အတိတ်ကံသုံးစား ပစ္စုပ္ပန်ကံ သုံးစားတို့ကြောင့်သာ အကျိုးတရား အစားစားတို့ ဖြစ်ကြကုန်ရာ၏"ဟု ဘုရားရှင်ဟောတိုင်း ယုံကြည်အားထားစွာ သိရှိကြကုန်ရာ၏။

ထိုမှတပါး အတိတ်, ပစ္စုပ္ပန် ကုသိုလ်ကံသုံးစားကြောင့် ဖြစ်ပွားတည်ရှိနေကြသော ကိုယ်ခန္ဓာနှင့် စည်းစိမ်ချမ်းသာ ရှိကြသူတို့ကို ရှိသည့်အတိုင်း တည်တံ့စွာ မနေနိုင်ကြအောင် အတိတ်ဘဝက မကောင်းမှုကံနှင့် ယခုဘဝတွင် မစဉ်းစား မဆင်ခြင်ပဲ ဖောက်လွဲဖောက်ပြန်ပြုမှုကြခြင်း, မကောင်းမှုကံစုက ထိုဇနကကံတို့ကို ကပ်၍ နှိပ်စက်ကြပုန်သောကြောင့် ကိုယ်၏ မကျန်းမာခြင်း, စိတ်၏မချမ်းသာခြင်း, စည်းစိမ်ဥစ္စာခြွေရံသင်းပင်းတို့ ပျက်စီးခြင်းတို့ ဖြစ်ကြကုန်ရာ၏ဟု ကပ်၍

နှိပ်စက်တတ်သော ဥပပီဠကကံ၏ အကျိုးပေးချက်တို့ကို သိရှိအပ်၏။ ထိုမှတပါး ဤအတိတ်ကုသိုလ်ကံ သုံးစား, ပစ္စုပ္ပန်သုံးစားတို့ကြောင့် ဖြစ်ပွားတည်ရှိနေကြသော ကိုယ်ခန္ဓာနှင့် စည်းစိမ်ချမ်းသာရှိကြသူတို့ကို ချွတ်ချော်တိမ်းပါးအောင် ဥပပီဠကအကုသိုလ်ကံ နှိပ်စက်ရုံမျှနှင့် မဘင်းတိမ်ကြပဲ၊အကုန်လုံး သေဆုံးပျက်ပြားအောင် ဖြတ်ကြချက် ဥပဃာတကကံ၏ အကျိုးပေးချက်တို့ကို သိရှိအပ်၏။ ဤသည်ကား မည်သည့်ဘာသာမဆို တွေးဆ၍ သိထိုက်လှသော အတိတ်က နာနာက္ခဏိကကမ္မပစ္စည်း၊ ယခုဘဝမှ ပြုကြရသည့် နာနာက္ခဏိကကမ္မပစ္စည်းတို့ ရှာစကား ငါတရားအရကို အနည်းငယ် အကျဉ်းမျှပြချက်ပေတည်း။ ထိုထိုပါဠိ, အဋ္ဌကထာ ဋီကာတို့မှာကား ကံ၏အရကို များစွာချဲ့ထွင်၍ ဟောကြားရေးသားကြကုန်၏ဟု သိကြပါလေ။ ဤရှေးကပြခဲ့သော ရှာစကား ငါတရားတို့ကို စာစကားနှင့် သိလိုကြပါမူ "ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" ဟု စာပဋ္ဌာန်းအရနှင့် သိကြပါလေ။

ဤနာနာက္ခဏိကကမ္မပစ္စည်းအရ အဝဝတို့ကို ဝိပဿနာရှုလိုသောယောဂီပုဂ္ဂိုလ်တို့သည်ကား များစွာခက်ခဲဖို့ မရှိကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် ရှေးကပြခဲ့ပြီးသော မြင်သိလုံးပျက်, ကြားသိလုံးပျက်, နံသိလုံးပျက်,စားသိလုံးပျက်, တွေ့သိလုံးပျက်တို့သည်ပင်လျှင် နာနာက္ခဏိကကမ္မပစ္စည်း အကျိုးတရားပျက်ဖို့ချည်း ဖြစ်ကြကုန်သောကြောင့် လည်းကောင်း၊ပဋိသန္ဓေခဏနှင့်တကွအိပ်ပျော်ခြင်း, မေ့မြောခြင်းစသည်တို့ ဖြစ်ပေါ်ကြပြီး အသိးသိးတို့ မရှိပျက်ပျောက်အနိစ္စရောက်သည် တို့ပင်လျှင် နာနာက္ခဏိကကမ္မပစ္စည်း အကျိုးတရားပျက်ဖို့ချည်းဖြစ်ကြသောကြောင့်လည်းကောင်း၊ထိုရှေးကဖြစ်သော မြင်သိပျက်စသည်ကိုပင် ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ" ဟု ရှုကြပါမူ နာနာက္ခဏိကကမ္မပစ္စည်းများ ငါပဋ္ဌာန်းတရားကို ဝိပဿနာရှုပြီးသား ဖြစ်လေ၏။ ဤသို့ဖြစ်ချက်ကို သိစေလို၍ "အကျိုးဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ"ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားတို့ကို လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။ ဤ၂စ္စည်းကား ကမ္မပစ္စည်းမျိုးချည်းပေတည်း။ ဤနာနာက္ခဏိကပစ္စည်းမျိုး၌ ပကတူပနိဿယပစ္စည်းတစိတ်သာ ရအပ်ပါသတည်း။

ကမ္မပစ္စည်း အကျဉ်းမျှပြချက် ပြီး၏။

## ၃၂–ဝိပါကပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

ကမ္မပစ္စည်း၏ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိပါက ပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုဝိပါကပစ္စည်း၌လည်း စာပဋ္ဌာန်း, ရွှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်း အရကို ပြဆိုရပါမူ–

ဝိပါကပစ္စယောတိ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော —

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ရွှာပဋ္ဌာန်းအရနှင့် ပြဆို ရပါမူ—

ဝိပါကပစ္စယောတိ၊ ဝိပါက ပစ္စည်းဟူသည်ကား။ ဝိပါကာ၊ အကျိုးဝိပါက် ဖြစ်ကြကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန် သော။ ခန္ဓာ၊ ပဝတ္တိ,ပဋိသန္ဓေခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ ဝိပါကပစ္စ- ယေန၊ အကျိုးဖလ ဝိပါကသတ္တိဖြင့်။ ပစ္စယော ဉပကာရကော၊ အကျိုးဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) ပဋိသန္ဓိ၊ ပဝတ္တိနှင့်၊ ရှိရှိသမျှ၊ ဝိပါက၊ ပြုကြချင်းချင်းသာ။

(၂) သာဝသေသ၊ ဟောထုတ်ပြ၊ ရ၏ရုပ်တို့ပါ။

(၃) မြင်, ကြား, နံ, လျက်၊ တွေ့သိချက်၊ ဝိပါက်အကုန်သာ။

(၄) ထိုဝိပါက်များ၊ ချုပ်ပျက်ပြား၊ ရှုစားဝိပဿနာ။

### တနည်းဆောင်ပုဒ်

ရှိရှိသမျှ ဝိပါက်နာမက္ခန္ဓာ ချင်းချင်းနှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု ရွှာပဋ္ဌာန်း အရကို ပြဆိုအပ်ပါသတည်း။

ရင်းရွှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ပဉ္စဝေါကာရသတ္တဝါ, စတုဝေါကာရ သတ္တဝါမှန်သမျှတို့သည် နာမ်ဝိပါက် ပဋိသန္ဓေ, ဘဝင်, စုတိတို့၌ လည်းကောင်း၊ ပဉ္စဝိညာဏ်နှင့် တဒါရုံကျသော ဝီထိ, ဖိုလ်ဇောကျသောဝီထိတို့၌ လည်းကောင်း ဝိပါက်အဗျာကတခန္ဓာတို့ ဖြစ်ကြကုန်၏။ ထိုကာမ,ရူပ,အရူပဖိုလ် ဝိပါက်ခန္ဓာတို့အချင်းချင်း ဝိပါကသတ္တိများ ငါပဋ္ဌာန်းတရားဖြင့် ကျေးဇူးပြုကြ

ကုန်၏။ ကျေးဇူးပြုကြကုန်သည့် အဖြစ်ကို သိစေလို၍“ဝိပါကပစ္စယောတိ ဝိပါ-ကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော”ဟု ဘုရားဟောတော်မူသည်ကိုအကျဉ်းချုပ်နှင့် သိစေလိုပြန်သောကြောင့် “ပဋိသန္ဓိပဝတ္တိနှင့်၊ ရှိရှိသမျှ၊ ဝိပါက၊ ပြုကြချင်းချင်းသာ”ဟု ဆောင်ပုဒ်၌ ရေးထုတ်အပ်ပါသတည်း။

ဤသို့ ဘုရားဟောတော်မူခြင်းသည် မကျဉ်းမကျယ် အလယ်အလတ် ဟောတော်မူသောကြောင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ကို ထည့်သွင်း၍ မဟောပဲ အကြွင်းထား၍ ဟောကြားတော်မူအပ်သည်ကိုသိစေလို၍ ဋ္ဌာန်းအဋ္ဌကထာ၌ “သာဝသေသဒေသနာကတာ။ သာဝသေသဒေသနာ၊ အကြွင်းထား၍ ဟောကြားတော်မူခြင်းကို။ကတာ၊ပြုအပ်၏”ဟု ဟောကြားတော်မူတိုင်းသိပါလေ။စင်စစ်မူကား ရုပ်ကိုဖြစ်စေနိုင်သော ဝိပါက်နာမက္ခန္ဓာတို့က မိမိတို့အချင်းချင်းအားလည်းကောင်း၊ စိတ္တဇရုပ်အားလည်းကောင်း ပဋိသန္ဓေအခါဖြစ်မူ ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း ဝိပါကသတ္တိများ ငါပဋ္ဌာန်းပစ္စည်းတရားဖြင့်ကျေးဇူးပြုကြသည်ကို သိစေလို၍ “သာဝသေသ၊ ဟောထုတ်ပြ၊ ရုဇ္ဇရုပ်တို့ပါ”ဟု ဆောင်ပုဒ်၌ ရေးထုတ်အပ်ပါသတည်း။

ဤစကားကို သူငါများတို့ ထင်ရှားသိလွယ်အောင် ပြဆိုရမူ သတ္တဝါတွေနေ့ရှိသမျှ ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် သံသရာအဆက်ဆက်တို့မှာ မြင်သိလုံးတွေဟူသမျှတို့ ဝိပါကပစ္စည်းများ ငါပဋ္ဌာန်းတရားတို့ချည်း ဖြစ်နေကြကုန်၏။ ထိုအတူ ကြားသိလုံးတွေ ဟူသမျှတို့၊ နံသိလုံးတွေ ဟူသမျှတို့၊ စားသိလုံးတွေဟူသမျှတို့၊ တွေ့သိလုံးတွေ ဟူသမျှတို့ ဝိပါကပစ္စည်းများ ငါပဋ္ဌာန်းတရားတို့ချည်း ဖြစ်ကြကုန်၏။ ထို့မှတပါး ၎င်းဝီထိတို့မှာ ပါကြသော သမ္ပဋိစ္ဆိုဏ်းဒွေး၊ သန္တီရဏ သုံးခု၊ တဒါရုံစုတို့သည်လည်းကောင်း၊ ပဥ္စဝေါ-ကာရ၊ စတုဝေါကာရ သတ္တဝါမှန်သမျှတို့သည် နာမ်ဝိပါက် ပဋိသန္ဓေ၊ အိပ်ပျော်နေခြင်း စသောအခါတို့မှာ ဖြစ်ကြသည့် ဘဝင်၊ စုတိတို့ ဖိုလ်ဇောတို့ အခါတိုင်းတို့မှာလည်း ဝိပါကပစ္စည်းများ ငါပဋ္ဌာန်းတရားနှင့်ချည်း ဖြစ်ကြကုန်၏။ ဤပဋ္ဌာန်းပစ္စည်းကိုလည်း ၎င်းပုဂ္ဂိုလ်တို့ လက်ဖျစ်တတွက် အတွင်းမှာ လွတ်ကင်းအောင် ရှောင်ကွင်းနိုင်ကြပါမူ ဆုငွေ (၁၀၀၀)မက ပေးကမ်းကြမည် ဆိုစေကာမူ ဆုယူလိုလျက် မရှောင်ကွင်းနိုင်သည့်အတွက် လက်မှိုင်ချလောက်အောင် ဝိပါကပစ္စည်းတရား ပေါ်များလှသည့်အဖြစ်ကို သိစေလို၍ “မြင်၊ ကြား၊ နံ၊ လျက်၊ တွေ့သိချက်၊ ဝိပါက်အကုန်သာ” ဟု ဆောင်ပုဒ်၌ ရေးထုတ်အပ်ပါသတည်း။

ဤဝိပါကပစ္စည်းကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည်ကား များစွာခက်ခဲဖို့ မရှိကြတော့ပေ။ အဘယ့်ကြောင့်ဆိုသော် ရှေးက ပြခဲ့ပြီးသော

မြင်သိလုံးပျက်, ကြားသိလုံးပျက်, နံသိလုံးပျက်, စားသိလုံးပျက်, တွေ့သိလုံးပျက်တို့သည်ပင်လျှင် ဝိပါက်ပစ္စည်းပျက်တို့ချည်း ဖြစ်ကြကုန်သောကြောင့် ပဋိသန္ဓေခဏနှင့်တကွ အိပ်ပျော်ခြင်း, မေ့မြောခြင်း စသည်တို့ ဖြစ်ပေါ်ကြပြီး အသိးသီးတို့ မရှိပျက်ပျောက် အနိစ္စရောက်ခြင်းတို့သည်ပင်လျှင် ဝိပါကပစ္စည်းပျက်တို့ချည်း ဖြစ်ကြသောကြောင့်လည်းကောင်း ထိုရှေးက ပြခဲ့ပြီးသော မြင်သိပျက်တို့ကိုပင် ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ" ဟု ရှုကြပါမူ ဝိပါကပစ္စည်းများ ငါပဋ္ဌာန်းတရားကို ဝိပဿနာရှုပြီးသား ဖြစ်လေ၏။ ဤသို့ ဖြစ်ချက်ကို သိစေလို၍ "ထိုဝိပါက်များ၊ ချုပ်ပျက်ကြွေး၊ ရှုစား ဝိပဿနာ" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားအရကို အလွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။ ဤဝိပါကပစ္စည်းကား သဟဇာတတ္ထမျိုးချည်းပေတည်း။

ဤသဟဇာတတ္ထမျိုး၌—

(၁) သဟဇာတ၊ (၂) အညမည၊ (၃) နိဿယ၊ (၄) သမ္ပယုတ္တ၊ (၅) ဝိပ္ပယုတ္တ၊ (၆) အတ္ထိ၊ (၇) အဝိဂတအားဖြင့် ခုနစ်ပစ္စည်းတို့သည် ထိုက်သင့်သည်အားလျော်စွာ မိမိ မိမိတို့ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဝိပါကပစ္စည်း အကျဉ်းမျှ ပြီး၏။

---

## ၃၃—အာဟာရပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

ဝိပါကပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အာဟာရပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုအာဟာရပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ—

> အာဟာရပစ္စယောတိ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော၊ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ပြဆိုရာ၏။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အာဟာရပစ္စယောတိ၊ အာဟာရပစ္စည်းဟူသည်ကား။ ကဗဠီကာရော၊ အလုပ်အလွေးကို မပြုတတ်သော်လည်း ပြုဟတ်သကဲ့သို့သော။ အာဟာရော၊ အာဟာရသည်။ ဣမဿ၊ ဤသို့သဘောရှိသော။ ကာယဿ၊ ရုပကာယအား။ အာဟာရပစ္စယေန၊ အိမ်ကျားပမာ မြဲမြံစေလှပါသော အာဟာရသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထောက်ပံ့ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော အာဟာရတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ အာဟာရပစ္စယေန၊ အိမ်ကျားပမာ မြဲမြံစေလှပါသော အာဟာရသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထောက်ပံ့ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) တွင်းပြင်သြဇာ၊ ပစ္စည်းသာ၊ လေးဖြာအဈွ၊ အကျိုးရ။

(၂) ဖဿ,စေတနာ၊ ဝိညာဏ်ပါ၊ သုံးဖြာဟာရ၊ ပစ္စည်းရ။

(၃) စိတ္တဇနှင့်၊ ကမ္မပဋိ၊ နာမ်ကုန်ညီ၊ ရ၏ကျိုးဖလ။

(၄) ဆာ, ဝနှစ်ဖြာ၊ အနိစ္စာ၊ တဖြာပျက်မှု၊ ဟဖြာရ။

(၅) သိလုံးပျက်ကြေ၊ နာမ်ဟာရေ၊ ရှုလေအနိစ္စ၊ ပွားများကြ။

တနည်းဆောင်ပုဒ်

(၁) အဇ္ဈတ္တဗဟိဒ္ဓသြဇာက ကလာပ်တူ, ကလာပ်ပြား ဇတုဇရုပ်တို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

(၂) ဖဿ, စေတနာ, ဝိညာဏ် နာမ်အာဟာရတို့က တကွဖြစ်သည့် စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရကို ပြဆိုအပ်ပါသတည်း။

ရင်းစာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ရုပ်အာဟာရကို ပြဆိုရပါမူ ကာမ တဆယ့်တဘုံတို့မှာ ပဋိသန္ဓေဖြစ်ပေါ်လာသော သတ္တဝါတိုင်းတို့၌ ကဗဠီကာရ အာဟာရဟုဆိုအပ်သော ဆွမ်းခဲဖွယ် ဘောဇဉ် စသည်တို့မှာပါသော ဗဟိဒ္ဓ သြဇာက အထောက်အပံ့ပစ္စည်းကို ရသည်မှစ၍ စုတိကျအောင် ရင်းဗဟိဒ္ဓ သြဇာနှင့်တကွ အဇ္ဈတ္တရှိ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ကလာပ်တိုင်း

တို့မှာ ပါသော ဩဇာရုပ်တို့က အာဟာရရုပ်သစ်များ ငါပဋ္ဌာန်းတရား၊ တို့ကိုလည်း ဖြစ်ပွားစေကြကုန်၏။ ကလာပ်တူ ကလာပ်ပြား အချင်းချင်းတို့အားလည်း ထောက်ပံ့သမှု ငါပဋ္ဌာန်းအဖြစ်ဖြင့် ကျေးဇူးပြုကြကုန်၏။ ဤကဗဠီကာရအာဟာရစသော ရုပ်အာဟာရပစ္စည်းသည် အလွန်အလွန် အရေးကြီးသော ပစ္စည်းဟုဆိုအပ်၏။ အဘယ်ကြောင့်ဆိုသော် သင့်တင့်လျောက်ပတ်သော ဆွမ်းခဲဖွယ်၊ ဘောဇဉ် စသော ဗဟိဒ္ဓဩဇာတို့ကို စားသုံးသောအခါ ထိုဗဟိဒ္ဓအာဟာရဇရုပ် ဘုတ်ကလာပ် အဆက်ဆက်တို့မှာပါသည့် ဩဇာက သတ္တဝါတို့အား ကျန်းမာသောဘက်သို့ များစွာတက်စေသောအား ငါပဋ္ဌာန်းတရားဖြင့် ကျေးဇူးပြုကြရုံမက ၎င်းသင့်တင့်သော ဗဟိဒ္ဓဩဇာ အထောက်အပံ့ကိုရကြသော အဇ္ဈတ္တစတုသမုဋ္ဌာနိက ရုပ်ဩဇာတို့ကလည်း မိမိနှင့်ကလာပ်တူ ကလာပ်ပြား ရုပ်တို့အားလည်း ကျန်းမာများအောင် ကျေးဇူးဆောင်သောအား ငါပဋ္ဌာန်းတရားတို့ကိုလည်း ဖြစ်စေကြကုန်၏။ များသော အာဟာရဇရုပ်သစ်များ ငါပဋ္ဌာန်းတရားတို့ကိုလည်း ဖြစ်ပွါးစေနိုင်ကြကုန်၏။

အကယ်၍ မသင့်တင့် မလျောက်ပတ်သော ဆွမ်း ခဲဖွယ်၊ ဘောဇဉ်စသော ဗဟိဒ္ဓဩဇာတို့ကို စားသုံးသောအခါ ထိုဗဟိဒ္ဓ အာဟာရဇရုပ် ဘုတ်ကလာပ် အဆက်ဆက်တို့မှာပါသည့် ဩဇာက သတ္တဝါတို့အား မကျန်းမာသောဘက်သို့ များစွာတိုးတက်သောအား ငါပဋ္ဌာန်းတရားဖြင့် ကျေးဇူးပြုကြရုံမက ၎င်းမသင့်တင့်သော ဩဇာအထောက်အပံ့ကို ရကြသော အဇ္ဈတ္တစတုသမုဋ္ဌာနိကရုပ်ဩဇာတို့ကလည်း မိမိနှင့်ကလာပ်တူ ကလာပ်ပြား ရုပ်တို့အားလည်း မကျန်းမာ မများအောင် ကျေးဇူးဆောင်သောအား ငါပဋ္ဌာန်းတရားကိုလည်း ဖြစ်စေကြကုန်၏။ အကယ်၍ မသင့်တင့်မလျောက်ပတ်သော ဆွမ်း၊ ခဲဖွယ် ဘောဇဉ်စသော ဗဟိဒ္ဓဩဇာတို့ကို စားသုံးသောအခါ ဗဟိဒ္ဓအာဟာရဇရုပ် ဘုတ်ကလာပ် အဆက်ဆက်တို့မှာပါသည့် ဩဇာက သတ္တဝါတို့အား မကျန်းမာသောဘက်သို့ များစွာတိုးတက်စေသောအား ငါပဋ္ဌာန်းတရားဖြင့် ကျေးဇူးပြုကြရုံမက ၎င်းမသင့်မတင့်သော ဩဇာအထောက်အပံ့ကို ရကြသော အဇ္ဈတ္တစတုသမုဋ္ဌာနိကရုပ် ဩဇာတို့ကလည်း မိမိနှင့်ကလာပ်တူ ကလာပ်ပြား ရုပ်တို့အားလည်း မကျန်းမာ မများအောင် ကျေးဇူးဆောင်သောအား ငါပဋ္ဌာန်းတရားကိုလည်း ဖြစ်စေကြကုန်၏၊ မများသော အာဟာရဇရုပ်များ ငါပဋ္ဌာန်းတရားကိုလည်း ဖြစ်ပွားစေနိုင်ကုန်၏။ ထို့ကြောင့် ကျန်းမာခြင်း၊ မကျန်းမာခြင်းစသည်နှင့်စပ်၍ အလွန့်အလွန်အရေးကြီးသော ပဋ္ဌာန်းပစ္စည်းဟု ဆိုအပ်ပေသတည်း။

ဤရုပ်အာဟာရ ပစ္စည်းသည်လည်း ကာမသတ္တဝါတိုင်းတို့မှာ ဗဟိဒ္ဓဩဇာက ဩထောက်အပံ့ကို ရသောအခါကစ၍ ဘယ်ခဏ ဘယ်ကာလမျှ လစ်လပ်

ခြင်း မရှိကြပဲ သေစဲသည့် စုတိကျအောင် အမြဲထာဝရ အာဟာရပစ္စည်း ငါ ပဋ္ဌာန်းတရားကြီးတို့ ဖြစ်နေကြသောကြောင့် ၎င်းပစ္စည်းတို့မှ ၎င်းကာလ အတွင်းတို့မှာ လွတ်အောင်ရှောင်နိုင်ကြပါမူ ဆုငွေ (၁၀၀၀) ပေးမည်ဟူ၍ပင် ဆိုသော်လည်း လွတ်ရန် မရှောင်နိုင်လောက်အောင် မြားမြောင်ကြီးမား တကိုယ်လုံး တကောင်လုံး ဖြစ်ပွားနေသည်ကို သိကြပါလေ သူတော်ကောင်း တွေတို့။ ဤသို့ ဗဟိဒ္ဓဩဇာက အထောက်အပံ့ကိုရ၍ အဇ္ဈတ္တ စတုသမုဋ္ဌာနိက ရုပ်ကလာပ်တို့မှာ ပါသည့် ဩဇာရုပ်တို့ကပါ အာဟာရသတ္တိဖြင့် ကျေးဇူး အပြုကို အာဟာရသမုဋ္ဌာနိက ရုပ်နှင့်တကွ ကြွင်းတိဇရုပ်တို့ပါ အာဟာရပစ္စည်း အထောက်အပံ့ကြီးကိုရ၍ ငါပဋ္ဌာန်းတရား အစားစားတို့ ဖြစ်ပွားနေကြသည်ကို သိစေလို၍ "အာဟာရပစ္စယောတိ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယောတိ" ဟူ၍ ဘုရားဟောတော်မူအင်၏။ ဤသို့ ဘုရားဟောအပ်သည်ကို အကျဉ်းမျှနှင့် သိစေလို၍ "တွင်းပဩဇာ၊ပစ္စည်း သာ၊ လေးဖြာအဇ္ဈ၊ အကျိုးရ" ဟု ဆောင်ပုဒ်ဖွဲ့ ပြဆိုအပ်ပါသတည်း။

နာမ်အာဟာရမှာလည်း ဘယ်စိတ်မဆို ဖြစ်တိုင်းဖြစ်တိုင်းသော စိတ်တို့မှ နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ထိုစိတ်တိုင်းတို့မှာပါသည့် ထိုထိုအာရုံတိုင်းနှင့် တွေ့ထိခြင်း ဖဿာဟာရဖြင့် ထောက်ပံ့ခြင်း၊ စေ့ဆော်ခြင်း စေတနာအာဟာရဖြင့် ထောက်ပံ့ခြင်း၊ သိရှိခြင်းဝိညာဏာဟာရဖြင့် ထောက်ပံ့ ခြင်း အာဟာရပစ္စည်းများ ငါပဋ္ဌာန်းတရား အစားစားတို့ ဖြစ်ပွားကြကုန်၏။ ဤသို့ဖြစ်ပွားကြသော နာမ်အာဟာရပစ္စည်း ငါပဋ္ဌာန်းတရားကြီးတို့သည်လည်း အသညသတ် သတ္တဝါနှင့် နိရောဓသမာပတ် ဝင်စားသော အခါကိုထား၍ ရှိရှိ သမျှသော သတ္တဝါနှင့် ရှိရှိသမျှသော ကာလတို့မှာ နာမ်ခန္ဓာတရားတို့ တမြဲ ဖြစ်ပွားတိုင်းတို့အထဲမှာ နာမ်အာဟာရပစ္စည်းတို့လည်း အတွဲလိုက် အတွဲလိုက် ပါနေကြပြန်သောကြောင့် နာမ်အာဟာရမှ လွတ်အောင်မကွင်းရှောင်နိုင်ပဲ အမြဲ ထာဝရ ဖြစ်နေကုန်၏ဟု သိကြပါလေ။ ဤသို့ ဖြစ်ပွားသည်ကို သိစေလိုဘိ၍ "အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဥ္စ ရူပါနံ အာဟာရ-ပစ္စယေန ပစ္စယော" ဟူ၍ ဘုရားဟောတော်မူအပ်၏။ ဤသို့ ဘုရားဟောတော် မူအပ်သည်ကို အကျဉ်းမျှနှင့် သိစေလို၍ "ဖဿစေတနာ၊ ဝိညာဏ်ပါ၊ သုံးဖြာ ဟာရ၊ ပစ္စည်းရ။ စိတ္တဇနှင့်၊ကမ္မပဋိ၊ နာမ်ကုန်ညီ၊ ၎င်းကျိုးဖလ" ဟု ဆောင်ပုဒ်ဖွဲ့ ပြဆိုအပ်ပါသတည်း။

ဤရုပ်အာဟာရပစ္စည်းကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဤရူပ ကာယ တကိုယ်လုံးကြီး၌ ပြည့်ဖြိုးဝအီနေသော အဖြစ်မှ ဆာလောင် မွတ်သိပ်

ခြင်းတို့ ဖြစ်ကြသော အခါတိုင်အောင် အားနည်းသော ရုပ်သစ်တို့ ပြောင်းပြောင်းသွားကြသော အခါတို့မှာ ဝအိအားရှိသော ရုပ်ဟောင်းတို့ ပျက်ပျက်လိုက်နေကြသော အနိစ္စအချက်ကိုလည်းကောင်း၊ တနည်း–ဆာလောင် ချည့်နဲ့သော အဖြစ်မှ ပြည့်ဖြိုးဝအိသော အခါတိုင်အောင် ထိုထိုအာဟာရ အထောက်အပံ့ကိုရ၍ အားရှိသောရုပ်တို့ တက်တက်သွားသော အခါတို့မှာ အားနည်းသော ရုပ်ဟောင်းတို့ ပျက်ပျက်လိုက်နေသော အနိစ္စအချက်တို့ကို လည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ"ဟု အာဟာရပစ္စည်း စတုသမုဋ္ဌာနိက ရုပ်ကြီးတို့ကို အသီးသီး စူးစိုက်ကာ ဝိပဿနာ ရှုကြပါလေ။ ဤသို့ရှုခြင်းကို သိစေလို၍ "သာဝန္စ်ဖြာ၊ အနိစ္စာ၊ တဖြာပျက်မှု၊ တဖြာရ"ဟု ဆောင်ပုဒ်ကို ပြဆိုအပ်ပါသတည်း။

တနည်း—နာမ်အာဟာရကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့၏ အာရုံတို့ကို ပဋိသန္ဓေသိ, ဘဝင်သိ, စုတိသိတို့ကို ဝိပဿနာရှုလိုပါမူ ငါတို့၏ ပဋိသန္ဓေအခါက ဖြစ်ပေါ်ကြသော ရုပ်နာမ်အာဟာရပစ္စည်း ငါပဋ္ဌာန်းကြီးတို့ ယခုမရှိကြပဲ သေပျောက်စဲသည်ကို လည်းကောင်း၊ ရှေးရှေးက အိပ်ပျော်ကြဆဲ အခါဖြစ်ပေါ်နေကြပါသော ဘဝင်ရုပ်နာမ်ခန္ဓာအာဟာရပစ္စည်း ငါပဋ္ဌာန်းကြီးတို့ ယခု မရှိကြပဲသေပျောက်စဲသည်ကိုလည်းကောင်း၊ ရှေးရှေးဘဝတိုင်းတို့ကဖြစ်ကြ ရသော စုတိရုပ် နာမ်ခန္ဓာ အာဟာရပစ္စည်း ငါပဋ္ဌာန်းတရားကြီးတို့ ယခုမရှိကြပဲ သေပျောက်ပါသည်ကိုလည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ"ဟု ဝိပဿနာ ရှုကြပါလေ ယောဂီမြတ်တွေတို့။

တနည်း–ခြောက်ဒွါရတို့၌ ဖြစ်ပေါ်နေကြသော ဝီထိစိတ်အစားစား နာမ်ခန္ဓာ များကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးရှေးပစ္စည်းတို့က သေချာ ဂနစ္စာ ပြခဲ့သည့်အတိုင်း မြင်သိတွေ အသစ်ပြောင်းသမျှ အဟောင်းတွေ ပျက် ကြသည့် အနိစ္စစုကိုလည်းကောင်း၊ ထို့အတူ ကြားသိတွေ, နံသိတွေ, စားသိတွေ, တွေ့သိတွေ, ကြံသိတွေ အသစ်ပြောင်းသမျှ အဟောင်းပျက်ကြသည့် အနိစ္စစုကို လည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ"ဟု ဝိပဿနာရှုကြပါလေ ယောဂီမြတ်တွေတို့၊ ဤသို့ ဝိပဿနာရှုရခြင်းကို သိစေ လို၍ "သိလုံးပျက်ကြေ၊နာမ်ဟာရေ၊ ရှုလေအနိစ္စ၊ ပွားများကြ"ဟု ဆောင်ပုဒ် ၌ ပြဆိုအပ်ပါသတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းအရကို လွယ်လွယ်ကလေး နှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှပြချက်ပါတည်း။ ဤ ပစ္စည်း၌ အာဟာရပစ္စည်းသည် အာဟာရတ္ထိ ပစ္စည်းမျိုးချည်းပေတည်း။

ဤအာဟာရတ္တိမျိုး၌—

(၁) ရုပ်အာဟာရ (၂) အာဟာရတ္တိ (၃) အာဟာရ အဝိဂတဟု သုံးပစ္စည်းတို့သည် ထိုက်သင့်သည်အားလျော်စွာ ကျေးဇူးပြုကြကုန်၏။ နာမ်အာဟာရပစ္စည်းကား သဟဇာတတ္တိမျိုးဖြစ်၍ သဟဇာတအတိုင်း (၁၅) ပစ္စယသတ္တိတို့ဖြင့် ထိုက်သင့်သည်အားလျော်စွာ ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

အာဟာရပစ္စည်း အကျဉ်းမျှပြချက် ပြီး၏။

---

## ၃၄–ဣန္ဒြိယပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

အာဟာရပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဣန္ဒြိယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုဣန္ဒြိယပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌လည်း ပုရေဇာတိန္ဒြိယပစ္စည်း, ရူပဇီဝိတိန္ဒြိယပစ္စည်း, သဟဇာတိန္ဒြိယပစ္စည်းအားဖြင့် သုံးပါးအစဉ်ထား၍ ဟောကြားတော်မူ၏။ ထိုသုံးပါးတို့တွင် ပုရေဇာတိန္ဒြိယပစ္စည်းသည် ဝတ္ထုပုရေဇာတပစ္စည်းနှင့် အလုံးစုံတူ၏။ ရူပဇီဝိတိန္ဒြိယပစ္စည်း, သဟဇာတိန္ဒြိယပစ္စည်းတို့၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ——

> ဣန္ဒြိယပစ္စယောတိ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော၊ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုပါမူ—

ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စည်းဟူသည်ကား။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်၊ ကဋတ္တာရူပါနံ၊ ကဋတ္တာ ဖြစ်ကြသည့် ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အသီးသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော ဣန္ဒြေတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဣန္ဒြေတို့ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အသီးအသီး အစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

(၁) ပြည်ရွာအပေါင်း၊ ကောင်းမကောင်း၊ အကြောင်းအစိုးရ၊ ပမာပြ၊

(၂) ရုပ်နာမ်အပေါင်း၊ ကောင်းမကောင်း၊ အကြောင်းဣန္ဒြိယ၊ ပမေယျ။

(၃) ပဉ္စိန္ဒြိယ၊ ထက်သန်က၊ ပဉ္စဝိညာ၊ ထက်သန်ရ။

(၄) ရုပ်ဇီဝိတ၊ ထက်သန်က၊ ကမ္မဇရုပ၊ ထက်သန်ရ။

(၅) ဇီဝိတနှင့်၊ စိတ္တဝေဒနာ၊ သဒ္ဓါဝီရိ၊ သတိကေဂ္ဂတာ၊ မြတ်ပညာ၊ ရှစ်ဖြာနာမ်က၊ ပစ္စည်းရ။

(၆) စိတ္တဇနှင့်၊ ကမ္မပဋိ၊ နာမ်ကုန်သိ၊ ရ၏ကျိုးဖလ။

(၇) ရုပ်နာမ်မူရာ၊ ဖြစ်ပျက်လာ၊ ရှုပါအနိစ္စ၊ ဣန္ဒြိယ။

## တနည်းဆောင်ပုဒ်

(၁) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊ ပစ္စုပ္ပန်အကြည် ငါးပါးတို့က ပဉ္စဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(၂) ရုပ် ဇီဝိတိန္ဒြေက ကလာပ်တူ ကမ္မဇရုပ် ကိုးစည်းတို့အား ရုပဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

(၃) ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ကေဂ္ဂတာ, ပညာ ဤနာမ်ဣန္ဒြေတို့က တကွဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား သဟဇာတိန္ဒြိယသတ္တိဖြင့် ထိုက်သင့်သည်အားလျော်စွာ ကျေးဇူးပြုကြကုန်၏—

ဟု ရွာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ဇင်းစာပဋ္ဌာန်း, ရွာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ထိုထိုမြို့ပြ ပြည်ရွာ ရပ်တကာတို့မှာ အုပ်ချုပ်စီမံသော အစိုးရတို့က ကောင်းမွန်ကြမူ ကောင်းမွန်သလို ကြီးပွားစည်ကား တိုးတက်သွားကြသလို၊ ဇင်းအုပ်ချုပ်သော အစိုးရတို့က ယုတ်ညံ့ကြမူ ယုတ်ညံ့သလို ဆုတ်ယုတ်လျော့ပါး ဆုံးပါး ပျက်စီးသွားကြရသလို၊ ဇင်းသတ္တဝါတို့ ဤခန္ဓာအစဉ်တို့မှာလည်း ရုပ်နာမ်ဣန္ဒြိယပစ္စည်း အစိုးရချည်းတို့က ကြီးပွားအားရှိကြမူ ထိုသတ္တဝါ ကိုယ်ခန္ဓာရုပ်နာမ်တို့ တနေ့တခြား ကြီးထွားမြင့်မြတ် အရပ်ရပ်ကောင်းမွန်ကြကုန်၏။ ထိုဣန္ဒြိယပစ္စည်း အသီးသီးတို့က ယုတ်ညံ့ကြမူ ထိုသတ္တဝါ ကိုယ်ခန္ဓာတို့ တနေ့တခြား ဆုတ်ယုတ် လျော့ပါး ပျက်ပြားကြရကုန်၏။ ဤသို့ ဣန္ဒြိယပစ္စည်းတို့က အစိုးရမှုကို သိစေ

လို၍ "ပြည်ရွာအခေါင်း၊ ကောင်းမကောင်း၊ အကြောင်းအစိုးရ၊ ပမာပြ" ဟု ဆောင်ပုဒ်၌ ပြဆိုအပ်ပါသတည်း။

ထိုဣန္ဒြိယပစ္စည်းတို့တွင် စက္ခုအကြည်ဟု ဆိုအပ်သော ငါးပဋ္ဌာန်းဣန္ဒြိယ ပစ္စည်းက ကြည်လင်သန့်ရှင်း အစိုးရခြင်း ရှိကြပါမူ ထိုစက္ခုကို အမှီရ၍ မြင်သိ လုံး ရှိသမျှတို့က အလွန်အလွန် အသေးနှင့် အဝေး၌ရှိသော အဆင်းရူပါရုံတို့ကို မြင်နိုင်၏။ ၎င်းစက္ခုန္ဒြိယပစ္စည်း ငါးပဋ္ဌာန်းတရားကြီးက အနည်းနည်းယုတ်ညံ့ ကြပါမူ အနီးကပ်တွင် ရှိငြားသည့် ထင်ရှားသော ရုပ်အဆင်းကိုပင် သာမန်မျှ ထင်မြင်ကြကုန်ရာ၏။ ထိုအတူ သောတိန္ဒြိယတို့၏ ထက်သန်ခြင်း, ယုတ်ညံ့ခြင်း သို့ လိုက်၍ ကြားသိလုံးတို့ ထက်သန်ခြင်း, ထိုင်းမှိုင်းခြင်းများကိုလည်းကေ. င်း၊ ဃာနိန္ဒြိယ, ဇိဝှိန္ဒြိယ, ကာယိန္ဒြိယတို့၏ ထက်သန်ခြင်း, ထိုင်းမှိုင်းခြင်းသို့ လိုက်၍ နံသိလုံး, စားသိလုံး, တွေ့သိလုံးတို့လည်း ထက်သန်ခြင်း, ထိုင်းမှိုင်းခြင်း များကိုလည်းကောင်း ဤလောကတွင် အထင်အရှား သံရှိနေကြသည်ကား အခြားမဟုတ်၊ဣန္ဒြိယပစ္စည်း ငါးပဋ္ဌာန်းတရားကြီးတို့က စိုးအုပ်ကြသည့်အဖြစ် ကို သိစေလို၍ "စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော" စသည်ဖြင့် ဘုရားဟောတော်မူအပ်၏။ ဤပါဠိတော် စကားကို အလွယ်နှင့် သိစေလို၍ "ပဉ္စိန္ဒြိယ၊ ထက်သန်က၊ ပဉ္စဝိည၊ထက်သန်ရ" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

တနည်း—သတ္တဝါတိုင်းတို့ တကိုယ်လုံး တကောင်လုံးကို့မှာ ထိုက်သင့်သည် အားလျော်စွာ ပဋိသန္ဓေဥပါဒ်ကစ၍ စုတိကျမှ ပြန်၍ရေသည်ရှိသော် တဆယ့် ခုနစ်ချက်မြောက်သော စိတ်၏ဥပါဒ်ကျအောင် ခဏတိုင်း ခဏတိုင်းတို့၌ ကိုယ်ကောင်ကြီးနှင့် အပြည့်ပြည့် ရှေးရှေးကံကြောင့် ဖြစ်ပေါ်လာကြသော ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇ, အသညသတ်ကမ္မဇ ကလာပ်အသီးအသီး ငါးပဋ္ဌာန်း တရားကြီးတို့မှာ ပါကြသည့် ရုပ်ဇီဝိတဣန္ဒြိယပစ္စည်းက ကြီးပွားအားရှိမူ အားရှိသလို ကလာပ်တူ ကမ္မဇကလာပ်ကိုးစည်းတို့ ထက်သန်ကြီးမား အားရှိကြ ကုန်၏။ ယုတ်ညံ့မူလည်း ယုတ်ညံ့သလို အားနည်းစွာ ဖြစ်ပေါ်လာပြီး ချုပ်ပျက် စီးရသည့် ငါးပဋ္ဌာန်းအရကို သိစေလို၍ "ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယ- ပစ္စယေန ပစ္စယော" ဟု ဘုရားဟောတော်မူအပ်၏။ ဤဘုရားဟောပါဠိတော် အရကို အလွယ်နှင့် သိစေလိုပြန်၍ "ရုပ်ဇီဝိတ၊ ထက်သန်က၊ ကမ္မဇရုပ၊ ထက် သန်ရ" ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

တနည်း—သတ္တဝါတိုင်းတို့ နေ့စဉ်ထာဝရ အသုံးချ အသုံးကျ အသုံးပြုနေ ကြသော မျက်စိသိ ဝိထိစိတ်စုစသော ခြောက်ဒွါရ၌ရှိ ဝိထိစိတ်စုနှင့်တကွ ဒွါရ ဝိမုတ်စိတ် ရှိရှိသမျှတို့နှင့် အတူတကွဖြစ်ကြသော နာမက္ခန္ဓာတို့အထဲမှာ ထိုက်

သင့်သည်အားလျော်စွာ ပါကြသည့် ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ၊ ဧကဂ္ဂတာ, ပညာတည်းဟူသော ငါးပဋ္ဌာန်းတရားအသီးသီး နာမ်ဣန္ဒြိယပစ္စည်း အစိုးရကြီးတို့က ကြီးပွားကြမှု ကြီးပွားကြသလို ဇီဝိတိန္ဒြိယစေတသိက် နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့ပါ အဖြာဖြာတို့က ကြီးပွားကြ၍ နိဗ္ဗာန်ကျ အောင် ပေါက်ရောက်နိုင်ကြသည့် ဣန္ဒြိယအကျိုး ပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရား တို့ ဖြစ်ပွားကြလေကုန်၏။ ထိုထို ကောင်းမြတ်သော နာမ်ဣန္ဒြိယပစ္စည်း အသီးသီး တို့က ယုတ်ညံ့ကြမှု ယုတ်ညံ့သလို သူတော်ကောင်းတရား သေးသိမ် မှေးမှိန် သွားရုံမက အပါယ်သို့ကျ ငပ်ဆေးကြ ကမ္ဘာကြီးများ ပျက်စီးကြအောင် ဆုတ်ယုတ်လျော့ပါးသွားနေကြသည့် အဖြစ်ကို သိစေလို၍ "အရူပိနော ဣန္ဒြိ-ယာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စ-ယော" ဟု ဘုရားဟောတော်မူအပ်၏။ ဤပါဠိတော်အရကို အလွယ်နှင့် သိစေ လို၍ "ဇီဝိတနှင့်၊ စိတ္တဇဝေဒနာ သဒ္ဓါဝီရိ၊ သတိဧကဂ္ဂတာ၊ ပြဿပညာ၊ ရှစ်ဖြာ နာမ်ကာ၊ ပစ္စည်းရ။ စိတ္တဇနှင့်၊ ကမ္မပဋိ၊ နာမ်ကုန်သိ၊ ရ၏ကျိုးပလ" ဟု ဆောင် ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

ဤဣန္ဒြိယပစ္စည်းအရကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဤဣန္ဒြိယ ပစ္စည်း အသီးသီးတို့၌ မိမိ မိမိတို့ သတ္တိထူးတို့ဖြင့် ဖြစ်ပေါ်လာဆဲ အခါထဲတို့၌ ကျေးဇူးပြုကြကာ ချုပ်ပျက် သေဆုံးကြပါသော အနိစ္စတို့ကိုမှကား သာမန် လူကားတို့ မရှုစားနိုင်ကြကုန်၊ ထိုထိုရုပ်သန္တတိ,နာမ်သန္တတိပျက်တို့နှင့်သာ ရှုစား ကြရာ ထိုထိုကိုယ်,နှာ,စိတ်အမူအရာတို့ ပျက်တိုင်းပျက်တိုင်းတို့မှာ ထိုရုပ်ဣန္ဒြိယ, နာမ်ဣန္ဒြိယပစ္စည်းတို့သည် ပျက်စီးကြရကုန်လေသောကြောင့် အာဟာရပစ္စည်း က ဝိပဿနာရှုကြတာလို ပဋိသန္ဓေ,ဘဝင်,စုတိတို့၏ အနိစ္စ ခြောက်ဒွါရတို့၌ ဖြစ်ကြသော ဝီထိစိတ်အမူအရာတို့၏ အနိစ္စကို ပွားများရှုကြည့်လိုက်က ထိုထို အမူအရာတို့နှင့် အတွဲလိုက် အတွဲလိုက် ပျက်ကြသော ရုပ်ဣန္ဒြိယပစ္စည်း, နာမ် ဣန္ဒြိယပစ္စည်း အနည်းနည်းတို့လည်း ပျက်စီး၍ လိုက်ပါကြသည်ကို သိစေလို၍ "ရုပ်နာမ်မူရာ၊ ဖြစ်ပျက်လာ၊ ရှုပ်အနိစ္စ၊ ဣန္ဒြိယ" ဟု ဆောင်ပုဒ်၌ ရေးထုတ် လိုက်ပါသတည်း။ ။ဤသည်တို့ကား ငါးပဋ္ဌာန်းတရားအရကို လွယ်လွယ် ကလေးနှင့်သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။ ဤပစ္စည်းကား အတ္ထိပစ္စည်းမျိုးချည်းပေတည်း။

**ထိုအတ္ထိပစ္စည်း ငါးမျိုးတို့တွင်—**

ရူပဇီဝိတိန္ဒြိယပစ္စည်းသည်လည်း ရူပဇီဝိတိန္ဒြိယတ္ထိမျိုးတွင်ပါဝင်သောကြောင့် (၁) ရူပဇီဝိတိန္ဒြိယ၊ (၂) ဣန္ဒြိယတ္ထိ၊ (၃) ဣန္ဒြိယအဝိဂတ၊ ဤသုံးပစ္စယသတ္တိ တို့ဖြင့် ကလာပ်တူ ကမ္မဇရုပ်တို့အား အသီးသီး တပြိုင်နက် ကျေးဇူးပြုကြကုန်၏။

ဟု သိကြပါလေ။ သဟဇာတိန္ဒြိယပစ္စည်းလည်း သဟဇာတတ္တိမျိုးတွင် ပါဝင်လေသောကြောင့် ထိုသဟဇာတတ္တိက တဆယ့်ငါးပစ္စယသတ္တိတို့ဖြင့် ထိုက်သင့်သည် အားလျော်စွာ သမ္ပယုတ္တခန္ဓာနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား မိမိတို့၏ သတ္တိဖြင့် အသီးအသီး.တပြိုင်နက် ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဣန္ဒြိယပစ္စည်း အကျဉ်းမျှ ပြီး၏။

---

## ၃၅–ဈာနပစ္စည်းကို အကျဉ်းမျှဖော်ပြချက်

ဣန္ဒြိယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဈာနပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏၊ ထိုဈာနပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌လည်း စာပဋ္ဌာန်း, ရွာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးပါးအပြားရှိကုန်၏၊ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ—

> ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ-
> သမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

ဤကား စာပဋ္ဌာန်းစကားအရတည်း။ ၎င်းစာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

ဈာနပစ္စယောတိ၊ ဈာနပစ္စည်းဟူသည်ကား။ ဈာနင်္ဂါနိ၊ ဒွိပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်၌ရှိသော ဝိတက်,ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာတည်းဟူသော ဈာန်အင်္ဂါငါးပါးတို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဈာနပစ္စယေန၊ ကပ်၍ရှုခြင်း ဈာနပစ္စည်း တရားဖြင့်။ ပစ္စယော ဥပကာရကော၊ အာရုံအစားစား ထင်ရှားလာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) ဈာနပစ္စည်း၊ ဈာန်ကြီးကိုရ၊ ဤနှစ်ဝ၊ ခွဲခြားသိကုန်ကြ။

(၂) သမာပတ်ဈာန်၊ ရှစ်တန်တို့မှာ၊ မဟဂ္ဂုတ်သာ၊ ရရာဈာန၊ ထူးခြားကြ။

(၃) ဝိတက်,ဝိစာ၊ဧကဂ္ဂတာ,ပီတိ၊ဝေဒနာထည့်၊ မှတ်သိဈာန၊ ပစ္စည်းရ။

(၄) ပဋိဝိညာဏ်နုတ်၊ ကြွင်းနာမ်ရုပ်၊ အဟုတ်ဈာန၊ ပစ္စည်းရ။
(၅) ပဋိဝိညာဏ၊ ပယ်ချရုပ်နာမ်၊ဖြစ်ပျက်မြန်၊ရှုရန်အနိစ္စ၊ပွားများကြ။

**တနည်းဆောင်ပုဒ်**

ဒွေးပဋိဝိညာဏ် တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်၌ ထိုက်သင့်သည် အားလျော်စွာ ယှဉ်ကြသည့် ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာ, ဝေဒနာ ဤဈာန်အင်္ဂါ ငါးပါးတို့က မိမိနှင့် ယှဉ်ကြသည့် စိတ်စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ဤသည့်တို့ကား ရွာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ရင်းရွာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောက၌ ဈာန်ရသည်ဟု ဆိုလျှင် မဟဂ္ဂုတ်,လောကုတ္တရာဈာန်များကိုသာ သိရှိကြ အမှတ်ပြုကြကုန်၏၊ စင်စစ်မူကား ဤ ပဋ္ဌာန်းပစ္စည်းက ဈာနပစ္စည်းနှင့် အကျိုးအကြောင်း ဖြစ်ကြသည့် ဈာန်ပစ္စည်းကို ရတာကတမျိုး၊ ထိုမဟဂ္ဂုတ်, လောကုတ္တရာဈာန်အင်္ဂါတို့နှင့် ပြည့်စုံသော ဈာန်တရားကြီးများကို ရတာက တမျိုးဟူ၍ နှစ်မျိုးနှစ်စား ခွဲခြား၍ သိစေလိုကြသောကြောင့် "ဈာနပစ္စည်း၊ ဈာန်ကြီးကိုရ၊ ဤနှစ်ဝ၊ ခွဲခြားသိကုန်ကြ။ ။သမာပတ်ဈာန်၊ ရှစ်တန်တို့မှာ၊ မဟဂ္ဂုတ်သာ၊ရရာဈာန၊ထူးခြားကြ"ဟု ဆောင်ပုဒ်၌ရေးထုတ်လိုက်ပါသတည်း။

ထိုဈာနပစ္စည်း ပဋ္ဌာန်းတရားကြီးတို့သည်ကား သာမညလူများ သူငါအစားစားတို့ မသိနိုင်ကြ မရှိနိုင်ကြသော တရားမျိုးမဟုတ်၊ အမြဲထာဝရ ရင်းဈာနပစ္စည်းအသီးသီးတို့နှင့်အသုံးကျနေကြ အသုံးချနေကြသော ငါပဋ္ဌာန်းတရားတို့ ဖြစ်နေပုံတို့ကား တခြားမဟုတ်ပါ၊ ဒွေးပဋိဝိညာဏ် (၁၀)မှတပါး ကုသိုလ်ဟူသမျှ အကုသိုလ်ဟူသမျှ, ဝိပါက်ကြိယာ အဗျာကတတို့မှာ အမြဲထာဝရ ထိုက်သည့် အားလျော်စွာ ယှဉ်စပ်ဖြစ်ပေါ်လျက် ရှိနေကြသော ဝိတက်, ဝိစာရ,ပီတိ,ဧကဂ္ဂတာ,ဝေဒနာ ဟု ဆိုအပ်သော စေတသိက်တရား ငါးပါးတို့ပင် ဈာနပစ္စည်းအသီးသီးတို့ဖြင့် အမြဲထာဝရ ကျေးဇူးပြုကြသည်ကိုလည်းကောင်း၊ ထိုဈာန်အင်္ဂါ ငါးပါး အစားစားတို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်စပ်ဖြစ်ပေါ်လာကြသော စိတ်စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့က ရင်းဈာနပစ္စည်း ကျေးဇူးတရားကြီးများကို ခံစံရကြ၍ အမြဲထာဝရ သတ္တဝါတိုင်းတို့မှာ ကုသိုလ်ဈာန်တရားများ, အကုသိုလ် ဈာန်တရားများ, ဝိပါက်ကြိယာ အဗျာကတဈာန်တရားများ ပစ္စည်းအစားစား ငါပဋ္ဌာန်းတရားတို့ အချင်းခပ်သိမ်း မပြတ်မစဲ အမြဲထာဝရ ဖြစ်ပေါ်နေကြသည်ကို သိစေလို၍

"ဈာနပစ္စယောတိ ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော" ဟု စာပဋ္ဌာန်းအရကို ဘုရားဟော တော်မူ၏။ ဤပါဠိတော်အရကို အလွယ်ကလေးနှင့် သိနိုင်ကြအောင် "ဝိတက်, ဝိစာ၊ ဧကဂ္ဂတာ, ပီတိ၊ ဝေဒနာထည့်၊ မှတ်သိဈာန၊ပစ္စည်းရ။ ပဉ္စဝိညာဏ် နှုတ်၊ ကြွင်းနာမ်ရုပ်၊ အဟုတ်ဈာန ပစ္စည်းရ" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက် ပါသတည်း။

ဤဈာနပစ္စည်းသည်လည်း ဧကဂ္ဂတာ ဝေဒနာ ဈာန်အင်္ဂါတို့က စိတ်တိုင်း မှာ ယှဉ်နေကြသောကြောင့် ဤဈာနပစ္စည်းတို့ကို ဒွေးပဉ္စဝိညာဏ်မှတပါး လွတ်အောင် ရှောင်ရှားနိုင်သူတို့အား ဆုငွေများ ပေးသနားမည်ဆိုစေကာမူ လွတ်အောင် မရှောင်နိုင်လောက်အောင် သတ္တဝါများ အစားစားတို့မှာ အခါ ခပ်သိမ်း ဖြစ်နေကြရသော ဈာနပစ္စည်း ငါပဋ္ဌာန်းတရားကြီးတို့သည် ငါတို့သိ နိုင်တာတို့တည်း၊ ငါတို့မှာ ရှိနေကြတာတို့တည်းဟု အလွန်အလွန်ကြီး ဝမ်း မြောက်သွားကြကုန်ရာသတည်း။ ဤသည်ကား ဈာနပစ္စည်းနှင့် ဈာန်ချပုံတို့ တည်း။ဤဈာနပစ္စည်းအရနှင့် ဈာန်ရသည်များကို သိရှိသူ ပညာရှိသောဖို့ ချင်းချင်းတို့ တယောက်နှင့်တယောက် အငြင်းမထွက်ကြရစေပဲ တရားဒေသနာ ဆန်းကြယ်စွာ သဘောစုကို ကြည့်ရှုကြကာ အဆန်းတရား အစားစားနှင့် ၎င်း စကားပြောကြားလိုပါမူ "ဤလောကကြီး၌ ခုနစ်နှစ်သားအရွယ်မှာ ဈာန် အဘိညာဉ်နှင့်တကွ မဂ်ဖိုလ်ကိုရသည်" စသည်ဖြင့်သာ ပြောကြားနေကြကုန်၏။

ယခု ဈာနပစ္စည်းအရနှင့် ပြောကြားကြရမူကား ပဋိသန္ဓေနေဆဲ အခါထဲ မှာ ဈာန်ကိုရသော ပုဂ္ဂလဝိသေသတို့ကား အဘယ်သူတို့ပါနည်းဟူသော ပုစ္ဆာကို တယောက်က ထုတ်သောအခါ ပဋိသန္ဓေနေတိုင်းသော အပါယ်သတ္တဝါ နှင့် သုဂတိသတ္တဝါတိုင်းတို့ ထိုပဋိသန္ဓေနေဆဲမှာ ဈာန်ကိုရကြပါသည်ဟု ဖြေ ပြီးလျှင် ဤဈာနပစ္စည်းအရကို သိကြသော မိန်းမတို့ချင်းပင် အေးတော့ အေးတော့နှင့်ပင် ပြုံးရွှင်သော မျက်နှာထားတို့နှင့် အယုတ်ဆုံး အပါယ်သတ္တဝါ တို့ ဧကဂ္ဂတာ ဝေဒနာဈာန်နှစ်ပါးကို ရကြတယ်တော့၊ သုဂတိသတ္တဝါတွေက လည်း ဘယ်ဈာန်ဘယ်ဈာန်တို့ကို ရကြတယ်တော့ဟု တယောက်က ပြောကြား မူ တယောက်က အေးတော့ အေးတော့နှင့် ဝန်ခံနိုင်ကြကုန်ရာ၏၊ ဤအတူ မွေးလျှင်မွေးခြင်း ဈာန်ရသူ၊ငါးများယင်း ဈာန်ရသူ၊ မုဆိုးလုပ်ယင်း ဈာန်ရသူ၊ အိပ်ပျော်နေတုန်း ဈာန်ရသူ စသော အမျိုးမျိုး အစားစား ဈာန်ရကြခြင်း အဆန်းတရားများကို ဟောကြားသမျှ အေးတော့ အေးတော့နှင့် အကုန်လုံး လိုက်နိုင်ရာသတည်း။

ထိုမှတပါး ဈာန်ဟူသော ပါဠိစကားကို မြန်မာနှင့်ဆိုသော် ထိုထိုအာရုံကို ထင်မြင်အောင်ကပ်၍ ကြံစည်အောက်မေ့ခြင်းဟု ဆိုရသည့် အတိုင်း ရှေ့ဥပမာ

က တောင်ထွတ်တောင်ဖျား သစ်ပင်များတို့သို့တက်၍ ကြည့်ကြခြင်းက အဝေး, အနီးအရပ်တို့ကို အလွန်ထင်ရှားသိမြင်အောင် ကျေးဇူးဆောင်သကဲ့သို့ ၎င်း ဈာနပစ္စည်းက ထိုထိုကောင်းသည့်ကိစ္စ, မကောင်းသည့်ကိစ္စ အဝဝတို့ကို အဖန်ဖန် လေ့လာပွားများကြသူတို့အား ပြီးစီးအောင်မြင်အောင် ကျေးဇူးဆောင် နိုင်ကြကုန်၏။ ၎င်းဈာနပစ္စည်းအရကို အကုသိုလ်၌ ထင်ရှားအောင်ပြရမူ ၎င်း ဈာန်တရားကို အဖန်ဖန်ပွားများသူတို့မှသာ မိမိတို့ တန်ခိုးရှိန်စော် အာနုဘော် ကြီးထွား၍ လိုအပ်သော အလိုဆန္ဒကို ပြီးစီးအောင်မြင် ထမြောက်သွားနိုင်ကြ ကုန်ရာသည်တို့ကား တစုံတခု တပ်နှစ်သက်သော ကိစ္စကို အလိုရှိသောသူသည် ၎င်းအမှု ပြီးစီးရာ ပြီးစီးကြောင်း အမှုကိစ္စများကို မကြာမကြာ ဝိတက်ဈာန်နှင့် ရှေးရှုကြံခြင်း၊ ဝိစာရဈာန်နှင့်စူးစမ်းခြင်း၊ ပီတိဈာန်နှင့်နှစ်သက်ခြင်း၊ ဧကဂ္ဂတာ ဈာန်နှင့် တည်ကြည်စွာ စူးစိုက်စွဲမြဲခြင်း၊ သောမနဿဈာန်နှင့် အဖန်ဖန် ဝမ်းမြောက်ခြင်းတို့ နေ့စဉ်အခါခပ်သိမ်း ကြံစည်ပွားများအားထုတ်သွားကြပါမူ ၎င်းဈာန်အင်္ဂါများအရနှင့် မကြာခင်သော် လည်းကောင်း၊ ကြာမှသော်လည်း ကောင်း ထိုသို့အကြံအစည်အတိုင်း ပြီးစီးထမြောက်တတ်ကြကုန်၏၊ ၎င်းအကြံ အစည်အတိုင်း လိုအပ်သောဝတ္ထုကို မရစေကာမူ ၎င်းဈာန်အင်္ဂါတို့က မိမိနှင့် တကွဖြစ်ကြသော စိတ်စေတသိက်နှင့် ကိုယ်ယ်နှုတ်အမှုအရာတို့ပါ ပြီးစီးအောင် မြင်သည်ဘက်သို့ တိုးတက်ကြသော ၎င်းအကုသိုလ်ဈာန်တရား၏ အကျိုး ပစ္စယုပ္ပန်တရား အစားစားတို့ ဖြစ်ပွားနိုင်ကြကုန်၏။

ဒေါသအရာတို့မှာလည်း ၎င်းအကုသိုလ်ဈာန်တရားတို့နှင့် အဖန်ဖန် ကြံစည် စုံစမ်း စူးစိုက်ကြကာ ဒေါမနဿဝေဒနာအဖြာဖြာတို့ဖြင့် အခါခါ ပြုလုပ်သော အတွက်နှင့် အောင်မြင်ချက် အစားစား ဖြစ်ပွားနေကြသည်များကို သိရှိနိုင်ကြ ကုန်ရာ၏။ ကုသိုလ်ဘက်ကလည်း မိမိတို့ အလိုရှိအပ်သော ဒါနပြီးစီးရန် သီလ ပြည့်စုံရန်, ဘာဝနာပေါက်ရောက်ရန် အတန်တန်တို့ကိုလည်း ရှေးရှု ကြံဖန် စုံစမ်း နှစ်သက် စူးစိုက်ဝမ်းမြောက်စွာနှင့် အခါခါ အားထုတ်သူတို့မှာလည်း လိုအပ်သော ဆန္ဒနှင့် ပြည့်ဝ ပြီးစီးနိုင်ကြကုန်သည်များကို စဉ်းစားကြက ၎င်းဈာန်အင်္ဂါငါးပါး အစားစားတို့ကို အခါခါပွားများ၍ အားထုတ်ကြပါမူ လောကီ, လောကုတ္တရာ အဖြာဖြာတို့ ပြီးစီးသမျှတွေဟာ ဤ အဖန်ဖန်ပွားအပ် သော ဈာန်ပစ္စည်းအကြောင်းတို့ကြောင့်ချည်းပဲ ဖြစ်ကြသည်ဟု ဧောတို့က ကေန္တ မလွဲနိုင်ကြကုန်ရာ။ အဘယ့်ကြောင့်ဆိုသော် ပြုပြုသမျှ ဧောတို့မှာ ၎င်းဈာနပစ္စည်းတွေ ပါနေသောကြောင့်တည်းဟု ဤဈာနပစ္စည်းအရ သဘော တို့ကို လောကကြီးထဲမှာ ညာဏ်သွင်းကာသွင်းကာ ရှုကြည့်ကြပါမူ ကုသိုလ်, အကုသိုလ် အရာတိုင်းတို့မှာ အထူးသဘောကျကာ မြတ်စွာဘုရားနှင့် ပဋ္ဌာန်း ဒေသနာတော်များကို များစွာ ယုံကြည်အားထား ကြည်ညိုသဒ္ဓါ အဖြာဖြာတို့

အခါခါတိုးတက်နိုင်ကြပေလိမ့်သတည်း။ ဤကား ကုသိုလ်, အကုသိုလ်ဇောများ၊ ဈာန်အင်္ဂါအစားစားနှင့် လောကကြီးအားလုံးတို့မှာ ပြီးစီးအောင် ဖြစ်နေကြပုံတို့ကို ပြချက်တို့ပေတည်း။

ဤဈာနပစ္စည်းကို ဝိပဿနာ ပွားများလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဒွေးပဋ္ဌ-ဝိညာဏ်မှ တပါးသော စိတ်တခုယုတ် ရှစ်ဆယ်တို့ ခဏတိုင်းတို့မှာ ဈာနပစ္စည်း အကြောင်းအကျိုးဖြစ်ကြပြီး အနိစ္စရောက်ကြသော ထိုထိုဈာနပစ္စည်း၏ ခဏ ပစ္စုပ္ပန်ပျက် ဝိပဿနာအချက်ကို ဉာဏ်မှီအောင်လိုက်၍ မရှုနိုင်ကြသော ကြောင့် သန္တတိပျက်နှင့် ရှုကြရဖို့မှာကား ဤဈာနပစ္စည်းဆိုတာ သူငါ အစားစားတို့ မသိနိုင်ကြသော တရားမျိုး မဟုတ်၊ သတ္တဝါအစားစားတို့ နေ့စဉ် ထာဝရ အသုံးကျ အသုံးချနေကြသော လိုချင်မှုလောဘ အစားစားတို့ ဖြစ်ပေါ်လာကြပြီး ချုပ်ပျက်စီးသည့် အနိစ္စ၊ နှလုံးမသာယာခြင်းဒေါသ အစားစား တွေဝေမိန်းမောခြင်း မောဟ အစားစားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသော အနိစ္စ၊ ဒါန, သီလ, ဘာဝနာ အစဖြာသော ကုသိုလ်ဇောများ အစားစားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသည့် အနိစ္စ၊ အိပ်ပျော်ခြင်း စသော ဘဝင်အစားစား အဗျာကတ တရားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသည့် အနိစ္စ နှင့်တကွ ကိုယ်, နှုတ်, အမူအရာပျက် အနိစ္စအချက်တို့ကိုပါ တခုခုတို့ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ" ဟု ဝိပဿနာ ရှုကြပါမူ ဤဈာနပစ္စည်း ငါးပဋ္ဌာန်းတရားကြီးကို ဝိပဿနာရှုသည် မည်၏။ ဤအချက်ကို သိစေလို၍ "ပဋ္ဌာဉ်ဉာဏ၊ ပယ်ချရှုပ်နှာမ်၊ ဖြင်ပျက်ပြန်၊ ရှုရန်အနိစ္စ၊ ပွားများကြ" ဟုဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါးပဋ္ဌာန်းတရားအရကို စာမတတ်သူတို့ပါ လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။

ဤပစ္စည်းကား သဟဇာတမျိုးထဲတွင် ပါဝင်သောကြောင့် ဒွေးပဋ္ဌဝိညာဏ် တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်နှင့်တကွ စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား (၁၅) ပါးသော သဟဇာတပစ္စည်း အသီးသီးတို့ ထိုက်သင့်သည်အားလျော်စွာ တပြိုင်နက် တချက်တည်းတို့မှာ တကွနက် ကျေးဇူးပြုကာ အကြောင်း, အကျိုး ဖြစ်ပေါ်လာကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဈာနပစ္စည်း အကျဉ်းမျှဖော်ပြချက် ပြီး၏။

## ၃၆—မဂ္ဂပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

ဈာနပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ မဂ္ဂပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုမဂ္ဂပစ္စည်း၏ ပစ္စယနိဒ္ဒေသသည်လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

> မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ဘုရားဟောတော်မူ၏။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်ကား။ မဂ္ဂင်္ဂါနိ၊ သဟိတ်စိတ်၌ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုးပါးတို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်, စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ မဂ္ဂပစ္စယေန၊ ထွက်မြောက်ကြောင်းဟု ဆိုအပ်သော မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထွက်မြောက်လေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) မဂ္ဂပစ္စည်း၊ မဂ်ကြီးကိုရ၊ ဤနှစ်ဝ၊ ခွဲခြားသိကုန်ကြ။

(၂) မဂ်စိတ်လေးထွေ၊ မဂ်အင်္ဂါ၊ ရလေမဂ္ဂ၊ အရိယ။

(၃) ဝိတက်ပညာ၊ ဝါစာကမ္မန္တ၊ အာဇီဝနှင့်၊ ဝီရိယသတိ၊ သမာဓိ၊ ဒိဋ္ဌိမဂ္ဂ၊ ကိုးပါးရ။

(၄) ၎င်းတို့ပင်၊ သဟိတ်ယှဉ်၊ ဖြစ်လျှင်မဂ္ဂ၊ အကြောင်းရ။

(၅) စိတ္တဇနှင့်၊ ကမ္မပဋိ၊ သဟိတ်ရှိ၊ ရ၏ ကျိုးဖလ။

(၆) အဟိတ်ကြဉ်ဖယ်၊ နှစ်သွယ်ရုပ်နာမ်၊ ဖြစ်ပျက်ပြန်၊ ရှုရန်အနိစ္စ၊ ပွားများကြ။

### တနည်းဆောင်ပုဒ်

သဟိတ်စိတ် ကေသတ္တတိ၌ ထိုက်သင့်သည် အားလျော်စွာ ယှဉ်ကြသည့် ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ,

ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိ၊ ဤမဂ္ဂင်တရားကိုးပါးတို့က မိမိနှင့် ယှဉ်ကြသည့် စိတ်စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏ဟု ရှာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ၑင်းစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောက၌ မဂ်ကိုရသည်ဟုဆိုလျှင် လောကုတ္တရာမဂ်လေးပါးကိုသာ ရသည်ဟု သိရှိကြ အမှတ်ပြုကြကုန်၏၊ စင်စစ်မူကား ဤမဂ္ဂပစ္စည်း ပဋ္ဌာန်းတရားကြီး၌ ကုသိုလ်, အကုသိုလ်, အဗျာကတတို့မှာ ထိုက်သင့်သည့်အားလျော်စွာ ပါသည့် မဂ်အင်္ဂါတို့က မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြုကြသည့် မဂ္ဂပစ္စည်းကို ရသည်ကတမျိုး၊ ထိုမဂ်စိတ်လေးခုတို့မှာပါသည့် အရိယာမဂ်တို့ကို ရသည်ကတမျိုးဟူ၍ နှစ်မျိုးနှစ်စား ရှိနေသည်များကို ခွဲခြား၍ သိစေလိုသောကြောင့် "မဂ္ဂပစ္စည်း၊ မဂ်ကြီးကိုရ၊ ဤနှစ်ဝ၊ ခွဲခြားသိကုန်ကြ။ မဂ်စိတ်လေးထွေ၊မဂ်အင်္ဂေ၊ ရလေမဂ္ဂ၊ အရိယ""ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤမဂ္ဂပစ္စည်း ပဋ္ဌာန်းတရားကြီးဆိုသည်ကား သာမညလူများ သူငါအစားစားတို့ မသိနိုင်ကြ မရှိနိုင်ကြသော တရားမျိုးမဟုတ်၊ အမြဲထာဝရ ၑင်းမဂ္ဂပစ္စည်း အသီးသီးတို့နှင့် အသုံးကျနေကြ အသုံးချနေကြသော ငါပဋ္ဌာန်းတရားတို့ချည်း ဖြစ်နေကြပုံတို့ကား တခြားမဟုတ်၊ အဟိတ်စိတ် အဋ္ဌာရသမှတပါး ကုသိုလ်ဟူသမျှ အကုသိုလ်ဟူသမျှ ဝိပါက်ကြိယာ အဗျာကတတို့မှာ အမြဲထာဝရ ထိုက်သင့်သည်အားလျော်စွာ ယှဉ်စပ်ဖြစ်ပေါ်လျက် ရှိနေကြသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရား ကိုးပါးတို့ကငင် မဂ္ဂပစ္စည်း အသီးသီးတို့ဖြင့် အမြဲထာဝရ ကျေးဇူးပြုကြသည်ကိုလည်းကောင်း၊ ထိုမဂ္ဂပစ္စည်း အသီးသီးတို့နှင့် ထိုက်သင့်သည်အားလျော်စွာ ယှဉ်စပ်ဖြစ်ပေါ်၍ လာကြသော သဟိတ်စိတ် စေတသိက် သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့က ၑင်းမဂ္ဂပစ္စည်း ကျေးဇူးတရားကြီးများကို ခံစံကြရ၍ အမြဲထာဝရ သတ္တဝါတိုင်းတို့မှာ ကုသိုလ်မဂ်တရားကြီး အကုသိုလ်မဂ်တရားကြီး ဝိပါက်ကြိယာ အဗျာကတမဂ်တရားကြီးများ ပစ္စည်းအစားစား ငါပဋ္ဌာန်းတရားကြီးတို့ မပြတ်မစဲ အမြဲထာဝရ ဖြစ်ပေါ်နေကြသည်ကိုလည်းကောင်း သိစေလို၍ "မဂ္ဂပစ္စယောတိ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော"ဟု စာပဋ္ဌာန်းအရကို မြတ်စွာဘုရားဟောကြားတော်မူ၏၊ ဤဘုရားဟောပါဠိတော်အရကို လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် "ဝိတက်ပညာ၊ ဝါစာ ကမ္မန္တ၊ အာဇီဝနှင့်၊ ဝီရိယသတိ၊ သမာဓိ၊ ဒိဋ္ဌိမဂ္ဂ၊ကိုးပါးရ။ ၑင်းတို့ပင်၊

**သဟိတ်ယှဉ်၊ ဖြစ်လျှင်မဂ္ဂ၊ အကြောင်းရ။ စိတ္တဇနှင့်၊ ကမ္မပဋ္ဌိ၊ သဟိတ်ရှိ၊ ရ၏ ကျိုးဖလ”** ဟူ၍လည်းကောင်း,

(တနည်း)သဟိတ်စိတ်ကေသတ္တတိ၌ ထိုက်သင့်သည့် အားလျော်စွာ ယှဉ်ကြသည့် ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိ၊ ဤမဂ္ဂင်တရားကိုးပါးတို့က မိမိနှင့် ယှဉ်ကြသည့် စိတ်စေတသိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား မဂ္ဂ**သ**တ္တိဖြင့် ကျေးဇူးပြုကြကုန်၏ ဟူ၍လည်းကောင်း ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤမဂ္ဂပစ္စည်းသည်လည်း ဝီရိယနှင့်ဧကဂ္ဂတာ မဂ်အင်္ဂါတို့က သဟိတ်စိတ်တိုင်းတို့မှာ ယှဉ်နေကြပါသောကြောင့် ဤမဂ္ဂပစ္စည်းမှ အဟိတ်စိတ်မှတပါး လွတ်အောင် ရှောင်ရှားနိုင်သူတို့အား ဆုငွေအများ ပေးသနားမည်ဟု ဆိုစေကာမူ လွတ်အောင်မရှောင်နိုင်လောက်အောင် သတ္တဝါအများ အစားစားတို့မှာ အခါခပ်သိမ်းဖြစ်နေကြရသော မဂ္ဂပစ္စည်း ငါပဋ္ဌာန်းတရားကြီးတို့လည်း ငါတို့ သိနိုင်တာတည်း၊ ငါတို့မှာ ရှိနေတာတို့တည်းဟု အလွန်အလွန်ကြီး ဝမ်းမြောက်ကြကုန်ရာသတည်း၊ ဤသည်ကား မဂ္ဂပစ္စည်းနှင့် မဂ်မှုပုံတို့တည်း။

ဤမဂ္ဂပစ္စည်းအရနှင့် မဂ်ရသည်များကို သိရှိရသူ ပညာရှိသဘောဖြူ အချင်းချင်းတို့ တယောက်နှင့်တယောက် အငြင်းမထွက်ကြရစေပဲ တရားဒေသနာ ဆန်းကြယ်စွာသဘောစုကို ကြည့်ရှုကြကာ အဆန်းတရား အစားစားနှင့် ၎င်းစကား ပြောကြားလိုကြပါမူ ဤလောကကြီး၌ မြတ်စွာဘုရား ဓမ္မစကြာတရားကို သာတာဂိရိနှင့် ဟေမဝတနတ်ဘီလူးတို့ ရာဇဂြိုဟ်ပြည် ပဋိသန္ဓေအရင့်အမာ ရှိသော ကာဠီမည်သော အမျိုးသမီး၏ ပြာသာဒ်အထက်၌ မေးမြန်းပြောဆိုနေကြသော အသံများကို ကြားနာရ၍ အသွယ်သွယ်သော တရားအရကို ဆင်ခြင်ပွားများ အားထုတ်သွားသဖြင့် ၎င်းကာဠီသတို့သမီးမှာ အာရုံလည်းတက် သားကောင်းရတနာကိုလည်း ဖွားမြင်၊ သောတာပန်အရိယာဝင်လည်း ဖြစ်ကြသည်များကို အဆန်းထား၍ ပြောကြားကြ၊ ခုနစ်နှစ်သား ခုနစ်နှစ်သမီးနှင့် မဂ်ရသည်များကိုလည်း ပြောကြားနေကြကုန်၏။ ယခု မဂ္ဂပစ္စည်းအရနှင့် ပြောကြားကြမှုကား ပဋိသန္ဓေနေဆဲ အခါထဲမှာ မဂ်ကိုရသော ပုဂ္ဂလဝိသေသတို့ကား အဘယ်သူတို့ပါနည်း ဟူသော ပုစ္ဆာကို တယောက်က ထုတ်သောအခါ သဟိတ်ပဋိသန္ဓေ နေဆဲတိုင်းသော သတ္တဝါတို့သည် မဂ်ကို ရပါသည်ဟု ဖြေပြီးလျှင် ဤမဂ္ဂပစ္စည်းအရကို သိကြသော မိန်းမချင်းတို့ပင် အေးတော့ အေးတော့နှင့်ပင် ပြုံးရွှင်သော မျက်နှာထားတို့နှင့် အယုတ်ဆုံး သုဂတိသတ္တဝါတို့မှာ ကုသိုလ် အကုသိုလ်စသည်တို့၌ ဝီရိယနှင့် ဧကဂ္ဂတာ

မဂ်အင်္ဂါရှစ်ပါးကို ရကြတယ်တော့ဟု တယောက်က ပြောကြားမှု အေးတော့ အေးတော့နှင့် ဝန်ခံနိုင်ကြကုန်ရာ၏။ ဤအတူ မွေးမွေးချင်း မဂ်ရသူ၊ ငါးမျှား ယင်း မဂ်ရသူ၊ မုဆိုးလုပ်ယင်းမဂ်ရသူ၊ အိပ်ပျော်နေတုန်းမဂ်ရသူစသော အမျိုး မျိုးအစားစား မဂ်ရကြခြင်း အဆန်းတရားများကို တယောက်ယောက်က ပြော ကြားသမျှ အေးတော့ အေးတော့နှင့် အကုန်လုံး လိုက်နိုင်ကြကုန်ရာသတည်း။

ဤရှေးက ပြခဲ့ပြီးသော မဂ္ဂင်တရားကိုယ် ကိုးပါးတို့တွင် သောဘဏစိတ် တခုယုဘ် ခြောက်ဆယ်တို့၌ကား မိစ္ဆာဒိဋ္ဌိကြဉ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးကို ထိုက်သင့်သည်အားလျော်စွာ ယှဉ်စပ်ကြကာ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကြကုန် ၏။ အကုသိုလ်စိတ်တို့၌ကား ဝိတက်, ဝီရိယ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိ ဤမဂ္ဂင်တရား ကိုယ် လေးပါးတို့ ထိုက်သင့်သည်အားလျော်စွာ ယှဉ်စပ်ကြကာ မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကြသည်ကို သင်္ဂြိုဟ်၌ "ဒွါဒသ မဂ္ဂင်္ဂါနိ" ဟု ဟောကြားတော်မူ၏။ ထိုမှတပါး ဝိဘင်းစသော ပါဠိ အဋ္ဌကထာ ဋီကာတို့မှာကား မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာသတိနှင့်တကွ အကုသိုလ်တို့မှာလည်း မဂ္ဂင် တရားရှစ်ပါးတို့ ဖြစ်နိုင်ကြကုန်၏-ဟု ဟောပြတော်မူကြ၏။ ဤသို့ပင် နောက် လေးချက်ကို ဟောပြကြသော်လည်း မဂ္ဂင်တရားကိုယ်ဖြစ်သည့် စေတသိက်အစစ် တို့ကား မရှိကြကုန်။ ထိုထို ဝစီဒုစရိုက်တို့ကို လွန်ကျူးဆဲ နာမက္ခန္ဓာလေးပါးတို့ ကို မိစ္ဆာဝါစာဟု ဆို၏၊ ကာယဒုစရိုက်သုံးပါးတို့ကို လွန်ကျူးဆဲ နာမက္ခန္ဓာ လေးပါးကိုပင် မိစ္ဆာကမ္မန္တဟု ဆို၏။ ဤရှေ့ကပြခဲ့သည့် ဒုစရိုက်ခုနစ်ပါးတို့နှင့် အသက်မွေးရန် လွန်ကျူးဆဲ နာမက္ခန္ဓာလေးပါးတို့ကို မိစ္ဆာအာဇီဝဟု ဆို၏။ သတိကင်းငြားရှ်၍ ဒုစရိုက်မှု အကုသိုလ်စုကို ပြုကြဆဲ နာမက္ခန္ဓာလေးပါးတို့ကို ပင် မိစ္ဆာသတိဟု ဆို၏။ ဤဆိုကြောင်းကို—

> ဝိဘင်္ဂေ ပန သုတ္တန္တေသု စ မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တော မိစ္ဆာ-အာဇီဝေါ မိစ္ဆာသတီတိ ဣမေ စတ္တာရော အာဂတာ။ ဣမေ ပန ဝိသုံ စေတသိကာ ဓမ္မာ န ဟောန္တိ၊ တထာ တထာ ပဝတ္တာနံ စတုန္နံ ခန္ဓာနံ အဓိဝစနတ္တာ ကတ္ထ ဣဓ န ဂဟိတာ။

အနက်မြန်မာကား—

ပန၊ အဖွင့်ဘပါးကိုဆိုဦးအံ့။ ဝိဘင်္ဂေစ၊ ဝိဘင်းပါဠိတော်၌လည်းကောင်း။ သုတ္တန္တေသု စ၊ ထိုထိုသုတ္တန်တို့၌လည်းကောင်း။ မိစ္ဆာဝါစာ၊ ဝစီဒုစရိုက် လေးပါးကို ပြောဆိုခြင်း မိစ္ဆာဝါစာလည်းကောင်း။ မိစ္ဆာကမ္မန္တော၊ ကာယ ဒုစရိုက်သုံးပါးကို ပြုကျင့်ခြင်း မိစ္ဆာကမ္မန္တလည်းကောင်း။ မိစ္ဆာအာဇီဝေါ၊ မကောင်းမှုနှင့် အသက်မွေးခြင်း မိစ္ဆာအာဇီဝ လည်းကောင်း။ မိစ္ဆာသတိ၊ သတိချွတ်ယွင်း၍ မကောင်းမှုကိုပြုခြင်း မိစ္ဆာသတိလည်းကောင်း။ ဣတိ၊

ဤသို့။ ဣမေ စတ္တာရော၊ ဤလေးပါးတို့သည်။ အာဂတာ၊ လာကုန်၏။ ပနတထာ ပိ၊ ထိုသို့ပင် လာကုန်သော်လည်း။ ဣမေ စတ္တာရော၊ ဤမိစ္ဆာမဂ္ဂင် လေးပါးတို့သည်။ဝိသုံ၊ အသီးအခြား။ စေတသိကာဓမ္မာ၊ တရားကိုယ်စေတသိက် တရားတို့သည်။ နဟောန္တိ၊ မဖြစ်ကုန်။ တထာတထာ၊ ထိုထိုသို့သောအခြင်း အရာအားဖြင့်။ ပဝတ္တာနံ၊ ဖြစ်ကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ခန္ဓာနံ၊ နာမက္ခန္ဓာလေးပါးတို့၏။ အဓိဝစနံ၊ အမည်တည်း။ ဣတိကတွာ ဣတိတသ္မာ၊ ထိုကြောင့်။ ဣမေ၊ ဤမဂ္ဂင်တရားကိုယ်အစစ်ကိုပြရာ၌။ နဂဟိတာ၊ မယူအပ်ကုန်–

ဟု ပရမတ္ထဒီပနီဋီကာ၌ မိန့်မှာတော်မူသည်အရ ထိုထိုဝိဘင်း သုတ္တန်ပါဠိတို့မှာ လာတိုင်း မိစ္ဆာမဂ္ဂင်ရှစ်ပါးနှင့် အကုသိုလ် အစ ားစားတို့ ဖြစ်ပွားနေတိုင်းတို့မှာ မဂ္ဂပစ္စည်းအရဖြင့် မဂ်ကိုရ နကြသည့် အဆန်းတရားများကို တယောက်ယောက် က ပြောသမျှ နားလည်သူချင်း ဖြစ်ကြပါမူ အေးတော့ အေးတော့နှင့်ပင် ပြုံးရွှင် သောမျက်နှာထားနှင့် ကောင်းကောင်းကြီး ဝန်ခံသွားနိုင်ကြကုန်ရာသတည်း။

ဤမဂ္ဂပစ္စည်း ဈာနပစ္စည်း အဆန်းတရားကြီးတို့ကို အထူးသဘောမစိုက်မိ သူတို့ အထံမှ ရှေးက မဂ္ဂပစ္စည်းအရကို နားလည်အောင် မပြောကြားပဲ အဖျားဆွတ်၍ ကုသိုလ်ပြုဆဲ အခါထဲတို့မှာ ဈာန်မဂ်ကိုရသည် စသည်တို့ဖြင့် မပြောကြားကြလေနှင့်၊ အဘယ်ကြောင့်ဆိုသော် တယောက်နှင့်တယောက် ငြင်းခုံကြပြီးမှ ဖြေရှင်းချက်ကိုပြရမူ ပါးကိုရိုက်ပြီးမှ ကန်တော့ပါ၏ဟု တောင်းပန်သော်လည်း မကျေနပ်နိုင်တာလို တဖက်သားတို့ ထောင့်အောင် မှားအောင် ပြောကြားပြီးမှ အဖြေကို ပြရခြင်းသည် ငင်စစ်မကောင်းကြမှာ ဖြစ်သောကြောင့်ပင် အဆန်းကို ပြောဆိုရန် ဆင်ခြင်ကြပါလေ သူတော်ကောင်း တွေတို့။

ထိုမှတပါး မဂ်ဟူသော ပါဠိစကားကို မြန်မာနှင့်ဆိုသော် ထွက်မြောက် ကြောင်းတရားတို့ဟူ၍ ဆိုရသည့်အတိုင်း ရှေးဥပမာက ဤမှာဘက်ကမ်းသည် ထိုမှာဘက်ကမ်းသို့ ထွက်မြောက်ကြောင်း ဟူ၍လည်းကောင်း၊ ထိုမှာဘက်ကမ်း သည်လည်း ဤမှာဘက်ကမ်းသို့ ထွက်မြောက်ကြောင်း ဟူ၍လည်းကောင်း ပြဆိုခဲ့သည့်အတိုင်း ကောင်းသောမဂ္ဂင်တို့သည် မကောင်းသောအဖြစ်မှ ထွက် မြောက်ကြောင်းဖြစ်၏။ မကောင်းသော မဂ္ဂင်တို့သည်လည်း ကောင်းသော ဘုံဘဝ သူတော်ကောင်း စသည်အဖြစ်မှ ထွက်ကြောင်း၊ ဝါ၊ လွန်မြောက် ကြောင်း ဖြစ်ကြသည်အဖြစ်ကို သိရှိကြကာ အကုသိုလ်လောဘအရာတို့၌ ထင်ရှားအောင်ပြရပါမူ ငါသူတပါး ယောကျ်ား မိန်းမဟု မိစ္ဆာဒိဋ္ဌိမဂ်ကို ဝင်စား၍ အမြင်မှားခြင်း၊ ထိုထိုနှစ်သက်ဖွယ် အာရုံကို မိစ္ဆာဝိတက်မဂ်ကို ဝင်စား၍ ရှေးရှုကြံစည်ခြင်း၊ ထိုထိုနှစ်သက်ဖွယ် အာရုံအတွက် ဝစီဒုစရိုက်များ ကို မိစ္ဆာဝါစာမဂ်ကို ဝင်စား၍ ပြောဆိုလွန်ကျူးခြင်း၊ ထိုထိုနှစ်သက်ဖွယ်

အာရုံအတွက် ကာယဒွါရရိုက်တို့ကို မိစ္ဆာကမ္မန္တမဂ်ကို ဝင်စား၍ ကျူးလွန်ခြင်း၊ ၎င်းအာရုံအတွက်ဒွါရရိုက်များနှင့် အသက်မွေးခြင်း မိစ္ဆာအာဇီဝမဂ်ကိုဝင်စား၍ ကျူးလွန်ခြင်း၊ ၎င်းနှစ်သက်ဖွယ် အာရုံတို့အတွက် မိစ္ဆာဝါယာမမဂ်၊ မိစ္ဆာသတိမဂ်၊ မိစ္ဆာသမာဓိ မဂ်တို့ကိုလည်း ဝင်စားသောအားဖြင့် ကျူးလွန်ကြခြင်း အကုသိုလ်မှုတို့မှာ မိစ္ဆာမဂ္ဂင်ရှစ်ပါးတို့ ထိုက်သင့်သည်အားလျော်စွာ ဝင်စားကြတာကို တယောက်ယောက်က ပြောကြားသမျှတို့ကိုလည်းကောင်း၊ ကုသိုလ်နှင့် စပ်ဆိုင်သော အရာတိုင်းတို့မှာလည်းကောင်း၊ သဟိတ်ပုဂ္ဂိုလ်တို့ အိပ်ပျော်ဆဲအခါထဲတို့မှာ လည်းကောင်း၊ ကုသိုလ်အဗျာကတမဂ္ဂင်ရှစ်ပါးတို့ ထိုက်သင့်သည်အားလျော်စွာ မဂ်ဝင်စားကြတာကိုလည်းကောင်း၊ တယောက်ယောက်က ပြောကြားသမျှကိုလည်းကောင်း ဤမဂ္ဂပစ္စည်း များကို နားလည်ပြီးသားချင်းတို့ ဖြစ်ကြသူတို့အစစ်အမှန်က အေးတော့ အေးတော့နှင့်ပင် ပြုံးရွှင်သော မျက်နှာထားနှင့်ပင် အကုန်လုံး လိုက်နိုင်ကြကုန်ရာသတည်း။

ဤမဂ္ဂပစ္စည်းကို ဝိပဿနာ ပွားများလိုသော ယောဂီပျိုတို့သည် သဟိတ်စိတ်(၇၁)ပါးတို့၌ ခဏတိုင်း ခဏတိုင်းတို့မှာ မဂ္ဂပစ္စည်း အကြောင်း အကျိုး ဖြစ်ကြပြီး အနိစ္စရောက်ကြသော ထိုထိုမဂ္ဂပစ္စည်း၏ ခဏပစ္စုပ္ပန်ပျက် ဝိပဿနာ အချက်တို့ကို ဉာဏ်မှီအောင်လိုက်၍ မရှုနိုင်ကြလေသောကြောင့် သန္တတိပျက်နှင့် ရှုရဖို့မှာကား ဤမဂ္ဂပစ္စည်းဆိုတာ သူငါအစားစားတို့ မသိနိုင်ကြသော တရားများမဟုတ်၊ သတ္တဝါအစားစားတို့ နေ့စဉ်ထာဝရ အသုံးကျ အသုံးချနေကြသော လိုချင်မှုလောဘနှင့် တကွဖြစ်သော မဂ္ဂပစ္စည်းများ ငါးပဋ္ဌာန်းတရားတို့ ဖြစ်ပေါ်ပြီး ချုပ်ပျက်စီးသည့် အနိစ္စစု၊ နှလုံးမသာယာခြင်း ဒေါသ၊ တွေဝေမိန်းမောခြင်း မောဟနှင့်တကွ ဖြစ်သော မဂ္ဂပစ္စည်းများ ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသည့် အနိစ္စစု၊ ဒါန၊ သီလ၊ ဘာဝနာ အစဖြာသော ကုသိုလ်ဇောများ အစားစားတို့ ဖြစ်ပေါ်လာကြပြီး ချုပ်ပျက်စီးသည့် အနိစ္စစု၊ အိပ်ပျော်ခြင်းစသော ဘဝင်အစားစား အဗျာကတမဂ္ဂပစ္စည်းတရားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသည့် အနိစ္စစုနှင့် တကွ ကိုယ်နှုတ်အမူအရာပျက် အနိစ္စအချက်တို့ကိုပါ တခုခုတို့ကို ဉာဏ်နှင့်မိမိ ပြုံးပြုံးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ" ဟု ဝိပဿနာ ရှုကြပါမူ ဤမဂ္ဂပစ္စည်း ငါးပဋ္ဌာန်းတရားကြီးကို ဝိပဿနာရှုသည်မည်၏။ ဤ အချက်ကို သိစေလို၍ "အဟိတ်ကြဉ်ဖယ်၊ နှစ်သွယ်ရုပ်နာမ်၊ ဖြစ်ပျက်ပြန်၊ ရှုရန်အနိစ္စ၊ ပွားများကြ" ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါးပဋ္ဌာန်းတရားအရကို စာမတတ်သူတို့ပါ လွယ်လွယ်ကလေးနှင့်သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက်ပါတည်း။

ဤပစ္စည်းကား–

သဟဇာတတ္တိမျိုးတွင် ပါဝင်နေသောကြောင့် သဟိတ်စိတ်၂၂ ကေဆတ္တတိ နှင့်တကွ စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ၁၅-ပါးသော သဟဇာတပစ္စည်း အသီးသီးတို့ဖြင့် ထိုက်သင့်သည်အားလျော်စွာ တပြိုင်နက် တချက်တည်းတို့မှာ တကွနက် ကျေးဇူးပြုကာ အကြောင်းအကျိုး ဖြစ်ပေါ် လာကြကုန်၏ ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

မဂ္ဂပစ္စည်း အကျဉ်းမျှ ပြီး၏။

---

## ၃၇-သမ္ပယုတ္တပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

မဂ္ဂပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ သမ္ပယုတ္တ ပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုသမ္ပယုတ္တ ပစ္စည်း၏ ပစ္စယ နိဒ္ဒေသ၌လည်း စာပဋ္ဌာန်း, ရှုပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ —

သမ္ပယုတ္တပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ
သမ္ပယုတ္တပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို ဘုရားဟောတော်မူ၏။ ဤ စာပဋ္ဌာန်းအရကို ရှုပဋ္ဌာန်း အရနှင့် ပြဆိုရပါမူ–

သမ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တပစ္စည်းဟူသည်ကား။ စတ္တာရော၊ လေးပါး ကုန်သော။ အရူပိနော၊ စိတ်စေတသိက် ရှိသမျှအကုန်လုံး နာမ်ဖြစ်ကြကုန် သော။ ခန္ဓာ၊အတွဲလိုက် အတွဲလိုက် ဖြစ်ကြကုန်သည့် ဝေဒနာက္ခန္ဓာ, သညာ- က္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သမ္ပ- ယုတ္တပစ္စယေန၊ စပ်ယှဉ်ခြင်းဟု ဆိုအပ်သော သမ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ယှဉ်စပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) ကုသလာကုသလ၊ ဗျာကတဘုံ၊ ဖြစ်ပေါ်မှု၊လေးခုနာမ၊ ခန္ဓာရ။

(၂) ခန္ဓာလေးဝ၊ ဖြစ်သမျှ၊ ရ၏ပစ္စယ၊ သမ္ပယုတ္တ။

(၃) ကုကုအဗျာ၊ သမ္ပယုတ္တာ၊ ရှုပါအနိစ္စ၊ ပွားများကြ။

## တနည်းဆောင်ပုဒ်

စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ, ဘယ်စိတ် စေတသိက် မဆို အချင်းချင်း သမ္ပယုတ္တပစ္စည်း ဖြစ်ကြကုန်၏ဟု ရှာ ပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

၎င်းစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤသမ္ပယုတ္တပစ္စည်း ပဋ္ဌာန်းတရားကြီး ဆိုသည်ကား သာမညလူများ သူငါအစားစားတို့ မသိနိုင်ကြ မရှိနိုင်ကြသော တရားမျိုး မဟုတ်၊ အမြဲထာဝရ ၎င်း သမ္ပယုတ္တပစ္စည်း အသီးသီးတို့နှင့် အသုံးကျ အသုံးချနေကြသော ငါပဋ္ဌာန်း တရားတို့ချည်း ဖြစ်နေကြပုံတို့ကား တခြားမဟုတ်၊ ထိုထို ဝတ္ထုအာရုံ ကာမ ဂုဏ်တို့ကို သာယာခြင်း နှစ်သက်ခြင်း ဖြစ်ကြက သြော် ငါသည် သမ္ပယုတ္တပစ္စည်း နာမက္ခန္ဓာ ငါပဋ္ဌာန်းတရားကြီးနှင့် သာယာနေပါတကားဟု ပဋ္ဌာန်းပစ္စည်းဖြစ်မှုကို သိနိုင်ကြကုန်ရာ၏။ ၎င်းပြင် နှလုံးမသာမယာခြင်း, ဒေါသဖြစ်သောအခါ, တွေဝေမိန်းမောခြင်း မောဟဖြစ်သောအခါ တို့မှာလည်း သမ္ပယုတ္တပစ္စည်း နာမက္ခန္ဓာ ငါပဋ္ဌာန်း တရားကြီးတို့နှင့် ဖြစ်နေကြပါ တကားဟု ငါပဋ္ဌာန်းပစ္စည်းဖြစ်မှုကို သိနိုင်ကြကုန်ရာ၏။၎င်းပြင် ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာသော ကုသိုလ်တရား အစားစားတို့ ဖြစ်ပွားသော အခါတို့မှာလည်း သမ္ပယုတ္တပစ္စည်းနာမက္ခန္ဓာ ငါပဋ္ဌာန်းတရားကြီးတို့နှင့် ဖြစ်နေ ကြကုန်ပါတကားဟု ပဋ္ဌာန်းပစ္စည်းဖြစ်မှုကို သိနိုင်ကြကုန်ရာ၏။ ၎င်းပြင် အိပ် ပျော်ခြင်းစသော ဘဝင်ဝိပါက်ကြိယာ အဗျာကတတို့ ဖြစ်ပွားနေကြသော အခါ တို့မှာလည်း သမ္ပယုတ္တပစ္စည်း နာမက္ခန္ဓာ ငါပဋ္ဌာန်းတရားကြီးတို့နှင့် ဖြစ်နေကြ ကုန်ပါတကားဟု ပဋ္ဌာန်းပစ္စည်းဖြစ်မှုကို သိနိုင်ကြကုန်ရာ၏။ ဤသို့ နာမ်တရား ဖြစ်သမျှတို့မှာ နာမက္ခန္ဓာလေးပါးနှင့် သမ္ပယုတ္တပစ္စည်းများဖြစ်နေကြပုံကို သိစေ လို၍ "သမ္ပယုတ္တပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တ- ပစ္စယေန ပစ္စယော"ဟု စာပဋ္ဌာန်းအရကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤဘုရားဟောပါဠိတော်အရကို လွယ်လွယ်ကလေးနှင့် သိစေလို၍ "**ကုသလာ ကုသလ၊ ဗျာကတစု၊ ဖြစ်ပေါ်မှု၊ လေးခုနာမ၊ ခန္ဓာရ။ ခန္ဓာလေး၀၊ ဖြစ်သမျှ၊ ရ၏ပစ္စယ၊ သမ္ပယုတ္တ။ ။တနည်း။ "ဘယ်စိတ်စေတသိက်မဆို အချင်းချင်း သမ္ပယုတ္တပစ္စည်း ဖြစ်ကြကုန်၏"**ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤသမ္ပယုတ္တပစ္စည်းကို ဝိပဿနာပွားများလိုသော ယောဂီပုဂ္ဂိုလ်တို့သည် စိတ္တက္ခဏတိုင်းတို့မှာ သမ္ပယုတ္တပစ္စည်း အကြောင်းအကျိုးဖြစ်ကြပြီး အနိစ္စရောက် နေကြသော ထိုသမ္ပယုတ္တပစ္စည်း၏ ခဏပစ္စုပ္ပန်ပျက် ဝိပဿနာအချက်တို့ကို ဉာဏ်နှင့်မှီအောင်လိုက်၍ မရှုနိုင်ကြလေသောကြောင့် သန္တတိပျက်နှင့် ရှုကြရဖို့ မှာကား သတ္တဝါအစားစားတို့သည် နေ့စဉ်ထာဝရ အသုံးချနေကြသော လိုချင်မှု

လောဘ အစားစားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသည့် အနိစ္စစု၊ နှလုံးမသာ ယာခြင်း ဒေါသအစားစား, တော့မမိန်းမောခြင်း မောဟအစားစားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသော အနိစ္စစု၊ ဒါန သီလ ဘာဝနာ အစဖြာသော ကုသိုလ်ဇောများ အစားစားတို့ ဖြစ်ပေါ်ပြီး ချုပ်ပျက်စီးသည့်၊ အနိစ္စစု၊ အိပ်ပျော်ခြင်းစသော ဘဝင်အစားစား အဗျာကတတရားတို့ ဖြစ်ပေါ်ကြပြီး ချုပ်ပျက်စီးသည့် အနိစ္စအချက်တို့ကိုပါ ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ"ဟု ဝိပဿနာရှုကြပါမူ ဤသမ္ပယုတ္တပစ္စည်း ငါးပဋ္ဌာန်းတရားကြီးကို ဝိပဿနာရှုသည်မည်၏၊ ဤအချက်တို့ကို သိစေလို၍ "ကုကုအဗျာ၊ သမ္ပယုတ္တာ၊ ရူပါ အနိစ္စ၊ ပွားများကြ"ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။ ဤသည်တို့ကား ငါးပဋ္ဌာန်းတရားအရကို စာမတတ်သူတို့ပါ လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှပြချက်ပါတည်း။

ဤပစ္စည်းကား—

သဟဇာတပစ္စည်းမျိုးထဲတွင် ပါဝင်သောကြောင့် စိတ်တခုယုတ်ကိုးဆယ်နှင့်တကွ စေတသိက်နာမက္ခန္ဓာတို့အား (၁၄)ပါးသော သဟဇာတပစ္စည်းအသီးသီးတို့ ထိုက်သင့်သည်အားလျော်စွာ တပြိုင်နက် တချက်တည်းတို့မှာ တကွနက် ကျေးဇူးပြုကာ အကြောင်းအကျိုး ဖြစ်ပေါ်လာကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

သမ္ပယုတ္တပစ္စည်းအကျဉ်း ပြီး၏။

---

## ၃၈-ဝိပ္ပယုတ္တပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

သမ္ပယုတ္တပစ္စည်း၏ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏၊ ထိုဝိပ္ပယုတ္တပစ္စည်းသည်လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါးပဋ္ဌာန်းအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

ဝိပ္ပယုတ္တပစ္စယောတိ ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော-

ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။ ၎င်းစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝတ္ထုရုပ်ခြောက်ပါးတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နောက်နောက်၌ဖြစ်ကုန်သော ပဋိသန္ဓေ ပဝတ္တိ နာမက္ခန္ဓာ, တကွဖြစ်သော

ပစ္ဆာဇာတပစ္စယ ပဋိသန္ဓေ နာမက္ခန္ဓာတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မစပ်ယှဉ်ခြင်းဟု ဆိုအပ်သောဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ တက္ကဖြစ်ကြသည့် ပစ္ဆာဇာတပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ, နောက် နောက်၌ ဖြစ်ကြသည့် ပစ္ဆာဇာတပဝတ္တ နာမက္ခန္ဓာတို့သည်။ ရူပီနံ၊ ရုပ်ဖြစ် ကုန်သော။ ဓမ္မာနံ၊ တက္ကဖြစ်ကြသည့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ရှေးရှေး စိတ္တက္ခဏတချက်နှင့် အတူဥပါဒ်ပြိုင်သော ကေဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယတို့အား။ ဝိပ္ပယုတ္တပစ္စယေန၊ မစပ်ခြင်းဟုဆိုအပ်သော ဝိပ္ပယုတ္တ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

(၁) ရုပ်ကြောင်းနာမ်ကျိုး၊ နာမ်ကြောင်းရုပ်ကျိုး၊ ထိုနှစ်မျိုး၊ ကြောင်း ကျိုးဝိပ္ပယုတ္တ၊ ပစ္စည်းရ။

(၂) သဟပုရေ၊ ပစ္ဆာဇေ၊ သုံးထွေဝိပ္ပယုတ္တ၊ ပစ္စည်းရ။

(၃) ၎င်းသုံးဖြာ၊ အနိစ္စာ၊ ရှုရာနည်းက၊ ရှေးတိုင်းပြ။

## တနည်းဆောင်ပုဒ်

(၁) ရှေ့ဝတ္ထုရုပ်ခြောက်ပါးက မှီရှုဖြစ်သော နောက်ဝိညာဏ်ခုနစ်စား နာမက္ခန္ဓာအား ပုရေဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) နောက်ဝိညာဏ်နာမက္ခန္ဓာ အစားစားက ရှေးစိတ်နှင့် အတူဥပါဒ်သော စတုဇကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) နာမက္ခန္ဓာလေးပါးက စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်း ကောင်း၊ ဟဒယဝတ္ထုရုပ်က ပဋိသန္ဓေ နာမက္ခန္ဓာတို့အား လည်းကောင်း သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပေ၏-—

ဟု ရှာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

၎င်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအမှုနှင့် ပြဆိုရပါမူ ဤဝိပ္ပယုတ္တ ပစ္စည်း၌ ပုရေဇာတဝိပ္ပယုတ္တပစ္စည်း, သဟဇာတဝိပ္ပယုတ္တပစ္စည်း, ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်းဟု သုံးမျိုးရှိရာတွင် နောက်မှ ဖြစ်ပေါ်လာကြသည့် သတ္တ- ဝိညာဏဓာတ် နာမက္ခန္ဓာတို့အား ရှေး၌ဖြစ်ပေါ်ပြီး အသီးအသီး ပစ္စဝေါကာရ မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုကြသော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယဝတ္ထုရုပ်တို့ တည်းဟူသော ပုရေဇာတပစ္စည်း၊ ပဉ္စဝေါကာရပဋိသန္ဓေ

နာမက္ခန္ဓာတို့အား မှီရာအဖြစ်ဖြင့် တကွဖြစ်ပြီး ကျေးဇူးပြုသည့် ဟဒယဝတ္ထုရုပ်တည်းဟူသော သဟဇာတဝိပ္ပယုတ္တပစ္စည်းတရား ဤနှစ်ပါးတို့သည် ရုပ်က အကြောင်းဖြစ်၍ နာမ်က အကျိုးဖြစ်ကြောင်းကို သိစေလို၍ "ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဟု ဘုရားဟောတော်မူအပ်ပါသတည်း။

ထိုနောက်တဖန် ရုပ်ကိုဖြစ်စေတတ်သော ပဉ္စဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးတို့သည် မိမိတို့က ဖြစ်စေကြသည့် စိတ္တဇရုပ်နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ကျေးဇူးပြုကြသည့် သဟဇာတဝိပ္ပယုတ္တပစ္စည်း၊ ပဉ္စဝေါကာရ ဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ကစ၍ နောက်နောက်သော စိတ် စေတသိက် နာမက္ခန္ဓာဟူက ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်ဌီသို့ရောက်သော ကမ္မဇရုပ်ဟူသော ဧကဇကာယ, ကမ္မဇ စိတ္တဇတည်းဟူသော ဒွိဇကာယ, ကမ္မဇ စိတ္တဇ ဥတုဇတည်းဟူသော တိဇကာယ, ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇ တည်းဟူသော စတုဇကာယတို့အား နောက်မှဖြစ်ပြီး ကျေးဇူးပြုကြသည့် ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းတရား ဤနှစ်ပါးတို့သည် နာမ်က အကြောင်းဖြစ်၍ ရုပ်က အကျိုးဖြစ်ကြောင်းကို သိစေလို၍ "အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဟုဘုရားဟောတော်မူအပ်ပါသတည်း။ ဤပါဠိတော်များကို အလွယ်နှင့် သိစေလို၍ "ရုပ်ကြောင်းနာမ်ကျိုး၊ နာမ်ကြောင်းရုပ်ကျိုး၊ ထိုနှစ်မျိုး၊ ကြောင်းကျိုးဝိပ္ပယုတ္တ၊ ပစ္စည်းရ" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤပါဠိတော် တရပ်တရပ်မှာ ပစ္စည်းနှစ်မျိုး နှစ်မျိုးစီပင် ပါသော်လည်း အားလုံးပေါင်းလိုက်သည်ရှိသော် (၁) ပုရေဇာတဝိပ္ပယုတ္တပစ္စည်း၊ (၂) ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း (၃) သဟဇာတဝိပ္ပယုတ္တပစ္စည်း။ ဤပစ္စည်းသုံးမျိုးသာ ရှိကြောင်းကို သိစေလို၍ "သဟပုရေ၊ ပစ္ဆာဇေ၊ သုံးထွေ ဝိပ္ပယုတ္တ၊ ပစ္စည်းရ" ဟူ၍လည်းကောင်း ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ဤဝိပ္ပယုတ္တပစ္စည်းကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးကပြအပ်ခဲ့သော သဟဇာတနိဿယပစ္စည်းက ဝိပဿနာနည်းအတိုင်းကိုလည်းကောင်း၊ ရှေးကပြခဲ့ပြီးသော ဝတ္ထုပုရေဇာတပစ္စည်း အာရမ္မဏပုရေဇာတပစ္စည်းက ဝိပဿနာနည်းအရကို လည်းကောင်း ကြည့်၍ သိ၍ ၎င်းတို့အတိုင်း ဤဝိပ္ပယုတ္တပစ္စည်းမှာလည်း ဝိပဿနာတရား ပွားများကြစေလိုခြင်းကို သိစေလို၍ "၎င်းသုံးဖြာ၊ အနိစ္စာ၊ ရှုရာနည်းက၊ ရှေးတိုင်းပြ" ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

ဤဝိပ္ပယုတ္တပစ္စည်း သုံးပါးတို့သည်လည်း ရပ်သူရွာသား သူငါ စသည်များတို့မှာ မရှိနိုင်သော တရားမျိုး, မသိနိုင်သော တရားမျိုး, မသိကောင်းသော တရားမျိုး မဟုတ်ကြကုန်။ ပဉ္စဝေါကာရဘုံ၌ ဖြစ်ဖြစ်သမျှသော အပါယ်ဘုံသား

နှင့်တကွ သုဂတိဘုံသားတို့ နာမ်တရားဖြစ်သမျှတို့မှာ ထိုက်သင့်သည် အားလျော်စွာ သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ် အစားစား ငါပဋ္ဌာန်းတရားတို့နှင့်ချည်း အခါခပ်သိမ်း ဖြစ်နေကြရ အသုံးကျနေကြရ အသုံးချနေကြရသောကြောင့် ၎င်းတို့မှကင်း၍ မဖြစ်နိုင်ပဲ လက်ဖျစ်တတွက်အတွင်းမှာ ၎င်းဝိပ္ပယုတ္တပစ္စည်း သုံးစားမှ ရှောင်ရှားနိုင်သူတို့အား ဆုငွေတွေအများ ပေးသနားတော်မူမည် ဆိုစေကာမူ လွတ်ကင်းအောင် မရှောင်ကွင်းနိုင်ကြ၊ ၎င်းပစ္စည်းတို့ ပေါများနေသည်ကို သိရှိကြရသဖြင့် ဤပဋ္ဌာန်းတရားကြီးများကို သိရှိဖတ်ကြည့်ရသူ ကြားနာရသူ ပညာရှိ သဘောဖြူမှန်သမျှတို့အားကြီးစွာ ဝမ်းမြောက်ကြဖို့ပေတည်း။ ဤသည်တို့ကား ငါပဋ္ဌာန်းတရားအရကို စာမတတ်သူတို့ပါ လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့်တကွ အကျဉ်းမျှ ပြချက် ါတည်း။

ဤပစ္စည်း၌ပါသော ပစ္စည်းသုံးစားတို့ကား—

သဟဇာတမျိုး, ပုရေဇာတမျိုး, ပစ္ဆာဇာတမျိုးအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် မိမိတို့ အချိုးအစားနှင့် ရှေးကပြထားသည့်အတိုင်း ထိုက်သင့်သည် အားလျော်စွာ ပစ္စယသတ္တိများ ငါပဋ္ဌာန်းတရားတို့ တပြိုင်နက် တချက်တည်း အသီးသီး ကျေးဇူးပြုကြကုန်၏ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

ဝိပ္ပယုတ္တပစ္စည်းအကျဉ်း ပြီး၏။

---

## ၃၉–အတ္ထိပစ္စည်း ကို အကျဉ်းမျှ ဖော်ပြချက်

ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုအတ္ထိပစ္စည်းသည်လည်း သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိအားဖြင့် ပစ္စည်းအမျိုးအပြား ငါးပါးရှိရာတို့တွင် သဟဇာတတ္ထိသည် ရှေးကပြအပ်ခဲ့ပြီးသော သဟဇာတပစ္စည်းနှင့် အလုံးစုံတူ၏၊ ပုရေဇာတတ္ထိသည်လည်း ရှေးကပြခဲ့ပြီးသော ပုရေဇာတနှင့် အလုံးစုံတူ၏၊ ပစ္ဆာဇာတတ္ထိသည်လည်း ရှေးကပြခဲ့ပြီးသော ပစ္ဆာဇာတပစ္စည်းနှင့် အလုံးစုံတူ၏၊ အာဟာရတ္ထိပစ္စည်းသည်လည်း ရှေးကပြခဲ့ပြီးသော ရုပ်အာဟာရနှင့် အလုံးစုံတူ၏၊ ဣန္ဒြိယတ္ထိပစ္စည်းသည်လည်း ရှေးကပြခဲ့ပြီးသော ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် အလုံးစုံတူ၏ ဟု မှတ်ကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

အတ္ထိပစ္စည်း အကျဉ်းမျှပြချက် ပြီး၏။

---

## ၄၀ – နတ္ထိပစ္စည်းကို အကျဉ်းမျှ ဖော်ပြချက်

အတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုနတ္ထိပစ္စည်း၏ ပစ္စယနိဒ္ဒေသသည်လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ–

နတ္ထိပစ္စယောတိ သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ
စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေနပစ္စယော–

ဟု စာပဋ္ဌာန်းအရကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စည်းဟူသည်ကား॥ သမနန္တရနိရုဒ္ဓါ၊ မိမိ၏အခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာတရားတို့သည်။ ပဋုပ္ပန္နာနံ၊ မိမိအတုဖြစ်ကုန်သော၊ ဝါ၊ နောက်ဆက်တဖန် ဖြစ်ကြပြန်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား॥ နတ္ထိပစ္စယေန၊ မိမိချုပ်ပြား မရှိသောအားဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နာမ်ဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

### ဆောင်ပုဒ်

(၁) အသင်းမရှိ၊ မိုက်ခရောက်ဘိ၊ ဖြစ်သည့်ပမာ၊ နတ္ထိမှာ။

(၂) ချုပ်ပြီးနာမ်ကား၊ အကြောင်းထား၊ ဖြစ်ပွားနောက်မှာ၊ အကျိုးသာ။

(၃) ဝိပဿနာမူ၊ နန္တရတူ၊ နည်းယူအားထုတ်ပါ။

### တနည်းဆောင်ပုဒ်

ရှေးရှေး နာမက္ခန္ဓာက နောက်နောက်အခြားမဲ့ နာမက္ခန္ဓာအား နတ္ထိ-
ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ရှာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ နတ္ထိပစ္စည်းက ကျေးဇူးပြုကြပုံကို ဥပမာဆိုသော် ဤလောကတွင် မျက်မှောက်ဒိဋ္ဌ သိရှိကြသည်ကား မီးရောင်နေရောင်ကြယ်ရောင်စသောအလင်းအရောင်၏ ပျောက်ကင်းခြင်းအကြောင်းရမှ အမိုက်ဖြစ်ပေါ်ခြင်း အကျိုးတရားဖြစ်ပွားကြရသလို သတ္တဝါတိုင်းဘို့မှာ နာမက္ခန္ဓာတွေ အတွဲလိုက် အတွဲလိုက် ပုတီးကုံးအစဉ်များကဲ့သို့ သံသရာ လျောက်သုံးကြီးတို့မှာ အစဉ်အတိုင်း ဖြစ်ပေါ်လာကြပြီး ချုပ်ပျက်စီး၍ နေကြသည့် ရှေးရှေးနာမက္ခန္ဓာတိုင်းတို့က ချုပ်ပျက်၍ မရှိကွယ်ပျောက်

အနိစ္စရောက်ခြင်းသည် နောက်နောက် နာမက္ခန္ဓာတိုင်းတို့ ဖြစ်ပေါ်လာအောင် မရှိခြင်းက ကျေးဇူးဆောင်နေကြသည်ကိုပင် နတ္ထိပစ္စည်း ငါပဌာန်းတရားကြီးတို့ အစစ်ဖြစ်နေကြသည်ကို သိစေလို၍ "နတ္ထိပစ္စယောတိ အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော" ဟု စာပဌာန်းအရကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤပါဠိတော်စကားအရကို ဥပမာနှင့်တကွ အကျဉ်းချုပ်အားဖြင့် သိစေလို၍ "အလင်းမရှိ၊ မိုက်ရောက်ဘိ၊ ဖြစ်သည့်ပမာ၊ နတ္ထိမှာ၊ ချုပ်ပြီးနာမ်ကား၊ အကြောင်းထား၊ ဖြစ်ပွားနာမ်မှာ၊ အကျိုးသာ" ဟူ၍လည်းကောင်း, "ရှေးရှေးနာမက္ခန္ဓာက နောက်နောက် အခြားမဲ့ နာမက္ခန္ဓာအား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏" ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤနတ္ထိပစ္စည်း ငါပဌာန်းတရားကြီးသည်လည်း သာမညလူစား သူငါများတို့မှာ မရှိနိုင်ကြ မသိနိုင်ကြသော တရားမျိုးမဟုတ်၊ နာမ်ဖြစ်သမျှသော အပါယ်ဘုံသား သုဂတိဘုံသား အစားစားတို့မှာ ခြောက်ဒွါရ၌ သိလုံးတွေ ဖြစ်ပေါ်နေကြတာကို လူတိုင်းပင် သိရှိကြ၏။ ဤသို့ သိရှိကြသည့် သိလုံးနာမ်တရားတွေကား တခြားမဟုတ်၊ ဤနတ္ထိပစ္စည်း၏ အကျိုးများ ငါပဌာန်းတရားတည်းဟု မခြောက်မရှိ မတွန့်မဆုတ်ပဲ ရဲရဲကြီး သိရှိကြ ဟောပြောကြပါလေ။ အသုတ်ဆုံးဘာကိုမျှ မသိပဲ အိပ်ပျော်နေဆဲ အခါတို့မှာတောင် ဘဝင်အစဉ်တို့မှာ နတ္ထိပစ္စည်းအကျိုး အမျိုးမျိုးဖြစ်ကြရသောကြောင့် ဤနတ္ထိပစ္စည်းက မည်သူမဆို လွတ်အောင် မရှောင်နိုင်ကြကုန်အောင် နတ္ထိပစ္စည်းတရား ပေါ်များကြသည်ကို သိရှိကြသူ ပညာရှိသဘောဖြူမှန်သမျှတို့သည် ပြော် ဤ နတ္ထိပစ္စည်းကိုပင် ငါတို့နေ့စဉ် အခါခပ်သိမ်း အသုံးကျ အသုံးချနေမှုပါတကားဟု များများကြီး ဝမ်းမြောက်ကြကုန်ရာသတည်း။ ဤနတ္ထိပစ္စည်းကို ဝိပဿနာရှုလိုသော ယောဂီပုဂ္ဂိုလ်တို့သည်ကား—ရှေးအနန္တရပစ္စည်းက ပြအပ်ခဲ့ပြီးသော ဝိပဿနာနည်းအတိုင်းသာ ရှုကြစေလိုပါသောကြောင့် "ဝိပဿနာမူ၊ နန္တရတူ၊ နည်းယူအားထုတ်ပါ" ဟု ဆောင်ပုဒ်၌ ပြဆိုအပ်ပါသတည်း။ ဤသည်တို့ကား ငါပဌာန်းတရားအရကို စာမဘတ်သူတို့ပါ လွယ်လွယ်ကလေးနှင့် သိနိုင်ကြအောင် ဝိပဿနာနည်းနှင့် တကွ အကျဉ်းမျှ ပြချက်ပါတည်း။

ဤ ပစ္စည်းကား အနန္တရပနိဿယပစ္စည်းမျိုးဖြစ်၍ ထိုအနန္တရနှင့်အတူ ခြောက်ပစ္စယသတ္တိတို့ဖြင့် ၆ ပြိုင်နက် တခုက်တည်း ထိုက်သင့်သည့် အားလျော်စွာ အသီးအသီး တကွနက် ကျေးဇူးပြုကာ အကြောင်းအကျိုး ဖြစ်ပေါ်လာကုန်၏ ဟု သိကြပါလေ ယောဂီအပေါင်း သူတော်ကောင်းတွေတို့။

နတ္ထိပစ္စည်း အကျဉ်း ပြီး၏။

**ဝိဂတပစ္စည်းကား**—ဤနတ္ထိပစ္စည်းနှင့် အလုံးစုံတူ၏။ အဝိဂတပစ္စည်း သည်လည်း ရှေးကပြခဲ့သည့် အတ္ထိပစ္စည်းနှင့် အလုံးစုံတူကြ၏။

ဤရှေးက ပြအပ်ခဲ့ပြီးသည်တို့ကား ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်များ စာပဋ္ဌာန်းတရားတော်ကြီးများအရကို စာမတတ်သူ လူအစားစားတို့ သိကြားနားလည်နိုင်အောင် ၎င်းပါဠိတော်အသွားအတိုင်း ရှာစကားနှင့် ရေးသားပြီးလျှင် မိမိ မိမိတို့နှင့် တကွ ထိုထို ကမ္ဘာလောကကြီးတိုင်းတို့မှာ အမြဲထာဝရဖြစ်ပေါ်လျက် ရှိနေကြသော ငါပဋ္ဌာန်းတရားအစစ်များကို အကျဉ်းမျှ ညွှန်ကြားခြင်းအရတို့ပါတည်း၊

အကျယ်ကိုမူကား ဤပြအပ်ခဲ့ပြီးသော အကျဉ်းနည်းကို မှီးကာ မှီးကာ ဤအနန္တလောကကြီးထဲမှာဉာဏ်လက်ညှိုးနှင့် ထိုးကြပြီးလျှင် ဤပဋ္ဌာန်းတရားအစစ်တို့ကား သူငါတို့အတွင်းမှာ ဟောတာတွေ့ပဲဟဲ့ ဟောတာ တွေ့ပဲဟဲ့ တခုစီ တခုစီ၊ ဝါ-တပစ္စည်း တပစ္စည်းစီ အနုစိတ်ကာ စိတ်ကာ လောကကြီးလည်းအဆုံးမရှိ၊ ပဋ္ဌာန်းပစ္စည်းလည်း အဆုံးမရှိ၊ ထိုတရားကို သိတော်မူသော သဗ္ဗညုတဉာဏ်တော်ကြီးလည်း အဆုံးမရှိ၊ထိုအလွန်အလွန် တန်ခိုးကြီးမားး အဆုံးမရှိသော ဤပဋ္ဌာန်းတရားတော်ကြီးများကို ငါးခုမြောက် ရတနာဃရ ရွှေအိမ်တော်မှာ ဆင်ခြင်တော်မူသော အလွန်အလွန် တန်ခိုးရှိန်စော် အာနုဘော် ကြီးမားသော ဉာဏ်တော်ကြီးတို့နှင့် ဆက်သွယ်ကြပြီး တကိုယ်လုံးကြီးတို့မှ ထွက်ပေါ်ကြသော ခြောက်သွယ်သော ရောင်ခြည်တော်တို့လည်း အဆုံးမရှိသည်များကို ပဋ္ဌာန်းတရားတော်နှင့်တကွ ဘုရားဉာဏ်တော်များကို ကြည်ညိုအားထားကြကာ မိမိ မိမိတို့ ဉာဏ်မှီသလောက် ပဋ္ဌာန်းတရားကြီးများ ပေါက်ရောက်သွားအောင် ကြိုးစားအားထုတ်တော် မူနိုင်ကြပါစေသတည်း။ ဝါ—မိမိတို့ ဉာဏ်မှီသလောက် မသိသိအောင် ပစ္စည်းတမျိုး တမျိုးစီ အကျယ်ဖြန့်ကာ ဖြန့်ကာ ဝိပဿနာအလုပ်လည်း ပေါက်ရောက်ကြပါအောင် အားထုတ်နိုင်ကြ၍ ဝိပဿနာတရား အစားစားတို့ တက်သစ်သောနေဝန်း ထွန်းသစ်သော လကဲ့သို့ တနေ့တခြား ကြီးပွားတိုးတက်ကြသဖြင့် နိဗ္ဗာန်တိုင် ထုတ်ခြောက် လျှင်မြန်စွာ ရောက်ကြပါစေသတည်းဟု မေတ္တာကရုဏာ ကြီးကြီးပွား၍ ရေးထုတ်အပ်သော ပစ္စယနိဒ္ဒေသစကားရပ် ဤတွင် အပြီးသတ်လိုက်ရပါသတည်း။

ပဋ္ဌာန်းပစ္စယနိဒ္ဒေသစကားရပ် ဤတွင် အပြီးသတ်ပြီးပြီ၊

---

## ၄၁—ပဋ္ဌာန်းပဉှာဝါရက ကုသလ, အကုသလအရတို့ကို ဘာသာခြားတို့ပင် မငြင်းနိုင်အောင် ကျင့်စဉ်ဖော်ပြချက်

ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋ္ဌာန်းပုစ္ဆာဝါရ, ဝိဘင်္ဂနာဝါရ အစရှိကို ဟောပြတော်မူရာတွင် ပဋိစ္စဝါရ, သံသဋ္ဌဝါရ စသော

ဝါရကြီး ခုနစ်ဝါရတို့ကို ဟောပြတော်မူလေသတည်း။ ထိုခုနစ်ဝါတို့၏ အရများကို အဆိုက်အလျောက် သိသာထင်ရှားအောင် ရေးပြသင့် ရေးပြထိုက်သော်လည်း စာအုပ်ကြီးသွားသဖြင့် ကြည့်ရှုသူများ ဝန်လေးသွားမည်လည်းတကြောင်း၊ ဉာဏ်မမှီသူများ ရှုပ်ထွေးသွားမည်လည်း တကြောင်းတို့ကြောင့် ကျမ်းလည်း မကြီးမကျယ်နှင့် သူငါအစားစားတို့ ဉာဏ်မှီလွယ်လောက်သော နောက်ဆုံး ပဋ္ဌာဝါရအထဲက အာရမ္မဏ, ဥပနိဿယပစ္စည်းများ သူငါအစားစားတို့ နေ့စဉ် ဖြစ်ပွားနေသည်ကို ဘုရားကိုယ်တော်မြတ်ကြီး ဤပဋ္ဌာန်းဒေသနာတော်ကြီးဖြင့် ဟောဖော်ပြချက်ကို နည်းအမြွက်မျှ သိရှိကြရန် ထုတ်ပြန်ရေးသားလတ္တံ့. သည်၌ ယခုဟောပြဆဲ ပဋ္ဌာန်းကား ကုသလတိက ပဋ္ဌာန်းကြီးဖြစ်ပေသတည်း။

ဤပဋ္ဌာန်းကြီး၌လည်း "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ" အစဖြာသော သမုတိသစ္စာနယ်နှင့် ပရမတ္ထသစ္စာနယ် နှစ်သွယ်နှစ်ရပ် ပေါင်းစပ်၍ ဟောပြတော်မူသည့် ဒေသနာတော် အစားစားတို့ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောပြတော်မူသည်ကား အကြွင်သတ္တဝါတို့သည် ပညာရင့်သန်ကြပါ၍ သမုတိ သစ္စာမဖက် ပရမတ္ထ သစ္စာသက်သက်နှင့် နိဗ္ဗာန်ဘက်သို့ ကူးတက်နိုင်အံ့ဟု သိရှိ တော်မူပါမူ ထိုသတ္တဝါတို့အား ပရမတ္ထသစ္စာ အဘိဓမ္မာကျမ်းဂန်လာ ဒေသနာ အစားစားတို့ဖြင့် ဝိပဿနာအစားစားတို့ကို ဟောကြားတော်မူပြီးလျှင် နိဗ္ဗာန်ခွင် သို့ ကယ်တင်တော်မူလေ၏၊ အကြွင်သတ္တဝါ အစားစားတို့သည် ပညာမရင့်သန် သေးပဲ သမုတိသစ္စာ ပညတ်နယ်ထဲက လောကီ လောကုတ္တရာ အသိအလိမ္မာ ဉာဏ်ပညာ အမျိုးမျိုး တိုးပွားကြစေ၍ ဒါန သီလ သမထ အစားစား ပါရမီများ ကို ရင့်သန်ကြစေရန် ပညတ်နယ် အစားစားတို့ဖြင့် သိကြားနားလည်လွယ် အောင် သုတ္တန်ကျမ်းဂန်လာ ဒေသနာအစားစားတို့ကို ဟောကြားရင့်သန်စေ ပြီးမှ ဉာဏ်ရင့်သန်လာသော အခါသို့ကျလျှင် သစ္စာလေးပါး ပရမတ်တရားတို့ဖြင့် ဝိပဿနာဉာဏ် အတန်တန်တို့ မြန်မြန်ကြီး ပေါက်ရောက်အောင် ဟောကြား တော်မူပြီးလျှင် နိဗ္ဗာန်ခွင်သို့ ပို့တင်တော်မူပေ၏။ ထိုသို့ပို့တင်သောအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်အရပ်ရပ်တို့ အဆုံး သတ် ရည်ရွယ်ချက်ကား နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိရသတခုမျှကိုသာ တောင့်တ လိုလား၍ ဟောကြားတော်မူခြင်း တမျိုးတည်း၌ သတ္တဝါစရိုက်သို့မလိုက်ပဲ ပရမတ္ထသစ္စာနယ်သက်သက်နှင့်သာ ဟောကြားတော်မူအပ်သော ဒေသနာတော် မြတ်တို့ကို ဓမ္မာဓိဋ္ဌာန် ဟောနည်းဟူ၍လည်းကောင်း၊ သတ္တဝါတို့စရိုက်လိုက်ပြီး သမုတိသစ္စာနယ်နှင့် တွဲဖက်၍ ဟောပြတော်မူအပ်သော ဒေသနာတော်မြတ်တို့ ကို ပုဂ္ဂလာဓိဋ္ဌာန် ဟောနည်းတည်းဟူ၍ လည်းကောင်း ထိုထို အဋ္ဌကထာ ဋီကာတို့မှာ ဟောပြောနည်း နှစ်စားတို့ကို မိန့်ကြားတော်မူအပ်ပါသတည်း။

ထိုနှစ်ပါးတို့တွင် ပရမတ္ထသစ္စာ တရား အစားစားတို့ကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်အရပ်ရပ်တို့ကို ပေါင်းစပ်၍ ပြအပ်သည်ရှိသော် ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းအဆုံးထား၍ ခုနစ်ကျမ်းအပြားရှိရာတွင် ဤပဋ္ဌာန်းကျမ်း ပစ္စယဝါရ ပါဠိတော်များကို အလွယ်ကလေးနှင့် သိနိုင်ကြရန် ကုသလတိက်၌ စာစကား၊ ရှာစကား၊ ငါတရားအရနှင့် အမြဲထာဝရ ဤကမ္ဘာလောကကြီးထဲမှာ ပဋ္ဌာန်းပရမတ်စစ် တရားနှစ်တို့ ရှိနေကြတာကို ဘာသာခြား ကုလားများ မငြင်းဆန်နိုင်အောင် ပြရမူ "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" စသည်တို့ဖြင့် ဟောကြားတော်မူအပ်သော ထိုပါဠိတော် စကားကို မြန်မာလိုဆိုသော် ကုသလာ-ဟူသော ပါဠိစကားကို မြန်မာက (ကောင်း)၊ ဓမ္မာ-ဟူသော ပါဠိစကားကို မြန်မာက (သဘော) ဟူ၍ စကားနှစ်ခွန်းစီရှိရာတွင် ပါဠိစကားသက်သက်နှင့် ပြောဟောလိုမူ (ကုသလာ ဓမ္မာ) မြန်မာသက်သက်နှင့် ပြောဟောလိုမူ ကောင်းတဲ့သဘောဟူ၍ လည်းကောင်း၊ အကုသိုလ်မှာလည်း ပါဠိသက်သက်နှင့် ပြောဟောလိုမူ (အကုသလာ ဓမ္မာ) မြန်မာသက်သက်နှင့် ပြောဟောလိုမူ(မကောင်းတဲ့သဘော)ဟူ၍လည်းကောင်း၊ အဗျာကတမှာလည်း ပါဠိသက်သက်နှင့် ပြောဟောလိုမူ (အဗျာကတာ ဓမ္မာ) မြန်မာသက်သက်နှင့် ပြောဟောလိုမူ (ကောင်း၊ မကောင်း မဆိုရတဲ့သဘော) ဟူ၍လည်းကောင်း စကားနှစ်ရပ်စီ ရှိကြသည်ကို သိရှိကြပြီးမှ ၎င်းစကားတို့၏ အနက်သဘာဝ ပရမတ္ထအနှစ် ဓာတ်အစစ်ကို ရှာဖွေသိရှိလိုကြပါမူ ထိုထိုသတ္တဝါတို့၏ စိတ်စေတသိက်တို့အထဲမှာ အပြစ်လည်းမရှိ၊ ကောင်းသောအကျိုးကိုလည်း ပေးစွမ်းနိုင်ခြင်း သဘောလက္ခဏာ ရှိရှိသမျှသော ကုသိုလ်စိတ်စေတသိက်တရားတို့သည် ကုသလာ ဓမ္မာ=ကောင်းတဲ့သဘောဟု ပြောဟောအပ်သော ပါဠိ၊ မြန်မာဘာသာ သဒ္ဒါစကားနှစ်ရပ်တို့၏ အနက်ဖြစ်သော ပရမတ္ထအစစ် ဓာတ်အနှစ်တို့ပေတည်း။

**တနည်း**—ထိုစိတ် စေတသိက်တို့အထဲမှာ အပြစ်လည်းရှိ၊ မကောင်းသော အကျိုးကိုလည်း ပေးစွမ်းနိုင်ခြင်း သဘောလက္ခဏာ ရှိရှိသမျှသော အကုသိုလ်စိတ်စေတသိက်တရားတို့သည် အကုသလာ ဓမ္မာ=မကောင်းတဲ့သဘောဟု ပြောဟောအပ်သော ဤပါဠိ မြန်မာဘာသာ သဒ္ဒါစကားနှစ်ရပ်တို့၏ အနက်ဖြစ်သော ပရမတ္ထအစစ် ဓာတ်အနှစ်တို့ပေတည်း။

**တနည်း**—ထိုထို စကြဝဠာ အနန္တကမ္ဘာလောကဓာတ်ကြီးတို့၌ ရှိရှိသမျှသော ထိုထို ရုပ်ဓာတ် ကလာပ်တို့သည် လည်းကောင်း၊ သတ္တဝါတွင်းတို့မှာ အမြဲထာဝရ ခြောက်ဒွါရတို့၌ တွေ့ကြုံခံစားနေကြရပါသော ကောင်းကျိုးဝိပါက၊ မကောင်းကျိုးဝိပါကတို့သည်လည်းကောင်း၊ ထိုထိုကြိယာ စိတ် စေတသိက် အမူအရာတို့သည် လည်းကောင်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန်

မြတ်နိဗ္ဗာန်တရားတို့သည်လည်းကောင်း ကုသိုလ်တို့ကဲ့သို့ ကောင်းကျိုးကိုလည်း မပေးတတ်၊ အကုသိုလ်တို့ကဲ့သို့လည်း မကောင်းကျိုးကိုလည်း မပေးတတ်ပဲ ကောင်း မကောင်း မဆိုရတဲ့ နယ်ထဲတွင်သာ ရှိနေကြပါသော ဝိပါက်ကြိယာ ဖြစ်သည့် စိတ် စေတသိက်နှင့်တကွ ရှိရှိသမျှသော ရုပ်, နိဗ္ဗာန်တရားတို့သည် အဗျာကတာ ဓမ္မာ=ကောင်း မကောင်းမဆိုရတဲ့သဘောဟုပြောဟောအပ်သော ဤပါဠိ, မြန်မာဘာသာ သဒ္ဒါစကားနှစ်ချပ်တို့၏ အနက်ဖြစ်သော ပရမတ္ထဒ္ဓာစစ် ဓာတ်အနှစ်တို့ပေတည်း။

ဤကုသလတိက်အရ၏ သတ္တဝါအစားစားတို့၌ ဖြစ်နေကြသည်ကို ထင်ရှား အောင် ပြဆိုဦးအံ့၊ ဤအဘိဓမ္မာဓာတ် ပရမတ်အစစ် တရားတို့သည် ဤကမ္ဘာ လောကကြီးအတွင်းမှာ ဘုရားပွင့်သည်ဖြစ်စေ, မပွင့်သည်ဖြစ်စေ အမြဲထာဝရ ဖြစ်နေကြသည်တို့၏ အထောက်သက်သေတို့ကား— ဤကမ္ဘာလောကကြီးမှာ သုဂတိဘုံဘဝ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပဋိသန္ဓေနှင့်တကွ ကောင်းကျိုး ချမ်းသာ မင်္ဂလာအမျိုးမျိုးများ အကျိုးတရားတို့နှင့် မြင့်မြတ်သော ရုပ်ဓာတ် အကျိုး အမျိုးမျိုးတို့သည် ထင်ရှားကေန် ဖြစ်နေကြပြန်သည်ကို မျက်မြင်ဒိဋ္ဌ သူငါတို့ တွေ့ကြုံရသဖြင့် သိသင့်သိထိုက်လှ၏၊ ဤသိထိုက်သော ဝိပါက်ရုပ်နာမ် တရားတို့ကို အဗျာကတာ ဓမ္မာပုဒ်အရဟု ဆိုအပ်၏။ ဤဝိပါက် အဗျာကတာ ဓမ္မာ ပုဒ်အရတို့ကား ရှေးရှေးဘဝ ယခုဘဝတို့က ပြုခဲ့ကြသော ကုသလာ ဓမ္မာ= ကောင်းတဲ့သဘောတည်းဟူသော အကြောင်းတရားတို့ကြောင့်သာ ဖြစ်ကြပါ ကုန်သည်ဟု သိအပ်၏။

တနည်း—ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် အပါယ်ဘုံဘဝတို့၏ ပဋိ- သန္ဓေနှင့်တကွ မကောင်းကျိုးဆင်းရဲ အနှံနှံသော ဘေးဒုက္ခအမျိုးမျိုးများ အကျိုးတရားတို့နှင့် ယုတ်ညံ့သော ရုပ်ဓာတ်အမျိုးမျိုးတို့သည် ထင်ရှားကေန် ဖြစ်နေပြန်သည်ကို မျက်မြင်ဒိဋ္ဌ သူငါတို့ တွေ့ကြုံရသဖြင့် သိသင့်သိထိုက်လှ၏။ ဤ သိထိုက်သော ဝိပါက်ရုပ်နာမ်တရားတို့ကို အဗျာကတာ ဓမ္မာ ပုဒ်အရဟု ဆိုအပ်၏။ ဤဝိပါက် အဗျာကတာပုဒ်အရတို့ကား—ရှေးရှေးဘဝ, ယခုဘဝတို့က ပြုခဲ့ကြသော အကုသလာ ဓမ္မာ=မကောင်းဘဲ့သဘောတည်းဟူသောအကြောင်း တရားတို့ကြောင့်သာ ဖြစ်ကုန်ပါသည်ဟု သိအပ်၏။ ဤသို့ သိအပ်သော ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ ပုဒ်နှစ်ဖြာတို့၏ အဘိဓမ္မာ ပရမတ်အစစ်တို့ ဤလောကကြီးတွင် ထင်ရှားဖြစ်နေကြသော တရားကြီးများဖြစ်၍ အကြောင်း အကျိုး အမျိုးမျိုးတို့ကို ထောက်ဆသိရှိတတ်သူမှန်က မည်သူတဦးတယောက်မျှ မဟုတ်မမှန်ဘူးဟူ၍ မငြင်းဆန်နိုင်ရာ၊ ဗုဒ္ဓဘာသာ, ဟိန္ဒူဘာသာ, ခရစ်ယန် ဘာ သာ, မဟာမေဒင်ဘာသာ အစဖြာသော ဘာသာရေထောင် သိန်းသန်းတို့၏ ပညာနယ်က ကိုးကွယ်ရာအစားစား သူ့ဘုရား, ငါ့ဘုရား အစားစားနှင့် မိမိတို့

အယူဝါဒ ဖောက်ပြားကြသော ဘာသာတရား အစားစားတို့ကို သူ့ဟာမှန်သည်၊ ငါ့ဟာမှန်သည် အလီလီအဝဝ ငြင်းဆိုလိုကြမူ ငြင်းနိုင်ကြကုန်ရာ၏၊ ပရမတ် နယ်ကမူကား မငြင်းဆန်နိုင်ကြပုံကို စံတင်၍ ပြဆိုရမူ– ကုသိုလ်တရားအကုသိုလ် တရား ပရမတ်အစားစားတို့သည် သတ္တဝါအစားစားတို့မှာ မရှိနိုင်တာ မသိ နိုင်တာမျိုးမဟုတ်၊ ထိုထို ဟိမဝန္တာတောတောင်နှင့် ကောင်းကင်ဟင်းလင်း မြေအတွင်းတို့မှာ ခဲယဉ်းစွာ ဖြစ်နေနိုင်ကြတာမျိုးလည်း မဟုတ်ကြကုန်၊ စင်စစ်မူကား မိမိတို့ အိမ်ကျောင်း စသည်တို့အတွင်း၌ နေယင်း ထိုင်ယင်း သွားလာပြုလုပ် အားထုတ်ယင်းတို့မှာပင် အမြဲဖြစ်နေကြသော တရားမျိုးအစစ် ဖြစ်နေကြကုန်၏ ဟု သိကြပါလေ။

ဖြစ်ကြပုံကား—ထိုထိုအိမ်ကျောင်း စသည်တို့၌ သားသမီး မြေးမြစ် တပည့် ငယ်သား အိမ်သူမယား စသည်များတို့က မိဘဘိုးဘွား ဆရာသမား လင်သား များနှင့်တကွ အသက်သိက္ခာ ထေရ်ဝါကြီးသူတို့အား ရိုသေခြင်းဟု ဆိုအပ် သော ဂါရဝမင်္ဂလာ၊ နှိမ့်ချ၍ ဆည်းကပ်ခြင်း တည်းဟူသော နိဝါတမင်္ဂလာ၊ ကောင်းသောစကားကို လိုက်နာခြင်းတည်းဟူသော သောဝစဿတာမင်္ဂလာ၊ ကောင်းစွာ လုပ်ကျွေးခြင်း တည်းဟူသော ဥပဋ္ဌာနမင်္ဂလာ အစဖြာသော ကောင်းမြတ်သောအမှု အစုတို့ကို ကိုယ်နှင့်ကောင်းစွာပြုစုကြ၊ နှုတ်နှင့်ကောင်း စွာ ပြောဆိုကြ၊ စိတ်နှင့်ကောင်းစွာ နာယူကြသမျှသော စိတ်စေတနာတို့ ကောင်း မကောင်းကို စဉ်းစားကြည့်သူတို့မှာ ကောင်းတဲ့စိတ်သဘော ဖြစ်ကြ တာကို သိရှိနိုင်ကြကုန်ရာ၏ မည်သည့်အယူဝါဒ, မည်သူကမျှ မကောင်းဘူး ဟူ၍ မငြင်းဆန်နိုင်ကြကုန်ရာ။

ထိုသို့ သိရှိအပ်သည့် ကောင်းသော စိတ်စေတနာကို ပါဠိလို ကုသလာဓမ္မာ၊ မြန်မာလို ကောင်းတဲ့သဘောကြီးများ မင်္ဂလာတရားဟု ပြောဆိုအပ်၏၊ တရုတ် ကုလား စသည်တို့မှာလည်း သူတို့ဘာသာစကားနှင့် (ဒွတ်ဒက်)ဟူ၍ လည်းကောင်း၊ (ရှတ်ရက်)ဟူ၍လည်းကောင်း စသည်ဖြင့် ပြောဆိုအပ်သော စကားအစားစားတို့ ရှိကြမှာချည်း ဖြစ်ကြကုန်ရာ၏၊ ဤသို့ဖြစ်ကြသော စကားဟူသမျှတို့သည် ယခင်ကပြခဲ့သည့် ရိုသေခြင်းဂါရဝမင်္ဂလာ အစဖြာသော ကုသိုလ်ငါပရမတ်တရားအစစ်တို့ချည်း ပြောဆိုကြသောကြောင့် စာပရမတ် စကား, ရွာပရမတ်စကားဟူ၍သာ ခြားနား၍ သိကုန်ရာ၏၊ ဂါရဝမင်္ဂလာ အစဖြာသော ကုသိုလ် ငါပရမတ် တရားအစစ်တို့မူကား မခြားနားကြကုန်ဟု သိရှိကြကုန်၏။ ။ဤကား ကုသလာ-ပုဒ်အရ ပရမတ်တရားအစစ်တို့သည် မိမိတို့ အိမ်အတွင်း၌ နေယင်းထိုင်ယင်း သွားလာပြုလုပ် အားထုတ်ယင်းတို့ မှာပင် အမြဲထာဝရ ဖြစ်နေကြသည်ကို အကျဉ်းမျှ ပြဆိုချက်ပေတည်း။

ထိုမှတပါး အကုသိုလ်ပရမတ် တရားအစစ်တို့ ဖြစ်ကြသည်၌လည်း အခြားမှာ ခဲယဉ်းစွာဖြစ်နေကြတာမျိုးမဟုတ်၊ မိမိတို့ အိမ်ကျောင်းစသည်တို့အတွင်း၌ နေယင်း ထိုင်ယင်း သွားလာပြုလုပ် အားထုတ်ယင်းတို့မှာပင် အမြဲဖြစ်နေသော တရားမျိုးအစစ်တို့ ဖြစ်ကြကုန်၏။ ။ဖြစ်ပုံကား— ထိုအိမ်ကျောင်း စသည်တို့၌ သားသမီး မြေးမြစ် တပည့်ငယ်သား အိမ်သူမယား စသည်များတို့က မိဘ ဘိုးဘွား ဆရာသမား လင်သားများနှင့်တကွ အသက်သိက္ခာ ထေရ်ဝါကြီးသော သူတို့အား မရိုသေခြင်းဟု ဆိုအပ်သော အမင်္ဂလာ၊ မာန်မာန ထောင်လွှားပြီး နှိမ့်ချ၍ မဆည်းကပ်ခြင်း တည်းဟူသော အမင်္ဂလာ၊ ကောင်းသော စကားကို မလိုက်နာခြင်း ဒုဗ္ဗစ အဖြစ် တည်းဟူသော အမင်္ဂလာ၊ ကောင်းစွာ မလုပ်ကျွေးခြင်း အကတညုဝေဒီအဖြစ် တည်းဟူသော အမင်္ဂလာ အစဖြာသော ယုတ်ညံ့သောအမှု အစုစုတို့ကို ကိုယ်နှင့် ယုတ်ညံ့စွာ ပြုစုကြ၊ နှုတ်နှင့်ယုတ်ညံ့စွာ ပြောဆိုကြ စိတ်နှင့်ယုတ်ညံ့စွာ ကျင့်ကြံကြသမျှသော စိတ်စေတနာတို့ကောင်း, မကောင်းကို စဉ်းစားကြည့်သူတို့မှာ မကောင်းတဲ့ စိတ်သဘော ဖြစ်ကြတာကို သိရှိနိုင်ကြကုန်ရာ၏၊ မည်သည့်အယူဝါဒ မည်သူကမျှ ကောင်းတယ်ဟူ၍ မငြင်းဆန်နိုင်ကြရာ။

ထိုသို့သိရှိအပ်သည့် မကောင်းတဲ့ စိတ်စေတနာ ပရမတ်စစ်တရားကို ပါဠိလို အကုသလာ ဓမ္မာ၊ မြန်မာလို မကောင်းတဲ့သဘောကြီးများ အမင်္ဂလာတရားဟု ပြောဆိုအပ်၏၊ တရုတ် ကုလား စသည်တို့မှာလည်း သူတို့ဘာသာစကားနှင့် (မဒ္ဒတ်ဒက်)ဟူ၍လည်းကောင်း, (မရှတ်ရှက်) ဟူ၍လည်းကောင်း စသည်ဖြင့် ပြောဆိုအပ်သော စကား အစားစားတို့ ရှိကြမှာချည်း ဖြစ်ကြကုန်ရာ၏၊ ဤသို့ ဖြစ်ကြသော စကားဟူသမျှတို့သည် ယခင်ကပြခဲ့သည့် မရိုသေခြင်း အဂါရဝ အစရှိသော အကုသိုလ် ငါပရမတ် တရားအစစ်တို့ကိုချည်း ပြောဆိုကြသော ကြောင့် စာပရမတ်စကား, ရွာပရမတ်စကား ဟူ၍သာ ခြားနား၍ သိကြကုန်ရာ၏၊ အဂါရဝ အစရှိသော အကုသိုလ် ငါပရမတ်တရားတို့ အစစ်တို့မှုကား မခြားနားကုန်ဟု သိရှိကုန်ရာ၏၊ ဤကား အကုသလာ ဓမ္မာ–ပုဒ်အရ ပရမတ် တရားအစစ်တို့သည် မိမိတို့ အိမ်အတွင်း၌ နေယင်းထိုင်ယင်း သွားလာပြုလုပ် အားထုတ်ယင်းတို့မှာပင် အမြဲ ဖြစ်နေကြသည်ကို အကျဉ်းမျှ ပြဆိုချက် ပေတည်း။

[ဤသည်တို့ကား ကုသလတိက်အရကို ဘာသာခြား ကုလားများ တို့ပါ ပရမတ်တရား မဟုတ်ပါဘူး၊ မမှန်ပါဘူးဟု အထူးမငြင်းဆန် နိုင်ကြပဲ ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်ဟု တကယ်ယုံကြည်နိုင်အောင် အကျဉ်းမျှ ပြချက်ပါတည်း။]

ဤရှေးက တိကအရနှင့် ကုသိုလ်, အကုသိုလ်, အဗျာကတ သုံးစားအရ ပရမတ်အားလုံးတို့ကို ပရမတ်နယ်က ထင်မြင်ကြအောင် ဟောပြတော်မူအပ်သော ဓမ္မာဓိဋ္ဌာန်အရ ပရမတ္ထဒေသနာတော် အဝဝတို့တွင် ကုသလာ ဓမ္မာ-ပုဒ်အရကို သတ္တဝါတို့ ထင်မြင်လွယ်ကြအောင် ပုဂ္ဂလာဓိဋ္ဌာန်အရ သမုတိသစ္စာနယ် အဝဝတို့ဖြင့် ဟောပြတော်မူပုံကား ပါဠိစကားနှင့် ကုသလာဓမ္မာ၊ မြန်မာစကားနှင့် ကောင်းတဲ့သဘော ဟူ၍ သာမညအားဖြင့် ဟောပြတော်မူသည်၌ ဝိသေသအားဖြင့် အကျယ်ပွား၍ ထိုကောင်းတဲ့သဘောကို ဟောကြားလိုကြမူ "ကုသလာ ဓမ္မာ၊ ဒါနနဲ့ကောင်းတဲ့သဘော၊ သီလနှင့်ကောင်းတဲ့သဘော၊ ဘာဝနာနှင့်ကောင်းတဲ့သဘော" အစရှိသောပုညကြိယာအစားစားနှင့် ကောင်းတဲ့သဘော စသည်ဖြင့် လောက၌ ကုသိုလ်ဖြစ်ကြတာ ဟူသမျှတို့ကို ထည့်သွင်း၍ ဟောပြောသိရှိကြရသည်တွင် ဒါနနှင့်ကောင်းတဲ့သဘော တခုတည်းကလည်း အဘိဓမ္မာနယ်က ရူပါရုံဒါနနဲ့ ကောင်းတဲ့ သဘော၊ သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံဒါနနှင့်ကောင်းတဲ့သဘော။ ဝိနည်းနယ်က ဆွမ်းဒါနနှင့် ကောင်းတဲ့သဘော၊ သင်္ကန်းဒါနနှင့်, ကျောင်းဒါနနှင့်, ဆေးဒါနနှင့်, ကောင်းတဲ့ သဘော။ သုတ္တန်နယ်ကလည်း အန္န=ထမင်းဒါနနှင့် ကောင်းတဲ့သဘော၊ပါန=အဖျော်ဒါနနှင့် ကောင်းတဲ့သဘော၊ယရ=အိမ်ကျောင်းဒါနနှင့် ကောင်းတဲ့သဘော၊ ဝတ္ထ=အဝတ်ပုဆိုး သင်္ကန်းဒါနနှင့် ကောင်းတဲ့သဘော စသည်ဖြင့် ဒါနဝတ္ထုလည်း အဆုံးမရှိ၊ ဒါနကုသလာ ဓမ္မာတို့လည်း အဆုံးမရှိ ဟုသိပါ။

သီလကုသလာ ဓမ္မာ၌လည်း ရဟန်းရှင်လူတို့ သီလအစားစား၊ ဘာဝနာ ကုသလာ ဓမ္မာ၌လည်း သမထဘာဝနာအစားစား,ဝိပဿနာဘာဝနာအစားစား စသည်အားဖြင့် အဆုံးအပိုင်းအခြားမရှိကြအောင် ပေါများလှသော ကုသလာ ဓမ္မာ- ပုဒ်အရကို တသက်ပတ်လုံး တကမ္ဘာပတ်လုံး ဟောကြား၍ မဆုံးနိုင်အောင် ဆိတ်ငြိမ်ရာအရပ်တွင် ဉာဏ်သက်ဝင်အောင် ဆင်ခြင်စဉ်းစားတော်မူနိုင်ကြပါစေသတည်း။ ဝါ၊ ထင်မြင်အောင် ဆင်ခြင်စဉ်းစားတော်မူကြပြီးလျှင် ကုသလာ ဓမ္မာ ဒေသနာတခု၌ပင် ဉာဏ်သက်ဝင်၍ လောကကြီးအားလုံးကို အကျဉ်းချုံးကာ ကုသလာ ဓမ္မာ ဟု ဟောကြားတော်မူနိုင်လှပေသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုပင် ယခုချက်ခြင်း ထင်ရှားရှိခိုးချင်အောင် ကျေးဇူးတော်ဂုဏ် ဉာဏ်တော်အလုံးစုံတို့အရကို အနည်းငယ်မျှ ဆားမြီးနိုင်ကြအောင် ကုသလာ ဓမ္မာ-ပုဒ်အရကို ရေးပြတော်မူခြင်းပေတည်း။

ဝအောင်စားလိုကြပါမူ ရှေးကပြခဲ့ပြီးသော နည်းကိုမှီးကာ မှီးကာ ကာလအားဖြင့် အဆုံးအပိုင်းအခြားမရှိ၊ အရပ်အားဖြင့် အဆုံးအပိုင်းအခြားမရှိ၊ သတ္တဝါအစားစားတို့အားဖြင့်လည်း အဆုံးအပိုင်းအခြား မရှိသော ဤစကြဝဠာကမ္ဘာလောကကြီးအတွင်း၌ ကောင်းမြင်းရှိသမျှ ကုသိုလ်စိတ်အဝဝတို့ကို တခုစီ

တနေ့စိစိတ်ကာ စိတ်ကာ ကုသလာ ဓမ္မာ တပုဒ်ထဲမှာ အကုန်လုံးပါဝင်နေကြသည်ကိုကောင်းကောင်းကြီး ထင်မြင်လာအောင် ဆင်ခြင်ကြ နှလုံးသွင်းကြ ဝအောင်, အီအောင် စားသုံးကြပြီးမှ သူတပါးတို့ကိုလည်း ဤကုသလာ ဓမ္မာ တပုဒ်ထဲမှာပင် ကုသိုလ်တရားအစစ်တွေ ပေါင်းစုကာ ပါဝင်၍ နေကြပါ၀ ကားဟု ဆင်ခြင်စဉ်းစားပြီးလျှင် ပါဠိအစားစားတို့ကို မကျက်ရပဲ ဤကုသလာ ဓမ္မာတခုထဲ၌ပင် ဆင်ခြင်၍ မဆုံးနိုင်အောင်, ဟောကြား၍ မဆုံးနိုင်အောင် လောကကြီးနယ်အားလုံးထဲမှာ တည်ရှိပါသော ကုသိုလ်တရား အစားစားတို့ကို ဉာဏ်လက်ညှိုးနှင့် ထိုးကာ ထိုးကာ ဟောဟဲ့ ဟောဟဲ့ဟု ဟောကြားနိုင်ကြပါစေသတည်း။ မိမိတို့လည်း ဆင်ခြင်နိုင်ကြ ဝအောင်, အီအောင် သုံးဆောင်နိုင်ကြပါစေသတည်း။ ဤသို့အားထုတ်၍ ရှုကြည့်လို့ ဉာဏ်အမြင်ပေါက်ပြီးသားကုသိုလ်တရားတို့သည်ကား အကြောင်းကင်းငြား၍ အလကားမဖြစ်၊ ဟေတု, အာရမ္မဏစသော အကြောင်းတရားတို့ကြောင့်သာ ဖြစ်ကုန်ရာ၏။ ဤသို့ဖြစ်ရာသည့်တို့တွင် လူအများတို့ သိကြားနားလည်လွယ်သည့် အာရမ္မဏပစ္စည်းကဘုရားဟောပြသည်ကို ဤ၌ ပြဆိုပါအံ့သတည်း။

---

## ၄၂-အာရမ္မဏပစ္စည်း ပဋ္ဌာန်းနည်းနှင့် ဒါနအရကို ဘာသာခြားတို့ပါ ထင်ရှားအောင် ဖော်ပြချက်

ဟေတုပစ္စည်း၏ ဝိဘင်္ဂပါဠိကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏပစ္စည်း၏ ဝိဘင်္ဂပါဠိကို ဟောတော်မူ၏။ ထိုအာရမ္မဏပစ္စည်း၏ ဝိဘင်္ဂပါဠိသည်လည်း ကုသလပဒပါဠိ, အကုသလပဒပါဠိ, အဗျာကတပဒပါဠိအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင် ကုသလပဒပါဠိကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလပဒပါဠိသည်လည်း ကုသလပဒါဝသာန, အကုသလပဒါဝသာန, အဗျာကတပဒါဝသာန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုကုသလပဒါဝသာန၌လည်း စာပဋ္ဌာန်း, ရွာပဋ္ဌာန်း, ငါးပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

> ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ၊ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ပစ္စဝေက္ခန္တိ၊ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ စေတောပရိယ-ဉာဏေန ကုသလဿ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အာကာသာနဉ္စာယတန-

> ကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော–

ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်း အရနှင့် ပြဆိုရပါမူ—

ကုသလော ဓမ္မော၊ ကုသိုလ်တရားသည်။ ကုသလဿ ဓမ္မဿ၊ ကုသိုလ် တရားအား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒါနံ၊ ပေးလှူဖွယ်ဟူသမျှ အလှူဒါနကို။ ဒတွာ၊ စွန့်ကြပေးကမ်း လှူဒါန်း ပြီး၍။ သီလံ၊ နိစ္စသီလကို။ သမာဒိယိတွာ၊ ဆောက်တည်ပြီး၍။ ဥပေါသထ-ကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကတွာ၊ ပြုပြီး၍။ တံ၊ ထိုဒါန စသည်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ လေ့လာခဲ့ ပြီးသော ကုသိုလ်တရားတို့ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဈာနံ၊ ဈာန်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ သေက္ခာ၊ သေက္ခ ပုဂ္ဂိုလ်တို့သည်။ ဂေါတြဘုံ၊ ဂေါတြဘူကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ဝေါဒါနံ၊ ဝေါဒါန်ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ သေက္ခာ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ မဂ္ဂါ၊ မဂ်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ မဂ္ဂံ၊ မဂ်ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သည်သည်းကောင်း။ ကုသလံ၊ ကုသိုလ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာ ရှုကုန်၏။

**စေတောပရိယဉာဏေန၊** စေတောပရိယဉာဏ်ဖြင့်။ ကုသလစိတ္တသမင်္ဂိဿ၊ ကုသိုလ်စိတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏၊ စိတ္တံ၊ စိတ်ကို။ ဇာနန္တိ၊ သိကုန်၏။ အာကာသာနဉ္စာယတနကုသလံ၊ အာကာသာနဉ္စာယတနကုသိုလ်သည်။ ဝိညာ-ဏဉ္စာယတနကုသလဿ၊ ဝိညာဏဉ္စာယတနကုသိုလ်အား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာကိဉ္စညာယတနကုသလံ၊ အာကိဉ္စ-ညာယတနကုသိုလ်သည်။ နေဝသညာနာသညာယတန ကုသလဿ၊ နေဝသညာ-နာသညာယတန ကုသိုလ်အား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော၊ ခန္ဓာ၊ ခန္ဓာတို့သည်။

ဣဋ္ဌဝိပါကဉာဏသ၊ ဣဋ္ဌဝိပါကဉာဏ်အား။ စေတောပရိယဉာဏသ၊ စေတောပရိယဉာဏ်အား။ ပုဗ္ဗေနိဝါသာနုဿတိဉာဏသ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား။ ယထာကမ္မူပဂဉာဏသ၊ ယထာကမ္မူပဂဉာဏ်အား။ အနာဂတံသဉာဏသ၊အနာဂတံသဉာဏ်အား။ အာရမ္မဏပစ္စယေန၊ ဆဲ့ကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) ဒါန သီလ၊ လေ့သမျှ၊ တွေးဆဆင်ခြင်ကြ။

(၂) ဂေါတြဘူဝေါဒါန်၊ ချွန်မဂ်ကိုပင်၊ တွေးဆင်ခြင်၊ မည်တွင် အာရမ္မဏ၊ ပစ္စည်းရ။

(၃) သေက္ခပုထု၊ ကုသိုလ်စု၊ ပွားမှုအနိစ္စ၊ အာရုံမှ။

(၄) ကုသိုလ်ခန္ဓာ၊ အဘိညာ၊ ပြုပါအာရမ္မဏ၊ ပစ္စည်းရ။

(၅) ဝိပဿနာ၊ ရှုလိုပါ၊ သိတာပြောင်းလျက်၊ သိဟောင်းပျက်-

ဟု ရှာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ဂုဏ်းစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤကုသလပဒက ကုသလပဒါဝသာနဖြင့် ပြအပ်ရာဝယ် ဒါန, သီလ, ဥပေါသထ စသည် အစားစားတို့တွင် ဘာသာခြား ကုလားများပင် ကုသိုလ်, အကုသိုလ်ပဲဟု ထင်မြင်လွယ်ကြရန် ပေးလှူသင့် ပေးလှူထိုက်သော ဆရာ မိဘ စသည်တို့အား လည်းကောင်း၊ ဒုက္ခိတသတ္တဝါအများ အစားစားတို့အား လည်းကောင်း၊ ချမ်းသာသုခ ရတန်သမျှ ရကြစေရန် ရည်သန်တောင့်တ၍ အဝတ်အစား ဆေးရုံများ စသည်တို့ကို ကုလားတို့က ပေးကမ်း၊ မြန်မာတို့က လှူဒါန်းကြသော သူတို့၏ စိတ်စေတနာတို့ကိုလည်းကောင်း၊ တနည်း—ပေးလှူသင့် ပေးလှူထိုက်သော ဆရာ မိဘ စသည်တို့အားလည်းကောင်း၊ ဒုက္ခိတသတ္တဝါများ အစားစားတို့ ဖြစ်ကြပါလျက် ချမ်းသာသုခ ရတန်သမျှ မရကြစေရန် ရည်သန်တောင့်တ၍ မပေးလှူလို ဝန်တိုမစ္ဆရိယဖက်၍ ရက်စက်စိမ်းကားစွာ နေကြသောသူတို့၏ စိတ်စေတနာတို့ကိုလည်းကောင်း၊ဘယ်သင်းက ကောင်းသည် မကောင်းသည်များကို စဉ်းစား၍ ကြည့်သူတိုင်းတို့မှာ ပေးကမ်းလှူဒါန်းသော စိတ်ကို ကောင်းသော စိတ်သဘောဖြစ်သည်ဟု သိရှိနိုင်ကြကုန်ရာ၏။ထိုသို့ သိရှိအပ်သည့် ကောင်းသော စိတ်နှင့် မကောင်းသော စိတ်စေတနာတို့ကို ပါဠိလို-ကုသလာ ဓမ္မာနှင့် အကုသလာ ဓမ္မာ၊ မြန်မာလို ကောင်းတဲ့သဘောနှင့် မကောင်းတဲ့သဘောဟု ခေါ်ဝေါ် ပြောဆိုအပ်၏။ တရုတ်, ကုလား စသည်တို့မှာလည်း သူတို့ဘာသာ စကားနှင့် (ရှုတ်ရှက်နှင့် မဒွတ်ဒက်) ဟူ၍လည်းကောင်း၊ (ရှုတ်ရှက်နှင့်

မရှတ်ရှက်) ဟူ၍သည်းကောင်း စသည်ဖြင့် ပြောဆိုအပ်သော စကားအစားစားတို့ ရှိကြမှာချည်း ဖြစ်ကြကုန်ရာ၏။ ဤဒါနတရား စသည်များတို့ ဖြစ်ပွားနေကြသည့်ဌလည်း ဒါနကုသလတို့သာ "ဒါနံ ဒတွာ" အရကို ပြလိုရင်း ဖြစ်သည်။ ဝန်တိုမစ္ဆရိယ အကုသလတို့ကိုမူကား ဘာသာခြားတိုင်းတို့ပင် မကောင်းတဲ့သဘောပဲဟု စဉ်းစားဆင်ခြင်နိုင်ကြရန်ဖို့သာ ပြအပ်ပါသတည်း။

ဤရှေးက ဒါနအရနှင့် ပြခဲ့သော စကားရပ်ဝယ် ရှေးအထက်က ပြခဲ့ပြီးသော အဘိဓမ္မာ၌လာသော ရူပါရုံဒါန စသည် အာရုံခြောက်ပါး ဒါနတရားစုကိုလည်းကောင်း၊ ဝိနည်း၌လာသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး တည်းဟူသော ပစ္စည်းလေးပါး ဒါနတရားစုကိုလည်းကောင်း၊ သုတ္တန်၌လာသော ထမင်း အဖျော် အစရှိသော ဆယ်ပါးသော ဒါနတရားစုကိုလည်းကောင်း၊ ထို့မှတပါး အဆုံးအပိုင်းအခြားမရှိသော မိမိလှူလိုသည့် ကောင်းမြတ်သော ဒါနဝတ္ထု အစုစုတို့ကိုလည်းကောင်း၊ အာရုံပြု၍ လှူလိုသော အလှူခံတို့အား ပေးလှူကြသော ပါဠိလို–ဒါနကုသလာ ဓမ္မာ၊ မြန်မာလို – ပေးလှူသည့် ကောင်းတဲ့သဘော ကုသိုလ်ဇောတွေ ဖြစ်ကြကုန်၏။

ထိုသို့ ကုသိုလ်ဇောတို့ကို ပြုပြီးနောက် ဝမ်းမြောက်ဝမ်းသာ ပြန်လှန်၍ ငါသည် မည်သည့်ကောင်းမှု ဒါနစုကို ပြုရပေ၏တကားဟု စာဂါနုဿတိ အလုပ်နှင့်ဖြစ်စေ၊ တခါတခါဖြစ်စေ ပြန်၍ပြန်၍ နှလုံးသွင်းကြသောအခါ ရှေးကပြုခဲ့သည့် ဒါနကုသိုလ်က အာရုံဖြစ်ကြပြီး ကျေးဇူးလည်းပြုသောကြောင့် အာရမ္မဏပစ္စည်း ငါပဋ္ဌာန်းအကြောင်းတရားကြီး ဖြစ်လေ၏၊ ပြန်၍ပြန်၍ ထိုဒါနကုသိုလ်ကို ဆင်ခြင်နှလုံးသွင်းသော နောက်ကုသိုလ်တို့က ထိုဒါနကုသိုလ်အကြောင်းရမှ ဆင်ခြင်နှလုံးသွင်းသည့် ပစ္စဝေက္ခဏာ ကုသိုလ်ဇောများ ငါပဋ္ဌာန်းတရား အကျိုးပစ္စယုပ္ပန် အစားစားတို့ ဖြစ်ကြကုန်သည်တို့ကို ရည်၍ "ဒါနံ ဒတွာ" စသည်ဖြင့် ဤပဋ္ဌာန်း ပါဠိတော်မှာ ဘုရားဟောတော်မူ၏၊ ဤ "ဒါနံ ဒတွာ" ထဲတွင် မပါဝင်သော်လည်း ဒါနပြုသည့်အခါတို့မှာ အာရုံအာရမ္မဏိကတရား ထင်ရှားသိစေလိုသောကြောင့် ရှေးကပြခဲ့ပြီးသော ဒါနအစားစားတို့၏ အာရုံ အာရမ္မဏိက ဖြစ်ကြသည့်အရနှင့် ငါပဋ္ဌာန်းအရကို ပြဆိုရမူ ထိုထိုအလှူဝတ္ထုတို့မှာပါသည့် အဆင်း, အနံ့, အရသာ, အတွေ့, ဩဇာစသော ရုပ်အာရုံ အဗျာကတဓမ္မကို အာရုံပြု၍ပေးလှူကြပါမူ ထိုထိုရုပ်အာရုံ ဓမ္မ အဗျာကတတို့က အာရမ္မဏပစ္စည်း၊ ပေးလှူသည့် ဒါနကုသိုလ်ဇောတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့ ဖြစ်နေကြကုန်၏။

တနည်း– ဆွမ်း, သင်္ကန်းစသော အထည်ဒြပ် ပညတ်သဏ္ဌာန် တည်းဟူသော အလှူဝတ္ထုကို အာရုံပြု၍ ပေးလှူကြပါမူ ထိုပညတ်ဓမ္မာရုံက အာရမ္မဏပစ္စည်း၊ ပေးလှူသည့် ဒါနကုသိုလ်ဇောတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့

ဖြစ်နေကြကြောင်းကို ဒါနနှင့်စပ်သမျှတို့မှာ ပဌာန်းနည်း အကုန်ပါအောင် ပြောဟောတတ် နှုလုံးသွင်းတတ် သိရှိတတ်ကြပါစေကုန်သတည်း။

ဤသည်ကား ဒါနနှင့်စပ်သမျှ ဇာဂရမ္မဏာပစ္စည်းတပ်၍ ဟောကြားဝတ် ကြရန် အကျဉ်းမျှ ပြဆိုချက်တို့ပါတည်း။ အကျယ်ကိုမူကား ဤဇကျဉ်း ပြအပ်ပြီးသော "ဒါန ဒတ္ထာ" နည်းကိုမှီး၍ ဒါနအရကို မိမိတို့အလိုရှိအပ် ဟောချင် ပြောချင်အပ်သည့် ဒါနဝတ္ထုကိုယူ၍ ဒတ္ထာ အရကို ပေးလှူသော ကုသိုလ်ကို ယူပြီးလျှင် ၎င်းကုသိုလ်ကို ပြန်၍ပြန်၍ စာဂါနုဿတိ အလုပ်နှင့်ဖြစ်စေ၊ ရှုကြည့် သမျှ အားလုံးတို့ကို သိမ်းကျုံး၍ချထွင်၍ အကျယ်ကိုကြည့်ကြ သိကြပါလေ သူတော်ကောင်းတွေတို့။

## ၄၃—သီလအရ ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါးနှင့် ကာယသုစရိုက်သုံးပါး ဝစီသုစရိုက် လေးပါးတို့ကို ဘာသာအစားစားတို့ သိသာထင်ရှားအောင် ဖော်ပြချက်

ဘာသာအစားစား သူငါများတို့ ပရမတ်တရား အစားစားစားတို့ကို မိမိ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိရှိကြရန် တရားအစားစားတို့တွင် သီလအရ ငါးပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ သုစရိတ သီလတို့နှင့် ဥပေါသထသီလတို့ ရှိကြရာဝယ် ဘာသာခြားတို့ပါ စဉ်းစားလွယ်ကြရန် ဒုစရိုက်နှင့် သုစရိတသီလ တို့ကို တွဲစပ်၍ ပြအံ့ပါသတည်း။

ဤလောကကြီးမှာ မိမိတို့အသက်ကို နှိပ်စက်သတ်ဖြတ်ပါမူ ခံချင်မည်လား၊ မခံချင်မည်လား စဉ်းစားကြည့်ပါမူ ကေန်မခံချင်ဟု သိရှိရတာလို သူတပါးကို သတ်ကလည်း ကေန်မခံချင်ဟု သိရှိကြကုန်ရာ၏။ ဤသို့ အများမခံမရပ်နိုင်သော သတ်ဖြတ်ခြင်းအမှုကို ပြုသူတို့၏ စိတ်နှလုံးထားတို့ ကောင်း မကောင်းလားဟု စဉ်းစားကြည့်သူတိုင်းတို့မှာ မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏ဟု ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိရှိကြ ကုန်ရာ၏။

တနည်း—တဖန် ၎င်းတရားကို ပြန်လှန်၍ အများမခံနိုင်ကြကြမ်းကြုတ်လှ သော သတ်မှုဒုစရိုက်တရားကို မပြုကြပဲ ရှောင်ရှားသောသူတို့၏ စိတ်နေနှလုံး ထားတို့ ကောင်း မကောင်းလားဟု စဉ်းစားကြည့်သူတိုင်းတို့မှာ မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာ ဓမ္မာ-ဆိုသည့် သီလသုစရိုက် တရားတို့ ဖြစ်ပွားလေ၏ဟု ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိရှိနိုင်ကြကုန်ရာ၏။

တနည်းကား—မိမိ့ပစ္စည်းကို သူတပါးခိုးယူက မခံနိုင်ကြတာလို သူတပါးတို့ ပစ္စည်းကို ခိုးယူကလည်း ကေန်မခံနိုင်ကြမည့် ခိုးယူမှုကို ပြုသောသူတို့၏ စိတ်နေ

နှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏ဟု သိရှိနိုင်ကြကုန်ရာ၏။

တနည်း—ဘဖန် ထိုမှပြန်၍ ထိုခိုးမှုဒုစရိုက်တရားကို ရှောင်ရှားသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာ ဓမ္မာ-ဆိုသည့် သီလသုစရိုက်တရား ဖြစ်ပွားလေ၏ဟု သိရှိနိုင်ကြကုန်ရာ၏။

တနည်းကား—မိမိတို့ သားမယားကို လွန်ကျူးက မခံနိုင်ကြတာလို သူတပါးတို့၏ သားမယားကို လွန်ကျူးကလည်း ကေန် မခံနိုင်ကြမည့် လွန်ကျူးကျော်နင်းမှုကို ပြုသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏၊ တနည်းတဖန် ထိုမှပြန်လှန်၍ ထိုလွန်ကျူးကျော်နင်းမှု ကာမေသု ဒုစရိုက်တရားတို့ကို ရှောင်ရှားသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလိုကုသလာ ဓမ္မာ-ဆိုသည့် သီလသုစရိုက်တရားတို့ ဖြစ်ပွားလေ၏ဟု သိရှိနိုင်ကြကုန်ရာ၏။

**ဝစီဒုစရိုက်လေးပါးနှင့် သုစရိုက်လေးပါး သီလ အာဇီဝဋ္ဌမကသီလတို့ကို**
**ဘာသာခြားအစားစားတို့ပါ**
**သိသာထင်ရှားအောင် ဖော်ပြချက်**

တနည်းကား—မိမိတို့၏ ပစ္စည်းစသည်တို့ ဆုံးပါးပျက်ပြားအောင် လိမ်လည်လှည့်ဖြား ပြောဆိုငြားက မခံနိုင်ကြတာလို သူတပါးတို့ကို ပြောဆိုကလည်း မခံနိုင်ကြမည့် လွန်ကျူးကျော်နင်းမှုကို ပြုသောသူတို့၏ စိတ်နေ နှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် ဒုစရိုက်တရားတို့ ဖြစ်ပွားလေ၏။ တနည်း–ထိုမှတဖန် ပြန်လှန်၍ လိမ်လည်လှည့်ဖြား ပြောဆိုခြင်း မုသာဝါဒ ဒုစရိုက်တရားတို့ကို ရှောင်ရှားသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ပါဠိလို ကုသလာ ဓမ္မာ-ဆိုသည့် သီလသုစရိုက်တရားတို့ ဖြစ်ပွားလေ၏ဟု သိရှိနိုင်ကြကုန်ရာ၏။

ဤရှေးကပြအပ်ခဲ့ပြီးသော ဒုစရိုက်လေးပါးနှင့် သုစရိုက်လေးပါးတို့ကို ကိုယ်ပိုင်ဉာဏ်နှင့် အမှန်သိကြပြီးနောက် ဘိန်း၊ ဘင်း၊ ကဇော်စသော မူးယစ်မေ့လျော့တတ်တာဟူသမျှတို့ကို ပြုလုပ်ကြမှု လောကကြီးပွားမှု စီးပွားမှုများ၊ သံသရာကြီးပွားမှု စီးပွားမှုများ ကေန္တပျက်ပြားတတ်သောကြောင့် ဘုရားလည်းမကြိုက်၊ ကုလားလည်းမကြိုက်၊ အမျိုးလည်းမကြိုက်၊ အိမ်သားလည်းမကြိုက်ကြသည်ကို ပြုလုပ်သူတို့၏ စိတ်နေ နှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် မကောင်းမှုတရား

ဖြစ်ပွားကြလေ၏။တနည်းတဖန် ထိုမှပြန်လှန်၍ ထိုထိုမုဿာဝါဒ ရှောင်ရှားသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာ ဓမ္မာ-ဆိုသည့် သီလကုသိုလ်တရား ဖြစ်ပွားလေ၏ဟု သိကြကုန်ရာ၏။ ရှေးသီလလေးပါးတွင် ဤတပါးထည့်၍ ငါးပါးသီလဖြစ်သည်ဟု သိကြပါလေ။

**တနည်းကား**—မိမိတို့၏ အချင်းချင်း ချစ်ခင်လေးစား အကျိုးများနေသည်တို့ကို မချစ်ခင်ငြား အကျိုးစီးပွားပျက်ပြားအောင် သွေးဆောင်ဂုံးချော ပြောဆိုလာက မခံနိုင်ကြတာလို သူတပါးတို့အား ဂုံးချောစကား ပြောဆိုငြားကလည်း မခံနိုင်ကြသည့် ဒုစရိုက်စု လွန်ကျူးကျော်နင်းမှုတို့ကို ပြုသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏။ တနည်းတဖန် ထိုမှပြန်လှန်၍ သူနှစ်ယောက်တို့၏ အချင်းချင်း မချစ်ခင်ငြား အကျိုးစီးပွား ပျက်ပြားလော့က်အောင် ဂုံးချောသောစကား ပြောဆိုခြင်း ဒုစရိုက်တရားတို့မှ ရှောင်ရှားသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာ ဓမ္မာ-ဆိုသည့် သီလသုစရိုက်တရားတို့ ဖြစ်ပွားလေ၏ဟု သိကြကုန်ရာ၏။

**တနည်းကား**—မိမိတို့ မခံနိုင်ပါအောင် ဆဲဆိုလိုသော စိတ်ထားနှင့် ရှိရှိသမျှသော အပြစ်များကို ပြောဆိုဆဲရေးခြင်း, မိမိကလည်း ပညာနည်းခြင်း စသည်ဖြစ်နေလျက် ပညာရှိကြီး, သဌေးကြီး စသည်ဖြင့် အမြတ်ထား၍ ပြောကြားဆဲရေးခြင်း၊ မိမိက ပညာရှိကြီးစသည် ဖြစ်နေပါလျက် ပညာနည်းသည့် အန္ဓဗာလကြီး, လူဆင်းရဲ ဒုက္ခိတကြီးစသည်ဖြင့် အယုတ်ထား၍ ပြောကြားဆဲရေးခြင်းစသော အမှုတို့ကို ပြောဆိုလာက မခံနိုင်ကြတာလို သူတပါးတို့အားလည်း ပြောဆိုဆဲရေးငြားက မခံနိုင်ကြမည့် ဒုစရိုက်စု လွန်ကျူးကျော်နင်းမှုကို ပြုသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏။ တနည်းတဖန် ထိုမှပြန်လှန်၍ သူငါတို့ မခံနိုင်သော ဆဲရေးမှု ဖရုသဝါစာ ဒုစရိုက်တရားစုတို့ကို ရှောင်ရှားသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာ ဓမ္မာ-ဆိုသည့် သီလသုစရိုက်တရားတို့ ဖြစ်ပွားကုန်၏ဟု သိကြကုန်ရာ၏။

**တနည်းကား**—မိမိ သူတပါးတို့ အကျိုးပျက်ပြား ကိလေသာပွားအောင် အထင်မှားအောင် အဖြစ်အပျက် ဝတ္ထုအနေအစား မရှိငြားပဲ ရှိသယောင်ယောင်ကြံဆောင်လှည့်ဖြား ပြောဆိုရေးသားငြားက ကောင်းကျိုးလိုသူ မှန်သမျှတို့ မည်သူကမျှ မခံနိုင်ကြသည့် ဒုစရိုက်စုလွန်ကျူးကျော်နင်းမှုတို့ကို ပြုသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာ ဓမ္မာ-ဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏ဟု သိကြကုန်ရာ၏။

ဤသမ္ဖပ္ပလာပဝါစာ ဒုစရိုက်အရာ၌ "သမ္ဖပ္ပလာပ"ဆိုသောပါဠိကို ပြန်ဖျင်းသောစကား အနက်ပြန်ဆိုကြသောကြောင့် သရော်ချော်ချွတ်သောစကား၊ ရယ်စရာ မောစရာစသော အကျိုးမရှိသောစကားများကို ပြောဆိုက ဤဒုစရိုက်တရား ဖြစ်ကြသည်ဟု ထင်မှတ်ပြောဆိုကြကုန်၏။ ဤသို့ ထင်မှတ်ပြောဆိုခြင်းသည် ဤလောကစကားနှင့် ပြန်ဖျင်းစုတ်နုတ်သော စကားကိုပြောဆိုနေသည်ဟူ၍ကား ပြောဆိုရပါ၏။ သမ္ဖပ္ပလာပဝါစာ ဒုစရိုက်ကားမဖြစ်ချေ၊ စင်စစ်မူကား တဖက်သားတို့ ကိလေသာဒုစရိုက် အမိုက်တရားပွားများကြအောင် ဤလောကဘောင်ကြီးမှာ မရှိပါပဲလျက် ရှိနေကြသည်ဟုယုံကြည်ထင်မှားအောင် သီတာ, ရာမ စသည့်တို့စကား၊ ယခုကာလ ရေးသားကြသော ဒဏ္ဍာရီဝတ္ထုသွား စကားမျိုးများကို ကြံဆောင်ရေးသား ပြောဆိုသောအခါ တဖက်သားတို့ ယုံကြည်ထင်မှားက သမ္ဖပ္ပလာပဝါစာ ဒုစရိုက်တရားဖြစ်ပွားကြောင်းကို—

> အနတ္ထဝိညာပိကကာယဝစီပယောဂသမုဋ္ဌာပိကာ အကုသလစေတနာ သမ္ဖပ္ပလာပေါ။ တဿ ဒွေ သမ္ဘာရာ ဘာရတယုဒ္ဓသီတာဟာရဏာဒိနိရတ္ထကကထာ ပုရေက္ခာရတာ, တထာရူပီကထာကထနဥ္စ။ ပရေ ပန တံ ကထံ အဂဏှန္တေ၊ ကမ္မပထဘေဒေါ နတ္ထိ။ ပရေ ပန သမ္ဖပ္ပလာပေ ဂဟိတေယေဝ ဟောတိ။

မြန်မာပြန် အနက်ကား—

အနတ္ထဝိညာပိက ကာယဝစီ ပယောဂသမုဋ္ဌာပိကာ၊ ဤလောက၌ ဖြစ်ပျက်နေကြသောသဘော အနက်မရှိငြား ပြန်ဖျင်းသော စကားကို သိစေတတ်သော ကာယဝိညတ်, ဝစီဝိညတ်ကို ဖြစ်စေတတ်သော။ အကုသလစေတနာ၊ အကုသိုလ်စေတနာသည်။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပမည်၏။

တဿ၊ ထိုသဘောအနက် မရှိငြား ပြန်ဖျင်းသော သမ္ဖပ္ပလာပစကား၏။ ဘာရတယုဒ္ဓ သီတာဟာရဏာဒိနိရတ္ထကကထာပုရေက္ခာရတာစ၊ ဘာရတမင်းညီနောင်တို့ စစ်ထိုးခြင်း, သီတာမင်းသမီးကို ဆောင်ခြင်း အစရှိသော အနက်ကင်းငြား ပြန်ဖျင်းသော စကားကို ရှေးရှုခြင်းလည်းကောင်း။ ဝါ၊ ဤလောက၌ အဖြစ်အပျက်တည်းဟူသော အနက်မရှိငြား ကိန်းဆင်၍ ပြောကြားရေးသားသော ဒဏ္ဍာရီဝတ္ထုစကား စသည်များကို ရှေးရှုခြင်းလည်းကောင်း။ တထာရူပီကထာကထနဥ္စ၊ ထိုသို့သဘောရှိသောစကားကို ပြောဟောခြင်းလည်းကောင်း။ ဣတိ၊ ဤသို့သော အပြားအားဖြင့်။ ဒွေ၊ နှစ်ပါးကုန်သော။ သမ္ဘာရာ၊ သမ္ဖပ္ပလာပဝါစာ ကမ္မပထမြောက်သောအင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပရေပန၊ သုတပါးတို့သည်ကား။ တံကထံ၊ ထိုပြောဟောအပ်သောအနက် မရှိငြား ပြိန်ဖျင်းသော သမ္ဖပ္ပလာပစကားကို။ အဂယ္ဟန္တေ၊ ယုံကြည်လေးမှု မမှတ်ယူအပ်သည်ရှိသော်။ ကမ္မပထဘေဒေါ၊ ကမ္မပထမြောက်သည်၊ နတ္ထိ၊ မရှိ။ ပရေပန၊ သုတပါးတို့သည်ကား။ သမ္ဖပ္ပလာပေ၊ အနက်မရှိငြား ပြိန်ဖျင်းသော သမ္ဖပ္ပလာပစကားကို။ ဂဟိတေယေဝ၊ ယုံကြည်လေးမှု အဟုတ်အမှန်ပဲဟု မှတ်ယူအပ်သော်သာလျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထမြောက်သည်။ ဟောတိ၊ ဖြစ်၏။

[ဤသို့ အဋ္ဌသာလိနီ အဋ္ဌကထာလာတိုင်းအကျိုးမရှိငြား အနက်မရှိသည့် ပြိန်ဖျင်းသောစကားကို ပြောအံ့ဟု ရှေးရှု၍ ပြောဆိုရေးသားခြင်း စသည်ကိုလည်းပြု၊ သူတပါးကလည်း အဟုတ်အမှန် မှတ်ထင်မှသာလျှင် ကမ္မပထမြောက်ကြောင်းများကို သိစေလို၍ အဋ္ဌကထာစကားများပါ ထည့်သွင်း၍ရေးသားလိုက်ပါသတည်း။ ဤကား အမှာစကားချပ်။]

တနည်းတဖန် ထိုမှပြန်၍ အနက်မရှိငြား ပြိန်ဖျင်းသော မကောင်းမှုစကားကို ပြောဆိုခြင်း သမ္ဖပ္ပလာပ ဒုစရိုက်တို့ကို ရှောင်ရှားသူတို့၏ စိတ်နေ နှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာစေတနာ ဆိုသည့် သီလသုစရိုက်တရားတို့ ဖြစ်ပွားလေ၏ဟု သိကြကုန်ရာ၏။ ဤ၌ အာဇီဝဋ္ဌမက သီလကို သိသာအောင် ဆက်လက်၍ ပြဆိုဦးအံ့။ ရှေးက ပြဆိုခဲ့ပြီးသော ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါးတို့ကို ပြုလုပ်၍ အသက်မွေးသူတို့ စိတ်နေနှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာစေတနာ ဆိုသည့် မိစ္ဆာဇီဝဖြစ်ကြ၏။ တနည်းတဖန် ထိုမှပြန်လှန်၍ ထိုထိုဒုစရိုက်တို့နှင့် အသက်မွေးခြင်းမှ ကြဉ်ရှောင်သောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော ပါဠိလို ကုသလာစေတနာဆိုသည့် သမ္မာအာဇီဝသီလ ကုသိုလ်တရား ဖြစ်ပွားလေ၏ဟု သိရှိကြကုန်ရာ၏။

**ဤသီလတို့အထူးကား—**

အသက်မွေးခြင်းမဟုတ်သည့် ကာယဒုစရိုက်မှ ရှောင်လျှင် သမ္မာကမ္မန္တသီလ၊ အသက်မွေးတာမှ ရှောင်လျှင် သမ္မာအာဇီဝသီလ၊ အသက်မမွေးသည့် ဒုစရိုက်လေးပါးမှ ရှောင်လျှင် သမ္မာဝါစာသီလ၊ အသက်မွေးတာမှ ရှောင်လျှင် သမ္မာ-အာဇီဝသီလဖြစ်သည်ဟု အထူးကိုသိပါ။ ကာယသုစရိုတသုံးပါး, ဝစီသုစရိုတလေးပါး၊ ပေါင်း ခုနစ်ပါးတည်း။

## မနောဒုစရိုက်သုံးပါးနှင့် သုစရိုက်သုံးပါး ဒိဋ္ဌိကြီးများကို ဘာသာအစားစားတို့ သိသာထင်ရှားအောင် ဖော်ပြချက်

တနည်းကား—မိမိစည်းစိမ် ဥစ္စာ ရတနာ, လင်မယားတို့ကို သူတပါးတို့က ငါ့ဟာဖြစ်အောင် ကြံဆောင်ကြက မိမိတို့မှ မခံနိုင်ကြတာလို သူတပါးတို့ စည်းစိမ်ချမ်းသာတို့ကိုလည်း မိမိဟာဖြစ်အောင် ကြံဆောင်ကြက မခံချင်ကြမည့် အဘိဇ္ဈာဒုစရိုက်စုံ လွန်ကျူးကျော်နင်းမှုကို ပြုသောသူတို့၏ စိတ်နေနှလုံးထား တို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို အကုသလာဓမ္မာ ဆိုသည့် ဒုစရိုက်တရား ဖြစ်ပွားလေ၏။ တနည်းတဖန် ထိုမှပြန်၍ သူတပါးဥစ္စာကို မိမိဥစ္စာ ဖြစ်ငြားအောင် ကြံဆောင်ခြင်း အဘိဇ္ဈာဒုစရိုက် တရားတို့ကို ရှောင်ရှား သူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို ကုသလာ ဓမ္မာ ဆိုသည့် သုစရိုက်တရားတို့ ဖြစ်ပွားလေ၏ဟု သိကုန်ရာ၏။

တနည်းကား—မိမိတို့၏ အသက်စည်းစိမ်တို့ကို ပျက်ပြားအောင် ကြံဆောင် ကြက မခံနိုင်ကြတာလို သူတပါးတို့၏ အသက်စည်းစိမ်တို့ကိုလည်း ပျက်ပြား အောင် ကြံဆောင်ကြက မခံချင်ကြမည့် ဗျာပါဒဒုစရိုက်စုံ လွန်ကျူးကျော်နင်း မှုကို ပြုသောသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို မကောင်းတဲ့သဘော၊ ပါဠိလို "အကုသလာဓမ္မာ" ဆိုသည့် ဒုစရိုက်တရားဖြစ်ပွါးလေ၏။ တနည်းတဖန် ထိုမှပြန်လှန်၍ သူတပါးတို့၏ အသက်စည်းစိမ်တို့ ပျက်ပြားအောင် ကြံဆောင် ခြင်းဗျာပါဒဒုစရိုက်တရားတို့ကို ရှောင်ရှားသူတို့၏ စိတ်နေနှလုံးထားတို့သည် မြန်မာလို ကောင်းတဲ့သဘော၊ ပါဠိလို "ကုသလာဓမ္မာ"ဆိုသည့် သုစရိုက်တရား တို့ ဖြစ်ပွားလေ၏ဟု သိကုန်ရာ၏။

တနည်းကား—ဤလောက၌ ပရမတ်အစစ် ကေန်ဖြစ်ကြကုန်သော ကုသလာ ဓမ္မာ ကောင်းတဲ့ သဘောတရား၊ အကုသလာဓမ္မာ· မကောင်းတဲ့ သဘော တရား အစားစားတို့သည် များသောအားဖြင့် ယခုဘဝရော, နောင်တမလွန် ဘဝတို့မှာပါ ကောင်းကျိုးတရား, မကောင်းကျိုးတရားများ ဖြစ်ပွားစေနိုင်ကြ သည်ကို စံတင်၍ပြဆိုရပါမူ၊ ဤလောကမှာ ဆရာသမား, မိဘ စသည်များကို ရိုသေလေးစားလုပ်ကျွေးကြ လှူဒါန်းပေးကမ်းကြခြင်းစသော"ကုသလာဓမ္မာ" အရ ကောင်းမွန်ယဉ်ကျေးလှသော အမှုကို ပြုသောသူတို့အား ဤဘဝမှာပင် လိမ္မာယဉ်ကျေးသော သူတော်ကောင်းကလေးဟု ကျက်သရေမင်္ဂလာ အဖြာ ဖြာနှင့် ကောင်းကျိုးချမ်းသာ ပါဝါဂုဏ်ထူးများ ရကြတာလို တမလွန်ကာလ နောက်ဘဝတို့မှာလည်း လူနတ်တို့၏ ဘုံဘဝတို့၌ ကျက်သရေမင်္ဂလာ အဖြာဖြာ နှင့် ကောင်းကျိုးချမ်းသာ ပါဝါဂုဏ်ထူးများကိုလည်း ရနိုင်သော သဘောသတ္တိ ကေန္တရှိနိုင်ကြကုန်၏။ အတိတ်ကံကြောင့် ယခုဘဝချမ်းသာ အမျိုးမျိုးခံစံကြ ရတာကို ကြည့်ပါလေ။

ဝင်းပြင် ဤလောကမှာ ဆရာသမားမိဘစသည်များကို မရိုမသေမလေးမစား မလုပ်ကျွေးဘြားပဲ ဆဲရေးတိုင်းထွာ ရိုက်နှက်နှိပ်စက်ခြင်းစသော (အကုသလာ ဓမ္မာ)ပုဒ်အရ မကောင်းလှသည့် ရိုင်းပြသော အမှုများကို ပြုကြသောသူတို့အား ဤဘဝမှာပင် မိုက်မှားရိုင်းပြ ယုတ်မာလှသော သူကလေးဟု ရပ်သူရွာသား အစိုးရများကပါ ကဲ့ရဲ့ရှုတ်ချ ထောင်တန်းချခြင်းစသော မကောင်းတဲ့ဂုဏ်သတင်း နှင့် ဆင်းရဲခြင်းအစားစား မကောင်းကျိုးတရားများကို တွေ့ကြုံကြရတာလို တမလွန်ကာလ နောက်ဘဝတို့မှာလည်း တွေ့ရှိသမျှတို့၏ မနှစ်မြို့ဖွယ် မတင့် တယ်ဘြား ယုတ်မာခြင်းအစားစားတို့နှင့် ကဲ့ရဲ့ရှုတ်ချ အပယ်ထောင်ချခြင်း မကောင်းသောဂုဏ်သတင်း ဆင်းရဲခြင်းအစားစား မကောင်းကျိုးတရားတို့ကို ဧကန္တ ရရှိနိုင်ကြကုန်၏။ အတိတ်ကံကြောင့် ယခုဘဝ ဒုက္ခအမျိုးမျိုး ရောက်နေ တာကိုကြည့်ပါ။

ဤကဲ့သို့ ကောင်းသောအမှုကုသိုလ်စု မကောင်းသောအမှု အကုသိုလ်စုနှင့် ကောင်းသောအကျိုးဝိပါက်, မကောင်းသောအကျိုးဝိပါက်တရား အစားစား ဟုတ်မှန်သော သဘောတရားတို့ ထင်ရှားရှိနေပါလျက် ရှေးကပြုခဲ့သော လိမ္မာ ယဉ်ကျေးမှုစသော ကုသိုလ်ကံစု၊ ရိုင်းပြမိုက်မှားမှု စသော အကုသိုလ်ကံစု ကြောင့် မျက်မှောက် တမလွန်တို့မှာ ကောင်းကျိုးချမ်းသာ မင်္ဂလာသုခ ကျိုးဖလလည်း မရနိုင်ကြကုန်၊ မကောင်းကျိုးဆင်းရဲ ဒုက္ခအနန္တတို့ကိုလည်း မခံစားကြရကုန်ဟု အကျိုးဝိပါက်တရားတို့ကို ပယ်ခြင်း(နတ္ထိကဒိဋ္ဌိ) အယူရှိသူ တို့၏ စိတ်နေနှလုံးထားကို လည်းကောင်း၊ ထိုမှတပါး ရှေးကပြုခဲ့သော လိမ္မာ ယဉ်ကျေးမှု စသောကုသိုလ်ကံစု ရိုင်းပြမိုက်မှားမှုစသော အကုသိုလ်ကံစုကို ပြုကြသော်လည်း ကောင်းသောအကျိုး အမျိုးမျိုး မကောင်းသောအကျိုး အမျိုးမျိုးတို့ကို ဖြစ်စေနိုင်သော အကြောင်းကံတရား မဟုတ်ဟု အကြောင်း ကံတရားကို ပယ်ခြင်း(အကိရိယဒိဋ္ဌိ) အယူရှိကြသူတို့၏ စိတ်နေနှလုံးထားကို လည်းကောင်း၊ ထိုမှတပါး ရှေးကပြုခဲ့သော လိမ္မာယဉ်ကျေးမှု စသောကုသိုလ် ကံစု၊ရိုင်းပြမိုက်မှားမှုစသော အကုသိုလ်ကံစုတို့ကို ပြုကြသော်လည်း အကြောင်း ကံလည်းမဖြစ်၊ ၎င်းတို့ကြောင့် အကျိုးဝိပါက်များကိုလည်း မခံစားကြရဟု အကြောင်းကံတရားနှင့် အကျိုးဝိပါက်တရားနှစ်ပါးလုံးကိုပယ်ခြင်း(အဟေတုက ဒိဋ္ဌိ) အယူရှိသူတို့၏ စိတ်နေနှလုံးထားကိုလည်းကောင်း အကြောင်းအကျိုးများ ကို နှိုင်းဆ၍ သိတတ်ကြသူတိုင်းတို့မှာ မြန်မာလိုမကောင်းတဲ့သဘော၊ ပါဠိလို (အကုသလာ ဓမ္မာ)ဆိုသည့် ဒုစရိုက်တရားတို့ ဖြစ်ပွားကြလေကုန်၏ဟု ဧကန် မုချသိထိုက်လှ၏။

တနည်းတဖန် ထိုမှပြန်လှန်၍ ရှေးကပြုခဲ့တိုင်း လိမ္မာယဉ်ကျေးမှု စသော ကုသိုလ်ကံစု ရိုင်းပြမိုက်မှားမှုစသော အကုသိုလ်ကံစုတို့ကို ပြုကြသော်လည်း

အကြောင်းကံလည်းမဖြစ်၊ ၎င်းတို့ကြောင့် အကျိုးဝိပါက်များကိုလည်း မခံစားကြရဟု ယူဆသောမိစ္ဆာဒိဋ္ဌိ ဒုစရိုက်တရားများကို ပယ်ရှား၍ လိမ္မာယဉ်ကျေးမှုစသော ကုသိုလ်စုကြောင့် ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို ခံစားရ၏။ ရိုင်းပြမိုက်မှားမှုသဘော အကုသိုလ်ကံစုကြောင့် မကောင်းကျိုးဆင်းရဲ အနှံ့နှံ့တို့နှင့် တွေ့ကြုံရ၏ဟု ကံ ကံ၏အကျိုးကို ယုံကြည်၍ ကျင့်ကြံအားထုတ် ပြုလုပ်ကြသောသူတို့၏ စိတ်နေနှလုံးထား အကြောင်းအကျိုးများကို နှိုင်းဆ၍ သိတတ်ကြသူတိုင်းတို့မှာ မြန်မာလို ကောင်းတဲ့သဘော ပါဠိလို(ကုသလာ ဓမ္မာ) ဆိုသည့် သမ္မာဒိဋ္ဌိ သုစရိုက်တရားတို့ ဖြစ်ပွားလေ၏ဟု သိနိုင်ကြကုန်ရာ၏။

ဤဒုစရိုက်ဆယ်ပါးဝယ် အပါယ်သို့ကျစေနိုင်သော ကမ္မပထတရား၌လာသော မိစ္ဆာဒိဋ္ဌိအယူကိုယူသည့် ဒုစရိုက်ဟုဆိုရာ၌ နတ္ထိကမိစ္ဆာဒိဋ္ဌိကြီးအဟေတုကဒိဋ္ဌိကြီးအကိရိယဒိဋ္ဌိကြီးများ တပါးပါးကို ယူဆ၍ သေ၍အသက်ဆုံးတိုင်အောင် မစွန့်မှသာလျှင် အပါယ်သို့ ကျနိုင်၏။ ဤဒိဋ္ဌိကြီး သုံးပါးမှတပါး သက္ကာယဒိဋ္ဌိ အစားစား၊ သဿတဒိဋ္ဌိအစားစား၊ ဥစ္ဆေဒဒိဋ္ဌိ အစားစားစသော မိစ္ဆာဒိဋ္ဌိအယူဝါဒများတို့သည်ကား မိစ္ဆာဒိဋ္ဌိ ကမ္မပထမမြောက်ကြ၍ အပါယ်သို့ကား မကျနိုင်ပဲ သံသရာရှည်ရေးခဲမှာ ဆင်းရဲအမျိုးမျိုးနှင့်သာ တွေ့ကြုံကြကုန်ရာ၏။

ဤကမ္မပထ မမြောက်ပုံများကို သိစေလို၍—

တတ္ထ နတ္ထိကာဟေတုက အကိရိယ ဒိဋ္ဌိဟိ ဝေ ကမ္မပထဘေဒေါ ဟောတိ နအညဒိဋ္ဌိဟိ။

တတ္ထ၊ ထိုကမ္မပထတရား၌။ နတ္ထိကာဟေတုက အကိရိယ ဒိဋ္ဌိဟိဝေ။ နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိတို့ဖြင့်သာလျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထမြောက်သည်။ ဟောတိ၊ ဖြစ်၏။ အညဒိဋ္ဌိဟိ၊ တပါးသောသက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိစသည်တို့ဖြင့်။ ကမ္မပထဘေဒေါ၊ ကမ္မပထမြောက်သည်။ နဟောတိ၊ မဖြစ်။

ဟူ၍ အဋ္ဌသာလိနီ အဋ္ဌကထာစသည်တို့၌ လာသည့်အတိုင်း ဒိဋ္ဌိကြီးသုံးပါးတို့သာ ကမ္မပထမြောက်ပုံနှင့် တပါးသောဒိဋ္ဌိတို့ ကမ္မပထမမြောက်ပုံကို သိကြပါလေ။

ဤဒိဋ္ဌိကြီးသုံးပါးတို့၏ ယူဆပုံကိုလည်း—

တီသု ဒိဋ္ဌီသု နတ္ထိကဒိဋ္ဌိ ဝိပါကံ ပဋိဗာဟတိ။ အကိရိယဒိဋ္ဌိ ကမ္မံ ပဋိဗာဟတိ။ အဟေတုကဒိဋ္ဌိ ဥဘယံ ပဋိဗာဟတိ။

တီသု၊ သုံးပါးကုန်သော။ ဒိဋ္ဌိသု၊ ဒိဋ္ဌိကြီးတို့တွင်။ နတ္ထိကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ အယူရှိသောသူသည်။ ဝိပါကံ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ဝါ၊ အကျိုးမရှိဟုယူ၏။ အကိရိယဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ အယူရှိသောသူသည်။ ကမ္မံ၊ အကြောင်းဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ဝါ၊ ကုသိုလ်ကံ၊အကုသိုလ်ကံ မရှိဟုယူ၏။ အဟေတုက-ဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိအယူရှိသောသူသည်။ ဥဘယံ၊ ကံ၊ကံ၏အကျိုးနှစ်ပါးစုံကို။ ပဋိဗာဟတိ၊ တားမြစ်၏။ ဝါ၊ ကံ၊ကံ၏အကျိုးမရှိဟု ယူ၏။

ဤသို့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာလာတိုင်း ကောင်းမှုကုသိုလ် မကောင်းမှု အကုသိုလ်တို့ကိုပင် ပြုကြငြားသော်လည်း ကောင်းကျိုးချမ်းသာ အစားစား မကောင်းကျိုးဆင်းရဲ အစားစား အကျိုးတရားတို့ကို မတွေ့ကြုံမခံစားရဟု အကျိုးတရားတို့ကို ပယ်၍ယူသော သူတို့သည် (နတ္ထိကဒိဋ္ဌိ) အယူရှိသောသူ မည်၏။

တနည်း။ ။ဤလောကတွင် ကောင်းမှုကုသိုလ်၊ မကောင်းမှုအကုသိုလ်စုကို ပြုလုပ်အားထုတ်ကြသော်လည်း ကောင်းသောအကျိုးကိုခံစားရခြင်း၊ မကောင်းသောဆင်းရဲ အနှိန်ကို ခံစားရခြင်း အကြောင်းကံမဟုတ်ဟု အကြောင်းကံကို ပယ်၍ ယူသောသူတို့သည် (အကိရိယဒိဋ္ဌိ)အယူရှိသောသူတို့ မည်ကုန်၏။

တနည်း။ ။ဤလောကတွင် ကောင်းမှုကုသိုလ်၊ မကောင်းမှုအကုသိုလ်စုကို ပြုလုပ်အားထုတ်ကြသော်လည်း အကျိုးကိုဖြစ်စေတတ်သည့် အကြောင်းကံလည်း မဖြစ်၊ ကောင်းကျိုး မကောင်းကျိုးကိုလည်း မခံစားရဟု အကြောင်း အကျိုးနှစ်ပါးစုံကို ပယ်၍ယူသော သူတို့သည် (အဟေတုကဒိဋ္ဌိ) အယူရှိသော သူတို့မည်ကုန်၏ဟု ဒိဋ္ဌိသုံးပါးအယူဝါဒများကို ထင်ရှားစွာ သိကြပါလေ။

ဤဒိဋ္ဌိအယူ ယူမှုသာလျှင် အပါယ်သို့ကျနိုင်သည့် ကမ္မပထမြောက်သည်ဟု သတိမထားမိကြသူတို့ ယခုကာလ အနောက်တိုင်းသား မိစ္ဆာဒိဋ္ဌိများတို့ သေက အပါယ်သို့ချည်း ကျကုန်ကြ၏။ ငါတို့တိုင်းသား သမ္မာအယူရှိသူတို့မှသာ သုဂတိ ဘုံဘဝသို့ ရောက်ရသည်ဟု ယူဆပြောဟောနေကြသည်ကို တောင်ငူမြို့ စက်ရှင် မင်းကြီးက မကျေနပ်လှ၍ ဤရေးကယူဆတိုင်း ဗုဒ္ဓဘာသာ သမ္မာအယူရှိသူတို့ နှင့် ထိုမှတပါးသော အယူများကို ယူသူတို့ နှိုင်းစာကြည့်က တပါးသောအယူရှိ သူတို့က အဆပေါင်းများစွာ သာလွန်၍ရှိနေကြသည်၌ သမ္မာအယူရှိသူတို့ အကုန်သေ၍ အနောက်တိုင်းသားစသည်များတို့ သွား၍ဖြစ်ကြစေကာမူ လူဦးရေ ထိုအနောက်တိုင်းသားလောက် များအောင် မဖြစ်နိုင်မည်များကို ကေန် သိရှိကြပါသဖြင့် အနောက်တိုင်းသားတို့လောက် အရေအတွက်များပြားအောင် ဘယ်ကလာ၍ လူဖြစ်လာကြပါသနည်းဟု မေးလျှောက်လာသည်၌ ရှေးကပြခဲ့တိုင်း ဤစကြဝဠာကမ္ဘာလောကကြီးမှာ ဘုရားပွင့်သောအခါ ဗုဒ္ဓဘာသာကို

ယူသည်ဖြစ်စေ, ဘုရားမပွင့်သောအခါ ဗုဒ္ဓဘာသာအယူရှိသူတို့ဖြစ်စေ ကမ္မာနှင့် မြေဇာဆိုတာလို ဒါန, သီလ, ဘာဝနာ အစဖြာသော ပုညကြိယာတရားစသော ကောင်းမြတ်သောအမှုကို ပြုကြသူတို့မှာ(ကုသလာဓမ္မာ)အရကောင်းတဲ့ကုသိုလ်တရားဖြစ်ကြကုန်၏။ ရှေးကပြခဲ့တိုင်း ဒုစရိုက်စုစသော မကောင်းသောအမှုတို့ကို ပြုကြသောသူတို့မှာ (အကုသလာဓမ္မာ)အရ ဒုစရိုက်စုစသော မကောင်းသော အကုသိုလ်တရားတို့ ဖြစ်ကြကုန်၏။

ဤဘုရားပွင့်မပွင့်သော စကြဝဠာ ကမ္ဘာလောကကြီးတို့မှာ ဗုဒ္ဓဘာသာ အယူဝါဒ ထင်ရှားမရှိကြသော်လည်း ကမ္ဘာ့တံထွာ ဓမ္မတာအားဖြင့် လိမ္မာယဉ်ကျေးသော သုစရိုက်တရား, ပုညကြိယာတရား, သူတော်ကောင်းတရား, ရိုင်းပြသော မှောက်မှားသော ဒုစရိုက်စသော အကုသိုလ်တရားတို့ ထင်ရှားရှိကြသည်ချည်း ဖြစ်ကြ၍ သုဂတိဘုံဘဝ, ဒုဂ္ဂတိဘုံဘဝတို့သို့ ရောက်ရှိကြကုန်၏ဟု ဖြေကြားမှ လူကိုပင် မဆိုထားနှင့် တိရစ္ဆာန်များပင် ကုသိုလ်တရား အကုသိုလ်တရား ဖြစ်ပွားနိုင်ကြတာကို ပြောပြ၍ သိရှိရသဖြင့် အနောက်တိုင်းသားတွေ သေလျှင်လည်း သုဂတိဘဝ ဒုဂ္ဂတိဘဝ လားနိုင်ကြသည့်ဖြစ်ထွေ၊ အရှေ့တိုင်းသားတွေ သေလျှင်လည်း သုဂတိဘဝ, ဒုဂ္ဂတိဘဝသို့ လားနိုင်ကြသည့် ဖြစ်ထွေများ အစားစားတို့ အကုန်လုံးကျေနပ်၍ သွားလေ၏။ ။ဤကား— မိစ္ဆာဒိဋ္ဌိအရဉ် မိစ္ဆာဒိဋ္ဌိကြီး သုံးပါးယူဆပုံ, ၎င်းသုံးပါးကိုသာ ကမ္မပထမြောက်၍ အပါယ်သို့ရောက်နိုင်ပုံများ အစားစားတို့ကို ထင်ရှားအောင်ပြချက်ပေတည်း။

ရှေးကပြခဲ့သော ကာယ, ဝစီ ဒုစရိုက်ခုနစ်ပါးနှင့် ဤမနောဒုစရိုက်သုံးပါးတို့ကို ပါသီလအတွင်းသို့ တည့်သွင်း၍ ရှောင်ရှားရန် ဆောက်တည်လိုက်ပါမူ သုစရိတဆယ်ပါးသီလဆိုသည့် အချို့ကျမ်းဂန်များမှာ ပါသည့်အတိုင်း ခင်မွန်တောရ ဆရာတော်ကြီးများအရေးယူ၍ ဟောပြောဆောက်တည်စေ၏။ချောင်းဦးမြို့ရွှေတောင်တောရဆရာတော်နှင့် ငြင်းရ၏။လယ်တီဆရာတော်ဘုရားကြီးက မနောဒုစရိုက်ကို ဆောက်တည်ရိုးမရှိ၊ သို့သော် ဆောက်တည်လိုက အကုသိုလ်မဖြစ်နိုင်ဟု မိန့်၏။ ငါတို့သဘောကျမှာ ဤမနောဒုစရိုက်သုံးပါးတို့ကို သုစရိတသီလမှာ ပါသည်ဟု အချို့ကျမ်းဂန်မှာ လာတိုင်း မသိကြ။ မဆောက်တည်ကြ၍ ရှောင်ကြဉ်ကြရဖို့ကိုပင် သတိမရကြလေ။ အကယ်၍ သုစရိတသီလမှာပါတိုင်း နေ့စဉ်ဖြစ်စေ ဆောက်တည်၍သွားကြပါမူ ၎င်းဆယ်ပါးသီလအဖြစ်နှင့် ကုသိုလ်လည်း ရ ရှောင်ရှားရန်လည်းသတိမရှိ မက သားမယားနှင့် ရောင်းဝယ်ဖောက်ကား ညစာစားခြင်းများကိုလည်း ပြုကြရ၍ လူများဆောက်တည်ဖို့ ကောင်းလှ၏။ သူတပါးတို့ကိုမူကား ငြင်းခုံခြင်းများတတ်သောကြောင့် မဟောကြားတော ကောင်း၏။ ဤသည်ကား ငါတို့သဘောကျတည်း။ ကြိုက်ယူကြ၊ မကြိုက်နေကြလေ။

ဤရှေးကပြခဲ့သည်၌ ငါးပါးသီလ အာဇီဝဋ္ဌမကသီလ၊ သုစရိတ သီလတို့သာ သီလံသမာဒိယိတွာ အရကို ပြလိုရင်းဖြစ်သည်။ကာယဒုစရိုက်စသော အကုသိုလ်တို့ကိုမူကား ဘာသာခြားတို့ပင် တာဖြင့်မကောင်းတဲ့သဘောပဲ တာဖြင့်ကောင်းတဲ့သဘောတွေပဲဟု စဉ်းစားဆင်ခြင်နိုင်ကြရန်တို့သာ ပြအပ်ပါသတည်း။ ထိုမှတပါးအဋ္ဌင်္ဂ၊ နဝင်္ဂ၊ ဒသင်္ဂဥပုသ်တို့ကိုမူကား လောကတွင် ဆောက်တည်နေကြတာ ထင်ရှားပါ၍ မရေးသားတော့ပါ။ဤဥပုသ်များကို ဆောက်တည်ခြင်းကို ဥပေါသထကမ္မံကတွာ ဟု ဆိုအပ်ပါသတည်း။

ဤသီလကုသိုလ်၊ ဥပေါသထကုသိုလ်တို့ကို ပြုကြပြီး နောက်ကာလ၌ ၎င်းကုသိုလ်စုကို အာရုံပြု၍ သီလာနုဿတိအလုပ်နှင့်ဖြစ်စေ၊ အလွတ်သက်သက်နှင့်ဖြစ်စေ ပွားများဆင်ခြင်ပါမူ ထိုထိုသီလ ဥပေါသထကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ နောက်မှ ပွားများဆင်ခြင်ကြသည့်ကုသိုလ်တို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရားဖြစ်ကြသည်တို့ကို ရည်၍ "သီလံသမာဒိယိတွာ၊ ဥပေါသထကမ္မံကတွာ" ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားဟောတော်မူ၏။

## ဒုစရိုက်နှင့်သုစရိုက်တို့ အာရမ္မဏပစ္စည်းအစစ်ဖြစ်ကြပုံကို ဖော်ပြချက်

ဤ "သီလံသမာဒိယိတွာ၊ ဥပေါသထကမ္မံကတွာ" ထဲတွင် မပါဝင်သော်လည်း ဒုစရိုက်ပြုသောအခါတို့မှာ အာရုံအာရမ္မဏိကတရား၊ သုစရိုက်သီလဆောက်တည်ကြသောအခါ အာရုံ အာရမ္မဏိကတရားတို့ကို ထင်ရှားသိစေလိုသောကြောင့် အဋ္ဌသာလိနီ ဒွါရကထာဖွင့်အတိုင်း ရေးပြလတ္တံ့သည်၌ ၎င်းပါဠိအကိုးအကားတို့ကိုမူကား ကျမ်းကျယ်မည်စိုး၍သာ မထည့်သွင်းလိုက်ပါသတည်း။ ရှေးက ပြဆိုခဲ့ပြီးသော ဒုစရိုက်အစားစား သုစရိုက်အစားစားတို့၏ အာရုံ အာရမ္မဏိက ဖြစ်ကြသည့်အရနှင့် ငါးပဋ္ဌာန်းအရကိုပြဆိုရမူ—

သူ့အသက်ကိုသတ်သောသူတို့သည် ဇီဝိတိန္ဒြေတည်းဟူသော သင်္ခါရပရမတ်ကိုအာရုံပြု၍ ဒေါသမူ၊ မောဟမူဇောများဖြင့် သတ်ကြသောကြောင့် ဇီဝိတိန္ဒြိယ ဓမ္မာရုံတရားတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက်ဒေါသမူ မောဟမူဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရားတို့ ဖြစ်ကြကုန်၏။ ဤကား ဒုစရိုက်၌ အာရမ္မဏပစ္စည်းဖြစ်ပုံတည်း။ ဤဒုစရိုက်မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုရှောင်ကြဉ်အပ်သော ဇီဝိတိန္ဒြေတည်းဟူသော သင်္ခါရပရမတ်အာရုံကို အာရုံပြု၍ ဤဒုစရိုက်မှ ကြဉ်ရှောင်သော သီလကုသိုလ်ဇောများဖြစ်ကြသောကြောင့် ထိုချုပ်ဇီဝိတိန္ဒြိယဓမ္မာရုံတို့ကအာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရားတို့ဖြစ်ကြကုန်၏။ ဤကား သုစရိုက်၌ အာရမ္မဏပစ္စည်းဖြစ်ပုံတည်း။

တနည်း။ သူတပါးတို့၏ ဥစ္စာကို ခိုးသောသူတို့သည် သတ္တဝါအာရုံကို လည်းကောင်း ထိုထိုဝတ္ထုက ပရမတ် သင်္ခါရအာရုံတို့ကိုလည်းကောင်း အာရုံပြု၍ လောဘမူ, ဒေါသမူ, မောဟမူဇောတို့နှင့် ခိုးယူကြသောကြောင့် ထိုသတ္တဝါနှင့် ပရမတ်သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ ဒုစရိုက်လောဘမူ, ဒေါသမူ, မောဟမူဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့ ဖြစ်ကြကုန်၏၊ ဤဒုစရိုက်မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်တို့သည် ထိုရှောင်ကြဉ်အပ်သော ထိုထိုသတ္တဝါနှင့် ပရမတ်သင်္ခါရတို့ကို အာရုံပြု၍ ဤဒုစရိုက်မှ ကြဉ်ရှောင်သော သီလကုသိုလ်ဇောများ ဖြစ်ကြသောကြောင့် ထိုထိုသတ္တဝါနှင့် ပရမတ်သင်္ခါရတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့ဖြစ်ကြကုန်၏။

တနည်း— သူတပါးတို့၏ သားမယား တို့ကို လွန်ကျူးသောသူတို့သည် အတွေ့ဖောဋ္ဌဗ္ဗ သင်္ခါရအာရုံနှင့် ကေစိအလို သတ္တဝါအာရုံကိုလည်းကောင်း အာရုံပြု၍ လောဘမူ,မောဟမူဇောတို့ဖြင့် လွန်ကျူးကြသောကြောင့် ထိုအတွေ့ဖောဋ္ဌဗ္ဗ သင်္ခါရအာရုံနှင့် ကေစိအလို သတ္တဝါ အာရုံတို့က အာရမ္မဏပစ္စည်း၊ ဒုစရိုက်လောဘမူ မောဟမူ ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရားတို့ဖြစ်ကြကုန်၏။ ဤဒုစရိုက်မှ ရှောင်ကြဉ်သောပုဂ္ဂိုလ်တို့သည် ထိုရှောင်ကြဉ်အပ်သော အတွေ့ဖောဋ္ဌဗ္ဗသင်္ခါရအာရုံနှင့် သတ္တဝါအာရုံတို့ကို အာရုံပြု၍ ဤဒုစရိုက်မှ ရှောင်ကြဉ်သော သီလကုသိုလ်ဇောများဖြစ်ကြသောကြောင့် ထိုထိုအတွေ့ဖောဋ္ဌဗ္ဗ သင်္ခါရအာရုံနှင့် သတ္တဝါအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားတို့ ဖြစ်ကြကုန်၏။

(တနည်း) မုသားစကားကို ပြောဆိုသော သူတို့သည် သတ္တဝါ အာရုံကို လည်းကောင်း၊ ထိုထို လိမ်လည်ဖွယ် ပရမတ်နယ် သင်္ခါရတို့ကိုလည်းကောင်း အာရုံပြု၍ လောဘမူ, ဒေါသမူ, မောဟမူဇောတို့နှင့် လိမ်လည်လှည့်ဖြား၍ ပြောဆိုသောကြောင့် ထိုထိုသတ္တဝါနှင့် ထိုထိုလိမ်လည်ဖွယ် ပရမတ်နယ် သင်္ခါရတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက် လောဘမူ, ဒေါသမူ, မောဟမူဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကြကုန်၏။ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုထို ကြဉ်ရှောင်အပ်သော သတ္တဝါအာရုံနှင့် ထိုထို လိမ်လည်ဖွယ် ပရမတ်နယ် သင်္ခါရအာရုံတို့ကို အာရုံပြု၍ ဤဒုစရိုက်မှ ကြဉ်ရှောင်သော သီလကုသိုလ်ဇောများ ဖြစ်ကြသောကြောင့် ထိုသတ္တဝါ အာရုံ, ထိုထိုလိမ်လည်ဖွယ် ပရမတ်နယ် သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရားအစစ်တို့ ဖြစ်ကြလေကုန်၏။

(တနည်း) ကာမေသုဒုစရိုက်နယ်ထဲတွင် ထည့်သွင်းပါဝင်သော သုရာမေရယ အပြစ်များကို ကျူးလွန်သောသူတို့သည် ဘိန်း, ဘင်း, ကဇော်, လော်ဇာ, အရက်, ကော်ကင်း, မာဖီးယား စသည်များတို့ နယ်အတွင်းရှိ ပရမတ္ထ သင်္ခါရ တရားတို့ကို လောဘမူ, ဒေါသမူ, မောဟမူဇောတို့ဖြင့် သောက်စားခြင်း စသော ဒုစရိုက်မှုကို ပြုလုပ်ကျူးလွန်ကြသောကြောင့် ထိုထို သောက်စား, ကျူးလွန်ဖွယ် ပရမတ်နယ် သင်္ခါရတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက် လောဘမူ, ဒေါသမူ, မောဟမူဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုကြဉ်ရှောင်အပ်သော ဘိန်း, ဘင်း, ကဇော် စသည်တို့၏ နယ်အတွင်းရှိ ပရမတ္ထသင်္ခါရတရားတို့ကို အာရုံပြု၍ ဤဒုစရိုက်မှ ကြဉ်ရှောင်သော သီလ ကုသိုလ်ဇောများ ဖြစ်ကြသောကြောင့် ထိုထို ဘိန်း, ဘင်း, ကဇော် စသည် တို့၏ နယ်အတွင်းရှိ ပရမတ္ထ သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ် ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေ ကုန်၏။

အမှာ။ ။ဤသုရာမေရယကိုကား–ငါးပါးသီလတွင် ပါဝင်နေသောကြောင့် အာရမ္မဏပစ္စည်း အသီးသီးနှင့် ဤငါးပါးသီလကြီးကို သိစေလို၍သာ ထည့်သွင်း ဖော်ပြလိုက်ပါသတည်း။ ဒုစရိုက်ဆယ်ပါး အရေအတွက် များထဲတွင်ကား တိုက်ရိုက်မပါဝင်ပေ။

(တနည်း) ပိသုဏဝါစာ စကားကို ပြောကြားသောသူတို့သည် သတ္တဝါ အာရုံကို လည်းကောင်း၊ ထိုထိုကုန်းတိုက်ဖွယ် ပရမတ်နယ် သင်္ခါရတို့ကို လည်းကောင်း၊ အာရုံပြု၍ လောဘမူ, ဒေါသမူ, မောဟမူဇောတို့နှင့် ချောပစ်ကုန်းတိုက်၍ ပြောဆိုသောကြောင့် ထိုထိုသတ္တဝါနှင့် ထိုထို ချောပစ် ကုန်းတိုက်ဖွယ် ပရမတ်နယ် သင်္ခါရတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက် လောဘမူ ဒေါသမူ, မောဟမူ ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကုန်၏။ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုထို ကြဉ်ရှောင်အပ်သော သတ္တဝါအာရုံနှင့် ထိုထိုချောပစ်ကုန်းတိုက်ဖွယ် ပရမတ်နယ် သင်္ခါရအာရုံတို့ကို အာရုံပြု၍ ဤဒုစရိုက်မှ ကြဉ်ရှောင်သော သီလကုသိုလ် ဇောများ ဖြစ်ကြသောကြောင့် ထိုသတ္တဝါအာရုံနှင့် ထိုထိုချောပစ်ကုန်းတိုက်ဖွယ် ပရမတ်နယ် သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

(တနည်း) ဖရုသဝါစာ စကားကို ပြောကြားသောသူတို့သည် ထိုထို သတ္တဝါ အာရုံကိုသာလျှင် အာရုံပြု၍ ဒေါသမူ,မောဟမူဇောတို့ဖြင့် ဆဲရေး တိုင်းထွာခြင်း အမှုကို ပြုကြသောကြောင့် ထိုထိုသတ္တဝါ အာရုံတို့က

အာရမ္မဏပစ္စည်း၊ဤဒွိစရိုက် ဒေါသမူ မောဟမူဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါ ပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤဒွိစရိုက်တို့မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုထိုကြဉ်ရှောင်အပ်သော သတ္တဝါအာရုံတို့ကို အာရုံပြု၍ ဤဒွိစရိုက်မှ ကြဉ်ရှောင်ကြသော သီလကုသိုလ်ဇောများ ဖြစ်ကြသောကြောင့် ထိုထိုသတ္တဝါ အာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

(တနည်း) သမ္ဖပ္ပလာပဝါစာ စကားကို ပြောကြားသောသူတို့သည် သတ္တဝါအာရုံကို လည်းကောင်း၊ ထိုထိုပြိန်ဖျင်းသောစကားများ ပြောဆိုဖွယ် ပရမတ်နယ် သင်္ခါရဘို့ကို လည်းကောင်း အာရုံပြု၍ လောဘမူ ဒေါသမူ မောဟမူဇောတို့နှင့် အနက်ကင်းငြား ပြိန်ဖျင်းစကားကို ပြောဆိုကြသောကြောင့် ထိုထိုသတ္တဝါအာရုံနှင့် ထိုထိုအနက်မရှိငြား ပြိန်ဖျင်းသောစကားကို ပြောဆိုဖွယ် ပရမတ်နယ် သင်္ခါရတို့က အာရမ္မဏပစ္စည်း၊ ဤဒွိစရိုက်လောဘမူ ဒေါသမူ မောဟမူဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤဒွိစရိုက်တို့မှ ကြဉ်ရှောင်သောပုဂ္ဂိုလ်တို့သည် ထိုထိုကြဉ်ရှောင်အပ်သော သတ္တဝါအာရုံနှင့် ထိုထိုအနက်မရှိငြား ပြိန်ဖျင်းသောစကားကို ပြောဆိုဖွယ် ပရမတ်နယ် သင်္ခါရအာရုံတို့ကို အာရုံပြု၍ ဤဒွိစရိုက်တို့မှ ကြဉ်ရှောင်သော ကုသိုလ်ဇောများ ဖြစ်ကြသောကြောင့် ထိုသတ္တဝါအာရုံနှင့် ထိုထိုအနက်မရှိငြား ပြိန်ဖျင်းသောစကားကို ပြောဆိုဖွယ် ပရမတ်နယ် သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

အမှာ—ဤရှေးကပြအပ်ခဲ့ပြီးသော ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါးတို့ကိုမူကား အသက်မွေးခြင်းမဟုတ်သည့် ဒုစရိုက်မှုများကို ပြခြင်းတို့ပေတည်း။ ဤဒုစရိုက် ခုနစ်ပါးတို့နှင့်ပင် အသက်မွေးခြင်းကိုပြု၍ လွန်ကျူးနေမှုသည် မိစ္ဆာဇီဝတရား လွန်ကျူးကျော်နင်းမှုများ ဖြစ်၏။ ဤမိစ္ဆာဇီဝတရား ခုနစ်ပါးတို့မှ ကြဉ်ရှောင်သော ကုသိုလ်ဇောတို့သည်မူကား သမ္မာအာဇီဝ သီလကုသိုလ်ဇောများ ဖြစ်ပွားကုန်၏၊ ဤခုနစ်ပါးကုန်သော မိစ္ဆာဇီဝ, သမ္မာအာဇီဝတို့၏ အာရုံ, အာရမ္မဏိက ဖြစ်ကြသည့် အာရမ္မဏပစ္စည်းတို့ကား ရှေးခုနစ်ပါးက ပြခဲ့သည့်အတိုင်းသာ ငါပဋ္ဌာန်းတရားများ ဖြစ်ပွားကြကုန်၏။ ဤမိစ္ဆာဇီဝကို ပြသည့်အတွက် ဒုစရိုက်ဆယ်ပါးတို့ ပိုလျှံ၍ကား မသွားချေ။ အသက်မွေးခြင်းကို ငဲ့မငဲ့ အချက်နှင့် အာဇီဝဋ္ဌမကသီလ ဖြစ်ကြရန်အတွက်ကိုသာ သိစေလိုပါ၍ ဤမှာ ထည့်သွင်း ဖော်ပြလိုက်ပါသတည်း။

(တနည်း) အဘိဇ္ဈာ ဒုစရိုက်တရားကို ဖြစ်မှားသောသူတို့သည် သူတပါး သား မယား သတ္တဝါအစားစားကိုလည်းကောင်း၊ ထိုထိုဝတ္ထုပစ္စည်း သင်္ခါရနယ် အသီးသီးတို့ကိုလည်းကောင်း အာရုံပြု၍ လောဘမူ, မောဟမူ ဇောတို့နှင့် ငါ့ဟာဖြစ်ရန် ရှေးရှုကြံစည်ကြသောကြောင့် ထိုထိုသတ္တဝါနှင့် ပရမတ်သင်္ခါရ အာရုံတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက် လောဘမူ, မောဟမူ ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုကြဉ်ရှောင်အပ်သော သတ္တဝါအာရုံနှင့် ထိုထိုပရမတ္ထ သင်္ခါရအာရုံတို့ကို အာရုံပြု၍ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ကုသိုလ်ဇောများ ဖြစ်ကြသောကြောင့် ထိုသတ္တဝါအာရုံနှင့် ထိုထိုပရမတ္ထ သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

(တနည်း) ဗျာပါဒ ဒုစရိုက်တရားကို ဖြစ်မှားလွန်ကျူးသော သူတို့သည် သူတပါးတို့၏ စည်းစိမ်အသက်များ အစားစားတို့ကို အာရုံပြု၍ ဒေါသမူ, မောဟမူ ဇောတို့နှင့် ပျက်စီးစေရန် ရှေးရှုကြံစည်ကြသောကြောင့် ထိုထို သူတပါးတို့၏ စည်းစိမ်အသက်များ သတ္တဝါအစားစားတို့၏ အာရုံတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက်ဒေါသမူ, မောဟမူ ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုကြဉ်ရှောင်အပ်သော သူတပါးတို့၏ စည်းစိမ်အသက်များ သတ္တဝါအစားစားတို့ကို အာရုံပြု၍ ဤဒုစရိုက်မှ ကြဉ်ရှောင်သော ကုသိုလ်ဇောများဖြစ်ကြသောကြောင့် ထိုထိုသူတပါးတို့၏ စည်းစိမ်အသက်များ သတ္တဝါ အစားစားတို့၏ အာရုံတို့က အာရမ္မဏပစ္စည်း၊ သီလကုသိုလ်ဇောတို့က အာရမ္မဏိက ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

(တနည်း) မိစ္ဆာဒုစရိုက်တရားကို ဖြစ်မှားကျူးလွန်သော သူတို့သည် တေဘူမကဓမ္မ သင်္ခါရတို့ကို အာရုံပြု၍ လောဘ, မောဟ မူလနှစ်ပါးတို့နှင့် နိယတ မိစ္ဆာဒိဋ္ဌိအယူကြီးများကို ယူမှားကြလေသောကြောင့် ထိုထိုတေဘူမက သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ ဤဒုစရိုက်လောဘမူ, ဒေါသမူ ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ဖြစ်ကြကုန်၏။ ဤဒုစရိုက်တို့မှကြဉ်ရှောင်သော ပုဂ္ဂိုလ်တို့သည် ထိုကြဉ်ရှောင်အပ်သော တေဘူမက သင်္ခါရ အာရုံတို့ကို အာရုံပြု၍ ဤဒုစရိုက်တို့မှ ကြဉ်ရှောင်သော ကုသိုလ်ဇောများ ဖြစ်သောကြောင့် ထိုတေဘူမက သင်္ခါရအာရုံတို့က အာရမ္မဏပစ္စည်း၊ သီလ ကုသိုလ်ဇောတို့က အာရမ္မဏိကပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ဤသို့ ဒုစရိုက်, သုစရိုက်နှင့် စပ်သမျှတို့မှာ ပဋ္ဌာန်းနည်း အကုန်ပါအောင် ဟောခဲ့ပြာတတ် နှလုံးသွင်းတတ် သိရှိတတ်ကြရန် ထုတ်ပြန်၍ အဋ္ဌသာလိနီ ဒွါရကထာဖွင့်နှင့်အညီ ရေးသားဖော်ပြသည်များကို အထပ်ထပ်အခါခါ ပြန်၍ ရှုကြည့်ကြပြီးလျှင် ဘယ်ဒုစရိုက်ဆိုလျှင် ဘယ်အာရုံနှင့်ဘယ်ဇော၊ ဘယ်သုစရိုက် ဆိုလျှင် ဘယ်အာရုံနှင့် ဘယ်ဇောများတို့ အာရမ္မဏပစ္စည်း, ပစ္စယုပ္ပန်များ အစားစားသိရှိနိုင်ကြရန် အဘန်လန် အားထုတ်တော်မူနိုင်ကြပါစေသတည်း။

[ သီလံ သမာဒိယိတွာ အရ အဠဂ်သီလ, နဝင်္ဂသီလ, ဒသင်္ဂသီလတို့ ဆောက်တည်ပုံနှင့် ဖြစ်ပွားပုံ အဆုံးအဖြတ်တို့ကို ထိုထိုဆရာ့ဆရာ သာထက်သာကြီးများ ရေးသားကြပြီးသား ဖြစ်ကြသောကြောင့် ဤမှာ မရေးသားတော့ပေ။ ]

ဤသို့ ဥပုသ်များကိုလည်း စောင့်ထိန်းပြီးလျှင် ဤ ဥပေါသထကုသလတို့ကို နောက်မှတဖန် သီလာနုဿတိစသည်တို့ဖြင့် နှလုံးသွင်းကြမှု နှလုံးသွင်းသည့် ကုသိုလ်အား ဥပေါသထကုသိုလ်က အာရမ္မဏပစ္စည်းများ ငါပဋ္ဌာန်းတရားနှင့် ကျေးဇူးပြုကြသည်ကိုသိစေလို၍ "ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ" ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ထင်ရှားစွာ ဟောပြတော်မူအပ်ပါသတည်း။

## ၄၄-ပုဗ္ဗေသုစိဏ္ဏာနိစသည်အရ ကမ္ဘာတိုင်းသတ္တဝါတိုင်းတို့မှာ ဖြဟ္မစိုရ်တရားစသည် ဖြစ်ပွားနေတတ်ကြပုံကို ဖော်ပြချက်

ထိုမှတပါး 'ပုဗ္ဗေသုစိဏ္ဏာနိ'ဟု ဟောကြားတော်မူအပ်သော ပါဠိတော်အရ ရှေးအဖို့က လေ့လ ပွားများ အားထုတ်ခဲ့သော ကာမ, ရူပ, အရူပကုသိုလ်တို့ ကို ရထိုက်၏။ ထိုကာမကုသိုလ်တို့တွင်လည်း ရှေးအဖို့၌ အဖန်ဖန်လေ့လာ ခဲ့ပြီးသော ဒါနကုသိုလ်, သီလ ဥပေါသထကုသိုလ်, သမထကုသိုလ်, ဝိပဿနာ ကုသိုလ်စသော ပုညကြိယာ အဖြာဖြာသော ကုသိုလ်ဟူသမျှတို့ကို ရထိုက်လှ၏။ ထိုကုသိုလ်တို့တွင် ဒါန,သီလ, ဥပေါသထကုသိုလ်တို့ကိုမူကား ရှေးကပြခဲ့ပြီးဖြစ် သောကြောင့် ပြဆိုရန်မလို။ သမထကုသိုလ်၌လည်း သမထကမ္မဋ္ဌာန်းလေးဆယ် အသွယ်သွယ်တို့ကို လေ့လာပွားများပြီးသော ကုသိုလ်စုကို ရထိုက်၏။

ထိုကုသိုလ် တို့တွင်လည်း ထိုထိုစကြဝဠာ ကမ္ဘာလောကတိုင်းတို့မှာ တက်ကပ်တက်ခေတ်စသည်တို့၌ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်းဟူ သော ဖြဟ္မစိုရ်တရားကြီးများ ကြီးပွားတိုးတက်မှသာလျှင် တက်ကပ်တက်ခေတ် ကြီးများ အစားစား ဖြစ်ပွားနိုင်ကြကုန်၏။ ဆုတ်ကပ်, ဆုတ်ခေတ်တို့မှာကား ဗြဟ္မစိုရ်စသော သူတော်ကောင်းတရား အစားစားတို့ ပျက်ပြားဆုတ်ယုတ်ကြ ပြီးလျှင် မသူတော်တရား အစားစားတို့ ထွန်းကားကြီးပွားလာသဖြင့် လောဘ

ဒေါသ, မာန်မာနစသည့် အကုသိုလ်တရား အစားစားတို့ ကြီးပွားတိုးတက်လာကြသော စကြဝဠာ ကမ္ဘာတဝန်းလုံးနှင့် မြို့ပြ ပြည်ရွာ အိမ်ဂေဟာတို့မှာ ဆုတ်ယုတ်ပျက်ပြား ကပ်ဥပါဒ်ဘေးဒဏ် ရန်မာန်အရပ်ရပ်တို့ မပြတ်ဖြစ်ကြပြီး နောက်ဆုံးပိတ်မှာ ဤလောကကြီးပေါင်း ကုဋေတသိန်းမျှ မီးဟုန်းဟုန်းထ၍ ပျက်စီးခြင်းအဆုံး ကေန္တရောက်ကြရပေလတ္တံ့သတည်း။

ဤသို့ ကမ္ဘာလောကကြီးတို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့သည်လည်း အခြားတရားများနှင့် ဖြစ်ပွားပျက်စီးရတာ မဟုတ် "ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ" ဤသုံးဖြာတို့အရ ပဋ္ဌာန်းနည်းအဝဝတို့နှင့်သာ ဖြစ်ခြင်းပျက်ခြင်းရှိကြရာတွင် စကြဝဠာ ကမ္ဘာလောက အစားစားတို့နှင့် သတ္တဝါအစားစားတို့မှာ ကမ္ဘာနှင့် မြေဇာလို ဖြစ်နေကြသော ပုညကြိယာ ဆယ်ပါးတို့ ကမ္ဘာတိုင်းတို့မှာ ဖြစ်ပွားနေသည့် အထဲတွင် ဘာဝနာဟူသော တရားအရ ဗြဟ္မစိုရ်တရားတို့ ဓမ္မတာသဘောအားဖြင့် ဖြစ်ပွားပုံ နည်းအမြွက်မျှကို ပြဆိုရပါမူ ဤလောကကြီးအတွင်း၌ ဘယ်အမျိုးဘာသာမဆို ဖြစ်နေကြသောသတ္တဝါအစားစားတို့တွင် မိဘပြုလုပ်သူတို့က မိမိတို့မွေးဖွားသော သားသမီးတို့အပေါ်မှာ များသောအားဖြင့် ဗြဟ္မစိုရ်တရားဖြစ်ပွားလေသောကြောင့် ဗြဟ္မာမင်းကြီးများ အနေအထားနှင့်လည်း တူလှ၏။ ထိုသားသမီးများ သိကြားလိမ္မာခြင်း အစားစားတို့ကို နားလည်အောင် ရှေးဦးစွာ သင်ကြားတတ်သောကြောင့် လက်ဦးဆရာကြီးများလည်း ဖြစ်ကြသည့်အဖြစ်ကို သိစေလို၍—

ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိဝုစ္စရေ။

မာတာပိတရော၊ အမိအဖတို့ကို။ ဗြဟ္မာတိ၊ မေတ္တာ,ကရုဏာ, မုဒိတာ ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မစိုရ်တရားလေးပါးတို့ကို ပွားများတတ်သောကြောင့် ဗြဟ္မာမင်းကြီးတို့ဟူ၍လည်းကောင်း။ ပုဗ္ဗာစရိယာတိ၊ သားသမီးများ သိကြားလိမ္မာခြင်း အစားစားတို့ကို နားလည်အောင် ရှေးဦးစွာ သင်ကြားတတ်သောကြောင့် လက်ဦးဆရာများဟူ၍လည်းကောင်း။ ဝုစ္စရေ၊ မိန့်ဆိုအပ်ကုန်၏-ဟု တိကအင်္ဂုတ္တိုရ်,စတုကအင်္ဂုတ္တိုရ်တို့မှာ ဘုရားဟောဒေသနာအတိုင်း ယုံကြည်စွာသိမှတ်အပ်၏။

ဤအရာ၌ မိဘများက သားသမီးတို့အပေါ်မှာ ဗြဟ္မစိုရ်တရားဖြစ်ပွားပုံကား အယုတ်ဆုံး မိမိတို့အိမ်မှာ ပဋိသန္ဓေနေလာသော သားသမီးတို့ကို ပဋိသန္ဓေနေလာစကပင် ရောဂါဘေးဒဏ်တို့ ကင်းစင်လှကာ ပြည့်စုံသော ကိုယ်အင်္ဂါနှင့် ချမ်းသာခြင်းရှိသောသားချော-သမီးချောကလေးများကို ဘယ်သည့်အခါ တွေ့မြင်ရပါအံ့နည်းဟု အသီးသီးသော ချမ်းသာကြောင်း ဆုတောင်းပတ္တနာများ ဗြဟ္မစိုရ်ဘာဝနာများ ငါပဋ္ဌာန်းတရားတို့ကို မိဘတို့မှာ ဓမ္မတာ သဘောအား

ဖြင့် ဖြစ်ပွားတတ်ကြကုန်၏။ ထိုမှတပါး မိမိတို့သားသမီးတို့အား သန်းကြမ်းပိုးမှက်၊ ခြင်စသည်တို့ ကိုက်ခဲသောအခါ၌ လည်းကောင်း၊ ရောဂါဘယတွေ့ကြုံရခြင်း ဆင်းရဲစွာ အိပ်နေရခြင်းစသည့်အခါတို့၌ လည်းကောင်း မချမ်းသာ လုစွာ ငိုမြည်တမ်းကြသော အသံကို ကြားရသောအခါတို့၌လည်းကောင်း မိဘစသည်တို့က အူတုန်အသဲယား ပြေးလွှားစောင့်ရှောက်သော သနားခြင်း ကရုဏာဖြဖြှဖြင့်ဖြစ်သော ... 

ထိုမှတပါး အတော်အတန် ချစ်ငင်လောက်အောင် ကြီးပြင်းလာ၍ မေမေ့၊ ဘဘ့၊ မမ့၊ မိမိစသည်ဖြင့် ပလီပလာ ခရာဆန်ပြား ပြောကြားတတ်ရုံမက ကစားခုံစား ဝတ်စားဆင်ယင်ကာ ရယ်မောပြောဆို၍နေကြရာတို့၌ ချစ်နှစ်သက်ဖွယ်သော အရွယ်အစားစားသို့ ရောက်၍ တည်နေတိုင်းတည်နေတိုင်းသော ချစ်သားချစ်သမီးတို့ကို တွေ့မြင်ရသောအခါ ထောပတ်ရေကြည်ကြည်မှာ ဝါဂွမ်းဆိုင်ထည့်သောအခါ အကုန်လုံးစိမ့်ဝင်၍နေသကဲ့သို့ ဝမ်းမြောက်တဲ့ မုဒိတာတရားတွေ တကိုယ်လုံး တကောင်လုံး စိမ့်ဝင်၍ နေသဖြင့် နူးညံ့သော စိတ်လည်းရှိကြ၊ ထိုကောင်းမြတ် သာယာဖွယ်ဖြစ်သော သားသမီးတို့အား ဝမ်းမြောက်ရှင်းကြီးမား၍ အတီးအမှုတ်အဆိုအက ချစ်သား- ချစ်သမီး ချစ်မြေး ချစ်မြစ်တို့နှင့် အလည့်ကျပြုံးစိပြုံးစိနှင့် ဆိုကတီးမှုတ်ကြကာ အထူးသဖြင့် ဝမ်းမြောက်သောအခါတို့၌ မုဒိတာဖြဟ္မစိုရ်ဘာဝနာ ငါပဋ္ဌာန်းတရားတို့ မိမိတို့မှာ ဓမ္မတာသဘောအားဖြင့် ဖြစ်ပွားတတ်ကြကုန်၏။

ထိုမှတပါး ထိုသားသမီးတို့ ကြီးမား၍ အိမ်ထောင်များကျကြပြီး မိမိမိမိတို့ အလုပ်အကိုင် အကြံအစည်တို့နှင့် သီးခြားပုဂ္ဂလ အိမ်တဆောင် မီးတပြောင်နှင့် နေထိုင်နိုင်ကြသော အခါတို့၌ ဩော်- ငါ့သားချစ် သမီးချစ်တို့ မိမိတို့စွမ်းရည်နှင့် နေထိုင်နိုင်ကြပြီး သဘောအားဖြင့် မျှတခြင်းငှာ ဖြစ်ပါကုန်ပြီဟု လျစ်လျူရှုသောအခါတို့၌ ဥပေက္ခာ ဗြဟ္မစိုရ် ဘာဝနာများ ငါပဋ္ဌာန်းတရားတို့ မိမိတို့မှာ ဓမ္မတာသဘောအားဖြင့် ဖြစ်ပွားတတ်ကြကုန်၏။ ဤသို့ မိဘတို့သည် သားသမီးတို့အပေါ်၌ ဗြဟ္မစိုရ်တရား လေးပါးတို့သည် သူတပါးတို့ မသင်ကြားရပဲနှင့် ဓမ္မတာသဘောအားဖြင့် ကပ်၍နေကြသောသူများ ဖြစ်ကြသောကြောင့် ဗြဟ္မာမင်းနှင့်တူသည်ဟု ရှေးပါဠိတော်စကားကို ထင်ရှားစွာ သိစေလိုလှ၍—

ကုစ္ဆိဂတသ္မိံ ဟိ ဒါရကေ ကဒါ နုခေါ ပုတ္တကံ အရောဂံ ပရိပုဏ္ဏင်္ဂပစ္စင်္ဂံ ပဿာမီတိ မာတာပိတူနံ မေတ္တာစိတ္တံ ဥပ္ပဇ္ဇတိ။ ယဒါ ပနေသ မန္ဒော ဥတ္တာနသေယျကော ဦကာဟိ ဝါ မင်္ဂုလာဒီဟိ ဝါ ပါဏကေဟိ ဒဋ္ဌော ဒုက္ခသေယျာယ ဝါ ပန ပီဠိတော ပရောဒတိ ဝိရဝတိ။ ကဒါ အဿ သဒ္ဒံ သုတွာ မာတာပိတူနံ

ကာရုညံ ဥပ္ပဇ္ဇတိ အာဓာဝိတွာ ဝိဓာဝိတွာ ကီဠနကာလေ ပန လောဘနိယဝယသ္မိံ ဝါ ဌိတကာလေ ဒါရကံ ဩလောကေတွာ မာတာပိတူနံ စိတ္တံ သပ္ပိမဏ္ဍေ ပက္ခိတ္တသတဝိဟတ ကပ္ပါသပိစုပဋလံ ဝိယ မုဒုကံ ဟောတိ အာမေဒိတံ။ တဒါနေသံ မုဒုကာ လဗ္ဘတိ။ ယဒါ ပနေသ သပုတ္တဒါရဘရဏံ, ပစ္စုပဋ္ဌာပေတွာ ပါဠိဋ္ဌိယေက္ကံ အာဂါရံ အဇ္ဈာဝသတိ တဒါ မာတာပိတူနံ သင်္ကောတိ ဒါနိနော ပုတ္တကော အတ္တနော ဓမ္မတာယ ယာပေတုန္တိ မဇ္ဈတ္တဘာဝေါ ဥပ္ပဇ္ဇတိ တသ္မိံ ပိ ကာလေ ဥပေက္ခာ လဗ္ဘတီတိ ဣမိနာ ကာရဏေန ဗြဟ္မာတိမာတာပိတရောတိ ဝုတ္တံ။

မြန်မာပြန်အနက်ကား

ဟိ၊ ဘုရားဟောထားသည့် ထိုစကား မှန်ပါပေ၏။ ဒါရကော၊ သူငယ်သည်။ ကုစ္ဆိဂတသ္မိံ၊ ဝမ်း၌တည်သည်ရှိသော်။ ကဒါနုခေါ။ အဘယ်အခါ၌။ အာရောဂံ၊ အနာရောဂါကင်းသော။ ပရိပုဏ္ဏင်္ဂပစ္စင်္ဂံ၊ ပြည့်စုံသော အင်္ဂါကြီးငယ်ရှိသော။ ပုတ္တကံ၊ သားငယ်ကို။ မယံ၊ ငါတို့သည်။ ပဿာမ၊ မြင်ရပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ မာတာပိတူနံ၊ အမိအဖတို့၏။ မေတ္တာစိတ္တံ၊ ချစ်ခင်ခြင်းများသည့် မေတ္တာဗြဟ္မစိုရ်တရားစိတ်သည်။ ဥပ္ပဇ္ဇတိ၊ မကြာမကြာ အခါခါ ဓမ္မတာသဘောအားဖြင့် ဖြစ်ပွား၏။ ပန၊ မေတ္တာစိတ် ဖြစ်ပုံမှတပါး၊ ကရုဏာစိတ်ဖြစ်ပုံကို ဆိုဦးအံ့။ ယဒါ၊ အကြင်အခါ၌။ မန္ဒော၊ နုံ့သော။ ဥတ္တာနသေယျကော၊ ပက်လက်အိပ်တတ်သော။ သေ·သေောဒါရကော၊ ဤသူငယ်ကို။ ဦကာဟိဝါ၊ သန်းတို့သည်လည်းကောင်း။ မင်္ဂုလာဒီဟိ။ ကြမ်းပိုး အစရှိကုန်သော။ ပါဏကေဟိဝါ။ ပိုးတို့သည်လည်းကောင်း။ ဒဋ္ဌော။ ကိုက်အပ်သည် ဖြစ်၍။ ဝါ၊ တနည်းကား။ ဒုက္ခသေယျာယ၊ ဆင်းရဲသော အိပ်ခြင်းသည်။ ပီဠိတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ ပရောဒတိ၊ ငိုမြည်တမ်း၏။ ဝိရဝတိ၊ မြည်တမ်း၏။ တဒါ၊ ထိုအခါ၌။ အဿဒါရကဿ၊ ထိုသူငယ်၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ မာတာပိတူနံ၊ အမိအဖတို့အား။ ကာရုညံ၊ သနားကရုဏာအဖြစ် ဗြဟ္မစိုရ်တရားအစစ်သည်။ ဥပ္ပဇ္ဇတိ၊ ဓမ္မတာသဘောအားဖြင့် ဖြစ်ပွား၏။

အာဓာဝိတွာ၊ ပြေး၍။ ဝိဓာဝိတွာ၊ ထိုမှဤမှပြေး၍။ ကီဠနကာလေပန၊ ကစားသောကာလ၌ကား။။ ဝါ။ တနည်းကား။ လောဘနိယဝယသ္မိံ၊ မေမေ ဘဘ မမ မိမိ စသည်ဖြင့် ပလီပလာ ခရာဆန်းပြား ပြောကြားတတ်ရုံမက ကစား ခုံစား ဝတ်စားဆင်ယင်ပြီး ရယ်မောပြောဆို၍နေကြရာ ချစ်နှစ်သက်ဖွယ်သော အရွယ်အစားစားသို့ ရောက်သောအခါ၌။ ဌိတကာလေ၊ တည်နေတိုင်း တည်နေတိုင်းသော သားသမီးတို့ကို တွေ့မြင်ရသောအခါကာလ၌။ ဒါရကံ၊ သူငယ်ကစ ကြီးပြင်းကြသော သားချစ် သမီးချစ်ကို။ ဩလောကေတွာ၊ ပြုံးစိစိနှင့်

တစိမ့်စိမ့်ကြည့်၍။ မာတာပိတူနံ၊ အမိအဖတို့၏။ စိတ္တံ၊ စိတ်သည်။ သပ္ပိမဏ္ဍော၊ ထောပတ်ရေကြည်ကြည်၌။ ပက္ခိတ္တသတဝိဟတကပ္ပါသပိစုပဋလံဝိယ၊ ထည့်အပ်သော အကြိမ်တရာဖပ်အပ်သော ဝါဂွမ်းဆိုင်မှာ ထောပတ်ကြည်တွေ စိမ့်ဝင်၍ ပြည့်နေတာလို။ မုဒုကံ၊ ဝမ်းမြောက်တဲ့တရားတွေ စိမ့်ဝင်၍နေသဖြင့် နူးညံ့သောစိတ် ရှိသည်။ ဟောတိ၊ ဖြစ်၏။ အာမောဒိတံ၊ သားသမီးတို့အား ဝမ်းမြောက်ခြင်းကြီးမား၍ အတီးအမှုတ် အဆိုအက ချစ်သား ချစ်သမီးတို့နှင့် အလှည့်ကျ ဆိုက တီးမှုတ်ကြကာ အထူးအဖြင့် ဝမ်းသာလှပါသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုဝမ်းမြောက်သောအခါ၌။ တေသံ၊ ထိုမိဖတို့အား။ မုဒိတာ၊ ဝမ်းမြောက်သောအဖြစ် ဗြဟ္မစိုရ်တရားအစစ်ကို။ လဗ္ဘတိ။ ဓမ္မတာသဘော အားဖြင့် ထင်ရှားစွာ ရအပ်၏။

ယဒါပန၊ အကြင်အခါ၌ကား။ သေသောပုတ္တကော၊ ဤငါတို့သားသည်။ ပုတ္တဒါရဘရဏံ၊ သားမယားမွေးမြူခြင်းကို။ ပစ္စုပဋ္ဌာဧပတွာ၊ ဖြစ်စေ၍။ ပါဋိရှယေက္ကံ၊ မိမိတို့အလုပ်နှင့် မိမိတို့ နေထိုင်ကြငြား အသီးအခြားသော။ အာဂါရံ၊ မိမိတို့အိမ်ကို။ အဇ္ဈာဝသတိ၊ အုပ်စိုး၍နေ၏။ တဒါ၊ ထိုအခါ၌။ မာတာပိတူနံ၊ အမိအဖတို့အား။ ဒါနိဣဒါနိ၊ ယခုအခါ၌။ နော၊ ငါတို့၏။ ပုတ္တကော၊ သားသည်။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ မိမိတို့စွမ်းရည်နှင့် နေထိုင်ကြငြား သဘောအားဖြင့်။ ယာပေတုံ၊ မျှတခြင်းငှါ။ သက္ကောတိ၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့။ မဇ္ဈတ္တဘာဝေါ၊ လျစ်လျူသောအဖြစ်သည်။ ဥပ္ပဇ္ဇတိ၊ လျစ်လျူခြင်း ဖြစ်၏။ တသ္မိံ ပိကာလေ၊ ထိုအခါ၌လည်း။ ဥပေက္ခာ၊ လျစ်လျူခြင်း ဥပေက္ခာအဖြစ် ဗြဟ္မစိုရ်တရားအစစ်ကို။ လဗ္ဘတိ၊ ဓမ္မတာသဘောအားဖြင့် ရအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဣမိနာကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ဗြဟ္မာတိမာတာပိတရောတိ၊ဗြဟ္မာတိမာတာပိတရော ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏—

ဟု တိကအင်္ဂုတ္တိုရ် အဋ္ဌကထာ၌ မိန့်တော်မူတိုင်း သားသမီးတို့ အပေါ်မှာ မိဖပြုလုပ်သော သူတို့သည် လူ နတ်ကို မဆိုထားဘိ တိရစ္ဆာန်သတ္တဝါတွေပင် အထိုက် အလျောက် ဗြဟ္မစိုရ်ဘာဝနာတရားတို့ ဓမ္မတာ သဘောအားဖြင့် ဖြစ်ပွားနိုင်ကြကုန်၏။ ဤမှတပါး ပုဂ္ဂလဝိသေသကြီးများ ဖြစ်ပွားပေါ်ပေါက်သောအခါ ၎င်းသမထနည်း အသီးသီးတို့ ဆက်လက်ကြ၍ ဈာန်သမာပတ် ရစ်ပါး အဘိညာဉ် ခြောက်ပါးတို့သို့ ရောက်အောင် ကြီးပွား တိုးတက် နိုင်ကြကုန်၏။ ဤကား သမထဘာဝနာများ ငါပဋ္ဌာန်းတရားတို့ကို အကျဉ်းမျှ ပြချက်ပေတည်း။ ဝိပဿနာတို့ကိုမူကား— နောက်ပါဋိတော်ကျမှ ရေးပြပါအံ့ သတည်း။

ရှေးက ပြုခဲ့ပြီးသော အဖန်ဖန်လေ့လာခဲ့သည့် ဒါန, သီလ, ဘာဝနာ ပုညကြိယာကုသိုလ်စုတို့ကို လည်းကောင်း၊ ဤရှေးက ပြုခဲ့ပြီးသော ဒါန, သီလ, ဘာဝနာမှတပါး ပုညကြိယာဆယ်ပါးတို့တွင် မိမိတို့ ရှေးအဖို့က လေ့လာပွားများခဲ့ကြသော ရှိသေသင့် ရှိသေထိုက်သည့် အသက်, သိက္ခာ, ထေရ်ဝါကြီးသူတို့အား အဖန်ဖန် အရိုအသေပြုခဲ့ကြသော အပစာယနပုညကြိယာကုသိုလ်စုတို့ကိုလည်းကောင်း၊ သူတပါးတို့၏ အမှုကြီးငယ် အသွယ်သွယ်တို့ကို တကယ်စိတ်ကောင်းထား၍ အဖန်ဖန် ဆောင်ရွက်ခဲ့သော ဝေယျာဝစ္စ ပုညကြိယာ ကုသိုလ်ကိုလည်းကောင်း၊ မိမိပြုခဲ့သမျှသော ကုသိုလ်အစု ကောင်းမှုအဖို့တို့ကို စိတ်ကောင်းထားကြကာ အဖန်ဖန် သူတပါးတို့အား အမျှပေးဝေခြင်း ပတ္တိဒါန ပုညကြိယာကုသိုလ်စုကို လည်းကောင်း၊ သူတပါးတို့ပြုလုပ်ကြသည့် ကုသိုလ်အစု ကောင်းမှုအဖို့တို့ကို သာဓု သာဓု ကောင်းလေစွ ကောင်းလေစွဟု ဝမ်းမြောက်နှမော် သာဓုခေါ်ခြင်း ပတ္တာနုမောဒန ပုညကြိယာကုသိုလ်စုကိုလည်းကောင်း၊ သူတပါးတို့ ကောင်းမြတ်သောတရား ဟောကြားသည်တို့ကို ရိုသေစွာ အဖန်ဖန် နာခံမှတ်သားခြင်း ဓမ္မဿဝန ပုညကြိယာကုသိုလ်စုကိုလည်းကောင်း၊မိမိတို့ သိကြားနားလည်သမျှသော သူတော်ကောင်းတရား အစားစားတို့ကို အထူး စိတ်ကောင်းထား၍ သူတပါးတို့အား တတ်နိုင်သမျှ ဟောကြားခြင်း ဓမ္မဒေသနာ ပုညကြိယာကုသိုလ်စုကို လည်းကောင်း၊ မိမိတို့မှာ အကြောင်းအကျိုး အမျိုးမျိုး အစားစားတို့ဖြင့် ဖြောင့်မှန်သော အယူဝါဒတို့ကို နှစ်ရှည်လများ အခါခါ လိုက်နာယူဆခဲ့ကြသော ဒိဋ္ဌုဇုကမ္မ ပုညကြိယာ ကုသိုလ်စုကိုလည်းကောင်း၊ ထိုမှတပါး သိန်း, သန်း, ကုဋေ မရေတွက်နိုင်လောက်အောင် ဖြစ်သင့်ဖြစ်ထိုက်သော ကုသိုလ်စုတို့ကိုလည်းကောင်း၊ ရှေးအဖို့က ပြုအပ် လေ့လာပွားများအပ်ခဲ့ပြီးသမျှ ကုသလအစုစုတို့ကို ပုဗ္ဗေသုစိဏ္ဏာနိ ဟုဆိုအပ်သည့် အာရမ္မဏပစ္စည်း၊ ၎င်းကုသိုလ်တို့ကို ပြန်၍ နှလုံးသွင်းသောသူအား ပွားများမှုကုသိုလ်စုကို ပစ္စဝေက္ခတိ ဟုဆိုသည့် အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်ရာ၏။

ဤသို့ ရှေးကပြုခဲ့ပြီးသော ဒါန, သီလ, စသည့် ပုညကြိယာများ ငါပဋ္ဌာန်းတရား အစားစားတို့ကို ဤပဋ္ဌာန်းတရားကြီးမှာ သမုတိသစ္စာဒေသနာနှင့် သတ္တဝါအများ သိကြားနားလည်ကြအောင်“ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ”ဟု ဟောကြားတော်မူအပ်သည်များကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ“ဒါနသီလ၊ လေ့သမျှ။ တွေးဆဆင်ခြင်ကြ”ဟု ဆောင်ပုဒ်၌ ရေးထုတ်အပ်ပါသတည်း။ ထိုမှတပါး ဈာန်ကြီးကိုရပြီးသော ပုထုဇဉ်, သေက္ခတို့သည် မိမိတို့ရသောဈာန်မှထ၍ မိမိဈာန်ကိုပင် တွေးဆင်ခြင်သောအခါ မိမိ

မိမိတို့ ဈာန်ကုသိုလ်က အာရမ္မဏပစ္စည်း၊ ဆင်ခြင်သော ကာမကုသိုလ်များ ငါပဋ္ဌာန်းတရားတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား ဖြစ်ကြရကုန်၏။

(တနည်း) သေက္ခပုထုဇဉ်တို့သည် မိမိတို့ ရအပ်ပြီးသော ဂေါတြဘူကိုလည်းကောင်း၊ ဝေါဒါန်ကိုလည်းကောင်း၊ မဂ်ကိုလည်းကောင်း၊ ဆင်ခြင်စဉ်းစားကြသောအခါ ဂေါတြဘူဝေါဒါန်, မဂ်ကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ ဆင်ခြင်သော ကာမကုသိုလ်များ ငါပဋ္ဌာန်းတရားတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ကြသည်ကို သိစေလို၍ "ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ။ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ။ ဝေါဒါနံပစ္စဝေက္ခန္တိသေက္ခာမဂ္ဂါဝုဋ္ဌဟိတွာ မဂ္ဂံပစ္စဝေက္ခန္တိ"ဟု ဤပဋ္ဌာန်းပါဠိတော်ကြီး၌ ဟောတော်မူအပ်သည်တို့ကို တို့မြန်မာစကားနှင့်မှတ်သားလွယ်ကြစေခြင်း အကျိုးငှာ (ဂေါတြဘူဝေါဒါန်၊ ဈာန်မဂ်ကိုပင်၊ တွေးဆင်ခြင်၊ မည်တွင်အာရမ္မဏ၊ ပစ္စည်းရ)ဟု ဆောင်ပုဒ်မှာ ပြဆိုအပ်ပါသတည်း။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့ကုသိုလ်တို့ကို ဝိပဿနာပွား'များ:ပုံကားရှေးအဖို့က အမှတ်တရ ပြုခဲ့ကြသော ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာသော ကုသိုလ်စုတို့ကိုလည်းကောင်း၊ယခုချက်ခြင်း ပြုပြုသမျှသော ကုသိုလ်စုကိုလည်းကောင်း ဝိပဿနာပွားများလိုသော ယောဂီပျိုတို့သည် မိမိ မိမိတို့ ပြုပြုသမျှသော ကုသိုလ်စုတို့ ယခုဝိပဿနာရှုဆဲအခါ မရှိချုပ်ပျောက် အနိစ္စ ရောက်သည်တို့ကို ဉာဏ်နှင့်မိမိ ပြုးပြုးကြည့်၍ "အနိစ္စ-အနိစ္စ၊ အနိစ္စ-အနိစ္စ" ဟု အခါခါ ဝိပဿနာတို့ကို ပွားများကုန်ရာ၏၊ ဤသို့ပွားများကြသောအခါ ရှေးအဖို့က ပြုခဲ့ကြပြီး အနိစ္စသို့ချည်း ရောက်ကြကုန်သော ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာသော ကုသိုလ်စုတို့က အာရမ္မဏပစ္စည်း၊ အနိစ္စ အနိစ္စ ဟု ဝိပဿနာရှုသော ကုသိုလ်စုတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား ဖြစ်ကြသည်ကို သိစေလို၍ သေက္ခာ ဝါ ပုထုဇ္ဇနာ 'ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"ဟူ၍ ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူအပ်သည်ကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်း အကျိုးငှာ (သေက္ခပုထု၊ ကုသိုလ်စု၊ ပွားမှုအနိစ္စ၊ အာရုံရ)ဟု ဆောင်ပုဒ်မှာ ပြဆိုအပ်ပါသတည်း။ ထိုမှတပါး စေတောပရိယကုသိုလ် အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်အတွင်း၌ တည်သော သူတပါးတို့၏ ကုသိုလ်အစဉ်ကို ကြည့်၍ သိသောအခါ သူတပါးတို့၏ ကုသိုလ်ခန္ဓာတို့က အာရမ္မဏပစ္စည်း၊သိသော စေတောပရိယ အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားဖြစ်ကြကုန်၏။

(တနည်း)။ ။ဝိညာဏဉ္စာယတန ကုသိုလ်တို့သည် အာကာသာနဉ္စာယတန ကုသိုလ်ကိုသာ အာရုံပြု၍ ဖြစ်ကြသောကြောင့် အာကာသာနဉ္စာယတန ကုသိုလ်က အာရမ္မဏပစ္စည်း၊ ဝိညာဏဉ္စာယတန ကုသိုလ်က အာရမ္မဏပစ္စယုပ္ပန်များ ငါ ပဌာန်းတရားဖြစ်ကြကုန်၏။ နေဝသညာ နာသညာယတန ကုသိုလ်တို့ကလည်း အာကိဉ္စညာယတန ကုသိုလ်တို့ကိုသာ အာရုံပြု၍ ဖြစ်ကြသောကြောင့် အာကိဉ္စ-ညာယတန ကုသိုလ်က အာရမ္မဏပစ္စည်း၊ နေဝသညာနာသညာယတန ကုသိုလ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရားတို့ဖြစ်ကြကုန်၏။

(တနည်း)။ ။ဣဒ္ဓိဝိဓကုသိုလ် အဘိညာဉ်သည် မိမိပါဒက ဖြစ်သော ရူပါဝစရကုသိုလ်ကို အာရုံပြု၍ ဖြစ်သောကြောင့် ပါဒက ဖြစ်သော ကုသိုလ် ပဉ္စမဈာန်က အာရမ္မဏပစ္စည်း၊ ဣဒ္ဓိဝိဓအဘိညာဉ် ကုသိုလ်က အာရမ္မဏ ပစ္စယုပ္ပန်များ ငါပဌာန်းတရား ဖြစ်ကြကုန်၏။ စေတောပရိယ အဘိညာဉ်မှာ ရှေးအဘိညာဉ် အတိုင်းသိပါလေ။ (တနည်း) ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ် အဘိညာဉ်ဖြင့် ရှေးအဖို့၌ ဖြစ်ဘူးသော ကုသိုလ်ကို ပြန်၍ ကြည့်သော အခါ ရှေးအဖို့၌ ဖြစ်ဘူးသော ကုသိုလ်ခန္ဓာက အာရမ္မဏပစ္စည်း၊ ပုဗ္ဗေနိဝါသာ-နုဿတိကုသိုလ် အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရားဖြစ်ကြကုန်၏။ (တနည်း) ယထာကမ္မုပဂကုသိုလ် အဘိညာဉ်ဖြင့် အတိတ်ဖြစ် သော ကုသိုလ်ကံများကို ကြည့်ရှုသောအခါ အတိတ်ဖြစ်သော ကုသိုလ်ကံက အာရမ္မဏပစ္စည်း၊ ယထာကမ္မုပဂကုသိုလ် အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန် များ ငါပဌာန်းတရား ဖြစ်ကြကုန်၏။

(တနည်း)။ ။အနာဂတံသကုသိုလ် အဘိညာဉ်ဖြင့် နောက်၌ ဖြစ်လတ္တံ့ သော ကုသိုလ်တို့ကို လှမ်း၍ကြည့်သောအခါ ဖြစ်လတ္တံ့သော ကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ အနာဂတံသကုသိုလ် အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရား ဖြစ်ကြကုန်၏။ ဤသို့ ဖြစ်ကြသည်ကို သိစေလို၍ "စေတော-ပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အာကာသာနဉ္စာယ-တနကုသလံ ဝိညာဏဉ္စ ယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာယတနကုသလဿ အာရမ္မဏ-ပစ္စယေနပစ္စယော။ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော"ဟု ဤပဌာန်းပဠာဝါရ ပါဠိတော်ကြီးမှာ ဟောတော်မူအင်ပါသတည်း။ ဤသို့ ဟောတော်မူအင်သည်ကို အလွယ်နှင့် သိစေလို၍ (ကုသိုလ်ခန္ဓာ၊ အဘိညာ၊ ပြုပါအာရမ္မဏ၊ ပစ္စည်းရ)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ကုသိုလ်ခန္ဓာတို့ကို ဝိပဿနာ ရှုရပုံကား—ရှေးက

(သေက္ခပုထု၊ ကုသိုလ်စုပွားမှုအနိစ္စ၊ အာရုံရ)ဟု ဤလက်ာပါဠိတို့အရနှင့် ပြအပ်ခဲ့ပြီးသောကြောင့် အထူးပြဆိုဖွယ် မလိုတော့ကြောင်း။ ဤကား ကုသလပဒ၌ ကုသလပဒါဝသာနအရ စာပဋ္ဌာန်း ရွာပဋ္ဌာန်းတို့ကို ပြချက်တို့ ပါတည်း။

ကုသလပဒါဝသာန ပြီး၏။

---

## ၄၅။ ကုသိုလ်အကြောင်းခံ၍ အကုသိုလ်များ ဆန်းကြယ်စွာ ဖြစ်ပွားကြပုံကို ဖော်ပြချက်

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောတော်မူ၏။ ထိုအကုသလပဒါဝသာန၌လည်း ဒါနံ ဒတွာ သီလံ သမာဒိယိတွာ—အစဖြာသော သမုတိသစ္စာနယ်နှင့် ပရမတ္ထသစ္စာနယ် နှစ်သွယ် နှစ်ရပ် ပေါင်းစပ်၍ ဟောတော်မူသည့် ဒေသနာတော် အစားစားတို့ကို ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူသည့် နည်းအရနှင့် ကုသလာဓမ္မာ ဒေသနာအရကို သူငါအစားစားတို့ ထင်ရှားသိမြင်လွယ်ကြအောင် ပုဂ္ဂလာဓိဋ္ဌာန်အရ သမုတိသစ္စာအဝတ္တို့ဖြင့် ဟောပြတော်မူပုံကား—

ပါဠိစကားနှင့် (အကုသလာဓမ္မာ)၊ မြန်မာစကားနှင့် (မကောင်းတဲ့ သဘော)ဟူ၍ ပရမတ္ထစကားအစစ်များကို ဟောပြတော်မူသော ပရမတ္ထ ဒေသနာတော်စကားထဲမှာ သမုတိသစ္စာပညတ်နှင့် တွဲဖက်ကြပါ၍ အကုသလာ ဓမ္မာ ပါဠိတော်အလာကို တို့မြန်မာက သာယာခင်မင် ကပ်ငြိကြသည့် လောဘ အစားစားနှင့် မကောင်းတဲ့သဘော၊ ကျူးလွန်စော်ကား နှိပ်စက်သမျှ အစား စား နှလုံးမသာယာမှု စသည့် ဒေါသအစားစားတို့နှင့် မကောင်းတဲ့သဘော၊ တည်တံ့ခိုင်မြဲခြင်းမရှိပဲ အမျိုးမျိုးပျံ့လွင့်သော ဥဒ္ဒစ္စ၊ သို့လောသို့လော တွေး တောခြင်း ဝိစိကိစ္ဆာတို့ဖြင့် တွေဝေမိန်းမောခြင်း စသည် မောဟ အစားစား တို့နှင့် မကောင်းတဲ့သဘော (ဝါ) အလှူဒါန မပေးလှူချင်ကြ ဝန်တိုခြင်း မစ္ဆရိယနှင့် မကောင်းတဲ့သဘော၊သီလမဆောက်တည်ချင်ကြသည့် အသံဝရဖြင့် မကောင်းတဲ့ သဘော၊ ဘာဝနာ မပွားကြ ပျံ့လွင့်ခြင်း ဥဒ္ဒစ္စ စသည်နှင့် မကောင်းတဲ့ သဘော၊ အပုညကြိယာ အစားစားနှင့် မကောင်းတဲ့ သဘော၊ ဒုစရိတအစားစားနှင့် မကောင်းတဲ့သဘော ဟူ၍ လောက၌ အကုသိုလ်ပြုသမျှ အဆုံးအပိုင်းအခြားမရှိအောင် ဖော်ထုတ်၍ ဓမ္မကထိက ပြုလုပ်သူတို့နှင့်တကွ ဒေသနာဉာဏ် ရင့်သန်လိုသူတို့သည် ဤအကုသလာဓမ္မာ ပရမတ္ထဒေသနာ တပါးတည်း၌ ပြုပြုသမျှသော မကောင်းမှုတို့ကို ထည့်သွင်းပြီးလျှင် တသက် ပတ်လုံး တကမ္ဘာပတ်လုံး ဟောကြား၍ ဆင်ခြင်၍ မဆုံးနိုင် မကုန်နိုင်အောင် ထင်မြင်ပေါက်ရောက်တော်မူနိုင်ကြပါစေကုန်သတည်း။ ။

ဤသို့ ပညတ်နယ်အစားစားတို့နှင့် ဆက်စပ်ကာ အကုသလာဓမ္မာ-ဟူသော ဒေသနာတော်ကြီး၏ ကြီးကျယ်မြင့်မြတ်လှသည်များကို ထင်ရှားသိသာရုံမက ရှေးကပြခဲ့ပြီးသော လောဘ, ဒေါသ, မောဟ, အစားစားတို့၌ပင် အကုန်လုံး ပါဝင်အောင် ဆင်ခြင်ကြပြီးလျှင် ဒါနကို မပေးလှူချင်ကြ ဝန်တိုမစ္ဆရိယ တခု တည်း၌ပင် ထိုမစ္ဆရိယက ဆွမ်း, သင်္ကန်း, ကျောင်းစသော မရေမတွက်နိုင်သော ပညတ်နယ်က ပေးလှူအပ်ကြသော ဒါနအစားစားတို့ကို မပေးလှူချင်ကြသည့် မစ္ဆရိယနှင့် တွဲဖက်ကြပြီးလျှင် အကုသလာဓမ္မာ—ဆွမ်းမစ္ဆရိယနှင့် မကောင်းတဲ့ သဘော၊ သင်္ကန်းမစ္ဆရိယ, ကျောင်းမစ္ဆရိယ, ဆေးမစ္ဆရိယ, ပန်း, ဆီမီးစသည့် အဆုံးမရှိနိုင်အောင်သော မစ္ဆရိယ အမျိုးမျိုးတို့နှင့် မကောင်းတဲ့သဘောဟူ၍ လည်း ထည့်သွင်းကာ သိနိုင်ကြ ဟောကြားနိုင်ကြကုန်ရာ၏။ ထို မစ္ဆရိယတခု တည်း၌လည်း ဆွမ်း,ဆွမ်းဟင်း, ဟင်းလျာ စသည်တို့ပါ ဆက်တွဲ၍ အကုသလာ-ဓမ္မာ—ဒန်ပေါက်ဆွမ်း မစ္ဆရိယနှင့် မကောင်းတဲ့သဘော၊ (ဝါ) ထောပတ်ဆွမ်း, အုန်းဆွမ်း, မီးတုန်းဆွမ်း, ပြောင်းဆွမ်း စသည့် အနုအကြမ်း, ဟင်းအနုအကြမ်း အစားစားတို့မှာ ဖြစ်ပွားနေကြသည့် မစ္ဆရိယ အစားစားတို့နှင့် မကောင်းတဲ့ သဘောဟူ၍ ထည့်သွင်းကာ သိနိုင်ကြ ဟောကြားနိုင်ကြကုန်ရာ၏။

ထိုမှတပါး သင်္ကန်း, ကျောင်း, ဆေး စသည်တို့၌ ဝန်တိုခြင်း အစားစား တပါးပါးတို့မှာလည်း မစ္ဆရိယအစားစား, အပုညကြိယာအစားစား, ဒုစရိုက် အစားစား ပညတ်များနှင့် မကောင်းတဲ့သဘောတခုထဲမှာ တွဲစပ်ကြကာ အကု-သလာ ဓမ္မာ ဒေသနာကို ကျယ်ဝန်းစွာ တသက်လုံး တကမ္ဘာပတ်လုံး ဟောကြားသိရှိ၍ မဆုံးနိုင်အောင် ဆိတ်ငြိမ်ရာအရပ်တွင် ဉာဏ်သက်ဝင်ရန် ဆင်ခြင် စဉ်းစားတော်မူနိုင်ကြပါစေသတည်း။ (ဝါ) ဆင်ခြင်စဉ်းစားတော်မူကြ ပြီးလျှင် အကုသလာဓမ္မာ ဒေသနာတခု၌ပင် ဉာဏ်သက်ဝင်၍ လောကကြီး အားလုံးကို အကျဉ်းချုပ်ကာ အကုသလာဓမ္မာ—ဟု ဟောကြားတော်မူနိုင် ပါသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကိုပင် ယခုချက်ချင်းထ၍ ရှိခိုး ချင်အောင် ကျေးဇူးတော်ဂုဏ် ဉာဏ်တော်အလုံးစုံတို့ အရကို အနည်းငယ်မျှ ဆားမြည်းနိုင်ကြအောင် အကုသလာဓမ္မာ-ပုဒ်အရကို ရေးပြတော်မူခြင်း ပေတည်း။

ဝအောင်စားလိုမူကား— ရှေးက ပြခဲ့ပြီးသော နည်းကို မှီးကာ မှီးကာ ကာလအားဖြင့် အဆုံး အပိုင်းအခြားမရှိ၊ အရပ်ဒေသအားဖြင့်လည်း အဆုံး အပိုင်းအခြားမရှိ၊ သတ္တဝါ အစားအစားတို့အားဖြင့်လည်း အဆုံး အပိုင်းအခြား မရှိသော ဤအနန္တစကြာဝဠာ ကမ္ဘာအတွင်း၌ မကောင်းခြင်းရှိသမျှ အကုသိုလ် စိတ် အဝဝတို့ကို အလုံးစုံထင်မြင်အောင် ဆင်ခြင်တော် မူနိုင်ကြပါစေသတည်း။ သူတပါးတို့ကိုလည်း အကုသလာဓမ္မာ—ထဲတွင် အကုသိုလ်တရား အစစ်တွေ

ပါဝင်နေကြသည်ဟု ဆင်ခြင်ကြပြီးလျှင် ပါဠိအစားစားတို့ကို မကျက်ရပဲ ဤအကုသလာဓမ္မာ-တခုတည်း၌ပင်ဆင်ခြင်၍ မဆုံးနိုင်အောင် လောကနယ်ကြီး အားလုံးထဲမှာ တည်ရှိ၍နေပါသော အကုသိုလ်တရားအစားစားတို့ကို ဉာဏ် လက်ညှိုးနှင့် ထိုးကာ ထိုးကာ ဟောဟဲ့ ဟောဟဲ့နှင့် ဟောကြားနိုင်ကြပါစေ သတည်း။ မိမိတို့လည်း ဆင်ခြင်နိုင်ကြ ဝအိနိုင်အောင် သုံးဆောင်နိုင်ကြပါစေ သတည်း။

ဤသို့ အားထုတ်ရှုကြည့်လို့ ဉာဏ်အမြင်ပေါက်ပြီးသား အကုသိုလ်တရား တို့သည်ကား အကြောင်းကင်းငြား၍ အလကားမဖြစ်နိုင်၊ ဟေတုအာရမ္မဏ စသော ပဋ္ဌာန်းအကြောင်းတရားတို့ကြောင့်သာ ဖြစ်ကုန်ရာသည်ကို ပြဆိုလို၍ ဤကုသလပဒ, အကုသလပဒ စသည်၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်း အားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ—

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ဟု စာပဋ္ဌာန်းအရ ပဋ္ဌာဝါရ၌ ဘုရားဟောတော်မူအပ်ပါသတည်း။ ၎င်းစာ ပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရမူ—

ကုသလောဓမ္မော၊ ကုသိုလ်တရားသည်။ အကုသလဿဓမ္မဿ၊ အကုသိုလ် တရားအား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒါနံ၊ ပေးလှူဖွယ်ဒါနဟူသမျှကို။ ဒတွာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းပြီး၍။ သီလံ၊ နိစ္စသီလကို။ သမာဒိယိတွာ၊ ဆောက်တည်ပြီး၍။ ဥပေါသထကမ္မံ၊ ဥပုသ် သုံးခြင်းအမှုကို။ ကတွာ၊ ပြုပြီး၍။ တံ၊ ထိုဒါနစသည်ကို။ အဿာဒေတိ၊ သာယာ ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုဒါနစသော ကုသိုလ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ နှစ်သက်ခြင်းရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ အယူမှားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ စိတ်၏ပျံ့လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ နှလုံးမသာမယာ

ခြင်းသည်။ ဥပနိဿယပစ္စည်း ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပုဗ္ဗေ၊ ရှေး၌။ သုစိဏ္ဏာနိ၊ ကောင်းစွာ လေ့ကျက်အပ်သော ကုသိုလ်တို့ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုလေ့လာအပ်သော ကုသိုလ်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ နှစ်သက်ခြင်း ရာဂသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဒိဋ္ဌိ၊ အယူမှားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ မဆုံးဖြတ်နိုင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ စိတ်၏ပျံ့လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဈာနံ၊ ဈာန်ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုဈာန်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ အယူမှားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ မဆုံးဖြတ်နိုင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ စိတ်၏ပျံ့လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဈာနေ၊ ဈာန်သည်။ ပရိဟီနေ၊ ယုတ်လျော့သည်ရှိသော်။ ဝိပ္ပဋိသာရိဿ၊ နှလုံးမသာယာသောသူအား။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) ဒါနသီလ၊ လေ့သမျှနှင့်၊ ဈာနတို့အား၊ တပ်မှားတွေးလွင့်၊ ဒေါသဆင့်၊ ဖြစ်လင့်အာရမ္မဏ၊ ပစ္စည်းရ။

(၂) ဝိပဿနာ၊ ရှုလိုပါ၊ သိတာပြောင်းလျက်၊ သိဟောင်းပျက်။ ဤသည်တို့ကား—ရှာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ပစ္စည်းအရကောက်ကြီးများနှင့် ခမ်းနားကြီးကျယ်အောင် သိရှိနိုင်ကြဖို့ကား တကယ်ပဋ္ဌာန်းပရိယတ္တိတရားကို သင်ကြားပို့ချနေသော အဓိပတိပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများသာ သိကြားနားလည်ဖို့ ရှိနိုင်ကြကုန်ရာသည်။ ဤကဲ့သို့ ပဋ္ဌာန်းပရိယတ္တိ တရားများကို မသင်ကြား မလေ့ကျက်နိုင်သူ အများလူတို့ကား အနည်းငယ်မျှ တစိတ်တဒေသတို့သာ သိကြားနားလည်ကြဖို့ရာ ငါပဋ္ဌာန်းတရားနှင့် ပြဆိုရပါမူ ဤလောကကြီးအတွင်းမှာ မြတ်သောအလှူခံစသည်တို့ကား မွန်မြတ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစသော အလှူဝတ္ထု မလှူဘူးသေးသော အလှူဝတ္ထုစသည် တခုခုကို ပေးလှူကြပြီး၍ ထိုအလှူခံပုဂ္ဂိုလ်နှင့်စပ်၍လည်းကောင်း၊ အလှူဝတ္ထုနှင့်စပ်၍လည်းကောင်း ထိုဒါနကုသိုလ်ကို အာရုံပြု၍ ဝမ်းမြောက်စွာ သောမနဿနှင့်တကွ သာယာခြင်းတဏှာ ဖြစ်ကြတတ်ကုန်၏။ ထိုသို့ဖြစ်ကြသော အခါ ဒါနကုသိုလ်က အာရမ္မဏပစ္စည်း၊ ဝမ်းမြောက်သည့် သောမနဿနှင့်တကွ သာယာသော တဏှာတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား ဖြစ်ကြကုန်၏။

တနည်း—မြတ်သောအလှူခံ, နှစ်သက်အပ်သော အလှူခံစသည်တို့အား မွန်မြတ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစသော အလှူဝတ္ထု မလှူဘူး သေးသော အလှူဝတ္ထုစသည် တခုခုကိုပေးလှူကြပြီး၍ ထိုအလှူခံပုဂ္ဂိုလ်နှင့် စပ်၍လည်းကောင်း၊ အလှူဝတ္ထုနှင့်စပ်၍လည်းကောင်း ထိုဒါနကုသိုလ်ကို အာရုံ ပြု၍ အလွန်နှစ်သက်သော ပီတိနှင့်တကွ သာယာခြင်းတဏှာ ဖြစ်တတ်ကြကုန် ၏။ ထိုသို့ဖြစ်ကြသောအခါ ရှေးကပြုခဲ့သော ဒါနကုသိုလ်က အာရမ္မဏပစ္စည်း၊ နှစ်သက်သည့် ပီတိနှင့်တကွ သာယာသော တဏှာတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစင်တို့ ဖြစ်ကြလေကုန်၏။ ဤသို့ ဤလောကကြီးအတွင်းမှာ သူငါစသည်တို့ ဖြစ်နေတတ်ကြသည့် ငါပဋ္ဌာန်းတရား အစစ်ကြီးများကို သိစေ လို၍ "ဒါနံ ဒတွာ တံ အဿာဒေတိ အဘိနန္ဒတိ"ဟု ဤပဋ္ဌာန်းကြီးမှာ ဘုရား ကိုယ်တော်တိုင် ဟောတော်မူ၏။

ထိုမှတပါး မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများထံ၌ဖြစ်စေ၊ အလေးတမူ အရေး ယူအပ်သော ပုဂ္ဂိုလ်မြတ်တို့အထံ၌ဖြစ်စေ အကျိုးအပြစ်နှင့်တကွ သိရှိကြပြီးလျှင် နှစ်နှစ်ခြိုက်ခြိုက် ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ, သုစရိတသီလတို့ကို လည်းကောင်း၊ အင္ဂဉပုသ်, နဝင်္ဂဉပုသ်, ဒသင်္ဂဉပုသ်တို့ကိုလည်းကောင်း ခံယူ ဆောက်တည်ပြီး၍ ထိုထိုပုဂ္ဂိုလ်မြတ်ကြီးများနှင့် စပ်၍လည်းကောင်း၊ ထိုထိုသီလ တို့၏ အကျိုးအပြစ်ကို သိရှိခြင်းနှင့်စပ်၍လည်းကောင်း ခံယူဆောက်တည်အပ် သော သီလ ဥပေါသထ ကုသိုလ်တို့ကို အာရုံပြု၍ ဝမ်းမြောက်စွာ သောမနဿ နှင့်တကွ သာယာခြင်းတဏှာလည်း ဖြစ်တတ်ကြကုန်၏။ တနည်း—အလွန် နှစ်သက်သော ပီတိနှင့်တကွ သာယာခြင်းတဏှာလည်း ဖြစ်တတ်ကြကုန်၏။ ထိုသို့ဖြစ်ကြသောအခါ ထိုသီလ ဥပေါသထကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ ဝမ်းမြောက်သည့် သောမနဿနှင့်တကွ သာယာသည့်တဏှာတို့ကလည်းကောင်း၊ တနည်း—အလွန်နှစ်သက်သည့် ပီတိနှင့်တကွ ထိုသာယာခြင်းတဏှာတို့က လည်းကောင်း အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေ ကုန်၏။ ဤသို့ သူငါစသည်တို့မှာ ဖြစ်နေတတ်ကြသည့် ငါပဋ္ဌာန်းတရားအစစ်ကြီး များကို သိစေလို၍ "သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာ ဒေတိ အဘိနန္ဒတိ"ဟူ၍ ပဋ္ဌာန်းကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောတော်မူ၏။

ထိုမှတပါး ရှေးကပြုခဲ့ပြီးသော ထိုထိုဒါန, သီလ, ဥပေါသထကုသိုလ်တို့ကို အာရုံပြု၍ လောဘမူ သောမနဿ, ဥပေက္ခာ ဇောရှစ်ဖြာတို့ဖြင့် အခါခါတွယ်တာ ကပ်ငြိခြင်း တဏှာဖြစ်သော အခါတို့၌လည်းကောင်း၊ ၎င်းဒါန, သီလ,ဥပေါသထ ကုသိုလ်တို့ကို ပြုနေတာ ငါပဲ၊ ငါသည်ပင်လျှင် ထိုဒါန, သီလ, ဥပေါသထကုသိုလ် တို့ကို ပြုနေသည်ဟု ထိုထိုဒါန, သီလ, ဥပေါသထကုသိုလ်တို့ကို သက္ကာယဒိဋ္ဌိဖြင့် အမြင်မှားသော အခါတို့၌လည်းကောင်း၊ ထိုမှတပါး ယခု ငါလှူအပ်သော

ဒါန၊ ဆောက်တည်အပ်သော သီလ၊ သုံးသပ်အပ်သော ဥပုသ်တို့သည် ဒါန, သီလ, ဥပေါသထအစစ်မှ ဖြစ်ပါမည်လား မဖြစ်လား၊ ကောင်းကျိုးများကို ပေးပါမည်လား မပေးလား စသည်ဖြင့် သို့လော သို့လော ယုံမှားခြင်း ဝိစိကိစ္ဆာ ဖြစ်ကြသောအခါတို့၌လည်းကောင်း၊ ထို့မှတပါး မိမိတို့ပြုလုပ်အပ်သော ဒါန, သီလ, ဥပေါသထတို့ကို အရင်းထား၍ မတည်ကြည်ငြား လွင့်ပါးသော ဥဒ္ဓစ္စ ဖြစ်သောအခါတို့၌လည်းကောင်း၊ ထို့မှတပါး မိမိပြုလုပ်သော ဒါန, သီလ, ဥပေါသထတို့အတွက် နှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ ချွတ်ချော်ခြင်း လော်လည်ခြင်း စသည်အမျိုးမျိုးတို့ကြောင့်လည်းကောင်း၊ ငါသည် မသိလို့ မိုက်လို့ မှားလို့ စသည်ဖြင့်သာ ဤဒါန, သီလ, ဥပေါသထတို့ကို ပြုမိပါသည်ဟု နှလုံးမသာယာခြင်း ဒေါမနဿဖြစ်သောအခါတို့၌လည်းကောင်း ထိုထိုရှေးက ပြုခဲ့ပြီးသော ဒါန, သီလ, ဥပေါသထ ကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ သာယာသော တဏှာ, အမြင်မှားသော ဒိဋ္ဌိ, သို့လော သို့လော တွေးတော ယုံမှားသော ဝိစိကိစ္ဆာ, ပျံ့လွင့်သော ဥဒ္ဓစ္စ, နှလုံးမသာယာသော ဒေါမနဿတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်ကြီးတွေ သူငါတို့အတွင်းမှာ မပြတ်မလပ် အထပ်ထပ် ဖြစ်နေကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီးမှ 'တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ" ဟု ဘုရားကိုယ်တော်တိုင် ဟောကြား သိရှိတော် မူလေ၏။

**ထို့မှတပါး** ပုဗ္ဗေ သုစိဏ္ဏာနိ – အရ ရှေးရှေးက အလေ့အလာ ပြုခဲ့ပြီးသော ဒါနကုသိုလ်, သီလ ဥပေါသထကုသိုလ်, သမထကုသိုလ်, ဝိပဿနာကုသိုလ်စသော ပုညကြိယာ အဖြာဖြာသော ကုသိုလ်ဟူသမျှတို့ ရထိုက်လှ၏။ ထိုရှေးက ပွားများ လေ့လာအပ်ခဲ့ပြီးသော ကုသိုလ်တို့ကို အာရုံပြု၍ ဝမ်းမြောက်စွာ သောမနဿနှင့်တကွ သာယာခြင်းတဏှာလည်းဖြစ်သော အခါတို့၌လည်းကောင်း၊ (တနည်း) အလွန်နှစ်သက်သော ပီတိနှင့်တကွ သာယာခြင်းတဏှာဖြစ်သော အခါတို့၌လည်းကောင်း၊ (တနည်း) လောဘမူစိတ် ရှစ်ခုတို့ဖြင့် အခါခါ တွယ်တာ ကပ်ငြိခြင်း ရာဂဖြစ်သောအခါတို့၌လည်းကောင်း၊ အမြင်မှားသော ဒိဋ္ဌိဖြစ်သော အခါတို့၌လည်းကောင်း၊ သို့လော သို့လော တွေးတော ယုံမှားသော ဝိစိကိစ္ဆာဖြစ်သော အခါတို့၌လည်းကောင်း၊ ပျံ့လွင့်သော ဥဒ္ဓစ္စဖြစ်သောအခါတို့၌လည်းကောင်း၊ နှလုံးမသာယာသော ဒေါမနဿဖြစ်သော အခါတို့၌လည်းကောင်း၊ ထိုထိုရှေးရှေးက လေ့လာပွားများ အားထုတ်ခဲ့သော ဒါန, သီလ, ဥပေါသထ, သမထ, ဝိပဿနာ အစဖြာသော ပုညကြိယာကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ ဝမ်းမြောက်နှစ်သက်ခြင်းနှင့်တကွ သာယာတွယ်တာ ကပ်ငြိခြင်းရာဂ, အမြင်မှားသော ဒိဋ္ဌိ, တွေးတောသော ဝိစိကိစ္ဆာ, ပျံ့လွင့်သော ဥဒ္ဓစ္စ

နှလုံးမသာမယာသော ဒေါမနဿတို့က အာရမ္မဏပစ္စယပွန်များ ငါပဋ္ဌာန်း တရားအစစ်ကြီးတွေ သူငါတို့အတွင်းမှာ ဖြစ်နေကြသည်ကို သိစေလို၍ ဤပဋ္ဌာန်း ပါဠိတော်ကြီးမှာ "ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ"ဟု ဘုရားကိုယ်တော်တိုင် ဟောကြား သိရှိတော် မူစေ၏။

ထိုမှတပါး သမာပတ်စျာန် အစားစားတို့ကို ရပြီးသော ပုဂ္ဂိုလ်တို့သည် မိမိတို့ရသော စျာန်မှထ၍ မိမိတို့ရသည့် စျာန်ကို အာရုံပြု၍ သာယာခြင်း, နှစ်သက်ခြင်း တပ်ခြင်းဖြစ်သောအခါတို့၌လည်းကောင်း၊ငါသည်ပင်လျှင် စျာန် ဝင်စား၏၊ စျာန်ဝင်စားနေသူပင်လျှင် ငါပေါ့ဟု သက္ကာယဒိဋ္ဌိ အမြင်မှားသော အခါ သို့လော သို့လော တွေးတောသောအခါ ပျံ့လွင့်သောအခါတို့၌လည်း ကောင်း၊ ထိုထိုရအပ်ပြီးသော စျာန်ကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ သာယာ ခြင်း, နှစ်သက်ခြင်း, ကပ်ငြိခြင်း, အမြင်မှားခြင်း, တွေးတောခြင်း, ပျံ့လွင့် ခြင်း အကုသိုလ်တရားတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ် ကြီးတွေ ဖြစ်တတ်လေသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ "စျာနာ ဝုဋ္ဌဟိတွာ စျာနံ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"ဟု ဘုရားကိုယ်တော် တိုင် ဟောကြားသိရှိတော် မူစေ၏။

ထိုမှတပါး စျာန်ရပြီးသော ပုဂ္ဂိုလ်များသည် မိမိတို့ရအပ်သော စျာန်မှ လျောကျကြသောအခါ ငါသည် ဤစျာန်မှ လျောကျရလေသည်တကားဟု နှလုံးမသာယာသော အခါတို့မှာ လျောကျပြီးသော စျာန်က အာရမ္မဏပစ္စည်း၊ နှလုံးမသာယာသော ဒေါမနဿအကုသိုလ်တို့က အာရမ္မဏပစ္စယုပ္ပန်များ ငါ ပဋ္ဌာန်းတရားတို့ ဖြစ်ကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ "စျာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ"ဟု ဘုရားကိုယ်တော်တိုင် ဟောကြား သိရှိတော် မူစေ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော် ကြီးများကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်း အကျိုးငှာ (ဒါနသီလ၊ လေ့သမျှနှင့်၊ စျာနတို့အား၊ တပ်မှားတွေ-လွင့်၊ဒေါသဆင့်၊ ဖြစ်လင့်အာရမ္မဏ၊ ပစ္စည်းရ) ဟု ဆောင်ပုဒ်၌ ရေးထုတ်အပ်ပါသတည်း။

ဤကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သော အာရမ္မဏပစ္စည်းကို ဝိပဿနာရှုလို သော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးအဖို့က ပြုခဲ့ကြပြီးသော ဒါန, သီလ, ဥပေါ- သထ စသော ပုညကြိယာ အဖြာဖြာသော ကုသိုလ်စုကို အာရုံပြု၍ ဝမ်းမြောက် သာယာသောစိတ်, နှစ်သက်သာယာသောစိတ်တို့ ဖြစ်ပြီးနောက် ပျက်ပျောက် အနိစ္စ ရောက်သည်တို့ကို ဉာဏ်နှင့် မိမိ ပြုံးပြုံးကြည့်၍ "အနိစ္စ-အနိစ္စ။ အနိစ္စ-

အနိစ္စ။ အနိစ္စ-အနိစ္စ"ဟု ဝိပဿနာ ရှုကြကုန်၏။ (တနည်း) ထိုကုသိုလ်တို့ကို အာရုံပြု၍ တပ်နှစ်သက်ကြပြီး အမြင်မှားကြပြီး သို့လော သို့လော တွေးတော ကြပြီး ပျံ့လွင့်ကြပြီး နှလုံးမသာယာကြပြီးနောက် ပျက်ပျောက် အနိစ္စရောက် သော အကုသိုလ်တို့ကို ဉာဏ်နှင့် မိမိ ပြူးပြူးကြည့်၍ "အနိစ္စ အနိစ္စ။ အနိစ္စ အနိစ္စ။ အနိစ္စ အနိစ္စ"ဟု ဝိပဿနာ ရှုကြကုန်ရာ၏။ ဤသို့ သိလုံးတွေ ၀.မျိုး တမျိုးစီ အသစ်ပြောင်းလျှင် သိပြီးသားအဟောင်းတွေ ပျက်နေကြသည့် အနိစ္စအချက်ကို ရှုစေလို၍(ဝိပဿနာ ရှုလိုပါ၊ သိတာပြောင်းလျက်၊ သိဟောင်း ပျက်) ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

ကုသလပဒ၌ အကုသလပဒါဝသာန ပြီး၏။

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာ-ကတ ပဒါဝသာနကို ဟောတော်မူ၏။ ထိုအဗျာကတ ပဒါဝသာနသည် ယခုကာလ သူငါခပ်သိမ်းတို့အတွင်းမှာ ဖြစ်နေကြခြင်း နည်းပါး၍ ရဟန္တာများ ဈာန်ရ အဘိညာဥ်ရပုဂ္ဂိုလ်တို့သာ အမြဲထာဝရ ဖြစ်နေ တတ်ကြသော ပဋ္ဌာန်းတရားကြီးများ ဖြစ်ကြ၍ သူငါအစားစားတို့မှာ မရှိနိုင်ကြ မသိနိုင်ကြပဲ ကျက်မှတ်ကြရ ကြည့်ရှုကြရသူများ ဝန်လေး သွားမည် စိုးသောကြောင့် ဤမှာမထည့်သွင်းပဲ လျစ်လျူထားလိုက်ရ ပေသသည်း။

ဤကား အကုသလပဒကို အကျဉ်းမျှ ပြချက် ပြီး၏။

---

## ၄၆-ရှေးအကုသလအကြောင်းရ၍ နောက်ထပ်ကာဖန် အကုသိုလ်ဖြစ်ကြပြန်ပုံကို ဖော်ပြချက်

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒကို ဟောတော် မူ၏။ ထိုအကုသလပဒ၌လည်း အကုသလပဒါဝသာန, ကုသလပဒါဝသာန, အဗျာကတပဒါဝသာန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အကု-သလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအကုသလပဒါဝသာန ၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ရာဂံ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိ-ကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ

ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိ-ကိစ္ဆာ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။

ဟု စာပဋ္ဌာန်းအရကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အကုသလော ဓမ္မော၊ အကုသိုလ်တရားသည်။ အကုသလဿ ဓမ္မဿ၊ အကုသိုလ်တရားအား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ရာဂံ၊ တပ်နှစ်သက်ခြင်းရာဂကို။ အဿာဒေတိ၊ သာယာ၏။ အဘိ-နန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုနှစ်သက်ခြင်းရာဂကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိံ၊ ဒိဋ္ဌိကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုဒိဋ္ဌိကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိ-ကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏၊ ဒေါမနဿံ၊ ဒေါမနဿကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်၏။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) ဒိဋ္ဌိလောဘ၊ နှစ်ပါးမျှအား၊ တပ်မှားတွေးလွင့်၊ ဒေါသဆင့်၊ မှတ်လင့်အာရမ္မဏ၊ ပစ္စည်းရ။

(၂) တွေးလွင့်ဒေါသ၊ ယင်းသုံးဝကို၊ မှားကြတွေးလွင့်၊ ဒေါသဆင့်၊ မှတ်လင့် အာရမ္မဏ၊ ပစ္စည်းရ။

(၃) ဝိပဿနာ၊ အရာရာ၊ သိတာဖြစ်ပျက်၊ ရှုရန်ချက်။

ဟု ရွာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောက၌ ထိုထိုနှစ်သက်ဖွယ်စု အာရုံတခုခုကို အာရုံပြု၍ လောဘမူစိတ် ရှစ်ခုတို့ဖြင့် ခင်ခင်မင်မင် ကြင်ကြင်နာနာ တင်းနှစ်သက်စွာ ခံစား စံစား ပျော်ပါး ရွှင်မြူးခဲ့မူ လောဘစုကို အာရုံပြု၍ လောဘမူ သောမနဿလေးခုတို့ဖြင့် မကြာမကြာ အခါခါ သာယာဝမ်းမြောက်သောအခါတို့၌ ခံစားခဲ့သော ရာဂက အာရမ္မဏပစ္စည်း၊ သာယာဝမ်းမြောက်သည့် တဏှာက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ထိုမှတပါး ထိုခံစားခဲ့သော လောဘစုကို အာရုံပြု၍ လောဘမူ ပီတိ သဟဂုတ် လေးခုတို့ဖြင့် မကြာမကြာ အခါခါ သာယာနှစ်သက်သော အခါတို့၌ ခံစားခဲ့သော ရာဂက အာရမ္မဏပစ္စည်း၊ သာယာနှစ်သက်သော သပ္ပီတိက တဏှာက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ထိုမှတပါး ထိုခံစားခဲ့သော လောဘမူကို အာရုံပြု၍ လောဘမူစိတ် ရှစ်ခုတို့ဖြင့် မကြာမကြာ အခါခါတပ်မက်သော အခါတို့၌ ခံစားခဲ့သော ရာဂက အာရမ္မဏပစ္စည်း နောက်တပ်မက်သော ရာဂတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး ထိုခံစားခဲ့သော လောဘစုကို အာရုံပြု၍ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုတို့ဖြင့် ငါသည်ပင်လျှင် ခံစားစံစားခဲ့ရသည်၊ခံစားစံစားခဲ့ရတာကား ငါပင်တည်းဟု အမြင်မှားသော အခါတို့၌ ခံစားခဲ့ရသော ရာဂက အာရမ္မဏပစ္စည်း၊ အမြင်မှားသော သက္ကာယဒိဋ္ဌိဖြစ်သည့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်လေးခုတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ထိုမှတပါး ခံစားခဲ့ရသော လောဘစုကို အာရုံပြု၍ မကြာမကြာ အခါခါ ဝိစိကိစ္ဆာသဟဂုတ်စိတ်ဖြင့် သို့လောသို့လော တွေးတောသော အခါတို့၌ ခံစားခဲ့ရသော ရာဂက အာရမ္မဏပစ္စည်း၊ သို့လောသို့လော တွေးတောယုံမှားသော ဝိစိကိစ္ဆာတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ထိုမှတပါး ထိုခံစားခဲ့ရသော လောဘစုကို အာရုံပြု၍ မကြာမကြာ အခါခါ ဥဒ္ဓစ္စသဟဂုတ်စိတ်ဖြင့် ပျံ့လွင့်သောအခါတို့၌ ခံစားခဲ့ရသော ရာဂက အာရမ္မဏပစ္စည်း၊ ပျံ့လွင့်သော ဥဒ္ဓစ္စသဟဂုတ်စိတ်တို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ထိုမှတပါး ထိုခံစားခဲ့သော လောဘစုကို အာရုံပြု၍ မကြာမကြာ အခါခါ နှလုံးမသာယာခြင်း ဒေါမနဿတို့ ဖြစ်သောအခါတို့၌ ခံစားခဲ့သော ရာဂက အာရမ္မဏပစ္စည်း၊ နှလုံးမသာယာသည့် ဒေါမနဿက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

တနည်း—မိမိတို့ မှားယွင်း၍ ယူဆကြသော ဒိဋ္ဌိအယူဝါဒတို့သည် အသီးအသီးရှိကြကုန်၏။ ထိုမိမိတို့ ယူဆအပ်သော ဒိဋ္ဌိအယူဝါဒကို ဝမ်းမြောက်သာယာသောအခါ ဒိဋ္ဌိက ပစ္စည်း၊ ဝမ်းမြောက်သာယာခြင်းက ပစ္စယုပ္ပန်၊ ထိုမှ

တပါး ၎င်းဒိဋ္ဌိကို နှစ်သက်သဿယာသောအခါ ဒိဋ္ဌိကပစ္စည်း၊ သပ္ပိတိကတဏှာက ပစ္စယုပ္ပန်၊ ထိုမှတပါး ထိုဒိဋ္ဌိကို အာရုံပြု၍ သာယာတပ်မက်သောအခါ ထပ်၍ မှားယွင်းသောအခါ သို့လောသို့လော တွေးတောသောအခါ ပျံ့လွင့်သောအခါ နှလုံးမသာယာသောအခါ၌ ထိုရှေးကယူဆခဲ့သော ဒိဋ္ဌိက အာရမ္မဏပစ္စည်း၊ တပ်နှစ်သက်သော ရာဂတို့က ဒိဋ္ဌိတို့က ဝိစိကိစ္ဆာတို့က ဥဒ္ဓစ္စတို့က ဒေါမနဿတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤသို့ ဖြစ်ကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီး၌—

"ရာဂံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိဒေါမနဿံ ဥပ္ပဇ္ဇတိ။ဒိဋ္ဌိံ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ"—

ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားသိရှိတော်မူစေ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော်ကြီးများကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်း အကျိုးငှါ (ဒိဋ္ဌိလောဘ၊ နှစ်ပါးမျှအား၊ တပ်မှားတွေးလွင့်၊ ဒေါသဆင့်၊ မှတ်လင့်အာရမ္မဏ ပစ္စည်းရ)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

**တနည်း**—ထိုထိုအမှုကိစ္စ ဟူသမျှတို့၌ များသောအားဖြင့် သို့လောသို့လော တွေးတောခြင်းဝိစိကိစ္ဆာ ဖြစ်ကြပြီးနောက် ထိုတွေးတောသည့် ဝိစိကိစ္ဆာကို အာရုံပြု၍ နောက်ထပ်တဖန် သို့လောသို့လောပင် တွေးတောပြန်သောအခါ ရှေးဝိစိကိစ္ဆာက ပစ္စည်း၊ နောက်ဝိစိကိစ္ဆာက ပစ္စယုပ္ပန်၊ ထိုမှတပါး ရှေးက တွေးတောနေတာ ငါပဲ၊ ငါသည်ပင်လျှင် သို့လောသို့လော တွေးတောနေသည်ဟု သက္ကာယဒိဋ္ဌိဖြစ်သောအခါ ရှေးဝိစိကိစ္ဆာက ပစ္စည်း၊ သက္ကာယဒိဋ္ဌိက ပစ္စယုပ္ပန်၊ ထိုမှတပါး ရှေးဝိစိကိစ္ဆာကို အာရုံပြု၍ နောက်နောက်စိတ်ပျံ့လွင့်သောအခါ စိတ်နှလုံး မသာယာသော အခါတို့၌ ရှေးဝိစိကိစ္ဆာက အာရမ္မဏပစ္စည်း၊ နောက် ဥဒ္ဓစ္စနှင့် ဒေါမနဿတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

**တနည်း**—ထိုထိုအမှုကိစ္စ အာရုံအဝဝတို့ကို အကြောင်းပြု၍ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စ ဖြစ်ပွားကြပြီးနောက် ထိုပျံ့လွင့်ခြင်း ဥဒ္ဓစ္စကိုပင် အာရုံပြု၍ နောက်ထပ်တဖန် ပျံ့လွင့်ခြင်းဖြစ်သောအခါ ရှေးဥဒ္ဓစ္စက ပစ္စည်း၊ နောက်ဥဒ္ဓစ္စက ပစ္စယုပ္ပန်၊ ထိုမှတပါး ရှေးက ပျံ့လွင့်နေတာ ငါပဲ၊ ငါသည်ပင်လျှင် ရှေးတုန်းက ပျံ့လွင့်နေခဲ့သည်ဟု သက္ကာယဒိဋ္ဌိ ဖြစ်သောအခါ ရှေးဥဒ္ဓစ္စက ပစ္စည်း၊နောက်သက္ကာယဒိဋ္ဌိက ပစ္စယုပ္ပန်၊ ထိုမှတပါး ရှေးကပျံ့လွင့်ခဲ့သော ဥဒ္ဓစ္စကို အာရုံပြု၍ သို့လောသို့လော

တွေးတောသောအခါတို့၌လည်းကောင်း၊ နှလုံးမသာယာခြင်း ဖြစ်သောအခါ တို့၌လည်းကောင်း ရှေးက ဖြစ်ခဲ့သော ဥဒ္ဓစ္စက အာရမ္မဏပစ္စည်း၊ နောက်မှ တွေးတောသည့် ဝိစိကိစ္ဆာနှင့် ဒေါမနဿတို့က အာရမ္မဏ ပစ္စယုပ္ပန်များ ငါ ပဋ္ဌာန်းတရားတို့ ဖြစ်ကြကုန်၏။

(တနည်း)—ထိုထိုအမှုကိစ္စ အာရုံအဝဝတို့ကို အကြောင်းပြု၍ နှလုံးမသာ-ယာခြင်း ဒေါမနဿဖြစ်ကြပြီးနောက် ထိုနှလုံးမသာယာခြင်း ဒေါမနဿကိုပင် အာရုံပြု၍ နောက်ထပ်တဖန် နှလုံးမသာယာခြင်း ဖြစ်ပြန်သော အခါ ရှေးဒေါ-မနဿက ပစ္စည်း၊ နောက်ဒေါမနဿက ပစ္စယုပ္ပန်၊ ထိုမှတပါး နှလုံးမသာမယာ နေတာပါပဲ၊ ငါသည်ပင်လျှင် ရှေးရှေးက နှလုံးမသာယာခဲ့သည်ဟု သက္ကာယဒိဋ္ဌိ ဖြစ်သောအခါ ရှေးဒေါမနဿကပစ္စည်း၊ နောက်သက္ကာယဒိဋ္ဌိက ပစ္စယုပ္ပန်၊ ထို မှတပါး ရှေးက ထိုနှလုံးမသာယာခြင်းကို အာရုံပြု၍ သို့လောသို့လော တွေး တောသော အခါတို့၌လည်းကောင်း၊ ပျံ့လွင့်သော အခါတို့၌လည်းကောင်း၊ ရှေးက နှလုံးမသာခဲ့သော ဒေါမနဿက အာရမ္မဏပစ္စည်း၊ နောက်မှ တွေး တောသည့် ဝိစိကိစ္ဆာနှင့် ပျံ့လွင့်သော ဥဒ္ဓစ္စတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါ ပဋ္ဌာန်း တရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ဤသို့ ဖြစ်ကြသည်ကို သိစေလို၍ ဤပဋ္ဌာန်း ပါဠိတော်ကြီး၌–

ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"—

ဟု ဤပဋ္ဌာန်း ပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားသိရှိတော် မူစေ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော်ကြီးများကို တို့မြန်မာ စကားနှင့် မှတ်သား လွယ်ကြစေခြင်းအကျိုးငှာ(တွေးလွင့်ဒေါသ၊ ယင်းသုံးဝကို၊ မှားကြတွေးလွင့်၊ ဒေါသဆင့်၊ မှတ်လင့်အာရမ္မဏ၊ ပစ္စည်းရ။)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

ဤအကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သော အာရမ္မဏပစ္စည်းကို ဝိပဿနာရှု လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ရှေးအဖို့က ဖြစ်ခဲ့ကြပြီးသော လောဘ, ဒေါသ စသော အကုသိုလ်စုကို အာရုံပြု၍ နောက်ထပ်တဖန် ဖြစ်ကြပြန်သော လောဘ စု, ဒေါသစု, မောဟစုတို့၏ ဖြစ်မှု, ပျက်မှု အချက်စုတို့ကို ဉာဏ်နှင့်မိမိ ပြူးပြူး ကြည့်၍ "အနိစ္စ အနိစ္စ။ အနိစ္စ အနိစ္စ"ဟု ဝိပဿနာ ရှုကြကုန်ရာ၏။ ဤသို့

သိလိုးတွေ ဖြစ်ပျက်နေတာကို ဝိပဿနာ ရှုစေလို၍ (ဝိပဿနာ၊ အရာရာ၊ သိတာဖြစ်ပျက်၊ ရှုရန်ချက်)ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

အကုသလပဒ၌ အကုသလပဒါဝသာန ပြီး၏။

---

## ၄၇–အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ အကုသိုလ် ပယ်ဖျောက်ပုံကို ဖော်ပြချက်။

အကုသလ ပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလပဒါဝသာနကို ဟောတော်မူ၏။ ထိုကုသလပဒါဝသာန၌လည်း စာပဋ္ဌာန်း ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ။ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ။ သေက္ခာဝါ ပုထုဇ္ဇနာဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ စေတောပရိယဉာဏေန အကုသလ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော—

ဟု စာပဋ္ဌာန်းအရကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အကုသလော ဓမ္မော၊ အကုသိုလ်တရားသည်။ ကုသလဿ ဓမ္မဿ၊ ကုသိုလ်တရားအား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ၊ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေက္ခာ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ ပဟီနေ၊ ပယ်အပ်ပြီးကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ဝိက္ခမ္ဘိတေ၊ ခွာအပ်ပြီးကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။ ပုဗ္ဗေ၊ ရှေး၌။ သမုဒါစိဏ္ဏေ၊ လေ့လာအပ်ပြီးကုန်သော၊ ကိလေသေ။ ကိလေသာတို့ကို။ ဇာနန္တိ၊ သိကုန်၏။ သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကော င်း။ အကုသလံ၊ အကုသိုလ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာရှုကုန်၏။ စေတောပရိယဉာဏေန၊ စေတောပရိယဉာဏ်ဖြင့်။ အကုသလစိတ္တသမင်္ဂိဿ၊ အကုသိုလ်စိတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဇာနန္တိ၊ သိကုန်၏။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။

စေတောပရိယဉာဏာသ၊ စေတော(ပ)ရိယဉာဏ်အား။ ပုဗ္ဗေနိဝါသာနုဿတိဉာဏာ-သ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား။ ယထာကမ္မုပဂဉာဏာသ၊ ယထာကမ္မုပဂဉာဏ်အား။ အနာဂတံသဉာဏာသ၊ အနာဂတံသဉာဏ်အား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမ္မ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဆောင်ပုဒ်

(၁) သေက္ခအရိယာ၊ ပယ်ခွာလေငြား၊ ကိလေများ၊ စဉ်းစားကုသလ၊ အကျိုးရ။

(၂) သေက္ခပုထု၊ အကုစု၊ ပွားမှုအနိစ္စ၊ အာရုံရ။

(၃) အကုခန္ဓာ၊ အဘိညာ၊ ပြုပါအာရမ္မဏ ပစ္စည်းရ။

ဟု ရှာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ – သေက္ခဟု ဆိုအပ်သော သောတာပန်,သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်တို့သည် မိမိမိမိတို့မဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီးသော ကိလေသာဘို့ကိုကြံ၍ ဆင်ခြင်နှလုံးသွင်းသောအခါ ပယ်အပ်ပြီးသော ကိလေသာတို့က အာရမ္မဏပစ္စည်း ပြန်၍ဆင်ခြင်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဇောတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ထိုမှတပါး ၎င်းသေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့မဂ်ဖြင့် မပယ်ရသေးငြားသော်လည်း၊ အားနည်းအောင် ခွာရှောင်ထားသော ကိလေသာတို့ကို ပြန်၍ဆင်ခြင် နှလုံးသွင်းသောအခါတို့မှာ ကြွင်းကျန်သေးသော ကိလေသာတို့က အာရမ္မဏပစ္စည်း၊ ပြန်၍ဆင်ခြင်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဇောတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ထိုမှတပါးသေက္ခပုဂ္ဂိုလ်သည် ရှေးအဖို့က အလေ့အလာပြု၍ မိုက်မှားခဲ့သမျှသော အကုသိုလ်များ ကိလေသာတရားကို ကုသိုလ်စု စိတ်ကောင်းထား၍ စဉ်းစားသိရှိသောအခါ ရှေး(က)လေ့လာအပ်ပြီးသော ကိလေသာတို့က အာရမ္မဏပစ္စည်း၊ နောက်မှ စဉ်းစားသိရှိသော ကုသိုလ်စုက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ဖြစ်ကြလေကုန်၏။

ဤဒွိပြဋ္ဌာန်းသော သေက္ခပုဂ္ဂိုလ်ကိုဆိုသဖြင့် မပြဋ္ဌာန်းသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်း အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်လှန်ကြပြီးနောက် မိမိတို့ပယ်အပ်ပြီးသော ကိလေသာတို့ကို ပြန်၍ဆင်ခြင် နှလုံးသွင်းသောအခါတို့၌ ပဟာန်နှစ်ပါးတို့ဖြင့် ပယ်လှန်ထားအပ်သော ကိလေ-သာတို့က အာရမ္မဏပစ္စည်း၊ ပြန်၍ဆင်ခြင်သော မဟာကုသိုလ် ပစ္စဝေက္ခဏာဇော

တို့က အာရမ္မဏပစ္စယပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊ ပါဏာတိပါတစသော ဒုစရိုက်မှုတို့ကို ပြုပြီးနောက် ၎င်းမကောင်းမှုများကို အာရုံပြု၍ပယ်ရှားရန် ကျင့်ကြံအားထုတ်သောအခါတို့၌ ပြုအပ်ပြီးသော ဒုစရိုက်တို့က အာရမ္မဏပစ္စည်း၊ ၎င်းအကုသိုလ်စုကို အာရုံပြု၍ ပယ်ရှားရန် ကျင့်ကြံသော သုစရိုက်ကုသိုလ်စုတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊ ထိုမှတပါး အလျော်အားဖြင့် ကုသိုလ်စိတ်ကောင်းနှင့် အကုသိုလ်များကို ဆင်ခြင်သမျှ အာရမ္မဏပစ္စည်း ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားဖြစ်ကြကုန်၏ဟု ယူသင့် ယူထိုက်လှသည်များကို မှတ်ကြပါလေ သူတော်ကောင်းတွေတို့။

ရှေးကပြခဲ့ပြီးသော ပါဏာတိပါတစသော မကောင်းမှုတို့ကို ပြုပြီးနောက် ၎င်းမကောင်းမှုတို့ကို အာရုံပြု၍ပယ်ဖျောက်ရန် နည်းအမြွက်ကိုဆက်လက်၍ပြဆိုရပြန်မူ ထိုထိုလွန်ကျူးလိုသော စေတနာနှင့် သိသိသာသာ မိုက်မှားထားခဲ့ဖူးသောအကုသိုလ်ကံ အထူးများကို အမှတ်တမဲ့မထားကြပဲ မိုက်ခဲ့သမျှ သတိရအောင်စဉ်းစားကြပြီးလျှင် ထိုမိုက်ခဲ့မိသော ဒုစရိုက်အပေါ်ကပင် အကုသိုလ်ကြေးမြီစင်အောင်—

ဥပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော။

ဥပ္ပန္နာနံ။ မိုက်မှားမှုအထူးဖြစ်ဖူးကုန်သော။ အကုသလာနံ။ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို၊ ပဟာနာယ။ ပယ်ဖျောက်ခြင်းငှာ။ ဝါယာမော၊ ကြိုးကြိုးကုတ်ကုတ် အားထုတ်ခြင်းလည်းကောင်း– ဟူသော သမ္မပ္ပဓာန်ပါဠိတော်အရ ထင်ရှားစွာသိစေလိုသောကြောင့်—

တံ ဟိန ပုနေဝံ ကရိဿာမီတိစိတ္တာဓိဋ္ဌာန သံဝရေနေဝ သုဇ္ဈနတော သံဝရသုဒ္ဓီတိ ဝုစ္စတိ။

ဟိ၊ စောင့်စည်း၍ စင်ကြယ်ပုံများကို ထင်ရှားအောင် ဆိုဦးအံ့။ တံ၊ထိုသီလကို။ ပုန၊ တဖန်။ ဧဝံ၊ ဤကဲ့သို့ ကျူးလွန်ခြင်းကို။ နကရိဿာမိ။ ငါမပြုတော့အံ့။ဣတိ၊ ဤသို့၊ ဝါ။ ဤလို ဤပုံ။စိတ္တာဓိဋ္ဌာနသံဝရေနေဝ။ စိတ်ကို ဆောက်တည်၍ စောင့်စည်းသဖြင့် သာလျှင်။ သုဇ္ဈနတော၊ စင်ကြယ်သောကြောင့်။ သံဝရသုဒ္ဓီတိ၊ စောင့်စည်းသဖြင့် စင်ကြယ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏–ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာ မိန့်မှာတော်မူသည်နှင့်အညီ အမှတ်တရ လူကိုပင်လည်းကောင်း၊ ဘုန်းကြီးကိုပင်လည်းကောင်း သတ်မိကြစေကာမူ ထိုပါဏာတိပါတပေါ်က ဘယ်တော့မှ နောင်မပေါက်ရ မလွန်ကျူးရအောင် စာစကားနှင့်(နပုနေဝံ ကရိဿာမိ)၊ရွာစကားနှင့် (နောက်တဖန် ဤအမှုမျိုးကို မပြုတော့အံ့)ဟု မြဲမြဲအဓိဋ္ဌာန်ဆောက်တည်ပြီးမှ နေ့တိုင်းပုတီးပတ်(၅၀-၆၀)

စသည်ရအောင် (သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)ဟု ပုတီးပတ်နှင့် ၎င်းသီလကုသိုလ်များကို အထပ်ထပ်ဆောက်တည်ပွားများ အားထုတ်ကြပါက ခရီးတတိုင် လမ်းမှား သွားသောသူသည် ထိုတတိုင်ပြန်လာက လမ်းမှန်သို့ရောက်တာလို ၎င်းမိုက်ခဲ့သည့် ဒုစရိုက်ကို ယခုဆောက်တည်သော သုစရိုက်တရားနှင့် ပယ်ရှားကြပါလေ။

ထို့အပြင် လွန်ကျူးမိသမျှ ကြွင်းသီလတို့ကိုလည်း အဟုတ်ရှောင်ကြဉ်ရန် မြဲမြဲမြံမြံကြီး (နှ ပုနေဝံကရိဿာမိ၊ နောင်တဖန် ဤအမှုမျိုးကိုမပြုတော့အံ့)ဟု အဓိဋ္ဌာန်ဆောက်တည်ကြပြီးလျှင် အသီးသီးပုတီးပတ်များများကြီး စိပ်သွားကြစရာကား—

သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။

သူ့သားအိမ်ရာကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ပါ၏။

မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

ဆဲရေးသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

အနက်ကင်းပြေးလုပ်ကြံ၍ ရေးသားသော ဇာတ်ဝတ္ထုစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

ဒုစရိုက်နှင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏။

ဤသည်တို့ကား အာဇီဝဋ္ဌမကသီလ ကျိုးပေါက်ကြသူများ ပုတီးစိပ်သွားကြဖို့တည်း။

မနောပေါက်က ပုတီးစိပ်ကြဖို့ကား—

သူတပါးဥစ္စာကို ငါ့ဟာဖြစ်ပါစေဟု ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏။
သူတပါးတို့ ဆုံးပါးပျက်စီးခြင်းကို ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏။
မှားသော နိယတမိစ္ဆာဒိဋ္ဌိအယူကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏။

ဤကား သုစရိတသီလ သမား မနောဒုစရိုက် ဖြစ်မှားသူတို့ ပုတီးစိပ်ကြကာ အပြစ်ကို ပယ်ဖျောက်ကြဖို့ရာတည်း။

ဤသို့ ရေးပြထားတိုင်း လွန်ကျူးမိသမျှ ပုတီးစိပ်ထားကြသူတို့ နောင်သေခါနီးတို့မှာ ၎င်းသီလပျက်မှုနှင့် သတိရ၍ သံသယဖြစ်လာကြမူ "ငါသည် ထိုဒုစရိုက်တို့ ပြေငြိမ်းအောင် ရထောင်မကသော သုစရိုက်တရားနှင့် ပယ်ရှားပြီးသားကပဲ၊ ဘာအတွက်ကြောင့် သံသယဆက်ရမှာလဲ" ဟု အာရုံကို

ပြောင်းလဲ၍ စွဲမြဲလိုက်က အကုန်လုံး ကင်းငြိမ်းရ၏။ နောက်နောင် သံသရာမှာ ဒုစရိုက် အကျိုးပေးလာစေကာမူ ယခု ပုတီးစိပ်ထားသည့် သုစရိုက်တရားတို့ကလည်း ထိုအပြစ်မှ လွတ်လပ်ခွင့် ပေးနိုင်ကြကုန်ရာ၏ဟု လယ်တီဆရာတော်ဘုရားကြီးများ မိန့်ကြား နည်းပေးတော်မူခဲ့သည့်အတိုင်း စောစောစီးစီးက ၎င်းဒုစရိုက်တရားတို့၏ အပြစ်တို့ ပြေငြိမ်းကြအောင် အထူး အားထုတ်ကြပါလေ ကြားသိသမျှအပေါင်း သူတော်ကောင်းတွေတို့။

ဤသို့ ဒုစရိုက်များကို ပယ်ရှားသောအခါတို့၌ ပြုအပ်ပြီးသော ဒုစရိုက်တို့က **အာရမ္မဏပစ္စည်း၊ ၎င်းတို့ကို အာရုံပြု၍ ပယ်ရှားရန် ပွားများ အားထုတ်သော** ကုသိုလ်စုက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီး၌—

"အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ။ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ"

ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားသိရှိတော်မူ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော်များကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှါ (သေက္ခအရိယာ၊ ပယ်ခွာလေပြီး၊ **ကိလေများ၊ စဉ်းစားကုသလ၊ အကျိုးရ**)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

(တနည်း) အရိယာသေက္ခ ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း မိမိ သူတပါးတို့ ရှေးအဖို့က ဖြစ်ပွားခဲ့ပြီးသော လောဘ, ဒေါသ, မောဟ စသည် မကောင်းမှုအကုသိုလ်စုကို အာရုံပြု၍ ဝိပဿနာအလုပ်များ အားထုတ်သွားကြပါမူ ၎င်းအကုသိုလ်စုက အာရမ္မဏပစ္စည်း အကြောင်းရ၍ ဝိပဿနာဉာဏ်များ အစားစားက ဆက်လက်ကြ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တရားများကို ရသွားနိုင်ကြကုန်၏။ ဤသို့ရနိုင်သည့် နည်းအမြွက်ကို ဆက်လက်၍ ပြဆိုရမူ အကုသိုလ်ပြုပြီးနောက် ၌လည်း ထိတ်လန့်ခြင်း သံဝေဂတရား ကြီးကြီးထား၍ ထိုရှေ့က မိုက်မှားမိ လိုက်စားမိခဲ့သော ကိုယ်,နှုတ်, စိတ်အမူအရာ ရုပ်, နာမ် ခန္ဓာတို့ကို ဝိပဿနာရှုလို့လည်း မဂ်ဖိုလ်ရနိုင်သည့် သက်သေကား ကောဒသနိပါတ် ပါနီယဇာတ် စသည်တို့၌ ရေခိုး၍လည်းကောင်း၊ သူတပါးမယားကို စိတ်ဖြစ်မှာမိ၍လည်းကောင်း ပစ္စေကဗုဒ္ဓါဖြစ်ကြသည်ကား တခြားမဟုတ်၊ ထိုမကောင်းမှုများနှင့်တကွ ကိုယ်, နှုတ်, စိတ် အမူအရာ ရုပ်,နာမ်,ခန္ဓာတို့ကို သံဝေဂတရားကြီးကြီးလည်းထား၊ ဝိပဿနာလည်း ရှုစား၍သာ ပစ္စေကဗုဒ္ဓါ ဖြစ်ရသည် ကို နှလုံးသွင်း၍ မိမိတို့ ရှေးက ဒေါသနှင့်မိုက်မှား, လောဘနှင့် လိုက်စား

မိခဲ့သော ကိုယ်, နှုတ်, စိတ်အမူအရာ ရုပ်, နာမ် ခန္ဓာတို့ကို ယခု ဝိပဿနာရှုမည့် အခါ ဘာတခုမျှ မရှိကြမည့် အနိစ္စအချက်ကို ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်၍ မိုက်မှားဆဲအခါ၌ ဖြစ်သော ခန္ဓာငါးပါး ရုပ်, နာမ်တရာ တို့သည် ယခု ဝိပဿနာ စီးဖြန်းဆဲအခါသို့ မရောက်မူ၍ ထိုမိုက်မှားသောအခါ၌ပင်လျှင် ချုပ်ပျောက်ကြ သောကြောင့် "အနိစ္စ အနိစ္စ-အနိစ္စ အနိစ္စ" ချုပ်ပျောက်သေဆဲ ဆင်းရဲလေ သောကြောင့် "ဒုက္ခ ဒုက္ခ-ဒုက္ခ ဒုက္ခ" ချုပ်ပျောက်သေကာ နှစ်ဖလာနှင့် လိုရာမကျ စိုးမရလေသောကြောင့် "အနတ္တ အနတ္တ—အနတ္တ အနတ္တ" ဟု အဖန်ဖန် ရှုကြ ပါလေ။

(တနည်းကား)— ကာမဂုဏ်များကို ခံစားမှုတို့ကား ဆားငန်ရေကိုသာ သောက်ရသောသူသည် သောက်လေငတ်လေ ငတ်လေသောက်လေသာ ဖြစ်၍ အာတ်မပြေပဲ ဗိုက်ကားမောက်မိုလာ၍သာ သေရ၏။ ရေချိုသောက်မှသာ အာသာအငတ်ပျောက်ရသည့်ဥပမာအတိုင်း ငါသည် ရှေးအခါက ကာမဂုဏ် ငါးပါးအာရုံများကို လိုက်စားမိုက်မှားလေလေ တို လို့ပင် ကိလေသာ အဆာ အငတ်တွေ ထူထပ်လာလေလေ ဖြစ်နေပါတော့တကား။ ၎င်းအဆာ အငတ်တို့ကို ပယ်ဖျောက်ရန် ဝိပဿနာ တရားရေချိုများကို သောက်စားကြဖို့ ထိတ်လန့်ခြင်း သံဝေဂတရား ကြီးကြီးထားရဖို့ကား—

ငါသည် ကာမဂုဏ်ငါးပါး လိုက်စားမှုနှင့် ငွေကြေးတို့လည်း ကုန်လှပြီ၊ ကုန်ဆဲ၊ ကုန်လတ္တံ့။ လူလည်း စက်တိုင်ထောင်၂နှန်းနှင့် မသေခန်းကြီး ရောဂါ ဘေးဒဏ် ရန်မာန်အန္တရာယ် စခန်းကြီး စသည်တို့အတွက် သေလုနီးနီး ဘေးဒဏ် ကြီး တို့နှင့်လည်း တွေ့ခဲ့လှပြီ၊ တွေ့ရဆဲ၊ တွေ့ရလတ္တံ့။

ထိုထို ကာမဂုဏ်တို့ကို အတောမသတ်ပဲ လိုက်စား မိုက်မှားဆဲနှင့် သေပွဲကို ဝင်ရလို့ ဒုက္ခအမျိုးမျိုး ကြီးလှသော အပါယ်ဘဝဆိုးသို့လည်း ရောက်ခဲ့ပြီ၊ ယခုလည်း မလျော့က ရောက်မည့်ဆဲဆဲ၊ နောက်နောင်လည်း ရောက်ရလတ္တံ့. သော ဘေးဒဏ်တို့ တွေ့ကြုံရန် အနစ်နာခံ၍ မျက်စိပေါက်က အလှအမှုမျိုး တွေကို လိုက်စားမိုက်မှားခဲ့သမျှ ဘာတခုမျှ တည်တံ့ခိုင်မြဲမှု မရှိတာနှင့် နောက်နောင်လည်း မရှိကြမှာတို့ကို လည်းကောင်း၊ ထို့အတူ နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်တို့က လိုက်စားမိုက်မှား ခဲ့သမျှ ဘာတခုမျှ တည်တံ့ခိုင်မြဲမှုမရှိတာနှင့်နောက်နောင်လည်း မရှိကြမှာတို့ကို လည်းကောင်း ဉာဏ်နှင့်မိမိ ပြူးပြူးကြည့်ကာကြည့်ကာ ဝိပဿနာရှုတ်ဆို ပွားများ အာ ထုတ်ကြဖို့ကား—

ငါသည် မျက်စိပေါက်က ခံစားခဲ့သမျှ ဘာတခုမျှ မရှိကြသည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။ နောက်နောင်လည်း ဘာတခုမျှ မရှိကြမည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။

ငါသည် နားပေါက်က ခံစားခဲ့သမျှ ဘာတခုမျှမရှိကြသည့် အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ၊ နောက်နောင်လည်း ဘာတခုမျှမရှိကြမည့် အနိစ္စ အနိစ္စ အနိစ္စ အနိစ္စ။

ငါသည် နှာခေါင်းပေါက်က ခံစားခဲ့သမျှဘာတခုမျှ မရှိကြသည့် အနိစ္စ အနိစ္စ— အနိစ္စ အနိစ္စ။ နောက်နောင်လည်း ဘာတခုမျှ မရှိကြမည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။

ငါသည် လျှာပေါက်က ခံစားခဲ့သမျှ ဘာတခုမျှ မရှိကြသည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။ နောက်နောင်လည်း ဘာတခုမျှ မရှိကြမည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။

ငါသည် ကိုယ်ပေါက်က ခံစားခဲ့သမျှ ဘာတခုမျှ မရှိကြသည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။ နောက်နောင်လည်း ဘာတခုမျှ မရှိကြမည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။

ငါသည် မနောပေါက်က ခံစားခဲ့သမျှ ဘာတခုမျှ မရှိကြသည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ။ နောက်နောင်လည်း ဘာတခုမျှ မရှိကြမည့် အနိစ္စ အနိစ္စ—အနိစ္စ အနိစ္စ—

ဟု နေ့စဉ် ခံစားပြီးလျှင်ပြီးချင်း ပျက်ပျောက်သည့် ခြောက်ဒွါရက အနိစ္စတို့ကို တခုစီ အထင်အမြင်ပေါက်ကြအောင် မကြာမကြာ အခါခါ အားထုတ်ကြပါလေ သူတော်ကောင်းတွေတို့။

ဤသို့ ဝိပဿနာ ရှုကြသောအခါ ပြုအပ်ပြီးသော ဒုစရိုက်ဆယ်ပါးနှင့် ခြောက်ဒွါရတို့၌ ဖြစ်ပွားနေသော ကိလေသာစုတို့က အာရမ္မဏပစ္စည်း၊ပွားများသော ဝိပဿနာကုသိုလ်စုတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်ဖြစ်ကြကုန်၏။ ဤသို့ ဖြစ်ကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီး၌၊ "သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ"ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားသိရှိတော်မူစေ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော်ကြီးများကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ (သေက္ခပုထု၊ အကုစု၊ ပွားမှုအနိစ္စ ကုသလ)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။ ဤအချက်ကြီးများကို ထိပ်ထက်မှာ သံမှိုစွဲဘိသကဲ့သို့ မြဲမြဲကြီးမှတ်ကြငြီးလျှင် အကုသိုလ်ပြုမိတိုင်းတို့မှာ ဝိပဿနာရှုကြဖို့ရာ သတိရကြစေခြင်းငှာ (အကုသိုလ်များ၊ သတိထား)ဟု စာလုံးကြီးကြီးနှင့် ရေးထားကြပါလေ သူတော်ကောင်းတွေတို့။

(တနည်း) စေတောပရိယကုသိုလ် အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်အတွင်း၌ တည်သော သူတပါးတို့၏ အကုသိုလ်အစဉ်ကို ကြည့်၍ သိသောအခါ သူတပါးတို့၏ အကုသိုလ်ခန္ဓာတို့က အာရမ္မဏပစ္စည်း၊ စေတောပရိယအဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏၊ နောက်၌ပြအပ်သော စေတောပရိယ အဘိညာဉ် ရှေးအတိုင်းသိပါလေ။ ထို့မှတပါး ပုဗ္ဗေနိဝါသနုဿတိ ကုသိုလ်အဘိညာဉ်ဖြင့် ရှေးအဖို့၌ ဖြစ်ခဲ့ဖူးသော အကုသိုလ်တို့ကို ပြန်၍ကြည့်သောအခါ ရှေးအဖို့၌ ဖြစ်ခဲ့ဖူးသော အကုသိုလ်ခန္ဓာက အာရမ္မဏပစ္စည်း၊ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

ထို့မှတပါး ယထာကမ္မုပဂ ကုသိုလ်အဘိညာဉ်ဖြင့် အတိတ်ဖြစ်သော အကုသိုလ်ကံတို့ကို ကြည့်ရှုသောအခါ ထိုအတိတ်ဖြစ်သော အကုသိုလ်ကံတို့က အာရမ္မဏပစ္စည်း၊ ယထာကမ္မုပဂ အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ထို့မှတပါး အနာဂတံသ ကုသိုလ် အဘိညာဉ်ဖြင့် နောက်၌ဖြစ်လတ္တံ့သော အကုသိုလ်တို့ကို လှမ်း၍ကြည့်သော အခါ ဖြစ်လတ္တံ့သော အကုသိုလ်တို့က အာရမ္မဏပစ္စည်း၊ အနာဂတံသကုသိုလ် အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏၊ ဤသို့ဖြစ်ကြသည်ကို သိစေလို၍—

“စေတောပရိယဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အကုသလာ ခန္ဓာ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မုပဂ- ဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော”—

ဟု ဤပဌာန်းပဠာဝါရ ပါဠိတော်ကြီးမှာ ဟောကြားတော်မူအပ်ပါသတည်း။ ဤသို့ ဟောကြားတော်မူအပ်သည့် ပါဠိတော်ကြီးများကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ (အကုခန္ဓာ၊ အဘိညာ၊ ပြုပါအာရမ္မဏ ပစ္စည်းရ) ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

[ဤကုသလပဒါဝသာန၌ ဝိပဿနာရှုရန်ကား ရှေးကုသိုလ်ကဖော်ပြခဲ့ပြီးသည်မှတပါး “အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ” ဟု ဤပါဠိတော်ကြီးမှာ တိုက်ရိုက်ပါသည့်အတိုင်း ရှေးက ရေးပြအပ်ခဲ့ပြီးသောကြောင့် ဤ၌ အထူးရေးပြရန် မလိုတော့ပေ။]

ကုသလပဒါဝသာနပြီး၏။

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏။ ထိုအဗျာကတပဒါဝသာနသည် ယခုကာလ သူငါတို့၏ အတွင်းမှာ ဖြစ်နေကြခြင်း နည်းပါးလှ၍ ရဟန္တာများ ဈာန်ရ-အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီးများတို့သာ အမြဲထာဝရ ဖြစ်တတ်ကြသော ပဌာန်းတရားကြီးများ ဖြစ်ကြ၍ သူငါအစားစားတို့မှာ မရှိနိုင်ကြ မသိနိုင်ကြပဲ ကျက်မှတ် ကြည့်ရှုကြရသူများ ဝန်လေးသွားမည် စိုးသောကြောင့် ဤမှာ မထည့်သွင်းပဲ လျစ်လျူသာ ထားလိုက်ရပေသတည်း။

ဤကား အကုသလပဒပုဒ်အရကို အကျဉ်းမျှပြချက် ပြီး၏။

---

## ၄၈—အဗျာကတဓမ္မာအရ ပုဂ္ဂလာဓိဋ္ဌာန်သမုတိ သစ္စာပညတ် နယ်ကြီးနှင့် ဆားမြည်းရုံဖော်ပြချက်

အဗျာကတဓမ္မ-အရကို ပုဂ္ဂိုလ်အစားစားတို့ သိကြားနားလည် လွယ်ကြအောင် ပုဂ္ဂလာဓိဋ္ဌာန်အရ သမုတိသစ္စာနယ် အဝဝတို့ဖြင့် ဟောပြတော်မူပုံကား ပါဠိတော်စကားနှင့် (အဗျာကတာဓမ္မာ) မြန်မာစကားနှင့် (ကောင်းမကောင်း မဆိုရတဲ့သဘော)ဟူ၍ ပရမတ္ထသဘာဝ နာမ်ရုပ်အမူအရာ သဘောကလေးတို့ကို ဟောတော်မူအပ်သော ပရမတ္ထဒေသနာ စကားထဲမှာ သမုတိသစ္စာနယ် လည်းပါ၍ အဗျာကတာဓမ္မာ-ပါဠိတော်အလာကို တို့မြန်မာနှင့် ပြန်ဆိုရသော်—

(၁) အဗျာကတာဓမ္မာ—သတ္တဝါအစားစားတို့၏ ဥဒ္ဓိသန္တေအစားစားတို့ဖြင့် ကုသိုလ် အကုသိုလ်များ ဘို့ကဲ့သို့ ကောင်းမကောင်း မဆိုရတဲ့သဘော။

(၂) အဗျာကတာဓမ္မာ— သတ္တဝါအစားစားတို့၏ အိပ်ပျော်ခြင်းစသော ဘဝင်အဗျာကတ အစားစားတို့ဖြင့် ကောင်းမကောင်း မဆိုရတဲ့သဘော။

(၃) အဗျာကတာဓမ္မာ—သတ္တဝါအစားစားတို့၏သေရခြင်းစုတိအစားစား တို့ဖြင့် ကောင်းမကောင်း မဆိုရတဲ့သဘော။

(၄) အဗျာကတာဓမ္မာ—သတ္တဝါတို့၏ မြင်သိကြားသိစသော ပဥ္စဝိညာဏ် အစားစားတို့ဖြင့် ကောင်းမကောင်း မဆိုရတဲ့သဘော။

(၅) အဗျာကတာဓမ္မာ—ဒါနသီလ သမထ ဝိပဿနာအစဖြာသောကိရိယာ ဇော အစားစားတို့ဖြင့် ကောင်းမကောင်း မဆိုရတဲ့သဘော။

(၆) အဗျာကတာဓမ္မာ—အနန္တစကြဝဠာ ကမ္ဘာလောက ခေတ်ကြီးတို့ အတွင်းမှာ ရုပ်အဗျာကတတရားတွေ ဖြစ်ကြပါ၍ ထိုထိုအကောင်အထည် ဖြပ် သဝိညာဏက ပညတ်အမျိုးမျိုး အဝိညာဏက ပညတ်အမျိုးမျိုး အဆိုးအဝါး

ဖြစ်ပေါ်လာအောင် များစွာကျေးဇူးဆောင်ကြသော်လည်း၊ ကုသိုလ် အကုသိုလ်တို့ကဲ့သို့ အကြောင်းအဖြစ်ဖြင့် ကောင်းမကောင်း မဆိုရတဲ့သဘော။

(၇) အဗျာကတဓမ္မာ-အသင်္ခတဓာတ် အမြတ်နိဗ္ဗာန်တရားကြီးကို ကုသိုလ် အကုသိုလ်တို့ကဲ့သို့ အကြောင်းအဖြစ်ဖြင့် ကောင်းမကောင်း မဆိုရတဲ့သဘောဟူ၍ အဗျာကတပုဒ်အရကို အစားစားခွဲခြား၍ သိကြကုန်ရာ၏။

ဤအထက်ဖော်ပြရာပါ (၇)ဌာနတို့ကို အကျယ်ဝေဖန်၍ သိရှိလို ဟောပြောလိုကြသေးပါမူ—

(၁) ဌာနက ပဋိသန္ဓေ အဗျာကတာ ဓမ္မာ-အရ ဒုဂ္ဂတိသတ္တဝါများ ပဋိသန္ဓေအဗျာကတ အစားစားတို့ဖြင့် ကုသိုလ်, အကုသိုလ်များကဲ့သို့ အကြောင်းတရားအဖြစ်နှင့် ကောင်း, မကောင်း မဆိုရတဲ့သဘော။ (ဝါ) ငရဲပဋိသန္ဓေ အဗျာကတ၊ တိရစ္ဆာန်ပဋိသန္ဓေ အဗျာကတ၊ ပြိတ္တာပဋိသန္ဓေ အဗျာကတ၊ အသုရကာယ်ပဋိသန္ဓေ အဗျာကတဟူ၍ လေးမျိုး လေးစားရှိနေကြပြန်၏။ ထိုပဋိသန္ဓေလေးမျိုးတို့တွင်လည်း တမျိုးမျိုး၌ပင် အဆုံးအပိုင်းအခြား မရှိကြကုန်သော ငရဲသတ္တဝါ အစားစား, တိရစ္ဆာန်သတ္တဝါ အစားစား ပြိတ္တာသတ္တဝါ အစားစား အသုရကာယ် အပါယ်သတ္တဝါ အစားစားတို့၏ ပဋိသန္ဓေ အစားစားတို့ဖြင့် ကုသိုလ် အကုသိုလ်တို့ကဲ့သို့ အကြောင်းတရားအဖြစ်ဖြင့် ကောင်း, မကောင်း မဆိုရတဲ့သဘောဟူ၍ ပဋိသန္ဓေအဗျာကတ တခုထဲ၌ပင် သမုတိသစ္စာတို့နှင့် တွဲယှဉ်၍ တသက်ပတ်လုံး တကမ္ဘာပတ်လုံး ပြောဟော၍ မကုန်နိုင် ရှုကြည့်၍ မကုန်နိုင်အောင် ပရမတ်ဉာဏ် ပညတ်ဉာဏ် အတန်တန်တို့ကို ကြံဖန်၍ ရှုကြည့် သိရှိကြပါလေ။ ဤဒုဂ္ဂတိပဋိသန္ဓေ အပြားကို သိကြားနားလည်ရသည့်အတူ လူပဋိသန္ဓေ အဗျာကတအစားစား ပရမတ်တရားတို့ကိုလည်း ချဲ့ထွင်ဆင်ခြင်၍ကြည့်ကြကာ ဟောပြောကြပါလေ သူတော်ကောင်းတွေ့တို့။

(၂) ဌာနက ဘဝင် အဗျာကတာ ဓမ္မာ-အရ သတ္တဝါအစားစားတို့၏ အိပ်ပျော်ခြင်းစသော အဗျာကတ အစားစားတို့ဖြင့် ကောင်း,မကောင်း မဆိုရတဲ့ သဘောကိုယူရာ၌လည်း ပဋိသန္ဓေများကဲ့သို့ ငရဲသတ္တဝါတို့အစားစား တိရစ္ဆာန်သတ္တဝါတို့ အစားစား, ပြိတ္တာသတ္တဝါတို့ အစားစား, အသုရကာယ် သတ္တဝါတို့ အစားစား, လူသတ္တဝါတို့ အစားစား, နတ်သတ္တဝါတို့ အစားစား, ဗြဟ္မာသတ္တဝါတို့ အစားစားတို့၏ အိပ်ပျော်ခြင်း, မိန်းမောခြင်းစသည် အခါတို့မှာလည်း အိပ်ပျော်ကြသည့် ဘဝင်အဗျာကတ၊ မိန်းမောကြသည့် ဘဝင် အဗျာကတ ဝီထိအကြားအကြားတို့မှာ ဖြစ်ကြသည့် ဘဝင်အဗျာကတတို့ကိုပါ သမုတိသစ္စာနှင့် တွဲယှဉ်ကြကာ တသက်ပတ်လုံး တကမ္ဘာပတ်လုံး ပြောဟော၍

မဆုံးနိုင်အောင် ရှုကြည့်၍ မဆုံးနိုင်အောင် အဗျာကတာဓမ္မာ–အရ ပရမတ်ဉာဏ် ပညတ်ဉာဏ် အတန်ကန်တို့ကို ကြံဖန်၍ ရှုကြည့် သိရှိကြပါလေ သူတော်ကောင်းတွေတို့။

(၃) ဌာနက စုတိအဗျာကတာဓမ္မာ—အရ သတ္တဝါ အစားစားတို့၏ သေရခြင်း စုတိအဗျာကာဘတရား အစားစားတို့ဖြင့် ကောင်းမကောင်း မဆိုရတဲ့ သဘောဟူရာ၌လည်း ပဋိသန္ဓေမျှားကဲ့သို့ ငရဲသတ္တဝါတို့ အစားစား တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, လူ, နတ်, ဗြဟ္မာ သတ္တဝါအစားစားတို့၏ သေကြရခြင်း စုတိအဗျာကတ အစားစားတို့ဖြင့် ကုသိုလ် အကုသိုလ်မျှားကဲ့သို့ အကြောင်းတရား အဖြစ်ဖြင့် ကောင်း, မကောင်းဟူ၍ မဆိုရတဲ့သဘောဟူ၍လည်း သမုတိသစ္စာ ပညတ်နယ်မျှားနှင့်ပါ တွဲယှဉ်ကြကာ တသက်ပတ်လုံး တကမ္ဘာပတ်လုံး ဟောပြော၍ မဆုံးနိုင်အောင် ရှုကြည့်၍ မဆုံးနိုင်အောင် အဗျာကတာဓမ္မာ–အရ ပရမတ်ဉာဏ် ပညတ်ဉာဏ်တို့ကို ကြံဖန်ရှုကြည့် သိရှိကြပါလေ။

(၄) ဌာနက ပဋိဝိညာဏ် အဗျာကတာဓမ္မာ–အရ သတ္တဝါအစားစားတို့၏ မြင်သိ ကြားသိစသော ပဋိဝိညာဏ် အစားစားတို့ဖြင့် ကောင်း,မကောင်း မဆိုရတဲ့ သဘောဟူရာ၌လည်း မြင်သိအရကို အကျယ်တဝင့် ဖွင့်၍ သိလိုကြသေးပါမူ ထိုထိုစကြဝဠာ ကမ္ဘာလောက အနန္တတို့၌ ဖြစ်ကြသည့် လူ, နတ်, ကျွဲ, နွား စသော သဝိညာဏက အဝိညာဏက ပညတ်အစားစားတို့နှင့် တွဲစပ်၍ ဖြစ်ကြသောအဆင်းရူပါရုံ အနန္တတို့ကို ထိုထိုဘုံဘဝ၌ ဖြစ်ကြသော ကျွဲ နွား စသော ဒုဂ္ဂတိသတ္တဝါ အစားစား လူနတ်စသော သုဂတိသတ္တဝါ အစားစား တို့၏ အဆုံးအပိုင်းအခြားမရှိသော မြင်သိအစားစား အဗျာကတ တရားတို့ဖြင့် ကောင်း,မကောင်း မဆိုရတဲ့ သဘောဟူ၍လည်း တသက်ပတ်လုံး တကမ္ဘာ ပတ်လုံးမြင်သိအဗျာကတကို ပြောဟော၍ မဆုံးနိုင်အောင် ရှုကြည့်၍ မဆုံး နိုင်အောင် ပရမတ်ဉာဏ် ပညတ်ဉာဏ် အတန်တန်တို့ကို ကြံဖန်၍ ရှုကြည့်သိရှိ ကြပါလေ။

ကြားသိစသည့် အရာရာတို့ကို အကျယ်တဝင့်ဖွင့်၍ သိလိုကြသေးပါမူ ထို ထိုစကြဝဠာ ကမ္ဘာလောက အနန္တတို့၌ ဖြစ်ကြသည့် အသံသဒ္ဒါရုံ အနန္တတို့ကို အဆုံးအပိုင်းအခြားမရှိ ကြားသိအစားစား အဗျာကတတရားတို့ဖြင့် ကောင်း, မကောင်းမဆိုရတဲ့ သဘောဟူ၍လည်းကောင်း၊ ထိုထိုစကြဝဠာ ကမ္ဘာလောက အနန္တတို့၌ ဖြစ်ကြသည့် ပန်းနံ့, ရေမွှေးနံ့စသော အနံ့ဂန္ဓာရုံ အနန္တတို့ကို နံ့သိ အစားစား အဗျာကတတရား၊ အရသာ၌လည်း ဆွမ်းဘောဇဉ်စသော ရသာရုံ အနန္တတို့ကို စားသိအစားစား အဗျာကတအကြမ်းတွေ၊ အနုတွေ၊ အပူတွေ၊ အအေးတွေ၊ အတိုးအဝှေ့တွေ ဖောဋ္ဌဗ္ဗာရုံ အနန္တတို့ကို အဆုံးအပိုင်းအခြားမရှိ

သော တွေ့သိအစားစား အဗျာကတတရားတို့ဖြင့် ကောင်း မကောင်း မဆိုရတဲ့ သဘောဟူ၍လည်းကောင်း တသက်ပတ်လုံး တကမ္ဘာပတ်လုံး ကြားသိအဗျာကတ၊ နံသိအဗျာကတ၊ စားသိအဗျာကတ၊ တွေ့သိအဗျာကတတို့ကို ပြောပြော၍ မဆုံးနိုင်အောင် ရှုကြည့်၍ မဆုံးနိုင်အောင် ပဋိဝိညာဏ် အဗျာကတတို့မှာ ရှုကြည့်နိုင်ကြရုံမက ၎င်းပဋ္ဌဒွါရတို့မှာ မနောခါတ် အဗျာကတတို့လည်း ပါ၍ ပရမတ်ဉာဏ် ပညတ်ဉာဏ် အတန်တန်တို့ကို ကြံဖန်၍ ရှုကြည့်သိရှိကြပါလေ သူတော်ကောင်းတွေတို့။

## ကြိယာနှင့် ရုပ်နိဗ္ဗာန် အဗျာကတ တရားကြီးတို့ကို ဆားမြည်းရုံပြချက်

(၅) ဌာနက ကြိယာအဗျာကတာဓမ္မာ–အရ ဘုရား၊ ရဟန္တာတို့သည် ဒါန၊ သီလ၊ သမထ ဝိပဿနာ အစဖြာသော ကောင်းသောအမှု အစုစုတို့ကို ပြုကြပါသော်လည်း ဘဝဆုံးပြီး ဖြစ်သောကြောင့် ထိုထိုဘဝ နောက်ကာလတို့မှာ ကုသိုလ်တို့ကဲ့သို့ ကောင်းသော အကျိုးကို ပေးခြင်းမရှိ၊ အကုသိုလ်တို့ကဲ့သို့ မကောင်းသော အကျိုးပေးခြင်း မရှိကြသည့်အတွက်ကြောင့် ပြုကာမတ္တ အမှုအရာ ကြိယာအဗျာကတမျှသာ ဖြစ်ကြ၍ ထိုဘုရား ရဟန္တာတို့၏ တသက်ပတ်လုံး ဖြစ်သမျှသော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာအစဖြာသည့် အဆုံးအပိုင်းအခြားမရှိသော ကြိယာအဗျာကတဇောတို့ဖြင့် ကောင်း မကောင်း မဆိုရတဲ့ သဘောဟူ၍လည်း တသက်ပတ်လုံး တကမ္ဘာပတ်လုံး ကိရိယာဇော အဗျာကတတို့ကို ပြောဟော၍ မဆုံးနိုင်အောင် ပရမတ်ဉာဏ် ပညတ်ဉာဏ် အတန်တန်တို့ကို ကြံဖန်၍ ရှုကြည့်သိရှိကြပါလေ သူတော်ကောင်းတွေတို့။

(၆) ဌာနက ရုပ်အဗျာကတာဓမ္မာ—အရ အနန္တစကြဝဠာ ကမ္ဘာလောကဓာတ်ကြီးတို့ အတွင်းမှာ ရုပ်အဗျာကတတရားတွေ ဖြစ်ကြပါ၍ ထိုထိုအကောင် အထည်ဒြပ် သဝိညာဏကပညတ် အမျိုးမျိုး အဝိညာဏကပညတ် အမျိုးမျိုး အဆိုးအဝါးတို့ ဖြစ်ပေါ်လာအောင် များစွာအကျိုးကျေးဇူးဆောင်ကြသော်လည်း ကုသိုလ်အကုသိုလ်တို့ကဲ့သို့ ကံအကြောင်းအားဖြင့် ကောင်း၊ မကောင်း မဆိုရတဲ့ အဗျာကတ သဘောထဲ၌သာ ဖြစ်ကြရာ၏။ ဤသို့ ဖြစ်ကြသော ရုပ်အဗျာကတတရားတို့ကို သဝိညာဏကပညတ်အမျိုးမျိုးတို့နှင့် စပ်၍ အကျယ်တဝင့် ဖွင့်၍ သိလိုကြပါသေးမူ အပါယ်လေးပါး သတ္တဝါအစားစား ထင်မြင်သွားအောင် အမျိုးမျိုးသွေးဆောင်သည့် ရုပ်အဗျာကတာဓမ္မာအရ ကောင်း မကောင်း မဆိုရတဲ့ သဘောဟူ၍လည်း သိရှိကြရသည့်အပြင် သတ္တဝါ တဦးဦးတို့တွင်လည်း ဆံပင်အစားစား ထင်မြင်သွားအောင် သွေးဆောင်တတ်သော ရုပ်အဗျာကတာဓမ္မာအရတို့ကိုလည်းကောင်း၊ (ဝါ) မွေးညှင်းအစားစား ခြေသည်းလက်သည်းစသည် ဒွတ္တိံသကာယ အစားစား ထင်မြင်သွားအောင်

သွေးဆောင်တတ်သည့်ရုပ်အဗျာကတာဓမ္မာ အရတို့ကိုလည်းကောင်း(ဝါ)ထိုထို ဒွတ္တိံသကာယတို့ ပေါင်းဆုံမိကြသောအခါ ဦးခေါင်း, လက်တွေ ကိုယ်,ခြေ စသည်များ အင်္ဂါကြီးငယ်အစားစားတို့ ထင်မြင်သွားအောင် သွေးဆောင်တတ်သော ရုပ်အဗျာကတာဓမ္မာအရတို့ကိုလည်းကောင်း ကုသိုလ် အကုသိုလ်တို့လို ကောင်း,မကောင်း အကျိုးကို ပေးတတ်သည်ဟုမဆိုရသောကြောင့် ရုပ်အဗျာကတာဓမ္မာ ကောင်း,မကောင်းမဆိုရတဲ့သဘောဟူ၍လည်း အဆုံးအပိုင်းအခြားမရှိသော သဝိညာဏကပညတ် အမျိုးမျိုးနှင့်စပ်ဟပ်၍ အဆုံးအပိုင်းအခြားမရှိသော ရုပ်အဗျာကတာဓမ္မာအရကိုလည်း သိရှိရာ၏။ အဝိညာဏကပညတ် အမျိုးမျိုးနှင့်စပ်၍လည်း အကျယ်တဝင့်ဖွင့်၍သိလိုကြပါသေးမူ လူတို့အသုံးအဆောင်ဖြစ်ကြသည့် အိမ်ကျောင်းဇရပ်စသောအရပ်ရပ်တို့ဖြင့် အဆုံးအပိုင်းအခြားမရှိသည့် အထည်ဒြပ် ပညတ်တခုခုတို့နှင့် စပ်ဟပ်၍လည်း တအိမ်လုံးရှိသမျှ ရုပ်အဗျာကတာဓမ္မ၊ တကျောင်းလုံးရှိသမျှရုပ်အဗျာကတာဓမ္မ၊တဇရပ်လုံး ရှိသမျှ ရုပ်အဗျာကတာဓမ္မ အရတို့ဖြင့် ကောင်း,မကောင်းမဆိုရတဲ့ သဘောဟူ၍လည်း ကောင်း၊ (ဝါ) အဆုံးအပိုင်းအခြားမရှိသော ထိုထိုလူတို့ အသုံးအဆောင်ဖြစ်ကြသည့် မဖြစ်ကြသည့် ဝတ္ထုဒြပ်ထည်ဒြပ်တို့ အတွင်းရှိသမျှသော ရုပ်အဗျာကတာဓမ္မတို့ ကောင်း,မကောင်းမဆိုရသည့် သဘောဟူ၍လည်းကောင်း၊ အဆုံးအပိုင်းအခြားမရှိသော ပညတ်အမျိုးမျိုးတို့နှင့် စပ်ဟပ်၍ အဆုံးအပိုင်းအခြားမရှိသော ရုပ်အဗျာကတာဓမ္မအရကိုလည်း ပြောဟော၍ မကုန်နိုင်အောင် ရှုကြည့်၍ မကုန်နိုင်အောင် ရုပ်အဗျာကတာဓမ္မအရ ပရမတ်ဉာဏ် ပညတ်ဉာဏ် အတန်တန်တို့ကို ရှုကြည့်သိရှိကြပါလေ သူတော်ကောင်းတွေတို့။

(၇)ဌာနက နိဗ္ဗာန်အဗျာကတာဓမ္မအရကို သိရှိလိုကြပါမူ ခပ်သိမ်းကုန်သော စိတ်,စေတသိက်,ရုပ်တို့သည် ဇာတိမိး,ဇရာမီး, မရဏမီးတို့ အပြီးတိုင်ဖုတ်မြိုက်လောင်ကျွမ်း ခံနေရသည့်အတွက် အေးမြချမ်းကြည် တည်ကြည်ခိုင်မြဲသော တရားမဟုတ်ကြပဲ အမြဲသေဘေးစသည် ဘေးကြီးတွေ သင့်နေသော တရားကြီးများ အစားစားတို့ ဖြစ်ကြကုန်၏။ ကံ,စိတ်,ဥတု,အာဟာရဝတ္ထုအာရုံစသော အကြောင်းသင်္ခါရတရားတို့ ပြုပြင်စီရင်အပ်သော ထိုရုပ်နာမ် သင်္ခတတို့၏ ချုပ်ငြိမ်းရာအစစ် အသင်္ခတနိဗ္ဗာန်တခုတည်းပင် ဖြစ်သော်လည်း အကြောင်းပရိယာယ်၏ အစွမ်းဖြင့် ခန္ဓာအကြွင်းရှိသဖြင့် ရောက်သောသဉပါဒိသေသနိဗ္ဗာန် အဗျာကတတရား၊ ခန္ဓာအကြွင်းမရှိသဖြင့် ရောက်အပ်သော အနုပါဒိသေသနိဗ္ဗာန် အဗျာကတတရားဟူ၍ နှစ်ပါးအပြားကိုဟောကြားတော်မူ၏။

(တနည်း) ။နိဗ္ဗာန အဗျာကတတရားကို ရာဂအစရှိသော ကိလေသာတို့၏အာရုံအဖြစ်မှ ဆိတ်သော သုညတ နိဗ္ဗာန အဗျာကတ၊ ရာဂအစရှိသော

ကိလေသာတည်းဟူသော အကြောင်းခံ မရှိသော အနိမိတ္တနိဗ္ဗာန အဗျာကတ၊ ရာဂ အစရှိသည်တို့သည် မတောင့်တအပ်သော အပ္ပဏိဟိတ နိဗ္ဗာန အဗျာကတ ဟူ၍ နိဗ္ဗာန အဗျာကတသုံးပါးကို ဟောကြားတော်မူ၏။

(တနည်း) ။ထိုနိဗ္ဗာန်ခံစားကြသော ပုဂ္ဂိုလ်နှင့်စပ်၍ နိဗ္ဗာန်အပြားကို ဟောကြားလိုကြပါမူ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့သည် အာချုံပြုသော အားဖြင့် ရအပ် ရောက်အပ် ခံစားအပ်သော နိဗ္ဗာန အဗျာကတ၊(ဝါ)ဖလဋ္ဌာန် ပုဂ္ဂိုလ်ဘို့သည် အာချုံပြုသောအားဖြင့် ရအပ် ရောက်အပ်ခံစားအပ်သောနိဗ္ဗာန အဗျာကတ၊(ဝါ)သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်, အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ်,အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ် တို့သည် ရောက်အပ် ရအပ် ခံစားအပ်သော နိဗ္ဗာန အဗျာကတ ဟူ၍ နိဗ္ဗာန အဗျာကတ ရှစ်ပါးအပြားကို ဟောကြားတော်မူကြ၏။

ထိုမှတပါး ဝိပဿနာသုံးပါးတို့တွင် မဂ်ဖိုလ်တရားကို ရသော အနတ္တကို ထင်မြင်၍ ရသော သုညတမဂ္ဂဋ္ဌာန်လေးယောက်,ဖလဋ္ဌာန်လေးယောက်၊ အနိစ္စ ကို ထင်မြင်၍ ရသော အနိမိတ္တ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေးယောက်၊ ဒုက္ခကို ထင်မြင်ရသော အပ္ပဏိဟိတ မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေး ယောက်အားဖြင့် တဆယ့်နှစ်ပါးစီပြားပြန်၏။ ထိုတဆယ့်နှစ်ပါးတို့တွင်လည်း ရုပ်ကိုအနိစ္စ,ဒုက္ခ,အနတ္တရှု၍ အရိယာအဖြစ်သို့ရောက်ကြသော အရိယာပုဂ္ဂိုလ် တဆယ့်နှစ်ပါး၊နာမ်ကိုအနိစ္စ,ဒုက္ခ,အနတ္တရှု၍ အရိယာအဖြစ်သို့ ရောက်ကြသော အရိယာပုဂ္ဂိုလ်တဆယ့်နှစ်ပါး။

(တနည်း)။ ။နိပ္ပန္နရုပ်တဆယ့်ရှစ်ပါး အစိတ်စိတ်တရားတို့ကိုလည်းကောင်း၊ လောကီစိတ်စေတသိက်များ အစိတ်စိတ်တရားတို့ကိုလည်းကောင်း ဝိပဿနာ ရှု၍ ရကြသောအရိယာပုဂ္ဂိုလ် အစားစားတို့ ရောက်အပ် ရအပ် ခံစားအပ်သော နိဗ္ဗာနအဗျာကတတရား အစားစားတို့၏ အဆုံးအပိုင်းအခြားမရှိအောင် ပြား မြောင်သွားနိုင်သည့်အဖြစ်ကို ဉာဏ်လှစ်ကာလှစ်ကာ ဟောပြော၍ မကုန်နိုင် အောင် ရှုကြည့်၍မကုန်နိုင်အောင် နိဗ္ဗာနအဗျာကတ ပရမတ်ဉာဏ်,ပညတ် ဉာဏ် အတန်တန်တို့ကိုကြံ၍ ရှုကြည့်သိရှိကြပါလေ သူတော်ကောင်းတွေတို့။ ဤကား အဗျာကတာဓမ္မာ-အရ အားလုံးကြီးတို့ ထင်မြင်လွယ်ကြအောင် ပဋ္ဌာ- လာခိဋ္ဌာန် သမုတိသစ္စာပညတ်နယ်ကြီးနှင့် ဆားမြည်းရုံဟောပြချက်ပေတည်း။

## ၄၃။ ဝိပါက်ကြိယာ ရုပ်အဗျာကတတို့ကြောင့် ကုသိုလ်ဖြစ်ကြပုံကို ဖော်ပြချက်

ဤရှေးက ပြခဲ့ပြီးသော အဗျာကတ တရားတို့၏အရကို ဟောပြတော်မူအပ်သော အဗျာကတပဒ၌ အဗျာကတပဒါဝသာန, ကုသလပဒါဝသာန,အကုသလပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အဗျာကတပဒါဝသာနကို ရှေးဦးစွာဟောတော်မူ၏။ ဤအဗျာကတပဒါဝသာနသည် ယခုကာလ သူငါတို့အတွင်းမှာ ဖြစ်နေခြင်းနည်းပါးလှ၍ ရဟန္တာများ ဈာန်ရ အဘိညာဉ်ရ ပုဂ္ဂိုလ်ကြီးများတို့သာ ဖြစ်နေတတ်ကြသောကြောင့် လည်းကောင်း၊ ပစ္စုပ္ပန် ပဋ္ဌာရုံတို့က ပဋ္ဌဝိညာဏ်တို့အား ကျေးဇူးပြုရာတို့၌ နိဿယပစ္စည်းက အပြည့်အစုံ ရေးပြအပ်ခဲ့ပြီးသောကြောင့်လည်းကောင်း ကျက်မှတ်ကြရ ကြည့်ရှုကြရမှာ ပျင်းရိစွာ ဝန်လေးသွားမည်လည်း တကြောင်းတို့ကြောင့် ဤမှာ မရေးသားတော့ပဲ လျစ်လျူထားလိုက်ရပေသတည်း။

အဗျာကတ ပဒါဝသာနကို ဟောထော်မူသည်၏ အခြားမဲ့၌ ကုသလပဒါဝသာနကို ဟောတော်မူ၏။ ထိုကုသလပဒါဝသာန၌လည်း စာပဋ္ဌာန်း ရှာပဋ္ဌာန်း ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရမူ—

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ။သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာဗျာကတေ၊ ကြိယာဗျာကတေ၊ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ။ ဒိဗ္ဗာယ သောတဓါတုယာ သဒ္ဒံ သုဏာန္တိ။ စေတောပရိယညာဏေန ဝိပါကာဗျာကတ ကြိယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယညာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော၊ ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်း အရနှင့် ပြဆိုရပါမူ—

အဗျာကတောဓမ္မော၊ အဗျာကတတရားသည်။ ကုသလဿဓမ္မဿ၊ ကုသိုလ်တရားအား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏအာရမ္မဏသတ္တိဖြင့်။ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေက္ခာ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ ဖလံ၊ ဖိုလ်ကို။ ပစ္စဝေက္ခန္တိ၊ ဆင်ခြင်ကုန်၏။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဒေါ်တြဘုသ၊ ဂေါတြဘူအား။ ဝေါဒါနဿ၊ ဝေါဒါန်အား။ မဂ္ဂဿ၊ မဂ်အား။ အာရမ္မဏ ပစ္စယေန၊ ဆဲ့ကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေက္ခာဝါ၊ သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ပုထုဇ္ဇနာဝါ၊ ပုထုဇဉ် ပုဂ္ဂိုလ်သည် လည်းကောင်း။ စက္ခုံ၊ မျက်စိကို။ အနိစ္စတော၊ အမြဲပျက်ပျောက် အနိစ္စရောက်သောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ အနတ္တတော၊ အစိုးမရသောအနတ္တအားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာရှုကုန်၏။ သောတံ၊ နားကို၊ ဃာနံ၊ နှာခေါင်းကို။ ဇိဝှံ၊ လျှာကို။ ကာယံ၊ ကိုယ်ကို။ ရူပေ၊ ရူပါရုံတို့ကို။ သဒ္ဒေ၊ သဒ္ဒါရုံတို့ကို။ ဂန္ဓေ၊ ဂန္ဓာရုံတို့ကို။ ရသေ၊ ရသာရုံတို့ကို။ ဖောဋ္ဌဗ္ဗေ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို။ ဝတ္ထုံ၊ ဟဒယဝတ္ထုရုပ်ကို။ ဝိပါကာဗျာကတေ၊ ဝိပါက်အဗျာကတဖြစ်ကုန်သော။ ကြိယာဗျာကတေ၊ ကြိယာအဗျာကတ ဖြစ်ကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ အနိစ္စတော၊ အမြဲပျက်ပျောက် အနိစ္စရောက်သောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသောအားဖြင့်။ အနတ္တတော၊ အစိုးမရ အနတ္တအားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာရှုကုန်၏။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော။ စက္ခုနာ၊ မျက်စိဖြင့်။ ဝါ၊ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်။ ရူပံ၊ အဆင်းကို။ ပဿန္တိ၊ မြင်ကုန်၏။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ သောတဓာတုယာ၊ သောတဓာတ်ဖြင့်။ ဝါ၊ ဒိဗ္ဗာယ သောတဓာတုယာ၊ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့်။ သဒ္ဒံ၊ အသံကို။ သုဏန္တိ၊ ကြားကုန်၏။ စေတောပရိယဉာဏေန၊ စေတောပရိယဉာဏ်ဖြင့်။ ဝိပါကာဗျာကတကြိယာဗျာကတစိတ္တသမင်္ဂိဿ၊ ဝိပါက်အဗျာကတ ကြိယာအဗျာကတ စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ ဇာနန္တိ၊ သိကုန်၏။ အဗျာကတာ၊ အဗျာကတဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဣဒ္ဓိဝိဓဉာဏဿ၊ ဣဒ္ဓိဝိဓဉာဏ်အား။ စေတောပရိယဉာဏဿ၊ စေတောပရိယဉာဏ်အား။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား။ အနာဂတံသဉာဏဿ၊ အနာဂတံသဉာဏ်အား။ အာရမ္မဏပစ္စယေန၊ ဆဲ့ကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဆောင်ပုဒ်။

(၁) သေက္ခာဖလံ၊ နိဗ္ဗာနံ၊ ရှုပြန်အာရမ္မဏ ပစ္စည်းရ။
(၂) ဂေါတြဘူဝေါဒါန်၊ မဂ်လေးတန်၊ နိဗ္ဗာန်အာရမ္မဏ ပစ္စည်းရ။
(၃) ဝိပါက်ရုပ်နာမ်၊ အနိစ္စံ၊ ရှုပြန်အာရမ္မဏ ပစ္စည်းရ။
(၄) ဝိပါက်ကြိယာ၊ ရုပ်တို့ပါ၊ အဘိညာရမ္မဏ ပစ္စည်းရ။

ဤသည်တို့ကား ရှာပဋ္ဌာန်း စကားအရတည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ သေက္ခဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့သည် မိမိတို့ရအပ်ရောက်အပ်ပြီးသော ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း ပြန်၍ပြန်၍ ဆင်ခြင်ကြသောအခါ ထိုရအပ် ရောက်ပြီးသော ဖိုလ်စိတ္တုပ္ပါဒ်နှင့် နိဗ္ဗာန်တို့က အာရမ္မဏ ပစ္စည်း၊ ဆင်ခြင်သော ပစ္စဝေက္ခဏာ ကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြကုန်၏။ ထိုမှတပါး အရိယာပုဂ္ဂိုလ်တို့၏ ဂေါတြဘူ, ဝေါဒါန်, မဂ်စိတ် လေးခုတို့သည် နိဗ္ဗာန်ကိုသာလျှင် အာရုံပြု၍ ဖြစ်ကြလေသောကြောင့် ထိုနိဗ္ဗာန်က အာရမ္မဏ ပစ္စည်း၊ ဂေါတြဘူ, ဝေါဒါန်နှင့် မဂ်လေးတန် စိတ္တုပ္ပါဒ်တို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ကြသည်ကို သိစေလို၍ "အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူ၍ ပဋ္ဌာန်း ပဠ္ဌာဝါရ ပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောကြားသိစေတော်မူ၏။ ဤသို့ဟောကြားသိစေတော်မူအပ်သော ပါဠိတော်ကြီးကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ (သေက္ခာ ဖလံ၊ နိဗ္ဗာနံ၊ ရှုပြန်အာရမ္မဏ ပစ္စည်းရ။ ဂေါတြဘူဝေါဒါန်၊ မဂ်လေးတန်၊ နိဗ္ဗာန်အာရမ္မဏ ပစ္စည်းရ)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

**တနည်း။** ဤလောကကြီးမှာ ထင်ရှားရှိနေကြသည့်အတိုင်း ထင်ရှားသိနေကြသည်ကား ထိုထိုအဆင်းတွေ, အသံတွေ, အနံ့တွေ, အရသာတွေ, အတွေ့တွေနှင့်တကွ မျက်စိတွေ, နားတွေ, နှာခေါင်းတွေ, လျှာတွေ, ကိုယ်တွေစသော ရုပ်တရားများကိုလည်းကောင်း၊ မျက်စိစသည်နှင့်,မြင်သိ,ကြားသိ,နံသိ,စားသိ,တွေ့သိဟု ဆိုအပ်သော ဝိပါက်အဗျာကတတို့ကို လည်းကောင်း၊ အိပ်ပျော်နေသည်,မေ့နေသည်, စသော ဘဝင်,ဝိပါက် အဗျာကတတို့ကို လည်းကောင်း၊ ထိုထိုသတ္တဝါဘို့သည် စစဦး ဖြစ်ပေါ်လာပြီး သေသွားသည်ဟူသော ပဋိသန္ဓေ စုတိ,ဝိပါက် အဗျာကတတို့ကို လည်းကောင်း သိရှိကြပြီးသား ဖြစ်ကြငြားသော်လည်း ၎င်းတို့ကို ကာမဂုဏ်များ အစားစားတို့ဖြင့်သာ အသုံးပြုနေကြကုန်၏၊ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကောင်းဖြင့် အသုံးမပြုနိုင်ကြသည်ကို အသုံးပြုကြစေလိုသောကြောင့် "စက္ခုံ အနိစ္စတော" စသည်တို့ဖြင့် ဟောကြားတော်မူ၏၊ ဤသို့ဟောကြားသည့်အတိုင်း ခဏိကပျက်ကို မရှုနိုင်ကြငြားသော်လည်း သန္တတိပျက်အားဖြင့် အဟုတ်ပျက်ပျောက်သည့် အနိစ္စအချက်ကိုမူကား သက်သေမရှိက သာမန်လူစားတို့ မသိနိုင်ကြကုန်ရာသောကြောင့် ၎င်းသက်သေကိုကား၊ ၎င်းဝတ္ထုရုပ်တို့ပေါ်၌မှီ၍ ၎င်းအာရုံတို့ကို အာရုံပြုသော

ဝိပါက်အဗျာကတ ဝီထိစိတ်တို့၏ အသစ်အသစ်အာရုံကို ယူတိုင်းယူတိုင်းတို့မှာ ထိုအာရုံနှင့် မှီရာဝတ္ထုတို့လည်း အသစ်အသစ်ပြောင်းရကုန်၏။

ဤသို့ အသစ်အသစ်ပြောင်းတိုင်းတို့မှာ သိလုံးဝိပါက် ဝိညာဏ်နှင့်တကွ မှီရာဝတ္ထု အာရုံအဟောင်းအဟောင်းတို့လည်း ပျက်ပျက်လိုက်ကြမှု သက်သေစု ဖြင့် ယုံကြည်စိတ်ချ သိထိုက်လှ၏၊ ရုပ်တို့သည် နာမ်တို့ထက်ပင် အသက်ရှည် ကြသည်ဟူ၍ ဆိုငြားသော်လည်း သိလုံးတဝီထိထဲတွင်သာအသက်ရှည်နိုင်သည်၊ နောက်သိလုံးဝီထိသို့ ပြောင်း၍ကား အသက်မရှည်နိုင်ပေ။ အလျှင်သိလုံးနှင့် အတူသာ သေသေလိုက်ကြကုန်၏။ သို့အတွက် စက္ခုအကြည်ကို လည်းကောင်း၊ အဆင်းဝဏ္ဏရုပ်ကို လည်းကောင်း၊ သိလုံးဝိပါက်အဗျာကတကို လည်းကောင်း၊ ဂိပဿနာရှုလိုသူတို့မှာ မြင်သိလုံး နာမ်ဝီထိပျက်များကို သက်သေထား၍ ရှေး ပစ္စယနိဒ္ဒေသ အာရမ္မဏပစ္စည်းက ပြတိုင်း စကြံစသည်ဖြင့် အားထုတ်ကြကုန် ရာ၏။ကျမ်းကျယ်မည်စိုးသောကြောင့် ဤမှာချဲ့၍မရေးတော့ပါသတည်း။ဤသို့ မြင်သိလုံးပျက်သက်သေနှင့် တွဲဖက်၍ အဆင်းနှင့် မှီရာစက္ခုပသာဒရုပ်တို့၏ ပျက်ချက် အနိစ္စတို့ပါ တွဲဖက်၍ ဝိပဿနာအလုပ်ကို အားထုက်ကြသော သူငါ စသည်တို့မှာ မျက်စိအကြည်က လည်းကောင်း၊ အဆင်းဝဏ္ဏက လည်းကောင်း၊ မြင်သိလုံးဝိပါက် အဗျာကတက လည်းကောင်း အာရမ္မဏ ပစ္စည်း၊ "အနိစ္စ အနိစ္စ"ဟု ရှုသော ဝိပဿနာ ကုသိုလ်ဇောစုံကား အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြကုန်၏။

ထိုမြင်သိပျက် ဝိပဿနာအတူ ကြားသိပျက်,နံသိပျက်,စားသိပျက်,တွေ့သိ ပျက်, ကြံသိပျက်များကို ဝိပဿနာရှုသော သူငါစသည်တို့မှာလည်း ထိုထိုမှီရာ ဝတ္ထုရုပ်တို့၏ အနိစ္စ၊ ရုပ်အာရုံတို့၏ အနိစ္စတို့ကိုလည်း တွဲဖက်၍ ရှုနိုင်ကြကုန် ရာ၏၊ ဤသို့ ရှုကြသောအခါတို့မှာ ဝိပဿနာရှုအပ်သော မှီရာဝတ္ထုရုပ် အာရုံ ရုပ်တို့နှင့် ဝိပါက်အဗျာကတ နာမက္ခန္ဓာတို့က အာရမ္မဏပစ္စည်း၊ "အနိစ္စ အနိစ္စ"ဟု ရှုသောဝိပဿနာကုသိုလ်ဇောစုက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရား အစစ်တို့ ဖြစ်ကြကုန်၏၊ အထူးသတိပြုရန်ကား ရှေးပစ္စယနိဒ္ဒေသ အာရမ္မဏပစ္စည်းက ဝိပဿနာရှုနည်းပါဠိတော် တိုက်ရိုက်မပါပဲလျက် ရှုနည်း အစားစားကိုသာ ဤပါဠိတော်မှာ တိုက်ရိုက်ပါတိုင်း ပြခဲ့ပါသတည်း။၊ နောက် နောခ် ဝိပဿနာရှုနည်းပါဠိကိုလိုမူ ဤပါဠိကိုသာကိုးကား၍ ယုံကြည်အားထား ဟောကြားအားထုတ်ကြပါလေ ယောဂီမြတ်တွေတို့။

ဤသို့ ဝတ္ထုအာရုံဝိပါက်အဗျာကတတို့ကို ဝိပဿနာရှုစေလို၍ ဤပဋ္ဌာန်းပါဠိ တော်ကြီး၌—

"သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊

ဝတ္ထုံ ဝိပါကာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ”ဟု ဤပဋ္ဌာန်းပါဠိတော် ပဥှာဝါရမှာ ဘုရားကိုယ်တော်တိုင် ဟောကြားသိရှိတော်မူစေ၏။ ဤသို့ ဟောကြားတော်မူအပ်သော ပါဠိတော်များကိုတို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ ( **ရုပ်ဝိပါက်နာမ်၊ အနိစ္စ၊ ရှုပြန်အာရမ္မဏ၊ ပစ္စည်းရ**)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

(တနည်း) အဘိညာဉ်ရသော ပုဂ္ဂိုလ်တို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အနီးအဝေး အသေးစသော ရူပါရုံတို့ကို ရှုကြည့်ကြသောအခါ **အဆင်းရူပါရုံတို့က** အာရမ္မဏပစ္စည်း၊ ဒိဗ္ဗစက္ခုအဘိညာဉ် ကုသိုလ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကြကုန်၏။ ထို့အတူ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ထိုထိုအသံတို့ကို ကြားသောအခါ ထိုအသံသဒ္ဒါရုံတို့က အာရမ္မဏပစ္စည်း၊ ဒိဗ္ဗ-သောတ ကုသိုလ်အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ဖြစ်ကြကုန်၏။ ထို့အတူ စေတောပရိယ အဘိညာဉ်ဖြင့် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်အတွင်း၌ တည်သောသူတို့၏ ဝိပါက် ကြိယာအဗျာကတနာမ် ခန္ဓာအစဉ်ကို ကြည့်၍သိသောအခါ သူတပါးတို့၏ ဝိပါက် ကြိယာ အဗျာကတ နာမ်ခန္ဓာအစဉ်တို့က အာရမ္မဏပစ္စည်း၊ စေတောပရိယ ကုသိုလ်အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး ဣဒ္ဓိဝိဓအဘိညာဉ်ကိုရသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ်သည် မိမိနှင့်အတူ တရာတထောင်စသော နိမ္မိတရုပ်ပုံတူကိုလည်းကောင်း၊ ရုပ်ပုံပြားကိုလည်းကောင်း ဖန်ဆင်းသောအခါ ထိုတရာတထောင်စသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံခြောက်ပါး အဗျာကတ တရားတို့က အာရမ္မဏပစ္စည်း၊ ဣဒ္ဓိ-ဝိဓ-အဘိညာဉ်က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤ၌ စေတောပရိယအဘိညာဉ်ကိုကား ရှေးအတိုင်းသိပါလေ။

ထိုမှတပါး ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကိုရသော ပုထုဇဉ်သေက္ခတို့သည် ရှေးအဖို့၌ ဖြစ်ခဲ့ဖူးသော ရုပ်,ဝိပါက်,ကြိယာ ခန္ဓာငါးပါးတို့ကို ပြန်၍ကြည့်သောအခါ ထိုရုပ်,ဝိပါက်,ကြိယာနာမက္ခန္ဓာတို့က အာရမ္မဏပစ္စည်း၊ ပုဗ္ဗေ-နိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်က အာရမ္မဏ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

ထိုမှတပါး အနာဂတံသ·ကုသိုလ် အဘိညာဉ်ဖြင့် နောက်၌ ဖြစ်လတ္တံ့သော ရုပ်,ဝိပါက်,ကြိယာ အဗျာကတတို့ကို လှမ်း၍ကြည့်သောအခါ ရုပ်,ဝိပါက်,ကြိယာ အဗျာကတခန္ဓာတို့က အာရမ္မဏပစ္စည်း၊ အနာဂတံသ ကုသိုလ်အဘိညာဉ်က

အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ကြသည်ကို သိစေလို၍

"အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟု ဤ ပဋ္ဌာန်းပဉှာဝါရ ပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောပြတော်မူအပ်ပါသတည်း။ ဤသို့ ဟောပြတော်မူအပ်သည့် ပါဠိတော်ကြီးများကို တို့မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ(ဝိပါက်,ကြိယာ၊ ရုပ်တို့ပါ၊ ဘိညာရမ္မဏ ပစ္စည်းရ)ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ရပါသတည်း။

ဤကုသလပဒါဝသာန၌ ဝိပဿနာရှုရန်တို့ကား ရှေး ပစ္စယနိဒ္ဒေသ အာရမ္မဏပစ္စည်းက ပြအပ်ပြီးသောကြောင့်လည်းကောင်း၊ ဤ၌ စကျုံအနိစ္စတော စသည်ဖြင့် ဤပါဠိတော်ကြီးမှာ တိုက်ရိုက်ပါသည့်အတိုင်း ရေးပြအပ်ခဲ့သောကြောင့်လည်းကောင်း ဤ၌ အထူးရေးရန် မလိုတော့ပေ။

ကုသလပဒါဝသာန ပြီး၏။

---

## ၅၀—ရုပ်,နာမ်အဗျာကတတို့ကြောင့် အကုသိုလ်အစားစား ဖြစ်ပွားကြပုံကို ဖော်ပြချက်

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောတော်မူ၏။ ထိုအကုသလပဒါဝသာန၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ စက္ခုံ အဿာဒေတိ၊ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာဗျာကတေ ကြိယာဗျာကတေ ခန္ဓေ၊ အဿာဒေတိ၊ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ—ဟု စာပဋ္ဌာန်းအရကို မြတ်စွာဘုရားဟောကြားတော်မူ၏။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အဗျာကတောဓမ္မော၊ အဗျာကတတရားသည်။ အကုသလဿဓမ္မဿ၊ အကုသိုလ်တရားအား။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏ သတ္တိ

ဖြင့်။ ပစ္စယော-ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စက္ခုံ၊ မျက်စိကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုမျက်စိကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ မှားသောအယူသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ အာရုံကိုမဆုံးဖြတ်နိုင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ် ၏။ ဥဒ္ဓစ္စံ၊ စိတ်၏မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သောတံ၊ နားကို။ ဃာနံ၊ နှာခေါင်းကို။ ဇိဝှံ၊ လျှာကို။ ကာယံ၊ ကိုယ်ကို။ ရူပေ၊ ရူပါရုံတို့ကို။ သဒ္ဒေ၊ သဒ္ဒါရုံတို့ကို။ ဂန္ဓေ၊ ဂန္ဓာရုံတို့ကို။ ရသေ၊ ရသာရုံတို့ကို။ ဖောဋ္ဌဗ္ဗေ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို။ ဝတ္ထုံ၊ ဟဒယဝတ္ထုရုပ်ကို။ ဝိပါကာဗျာကတေ၊ ဝိပါက်အဗျာကတဖြစ်ကုန်သော။ ကြိယာဗျာကတေ၊ ကြိယာဗျာကတဖြစ်ကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ အဿာဒေတိ၊ သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံ၊ ထိုခန္ဓာကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ မှားသောအယူသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ စိတ်၏ မငြိမ်သက်ခြင်း ပျံ့ လွင့်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ နှလုံး မသာယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဆောင်ပုဒ်

(၁) ဝိပါက်ကြိယာ၊ ရုပ်ခန္ဓာအား၊ တပ်မှားတွေးလင့်၊ ဒေါသဆင့်၊ဖြစ်လင့် အာရမ္မဏ ပစ္စည်းရ။

(၂) အာရုံအာရမ္မဏ်၊ ပြောင်းလေဘိ၊ ရှုဘိအနိစ္စ၊ ရှေးတိုင်းပြ။

ဟု ရှာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောကကြီးဝယ် တင့်တင့်တယ်တယ် ရှုချင်ဖွယ်ရှိသမျှ ကြည့်နေကြသော သတ္တဝါတို့မှာ ငါတို့ ဤမျက်စိကလေးရှိ၍သာ အရာရာကို မြင်နိုင်ပါတကားဟု မိမိမျက်စိကို အာရုံပြု၍ သာယာ ဝမ်းမြောက်သောအခါ၌ မြင်နိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ သာယာဝမ်းမြောက်သည့် တဏှာက အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး မြင်နိုင်သော မိမိတို့မျက်စိကို အာရုံပြု၍ လွန်မင်းစွာ သာယာ နှစ်သက်သော အခါတို့၌ မြင်နိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ လွန်မင်းစွာ သာယာနှစ်သက်သည့် သပ္ပိတိက တဏှာတို့က အာရမ္မဏ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

ထိုမှတပါး မြင်စေနိုင်သော မိမိတို့ မျက်စိကို အာရုံပြု၍ လောဘမူစိတ်ရှစ်ခုတို့ဖြင့် တပ်မက်သောအခါတို့၌ မြင်စေနိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ တပ်မက်သော ရာဂတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး မြင်စေနိုင်သော မိမိတို့ မျက်စိကို အာရုံပြု၍ ဤမျက်စိဟာ ငါပဲ၊ ငါ့မှာမျက်စိရှိသည် စသည်ဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်သောအခါတို့၌ မြင်စေနိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ အမြင်မှားသော သက္ကာယဒိဋ္ဌိတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး မြင်စေနိုင်သော မိမိတို့မျက်စိကို အာရုံပြု၍ ဝိစိကိစ္ဆာသဟဂုတ်စိတ်ဖြင့် သို့လောသို့လော တွေးတောသော အခါတို့၌ မြင်စေနိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ သို့လောသို့လော တွေးတောသော ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး ထိုမြင်စေနိုင်သော မိမိတို့မျက်စိကို အာရုံပြု၍ ဥဒ္ဓစ္စသဟဂုတ်စိတ်ဖြင့် ပျံ့လွင့်သောအခါတို့၌ ထိုမြင်စေနိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ပျံ့လွင့်သော ဥဒ္ဓစ္စသဟ ဂုတ်စိတ်တို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

ထိုမှတပါး ထိုမြင်စေနိုင်သော မိမိတို့မျက်စိကို အာရုံပြု၍ နှလုံးမသာယာခြင်း ဒေါမနဿ ဖြစ်သောအခါတို့၌ ထိုမြင်စေနိုင်သော မိမိတို့မျက်စိက အာရမ္မဏပစ္စည်း၊ နှလုံးမသာမယာသော ဒေါမနဿသဟဂုတ်စိတ္တုပ္ပါဒ်တို့က အာရမ္မဏပစ္စယုပ္ပန်များ၊ ငါပဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။

(တနည်း)ဤလောကကြီးဝယ် ကောင်းမြတ်တင့်တယ်သော အသံတို့ကို ကြားရသောအခါတို့၌လည်းကောင်း၊ ကောင်းမြတ်သော အနံ့ကို နံ့ရသော အခါတို့၌လည်းကောင်း၊ မြတ်သောအရသာကို စားရသော အခါတို့၌လည်းကောင်း၊ ကောင်းမြတ်သောအတွေ့ကို တွေ့ရသော အခါတို့၌လည်းကောင်း မိမိတို့၏ နားကို, နှာခေါင်းကို, လျှာကို, ကိုယ်ကိုလည်း သာယာခြင်းစသည် ဖြစ်ကြလေကုန်၏။ အချို့ကမူကား ထိုထိုအဆင်းကို, ထိုထိုအသံကို, ထိုထိုအနံ့ကို, ထိုအရသာကို, ထိုထိုအတွေ့ကောင်းကို သာယာခြင်းစသည် ဖြစ်ကြလေကုန်၏။ အချို့ကမူကား ထိုထိုမြင်သိလုံးကလေးတွေကို,ထိုထိုကြားသိလုံးကလေးတွေကို, ထိုထိုနံ့သိလုံးကလေးတွေကို, ထိုထိုစားသိလုံးကလေးတွေကို, ထိုထိုတွေ့သိလုံးကလေးတွေကို, ထိုထို အိပ်ပျော်ခြင်းစသော ဘဝင်လုံးကလေးတွေကို သာယာခြင်းစသည် ဖြစ်ကြလေကုန်၏။

ဤသို့ သာယာခြင်းစသည် ဖြစ်ကြသော အခါတို့၌ နား, နားခေါင်း, လျှာ, ကိုယ် တို့ကလည်းကောင်း၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့တို့ကလည်းကောင်း၊ မြင်သိ, ကြားသိ, နံသိ, လျက်သိ, တွေ့သိတို့ကလည်းကောင်း၊ အိပ်ပျော်သော ဘဝင်နာမက္ခန္ဓာစသည်တို့က အာရမ္မဏပစ္စည်း၊ ဝမ်းမြောက်သော တဏှာ, အလွန်နှစ်သက်သော သပ္ပီတိကတဏှာ, အမြင်မှားသော သက္ကာယဒိဋ္ဌိ, တွေးတောသော ဝိစိကိစ္ဆာ, ပျံ့လွင့်သော ဥဒ္ဓစ္စ, နှလုံးမသာယာသော ဒေါမနဿတို့က အာရမ္မဏပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ဤသို့ အစိတ်အစိတ် တခုတခုစီသော ဝတ္ထုရုပ်ငါးပါး, အာရုံငါးပါး, မြင်သိလုံးစသော ဝိပါက်ဝိညာဏ်များ အာရမ္မဏပစ္စည်းတရား အစားစားတို့ ဖြစ်ပွားနေပုံ များကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီး၌ "အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ စက္ခုံ အသာဒေတိ အဘိနန္ဒတိ" စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသတည်း။ ဤသို့ ဟောပြတော်မူအပ်သော ပါဠိစကားကို တို့ မြန်မာစကားနှင့် မှတ်သားလွယ်ကြစေခြင်းအကျိုးငှာ (ဝိပါက်ကြိယာ၊ ရုပ် ခန္ဓာအား၊ တပ်မှား တွေးလွင့်၊ ဒေါသဆင့်၊ ဖြစ်လင့်အာရမ္မဏ၊ ပစ္စည်းရ။) ဟု ဆောင်ပုဒ်၌ ရေးထုတ်လိုက်ပါသတည်း။

(တနည်း) ဤပဋ္ဌာဝါရက အာရမ္မဏပစ္စည်းအရနှင့် သူငါစသည်တို့မှာ အမြဲထာဝရ ငါပဋ္ဌာန်းတရားနှင့် ဖြစ်နေကြသည်ကို အကျဉ်းချုပ် ပြဆိုရမူ ပဋိဂ္ဂိုလ်သိ သတ္တဝါသိမှန်သမျှ သူသိ ငါသိမှန်သမျှ ဇောစိတ်တို့ချည်းပဲဟူ၍ သိကြရမည်။ ထိုဇောကလည်း ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာအဗျာကတဇောဟူ၍ သုံးစားရှိနေကြရာတွင် ဘုရား ရဟန္တာတို့မှာသာ ကြိယာဇော စောနိုင်ကြကုန်၏။ ပုထုဇဉ်နှင့်သေက္ခအရိယာတို့မှာကား ကုသိုလ်ဇော, အကုသိုလ်ဇော တမျိုးမျိုး အစစ်ကေန် ဖြစ်ကြကုန်၏။ ထိုနှစ်မျိုးတို့တွင် ကုသိုလ်ဇောကိုမူကား အလေ့ပေါက်သဘောသွားဖြင့် အလကားမဖြစ်နိုင်ကြကုန်။ သူတော်ကောင်းတရား လေ့လာထားသူများနှင့် ကုသိုလ်ဖြစ်အောင် ကြံဆောင်အားသစ်မှု ယောနိသောမနသိကာရစုနှင့် ပြုပြင်ပေးမှသာလျှင် ကုသိုလ်ဇောများ ဖြစ်ပွားနိုင်၏။ ဤကဲ့သို့ အလေ့အလာမရှိသူနှင့် ပြုပြင်၍မပေးသူတို့ သိလုံးမှန်သမျှ များသောအားဖြင့် အလိုရှိအပ် နှစ်သက်အပ်တာတွေတို့ကို တွေ့ကြုံလျှင် လောဘဇော၊ အလိုမရှိအပ် မနှစ်သက်အပ်တာတွေကို တွေ့ကြုံလျှင် ဒေါသဇော၊ သာမညတွေကို တွေ့ကြုံလျှင် နှစ်သက်ခြင်း နှလုံးမသာမယာခြင်းကင်းသော မောဟဇောတို့သာ ဖြစ်ကုန်ရာသည်ဟု သိကြပါလေ။

## ၅၁-ဤအာရမ္မဏ ပါဠိတော်အရနှင့် လောကကြီးအားလုံးတို့ကို စပ်ဟပ်၍ဖော်ပြချက်

ဤပဋ္ဌာန်းပါဠိတော်ကြီးအရနှင့် ဤလောကကြီးမှာ သတ္တဝါအစားစားတို့ သိရှိကြသမျှတို့ကို သေချာစွာ သိရှိလို ဟောပြောလိုကြပါမူ—

(၁) ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ်၊ အဗျာကတဖြစ်၊ (သုံးစား)

(၂) အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်၊ ကုသိုလ်ဖြစ်၊ အဗျာကတဖြစ်၊ (သုံးစား)

(၃) အဗျာကတကြောင့် အဗျာကတဖြစ်၊ ကုသိုလ်ဖြစ်၊ အကုသိုလ်ဖြစ်၊ (သုံးစား)

ပေါင်း (ကိုးစား) တို့ကို သေချာစွာသိရှိ နှလုံးထားပြီးကာ အကယ်၍ မိမိသူတပါးတို့ ဒါန, သီလ, ဥပေါသထ ကုသိုလ်များကို အာရုံပြု၍ နောက်ထပ်ကုသိုလ်စိတ်ကောင်းထားကြပါမူ ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည့် ရှေးပဋ္ဌာန်းပါဠိတော်ကြီးထဲမှာ "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ" ဟူသော ပါဠိတော်အရတွင် ပါဝင်အသုံးပြုနိုင်သော ငါပဋ္ဌာန်းအရကို သိတတ်ကြပါစေ။ ၎င်းမှတပါးသော ကုသိုလ်ဟူသမျှတို့ကို အာရုံပြု၍ နောက်ထပ် ကုသိုလ်စိတ်ကောင်းထားကြပါမူ ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည့် ရှေးပဋ္ဌာန်းပါဠိတော်ကြီးထဲမှာ "ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ" ဟူသော ပါဠိတော်အရကို အသုံးချဖို့ သိတတ်ကြပါစေ။ ရှေးကုသိုလ်စိတ်ကို ဝိပဿနာရှုကြပါမူ "ကုသလံ အနိစ္စတော" စသော ပါဠိတော်ကြီးအရကို အသုံးချ၍ ကုသိုလ်ကို အာရုံပြု၍ ကုသိုလ်ဖြစ်သမျှ အဝဝတို့ကို ဤ ရှေးကပြခဲ့သည့် ပါဠိတော်သုံးစားထဲမှာ အကုန်လုံးပါဝင်ကြကုန်ရာ၏။ ဤကဲ့သို့ ပါဠိတော် အစိတ်အစိတ်ကို မရကြပါမူ ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သမျှ အရာဋ္ဌာနတိုင်းမှာ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသော အရင်းပါဠိတော်ကြီးထဲတွင် အကုန်လုံး ပါဝင်အသုံးကျနိုင်သော ငါပဋ္ဌာန်းအရကို သိတတ်ကြပါစေ (ဝါ) ပါဝင်နေကြောင်းကို ဉာဏ်ပိုင်ကြအောင် မကြာမကြာ အခါခါ လေ့လာပွားများ ဉာဏ်ဝင်စား၍ ကုသိုလ်ကိုအာရုံပြု၍ ကုသိုလ်ဖြစ်သမျှ ဟောကြားနိုင်ကြ သိရှိနိုင်ကြ ပါစေသတည်း။

(ပနည်း) မိမိ သူတပါးတို့ ဒါန,သီလ,ဥပေါသထကုသိုလ်များကို အာရုံပြု၍ သာယာခြင်းလောဘဖြစ်မူ သို့မဟုတ် မသာယာခြင်း ဒေါသ ဖြစ်မူ သို့မဟုတ် ၎င်းနှစ်ပါးမှကင်းသည့် သာမန်နှလုံးသွင်းခြင်းမောဟဖြစ်မူ ကုသိုလ်

ကြောင့် အကုသိုလ်ဖြစ်သည့် ရှေးပဋ္ဌာန်းပါဠိတော်ကြီးထဲမှာ "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ" စသော ပါဠိတော်အရတွင် ပါဝင်အသုံးကျနိုင်သော ငါပဋ္ဌာန်းအရကို သိတတ်ကြပါစေ။ ၎င်းတို့မှ တပါးသော ကုသိုလ်ဟူသမျှတို့ကို အာရုံပြု၍ လောဘဖြစ်မူ ဒေါသဖြစ်မူ မောဟဖြစ်မူ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သည့် ရှေးပဋ္ဌာန်း ပါဠိတော်ကြီးထဲမှာ "ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ" စသော ပါဠိတော် အရတွင် ပါဝင်အသုံးကျနိုင်သော ငါပဋ္ဌာန်းအရကို သိတတ်ကြပါစေ။ ဤသို့ ကုသိုလ်ကိုအာရုံပြု၍ အကုသိုလ်ဖြစ်သမျှ အဝတို့ကို ဤရှေးက ပြခဲ့သော ပါဠိတော်နှစ်စားထဲမှာ အကုန်လုံးပါဝင်ကြကုန်၏။ ဤကဲ့သို့ပါဠိတော် အစိတ်အစိတ်ကို မရကြပါမူ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သမျှ အရာဌာနတိုင်းတို့မှာ "ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" အရင်း ပါဠိတော်ကြီးထဲတွင် အကုန်လုံးပါဝင် အသုံးကျနိုင်သော ငါပဋ္ဌာန်းအရကို သိတတ်ကြပါစေ။ (ဝါ) ပါဝင်နေကြောင်းကို ဉာဏ်ပိုင်အောင် မကြာမကြာ အခါခါ ဆင်ခြင်စဉ်းစား နှလုံးထားကြပါလေ။

(တနည်း) ကုသိုလ်ကြောင့် အဗျာကတဇော ဖြစ်ကြသော အချက်တို့ သည် ပုထုဇဉ်, သေက္ခတို့မှာ မဖြစ်နိုင်တာမျိုးဖြစ်၍ ရှေးပါဠိတော်ကို ထုတ်ဖော်၍ မပြခဲ့ပေကြောင်း။ ၎င်းပြင် အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သော အရာတိုင်းတို့မှာ မိမိသူတပါးတို့ လောဘ ဖြစ်နေကြသည်ကို မိမိက တဖန် ထပ်မံ၍ လောဘဖြစ်ပြန်မူ "ရာဂံ အဿာဒေတိ" ပါဠိတော်အရနှင့်သိ။ ဒေါသ ဖြစ်ပြန်မူ"ဒေါမနဿံ ဥပ္ပဇ္ဇတိ"ပါဠိတော်အရနှင့်သိ။ မောဟဖြစ်ပြန်မူ"ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"ပါဠိတော်အရနှင့်သိ။ ထိုမှတပါးမိမိ သူတပါးတို့ ဒေါသ ဖြစ်နေကြသည်ကို မိမိနောက်ထပ်တဖန် ထပ်မံ၍ ဒေါသဖြစ်ပြန်မူ "ဒေါမနဿံ ဥပ္ပဇ္ဇတိ" ပါဠိတော်အရနှင့်သိ။ ဒိဋ္ဌိဖြစ်ပြန်မူ "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" ပါဠိတော် အရနှင့်သိ။ မောဟဖြစ်ပြန်မူ "ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ" ပါဠိတော် အရနှင့်သိ။ ထိုမှ တပါး မိမိသူတပါးတို့ မောဟကို အာရုံပြု၍ နောက်ထပ် တဖန် မောဟဖြစ်ပြန်မူ "ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ" ပါဠိတော်အရ နှင့်သိ။ ဒိဋ္ဌိဖြစ်ပြန်မူ "ဒိဋ္ဌိ ဥပ္ပဇ္ဇတိ" ပါဠိတော်အရနှင့်သိ။ နှလုံးမသာယာ ခြင်း ဒေါမနဿဖြစ်ပြန်မူ "ဒေါမနဿံ ဥပ္ပဇ္ဇတိ" ပါဠိတော် အရနှင့်သိ။

ဤသို့ အကုသိုလ်ကို အာရုံပြု၍ အကုသိုလ်ဖြစ်သမျှ အဝတို့သည် ဤရှေးက ပြခဲ့ပြီးသော ပါဠိတော် အစားစားတို့အထဲတွင် ပါဝင်ကြကုန်ရာ၏။ ဤကဲ့သို့ ပါဠိတော် အစိတ်အစိတ်ကို မရကြပါမူ အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သမျှ အရာဌာနတိုင်းတို့မှာ "အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော" ဟူသော အရင်းပါဠိတော်ကြီးထဲတွင် အကုန်လုံးပါဝင်

အသုံးကျနိုင်သော ငါပဌာန်းအရကို သိတတ်ကြပါစေ။ (ဝါ) ပါဝင်နေကြောင်းကို ဉာဏ်ပိုင်အောင် မကြာမကြာ အခါခါ ဆင်ခြင်စဉ်းစား နှစ်လုံးထားကြပါလေ။

(တနည်း) အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သော အရာတိုင်းတို့၌ ရှေးက အကုသိုလ်များကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ရှားပြီးသော အကုသိုလ်များကို ပြန်၍ဆင်ခြင်စဉ်းစားသော ကုသိုလ်တရားဖြစ်ပွားကြပါမူ "ဝိက္ခမ္ဘိတေ ကိလေသေ ဇာနန္တိ" ပါဠိတော်အရနှင့်သိ။ ထိုမှတပါး ရှေးက လေ့လာခဲ့ဖူးသော လောဘ, ဒေါသ, မောဟစသော အကုသိုလ်များကို အာရုံပြုကာ ပြန်၍ ဆင်ခြင်စဉ်းစားသော ကုသိုလ်တရားဖြစ်ပွားကြပါမူ "ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ" ပါဠိတော်အရနှင့်သိ။ ဤသို့ အကုသိုလ်ကို အာရုံပြု၍ ကုသိုလ်ဖြစ်သမျှ အဝဝတို့သည် ဤရှေးက ပြခဲ့ပြီးသော ပါဠိတော်စကားနှစ်စားတို့အထဲတွင် ပါဝင်ကြကုန်ရာ၏။ ဤကဲ့သို့ပါဠိတော် အစိတ်အစိတ်ကို မရကြပါမူ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သမျှ အရာဌာနတိုင်းတို့မှာ "အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသော အရင်းပါဠိတော်ကြီးထဲတွင် အကုန်လုံး ပါဝင်အသုံးကျနိုင်သော ငါပဌာန်းအရကို သိတတ်ကြပါစေ။ (ဝါ) ပါဝင်နေကြောင်းကို ဉာဏ်ပိုင်အောင် မကြာမကြာ အခါခါ ဆင်ခြင်စဉ်းစား နှလုံးထားကြပါလေ။ အကုသိုလ်ကြောင့် အဗျာကတဓာတ်များ ပုထုဇဉ်သေက္ခတို့ မဖြစ်ကြတာကြောင့် ရှေးပါဠိတော်ကြီးထဲမှာ မထည့်သွင်းလိုက်ရပါသတည်း။

(တနည်း) အဗျာကတကြောင့် အဗျာကတဖြစ်ကြသော အရာတို့မှာလည်း ကြိယာဓာတ်များ သူငါအစားစားတို့မှာ မဖြစ်ကြတာကြောင့် ရှေးပါဠိတော်အရကိုပင် ပယ်ချထားခဲ့လေသတည်း။ အဗျာကတကြောင့် ကုသိုလ်ဖြစ်သော အရာဌာနတိုင်း၌ ရုပ်တွေကို လည်းကောင်း၊ မြင်သိ ကြားသိ စသော ဝိပါက်တွေကို လည်းကောင်း၊ အာရုံပြု၍ ဝိပဿနာ ကုသိုလ်တရား ပွားများရာတို့၌ "စက္ခုံ အနိစ္စတော ဒုက္ခတော" စသော ပါဠိတော်အရနှင့်သိ။ ထိုမှတပါး ရုပ်တွေကို လည်းကောင်း၊ အကျိုးဝိပါက်တွေကို လည်းကောင်း၊ အာရုံပြု၍ ဒါနကုသိုလ်, သီလကုသိုလ်စသော ကုသိုလ်ဟူသမျှ ဖြစ်ပွားကြသော အရာတို့၌ "အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ" ဟူသော အရင်းပါဠိတော်ကြီးတွင် အကုန်လုံး ပါဝင်အသုံးကျနိုင်သော ငါပဌာန်းတရားအရကို သိတတ်ကြပါစေ။ (ဝါ) ပါဝင်နေကြောင်းကို ဉာဏ်ပိုင်အောင် မကြာမကြာ အခါခါ ဆင်ခြင်စဉ်းစား နှလုံးထားကြပါလေ။

(တနည်း) အဗျာကတကြောင့် အကုသိုလ်ဖြစ်သော အရာတိုင်းတို့၌ စက္ခုစသော ရုပ်တို့ကိုလည်းကောင်း၊ မြင်သိလုံး, ကြားသိလုံးစသော အကျိုး

ဝိပါက် ဝိညာဏ် နာမက္ခန္ဓာတို့ကိုလည်းကောင်း၊ အာရုံပြု၍ လောဘတို့ ဖြစ်ကြပါမူ "စက္ခုံ အဿာဒေတိ" စသော ပါဠိတော်နှင့်သိ။ ဒေါသဖြစ်ကြပါမူ "ဒေါမနဿံ ဥပ္ပဇ္ဇတိ" ဟူသော ပါဠိတော်နှင့်သိ။ မောဟတို့ဖြစ်ကြပါမူ "ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ" ဟူသော ပါဠိတော်နှင့်သိ။ ဤသို့ ရုပ်တရားတို့နှင့်တကွ ဝိပါက်အဗျာကတတရားတို့ကို အာရုံပြု၍ အကုသိုလ်ဖြစ်သမျှ အဝေတို့သည် ဤရှေးကပြခဲ့ပြီးသော ပါဠိတော်အစားစားတို့ အထဲတွင် ပါဝင်ကြကုန်ရာ၏။ ဤကဲ့သို့ ပါဠိတော်အစိတ်စိတ်ကို မရကြပါမူ အဗျာကဘကြောင့် အကုသိုလ်ဖြစ်သမျှ အရာဌာနတိုင်းတို့မှာ "အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော" ဟူသော မူလအရင်း ပါဠိတော်ကြီးထဲ ၌ အကုန်သုံး ပါဝင် အသုံးကျနိုင်သော ငါ့ပဋ္ဌာန်းတရားအရကို သိဘတ်ကြပါစေ။ (ဝါ) ပါဝင်နေကြောင်းကို မကြာမကြာ အခါခါ ဆင်ခြင်စဉ်းစား နှလုံးထားကြပါလေ။

ဤသို့လျှင် ဤလောကကြီး အားလုံးတို့မှာ သိရှိသမျှတို့ကို သေချာစွာ ဤအာရမ္မဏပစ္စည်း ပဋ္ဌာန်းတရားတော်ကြီးတွင် ပါဝင်နေသည့်အချက်များ အထူးစဉ်းစားမိကြရန် ထပ်မံ၍ တဆင့်ပြချက်ကြီးတို့ပေတည်း။ ဤသို့ပြသည့်အတိုင်း လောကရှိသမျှ သိသမျှအဝေတို့ကို ဉာဏ်ကုန်လှစ်ကာလှစ်ကာ ဤပါဠိတော်နှင့် တွဲနိုင်ကြပါအောင် ကြံဆောင်အားသစ်တော်မူနိုင်ကြပါစေသတည်း။ ဤအာရမ္မဏပစ္စည်းထဲတွင် ပါဝင်သမျှသော ကုသိုလ်ဇောဖြစ်ချက်၊ အကုသိုလ်ဇောဖြစ်ချက်၊ မြင်သိ ကြားသိ စသော ဝိပါက်ကြိယာအဗျာကတတို့ အနိစ္စဝိပဿနာ အလုပ်များကို အားထုတ်လိုသူ ယောဂီတို့သည် ခဏိက အပျက်များကို မရှုစားပဲ သန္တတိပျက်နှင့် ဉာဏ်အချက် မိသမျှတို့၌သာ ပိုင်းကာပိုင်းကာ အာရုံတွေကို အာရုံပြုသည့် အာရမ္မဏိကစိတ်တို့ အသစ်ပြောင်းတိုင်း ပြောင်းတိုင်းတို့မှာ သိလုံးအဟောင်းတွေ ပျက်ပျက်လိုက်မူ အနိစ္စစုကို ရှုတတ်ကြရန် ရှေးအဖို့က အသီးအသီး ပြခဲ့ပြီးအတိုင်းများကို သိစေလို၍ (အာရုံအာရမ္မဏိ၊ ပြောင်းလောဘိ၊ ရှုဘိအနိစ္စ၊ ရှေးတိုင်းပြ) ဟု ဆောင်ပုဒ်ကို ရေးထုတ်လိုက်ပါသတည်း။

အကုသလပဒါဝသာန ပြီးရုံမျှမက အာရမ္မဏပစ္စည်း အားလုံးကြီးတို့လည်း ဤတွင် အကျဉ်းမျှ အပြီးသတ်လိုက်ရပါသတည်း။ အကုသလပဒါဝသာန ပြီး၏။

ပဉ္စဝါရအာရမ္မဏပစ္စည်း ပြီး၏။

## ၅၂— ဥပနိဿယပစ္စည်း ဤလောကကြီးမှာ ကုသိုလ်ကြောင့်

## ကုသိုလ်တို့ဖြစ်ပွားနေကြပုံကို ဖော်ပြချက်

ဤမှတပါးသော ပဋ္ဌာဝါရပါဠိတော်ကြီးများ အစားစားတို့ ဤကမ္ဘာလောက သတ္တဝါအစားစားတို့မှာ အမြဲထာဝရဖြစ်နေကြသည်ကို ရေးပြသင့်သော်လည်း ရှေးပစ္စယနိဒ္ဒေသက အကျယ်ရေးပြအပ်ပြီးသောကြောင့် လည်းကောင်း၊ ဤပစ္စည်းတွေ အားလုံးကုန်ရေးက ကျမ်းကြီးနေမှာဖြစ်သောကြောင့်လည်းကောင်း အခြားအခြားပစ္စည်းများ လျှင်လျှူထား၍ သူငါတို့ ထင်မြင်လွယ်ကြသော ဥပနိဿယပစ္စည်းကိုသာ သတ္တဝါအများ ထင်ရှားသိသာလွယ်နိုင်ကြသောကြောင့်လည်းကောင်း ၎င်းပစ္စည်းကိုသာ ငါပဌာန်းတရား ဖြစ်ပွားနေကြပုံအကျယ်ကို အလွယ်နှင့် သိသာအောင် ရေးပြအံ့ပါသတည်း။

နိဿယပစ္စည်းကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပနိဿယပစ္စည်း၏ ပစ္စယနိဒ္ဒေသကို ဟောတော်မူ၏။ ထိုဥပနိဿယပစ္စည်းသည်လည်း ကုသလပဒ, အကုသလပဒ, အဗျာကတပဒအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒသည်လည်း ကုသလပဒါဝသာန, အကုသလပဒါဝသာန, အဗျာကတပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒါဝသာန၌လည်း စာပဌာန်း ရွာပဌာန်း ငါပဌာန်းအားဖြင့် သုံးစားရှိရာတို့တွင် စာပဌာန်းအရကို ပြဆိုရပါမူ—

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

ပကတူနိဿယော—သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံသမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။

ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒုတိယဿ ဈာနဿ ပရိကမ္မံ ဒုတိယဿ ဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ တတိယဿ ဈာနဿ ပရိကမ္မံ တတိယဿ ဈာနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ စတုတ္ထဿ ဈာနဿ ပရိကမ္မံ စတုတ္ထဿ ဈာနဿ ဥပနိဿယ ပစ္စယေန

ပစ္စယော။ အာကာသာနဉ္စာယတနသ္မာ ပရိကမ္မံ အာကာသာနဉ္စာယတနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနဿ ပရိကမ္မံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနဿ ပရိကမ္မံ အာကိဉ္စညာယတနဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ နေဝသညာနာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပဌမံ ဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယံ ဈာနံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယံ ဈာနံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗာယ သောတဓာတုယာ ပရိကမ္မံ ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဣဒ္ဓိဝိဓဉာဏဿ ပရိကမ္မံ ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ စေတောပရိယဉာဏဿ ပရိကမ္မံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ပရိကမ္မံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏဿ ပရိကမ္မံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ အနာဂတံသဉာဏဿ ပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဒိဗ္ဗစက္ခု ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဣဒ္ဓိဝိဓဉာဏံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ စေတောပရိယဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယဿ မဂ္ဂဿ ပရိကမ္မံ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယဿ မဂ္ဂဿ ပရိကမ္မံ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထဿ မဂ္ဂဿ ပရိကမ္မံ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပဥ္စမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယော မဂ္ဂေါ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယော မဂ္ဂေါ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ။ ဥပ္ပန္နံ သမာပဇ္ဇန္တိ။ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သေက္ခော မဂ္ဂါနံ အတ္ထပဋိသမ္ဘိဒါယ ဓမ္မပဋိသမ္ဘိဒါယ နိရုတ္တိပဋိသမ္ဘိဒါယ ပဋိဘာနပဋိသမ္ဘိဒါယ ဌာနာဌာန. ကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော—

ဟု စာပဌာန်းအရကို ပြဆိုအပ်ပါသတည်း၊ ဤစာပဌာန်းအရကို ရှာပဌာန်းအရနှင့် ပြဆိုရပါမူ—

ကုသလော ဓမ္မော၊ ကုသိုလ်တရားသည်။ ကုသလဿ ဓမ္မဿ၊ ကုသိုလ်တရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယ ပစ္စည်းလည်းကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းလည်းကောင်း။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့တည်း။ တေသု၊ ထိုသုံးပါးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ကထမော၊ အဘယ်နည်း၊

သဒ္ဓံ၊ ယုံကြည်ခြင်းသဒ္ဓါတရားကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ ငါးပါးသီလစသည်ကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သီလံ၊ သီလကို။ သုတံ၊ အကြားအမြင်ကို။ စာဂံ၊ စွန့်ကြဲခြင်းကို။ ပညံ၊ ပညာကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ ငါးပါးသီလစသည်ကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သဒ္ဓါ၊ သဒ္ဓါသည်။ သီလံ၊ သီလသည်။ သုတံ၊ သုတ

သည်။ စာဂေါ၊ စာဂသည်။ ပညာ၊ ပညာသည်။ သဒ္ဓါယ၊ သဒ္ဓါအား။ သီလဿ၊ သီလအား။ စာဂဿ၊ စာဂအား။ ပညာယ၊ ပညာအား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

ပဌမဿ ဈာနဿ၊ ပဌမဈာန်၏။ ပရိကမ္မံ၊ ပရိကံသည်။ ပဌမဿ ဈာနဿ၊ ပဌမဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယဿ ဈာနဿ၊ ဒုတိယဈာန်၏။ ပရိကမ္မံ။ ပရိကံသည်။ ဒုတိယဿ ဈာနဿ၊ ဒုတိယဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ တတိယဿ ဈာနဿ၊ တတိယဈာန်၏။ ပရိကမ္မံ၊ ပရိကံသည်။ တတိယဿ ဈာနဿ၊ တတိယဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စတုတ္ထဿ ဈာနဿ၊ စတုတ္ထ ဈာန်၏။ ပရိကမ္မံ၊ ပရိကံသည်။ စတုတ္ထဿ ဈာနဿ၊ စတုတ္ထ ဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာကာသာနဉ္စာယတနဿ၊ အာကာသာနဉ္စာယတနဈာန်၏။ ပရိကမ္မံ။ ပရိကံသည်။ အာကာသာနဉ္စာယတနဿ၊ အာကာသာနဉ္စာယတန ဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိဖြစ်၏။ ဝိညာ-ဏဉ္စာယတနဿ၊ ဝိညာဏဉ္စာယတနဈာန်၏။ ပရိကမ္မံ၊ ပရိကံသည်။ ဝိညာဏဉ္စာ-ယတနဿ၊ ဝိညာဏဉ္စာယတနဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာကိဉ္စညာယတနဿ၊ အာကိဉ္စညာယတန-ဈာန်၏။ ပရိကမ္မံ၊ ပရိကံသည်။ အာကိဉ္စညာယတနဿ၊ အာကိဉ္စညာယတန-ဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ နေဝသညာနာသညာယတနဿ၊ နေဝသညာနာသညာယတနဈာန်၏။ ပရိကမ္မံ၊ ပရိကံသည်။ နေဝသညာနာသညာယတနဿ၊ နေဝသညာ-နာသညာယတနဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဌမံ ဈာနံ၊ ပဌမဈာန်သည်။ ဒုတိယဿ ဈာနဿ၊ ဒုတိယဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်သည်။ တတိယဿ ဈာနဿ၊ တတိယဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တတိယံ ဈာနံ၊ တတိယဈာန်သည်။ စတုတ္ထဿ ဈာနဿ၊ စတုတ္ထဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်သည်၊ အာကာသာနဉ္စာယတနဿ၊ အာကာသာ-နဉ္စာယတနဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဈာန်သည်။ ဝိညာဏဉ္စာယတနဿ၊ ဝိညာဏဉ္စာယတနဈာန်အား။ ဥပနိဿယပစ္စယေန။ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာ-ယတနဈာန်သည်။ အာကိဉ္စညာယတနဿ၊ အာကိဉ္စညာယတနဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနဈာန်သည်။ နေဝသညာနာသညာယ-တနဿ၊ နေဝသညာနာသညာယတနဈာန်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒိဗ္ဗဿ စက္ခုဿ၊ ဒိဗ္ဗစက္ခုအဘိညာဉ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ဒိဗ္ဗဿ စက္ခု-ဿ၊ ဒိဗ္ဗစက္ခု အဘိညာဉ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ သောတဓာတု-ယာ၊ သောတဓာတ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ဒိဗ္ဗာယ၊ နတ်၌ဖြစ်သော။ သောတဓာတုယာ၊ သောတဓာတ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣဒ္ဓိဝိဓဉာဏဿ၊ ဣဒ္ဓိဝိဓဉာဏ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ဣဒ္ဓိဝိဓဉာဏဿ၊ ဣဒ္ဓိဝိဓဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ

ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စေတောပရိယဉာဏသာ၊ စေတောပရိယဉာဏ်၏။ ပရိကမ္မံ၊ ပရိကံသည်။ စေတောပရိယဉာဏသာ၊ စေတောပရိယဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ယထာကမ္မုပဂဉာဏဿ၊ ယထာကမ္မုပဂဉာဏ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ယထာကမ္မုပဂဉာဏဿ၊ ယထာကမ္မုပဂဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အနာဂတံသဉာဏဿ၊ အနာဂတံသဉာဏ်၏။ ပရိကမ္မံ၊ ပရိကံသည်။ အနာဂတံသဉာဏဿ၊ အနာဂတံသဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒိဗ္ဗစက္ခု၊ ဒိဗ္ဗစက္ခုအဘိညာဉ်သည်။ ဒိဗ္ဗာယ သောတဓာတုယာ၊ ဒိဗ္ဗသောတ အဘိညာဉ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဒိဗ္ဗသောတဓာတု၊ ဒိဗ္ဗသောတ အဘိညာဉ်သည်။ ဣဒ္ဓိဝိဓဉာဏဿ၊ ဣဒ္ဓိဝိဓဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။ဣဒ္ဓိဝိဓဉာဏံ၊ ဣဒ္ဓိဝိဓဉာဏ်သည်။ စေတောပရိယဉာဏဿ၊ စေတောပရိယဉာဏ်အား။ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။ ။စေတောပရိယဉာဏံ၊ စေတောပရိယဉာဏ်သည်။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ဖြစ်၏။ ။ပုဗ္ဗေနိဝါသာနုဿတိဉာဏံ၊ ပုဗ္ဗေနိဝါသနုဿတိဉာဏ်သည်။ ယထာကမ္မုပဂဉာဏဿ၊ ယထာကမ္မုပဂဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု

ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။ပဌမဿမဂ္ဂဿ။ ပဌမမဂ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ပဌမဿမဂ္ဂဿ၊ ပဌမမဂ်အား။ ဥပနိဿယပစ္စယေန။ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ။ ဖြစ်၏။ ဒုတိယဿမဂ္ဂဿ၊ ဒုတိယမဂ်၏။ ပရိကမ္မံ၊ ပရိကံသည်။ ဒုတိယဿမဂ္ဂဿ၊ ဒုတိယမဂ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။တတိယဿမဂ္ဂဿ။ တတိယမဂ်၏။ ပရိကမ္မံ၊ ပရိကံသည်။ တတိယဿမဂ္ဂဿ၊ တတိယမဂ်အား။ ဥပနိဿယပစ္စယေန။ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။စတုတ္ထဿမဂ္ဂဿ၊ စတုတ္ထမဂ်၏။ ပရိကမ္မံ၊ ပရိကံသည်။ စတုတ္ထဿမဂ္ဂဿ။ စတုတ္ထမဂ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဌမောမဂ္ဂေါ၊ ပဌမမဂ်သည်။ ဒုတိယဿမဂ္ဂဿ၊ ဒုတိယမဂ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။ဒုတိယောမဂ္ဂေါ၊ ဒုတိယမဂ်သည်။ တတိယဿ မဂ္ဂဿ၊ တတိယမဂ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။တတိယောမဂ္ဂေါ၊ တတိယမဂ်သည်။ စတုတ္ထဿမဂ္ဂဿ၊ စတုတ္ထမဂ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။သေက္ခာ၊ သေက္ခပုဂ္ဂိုလ်တို့သည်။ မဂ္ဂံ၊ မဂ်ကို။ ဥပနိဿာယ၊ အမှီပြု၍။ အနုပ္ပန္နံ၊ မဖြစ်သေးသော။ သမာပတ္တိံ။ သမာပတ်ကို။ ဥပ္ပါဒေန္တိ၊ ဖြစ်စေကုန်၏။ ဥပ္ပန္နံ၊ ဖြစ်ပြီးသော။ သမာပတ္တိံ၊ သမာပတ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားကုန်၏။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ဒုက္ခတော။ ဆင်းရဲသော အားဖြင့်။ အနတ္တတော၊ အစိုးမရ အလိုသို့မလိုက်သောအားဖြင့်။ ဝိပဿန္တိ၊ ဝိပဿနာ ရှုကုန်၏။ မဂ္ဂေါ၊ မဂ်သည်။ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ်တို့၏။ အတ္ထပဋိသမ္ဘိဒါယ။ အတ္ထပဋိသမ္ဘိဒါအား။ ဓမ္မပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါအား။ နိရုတ္တိပဋိသမ္ဘိဒါယ၊ နိရုတ္တိပဋိသမ္ဘိဒါအား။ ပဋိဘာနပဋိသမ္ဘိဒါယ၊ ပဋိဘာနပဋိသမ္ဘိဒါအား။ ဌာနာဌာနကောသလ္လဿ၊ ဌာနာဌာနကောသလ္လဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

[စာမတတ်သောသူတို့ပါ ကျက်မှတ်လွယ်ကြရန် ပါဠိအနက်မမြုပ်ပဲ အကုန်ဖော်ထုတ်၍ ရေးလိုက်ပါသတည်း။]

ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤရှာပဋ္ဌာန်းအရကို ပါဠိပဋ္ဌာန်းအရနှင့်ပြဆိုရပါမူ သဒ္ဓါဥပနိဿယ–၌ သဒ္ဓါ ဟူသော စာစကားကို ရှာစကားနှင့် ယုံလုံးကြည်လုံးဟု သိရ၏။ ယုံလုံးဟူသည် ဤမြေအတွင်း၌ ရေကိုပင် မမြင်ရသော်လည်း ရေရှိသည်ဟူသော စကားကို အဟုတ်ယုံကြည်သောအားဖြင့် တူးဖော်၍ ရေကိုသောက်ရဘိသကဲ့သို့ နောင်သံသရာအကျိုးကို မမြင်ရသော်လည်း ရတနာသုံးပါးနှင့် ဆရာမိဘတို့ စကားကို အဟုတ်ယုံသောအားဖြင့် လူအပန်းခံ ငွေအကုန်ခံ၍ ထိုထိုကောင်းမှုကို ပြုကြသဖြင့် နောက်နောင် ကောင်းကျိုးကို ခံစံရသည်ဟု ကျမ်းဂန်တို့၌ ဆိုသည် အတိုင်း ယုံလုံးကို သိအပ်၏။ ကြည်လုံးဆိုသည်ကား—အလွန်နောက်ကျိနေသော ရေထဲသို့ စကြာမင်း၏ ပတ္တမြားရတနာကို ထည့်လိုက်က ချက်ခြင်း ရေကြည် ဖြစ်ရသလို စိတ်တပါးတို့ဖြင့် နောက်ကျိဖွယ် အစားစား ဖြစ်ဖွယ်များ တို့တွင် သဒ္ဓါကြည်လင်စိတ်ဝင်က မနောက်ကျိကြပဲ ကြည်လင်စွာ ထိုထို ကောင်းမှုစုကို ပြုနိုင်၏ဟု ထိုထိုအဋ္ဌကထာဋီကာတို့၌ ဥပမာ ပြထားတော်မူသည့် အတိုင်း ဤပဋ္ဌာန်းဒေသနာတော်ကြီး၌လည်း ထိုထိုကောင်းမှု မကောင်းမှု တို့၏ အကျိုးအပြစ်များကို ခံစံရမည်ဟု ယုံလုံးရှိကြသဖြင့် ထိုထိုဒါနတို့ကို ငွေ အကုန်ခံ၍သော်လည်းကောင်း။ လူအပင်ပန်းခံ၍သော်လည်းကောင်း ပြုကြ သော်လည်း စိတ်မပျက်မကွက်ပဲနှင့် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျ လှူဒါန်း နိုင်ကြ ပြုလုပ်နိုင်ကြကုန်၏။

ဤသို့ လှူဒါန်းနိုင်ကြ ပြုလုပ်နိုင်ကြသည်ကို ဥပမာဆိုသော် ဤလောက ကြီးမှာ လယ်ယာလုပ်သောသူတို့သည် ငွေကုန်လူပန်းခံသဖြင့် အသီးအနှံများ ကို ကေန်ရလိမ့်မည်ဟု ယုံလုံးရှိကြ၍ ပြုလုပ်ကြသူတို့မှာ မျိုးစေ့ရိက္ခာတွေ များစွာ ကုန်ကျပေသော်လည်းကောင်း၊ လူကိုယ်တိုင် အပင်အပန်းခံနေရသော် လည်းကောင်း၊ စိတ်မပျက်မကွက်ကြပဲ ကေန်အကျိုးကို ခံစံရမည် ဟူသော ယုံလုံးနှင့် တွဲစပ်ကာ ကြည်လုံးတွေ ပါနေကြရုံမက ဤကဲ့သို့ မျိုးရိက္ခာ အလုပ်နှင့် မကုန်ကြရမှာ အပန်းမခံရမှာကိုသာ စိုးရိမ်ကြောင့်ကြ၍ လယ်ယာ အလုပ်ကို အားထုတ်ကြသလို လောကုတ္တရာ သံသရာအလုပ်ကိုလည်း သဒ္ဓါတရား ကိန်းသော ပုဂ္ဂိုလ်မြတ်တို့မှာ ဒါန သီလ စသည်တို့အတွက် ငွေကုန်လူပန်းချက် တို့ဖြင့် စိတ်မပျက်ကွက်ပဲ ကေန် အကျိုးခံစံရမည်ဟူသော ယုံလုံးနှင့်တွဲစပ်ကာ ကြည်လုံးတွေ ပါနေကြရုံမက ဤကဲ့သို့ ဒါနသီလ စသည်အတွက်နှင့် မကုန်မကျ ရမှာ အပင်အပန်း မခံရမှာ များကိုသာ စိုးရိမ်ကြောင့်ကြ၍ ဒါနသီလ စသည် အလုပ်ကို အားထုတ်ကြကုန်၏။ ဤသို့ယုံကြည် ရွှင်ပျသော သဒ္ဓါတရားကို

အမှီထား၍ လှူဒါန်းကြသောအခါတို့မှာ ယုံကြည်ခြင်း သဒ္ဓါတရားက ဥပနိဿယပစ္စည်း၊ လှူဒါန်းသည့်ကုသိုလ်များက ဥပနိဿယပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကြလေကုန်၏။

ဤရှေးကပြခဲ့တဲ့တိုင်း သဒ္ဓါတရား အခြေခံရှိသောသူတို့သည် သီလကိုလည်း ဆောက်တည်ကြကုန်၏၊ ဥပုသ်ကိုလည်း စောင့်သုံးကြကုန်၏။ ဈာန်ရအောင်ကိုလည်း အားထုတ်နိုင်ကြကုန်၏။ ဝိပဿနာအလုပ်ကိုလည်း ကြိုးကြိုးကုတ်ကုတ် အားထုတ်နိုင်ကြကုန်၏။ မဂ်ကိုလည်း ရအောင် အားထုတ်နိုင်ကြကုန်၏။ အဘိညာဉ်ကိုလည်း ရအောင် အားထုတ်နိုင်ကြကုန်၏။ ဈာန်သမာပတ် ဖလသမာပတ် တို့ကိုလည်း ဝင်စားနိုင်ကြကုန်၏။ ဤသို့ ဖြစ်ကြသောအခါတို့၌ အကြောင်းရင်းခံဖြစ်သော အားကြီးသည့် ယုံလုံးကြည်လုံး သဒ္ဓါတရားက ဥပနိဿယပစ္စည်း၊ ဖြစ်ပေါ်လာကြသည့် သီလကုသိုလ်, ဥပေါသထကုသိုလ်, ဈာန်ကုသိုလ်, ဝိပဿနာကုသိုလ်, မဂ်ကုသိုလ်, အဘိညာဉ်ကုသိုလ်, ဈာန်သမာပတ်ကုသိုလ်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြလေကုန်၏။ ဤသို့ဖြစ်ကြသည်ကို သိစေလို၍ "သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ-သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ" စသည်ဖြင့် ဤပဋ္ဌာန်းတရားတော်ကြီးမှာ ဟောတော်မူအပ်ပါသတည်း။ ဤပါဠိတော်အရ ငါးပဋ္ဌာန်းတရားများသည် ဤလောကကြီးမှာ သူငါအစားစားတို့၌ သဒ္ဓါတရားအကြောင်းခံ၍ဖြစ်ပွားနေသည်များကိုဆိတ်ငြိမ်ရာအရပ်တွင် ဉာဏ်သက်ဝင်အောင် ဆင်ခြင် စဉ်းစားကြပြီးလျှင် အရာရာတိုင်းမှာ ဤပဋ္ဌာန်းတရားကြီးကို အသုံးချနိုင်အောင် မကြာမကြာ အခါခါ ဆင်ခြင်စဉ်းစား ပွားများကြည့်ရှုကြပါလေ သူတော်ကောင်းတွေတို့။

(တနည်း) သဒ္ဓါကို အကြောင်းခံ၍သာ ထိုထိုကုသိုလ် အလုပ်ကို အားထုတ်နိုင်ကြတာ မဟုတ်သေး၊ သီလနှင့် ပြည့်စုံကြပြီး သူတော်ကောင်းအား ကြီးထွားလာသူတို့သည် လည်းကောင်း၊ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံကြပြီး သူတော်ကောင်းအား ကြီးထွားလာသူတို့သည် လည်းကောင်း၊ ပေးကမ်းစွန့်ကြဲခြင်း စာဂတို့နှင့် ပြည့်စုံကြပြီး သူတော်ကောင်းအား ကြီးထွားလာသူတို့သည် လည်းကောင်း၊ ထိုးထွင်းသော ပညာနှင့်ပြည့်စုံကြပြီး သူတော်ကောင်းအား ကြီးထွားလာသူတို့သည် လည်းကောင်း၊ ရှေးကပြခဲ့ပြီးသောအတိုင်း ဒါနကုသိုလ်, သီလကုသိုလ်, ဥပေါသထကုသိုလ်, ဈာန်ကုသိုလ်, ဝိပဿနာကုသိုလ်, မဂ်ကုသိုလ်, အဘိညာဉ်ကုသိုလ်, သမာပတ်ကုသိုလ် စသော ကုသိုလ်ဟူသမျှတို့က အားကြီးပါးကြီး ဖြစ်ပေါ်လာအောင် ပြုလုပ်နိုင်ကြကုန်၏။ ဤသို့ ပြုလုပ်နိုင်ကြသော အခါ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့က ဥပနိဿယပစ္စည်း၊ ဒါန, သီလ, ဥပေါသထ စသည်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ကြသည်ကို သိစေလို၍ "သီလံ ဥပနိဿာယ ဒါနံ

ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ” စသည်ဖြင့် ဤပဋ္ဌာန်း ပါဠိတော်ကြီးမှာ ဟောကြားတော်မူအပ်ပါသတည်း။ ဤပါဠိတော်များလည်း သူငါ အစားစားထဲမှာ ရောက်နေကြပုံ သူငါအစားစားတို့ ကုသိုလ်ဖြစ်ပွားနေကြ တာတို့လည်း ဤပါဠိတော်အတွင်းမှာ ဇွတ်အတင်း ပါဝင်နေသည်ကို ဉာဏ် သက်ဝင်အောင် ဆင်ခြင်စဉ်းစားတော်မူနိုင်ကြပါစေသတည်း။

(တနည်း) သဒ္ဓါ သီလစသည် တခုခုတို့က ဒါန, သီလ, ဥပေါသထစသည်ကို ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုနိုင်ကြသည် မဟုတ်သေး၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ သူတော်ကောင်းဥစ္စာ တပါးပါးတို့ကလည်း ကြွင်းသမျှ သူတော် ကောင်းဥစ္စာ တပါးပါးတို့ကို ဥပနိဿယသတ္တိဖြင့် ဖြစ်ပွားကြအောင် ကျေးဇူး ဆောင်နိုင်သည့်အဖြစ်ကို သိစေလို၍“သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ သဒ္ဓါယ သီလဿ သုတဿ စာဂဿ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော”ဟူ၍ပဋ္ဌာန်း ပါဠိတော်ကြီး၌ ဟောပြတော်မူသည့်အတိုင်း ဤလောက နယ်ကြီးထဲတွင် ဤပဋ္ဌာန်းပါဠိတော်ကြီးဝင်နေပုံ၊ ဤပဋ္ဌာန်းပါဠိတော်ကြီးထဲသို့လည်း သဒ္ဓါ သီလ, သုတ, စာဂ,ပညာ အစားစား ငါပဋ္ဌာန်းတရားတို့ ဖြစ်ပွားပုံကို ဉာဏ်တော် လှစ်၍ ပဋ္ဌာန်းအစစ်ကို သိနိုင်ကြပါစေသတည်း။

(တနည်း) ထိုထိုစျာန်ကိုရအောင် ကသိုဏ်း ပရိကမ် စသည်ကို ပွားများ အားထုတ်သမျှတို့ကို ပရိကမ္မကုသိုလ် ဆို၏။ ထိုထိုစျာန်တို့ကိုရအောင် အားထုတ် ကြသော ပရိကမ္မကုသိုလ်တို့ကြောင့် ရူပကုသိုလ်, အရူပကုသိုလ်တို့ ဖြစ်ပေါ် လာကြသောအခါ ထိုထို အားထုတ်ကြသည့် ပရိကမ္မကုသိုလ်တို့က ဥပနိဿယ ပစ္စည်း၊ ပဌမစျာန်စသော ရူပကုသိုလ်, အရူပကုသိုလ်တို့က ဥပနိဿယ ပစ္စ-ယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို သိစေလို၍ “ပဌမဿ-စျာနဿ ပရိကမ္မံ ပဌမဿ စျာနဿ ဥပနိဿယပစ္စယေန ပစ္စယော”စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောတော်မူ၏။ ထိုမှတပါး ထိုသမာပတ် ရှစ်ပါး တို့တွင် ပဌမစျာန်စသော ရှေ့ရှေ့စျာန်က ဒုတိယစျာန်စသော နောက်နောက် စျာန်အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို သိစေလို၍ “ပဌမံ စျာနံ ဒုတိယဿ စျာနဿ ဥပနိဿယပစ္စယေန ပစ္စယော” စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောတော်မူ၏။ ထိုမှတပါး အဘိညာဉ် ခုနစ် ပါးကို ရရာရကြောင်း အားထုတ်ကြသော ပရိကမ္မကုသိုလ်တို့က ကုသိုလ်အဘိ-ညာဉ်တို့အားလည်းကောင်း၊ ရှေ့ရှေ့ကုသိုလ် အဘိညာဉ်က နောက်နောက် ကုသိုလ် အဘိညာဉ်တို့အားလည်းကောင်း ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြု သည်၏ အဖြစ်ကို သိစေလို၍ “ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ ဥပနိဿယပစ္စယေန ပစ္စယော”စသည်ဖြင့် ဤပဋ္ဌာန်းကြီးမှာ ဟောကြားတော် မူ၏။ ထိုမှတပါး မဂ်လေးပါးတို့ကိုရအောင် ရှေးအဖို့က အသီးအသီးအားထုတ်

သမျှသော ပရိကမ္မကုသိုလ်တို့သည် ထိုထို အသီးအသီးသော မဂ်လေးပါးတို့အားလည်းကောင်း၊ ရှေးရှေးရပြီးသော မဂ်ကုသိုလ်တို့က နောက်နောက်ရမည့် မဂ်ကုသိုလ်တို့အားလည်းကောင်း၊ အားကြီးသော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို သိစေလို၍ "ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော" စသည်ဖြင့်လည်းကောင်း၊ ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော" စသည်ဖြင့်လည်းကောင်း ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားဟောကြားတော်မူအပ်ပါသတည်း။

(တနည်း) သေက္ခပုဂ္ဂိုလ်တို့သည် မိမိတို့ရသောမဂ်ကို အမှီပြု၍ မဖြစ်သေးသော သမာပတ်ကုသိုလ်တို့ကို ဖြစ်စေ၏၊ ဖြစ်ပြီးသော သမာပတ်ကုသိုလ်တို့ကိုလည်း ဝင်စား၏၊ရုပ်နာမ်သင်္ခါရ တရားတို့ကိုလည်း အနိစ္စစသည်ဖြင့် ဝိပဿနာ ရှုကြရုံမက မိမိတို့ရကြသော မဂ်တို့ကလည်း ပါဠိတော်အနက်ကိုသိသော အတ္ထပဋိသမ္ဘိဒါအားလည်းကောင်း၊ မဂဓဘာသာ ပါဠိဟူသော သဒ္ဒါကိုသိသော ဓမ္မပဋိသမ္ဘိဒါအားလည်းကောင်း၊ အရပ်သူတို့၏ ဘာသာစကားသဒ္ဒါများသိသော နိရုတ္တိပဋိသမ္ဘိဒါအားလည်းကောင်း၊ ထိုအနက်သဒ္ဒါ ဘာသာသုံးစားကို သိသော ပဋိဘာနပဋိသမ္ဘိဒါအားလည်းကောင်း၊ အရာဟုတ်သည် မဟုတ်သည်၌ လိမ္မာသော ဌာနာဌာနကောသလ္လဉာဏ်အား လည်းကောင်း အားကြီးသော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို သိစေလို၍"မဂ္ဂေါ သေက္ခာနံ အတ္ထပဋိသမ္ဘိဒါယ ဓမ္မပဋိသမ္ဘိဒါယ နိရုတ္တိပဋိသမ္ဘိဒါယ ပဋိဘာနပဋိသမ္ဘိဒါယ ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော"ဟူ၍လည်းကောင်း ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားဟောကြားတော်မူအပ်ပါသတည်း။

ဤလောကကြီးတွင်းမှာ ကုသိုလ်ကြောင့် ကုသိုလ်အစားစား ဖြစ်ပွားနေကြသည်၌ ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ တိုက်ရိုက်ပါသည့်အတိုင်း ဖြစ်ကြပါမူ ရင်းပါဠိတော်အတိုင်း ဟောပြောကြ သိရှိကြပါလေ။ အကယ်၍ ဤပါဠိတော်ကြီးအထဲမှာ တိုက်ရိုက်မပါပဲ တမျိုးတမျိုးသော ကုသိုလ်ကြောင့် ကုသိုလ်တရားတမျိုးမျိုးစီ ဖြစ်ပွားနေကြတာ အစစ် ဥပနိဿယပစ္စည်း ဖြစ်နေကြသည်၌ ဤပဋ္ဌာန်းပါဠိတော်ကြီးထဲက အကိုးပါဠိတော် ထုတ်ပြလိုကြပါမူ အစ အရင်းခံ ပြထားသော "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော"ဟူသော ပါဠိတော်အရင်းကြီးထဲတွင် အကုန်လုံးပါဝင်အောင် ထည့်သွင်း၍ ပြတတ်ကြပါစေ သူတော်ကောင်းတွေတို့။ ဤကား ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါပဋ္ဌာန်းတရားကြီးအစစ်တို့ ဖြစ်နေကြပုံကို အကျဉ်းမျှ ပြဆိုချက်ကြီး အပြီးသတ်လိုက်ရပါသတည်း။

ဥပနိဿယပစ္စည်းကုသလပဒါဝသာနပြီး၏။

## ၅၃-ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပွားပုံများ ငါပဋ္ဌာန်းတရားကြီးများ အစစ်ကို ဖော်ပြချက်

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝ-သာနကို ဟောတော်မူ၏၊ ထိုအကုသလပဒါဝသာန၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**ပကတူပနိဿယော**-သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ၊ သီလံ၊ သုတံ၊ စာဂံ၊ ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။ သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော၊

ဤသည်တို့ကား စာပဋ္ဌာန်းစကားအရတည်း။ဤစပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းနှင့် ပြဆိုရပါမူ—

ကုသလော ဓမ္မော၊ ကုသိုလ်တရားသည်။ အကုသလဿ ဓမ္မဿ၊ အကု-သိုလ်တရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်း လည်းကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်း လည်းကောင်း။ ပကတူပနိဿယော၊ ပကတူပနိဿယ ပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့တည်း။

တေသု၊ ထိုသုံးပါးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ ။သဒ္ဓံ၊ သဒ္ဓါကို။ ဥပနိဿာယ၊ အမှီပြု၍။ မာနံ၊ မာနကို။ ဇပ္ပေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊ မှားသောအယူကို။ ဂဏှာတိ၊ ယူ၏။ သီလံ၊ သီလကို။ သုတံ၊ အကြားအမြင်ကို။ စာဂံ၊ စွန့်ကြဲခြင်းကို။ ပညံ၊ ပညာကို။ ဥပနိဿာယ၊ အမှီပြု၍။ မာနံ၊ မာနကို။ ဇပ္ပေတိ၊ ဖြစ်စေ၏။ ဒိဋ္ဌိံ၊ မှားသောအယူကို။ ဂဏှာတိ၊ ယူ၏။ သဒ္ဓါ၊ သဒ္ဓါသည်။ သီလံ၊ သီလသည်။ သုတံ၊ သုတသည်။ စာဂေါ၊ စာဂသည်။ ပညာ၊ ပညာသည်။ ရာဂဿ၊ ရာဂအား။ ဒေါသဿ၊ဒေါသအား။ မောဟဿ၊ မောဟအား။ မာနဿ၊ မာနအား။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိအား။ ပတ္ထနာယ၊ တောင့်တခြင်းအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။

ဤကား ရှာပဋ္ဌာန်းစကားအရတည်း။ ။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောက ကြီးအတွင်း၌ မီတင်းနေထိုင်ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် သတိမထားကြပါမူ မိမိတို့ လေ့လာ အားသစ် ဖြစ်ထွန်းလျက် ရှိကြကုန် သော ကုသိုလ်စုကို အကြောင်းပြု၍ အကုသိုလ်တရား ဥပနိဿယ ပစ္စည်းများ ဖြစ်ပွားနေကြပုံကား အလွန်တရာ ထက်သန်ကြီးမားသော သဒ္ဓါတရားနှင့် ပြည့် စုံသော သူတော်ကောင်းကြီးပင် ဖြစ်လင့်ကစား သတိမထားပါမူ ငါလိုသဒ္ဓါ တရား ပေါများပြည့်ဝသူ ဤဇမ္ဗူမှာမရှိဟု မာနဖြစ်ကြပါမူ မိမိတို့ သဒ္ဓါကုသိုလ် တရားက ဥပနိဿယပစ္စည်း၊ မာန အကုသိုလ်တရားက ဥပနိဿယပစ္စယုပ္ပန် များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြကုန်၏။ ထိုမှတပါး မိမိတို့၏ ကြီးမားသော သဒ္ဓါတရားကို အကြောင်းပြု၍ ငါဟာ သဒ္ဓါတရားကြီးသည်၊ သဒ္ဓါတရား ကြီးနေတာသည်ပင်လျှင် ငါပဲဟူ၍ လည်းကောင်း၊ ငါ့မှာ သဒ္ဓါတရားရှိသည်၊ ငါ၌ သဒ္ဓါတရားတည် သည်၊ သဒ္ဓါတရား၌ ငါတည်တည်ဟူ၍ လည်းကောင်း၊ သက္ကာယဒိဋ္ဌိ စွဲလမ်းခြင်းရှိကြပါမူ မိမိတို့အားကြီးသော သဒ္ဓါတရားက ဥပနိဿယပစ္စည်း၊ အမြင်မှားသော သက္ကာယဒိဋ္ဌိတို့က ဥပနိဿယ ပစ္စယုပ္ပန် များ ငါပဋ္ဌာန်းတရား အစစ်တို့ဖြစ်ကြကုန်၏။ ထိုမှတပါး စင်ကြယ်သော သီလ ရှိသောသူသည် မိမိသီလကိုအကြောင်းပြု၍ မာနဖြစ်ခြင်း, သက္ကာယဒိဋ္ဌိ စွဲလမ်း ခြင်း ဖြစ်သောအခါတို့၌ လည်းကောင်း၊ သုတ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော သူသည်လည်းကောင်း၊ ပေးကမ်း စွန့်ကြဲခြင်းများသော သူသည် လည်းကောင်း၊ ပညာကြီးမားသော သူသည် လည်းကောင်း မိမိတို့မှာ ထူးကဲ လွန်မင်းစွာ ဖြစ်ပေါ်နေကြသော သုတ, စာဂ, ပညာကုသိုလ်တရားများကို အကြောင်းထား၍ မာနဖြစ်ခြင်း, သက္ကာယဒိဋ္ဌိ စွဲလမ်းခြင်းတို့ ဖြစ်သောအခါ တို့၌ လည်းကောင်း၊ မိမိတို့ရရှိသော သီလ, သုတ, စာဂ, ပညာကုသိုလ်တို့က ဥပနိဿယပစ္စည်း၊တက်ကြွသော မာနနှင့် အမြင်မှားသော သက္ကာယဒိဋ္ဌိတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်ဖြစ်ကြကုန်၏။ ထိုသို့ဖြစ်ကြ သည်ကို သိစေလို၍ "သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ" စသည် ဖြင့် ဤ ပဋ္ဌာန်းပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါ သတည်း။

(တနည်း)။ ။ဤလောက နယ်ကြီးမှာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ ကုသိုလ်တရား ကြီးမားသောသူပင် ဖြစ်လင့်ကစား သတိမထားပဲ မိမိတို့ဖြစ်ပွား ကြီးမားသော သဒ္ဓါ, သီလစသည်တို့ကို သာယာတပ်စွမ်းခြင်းရာဂ ဖြစ်ကြ သော အခါတို့၌ လည်းကောင်း၊ ၎င်း သဒ္ဓါ သီလ စသည်တို့ကို အကြောင်း ပြု၍ နှလုံးမသာမယာခြင်း ဒေါမနဿ ဖြစ်ပွားသော အခါတို့၌လည်းကောင်း၊

သဒ္ဓါ, သီလ, သုတစသည်တို့ကို အကြောင်းပြု၍ သို့လောသို့လော တွေးတောခြင်း၊ ပျံ့လွင့်ခြင်း၊ မောဟဖြစ်ပွားသောအခါတို့၌လည်းကောင်း၊ ၎င်းသဒ္ဓါ, သီလ, သုတစသည်တို့ကို အကြောင်းပြု၍ ငါလိုလူ ဇမ္ဗူမှာမရှိ စသည်ဖြင့် မာနဖြစ်ပွားသော အခါတို့၌လည်းကောင်း၊ ၎င်းသဒ္ဓါ, သီလ, သုတ စသည်တို့နှင့် ပြည့်စုံသူဟာငါပဲ၊ ငါသည်ပင်လျှင် သဒ္ဓါ, သီလ, သုတစသည်တို့နှင့် ပြည့်စုံ၏ဟု အမြင်မှားခြင်း သက္ကာယဒိဋ္ဌိဖြစ်သော အခါတို့၌လည်းကောင်း၊ ဤသဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ကြောင့် မည်သည့်ဘဝ မည်သည့် စည်းစိမ်ချမ်းသာ ကောင်းနိုးရာရာတို့ ဖြစ်ရပါလို၏ဟု တဏှာကို အဦးထား၍ ဆုတောင်းပတ္ထနာ ပြုသောအခါတို့၌ လည်းကောင်း ဤသို့ အသီးအသီး ဖြစ်ကြသော အခါတို့မှာမိမိတို့သန္တာန်၌ ဖြစ်ပေါ်ကြသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကုသိုလ်တို့က ဥပနိဿယပစ္စည်း၊ ၎င်းကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြသော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို သိစေလို၍ "သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပတ္ထနာယ ဥပနိဿယ ပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်ပါသတည်း။

ဤ၌လည်း ကုသိုလ်ကြောင့် မာန, ဒိဋ္ဌိ စသော အကုသိုလ်တရား ဖြစ်ပွားနေကြသည်များကို ပါဠိတော်မှာပါတိုင်း တိုက်ရိုက်ဖြစ်နေကြပါမူ ၎င်းပါဠိတော်အရတို့နှင့် သိရှိကြ ပြောဟောကြပါလေ။ ဤပါဠိတော်မှာ တိုက်ရိုက်မပါပဲ တစုံတခု ကုသိုလ်စုကြောင့် အကုသိုလ်တရား အစားစားတို့ ဖြစ်ပွားနေသမျှတို့မှာလည်း ဥပနိဿယပစ္စည်းတို့ချည်းပဲ ဖြစ်နေကြရာ ဤပဋ္ဌာန်းပါဠိတော်အရကို ပြဆိုလိုကြပါမူ အရင်းက ပြထားသည့် "ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်အရကြီးတွင် အအကုန်လုံးပါဝင်၏ဟု သိရှိတော်မူနိုင်ကြ ဟောပြောတော်မူနိုင်ကြပါစေသတည်း။ ဤကားကုသိုလ်ကြောင့် အကုသိုလ်ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါပဋ္ဌာန်းတရားတော်ကြီးအစစ်တို့ ဖြစ်နေကြပုံကိုအကျဉ်းမျှ ပြဆိုချက်ကြီး အပြီးသတ်လိုက်ရပါသတည်း။

ဥပနိဿယပစ္စည်း အကုသလပဒါဝသာနပြီး၏။

## ၅၄-ကုသိုလ်ကြောင့် သုခ, ဒုက္ခ စသော အဗျာကတတို့ ဖြစ်ကြပုံကို ဖော်ပြချက်

အကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတ-ပဒါဝသာနကို ဟောတော်မူ၏။ ထိုအဗျာကတပဒါဝသာန၌လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစား ရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ——

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော။ အနန္တရူပနိဿယော။ ပကတူပနိဿယော။

**ပကတူပနိဿယော**–သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သီလံ သုတံ စာဂံ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သဒ္ဓါ သီလံ သုတံ စာဂေါ ပညာ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ ဖလသမာ-ပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယ-ပစ္စယေန ပစ္စယော။ အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ။ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ မဂ္ဂေါ အရဟတော အတ္ထပဋိသမ္ဘိဒါယ, ဓမ္မပဋိသမ္ဘိဒါယ, နိရုတ္တိပဋိ-သမ္ဘိဒါယ, ပဋိဘာနသမ္ဘိဒါယ, ဌာနာဌာနကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဤကား စာပဋ္ဌာန်းစကားအရတည်း၊ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ——

ကုသလော ဓမ္မော၊ ကုသိုလ်တရားသည်။ အဗျာကတဿ ဓမ္မဿ၊ အဗျာကတ တရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထို ကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်း လည်းကောင်း၊ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်း လည်းကောင်း။ ပကတူပ-နိဿယော၊ ပကတူပနိဿယပစ္စည်း လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့တည်း။

တေသု၊ ထိုသုံးပါးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ သဒ္ဓံ၊ သဒ္ဓါကို။ ဥပနိဿာယ၊ အမှီပြု၍။ အတ္တာနံ။ မိမိကိုယ်ကို။ အာတာပေတိ၊ ပူလောင်စေ၏။ ပရိတာပေတိ၊ ထက်ဝန်းကျင်မှ ပူလောင်စေ၏၊ ပရိယိဋ္ဌိမူလကံ၊ ရှာမှီးခြင်းအရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘောတိ၊ ခံစား၏။ သီလံ၊ သီလကို။ သုတံ၊ အကြားအမြင်ကို။ စာဂံ၊ စွန့်ကြဲခြင်းကို။ ပညံ၊ ပညာကို။ ဥပနိဿာယ၊ အမှီပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ အာတာ-

ပေတိ၊ ပူလောင်စေ၏။ ပရိတာပေတိ၊ ထက်ဝန်းကျင် ပူလောင်စေ၏၊ ပရိယိဋ္ဌိ-မူလကံ၊ ရှာမှီးခြင်းလျှင်အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ပစ္စနုဘောတိ၊ခံစား၏၊ သဒ္ဓါ၊သဒ္ဓါသည်။သီလံ၊သီလသည်။သုတံ၊သုတသည်။စာဂေါ၊ စာဂသည်။ပညာ၊ ပညာသည်။ကာယိကဿ၊ကိုယ်၌ဖြစ်သော။သုခဿ၊ချမ်းသာအား။ကာယိကဿ၊ ကိုယ်၌ဖြစ်သော။ဒုက္ခဿ၊ဆင်းရဲအား။ ဖလသမာပတ္တိယာ၊ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန၊အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှုကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကမ္မံ၊ ကံသည်။ဝိပါကဿ၊ ဝိပါက်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်းသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။ မဂ္ဂံ၊မဂ်ကို။ဥပနိဿာ'ယ၊အမှီပြု၍။အနုပ္ပန္နံ၊မဖြစ်သေးသော။ကိရိယာသမာပတ္တိံ၊ ကိရိယာသမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဥပ္ပန္နံ၊ ဖြစ်ပြီးသောသမာပတ်ကို။ သမာပဇ္ဇတိ၊ဝင်စား၏။သင်္ခါရေ၊သင်္ခါရတရားတို့ကို။အနိစ္စတော၊အနိစ္စအားဖြင့်။ ဒုက္ခတော၊ဒုက္ခအားဖြင့်။အနတ္တတော၊အနတ္တအားဖြင့်။ဝိပဿတိ၊ ဝိပဿနာရှု၏။ မဂ္ဂေါ၊မဂ်သည်။အရဟတော၊ရဟန္တာပုဂ္ဂိုလ်၏။အတ္ထပဋိသမ္ဘိဒါယ၊အတ္ထပဋိသမ္ဘိ-ဒါအား။ဓမ္မပဋိသမ္ဘိဒါယ၊ ဓမ္မပဋိသမ္ဘိဒါအား။ နိရုတ္တိပဋိသမ္ဘိဒါယ၊နိရုတ္တိပဋိသမ္ဘိဒါအား။ပဋိဘာနသမ္ဘိဒါယ၊ပဋိဘာနပဋိသမ္ဘိဒါအား။ ဌာနာဌာနကောသလ္လဿ၊ ဌာနာဌာနကောသလ္လ ဉာဏ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မဂ္ဂေါ၊ မဂ်သည်။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ဟောတိ၊ဖြစ်၏။

ဤသည်တို့ကား ရှာပဋ္ဌာန်း စကားအရတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့်ပြဆိုရပါမူ ဤလောက၌ ယုံကြည်သော သဒ္ဓါတရားကိုအရင်းထား၍ ထိုထိုဒါနအလုပ်, သီလအလုပ်, ဘာဝနာအလုပ်, ဝေယျာဝစ္စအလုပ်,စသည်တို့ကို အလွန်ဆင်းရဲခြင်း မိမိကိုယ်ကို သာမညပူပန်ခြင်း အထူးထူးအပြားပြား ပူပန်ခြင်းတို့ကို ခံ၍ အားထုတ် ပြုလုပ်ကြကုန်၏။ (တနည်း)ဥစ္စာစည်းစိမ်တို့ကို ဖြစ်စေ၍ အလှူကောင်းမှုတို့ကို ပြုအံ့ဟု ဥစ္စာစည်းစိမ်တို့ကို ရှာမှီးခြင်းအရင်းရှိသော ဆင်းရဲကိုခံစား၏ ဤသို့ ဖြစ်သော အခါတို့မှာ အကြောင်းရင်းခံသော သဒ္ဓါကုသိုလ်က ဥပနိဿယ ပစ္စည်း၊အမျိုးမျိုး အနံနဲ့ ကိုယ်ဆင်းရဲခံရသော အဗျာကတဒုက္ခတို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို သိစေလို၍ "သဒ္ဓံ

ဥပနိဿာယ အတ္တာနံ အာတာပေတိ” စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီး၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသတည်း။

(တနည်း) ပုထုဇဉ်, သေက္ခဖြစ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် မိမိတို့အလေ့အလာ ဝါသနာနှင့်တကွ စွဲမြဲနေကြသော သဒ္ဓါတရားကိုလည်းကောင်း၊ သီလကိုလည်းကောင်း၊ အကြားအမြင် ဗဟုသုတကိုလည်းကောင်း၊ ပေးကမ်းစွန့်ကြဲခြင်း စာဂကိုလည်းကောင်း၊ ထိုးထွင်းသော ပညာကိုလည်းကောင်း အမှီပြု၍ ရွှင်လန်း ဝမ်းမြောက် နှစ်သက်ခြင်းဟုဆိုအပ်သော ပီတိပါမောဇ္ဇကြောင့်ဖြစ်သော ရုပ်ဖြင့်တွေ့သော ကိုယ်ရှိသောသူအား ကိုယ်၏ချမ်းသာခြင်းဖြစ်သော အခါတို့၌လည်းကောင်း သဒ္ဓါတရားစသည်တို့ကို အမှီပြု၍ အလွန်ဆင်းရဲခံပြီးလျှင် ကျင့်ကြံအားထုတ်သောသူတို့သည် ကိုယ်၏ ဆင်းရဲခြင်းဖြစ်သော အခါတို့၌လည်းကောင်း ၎င်းသဒ္ဓါစသည်တို့ကို အမှီပြု၍ အောက်ဖလသမာပတ်သုံးခုကို ဝင်စားသောအခါတို့၌ လည်းကောင်း ရှေးက စွဲမြဲခဲ့ကြသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာကုသိုလ်တို့က ဥပနိဿယ ပစ္စည်း၊ ကာယိကသုခ, ကာယိကဒုက္ခ, ဖလသမာပတ် အဗျာကတ တို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို သိစေလို၍ “သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ကာယိကဿသုခဿ ကာယိကဿ ဒုက္ခဿ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော”ဟု ဤပဋ္ဌာန်းကြီးမှာ ဘုရားဟောတော်မူအပ်ပါသတည်း။

(တနည်း) ဤလောကကြီးမှာ သတ္တဝါတိုင်းတို့၌ မြင်သိ, ကြားသိ, နံသိ စားသိ, တွေ့သိတို့သည်လည်းကောင်း၊ အိပ်ပျော်ခြင်း, မိန်းမောတွေဝေခြင်း, ဘဝင်စိတ်တို့သည်လည်းကောင်း ဖြစ်ကြကုန်၏။ ဤသို့ဖြစ်ကြသမျှသော ဝိပါက်နာမက္ခန္ဓာတို့သည် အတိတ်နာနာက္ခဏိက ကံကြောင့်ချည်း ဖြစ်ကြလေသောကြောင့် အတိတ်က ပြုခဲ့ကြသောကုသိုလ် နာနာက္ခဏိကကံကြောင့် ယခုဘဝ နောက်ဘဝတို့မှာ ကောင်းသောမြင်ခြင်း, ကြားခြင်း, နံခြင်း, စားခြင်း, တွေ့ရခြင်း, အိပ်ပျော်ရခြင်းစသော ကောင်းခြင်းကုသလ ဝိပါက် အဗျာကတ အကျိုးကို ခံစံကြရကုန်၏။

(တနည်း) အတိတ်က မကောင်းမှု အကုသိုလ်နာနာက္ခဏိက ကံတို့ကြောင့် ယခုဘဝ နောက်ဘဝတို့မှာ ဆိုးဝါးယုတ်မာ မကောင်းကြပါသော မြင်ခြင်း, ကြားခြင်း, နံခြင်း, စားရခြင်း, တွေ့ရခြင်း, အိပ်ပျော်ခြင်း, တွေဝေမိန်းမောခြင်းစသော မကောင်းခြင်း အနိဋ္ဌဖလရုပ် ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံခံစားကြရကုန်၏။ ဤသို့ ကောင်းကျိုးတရား မကောင်းကျိုးတရား ဝိပါက်နာမက္ခန္ဓာများ ဖြစ်ကြတိုင်းတို့မှာ ရှေးအဖို့က ပြုခဲ့ကြသော ကုသိုလ်

အကုသိုလ် နာနာက္ခဏိကကံတို့က ဥပနိဿယပစ္စည်း၊ မြင်သမျှ၊ ကြားသမျှ, နံသမျှ, စားသမျှ, တွေ့သမျှ, အိပ်ပျော်သမျှ, တွေ့ဝေမိန်းမောသမျှ အဝဝတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ ဖြစ်ကြသည်ကို သိစေလို၍ "ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော"ဟု ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူအပ်ပါသတည်း။

ဤကုသလပဒ အဗျာကတပဒါဝသာနအရသည် သဒ္ဓါစသော ကုသိုလ်များကို အကြောင်းပြု၍ ကိုယ်အဆင်းရဲခံသမျှ ကိုယ်၏ချမ်းသာခြင်းရသမျှ အကုန်လုံးတို့သည် ပါဝင်လေသောကြောင့် "သဒ္ဓံ ဥပနိဿာယ"စသည် တိုက်ရိုက်ပါဠိတော်နှင့် ဆုံဆည်းသမျှတို့ကို ပါဠိတော်အတိုင်းသိရှိကြ ဟောပြောကြပါလေ။ တိုက်ရိုက်ပါဠိမပါရှိမူ ပဌမတည်ရင်း "ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော"ဟူသော ပါဠိတော်ကြီးထဲတွင် အကုန်ပါဝင်သိရှိ ဟောပြောကြပါလေ။

ထိုမှတပါး မြင်သိ, ကြားသိ, နံသိ စသည်ဖြစ်ခြင်း အိပ်ပျော်ခြင်းစသည်တို့မှာ ကုသလံ ကမ္မံ ဝိပါကဿ-ဟူသော ပါဠိတော်မှာ တိုက်ရိုက်ပါပြီးသား ဖြစ်သောကြောင့် သတ္တဝါတိုင်းတို့မှာ ဤကုသလော အဗျာကတဿ ဥပနိဿယပစ္စည်းက သုဂတိသတ္တဝါတို့ လက်ပစ်တတွက်အတွင်း လွတ်ကင်းအောင် ရှောင်နိုင်ကြပါမူ ဆုအများပေးသနားမည်ဆိုစေကာမူ ဆုရရန် ဤဥပနိဿယပစ္စည်းကြီးက မရှောင်ကွင်းနိုင်လောက်အောင် ပေါများလှသော ကုသိုလ်ပဋိသန္ဓိဉာဏ်ဘဝင်တို့ကို ဉာဏ်လက်ညှိုးနှင့် ထိုးကာ ထိုးကာ ဤပဋ္ဌာန်းပစ္စည်းများ ငါပဋ္ဌာန်းတရားကြီးတွေဆိုတာ ငါတို့အတွင်းထဲမှာ ရှိနေသည်"ဟောတာတွေပဲဟဲ့။ ဟောတာတွေပဲဟဲ့"ဟု တဲ့တဲ့ကြီး တိုက်ရိုက်ကြီး ဟောပြောနိုင်ကြ၊ ပြသနိုင်ကြ၊ သိရှိနိုင်ကြပါစေသတည်း။

(တနည်း) ရဟန္တာပုဂ္ဂိုလ်တို့သည် မိမိတို့ရခဲ့ပြီးသော အရဟတ္တမဂ် ကုသိုလ်ကို အကြောင်းပြု၍ မရဘူးသေးသော ကြိယာ မဟဂ္ဂုတ် ဈာန်တို့ကို ရအောင်အားထုတ်၏။ ရပြီးသော ၎င်းဈာန်တို့ကို ဝင်စား၏။ သင်္ခါရတရားတို့ကိုလည်း ဝိပဿနာရှု၏။ ဤသို့အားထုတ်သောအခါ ရပြီးသောအရဟတ္တမဂ် ကုသိုလ်က ဥပနိဿယပစ္စည်း၊ မဟဂ္ဂုတ် ကြိယာ ဈာန်နှင့် မဟာကြိယာ ဝိပဿနာ အဗျာကတ တရားတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား ဖြစ်ကြသည်ကို သိစေလို၍ "အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေတိ"စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဟောကြားတော်မူ၏။

(တနည်း) ရဟန္တာပုဂ္ဂိုလ်တို့သည် ရပြီးသောအရဟတ္တမဂ် ကုသိုလ်ကို အကြောင်းပြု၍ ပဋိသမ္ဘိဒါလေးပါးနှင့် ဌာနာဌာန ကောသလ္လဉာဏ်များကို ရကြ

သောအခါ အရဟတ္တမဂ်ကုသိုလ်က ဥပနိဿယပစ္စည်း၊ ပဋိသမ္ဘိဒါလေးပါးနှင့် ဌာနာဌာနကောသလ္လဉာဏ်များ အဗျာကတ တရားတို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဌာန်းတရားများ ဖြစ်ကြသည်ကို သိစေလို၍ "မဂ္ဂေါ အရဟတော အတ္ထပဋိသမ္ဘိဒါယ။" စသည်ဖြင့် ဤပဌာန်းကြီးမှာ ဘုရားသခင် ကိုယ်တိုင် ဟောကြားတော်မူ၏၊ ဤကား ကုသိုလ်ကြောင့် အဗျာကတ ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါပဌာန်း တရားတော်ကြီး အစစ်တို့ ဖြစ်နေကြပုံကို အကျဉ်းမျှ ပြဆိုချက်ကြီး အပြီးသတ် လိုက်ရပါတော့သတည်း။

ဥပနိဿယပစ္စည်း ကုသလပဒအဗျာကတပဒါဝသာနပြီး၏။

---

## ၅၅ အကုသိုလ် တခုကိုအမှီပြု၍ အကုသိုလ်အစားစား ပဌာန်း တရားကြီးများ ဖြစ်ပွားပုံကို ဖော်ပြချက်

ကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။ ထိုအကုသလပဒ၌လည်း အကုသလပဒါဝသာန, ကုသလပဒါဝသာန, အဗျာကတပဒါဝသာန အားဖြင့် သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် အကုသလ ပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအကုသလပဒါဝသာန၌လည်း စာပဌာန်း, ရှာပဌာန်း, ငါပဌာန်းအားဖြင့် သုံးမျိုးသုံးစား ရှိရာတို့တွင် စာပဌာန်းအရကို ပြဆိုရပါမူ—

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော။ အနန္တရူပနိဿယော။ ပကတူပနိဿယော။

ပကတူပနိဿယော—ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပာဒေတိ၊ သံဃံ ဘိန္ဒတိ။ ဒေါသံ ဥပနိဿာယ။ မောဟံ ဥပနိဿာယ။ မာနံ ဥပနိဿာယ။ ဒိဋ္ဌိံ ဥပနိဿာယ။ ပတ္ထနံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ လ။ သံဃံ ဘိန္ဒတိ။ ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ ပတ္ထနာ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ၊ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။

ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပါဏာတိပါတော အဒိန္နာဒါနဿ။ ကာမေသု မိစ္ဆာစာရဿ။ မုသာဝါဒဿ။

ပိသုဏာဝါစာယ။ ဖရုသာယ ဝါစာယ။ သမ္ဖပ္ပလာပဿ။အဘိဇ္ဈာယ။ ဗျာပါဒဿ။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေနပစ္စယော။ အဒိန္နာဒါနံ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ ပိသုဏာယ ဝါစာယ။ ဖရုသာယ ဝါစာယ။ သမ္ဖပ္ပလာပဿ။ အဘိဇ္ဈာယ။ ဗျာပါဒဿ။ မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ ။ကာမေသုမိစ္ဆာစာရော။ မုသာဝါဒေါ။ ပိသုဏာဝါစာ။ ဖရုသာဝါစာ။ သမ္ဖပ္ပလာပေါ။ အဘိဇ္ဈာ။ ဗျာပါဒေါ။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတဿ။ပ။ ဗျာပါဒဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယ ပစ္စယေနပစ္စယော။ မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကမ္မဿ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ပိတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ။ ပ။ မာတုဃာတိ ကမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အရဟန္တဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ။ ပ။ ပိတုဃာတိကမ္မဿ။ ဥပနိဿယပစ္စယေန ပစ္စယော။ ရုဟိရုပ္ပါဒကမ္မံ ရုဟိရုပ္ပါဒကမ္မဿ။ပ။ အရဟန္တဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ သံဃဘေဒကမ္မံ သံဃဘေဒကမ္မဿ။ ပ။ ရုဟိရုပ္ပါဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ နိယတမိစ္ဆာဒိဋ္ဌိ မာတုဃာတိကမ္မဿ။ပ။ သံဃဘေဒကမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော–

ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ–

အကုသလော ဓမ္မော၊ အကုသိုလ်တရားသည်။ အကုသလဿ ဓမ္မဿ၊ အကုသိုလ်တရားအား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်းလည်းကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းလည်းကောင်း၊ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော သုံးပါးတို့တည်း။

တေသု၊ ထိုသုံးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယ ပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊ အမှီပြု၍။ ပါဏံ၊ သတ္တဝါ၏ အသက်ကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊အရှင်မပေးသော သူတပါး၏ ပစ္စည်းဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ မုသာ၊ချွတ်ယွင်းဖောက်ပြန် မမှန်သော

စကားကို။ ဘဏတိ၊ ပြောဆို၏။ ပိသုဏံ။ ချောပြစ်ကုန်းတိုက်သော စကားကို။ ဘဏတိ၊ ပြောဆို၏။ ဖရုသံ၊ ကြမ်းတမ်းသော စကားကို။ ဘဏတိ၊ ပြောဆို၏။ သမ္ဖံ၊ ပြိန်ဖျင်းသောစကားကို။ ပလပတိ၊ ပြောဆို၏။ သန္ဓိံ၊ အိမ်ခြံစပ်ကို။ ဆိန္ဒတိ။ ဖြတ်၏။ နိလ္လောပံ နိလ္လယိတွာ၊ ပုန်းအောင်းချောင်းမြောင်း၍။ ဟရတိ၊ လုယက်ယူဆောင်၏။ ဧကာဂါရိကံ၊ တအိမ်တည်းကို ခြံရံသည်ကို။ ကရောတိ။ ပြု၏။ ပရိပန္ထေ၊ ခရီးလမ်းဆုံ၌။ တိဋ္ဌတိ၊ ရပ်၏။ ပရဒါရံ၊ သူတပါး သားမယားကို ပြစ်မှားခြင်းသို့။ ဂစ္ဆတိ။ ရောက်၏။ ဂါမဃာတံ၊ ရွာကို ဖျက်ဆီးခြင်းကို။ ကရောတိ၊ ပြု၏။ နိဂမဃာတံ။ နိဂုံးကို ဖျက်ဆီးခြင်းကို။ ကရောတိ၊ ပြု၏။ မာတရံ၊ အမိကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတိ၊ ချ၏။ ပိတရံ၊ အဖကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတိ၊ ချ၏။ အရဟန္တံ၊ ရဟန္တာကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတိ၊ ချ၏။ ဒုဋ္ဌေနစိတ္တေန၊ ပြစ်မှားသောစိတ်ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သံဃံ၊ သံဃာကို။ ဘိန္ဒတိ၊ ခွဲ၏။ ဒေါသံ၊ ဒေါသကို။ ဥပနိဿာယ၊ အမှီပြု၍။ မောဟံ၊ မောဟကို။ ဥပနိဿာယ၊ အမှီပြု၍။ မာနံ၊ မာနကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒိဋ္ဌိံ၊ မှားသောအယူကို။ ဥပနိဿာယ၊ အမှီပြု၍။ ပတ္ထနံ၊ တောင့်တခြင်းကို။ ဥပနိဿာယ၊ အမှီပြု၍။ ပါဏံ၊ သတ္တဝါ၏အသက်ကို။ဟနတိ။ သတ်၏ ။ပ။ သံဃံ၊ သံဃာကို၊ ဘိန္ဒတိ၊ ခွဲ၏။ ရာဂေါ၊ ရာဂသည်။ ဒေါသော၊ ဒေါသသည်။ မောဟော၊ မောဟသည်။ မာနော၊ မာနသည်။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ပတ္ထနာ၊ တောင့်တခြင်းသည်။ ရာဂဿ၊ ရာဂအား။ ဒေါသဿ၊ ဒေါသအား။ မောဟဿ၊ မောဟအား၊ မာနဿ၊ မာနအား။ဒိဋ္ဌိယာ၊ ဒိဋ္ဌိအား။ ပတ္ထနာယ၊ တောင့်တခြင်းအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပါဏာတိပါတော၊ ပါဏာတိပါတသည်။ ပါဏာတိပါတဿ၊ ပါဏာတိပါတအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော-ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတော၊ ပါဏာတိပါတသည်။ အဒိန္နာဒါနဿ၊ အဒိန္နဒါန်အား။ ကာမေသုမိစ္ဆာစာရဿ၊ ကာမေသုမိစ္ဆာစာရအား။ မုသာဝါဒဿ၊ မုသာဝါဒအား။ ပိသုဏာယဝါစာယ၊ ပိသုဏဝါစာအား။ ဖရုသာယဝါစာယ၊ ဖရုသဝါစာအား။ သမ္ဖပ္ပလာပဿ၊ သမ္ဖပ္ပလာပအား။ အဘိဇ္ဈာယ၊ အဘိဇ္ဈာအား၊ ဗျာပါဒဿ၊ ဗျာပါဒအား။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါနံ၊ အဒိန္နဒါန်သည်။

အဒိန္နာဒါနဿ၊ အဒိန္နဒါန်အား။ ကာမေသုမိစ္ဆာစာရဿ၊ ကာမေသုမိစ္ဆာစာရအား ။ပ။ ပါဏာတိပါတဿ၊ ပါဏာတိပါတအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကာမေသုမိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရသည်။ မုသာဝါဒေါ၊ မုသာဝါဒသည်။ ပိသုဏဝါစာ၊ ပိသုဏဝါစာသည်။ ဖရုသဝါစာ၊ ဖရုသဝါစာသည်။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပသည်။ အဘိဇ္ဈာ၊ အဘိဇ္ဈာသည်။ ဗျာပါဒေါ၊ ဗျာပါဒသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။ ပါဏာတိပါတဿ၊ ပါဏာတိပါတအား ။ပ။ ဗျာပါဒဿ၊ ဗျာပါဒအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မာတုဃာတိကမ္မံ၊ အမိကိုသတ်သော မာတုဃာတကကံသည်။ မာတုဃာတိကမ္မဿ၊ မာတုဃာတကကံအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မာတုဃာတိကမ္မံ၊ မာတုဃာတကကံသည်။ ပိတုဃာတိကမ္မဿ၊ ပိတုဃာတကကံအား။ အရဟန္တဃာတိကမ္မဿ၊ အရဟန္တဃာတကကံအား။ ရုဟိရုပ္ပါဒကမ္မဿ၊ ရုဟိရုပ္ပါဒကံအား။ သံဃဘေဒကမ္မဿ၊ သံဃဘေဒကကံအား။ နိယတမိစ္ဆာဒိဋ္ဌိယာ၊ နိယတမိစ္ဆာဒိဋ္ဌိအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာရကော၊ သည်။ ဟောတိ၊ ၏။ ပိတုဃာတိကမ္မံ၊ ပိတုဃာတကကံသည်။ ပိတုဃာတိကမ္မဿ၊ ပိတုဃာတကကံအား ။ပ။ မာတုဃာတိကမ္မဿ၊ မာတုဃာတကကံအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာရကော။ သည်။ ဟောတိ၊ ဖြစ်၏။ အရဟန္တဃာတိကမ္မံ၊ အရဟန္တဃာတကကံသည် ။ပ။ ဖြင့်။ အရဟန္တဃာတိကမ္မဿ။ အရဟန္တဃာတကကံအား ။ပ။ ပိတုဃာတိကမ္မဿ၊ ပိတုဃာတကကံအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာရကော။ သည်။ ဟောတိ၊ ဖြစ်၏။ ရုဟိရုပ္ပါဒကမ္မံ၊ ရုဟိရုပ္ပါဒကကံသည်။ရုဟိရုပ္ပါဒကမ္မဿ၊ရုဟိရုပ္ပါဒကကံအား။ပ။အရဟန္တဃာတိကမ္မဿ၊ အရဟန္တဃာတကကံအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယောဥပကာရကော၊ သည်။ ဟောတိ၊ ၏။ သံဃဘေဒကမ္မံ၊ သံဃဘေဒကကံသည်။ သံဃဘေဒကမ္မဿ၊ သံဃဘေဒကကံအား ။ပ။ ရုဟိရုပ္ပါဒကမ္မဿ၊ ရုဟိရုပ္ပါဒကကံအား။ ဥပနိဿယ ပစ္စယေန။ ဖြင့်။ ပစ္စယော ဥပကာရကော။ သည်။ ဟောတိ၊ ဖြစ်၏။ နိယတမိစ္ဆာဒိဋ္ဌိ၊ နိယတမိစ္ဆာဒိဋ္ဌိသည်။ နိယတမိစ္ဆာဒိဋ္ဌိယာ၊

နိယတမိစ္ဆာဒိဋ္ဌိအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော ဥပကာရကော။ သည်။ ဟောတိ၊ ၏။ နိယတမိစ္ဆာဒိဋ္ဌိ၊ နိယတမိစ္ဆာဒိဋ္ဌိသည်၊ မာတုဃာတိကမ္မဿ၊ မာတုဃာတကကံအား။ ပ။ သံဃဘေဒကမ္မဿ၊ သံဃဘေဒကကံအား။ ဥပနိဿယပစ္စယေန၊ ဖြင့်။ ပစ္စယော ဥပကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။

ဤသည်တို့ကား ရှာပဋ္ဌာန်းစကား အရတည်း။

ဤစာပဋ္ဌာန်း, ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောကကြီး အတွင်းဝယ် အချို့သော သူတို့သည် လိုချင်နှစ်သက်, စုံမက်သာယာခြင်း ရာဂကို အကြောင်းရင်းထား၍ သူ့အသက်ကိုလည်း သတ်နေကြ၏၊ ဥစ္စာရှင်မပေးသော သူတပါး၏ဥစ္စာကိုလည်း ခိုးနေကြ၏၊ လိမ်လည်လှည့်ဖျား မုသားစကားကိုလည်း ပြောဆိုနေကြ၏၊ တယောက်သည် တယောက်အား မေတ္တာပျက်ပြား ကွဲပြားကြအောင် ကုန်းတိုက်ခြင်း, ဆဲရေးခြင်း ကိန်းခန်းထုတ်ကာ အနှစ်မရှိပြား ပြိန်ဖျင်းသော စကားကို ပြောဆိုနေကြ၏၊ နံရံအကာတို့ကို ဖောက်ထွင်းခိုးယူနေကြ၏၊ တောအုံကနား စသည်များ၌ ပုန်းအောင်းချောင်းမြောင်း၍ လုယက်ခိုးယူနေကြ၏၊ လူတို့သွားလာရာ လမ်းဆုံ၌တည်လျက် တိုက်ခိုက်လုယက်နေကြ၏၊ တအိမ်တည်းကို ဝန်းဝိုင်း၍ တိုက်ခိုက်လုယက်နေကြ၏၊ သူတပါး သားမယားတို့ကိုလည်း ကာမဂုဏ်အစားစားတို့ဖြင့် ကျူးလွန်နေကြ၏၊ ရွာငယ်ကိုလည်း တိုက်ခိုက်ဖျက်ဆီးနေကြ၏၊ နိဂုံး မြို့ ရွာကြီးများကိုလည်း တိုက်ခိုက်ဖျက်ဆီးနေကြ၏၊ ထိုထက် ဝန်လေးလှသော အမိကိုလည်း ကောင်း၊ အဖကိုလည်းကောင်း၊ ရဟန္တာကိုလည်းကောင်း သတ်ဖြတ်နိုင်ကြကုန်၏၊ လွန်ကျူးလိုသောစိတ်ဖြင့် မြတ်စွာဘုရား၌ သွေးစိမ်းတည်အောင် ပြုလုပ်နိုင်၏၊ သံဃာများကိုလည်း သင်းခွဲနိုင်၏၊ ဤသို့ သူ့အသက်သတ်ခြင်း အစ သံဃာသင်းခွဲခြင်းအဆုံးသို့ ကျရုံမက လောကတွင် ရှိရှိသမျှ အမှောက်အမှား အမိုက်အမဲတို့ကို ရာဂံ ဥပနိဿာယ ပါဠိတော်အတိုင်း ရာဂကို အမှီပြု၍ မှောက်မှားလွန်ကျူးနိုင်ကြလေသောကြောင့် အကြောင်းရင်းခံသည့် ရာဂက ဥပနိဿယပစ္စည်း၊ သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းစသော ဒုစရိုက် အမိုက်အမှားတို့နှင့် အနန္တရိယ ကံကြီးများတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် မိုက်မှားကျူးလွန်စော်ကားနေတဲ့ လူမိုက်များမှာတောင် ဖြစ်နေကြသည်ကို သိစေလို၍ "ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ" စသည်ဖြင့် ဤပဋ္ဌာန်းကြီးမှာ သေသေချာချာ ဂဃနဏ ဘုရားသခင် ကိုယ်တော်မြတ်က ဟောပြတော်မူအပ်ပါသတည်း။

(တနည်း) ဤရှေးက ရာဂ၌ ပြဆိုအပ်ပါသည့်အတူ ဒေါသကို အမှီပြု၍လည်း သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်းစသော ဒုစရိုက် အမိုက်အမှားမှုတို့ကိုလည်း

ကောင်း၊ မိဘသတ်ခြင်းစသော ဂရုကံကြီးများကိုလည်းကောင်း၊ ကျူးလွန် မိုက်မှားကြသည်လည်း ဒေါသံဥပနိဿာယ-ပါဠိတော်ပြတိုင်း ဒေါသကိုအမှီပြု၍ မိုက်မှားကျူးလွန်နိုင်ကြလေသောကြောင့် အကြောင်းရင်းခံသည့် ဒေါသက ဥပနိဿယပစ္စည်း၊ သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်းစသော ဒုစရိုက် အမိုက်အမှားတို့နှင့် အနန္တရိယကံကြီးများတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်ဖြစ်ကြသည်ကိုလည်းကောင်း၊ရှေးက ပြခဲ့ပြီးသော ရာဂဒေါသအတူ မောဟကိုအမှီပြု၍လည်းကောင်း၊ မာနကို အမှီပြု၍လည်းကောင်း၊ ဒိဋ္ဌိကို အမှီပြု၍လည်းကောင်း၊ ဆုတောင်းခြင်းကို အမှီပြု၍လည်းကောင်း၊ သူ့အသက်သတ်ခြင်းစသော ဒုစရိုက်အမိုက်အမှားနှင့် အနန္တရိယကံကြီးများကိုလည်း ကျူးလွန် မိုက်မှားနေကြသည်၌ အကြောင်းရင်းခံသည့် မောဟ,မာန, ဒိဋ္ဌိ, တောင့်တခြင်းပတ္ထနာတို့က ဥပနိဿယပစ္စည်း၊ သူ့အသက်သတ်ခြင်းစသော ဒုစရိုက်အမိုက်အမှားနှင့် အလွန်ဝန်လေးသော အနန္တရိယကံကြီးများက ဥပ-နိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း—

(တနည်း) ရှေးက ပြခဲ့ပြီးသော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, တောင့်တခြင်း ပတ္ထနာတို့ကို အကြောင်းရင်းခံ၍ နောက်ထပ်တဖန် ထပ်မံ၍ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ ပတ္ထနာတို့ဖြင့်လည်း လာပြန်သည်၌ ရှေးရှေး ရာဂ, ဒေါသ စသည်တို့က ဥပနိဿယပစ္စည်း၊ နောက်ထပ်တဖန် ဖြစ်ပေါ်ပြန်သည့် ရာဂ, ဒေါသ စသည်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် မိုက်မှားကျူးလွန်စော်ကားနေကြတဲ့ လူမိုက်များမှာတောင် ဖြစ်နေကြသည်ကိုလည်းကောင်း သိစေလို၍ "ဒေါသံ ဥပနိဿာယ ပါဏံဟနတိ၊ အဒိန္နံ အာဒိ-ယတိ"စသည်ဖြင့်လည်းကောင်း၊ "မောဟံ ဥပနိဿာယ မာနံ ဥပနိဿာယ ဒိဋ္ဌိံ ဥပနိဿာယ ပတ္ထနံ ဥပနိဿာယ ပါဏံ ဟနတိ" စသည်ဖြင့်လည်းကောင်း၊ "ရာဂေါ, ဒေါသော, မောဟော, မာနော, ဒိဋ္ဌိ, ပတ္ထနာ, ရာဂဿ။လ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော"ဟု လည်းကောင်း ဤပဋ္ဌာန်းကြီးမှာ သေချာစွာ မြွတ်စွာဘုရား ဟောပြတော်မူအပ်ပါသတည်း။

(တနည်း) ဤလောကကြီးမှာ လူတယောက်ကို စစဦး သတ်မိသဖြင့် သွေးစွန်းလာသောကြောင့် ငါ့မှာ ယခုဖြင့် ဘာမျှမထူးတော့ဘူးဟု သူ့အသက်ကိုလည်း သတ်နိုင်၏၊ သူ့ဥစ္စာကိုလည်း ခိုးယူနိုင်၏၊ သူ့သားမယားကိုလည်း ကျူးလွန်နိုင်၏၊ မုသားစကားကိုလည်း ပြောဆိုနိုင်၏၊ ကုန်းတိုက်နိုင်၏၊ ဆဲရေးနိုင်၏၊ပြိန်ဖျင်းသော စကားကိုလည်း ပြောဆိုနိုင်၏၊သူတပါးစည်းစိမ်ကို မိမိဟာ ဖြစ်လိုသော ကြံစည်မှုအဘိဇ္ဈာလည်း ဖြစ်ပွားနိုင်၏၊ သူတပါးပျက်စီးကြောင်းကို ကြံစည်မှု ဗျာပါဒလည်း ဖြစ်ပွားနိုင်၏၊ နိယတမိစ္ဆာဒိဋ္ဌိအယူကြီးများကိုလည်း ယူနိုင်ကြကုန်၏။ ဤသို့ အမိုက်အမှားတွေ ဆက်လက်၍ ဖြစ်နေကြသောအခါ

အကြောင်းရင်းခံသော သူ့အသက်ကို သတ်မှုက ဥပနိဿယပစ္စည်း၊ နောက်ထပ်တဖန် ဆက်လက်မိုက်မှားနေပြန်သော ဒုစရိုက်ဆယ်တန်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း၊ ရှေးက ပြုခဲ့ပြီးသော ပါဏာတိပါတအတူ သူ့ဥစ္စာကို ခိုးယူခြင်းကို အကြောင်းခံ၍ သူ့အိမ်ရာ ပြစ်မှားခြင်းကို အကြောင်းခံ၍ မုသားဆိုခြင်း,ကုန်းတိုက်ခြင်း, ဆဲရေးခြင်း, ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း, အဘိဇ္ဈာဖြစ်ခြင်း, ဗျာပါဒဖြစ်ခြင်း, နိယတမိစ္ဆာဒိဋ္ဌိအယူကို ယူခြင်းတို့ကို အကြောင်းခံ၍ ယခုတော့ဖြင့် ငါ့မှာ တလမ်းသွား ဘာမျှ မထူးခြားတော့ပြီဟု ဒုစရိုက်ဆယ်ပါး အစားစားတို့ကို အကြိမ်ကြိမ်အထပ်ထပ် မိုက်မှားကျူးလွန်နေသော သူတို့၌ သူ့ဥစ္စာကို ခိုးယူခြင်းအစရှိသော ရှေးဦးအစ ဖြစ်ကြသည့် ဒုစရိုက်ကိုးပါးတို့က ဥပနိဿယပစ္စည်း၊ နောက်ထပ်တဖန် ထပ်မံ၍ မိုက်မှားနေကြသော ဒုစရိုက်ဆယ်ပါး အစားစားတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရား အစစ်တို့ မိုက်မှားကျူးလွန် စော်ကားနေကြတဲ့ တေလေကြမ်းပိုး အစားစား လူမိုက်များမှာတောင် ဖြစ်နေကြသည်ကို သိစေလို၍ ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ "ပါဏာ-တိပါတော ပါဏာတိပါတဿ" စသည်ဖြင့် မြတ်စွာဘုရားကြီးက သေသေချာချာ ဂဃနဏ ဟောပြတော်မူအပ်ပါသတည်း။

(တနည်း)သန္တာန်ဖြပ်ပြား ရှေးဘဝက အမိကို သတ်ခဲ့ဘြားသော မာတု-ဃာတကကံကိုလည်းကောင်း၊ ဤဘဝ သန္တာန်တူ အမိ၌ပင် ကံမြောက်အောင် တကြိမ်စေခိုင်းမိ, တကြိမ်ရိုက်သတ်မိသော မာတုဃာတကကံကိုလည်းကောင်း အကြောင်းရင်းခံ၍ ငါသည် ယခုဖြင့် ဘာမျှမထူးတော့ပြီဟူ၍ နောက်ထပ်ကံမြောက်လောက်အောင်လည်းကောင်း အမိကိုပင် အကြိမ်ကြိမ် အသတ်ခိုင်းခြင်း၊ အကြိမ်ကြိမ် ရိုက်နှက်ခုတ်သတ်ခြင်းကို ပြုနိုင်ကြကုန်၏။ အဖကိုလည်းကောင်း၊ ရဟန္တာကိုလည်းကောင်း သတ်နိုင်ကုန်၏။ ဘုရားကိုလည်း သွေးစိမ်းတည်အောင် ပြုလုပ်နိုင်၏၊ သံဃာကိုလည်း သင်းခွဲနိုင်၏၊ နိယတမိစ္ဆာဒိဋ္ဌိအယူကြီးများကိုလည်း ယူနိုင်ကြကုန်၏။ ဤသို့ဖြစ်သောအခါ အကြောင်းရင်းခံသော မာတုဃာတကကံက ဥပနိဿယပစ္စည်း၊ ရင်းကံနှင့်တကွ ဂရုကံကြီးတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း၊ ထိုမှတပါး ပိတုဃာတကကံစသော ဂရုကံကြီးများ တပါးပါးကို အကြောင်းခံ၍ ရင်းကံနှင့်တကွ ကြွင်းဂရုကံကြီးများကိုလည်း မိုက်မှားနိုင်ကြသည်ဘို၌ အကြောင်းရင်းခံသော ဂရုကံကြီးများက ဥပနိဿယပစ္စည်း၊ ထပ်မံမိုက်မှားသော ဂရုကံကြီးများက ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြကုန်၏။

ရှေးကပြခဲ့ပြီးသော တဘဝက မကောင်းမှု ဥပနိဿယပစ္စည်းစုကြောင့်လည်းကောင်း၊ ရှေးဘဝက ပြုခဲ့ကြသည့် အကုသိုလ် ဥပနိဿယစုကြောင့်လည်းကောင်း ဤဘဝမှာလည်း တဖန် အကုသိုလ်ပြုပြန်သော ဝတ္ထုသက်သေကား– အဖဖြစ်သော ဗာရာဏသီပြည့်ရှင်မင်းကြီးကို သတ်၍ ထီးနန်းကို ယူခဲ့ဖူးသော အကြောင်း ဥပနိဿယသတ္တိကြောင့် တို့ဘုရား ပွင့်တော်မူသောအခါ အဖ ကျောင်းဒါယကာ ဗိမ္ဗိသာရမင်းကြီးကိုလည်း ထီးနန်း စည်းစိမ်ကို သာယာ၊ မကောင်းသော ဆရာကိုလည်း ဆည်းကပ်၊ တဘဝကသတ်ခဲ့မိသော ဉာဉ်အရပ်ရပ်တို့ကြောင့် အဖသတ်ကံကြီး တဖန်ပြုပြန်သည့် အဖြစ်ကို—

**န** ဘိက္ခဝေ ဣဒါနေဝ၊ ပုဗ္ဗေပေသ ပိတုဃာတိကမ္မံ ကတ္ဝာ မံ နိဿာယ သုခံ သယတိ အစရှိသည်ဖြင့် သင်္ဂိနိပါတ်။သံကိစ္စဇာတ်၌ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတသတ္တု၊ အဇာတသတ်သည်။ ဣဒါနေဝ၊ ယခုအခါ၌သာလျှင်။ ပိတုဃာတိကမ္မံ။ အဖသတ်ကံကို။ ကရောန္တော၊ ပြုသည်ကား။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေးဗာရာဏသီမင်းသား ဖြစ်သောအခါ၌လည်း။ ဧသ ဧသော အဇာတသတ္တု၊ ဤအဇာတသတ်သည်။ ပိတုဃာတိကမ္မံ၊ အဖ ဗာရာဏသီမင်းကြီးကို သတ်သည့် ပိတုဃာတကကံကို။ ကတွာ၊ ပြု၍။ မံ၊ ငါဘုရားအလောင်း သံကိစ္စရသေ့ကို။ နိဿာယ၊မှီ၍။ သုခံ၊ ချမ်းသာစွာ။ သယတိ၊ အိပ်ရ၏။

ဟု သက်သေကို ထောက်၍ တဘဝက အလေ့အလာ အထုံဝါသနာဉာဉ်တို့က နောက်နောက်ဘဝတို့မှာလည်း ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုကာ အထပ်ထပ် ပြုကျင့်ကြတတ်သည်ကို သိကြပါလေ။ ဤသို့ အလွန့်အလွန်ကြီး မိုက်မှားကျူးလွန် စော်ကားနေသော လူမိုက်ဗိုလ်ကြီးများမှာတောင် ပဋ္ဌာန်းတရားဖြစ်ပွားနေကြသည်ကို သိစေလို၍ "မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ အရဟန္တဃာတိကမ္မဿ" စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် သေသေချာချာ ဂဃနဏ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြတော်မူအပ်ပါသတည်း။

ဤအကုသိုလ်ကြောင့် အကုသိုလ်ဖြစ်ပွားနေကြသော အချက်များကို ဤပါဠိတော်မှာ ပါတိုင်း တိုက်ရိုက်ဖြစ်နေကြပါမူ ၎င်းပါဠိတော်အရနှင့် သိကြဟောပြောကြပါလေ၊ ဤပါဠိတော်မှာ တိုက်ရိုက်မပါပဲ တစုံတခု အကုသိုလ် ဥပနိဿယပစ္စည်းစုကြောင့် အကုသိုလ်တရားအစားစားတို့ ဖြစ်ပွားနေသမျှတို့မှာလည်း ဥပနိဿယပစ္စည်းတို့ချည်းပဲ ဖြစ်နေကြရာ ဤပဋ္ဌာန်းပါဠိတော်ကြီး အရ ပြဆိုလိုကြပါမူ အရင်းက ပြထားသည့် "အကုသလော ဓမ္မော

အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော”ဟူသော ပါဠိတော်ကြီးတွင် အကုန်လုံး ပါဝင်၏ဟု သိရှိတော်မူနိုင်ကြ ဟောပြောတော်မူနိုင်ကြပါစေ သတည်း။ ။ဤကား အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သော ဤလောက နယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါးပဌာန်းတရားတော်ကြီးတို့ အစစ်ဖြစ်နေ ကြပုံကို အကျဉ်းမျှ ပြဆိုချက်ကြီး အပြီးသတ်လိုက်ရပါသတည်း။

အကုသလပဒါဝသာန ပြီး၏

---

## ၁၆။ အကုသိုလ်များ အကြောင်းထား၍ ကုသိုလ်အစားစား ပဌာန်းတရားတို့ ဖြစ်ပွားနေကြပုံကို ဖော်ပြချက်။

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလ ပဒါဝသာနကို ဟောတော်မူ၏။ ထိုအကုသလပဒါဝသာနသည်လည်း စာပဌာန်း, ရှာပဌာန်း, ငါးပဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဌာန်းအရကို ပြဆိုရပါမူ—

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပကတူပနိဿယော-ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါ-သထကမ္မံ ကရောတိ။ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ဒေါသံ။ မောဟံ။ မာနံ။ ဒိဋ္ဌိံ။ ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ။ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ ။ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါ-ဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ အဒိန္နံ အာဒိယိတွာ။ မုသာ ဘဏိတွာ။ ပိသုဏံ ဘဏိတွာ။ ဖရုသံ ဘဏိတွာ။ သမ္ဖံ ပလပိတွာ။ သန္ဓိံ ဆိန္ဒိတွာ။ နိလ္လောပံ ဟရိတွာ။ ဧကာဂါရိကံ ကရိတွာ။ ပရိပန္ထေ ဌတွာ။ ပရဒါရံ ဂန္တွာ။ ဂါမဃာတံ ကရိတွာ။ နိဂမဃာတံ ကရိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ။ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ ပိတရံ ဇီဝိတာ ဝေါရောပေတွာ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ။

သံဃံဘိန္ဒိတွာ တဿ ပဋိလာဘတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။

ဤသည်တို့ကား စာပဋ္ဌာန်း စကားအရတည်း။ ဤစာပဋ္ဌာန်းအရကို ရှာ ပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အကုသလော ဓမ္မော၊ အကုသိုလ်တရားသည်။ ကုသလဿ ဓမ္မဿ၊ ကုသိုလ်တရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပကတူပနိဿယော၊ ပကတူပနိဿယ ပစ္စည်းသည်။ ကတမေ၊ အဘယ်နည်း—

ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ပေးလှူ၏။ သီလံ၊ ငါးပါးသီလ အာဇီဝဋ္ဌမကသီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ပြု၏။ဈာနံ၊ ဈာန်ကို။ ဥပ္ပါ-ဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာ-ပတ္တိံ၊သမာပတ်ကို။ ဥပ္ပါဒေတိ၊ဖြစ်စေ၏။ ။ဒေါသံ၊ဒေါသကို။ မောဟံ၊ မောဟကို။မာနံ၊ မာနကို။ ဒိဋ္ဌိံ၊ မှားသောအယူကို။ ပတ္ထနံ၊ တောင့်တခြင်းကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ။ ဥပုသ်သုံးခြင်း အမှုကို။ ကရောတိ၊ ပြု၏။ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ရာဂေါ၊ ရာဂသည်။ ဒေါသော၊ ဒေါသသည်။ မောဟော၊ မောဟသည်။ မာနော၊ မာနသည်။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ပတ္ထနာ၊ တောင့်တခြင်းသည်။ သဒ္ဓါယ၊ သဒ္ဓါအား။ သီလဿ၊ သီလအား။ သုတဿ၊ သုတအား။ စာဂဿ၊ စာဂအား။ ပညာယ၊ ပညာအား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်စေ၏။

ပါဏံ၊ သတ္တဝါ၏ အသက်ကို။ ဟန္တွာ၊ သတ်၍။ တဿ၊ ထိုမကောင်းမှု အကုသိုလ်ကို။ ပဋိဃာတတ္ထာယ၊ ပယ်ဖျောက်ခြင်းငှာ။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသ-ထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊

ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ။ ဖြစ်စေ။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဒိန္နံ၊ အရှင်မပေးသောဥစ္စာကို။ အာဒိယိတွာ၊ ခိုးယူပြီး၍။ မုသာ၊ ချွတ်ယွင်းသောစကားကို။ ဘဏိတွာ၊ ပြောဆိုပြီး၍။ ပိသုဏံ၊ ချောပစ်ကုန်းတိုက် စကားကို။ ဘဏိတွာ၊ ပြောဆိုပြီး၍။ ဖရုသံ၊ ကြမ်းတမ်းသောစကားကို။ ဘဏိတွာ၊ ပြောဆိုပြီး၍။ သမ္ဖံ၊ အနှစ်မဲ့ပြြား ပြိန်ဖျင်းသောစကားကို။ ပလပိတွာ၊ ပြောဆိုပြီး၍။ သန္ဓိံ၊အိမ်ခြံဇပ်ကို။ ဆိန္ဒိတွာ၊ ဖြတ်ပြီး၍။ နိလ္လောပံ၊ ပုန်းအောင်းချောင်းမြောင်း လုယက်ခြင်းကို။ ဟရိတွာ၊ ဆောင်ပြီး၍။ ဧကာဂါရိကံ၊ တအိမ်တည်း၌ ဝန်းဝိုင်းတိုက်ခိုက်ခြင်းကို။ ကရိတွာ၊ ပြုပြီး၍။ ပရိပန္ထေ၊ ခရီးဆုံ၌။ ဌတွာ၊ ရပ်၍။ ပရဒါရံ၊ သူတပါး သားမယားကို ပြစ်မှားခြင်းသို့။ ဂန္တွာ၊ ရောက်၍။ ဂါမဃာတံ၊ ရွာကို လုယက်ဖျက်ဆီးခြင်းကို။ ကရိတွာ၊ ပြုပြီး၍။ နိဂမဃာတံ၊ နိဂုံးကို လုယက်ဖျက်ဆီးခြင်းကို။ ကရိတွာ၊ ပြုပြီး၍။ တဿ၊ ထိုအပြစ်ကို။ ပဋိဃာတတ္ထာယ၊ ပယ်ဖျောက်ခြင်းအကျိုးငှာ။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊မဂ်ကို။ ဥပ္ပါဒေတိ၊ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မာတရံ၊ အမိကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ချ၍။ တဿ ထိုမကောင်းမှုကို။ ပဋိဃာတတ္ထာယ၊ ပယ်ဖျောက်ခြင်းအကျိုးငှာ။ ဒါနံ၊အလှူကို။ ဒေတိ၊ပေးလှူ၏။ သီလံ၊သီလကို။ သမာဒိယတိ၊ဆောက်တည်၏။ ဥပေါသထကမ္မံ၊ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ပိတရံ၊ အဖကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ ချ၍။ အရဟန္တံ၊ ရဟန္တာကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ ချ၍။ ဒုဋ္ဌေနစိတ္တေန၊ ပြစ်မှားသောစိတ်ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သံဃံ၊ သံဃာကို။ ဘိန္ဒိတွာ၊ ခွဲ၍။ တဿ၊ ထို မကောင်းမှုကို။ ပဋိဃာတတ္ထာယ၊ ပယ်ဖျောက်ခြင်း အကျိုးငှာ။ ဒါနံ၊ အလှူ ကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို၊ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုချပါမူ—

ဤလောက၌ အချို့သောသူတို့သည် ထိုထိုဘဝစည်းစိမ်တို့ကို သာယာတပ်မက်သော ရာဂကို အကြောင်းပြု၍ ရရာရကြောင်း ကောင်းမှုဒါနကိုလည်း များစွာပြု၏။ သီလဥပုသ်တို့ကိုလည်း စောင့်ရှောက်အားထုတ်၍ ဈာန်ကိုလည်းရ၏၊

ဝိပဿနာကိုလည်း စီးဖြန်း၏၊ မဂ်ကိုလည်းရ၏၊ အဘိညာဉ် ရအောင်ကိုလည်း ပြု၏၊ ဈာန်သမာပတ်ကိုလည်း ဝင်စား၏၊ ထိုထိုပုဂ္ဂိုလ်တို့မှာ ဤလောကီ, လောကုတ္တရာ ကုသိုလ်တို့ကို ရကြရာ၌ ထိုထိုဘဝစည်းစိမ်ကို တပ်မက်သော ရာဂက ဥပနိဿယပစ္စည်း၊ ထိုရာဂကို အကြောင်းခံ၍ အားထုတ်ပြုလုပ်ရရှိသော ဒါန, သီလ, ဥပေါသထကုသိုလ်တို့သည်လည်းကောင်း၊ ဈာန်, ဝိပဿနာ မဂ်ကုသိုလ်တို့သည် လည်းကောင်း၊ အဘိညာဉ်သမာပတ် ကုသိုလ်တို့သည်လည်းကောင်း ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကို လည်းကောင်း။

(တနည်း) ဤလောကကြီးမှာ ဒေါသထွက်၍ ရက်စက်စွာ မိုက်မှားပြီးနောက် ထိုမကောင်းမှု ပျောက်ခြင်းငှာလည်းကောင်း၊ တွေဝေမိုက်မှား မသိလို့ မောဟ ကြီးထွားသောသူသည် လည်းကောင်း၊ မောဟမှ ပျောက်ကင်းခြင်း အကျိုးငှာ လည်းကောင်း၊ အလွန်အလွန် ကြီးမားသော မာနရှိသောသူသည် ၎င်းမာနစု မကောင်းမှုကိုပယ်ဖျောက်ခြင်းငှာလည်းကောင်း၊ ချွတ်ချော်မှားယွင်းသော မိစ္ဆာအယူဝါဒများကို ယူပြီးနောက် ထိုမိစ္ဆာမကောင်းမှုတို့ကို ပယ်ဖျောက်ခြင်းအကျိုးငှာလည်းကောင်း၊ ထိုထိုဘဝစည်းစိမ်ကို ရရန် ဆုတောင်းသောသူသည် ၎င်းတောင့်တသည့်ဆုနှင့် ပြည့်စုံရန်လည်းကောင်း၊ ဒါနကိုပြု၏၊ သီလဥပုသ်ကိုလည်း ဆောက်တည်၏၊ ဈာန်, ဝိပဿနာ, မဂ်ဉာဏ်, အဘိညာဉ်, ဈာန်သမာပတ်ကုသိုလ်တို့ကိုလည်း ရအောင် အားထုတ်၏၊ ဤသို့ဖြစ်ကြသောအခါ ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတို့က ဥပနိဿယပစ္စည်း၊ အားထုတ်ဖြစ်ပွားလာသော ကာမ, ရူပ, အရူပကုသိုလ်, မဂ်ကုသိုလ်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း။

(တနည်း) ရှေးကပြခဲ့တိုင်း ရာဂ, ဒေါသ,မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတို့ကို အကြောင်းရင်းခံပြီးနောက် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ ပေါ်ပေါက်လာကြကုန်၏။ ဤသို့ ပေါ်ပေါက်လာကြသည့်၌ ရှေးအဖို့က အကြောင်းရင်းခံ၍ ဖြစ်ကြသော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတို့က ဥပနိဿယပစ္စည်း၊ ၎င်းအကြောင်းကြောင့် ဖြစ်ပေါ်လာသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရားအစစ်တို့ သတိထားသောသူများမှာ ဖြစ်ပွားနေကြတာကို သိစေလို၍ "ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ"စသည်ဖြင့်လည်းကောင်း၊ "ဒေါသံ ဥပနိဿာယ"စသည်ဖြင့် လည်းကောင်း၊"ရာဂေါ ဒေါသော မောဟော မာနော"စသည်ဖြင့်လည်းကောင်း ဤပဋ္ဌာန်းကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောပြတော်မူအပ်ပါသတည်း။

တနည်း—ဤလောက၌ အချို့သောသူတို့သည် သူ့အသက်ကို သတ်ပြီး၍ ၎င်းကို ပယ်ဖျောက်ခြင်းအကျိုးငှာ ဒါန, သီလ, သမထ, ဝိပဿနာ, ဈာန်

အဘိညာဉ်, မဂ်သို့ရောက်အောင် အားထုတ်ကြကုန်၏၊ ဤအတူ သူ့ဥစ္စာကို ခိုးယူခြင်းစသော ဒုစရိုက်အမှုတို့ကိုပြု၍ ထိုမကောင်းမှုတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှာ၊ ဒါန, သီလ, ဘာဝနာ, စျာန်, အဘိညာဉ်မဂ်တရားများကိုရအောင် အားထုတ်ကြကုန်၏။ ဤသို့ဖြစ်ကြသောအခါ သူ့အသက်သတ်ခြင်း စသော ဒုစရိုက်ကံတို့က ဥပနိဿယပစ္စည်း၊ ၎င်းဒုစရိုက်ကို အကြောင်းရ၍ အားထုတ်ပြုလုပ်ကြသော ဒါန, သီလစသော ကာမကုသိုလ်၊ ရူပ, အရူပ, ကုသိုလ်၊ အဘိညာဉ် သမာပတ်ကုသိုလ်၊ မဂ်ကုသိုလ်တို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း။

(တနည်း) အမိကို သတ်ခြင်းစသော ဂရုကံကြီးများကိုကျူးလွန်ပြီးနောက် ၎င်းမကောင်းမှုတို့ကို ပယ်ဖျောက်ရန် ဒါန,သီလ,ဥပေါသထစသော ကာမကုသိုလ်များကိုသာ ပြုနိုင်ကြကုန်၏၊ မဟဂ္ဂုတ်, လောကုတ္တရာတို့ကိုမူကား မရနိုင်တော့ချေ။ ဤသို့ ကာမကုသိုလ်ကို ပြုကြသောအခါ အမိကို သတ်ခြင်းစသော အလွန်ဝန်လေးသည့် အကုသိုလ် ဂရုကံကြီးတို့က ဥပနိဿယပစ္စည်း၊ ဒါန, သီလ, ဥပေါသထစသော ကုသိုလ်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း သိစေလို၍ "ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာ-ယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ" စသည်ဖြင့်လည်းကောင်း။ "မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ" စသည်ဖြင့်လည်းကောင်း။ ဤပဌာန်းပါဠိတော်ကြီးမှာ ဘုရားကိုယ်တော်တိုင် ဟောပြဆုံးမအပ်ပါသတည်း။

ဤ၌လည်း အကုသိုလ်ကြောင့် ကုသိုလ်တရား ဖြစ်ပွားနေကြသည်များကို ပါဠိတော်မှာပါတိုင်း တိုက်ရိုက်ဖြစ်နေကြပါမူ ၎င်းပါဠိတော်ကြီးအရတို့နှင့်သိကြ ဟောပြောကြပါလေ။ ဤပါဠိတော်မှာ တိုက်ရိုက်မပါပဲ တစုံတခု အကုသိုလ်စု ကြောင့် ကုသိုလ်တရား အစားစားတို့ ဖြစ်ပွားနေသမျှတို့မှာလည်း ဥပနိဿယ ပစ္စည်းတို့ချည်းပဲ ဖြစ်နေကြရာ ဤပဌာန်းပါဠိတော်ကြီးအရကို ပြဆိုလိုကြပါမူ အရင်းကပြထားသည့် "အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ-ပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်အရကြီးတွင် အကုန်လုံးပါဝင်၏ဟု သိရှိတော်မူနိုင်ကြ ဟောပြောတော်မူနိုင်ကြပါစေသတည်း။ ဤကား အကုသိုလ် ကြောင့် ကုသိုလ်ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါးပဌာန်းတရားတော်ကြီးအစစ်တို့ ဖြစ်နေကြပုံကို အကျဉ်းမျှပြဆိုချက်ကြီး အပြီးသတ်လိုက်ရပါသတည်း။

ဥပနိဿယပစ္စည်း။ အကုသလပဒ ကုသလပဒါဝသာနပြီး၏။

## ၅၇- အကုသိုလ်ကြောင့် ချမ်းသာ ဆင်းရဲ အနုံနုံတို့ အမြဲပဋ္ဌာန်း တရားဖြစ်ပွားပုံကို ဖော်ပြချက်

အကုသလပဒါဝသာနကို ဟောတော်မူသည့်၏အခြားမဲ့၌ အဗျာကတပဒါဝသာနကို ဟောတော်မူ၏။ ထိုအဗျာကတပဒါဝသာနသည်လည်း စာပဋ္ဌာန်း ရှာပဋ္ဌာန်း ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အနန္တရူပနိဿယော၊ ပကတူပ နိဿယော။ ပကတူပ နိဿယော— ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ဒေါသံ။ မောဟံ။ မာနံ။ ဒိဋ္ဌိံ။ ပတ္ထနံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ။ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ရာဂေါ။ ဒေါသော။ မောဟော၊ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။

ဤကား စာပဋ္ဌာန်းစကားအရတည်း။ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်း အရနှင့်ပြဆိုရပါမူ—

အကုသလော ဓမ္မော၊ အကုသိုလ် တရားသည်။ အဗျာကတဿ ဓမ္မဿ၊ အဗျာကတတရားအား။ ဥပနိဿယပစ္စယေန။ အားကြီးသော မှီရာအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယ ပစ္စည်း လည်းကောင်း။ ပကတူပနိဿယော။ ပကတူပနိဿယ ပစ္စည်းလည်း ကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။ တေသု၊ ထိုနှစ်ပါးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ကတမော။ အဘယ်နည်း။ ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊ အမှီရှုပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ အာတာပေတိ၊ ပူလောင်စေ၏။ ပရိတာပေတိ၊ ထက်ဝန်းကျင်ပူလောင်စေ၏။ ပရိယိဋ္ဌိမူလကံ၊ ရှာမှီးခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘောတိ၊ ခံစား၏။ ဒေါသံ၊ ဒေါသကို။ မောဟံ၊ မောဟကို။ မာနံ၊ မာနကို။ ဒိဋ္ဌိံ၊ မှားသောအယူကို။ ပတ္ထနံ၊ တောင့်တခြင်းကို။ ဥပနိဿာယ၊ အမှီပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ အာတာပေတိ၊ ပူလောင်စေ၏။ ပရိတာပေတိ၊ ထက်ဝန်းကျင် ပူလောင်စေ၏။ ပရိယိဋ္ဌိမူလကံ၊ ရှာမှီးခြင်းလျှင် အရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘောတိ၊ ခံစား၏။ ရာဂေါ၊ ရာဂသည်။ ဒေါသော၊ ဒေါသသည်။ မောဟော၊ မောဟသည်။ မာနော၊ မာနသည်။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ပတ္ထနာ၊ တောင့်တ

ခြင်းသည်။ ကာယိကဿ၊ ကိုယ်၌ဖြစ်သော။ သုခဿ၊ သုခအား။ ကာယိကဿ၊ ကိုယ်၌ဖြစ်သော။ ဒုက္ခဿ၊ ဆင်းရဲအား။ ဖလသမာပတ္တိယာ။ ဖလသမာပတ်အား၊ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ကမ္မံ၊ ကံသည်။ ဝိပါကဿ၊ ဝိပါက်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဤသည်တို့ကား ရွာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း ရွာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့်ပြဆိုပါမူ ဤလောက၌ အချို့သောသူတို့သည် ထိုထိုစည်းစိမ် ကာမဂုဏ်တို့ကို သာယာခင်မင်လိုခြင်း တပ်မက်သော ရာဂအကြောင်းခံပြီး ကိုယ်၏ဆင်းရဲကိုခံ၍ ရရန်အား ထုတ်၏။ ထိုထက်မကလည်း အလွန်အလွန် ကြီးကျယ်လှ၍ ထက်ဝန်းကျင်မှ ပူပန်စေကြသော ဒုက္ခကြီးများကိုခံ၍ ရရန်အားထုတ်၏။ တနည်း ဥစ္စာစည်းစိမ်ကိုရ၍ ထိုထိုကာမဂုဏ်ကို ခံစားအံ့ဟု ဥစ္စာစည်းစိမ်ကို ရှာမှီးခြင်း အရင်းရှိသော ဆင်းရဲကို ခံစား၏။ ဤသို့ဖြစ်သောအခါတို့မှာ အကြောင်းရင်းခံသော တဏှာ ရာဂက ဥပနိဿယ ပစ္စည်း၊ အမျိုးမျိုး အနှံ့ ကိုယ်ဆင်းရဲခံရတဲ့ အဗျာကတဒုက္ခတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊

(တနည်း) ပြစ်မှားသောဒေါသကို အကြောင်းရင်းခံ၍လည်းကောင်း၊တွေဝေ မိန်းမောခြင်း မောဟကို အကြောင်းရင်းခံ၍လည်းကောင်း၊ လွန်စွာ မောက်မာသော မာနကို အကြောင်းရင်းခံ၍လည်းကောင်း၊ "အလွန်ပူ အလွန်အေးသော ဒုက္ခကိုခံမှ ကိလေသာကုန်ခန်းကြသည်" စသည်ဖြင့် မှားသောဒိဋ္ဌိအယူကို အကြောင်းရင်းခံ၍လည်းကောင်း၊ ထိုထိုအာရုံတခုခုကို ရရန် တောင့်တခြင်း ပတ္ထနာကိုလည်းကောင်း အကြောင်းပြု၍ ကိုယ်၏ဆင်းရဲကိုခံ၍ ထိုထိုအမှုကို အားထုတ်၏။ ထိုထက်မကလည်း အလွန်အလွန် ကြီးကျယ်လှ၍ ထက်ဝန်းကျင်မှ ပူပန်စေကြသော ဒုက္ခကြီးများကိုခံ၍ ထိုထိုအမှုကို အားထုတ်၏။ (တနည်း) ရည်ရွယ်သော ကိစ္စပြီးစီးကြအောင် ကြံဆောင်ကာ အားထုတ်ခြင်းလျှင် အရင်းရှိသော ဆင်းရဲဒုက္ခကို ခံစားရ၏။ ဤသို့ဖြစ်သောအခါတို့မှာ အကြောင်းရင်းဖြစ်သော ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတို့က ဥပနိဿယပစ္စည်း၊ အမျိုးမျိုးအနှံ့ ကိုယ်ဆင်းရဲခံရတဲ့ အဗျာကတဒုက္ခတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊

(တနည်း) ရှေးက ပြခဲ့တိုင်း ရာဂကိုလည်းကောင်း၊ဒေါသကိုလည်းကောင်း၊ မောဟကိုလည်းကောင်း၊ မာနကိုလည်းကောင်း၊ ဒိဋ္ဌိကိုလည်းကောင်း၊ ပတ္ထနာ

ကိုလည်းကောင်း အကြောင်းခံ၍ ရှာကြံစုဆောင်းထားသော ပစ္စည်းအာရုံကာမဂုဏ်တို့ကို ခံစားခြင်းကာယိကသုခ၊ ရှေးကပြခဲ့သည့်အတိုင်း ရာဂစသည်ကို အကြောင်းခံ၍ ရှာကြံအားထုတ်သဖြင့် တွေ့ကြုံရသော ကိုယ်ဆင်းရဲခြင်းကာယိကဒုက္ခ၊ ထိုထိုရာဂ, ဒေါသတို့မှ အလွန့်အလွန် ကင်းဝေးကြရန် အကြောင်းခံ၍ ဝင်စားသော ဖလသမာပတ် အဗျာကတတရားများ ဖြစ်ပွားကြကုန်၏။ ထိုသို့ ဖြစ်ပွားကြသောအခါ အကြောင်းရင်းခံသော လောဘ, ဒေါသ, မောဟ,မာန, ဒိဋ္ဌိ, ပတ္ထနာတို့က ဥပနိဿယပစ္စည်း၊ရင်းအကြောင်းတို့ကြောင့် ဖြစ်ပေါ်တွေ့ကြုံရသော ကာယိကသုခ, ကာယိကဒုက္ခ, ဖလသမာပတ်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း၊

(တနည်း) ရှေးမကောင်းမှုကံကြောင့် မကောင်းသော အဆင်းစသည်ကို သတ္တဝါတိုင်းတို့ မြင်နေကြရ၊ ကြားနေကြရ၊ နံနေကြရ၊စားနေကြရ၊တွေ့နေကြရကုန်၏။ အပါယ်သတ္တဝါတို့၏ ပဋိသန္ဓေနေခြင်း အိပ်ပျော်ခြင်း သေခြင်းဟု ဆိုအပ်သော ပဋိသန္ဓေ,ဘဝင်,စုတိတို့လည်း ဖြစ်ကြရကုန်၏။ ဤသို့ဖြစ်ကြရသော အခါတို့၌ ရှေးမကောင်းမှုကံတို့က ဥပနိဿယပစ္စည်း၊ အကုသိုလ်၏အကျိုးဖြစ်သော မြင်သိ,ကြားသိ,နံသိ,စားသိ,တွေ့သိနှင့်တကွ အပါယ်သားတို့၏ ပဋိသန္ဓေ ဘဝင်, စုတိဖြစ်ကြသည့် ဝိပါက် အဗျာကတတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါ ပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကိုလည်းကောင်း သိစေလို၍ "ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ၊ ပရိတာပေတိ" စသည်ဖြင့်လည်းကောင်း၊ "ရာဂေါ၊ ဒေါသော၊ မောဟော၊ မာနော" စသည်ဖြင့်လည်းကောင်း၊ "အကုသလံ ကမ္မံ ဝိပါကဿ"စသည်ဖြင့်လည်းကောင်း ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသတည်း။

ဤအကုသလပဒ အဗျာကတပဒါဝသာနအရသည် ရာဂစသော အကုသိုလ်များကို အကြောင်းပြု၍ ကိုယ်အဆင်းရဲခံသမျှ ကိုယ်၏ချမ်းသာခြင်းရသမျှ အကုန်လုံးတို့သည် ပါဝင်လေသောကြောင့်"ရာဂံဥပနိဿာယ"စသည့် တိုက်ရိုက် ပါဠိတော်နှင့် ဆုံဆည်းသမျှတို့ကို ထိုဆုံဆည်းသည့် ပါဠိတော်အတိုင်း သိရှိကြ ဟောပြောကြပါလေ။ တိုက်ရိုက်မပါရှိမူ ပဋ္ဌမတည်ရင်း "အကုသလောဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော"ဟူသော ပါဠိတော်ကြီး ထဲတွင်အကုန်ပါဝင် သိရှိဟောပြောကြပါလေ။

ထိုမှတပါး မြင်သိကြားသိ စသည်ဖြစ်ခြင်း, အိပ်ပျော်ခြင်း စသည်တို့မှာ "အကုသလံ ကမ္မံ ဝိပါကဿ"ဟူသော ပါဠိတော်မှာ တိုက်ရိုက်ပါပြီးသား ဖြစ်သောကြောင့် အပါယ်သတ္တဝါတိုင်းတို့မှာ ဤအကုသလော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စည်းက ဒုဂ္ဂတိသတ္တဝါတို့ လက်ပစ်တတွက်အတွင်း လွတ်ကင်း

အောင် ရှောင်နိုင်ကြပါမူ ဆုအများ ပေးသနားမည်ဆိုစေကာမူ ဆုရရန် ဤဥပနိဿယပစ္စည်းက မရှောင်ကွင်းနိုင်လောက်အောင် ပေါများလှသော အကုသိုလ် ပဋ္ဌဝိညာဏ်ဘဝင်တို့ကိုဉာဏ်လက်ညှိုးနှင့်ထိုးကာထိုးကာ ဤပဋ္ဌာန်းပစ္စည်းများ ငါပဋ္ဌာန်းတရားကြီးတွေ့ဆိုတာ ငါတို့အတွင်းထဲမှာ ရှိနေသည့် ဟောတာတွေပဲဟဲ့၊ ဟောတာတွေပဲဟဲ့ဟု တည့်တည့်ကြီး တိုက်ရိုက်ကြီး ဟောပြောနိုင်ကြ၊ ပြသနိုင်ကြ၊ သိရှိနိုင်ကြပါစေသတည်း။

(အဗျာကတပဒါဝသာနပြီး၏။)

---

၅၇။ ဧရှေရှပ်နာမ် အဗျာကတကြောင့် နောက်ချမ်းသာဆင်းရဲစသည်များ ပဋ္ဌာန်းတရားအစားစားတို့ ဖြစ်ပွားနေကြပုံကို ဖော်ပြချက်

အဗျာကတပဒ အဗျာကတပဒါဝသာနကို ပြချက်

အကုသလပဒကို ဟောတော်မူသည်၏ အခြားမဲ့၌ အဗျာကတပဒကို ဟောတော်မူ၏။ ထိုအဗျာကတပဒ၌လည်း အဗျာကတပဒါဝသာန, ကုသလပဒါဝသာန, အကုသလပဒါဝသာန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အဗျာကတပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအဗျာကတပဒါဝသာနသည်လည်း စာပဋ္ဌာန်း, ရှုပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အဗျာကတော ဓမ္မော၊ အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော။ အနန္တရူပနိဿယော။ ပကတူပနိဿယော။

ပကတူပနိဿယော—ကာယိကံ သုခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကာယိကံ ဒုက္ခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဥတု ကာယိကဿ သုခဿ, ကာယိကဿဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေနပစ္စယော။ ဘောဇနံ ကာယိကဿသုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယ ယပစ္စယေန ပစ္စယော။ သေနာသနံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိ ဥပနိဿယပစ္စယေန ပစ္စယော။ ကာယိကံသုခံ။ ကာယိကံဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ ကာယိကဿသုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဖလသမာပတ္တိ ကာယိကဿသုခဿ, ဥပနိဿယပစ္စယေန ပစ္စယော။

အရဟာ ကာယိကံ သုခံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

ဤသည်တို့ကား စာပဋ္ဌာန်းစကားအရကည်း။ ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အဗျာကတောဓမ္မော၊ အဗျကတတရားသည်။ အဗျာကတဿ ဓမ္မဿ၊ အဗျာကတတရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယ ပစ္စည်းလည်းကောင်း၊ အနန္တရူပနိဿယော၊ အနန္တရူပနိဿယ ပစ္စည်းလည်းကောင်း။ ပကတူပနိဿယော၊ ပကတူပနိဿယ ပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့တည်း။

တေသု၊ ထိုသုံးပါးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ ။ကာယိကံ သုခံ၊ ကိုယ်၌ဖြစ်သော သုခသည်။ ကာယိကဿ သုခဿ၊ကိုယ်၌ဖြစ်သော သုခအား။ ကာယိကဿ ဒုက္ခဿ၊ ကိုယ်၌ဖြစ်သော ဒုက္ခအား။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန။ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။ကာယိကံ ဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဒုက္ခသည်။ ကာယိကဿ သုခဿ၊ ကိုယ်၌ဖြစ်သော ချမ်းသာအား။ ကာယိကဿ ဒုက္ခဿ၊ ကိုယ်၌ဖြစ်သော ဆင်းရဲအား။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမူ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဥတု၊ ဥတုသည်။ ကာယိကဿ သုခဿ၊ ကိုယ်၌ဖြစ်သော ချမ်းသာအား။ ကာယိကဿ ဒုက္ခဿ၊ ကိုယ်၌ဖြစ်သောဆင်းရဲအား။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုသိုကိစ္စ ပြီးစီးကြမူ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။ ဘောဇနံ၊ ဘောဇဉ်သည်။ ကာယိကဿ သုခဿ။ ကိုယ်၌ဖြစ်သော ချမ်းသာအား။ ကာယိကဿ ဒုက္ခဿ၊

ကိုယ်၌ဖြစ်သော ဒုက္ခအား။ ဖလသမာပတ္တိယာ၊ ဖလသမာပတ်အား။ ဥပ-
နိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာ-
ရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေနာသနံ၊
အိပ်ရာနေရာ ကျောင်းသည်။ ကာယိကဿ သုခဿ၊ ကိုယ်၌ဖြစ်သောချမ်းသာ
အား။ ကာယိကဿ ဒုက္ခဿ၊ကိုယ်၌ဖြစ်သော ဆင်းရဲအား။ ဖလသမာပတ္တိယာ၊
ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်း
သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။
ဟောတိ၊ ဖြစ်၏။ ကာယိကံ သုခံ၊ ကိုယ်၌ဖြစ်သော သုခသည်။ ကာယိကံဒုက္ခံ၊
ကိုယ်၌ဖြစ်သောဒုက္ခသည်။ ဥတု၊ ဥတုသည်။ ဘောဇနံ၊ ဘောဇဉ်သည်။ သေ-
နာသနံ၊ အိပ်ရာနေရာကျောင်းသည်။ ကာယိကဿ သုခဿ၊ ကိုယ်၌ဖြစ်သော
ချမ်းသာအား။ ကာယိကဿဒုက္ခဿ၊ ကိုယ်၌ဖြစ်သော ဆင်းရဲအား။ ဖလသမာ-
ပတ္တိယာ၊ ဖလသမာပတ်အား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ
အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူး
ပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖလသမာပတ္တိ၊ ဖလသမာပတ်သည်။ ကာယိ-
ကဿ သုခဿ၊ ကိုယ်၌ဖြစ်သော ချမ်းသာအား။ ဥပနိဿယပစ္စယေန၊ အား
ကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ
ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရဟာ၊ ရဟန္တာပုဂ္ဂိုလ်သည်။ ကာယိကံ သုခံ၊ ကိုယ်၌ဖြစ်သောချမ်းသာကို။
ဥပနိဿာယ၊ အမှီပြု၍။ အနုပ္ပန္နံ၊ မဖြစ်သေးသော။ ကိရိယသမာပတ္တိံ၊
ကိရိယာသမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဥပ္ပန္နံ၊ ဖြစ်ပြီးသောကိရိယာသမာ
ပတ်ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အနိစ္စတော၊
အနိစ္စအားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။
ဝိပဿတိ၊ ဝိပဿနာရှု၏။ ကာယိကံ ဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကို။ ဥတုံ၊
ဥတုကို။ ဘောဇနံ၊ ဘောဇဉ်ကို။ သေနာသနံ၊ အိပ်ရာနေရာကျောင်းကို။
ဥပနိဿာယ၊ အမှီပြု၍။ အနုပ္ပန္နံ၊ မဖြစ်သေးသော။ ကိရိယသမာပတ္တိံ၊
ကိရိယာသမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဥပ္ပန္နံ၊ ဖြစ်ပြီးသောသမာပတ်ကို။
သမာပဇ္ဇတိ၊ ဝင်စား၏။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အနိစ္စတော၊ အနိစ္စ
အားဖြင့်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝိပဿတိ၊
ဝိပဿနာရှု၏။ ဤသည်တို့ကား ရှာပဋ္ဌာန်း စကားအရတည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအချနှင့် ပြဆိုရပါမူ ဤလောက၌
အချို့သောသူတို့သည် ကိုယ်၏ချမ်းသာခြင်းကို အကြောင်းရင်းခံ၍ နောက်သို့
လည်း ကိုယ်ချမ်းသာအောင်ပင် နေကြ၏။ ဤသို့နေကြသောအခါ ရှေး ကိုယ်
ချမ်းသာခြင်း ကာယိကသုခက ဥပနိဿယပစ္စည်း၊ နောက်တဖန် ချမ်းသာခြင်း

ဖြစ်လာပြန်သည်က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို လည်းကောင်း၊ ထိုမှတပါး ရှေးအဖို့က ကိုယ်၏ချမ်းသာခြင်းကို အကြောင်းရ၍ နောက်အခါတို့မှာလည်း ဤချမ်းသာမျိုးရရန် အဆင်းရဲခံ၍ အားထုတ်ပြုလုပ်ခြင်း ဖလသမာပတ်ကို ဝင်စားခြင်း ဖြစ်ကြကုန်၏။ ဤသို့ ဖြစ်သောအခါ ရှေးအဖို့ ချမ်းသာက ဥပနိဿယပစ္စည်း၊ နောက်အဖို့ အဆင်းရဲခံသည့်ကာယိကဒုက္ခ, ဖိုလ်ဝင်စားခြင်း ဖလသမာပတ်တို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊

(တနည်း) ကိုယ်၏ ဆင်းရဲဒုက္ခ ရောက်ကြသည်ကို အကြောင်းရင်းခံ၍ ထပ်မံဒုက္ခခံခြင်း၊ ၎င်းဒုက္ခအတွက် ၎င်းဒုက္ခခံ၍ ရလာပြန်သော သုခကို ခံစံရခြင်း၊ ဖလသမာပတ်ကို ဝင်စားခြင်းတို့ ဖြစ်ကြကုန်၏။ ဤသို့ဖြစ်သောအခါ ကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခက ဥပနိဿယပစ္စည်း၊ ၎င်းအကြောင်းကြောင့် ရရှိလာသော ကာယိကသုခ, ကာယိကဒုက္ခ, ဖလသမာပတ်တို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည် လည်းကောင်း၊ ဤ၌ ရှေးသုခ, ဒုက္ခအကြောင်းကိုရ၍ နောက်ထပ်တဖန် ထပ်မံ၍ သုခ ဒုက္ခ ဖြစ်နေကြပြန်သည်တို့ကား အလွန်ကြီး ပေါ်များကြကုန်၏။ ပေါ်များသမျှသည် ဥပနိဿယပစ္စည်းတို့ချည်းပဲ ငါပဋ္ဌာန်းတရားအတွင်းသို့ ဉာဏ်သွင်းကာ သွင်းကာ ဟောဟဲ့ဟောဟဲ့ဟု တဲ့တဲ့ကြီး ထင်မြင်အောင် ဟောပြောနိုင်ကြပါစေသတည်း။

(တနည်း) ကောင်းသော အပူ, အအေး ဥတုကိုလည်းကောင်း၊ အစာအာဟာရဘောဇဉ်ကို လည်းကောင်း၊ ကျောင်း အိမ် အိပ်ရာ နေရာကို လည်းကောင်း ရ၍ ကိုယ်၏ချမ်းသာခြင်း၊ အညံ့ကိုရ၍ ကိုယ်၏ဆင်းရဲခြင်း၊ ကောင်းမကောင်း နှစ်ရပ်တို့မှာပင် ဖလသမာပတ်ကို ဝင်စားခြင်း ဖြစ်ကြသော အခါတို့၌ ကောင်း မကောင်းသော ဥတု, ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း။

(တနည်း) ကိုယ်၏ချမ်းသာခြင်း ဆင်းရဲခြင်းများ အကြောင်းရင်းထား၍ လည်းကောင်း၊ ကောင်းမကောင်းသော ဥတု, အာဟာရ, ကျောင်း အိမ် အိပ်ရာနေရာများ အကြောင်းရင်းထား၍ လည်းကောင်း၊ နောက်ထပ်တဖန် ချမ်းသာခြင်း, ဆင်းရဲခြင်းနှင့်တကွ ဖလသမာပတ်ကို ဝင်စားခြင်း ဖြစ်ကြပြန်ကုန်၏။ ဤသို့ ဖြစ်ကြသောအခါ အကြောင်းရင်းခံသော ချမ်းသာဆင်းရဲနှင့်တကွ ဥတု, အာဟာရ, သေနာသနတို့က ဥပနိဿယပစ္စည်း၊ နောက်ထပ်တဖန် ဖြစ်ပေါ်ပြန်သော သုခဒုက္ခဖလသမာပတ်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်း တရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း။

(တနည်း) ဖလသမာပတ်ကို ဝင်စားသော ပုဂ္ဂိုလ်တို့သည် ကိုယ်၏ ချမ်းသာခြင်းကိုသာ ရသောကြောင့် ဖလသမာပတ်က ဥပနိဿယပစ္စည်း၊ ကိုယ်၏ ချမ်းသာခြင်း သုခက ဥပနိဿယပစ္စယုပ္ပန်များ ငါးပဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်းသိစေလို၍ "ကာယိကံ သုခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော" စသည်ဖြင့် လည်းကောင်း၊ "ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတုံ ဘောဇနံ။ သေနာသနံ ကာယိကဿ သုခဿ ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော" ဟူ၍လည်းကောင်း၊ "ဖလသမာပတ္တိ ကာယိကဿ သုခဿ ဥပနိဿယ ပစ္စယေန ပစ္စယော" ဟူ၍ လည်းကောင်း၊ ဤ ပဋ္ဌာန်းကြီးမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသတည်း။

(တနည်း) ရဟန္တာပုဂ္ဂိုလ်တို့သည် ကိုယ်၏ ချမ်းသာခြင်း, ဆင်းရဲခြင်းကို အကြောင်းရင်းခံ၍ လည်းကောင်း၊ လျောက်ပတ် မလျောက်ပတ်သော အပူ အအေး ဥတု, အစာ အာဟာရဘောဇဉ် ကျောင်း အိမ် အိပ်ရာ နေရာများကို အကြောင်းထား၍လည်းကောင်း မဖြစ်သေးသော ကြိယာစျာန် သမာပတ်တို့ကို ရရှိဖြစ်ပေါ်အောင် အားထုတ်ခြင်း၊ ရပြီးသော သမာပတ်တို့ကို ဝင်စားခြင်း၊ ရုပ်နာမ်ဓာတ်ပရမတ် သင်္ခါရတရားတို့ကို ဝိပဿနာရှုခြင်းတို့ဖြစ်ကြကုန်၏။ ထိုသို့ ဖြစ်ကြသောအခါ ချမ်းသာဆင်းရဲနှင့် ဥတု,ဘောဇဉ်, ကျောင်း အိမ် အိပ်ရာ နေရာတို့က ဥပနိဿယပစ္စည်း၊ ကြိယာစျာန်နှင့် ဝိပဿနာ ကြိယာဇော စသည် ဖြစ်ဖြစ်သမျှ အဗျာကတတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါးပဋ္ဌာန်းတရားအစစ် ဖြစ်ကြသည်ကို လည်းကောင်း သိစေလို၍ "အရဟာ ကာယိကံ သုခံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယာသမာပတ္တိံ ဥပ္ပါဒေတိ" စသည်ဖြင့် ဤပဋ္ဌာန်းကြီးမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသတည်း။

ဤအဗျာကတ ပဒ၊ အဗျာကတ ပဒါဝသာန အရသည် ကိုယ်၏ချမ်းသာခြင်း ဆင်းရဲခြင်းစသော နာမ်ရုပ်တရားတို့ကို အကြောင်းပြု၍ ကိုယ်အဆင်းရဲခံသမျှ၊ ကိုယ်၏ ချမ်းသာခြင်း ရသမျှ ဖလသမာပတ်ကို ဝင်စားသမျှအကုန်လုံး တို့သည် ပါဝင်လေသောကြောင့် "ကာယိကံ သုခံ ကာယိကဿ ဒုက္ခဿ" စသည် တိုက်ရိုက်ပါဠိတော်နှင့် ဆုံဆည်းသမျှတို့ကို ထိုဆုံဆည်းသည့် ပါဠိတော်အတိုင်း သိရှိကြဟောပြောကြပါလေ။ တိုက်ရိုက်ပါဠိမရှိမူ ပဌမတည်ရင်း "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿဥပနိဿယပစ္စယေန ပစ္စယော" ဟူသော ပါဠိတော် ကြီးထဲတွင် အကုန်ပါဝင် သိရှိဟောပြောကြပါလေ။ ဤကား အဗျာကတ ကြောင့် အဗျာကတ ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယ ပစ္စည်း ငါးပဋ္ဌာန်းတရားတော်ကြီးအစစ်တို့ ဖြစ်နေပုံကို အကျဉ်းမျှပြဆိုချက် အပြီးသတ်လိုက်ရပါသတည်း။

**အဗျာကတပဒါဝသာန ပြီး၏။**

## ၅၉–ချမ်းသာဆင်းရဲ ရုပ်, နာမ်တို့နှင့်တွဲ၍ ကုသိုလ်အစားစား ပဋ္ဌာန်းတရားကြီးများ ဖြစ်ပွားနေကြပုံကို ဖော်ပြချက်

အဗျာကတပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ ကုသလပဒါဝသာနကို ဟောတော်မူ၏၊ ထိုကုသလပဒါဝသာနသည်လည်း စာပဋ္ဌာန်း, ရှာပဋ္ဌာန်း, ငါပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော၊ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

ပကတူပနိဿယော—ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ၊ ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ သုခံ။ ကာယိကံဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဤသည်တို့ကား စာပဋ္ဌာန်းစကားအရတည်း၊ ဤစာပဋ္ဌာန်းအရကို ရှာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အဗျာကတောဓမ္မော၊ အဗျာကတတရားသည်။ ကုသလဿဓမ္မဿ၊ ကုသိုလ်တရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်းလည်းကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းလည်းကောင်း။ ပကတူပနိဿယော၊ ပကတူပ နိဿယပစ္စည်းလည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့တည်း။

တေသု၊ ထိုသုံးပါးတို့တွင်။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းသည်။ ကတမော၊ အဘယ်နည်း။ ကာယိကံသုခံ၊ ကိုယ်၌ဖြစ်သော ချမ်းသာကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ

၏။ ကာယိကံဒုက္ခံ၊ ကိုယ်၌ဖြစ်သောဆင်းရဲကို။ ဥပနိဿာယ၊ အမှီပြု၍။ ဥတုံ၊ ဥတုကို။ ဘောဇနံ၊ ဘောဇဉ်ကို။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဥပနိဿာယ၊ အမှီပြု၍။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်းအမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ကာယိကံသုခံ၊ ကိုယ်၌ဖြစ်သောချမ်းသာသည်။ ကာယိကံဒုက္ခံ၊ ကိုယ်၌ဖြစ်သောဆင်းရဲသည်။ ဥတု၊ ဥတုသည်။ ဘောဇနံ၊ ဘောဇဉ်သည်။ သေနာသနံ၊ အိပ်ရာနေရာကျောင်းသည်။ သဒ္ဓါယ၊ သဒ္ဓါအား။ သီလဿ၊ သီလအား။ သုတဿ၊ သုတအား။ စာဂဿ၊ စာဂအား။ ပညာယ၊ ပညာအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဤသည်တို့ကား ရှာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း ရှာပဋ္ဌာန်းအရကို ငါပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ ဤလောကကြီးမှာ စိတ်ကောင်းရှိကြပါသော အချို့သောပုဂ္ဂိုလ်မြတ်တို့သည် ကိုယ်၏ချမ်းသာခွင့်ကိုရ၍ "ဩော် ငါသည် ဤကဲ့သို့ ကိုယ်၏ချမ်းသာခြင်း ရရှိသည့်အခိုက်အခါအတွင်းမှာ ဒါန, သီလ, ဥပေါသထ ဝိပဿနာဘာဝနာတို့ကို အားထုတ်မှပဲ"ဟု ကိုယ်၏ချမ်းသာခြင်းကို အကြောင်းပြု၍ အမျိုးမျိုးသော ဒါနကိုလည်းပြု၏၊ ဥပုသ်သီလကိုလည်း ဆောက်တည်၏၊ ဈာန်ကိုရအောင်လည်း အားထုတ်၏၊ ဝိပဿနာကိုလည်း ပွားများ၏၊ မဂ်ကိုလည်းရအောင် အားထုတ်၏၊ အဘိညာဉ်ကိုလည်းရအောင် အားထုတ်၏၊ ကုသိုလ်ဈာန်သမာပတ်လည်း ဝင်စား၏၊ ဤသို့ဖြစ်ကြသောအခါ ကိုယ်၏ချမ်းသာခြင်းက ဥပနိဿယပစ္စည်း၊ ၎င်းကိုအကြောင်းပြု၍ အားထုတ်ပြုလုပ်သော ဒါန, သီလ, ဥပေါသထနှင့် သမထ, ဝိပဿနာ ကာမကုသိုလ် ဈာန်အဘိညာဉ်, သမာပတ်ဟု ဆိုအပ်သော ရူပ, အရူပကုသိုလ်, မဂ်ကုသိုလ်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊ အချို့သောသူတို့သည်ကား "ငါသည် ကိုယ်၏ဆင်းရဲခြင်းသို့ ရောက်နေဆဲ အခါထဲမှာ သံဝေဂစသည်တို့နှင့် တွဲ၍ ကုသိုလ်ဟူသမျှ ပြုမှပဲ"ဟူ၍လည်းကောင်း၊ ထို့မှတပါး "ဥတု ,အာဟာရ, ကျောင်း အိပ်ရာနေရာတို့ မျှတသောအခါတို့မှာ ဝမ်းမြောက်စွာနှင့် တွဲကာ မမျှတသောအခါတို့မှာ နိဗ္ဗိန္ဒသံဝေဂတို့နှင့် တွဲကာ ကုသိုလ်ဟူသမျှ ပြုမှပဲ" ဟူ၍လည်းကောင်း၊ နှလုံးပိုက်ကာ ဒါန, သီလ, ဘာဝနာ ဈာန် အဘိညာဉ် မဂ်တရားတို့ကိုပါ ရအောင် အားထုတ်ပြုလုပ်ကြကုန်၏။ ဤသို့ ကုသိုလ်တရားတွေ

ဖြစ်ပွားနေသောအခါ ကိုယ်၏ ဆင်းရဲခြင်း ကာယိကဒုက္ခကလည်းကောင်း၊ မျှ မမျှသောဥတုကလည်းကောင်း၊ လျောက်ပတ် မလျောက်ပတ်သော အာဟာရကလည်းကောင်း၊ ကျောင်း အိပ်ရာနေရာကလည်းကောင်း၊ဥပနိဿယပစ္စည်း၊ ၎င်းတို့ကိုအကြောင်းခံ၍ ပြုလုပ် အားထုတ်သော ဒါန, သီလ, ဘာဝနာ, ဈာန်အဘိညာဉ် မဂ်ကုသိုလ်တို့က ဥပနိဿယ ပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကိုလည်းကောင်း၊

(တနည်း) ကိုယ်၏ချမ်းသာခြင်း, ဆင်းရဲခြင်း၊ ကောင်း, မကောင်းသော ဥတု, ဘောဇဉ်, ကျောင်း, အိပ်, အိပ်ရာနေရာတို့ကို အကြောင်းပြု၍ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာစသော သူတော်ကောင်းတရား ကုသိုလ်များ ဖြစ်ပွားကြကုန်၏။ ထိုသို့ဖြစ်ပွားကြသောအခါ ကိုယ်၏ချမ်းသာခြင်း, ဆင်းရဲခြင်း တို့ကလည်းကောင်း၊ ကောင်း,မကောင်းသော ဥတု, ဘောဇဉ်, အိပ်ရာနေရာ ကျောင်းတို့ကလည်းကောင်း ဥပနိဿယပစ္စည်း၊ ၎င်းကို အကြောင်းခံ၍ ဖြစ်ပေါ်လာသော သဒ္ဓါ, သီလ,သုတ,စာဂ,ပညာစသည်တို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို လည်းကောင်း သိစေလို၍ "ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ" စသည်ဖြင့် လည်းကောင်း၊ "ကာယိကံ သုခံ ကာယိကံ ဒုက္ခံ ဥတုံ ဘောဇနံ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ" စသည်ဖြင့်လည်းကောင်း၊ "ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ သဒ္ဓါယ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော" ဟူ၍လည်းကောင်း ဤပဋ္ဌာန်း ပါဠိတော်ကြီးမှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသတည်း။

ဤအဗျာကတပဒ ကုသလပဒါဝသာန အရသည် ကိုယ်၏ချမ်းသာခြင်း, ဆင်းရဲခြင်းစသော ရုပ်နာမ်တရားတို့ကို အကြောင်းပြု၍ ဒါနကုသိုလ်, သီလ ကုသိုလ်,သမထ ဝိပဿနာကုသိုလ်, မဂ်ကုသိုလ်, အဘိညာဉ်သမာပတ်ကုသိုလ် တို့သည် အကုန်လုံး ပါဝင်ပြီး ဖြစ်လေသောကြောင့် "ကာယိကံ သုခံ ဥပ-နိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ" စသည်ဖြင့် မြတ်စွာဘုရား တိုက်ရိုက် ဟောကြားတော်မူအပ်သော ဤ ပဋ္ဌာန်းပါဠိတော်ကြီး အရနှင့် သိရှိကြ၊ ဟောပြောကြပါလေ။ ဤပါဠိတော်ကြီးမှာ တိုက်ရိုက်မပါပဲ၊ ဤအဗျာကတ အားကြီးသော ဥပနိဿယအကြောင်းစုကြောင့် ကုသိုလ်တရား အစားစားတို့ ဖြစ်ပွားနေသမျှတို့မှာလည်း ဥပနိဿယပစ္စည်း ငါပဋ္ဌာန်းတရားတို့ချည်းပဲ ဖြစ်နေကြရာ ဤပဋ္ဌာန်းပါဠိတော်အရကို ပြဆိုလိုကြပါမူ အရင်းက ပြထားသည့် "အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော" ဟူသော ပါဠိတော်ကြီးအရတွင် အကုန်လုံးပါဝင်၏ဟု သိရှိတော်မူနိုင်ကြ၊

ဟောပြောတော်မူနိုင်ကြပါစေသတည်း။ ဤကား အဗျာကတကြောင့် ကုသိုလ်ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါးပဋ္ဌာန်းတရားတော်ကြီး အစစ်တို့ ဖြစ်နေကြပုံကို အကျဉ်းမျှ ပြဆိုချက်ကြီး အပြီးသတ်လိုက်ရပါသတည်း။ ။

ဥပနိဿယပစ္စည်း အဗျာကတပဒကုသလပဒါဝသာန ပြီး၏။

---

## ၆၀။ ချမ်းသာဆင်းရဲ ရုပ်နာမ်တို့နှင့်တွဲ၍ အကုသိုလ်အစားစား ပဋ္ဌာန်းတရားကြီးများ ဖြစ်ပွားနေကြပုံကို ဖော်ပြချက်

ကုသလပဒါဝသာနကို ဟောတော်မူသည်၏ အခြားမဲ့၌ အကုသလပဒါဝသာနကို ဟောတော်မူ၏။ ထိုအကုသလပဒါဝသာနသည်လည်း စာပဋ္ဌာန်း, ရွာပဋ္ဌာန်း, ငါးပဋ္ဌာန်းအားဖြင့် သုံးမျိုးသုံးစားရှိရာတို့တွင် စာပဋ္ဌာန်းအရကို ပြဆိုရပါမူ—

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော၊ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ ပကတူပနိဿယော—ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။

ကာယိကံ ဒုက္ခံ၊ ဥတုံ၊ ဘောဇနံ၊ သေနာသနံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ကာယိကံ သုခံ။ ကာယိကံဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။ ။

ဟု စာပဋ္ဌာန်းအရကို ပြဆိုအပ်ပါသတည်း။ ဤစာပဋ္ဌာန်းအရကို ရွာပဋ္ဌာန်းအရနှင့် ပြဆိုရပါမူ—

အဗျာကတော ဓမ္မော၊ အဗျာသတတရားသည်။ အကုသလဿဓမ္မဿ၊ အကုသိုလ်တရားအား။ ဥပနိဿယပစ္စယေန၊ အားကြီးသောမှီရာ ဓမ္မကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယပစ္စည်းလည်း ကောင်း။ အနန္တရူပနိဿယော၊ အနန္တရူပနိဿယပစ္စည်းလည်းကောင်း။ ပကတူပနိဿယော၊ ပကတူပနိဿယပစ္စည်းလည်းကောင်း။ဣတိ၊ဤသို့။တယော၊သုံး ပါးတို့တည်း။

တေသု၊ ထိုသုံးပါးတို့တွင်။ ပကတူပနိဿယော။ ပကတူပ နိဿယပစ္စည်း သည်။ ကတမော၊ အဘယ်နည်း။ ကာယိကံ သုခံ။ ကာယိကသုခကို။ ဥပနိဿာ- ယ၊ အမှီပြု၍။ပါဏံ၊ သတ္တဝါ၏ အသက်ကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊ အရှင် မပေးသော ဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ မုသာ၊ ချွတ်ယွင်းဖောက်ပြန် မမှန် သောစကားကို။ ဘဏတိ၊ ပြောဆို၏။ ပိသုဏံ။ ချောပစ်ကုန်းတိုက်သော စကား ကို။ ဘဏတိ၊ ပြောဆို၏။ ဖရုသံ၊ ကြမ်းတမ်းသော စကားကို။ ဘဏတိ၊ ပြော ဆို၏။ သမ္ဖံ၊ ပြိန်ဖျင်းသော စကားကို။ ပလပတိ၊ ပြောဆို၏။ သန္ဓိံ။ အိမ်ခြံ စပ်ကို။ ဆိန္ဒတိ၊ ဖြတ်၏။ နိလ္လောပံ နိလ္လယိတွာ၊ ပုန်းအောင်းချောင်းမြောင်း၍။ ဟရတိ၊ ဆောင်၏။ ဧကာဂါရိကံ၊ တအိမ်တည်း၌ ဝန်းဝိုင်းတိုက်ခိုက်ခြင်းကို။ ကရောတိ၊ ပြု၏။ ပရိပန္ထေ၊ ခရီးလမ်းဆုံ၌။တိဋ္ဌတိ၊ ရပ်၏။ ပရဒါရံ၊ သူတပါး မယားကို ပြစ်မှားခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဂါမဃာတံ၊ ရွာကိုလုယက်ဖျက် ဆီးခြင်းကို။ ကရောတိ၊ ပြု၏။ နိဂမဃာတံ၊ နိဂုံးကို လုယက် ဖျက်ဆီးခြင်းကို။ ကရောတိ၊ ပြု၏။ မာတရံ၊ အမိကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ၏။ ပိတရံ၊ အဖကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ၏။ အရဟန္တံ၊ ရဟန္တာကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ။ ချ၏။ ဒုဋ္ဌေန စိတ္တေန။ ပြစ် မှားသော စိတ်ဖြင့်။ တထာဂတဿ။ မြတ်စွာဘုရား၏။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သံဃံ၊ သံဃာကို။ ဘိန္ဒတိ၊ သင်းခွဲ၏။

ကာယိကံဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဆင်းရဲကို။ ဥတုံ၊ ဥတုကို။ ဘောဇနံ၊ ဘော- ဇဉ်ကို။ သေနာသနံ။ အိပ်ရာနေရာကျောင်းကို။ ဥပနိဿာယ၊ အမှီပြု၍။ ပါဏံ၊ သတ္တဝါ၏အသက်ကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊ အရှင်မပေးသော သူတပါး၏ ဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ မုသာ၊ ချွတ်ယွင်းဖောက်ပြန် မမှန်သောစကား ကို။ ဘဏတိ၊ ပြောဆို၏။ ပိသုဏံ၊ချောပစ်ကုန်းတိုက်သော စကားကို။ ဘဏတိ၊ ပြောဆို၏။ ဖရုသံ၊ ကြမ်းတမ်းသော စကားကို။ ဘဏတိ၊ ပြောဆို၏။ သမ္ဖံ၊ အနှစ်မဲ့ငြား ပြိန်ဖျင်းသောစကားကို။ ပလပတိ၊ ပြောဆို၏။ သန္ဓိံ၊ အိမ်ခြံစပ် ကို။ ဆိန္ဒတိ၊ ဖြတ်၏။ နိလ္လောပံ နိလ္လယိတွာ၊ ပုန်းအောင်း ချောင်းမြောင်း၍။ ဟရတိ၊ ဆောင်၏။ ဧကာဂါရိကံ၊ တအိမ်းတည်းဝန်းဝိုင်း တိုက်ခိုက်ခြင်းကို။

ကရောတိ၊ ပြု၏။ ပရိပန္ထေ၊ ခရီးလမ်းဆုံ၌။ တိဋ္ဌတိ၊ ရပ်၏။ ပရဒါရံ၊ သူတပါးသားမယားကို။ ဂစ္ဆတိ၊ သွားလာ၏။ ဂါမဃာတံ၊ ရွာကိုလုယက်ဖျက်ဆီးခြင်းကို။ ကရောတိ၊ ပြု၏။ နိဂမဃာတံ၊ နိဂုံးကိုလုယက်ဖျက်ဆီးခြင်းကို။ ကရောတိ-ပြု၏။ မာတရံ၊ အမိကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ၏။ ပိတရံ၊ အဖကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချ၏။ အရဟန္တံ၊ ရဟန္တာကို။ ဇီဝိတာ။ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ။ ချ၏။ ဒုဋ္ဌေနစိတ္တေန၊ ပြစ်မှားသောစိတ်ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သံဃံ၊ သံဃာကို။ ဘိန္ဒတိ၊ ခွဲ၏။ ကာယိကံသုခံ၊ ကိုယ်၌ဖြစ်သော ချမ်းသာသည်။ ကာယိကံဒုက္ခံ၊ ကိုယ်၌ဖြစ်သော ဆင်းရဲသည်။ ဥတု၊ ဥတုသည်။ ဘောဇနံ။ ဘောဇဉ်သည်။ သေနာသနံ။ အိပ်ရာနေရာ ကျောင်းသည်။ ရာဂဿ၊ ရာဂအား။ ဒေါသဿ။ ဒေါသအား။ မောဟဿ၊ မောဟအား။ မာနဿ၊ မာနအား။ ဒိဋ္ဌိယာ။ ဒိဋ္ဌိအား။ ပတ္ထနာယ၊ တောင့်တခြင်းအား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာအကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော။ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤသည်တို့ကား ရွာပဋ္ဌာန်းစကားအရတည်း။

ဤစာပဋ္ဌာန်း ရွာပဋ္ဌာန်းအရကို ငါပဋ္ဌာန်အရနှင့် ပြဆိုရပါမူ ဤလောက၌ အချို့သောသူတို့သည် ကိုယ်၏ ချမ်းသာခြင်းကို ရရှိသဖြင့် ငါကဲ့သို့ ကိုယ်၏ ချမ်းသားခြင်း ရရှိသောသူသည် ဘယ်အမှုကို ပြု၍ မဖြစ်ပဲရှိနိုင်ပါအံ့နည်း ဟု ကိုယ်၏ ချမ်းသားခြင်းကို အမှီပြု၍ သူ့အသက်ကိုလည်း သတ်နေကြ၏။ ဥစ္စာရှင်မပေးသော သူတပါး၏ ဥစ္စာကိုလည်း ခိုးယူနေကြ၏။ လိမ်လည်လှည့်ဖြားမှုသားစကားကိုလည်း ပြောဆိုနေကြ၏။ တယောက်သည် တယောက်အား မေတ္တာပျက်ပြား ကွဲပြားကြအောင် ကုန်းတိုက်ခြင်း ဆဲရေးခြင်း ကိန်းခန်းလုပ်ကာ အနှစ်မရှိပြေား ပြိန်ဖျင်းသော စကားကိုလည်း ပြောဆိုနေကြ၏။ နံရံအကာတို့ကို ဖောက်ထွင်းခိုးယူနေကြ၏။ တောအုံ ကန္တာရစသည်များ၌ ပုန်းအောင်းချောင်းမြောင်း၍ လုယက်ခိုးယူနေကြ၏။ တအိမ်တည်း၌ ဝန်းဝိုင်း၍ လုယက်တိုက်ခိုက်နေကြ၏။ လူတို့သွားရာလမ်းဆုံ၌ ရပ်တည်လျက် တိုက်ခိုက် လုယက်နေကြ၏။ သူတပါး၏ သားမယားတို့ကိုလည်း ကာမဂုဏ် အစားစားတို့ဖြင့် ကျူးလွန်နေကြ၏။ ရွာငယ်ကိုလည်း တိုက်ခိုက် ဖျက်ဆီးနေကြ၏။ နိဂုံး မြို့ရွာကြီးများကိုလည်း တိုက်ခိုက်ဖျက်ဆီးနေကြ၏။ ထိုထက် ဝန်လေးလှသော အမိကိုလည်းကောင်း အဖကိုလည်းကောင်း၊ ရဟန္တာကိုလည်းကောင်း သတ်ဖြတ်နိုင်ကြကုန်၏။ လွန်ကျူးလိုသောစိတ်ဖြင့် သက်တော်ထင်ရှားမြတ်စွာဘုရား၌ သွေးစိမ်းတည်အောင်ပြုလုပ်နိုင်၏။ သံဃာများကိုလည်း သင်းခွဲနိုင်၏။ ဤသို့

သူ့အသက်သတ်ခြင်းအစ သံဃာသင်းခွဲခြင်း အဆုံးသို့ကျရှုံမက လောကတွင် ရှိရှိသမျှ အမှောက်အမှား အမိုက်အမဲတို့ကို "ကာယိကံ သုခံ ဥပနိဿယ" ပါဠိတော်ပြတိုင်း ကိုယ်၏ချမ်းသာခြင်းကို အမှီပြု၍ မိုက်မှား ကျူးလွန်နိုင်ကြလေသောကြောင့် အကြောင်းရင်းခံသည့် ကိုယ်၏ ချမ်းသာခြင်းက ဥပနိဿယ ပစ္စည်း၊ သူ့အသက်သတ်ခြင်းသူ့ဥစ္စာကို ခိုးယူခြင်း စသော ဒုစရိုက် အမိုက်အမှားတို့နှင့်တကွ အနန္တရိယကံ ကြီးများတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစင်တို့ ဖြစ်ကြသည်ကို သိစေလို၍ "ကာယိကံသုခံ ဥပနိဿယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ။ ပိသုဏံ ဘဏတိ။ ဖရုသံဘဏတိ" စသည်ဖြင့် ဤပဋ္ဌာန်းပါဠိတော်ကြီးမှာ သေသေချာချာ ဂဃနဏ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောပြတော်မူအပ်ပါသတည်း။

(တနည်း) ဤလောက၌ အချို့သောသူတို့သည် ကိုယ်၏ဆင်းရဲခြင်းကို တွေ့ကြုံကြရ၍ ၎င်းဆင်းရဲမှ ကင်းလွတ်ရန် ရည်သန်၍ လည်းကောင်း၊ ကောင်းမကောင်းသော အပူအအေးဥတု၊ အစာအဟာရဘောဇဉ်၊ ကျောင်းအိမ် အိပ်ရာ နေရာတို့ကို အမှီပြု၍ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်း စသော ဒုစရိုက်အမိုက်အမှားတို့ကို လည်းကောင်း၊ မိဘကိုသတ်ခြင်းစသော ဂရုကံကြီးများကိုလည်းကောင်း၊ ကျူးလွန်မိုက်မှားနေကြသည်တို့၌လည်း အကြောင်းရင်းခံသည့် ကိုယ်၏ဆင်းရဲခြင်း ကာယိကဒုက္ခနှင့်တကွ ကောင်းမကောင်းသော အပူအအေးဥတု၊ အစာအာဟာရဘောဇဉ်၊ ကျောင်းအိမ်အိပ်ရာနေရာတို့က ဥပနိဿယပစ္စည်း၊ သူ့အသက်ကိုသတ်ခြင်းစသော ဒုစရိုက်အမိုက်အမှားတို့နှင့်တကွ မာတုဃာတက စသော အနန္တရိယကံကြီးများတို့က ဥပနိဿယပစ္စယုပ္ပန်များ ငါပဋ္ဌာန်းတရားအစစ်တို့ ဖြစ်ကြသည်ကို လည်းကောင်း၊

ထိုမှတပါး ကိုယ်၏ချမ်းသာခြင်း၊ ဆင်းရဲခြင်းများကို အကြောင်းရင်းထား၍ လည်းကောင်း၊ ကောင်းမကောင်းသော ဥတုဘောဇဉ်၊ ကျောင်းအိမ်အိပ်ရာ နေရာများကို အကြောင်းရင်းထား၍ လည်းကောင်း၊ တပ်ခြင်းအစားစား ရာဂတရားတို့လည်း ဖြစ်ပွားနေကြသည်၌ လည်းကောင်း၊ ၎င်းတရားတို့ကို အကြောင်းရင်းထား၍ နှလုံးမသာမယာ ဒေါသအဖြာဖြာတို့ ဖြစ်ပွားနေကြသည်၌ လည်းကောင်း၊ ၎င်းတရားတို့ကို အကြောင်းထား၍ အမျိုးမျိုးအစားစား တွေဝေမိန်းမောသော မောဟတရားတို့ ဖြစ်ပွားနေသည်၌ လည်းကောင်း၊ ၎င်းတရားတို့ကို အကြောင်းရင်းထား၍ တက်ကြွသော မာန်မာနတရား အစားစားတို့ ဖြစ်ပွားနေကြသည်၌ ၎င်းတရားတို့ကို အကြောင်းရင်းထား၍ "ချမ်းသာနေတယ်၊ ဆင်းရဲနေတယ်ဆိုတာ ငါပဲ၊ ငါသည်ပင်လျှင် ချမ်းသာဆင်းရဲကို ခံနေသည်" ဟူ၍ လည်းကောင်း၊ "အပူအအေး ခံနေရတာ ငါပဲ၊ ငါသည်ပင်လျှင် ဤအပူအအေးတွေကို ခံနေရသည်" ဟူ၍လည်းကောင်း၊ "ကောင်း မကောင်း

သော အစာအဟာရတို့ကို စားနေရတာငါပဲ၊ ငါသည်ပင်လျှင် ဤကောင်း မကောင်းသော အစာအာဟာရတို့ကို စားနေရသည်" ဟူ၍ လည်းကောင်း၊ "ကောင်း မကောင်းသော ကျောင်း အိမ် အိပ်ရာ နေရာတို့မှာ နေထိုင်တာငါပဲ ငါသည်ပင်လျှင် ကောင်း မကောင်းသော ကျောင်း အိမ် အိပ်ရာ နေရာတို့၌ နေထိုင်ရသည်" ဟူ၍ လည်းကောင်း သက္ကာယဒိဋ္ဌိတရား အစားစားတို့ ဖြစ်ပွားနေကြသောအခါ၌ လည်းကောင်း၊

ဤင်းကိုယ်၏ချမ်းသာခြင်းဆင်းရဲခြင်း၊ ကောင်းမကောင်းသော ဥတု၊ဘော ဇဉ်၊ကျောင်းအိမ်အိပ်ရာနေရာတို့ကို အကြောင်းရင်းထား၍ "ဘာလိုဖြစ်ရပါလို၏ ညာလိုဖြစ်ရပါလို၏ ဘာကြီးတွေကို ရပါလို၏ ညာကြီးတွေကိုရလိုပါ၏" စသည်ဖြင့် တောင့်တခြင်းပတ္ထနာဖြစ်သောအခါတို့၌ လည်းကောင်း၊ ရှေးက ပြုခဲ့သော ထိုထိုကာယိကသုခ၊ ကာယိကဒုက္ခတို့က လည်းကောင်း၊ ကောင်း မကောင်းသော ဥတု၊ဘောဇဉ်၊သေနာသနတို့က လည်းကောင်း ဥပနိဿယ ပစ္စည်း၊ ၎င်းတို့ကိုအကြောင်းခံ၍ ဖြစ်ပွားနေကြသော ရာဂ၊ဒေါသ၊မောဟ၊ မာန၊ဒိဋ္ဌိ၊ပတ္ထနာတို့က ဥပနိဿယပစ္စယပွန်များ ငါပဋ္ဌာန်းတရားအစစ်တို့ မိုက်မှားကျူးလွန် စော်ကားနေကြဘဲ့ လူမိုက်များမှာတောင် ပဋ္ဌာန်းတရား ဖြစ်ပွားနေကြသည်ကိုလည်းကောင်း သိစေလို၍ "ကာယိကံဒုက္ခံ။ဥတုံ။ဘောဇနံ။ သေနာသနံ ဥပနိဿာယ ပါဏံဟနတိ။ အဒိန္နံအာဒိယတိ" စသည်ဖြင့် လည်း ကောင်း၊ "ကာယိကံသုခံ၊ ကာယိကံဒုက္ခံ၊ ဥတု၊ ဘောဇနံ၊ သေနာသနံ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော"ဟူ၍ လည်းကောင်း ဤပဋ္ဌာန်းပါဠိတော်ကြီးများမှာ သေသေချာချာ ဂဃနဏ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြတော်မူအပ်ပါသတည်း။

ဤအဗျာကတပဒ အကုသလ ပဒါဝသာနအရသည် ကိုယ်၏ချမ်းသာခြင်း ဆင်းရဲခြင်းစသော ရုပ်နာမ်တရားတို့ကိုအကြောင်းပြု၍ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း စသောဒုစရိုက်အမိုက်အမှားတွေ ပြုနေကြသည်၌ လည်းကောင်း၊ အနန္တရိယကံကြီးတွေပါ ပြုနေကြသည်၌ လည်းကောင်း၊ "ကာယိကံ သုခံ ဥပနိဿာယ ပါဏံဟနတိ၊အဒိန္နံအာဒိယတိ"စသည်ဖြင့် မြတ်စွာ ဘုရား တိုက်ရိုက် ဟောကြားတော်မူအပ်သော ဤပဋ္ဌာန်းပါဠိတော်ကြီးထဲမှာ အကုန်လုံးပါဝင်ပြီးဖြစ်သည့်အတိုင်း ဤပါဠိတော်ကြီးအရတို့နှင့် သိရှိကြ ဟောပြောပါလေ။ ဤပါဠိတော်ကြီးမှာ တိုက်ရိုက်မပါပဲ ဤအဗျာကတ အား ကြီးသော ဥပနိဿယပစ္စည်းကြောင့် အကုသိုလ်တရားအစားစားတို့ဖြစ်ပွား နေသမျှတို့မှာလည်း ဥပနိဿယပစ္စည်း ငါပဋ္ဌာန်းတရားတို့ချည်းပဲ ဖြစ်နေ ကြရာ ဤပဋ္ဌာန်းပါဠိတော်ကြီးအရကို ပြဆိုလိုကြပါမူ အရင်းကပြထားသည့်

"အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော" ဟူသော ဤပါဠိတော်ကြီးအရတွင် အကုန်လုံးပါဝင်၏ဟု သိရှိတော်မူနိုင်ကြ ပေါ်ပြောတော်မူနိုင်ကြပါစေသတည်း။ ဤကားအဗျာကတကြောင့် အကုသိုလ် ဖြစ်နေကြသော ဤလောကနယ်ကြီးထဲတွင် ဥပနိဿယပစ္စည်း ငါပဋ္ဌာန်း တရားတော်ကြီးအစစ်တို့ ဖြစ်နေကြပုံကို အကျဉ်းမျှ ပြဆိုချက်ကြီး အပြီး သတ်လိုက်ရပါသတည်း။

ဥပနိဿယပစ္စည်း။ အဗျာကတပဒ၊ အကုသလပဒါဝသာန ပြီး၏။

ဤသည်တို့ကား ဒါန, သီလ, ဥပေါသထစသော ပညတ်နယ် အသွယ်သွယ်တို့နှင့် ဆက်စပ်ကြပြီးလျှင် ကုသိုလ်,အကုသိုလ်,အဗျာကတ တရား အစားစားတို့ ထင်ရှားသိသာလွယ်အောင် ပဋ္ဌာန်းအရနှင့် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း အနည်းနည်းတို့ဖြင့် ဟောပြတော် မူအပ်သည်ကို သာမန်လူများ သူ ငါအစားစားတို့ပင် သိမြင်လွယ်ကြရန် အနည်းငယ်မျှ ငါပဋ္ဌာန်းတရားအရနှင့် ပြခဲ့ခြင်းများဖြစ်ပါသည်။ ထိုမှ တပါး ဟေတု, အဓိပတိ စသော ပဋ္ဌာန်းတရားကြီးများနှင့် သိရှိဖွယ် မှတ်သားဖွယ် အကျယ်တဝင့် တဆင့်ထက်တဆင့် မြင့်ထက်မြင့်အောင် သိရှိနားလည်ကြရန်များ အစားစားတို့ ရှိသေးပါသော်လည်း ဤ စာအုပ်မှာ ရေးခွင့်မသာပဲ လျစ်လျူသာ ထားလိုက်ရပါသတည်း။ နောက်နောင် သိလိုသူများ အစားအစားနှင့် အဘိဓာစကအများ တို့က လျှောက်ထားကြပါမူ အကြောင်းညီညွတ်သလို ရေးသားရန် မျှော်လင့်တောင့်တလျက်ရှိကာ ဤမျှနှင့် အပြီးသတ်လိုက်ရပါသတည်း။

## ၆၁-ကျမ်းပြီးနိဂုံးနှင့် ဆုတောင်း

ဧတ္တာဝတာ စ—

(၁) နိဋ္ဌိတာယာနာယာသေန၊ ပဋ္ဌာနဒေသနက္ကမော။
ဧဝံ ကလျာဏသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။
(ပဋ္ဌမ-မကာရ-ပထျာ-ဝတ္တဂါထာ)

(၂) ပဋ္ဌာနံ သမသန္တဿ၊ ဆဗ္ဗဏ္ဏရံသိနိက္ခန္တံ။
ယထာ အတ္တ-ပရေသာနံ၊ ဉာဏာလောကာ ပဝဍ္ဎန္တု။
(ဝတ္တဂါထာ)

(၃) ကာလေ ဝဿံ ဝုဍ္ဍန္တု၊ သန္တာသမ္ဘာဝိတာဂိနော။
ကာဒ္ဒြုည္ဍ ပုညာဟံ၊ ဇဟေယျံ ကာမ ဇာတိယံ။
(ပဋ္ဌမ-မကာရ-ပထျာဝတ္တဂါထာ)

(၄) ဒေဝေါ ဝဿတု ကာလေန၊ ရာဇာ ရက္ခတု ဘူမိကံ။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ သိဒ္ဓန္တု ဇယမင်္ဂလာ။
(ပထျာဝတ္တဂါထာ)

(၁) စ၊ နိဂုံးကမ္ပတ် အဆုံးသတ်ဦးအံ့။ ဧတ္တာဝတာ၊ ဧတ္တဝန္တေနဝစနက္ကမေန၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။ မယာ၊ ငါသည်။ ရစိတော၊ စီရင်အပ်သော။ အယံပဋ္ဌာနဒေသနက္ကမော၊ ဤပဋ္ဌာန်းဝိပဿနာ ကျင့်စဉ်ကျမ်းသည်။ အနာယာသေန၊ မငြိုမငြင် မပင်မပန်းသဖြင့်။ နိဋ္ဌိတောယထာ၊ ၁၂၉၇-ခု သီတင်းကျွတ်လဆုတ် (၂)ရက် ကြာသပတေးနေ့၌ ပြီးဆုံးသကဲ့သို့။ ဧဝံ၊ ဤအတူ။ ပါဏိနံ၊ သတ္တဝါတို့၏။ ကလျာဏသင်္ကပ္ပါ၊ ကောင်းသောအကြံအစည်တို့သည်။ သီဃံ၊ လျင်မြန်စွာ။ သိဇ္ဈန္တု၊ ပြီးပြည့်စုံကြပါစေကုန်သတည်း။

(၂) ပဋ္ဌာနံ၊ ပဋ္ဌာန်းကျမ်းကို။ သမ္မသန္တဿ၊ သုံးသပ်တော်မူသော။ ထထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားအား။ ဆဗ္ဗဏ္ဏရံသိနိက္ခန္တံ၊ ခြောက်ပါးသော ရောင်ခြည်တော်တို့၏ ထွက်တော်မူခြင်းသည်။ ဟောတိယထာ၊ ဖြစ်တော်မူသကဲ့သို့။ ဧဝံ၊ ဤအတူ။ အတ္တပရေသာနံ၊ မိမိသူတပါး နှစ်မျိုးနှစ်စားသော ပုဂ္ဂိုလ်တို့အား။ ဉာဏာလောကာ၊ ဉာဏ်တည်းဟူသော အရောင်အလင်းတို့သည်။ ပဝဍ္ဎန္တု၊ တနေ့တခြား တိုးပွားကြစေကုန်သတည်း။

(၃) ဣမိနာ ပုညေန၊ ကျွမ်းသစ်ပြုစု ဤကောင်းမှုကြောင့် လည်းကောင်း၊ အညေနပုညေန၊ ဤကုသိုလ်မှတပါး အခြားသော ကုသိုလ်ကြောင့်လည်းကောင်း။ သဗ္ဗေ၊ သဒ္ဓါလူလူ စိတ်ကြည်ဖြူ၍ သူတော်ကောင်းအစစ်အမှန်ဖြစ်ကြကုန်သော။ ဇနာ၊ လူရှင်အပေါင်း သူတော်ကောင်းတို့သည်။ ဣမေဝ၊ ရှင်ချစ်ဂေါတမ ဘုရားရိုက်ရာ ဤသာသနာတော်၌ပင်လျှင်။ သမ္မောဓိဘာဂိနော၊ သမ္မာဒိဋ္ဌိ အမှန်သိဖို့ ကုသိုလ်ဘို့နှင့် မချိုကုန်င ပြည့်စုံကြကုန်သည်ဖြစ်၍။ ဗုဇ္ဈန္တု။ ဘုံစဉ့်စုံညောင်း ဗောဓိနှောင်းနှင့် အကြောင်းသင့်၍ ပွင့်တော်မူကြပါစေကုန်သတည်း။ အပါံစ၊ ငါသည်လည်း။ ဣဒဥ္စပုညံ၊ ပဋ္ဌာန်းကျမ်းကို ရေးသားပြုရ ဤကုသလကိုလည်းကောင်း။ အညဥ္စပုညံ၊ ပဋ္ဌာန်းကျမ်းကို ရေးသားပြုရ ဤကုသလမှ တပါးသော ကုသိုလ်ကိုလည်းကောင်း။ ဣမဇာ-တိယံဝေ၊ ဤပစ္စုပ္ပန်ဘဝ၌ပင်လျှင်။ ဇဟေယျံ၊ စွန့်ရပါလို၏။

(၄) ဒေဝေါ၊ မိုးသည်။ ကာလေန၊ သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အခါကာသ၌၊ ဝဿတု၊ ရွာပါစေသတည်း။ ရာဇာ၊ နိုင်ငံအရှင် ဘုရင်မင်းမြတ်သည်။ ဘူမိကံ၊ မြေ၌တည်ငြား သတ္တဝါအများကို။ ရက္ခတု၊ ရင်ဝယ် ဂမ္ဘီရွှား သားအလားသို့ စောင့်ငြားပါစေသတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သက်ပ္ပါ၊ ကောင်းသောအကြံ အစည်တို့သည်။ ပူရေန္တု၊ ပြည့်စုံကြပါစေကုန်သတည်း။ ဇယမင်္ဂလာ၊ အောင်ဆုချမ်းသာ အောင်မင်္ဂလာတို့သည်။ သိဒ္ဓန္တု။ ပြည့်စုံကြပါစေကုန်သတည်း။

ပဋ္ဌာန်းဝိပဿနာကျင့်စဉ်ကျမ်း
ဤတွင် နိဋ္ဌိတံ။

ပ-မ-သ-စ—၃၂၇၊ (၉-၄-၀၂) ၃၀၀၀--အုပ်။

# အလိမ္မာ စာမှာရှိသည်
# လူကောင်း လူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်

သာသနာရေးဦးစီးဌာနမှ

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော
အဘိဓမ္မာ မြန်မာဘာသာကျမ်းများ

၁။ အဘိဓမ္မတ္ထသင်္ဂဟဒီပက ပ၊ဒု — မြို့ပြင်ကြီးဆရာတော်
၂။ နိဗ္ဗာနသင်္ဂဟဒီပက (ဒီပက-တ-တွဲ) — ။
၃။ ပရမတ္ထသံခိပ်နှင့်အဖြေ — လယ်တီဆရာတော်ကြီး
၄။ ပရမတ္ထသံခိပ်ဋီကာ ပ၊ဒု — လယ်တီပဏ္ဍိတ ဦးမောင်ကြီး
၅။ ပရမတ္ထသင်္ဂဟဘေဒနီ ပ၊ဒု — မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး
၆။ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ — သေကျတောင် ဦးတိလောက
၇။ ပဋ္ဌာန်းသိပ္ပံ (ပ-ဒု) — ပဋ္ဌာန်းသိပ္ပံ ဆရာတော်
၈။ မစိုးရိမ်မူလတန်းသင်္ဂြိုဟ် ပ
၉။ ဓမ္မသင်္ဂဏီ မြန်မာပြန်
၁၀။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဝိဘင်း မြန်မာပြန်
၁၁။ ပုဂ္ဂလ ပညတ် မြန်မာပြန်
၁၂။ ကထာဝတ္ထု မြန်မာပြန် ပ၊ဒု
၁၃။ ဋီကာကျော် မြန်မာပြန် ပ၊ဒု၊တ
၁၄။ အဘိဓမ္မတ္ထသင်္ဂဟ ပါဠိနိဿယ — ဗားကရာဆရာတော်

---

တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၀-တွဲ ထွက်ပြီ။
ပါဠိပဒ ပိဋကကျမ်းညွှန်း ၃-တွဲ ထွက်ပြီ။
မဟာဗုဒ္ဓဝင် ၆-တွဲ (၈-အုပ်) ထွက်ပြီ။

၉၁၅
ဒေါ်ညွှန့်တိုက်
ပိဋကဘာသာပြန်စာပေ
မြန်မာ့ရေးအဖွဲ့
၉၁၅